http://www.dhammadownload.com

# ဗုဒ္ဓဓမ္မပြဿနာများ (၄)



ဓမ္မဒူတ အရှင်ပညာဇောတ

ဗုဒ္ဓဓမ္မပြဿနာများ (၄) ဓမ္မဒူတ အရှင်ပညာဇောတ

http://www.dhammadownload.com

ဗုဒ္ဓဓမ္မပြဿနာများ(၉)ဓမ္မဒူတအရှင်ပညာဇောတ

K

http://www.dhammadownload.com

# ဗုဒ္ဓစာပေပြဿနာများ – ၉

ဝိသိဋ္ဌဒီဃဘာဏကနှင့်သီရိပဝရဓမ္မာစရိယ

ဓမ္မဒူတ

အရှင်ပညာဇောတ

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူကြိုတင်ခွင့်ပြုချက်အမှတ် – (၂၈၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – (၆၀၈)

ထုတ်ဝေသူ – ဦးအုန်းမောင် (မြဲ–၀၃၂၁၆)
အမှတ် ၅၅၉၊ ခေမာလမ်း၊
(ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။

ပုံနှိပ်သူ – ဦးလှပိုင် (မြဲ–၀၂၇၇၄)
အမှတ် ၇၇၊ ဂန္ဓဝင်ပုံနှိပ်တိုက်
လှည်းတန်းလမ်းမ၊ ကမာရွတ်
ရန်ကုန်မြို့။

တန်ဖိုး – (    ) ကျပ်

ပထမအကြိမ် အုပ်ရေ – (၁၀၀၀)

မျက်နှာဖုံးရိုက် – ယုံစန္ဒာဆေးရောင်စုံပုံနှိပ်တိုက်
၃၂လမ်း၊(အထက်လမ်း)ရန်ကုန်မြို့။

စာအုပ်ချုပ် – မင်္ဂလာစာအုပ်ချုပ်လုပ်ငန်း

၂၅၂၉–ခု၊ ဒုတိယ ဝါဆိုလ။ ၁၉၈၅ ခုနှစ်၊ ဩဂုတ်လ

ဖြန့်ချိရေး
ပေါက်စေတီဓမ္မရိပ်သာ ဝေယျာဝစ္စအဖွဲ့
ရှစ်မိုင်၊ သမိုင်းစာတိုက်၊ ရန်ကုန်။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ...... (က) |
| ၁။ | နောင်တဆိုတာ နောင်မှတ | ...... ၁ |
| ၂။ | ယသော်ဓရာသည်အမြဲပင် မိန်းမ ဖြစ်ပါသလားဘုရား | ...... ၃၃ |
| ၃။ | သူမရှုံးဘူး၊ တို့ရှုံးပြန်လာရတယ် | ...... ၆၄ |
| ၄။ | လူသေလျှင် လူမှာစောင့်တဲ့ ကိုယ်စောင့်နတ် သေပါသလားဘုရား | ...... ၇၂ |
| ၅။ | တို့ရွာက ဘုန်းကြီးနှင့်ဘာထူးသလဲ | ...... ၈၅ |
| ၆။ | ဘာမှမသိတော့တဲ့ နေရာဟာ နိဗ္ဗာန်ပဲလားဘုရား | ...... ၁၀၇ |
| ၇။ | သာသနာအမွေခံထိုက်သူ ဖြစ်နိုင် မဖြစ်နိုင် ဖြေကြားပေးတော်မူပါဘုရား | ...... ၁၂၁ |
| ၈။ | ဘုရားရှင် မအားတာ ဘာကိစ္စတွေ များနေလို့ပါလဲဘုရား | ...... ၁၅၀ |

http://www.dhammadownload.com

၉။ မေတ္တာရောင်ပြန်ဟပ်တယ် မေတ္တာ
စူးရှတယ်ဆိုတာ ဘယ်လိုပါလဲဘုရား ...... ၁၆၇
၁၀။ ဘာ့ကြောင့်
သိမ်ကျောင်းဟာမြင့်မြတ်ပါသလဲဘုရား ...... ၁၈၆
၁၁။ နံနက်(၄)နာရီထိုးလျှင်
အရုဏ်တက်တယ်မဟုတ်လားဘုရား ...... ၂၁၉
၁၂။ ကျိုးမနိုးမိ အနေကဇာတင်ရမယ်ဆိုဘုရား ...... ၂၃၁
၁၃။ ဒီလောက်စိတ်ညစ်ရတာ ငါ့ကိုဘာဖြစ်လို့
အခေါ်က ရိပ်သာပို့ရတာလဲ ...... ၂၅၅
၁၄။ ကံကောင်း မကောင်း, ပါရမီ ရှိမရှိ
လုပ်ကြည့်မှသိနိုင်ပါမည် ...... ၂၆၆
၁၅။ သာဓုခေါ်လိုက်တဲ့အချိန်မှာ
ကြက်သီးမွေးညင်းများထတာ
ဘာကြောင့်များပါလဲဘုရား ...... ၂၈၉
၁၆။ ရဟန်းတိုင်းက ကထိန်ခံထိုက်ပါသလား ...... ၃၀၇
၁၇။ အကျွန်ုပ်၏ နှုတ်ကို ထိန်းကွပ်
စောင်မတော်မူပါစေသတည်း ...... ၃၃၇
၁၈။ အနာပေါ် တုတ်ကျတော့
နာပါတယ်ဘုရား ...... ၃၆၀
နိဂုံး ...... ၃၇၉

http://www.dhammadownload.com



# နိဒါန်း

မိမိသည် ဗုဒ္ဓဓမ္မပြဿနာများစာအုပ်ကို ရေးသားလာခဲ့ရာ ယခုအခါ စာရှုသူလက်တွင်းသို့ (၉)အထိ သက်ဆင်းရောက်ရှိခဲ့ပါပြီ၊ စာရှုသူသည် (၁)မှစ၍ (၉)အထိ ဆက်တိုက်ဖတ်သူ ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် ယခု (၉)မှစ၍ ပြန်ဖတ်သူ ဖြစ်ချင်ဖြစ်မည်။

မည်သို့ဖြစ်စေ ဗုဒ္ဓဓမ္မပြဿနာများကို ဖတ်မိသည်နှင့် တစ်ပြိုင်နက် မိမိစိတ်တွင်း မရှင်းသည်တို့မှာ ရှင်းသွားမှာတော့ အမှန်ဖြစ်သည်။ ရှင်းသွားသဖြင့် အမှားပယ်ရှင်း အမှန်သွင်းကာ ကျင့်သုံးနိုင်ပါလျှင် စာရှုသူအတွက် စာဖတ်ရကျိုး နပ်ပါပြီ။

မိမိအနေနှင့် စာရှုသူကို ညွှန်ကြားလိုသည်မှာ စာအုပ်တစ်အုပ်ကိုဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် ယင်းစာအုပ်မှ မိမိအတွက် ရှောင်စရာ၊ ပယ်စရာကို ရှောင်ပယ်နိုင်၍ လိုက်နာကျင့်ကြံစရာကို လိုက်နာကျင့်ကြံနိုင်ပါစေ၊ မိမိစာရေးသည့်ရည်ရွယ်ချက်မှာ ယင်းကိုမျှော်ကိုး၍ ရေးသားပါသည်။

http://www.dhammadownload.com

(၁)

အို…စာရှုသူ၊ မိမိသည် ဤစာအုပ်တွေ ရေးသားနေသည်မှာ အချိန်တွေအားဖြင့် အနားများများရ၍ ရေးသားနေခြင်းမဟုတ်ပါ။ ယင်းကို မိမိစာပေများကို ဆက်လက် ဖတ်ရှုနေသူများ သိပါသည်။

ဤဗုဒ္ဓဓမ္မပြဿနာများကို ရေးသားရာ၌ မိမိမှာ ပြဿနာပေါင်းများစွာ အကြားမှ ကြိုးစားပြီး ရေးသားနေရပါသည်။

အချို့က မိမိအား "ဒီကိုယ်တော်က ဗုဒ္ဓဓမ္မမှာ ပြဿနာမရှိဘဲနှင့် ဘယ်ကလာ 'ဗုဒ္ဓဓမ္မပြဿနာများ' ဆိုပြီး အမည်တပ်ကာ စာရေးတာလဲ" ဟု ပြစ်တင်ဝေဖန်ကြပါသည်။ ပြဿနာလုပ်ကြပါသည်။

မှန်ပါသည်။ ဗုဒ္ဓရဲ့ ဓမ္မမှာ ဘာပြဿနာမှမရှိပါ။ ပြဿနာရေးစရာလည်း မလိုပါ။ မိမိ ယခုရေးနေသည်မှာ ဗုဒ္ဓဓမ္မရဲ့ ပြဿနာများကို အပြစ်မရှိ အပြစ်ရှာကာ ထုတ်ဖော်ရေးသားနေသည်မဟုတ်ပါ။ ယင်းကို သေသေချာချာ မဖတ်သူ၊ အပေါ်ယံသာ ဖတ်သူတို့က မသိပါ။ မသိသဖြင့် ဝေဖန်ကြပါသည်။

မိမိအမှန်ရေးနေသည်မှာ ဗုဒ္ဓဓမ္မနှင့် ပတ်သက်၍ မိမိတို့ နှလုံးရင်တွင်း၌ မရှင်းလင်းသည်တို့ကို မေး၍ ဖြေရှင်းရေးသားထားခြင်း ဖြစ်ပါသည်။

ယင်းသို့ဖြေရှင်းရာ၌ အလုံးစုံ ဗုဒ္ဓဓမ္မပြဿနာချည်းမဟုတ်ဘဲ ရံခါ အခြားအကြောင်းအရာများလည်း ကြားဝင်ပါဝင်ရေးသားထားသည်ကို စာရှုသူတို့ ဖတ်ရှုမိပါလိမ့်မည်။ ထိုအခါ ဗုဒ္ဓဓမ္မပြဿနာများဟူသော ပေးထားတဲ့အမည်နှင့် မကိုက်ညီဟု ထင်မှားတတ်ပါသည်။

http://www.dhammadownload.com

# (၈)

ယင်းသို့ မထင်မှားသင့်ပါ။ ဗုဒ္ဓဟောကြားသော မြတ်တရားတော်များကို ပြန်လည်ကာ သတိပြု၍ ကြည့်ရှုစဉ်းစားစမ်းပါ။ အထူးသဖြင့် လူတိုင်းသိသည့် ကြားဖူးသည့် 'ရုပ်ပြစ် ၈–ပါး' ကို ကြည့်ရှုစဉ်းစားပါ။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တို့နှင့် ပစ္စန္တရစ် အရပ်တို့မှာ "**အရပ်မှာ အပြစ်ရှိ၍**" ရုပ်ပြစ်မှန်ပါသည်။ မိစ္ဆာဉာဏ်ရှိသူနှင့် ဉာဏ်မရှိသူ၊ ဉာဏ်ရှိသော်လည်း ဘုရားမပွင့်သည့်အခါ လူဖြစ်သူတို့မှာ 'ရုပ်ပြစ်မဟုတ်ပါ၊ အရပ်မှာ အပြစ်ကင်းပါသည်၊ လူတွင် အပြစ်မကင်းပါ၊ ရှေးမှ ရုပ်ပြစ်များက အစပြုထား၍ ရုပ်ပြစ်ထဲပါဝင်သွားပါသည်။

ဤနည်းအတူပင် မိမိ၏ ဗုဒ္ဓဓမ္မပြဿနာများ၌လည်း ဗုဒ္ဓရဲ့ ဓမ္မနှင့်ပတ်သက်၍ မသိမလင်း မရှင်းသူတို့က မေးမြန်းသည့် ပြဿနာများကို ဖြေရှင်းရင်း လျော်ရာလျော်ရာ စာရှုသူတို့ ဗဟုသုတဖြစ်ဖွယ် အတုယူဖွယ် ရှောင်ရှားဖွယ်တို့လည်း ပါဝင်ပါမည်။ ထိုအခါ စာရှုသူတို့အနေနှင့် အမြင်ရှင်းရန် လိုအပ်ပါသည်။

မိမိသည် ဗုဒ္ဓအပေါ်၌ အမြင်မရှင်းသူတို့ကို အမြင်ရှင်းလာရန် ရည်သန်၍ ပြဿနာများကို ကြိုးစားကာ ဖြေရှင်းရေးသားပါသည်။ ဗုဒ္ဓအပေါ် အမြင်ရှင်းပြီး ဗုဒ္ဓကို ကိုးကွယ်ပါက အားကိုးတစ်ခု ပြုလာပါက–

၁။ ဗုဒ္ဓကိုးကွယ်၊ တန်ခိုးကြွယ်၊ အပါယ်မကျပါ။

၂။ လူ့ရဲ့ခန္ဓာ၊ စွန့်လွှတ်ကာ၊ နတ်ရွာရောက်မည်သာ။

ဆိုသည့် အကျိုးထူးများ ရရေးကို ရည်ရွယ်ပါသည်။

http://www.dhammadownload.com

## (ဃ)

ဗုဒ္ဓရဲ့ ဓမ္မအပေါ်၌ အမြင်မရှင်းသူတို့ အမြင်ရှင်းကာ ဓမ္မကို ကိုးကွယ် လဲလျောင်း ပုန်းအောင်းမှီခိုလာပါက–

၁။ ဓမ္မကိုးကွယ်၊ ပညာကြွယ်၊ အပါယ်မကျပါ။

၂။ လူ့ရဲ့ခန္ဓာ၊ စွန့်လွှတ်ကာ၊ နတ်ရွာရောက်မည်သာ။

ဆိုသည့် အကျိုးထူးများ ရရေးကို ရည်ရွယ်ပါသည်။

ဗုဒ္ဓရဲ့ သံဃာအပေါ်၌ အမြင်မရှင်းသူတို့ အမြင်ရှင်းကာ သံဃာကို ကိုးကွယ် လဲလျောင်း ပုန်းအောင်းမှီခိုလာပါက–

၁။ သံဃာကိုးကွယ်၊ ဥစ္စာကြွယ်၊ အပါယ်မကျပါ။

၂။ လူ့ရဲ့ခန္ဓာ၊ စွန့်လွှတ်ကာ၊ နတ်ရွာရောက်မည်သာ။

ဆိုသည့် အကျိုးထူးများ ရရေးကို ရည်ရွယ်ပါသည်။

အမှန်စင်စစ် ဗုဒ္ဓသည် ဓမ္မကို ဟောကြားခဲ့ရာ၌ မျက်မှောက် ချမ်းသာရေးကို အဓိကထား၍ ဟောကြားညွှန်ပြခဲ့ပါသည်။ ယင်းကို မသိသူတို့က တမလွန်ချမ်းသာကို ညွှန်းနေကြသည်။ မျှော်နေကြသည်။

အို...စာရှုသူ၊ အသင်သည် ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာကောင်းတို့ကို လေ့လာကာ စစ်မှန်သော ကိုးကွယ်ဆည်းကပ်မှု ပြုကြည့်ပါ၊ အမှန်ပင် ယခုမျက်မှောက်ဘဝ၌ 'တန်ခိုးကြွယ်လာမည်၊ ပညာကြွယ်လာမည်၊ ဥစ္စာကြွယ်လာမည်။'

ယင်းသို့ တန်ခိုး၊ ပညာ၊ ဥစ္စာကြွယ်လာသောအခါ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာရဲ့ တန်ခိုးကြောင့်ဟု စာရှုသူ အထင်မလွဲ၊ အယူမလွဲပါနှင့်ဦး။ အဘယ်ကြောင့် ယင်းသို့ ပြောရသနည်းဆိုသော် အထင်လွဲ အယူလွဲသူတွေရှိနေသောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com

(၆)

အမှန်မှာ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာကို ကိုးကွယ်လဲလျောင်း ပုန်းအောင်း မှီခိုသူသည် ကုသိုလ်ကံ၏ အကျိုးကြောင့် ဟန်ခိုး၊ ပညာ၊ ဥစ္စာ ကြွယ်လာခြင်းသာ ဖြစ်ပါသည်။

ဤသို့ အကြောင်းကံနှင့် အကျိုး ဝိပါက်ကို သဘောပေါက်သင့်ပါသည်။ အကြောင်းကံ မှန်ကန်ကောင်းမွန်က အကျိုးဝိပါက်ကောင်းပါသည်။ ချမ်းသာသုခ ဖြစ်ပါသည်။ အကြောင်းကံများ မှားယွင်းဖောက်ပြန်က အကျိုးဝိပါက် မကောင်းပါ၊ ဆင်းရဲဒုက္ခ ဖြစ်ပါသည်။

ယင်းကို အစစ်အမှန် မသိသူတို့က နက္ခတ်ကောင်းကို မျှော်လိုမျှော် စသည်ဖြင့် အလွဲအမှား ကံများဖြစ်ကုန်တော့သည်။ ယင်းတို့မှာ ဗုဒ္ဓဓမ္မနှင့်ပတ်သက်၍ အတိအကျ မသိမှုကြောင့် ဖြစ်ပါသည်။

နက္ခတ်ကောင်းနှင့် ပတ်သက်၍ စာရှုသူတို့ ရှုဖူး၊ ကြားဖူးနေသော တိကနိပါတ်အင်္ဂုတ္တိုရ်လာ ပုဗ္ဗဏှသုတ်ဖြင့် ရှင်းပြပါအံ့–

"ရဟန်းတို့၊ နံနက်ခင်း၌ ကိုယ်၊ နှုတ်၊ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသော နေ့ခင်းဖြစ်၏။

ရဟန်းတို့၊ ညချမ်းအခါ၌ ကိုယ်၊ နှုတ်၊ စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသော ညချမ်းအခါ ဖြစ်ပေ၏။

ကိုယ်၊ နှုတ်၊ စိတ်ကောင်းဟူသော အပြု၊ အပြော၊ အကြံကောင်း၊ သုစရိုက်နှင့် ပြည့်စုံသော အမှတ်မထား၊

http://www.dhammadownload.com

## (၈)

နေ့တစ်ပါးပါးသည် ကောင်းသော နက္ခတ်နှင့် ယှဉ်သည် မည်၏၊ နက္ခတ်ကောင်းသောနေ့မည်၏၊ မင်္ဂလာကောင်းသော နေ့လည်းဖြစ်၏၊ ကောင်းစွာ အိပ်ရာမှထရခြင်းလည်းဖြစ်၏၊ ကောင်းသောခဏ ကောင်းသော မုဟုတ်လည်းဖြစ်၏။

ကိုယ်၊ နှုတ်၊ စိတ်ကောင်း ဟူသော အပြု၊ အပြော၊ အကြံကောင်း သုစရိုက်နှင့် ပြည့်စုံသောအခါဝယ် မြတ်သော အကျင့်ကို ကျင့်လေ့ရှိသူတို့၌ ပေးလှူခြင်းသည်လည်း ကောင်းစွာ ပူဇော်ခြင်း မည်၏။

ကိုယ်၊ နှုတ်၊ စိတ်ကောင်းဟူသော အပြု၊ အပြော၊ အကြံကောင်း သုစရိုက်နှင့် ပြည့်စုံသောနေ့၌ ကိုယ်ဖြင့် ပြုအပ်သော အမှုသည် ပွားစည်းသော ကာယကံမည်၏။ နှုတ်ဖြင့်ပြောသောအမှုသည် ပွားစည်းသော ဝစီကံမည်၏။ စိတ်ဖြင့် ကြံစည်သောအမှုသည် ပွားစည်းသော မနောကံ မည်၏။ ပွားစည်းသော ထိုကံတို့ကို ဆောက်တည်သည် မည်၏၊ ပွားစည်းသော ထိုကံတို့ကို ပြုပြီး၍ ပွားစည်းသော အကျိုးတို့ကို ရကုန်၏။

အကျိုးကိုရသော ထိုသူတို့သည် အလုံးစုံသော ဆွေမျိုး တို့နှင့်တကွ မြတ်စွာဘုရားသာသနာတော်၌ ချမ်းသာကုန်, စည်ပင်ပြန့်ပွားကုန်သည်ဖြစ်၍ ရောဂါမရှိခြင်း၊ ချမ်းသာခြင်း ဖြစ်ကြစေကုန်သတည်း”

ဟူ၍ ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည့် ဒေသနာတော်ကို အထူးသတိမူပါ၊ ဤဒေသနာတော်ကို ပြန်လည်ကာ အချုပ်ပြ၍ ရှင်းရသော်

http://www.dhammadownload.com

## (၁၀)

"သတ္တဝါတို့သည် နံနက်၊ နေ့၊ ညချမ်း အခါတို့၌ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကောင်းသောအကျင့် သုစရိုက်ကို ကျင့်ကြကုန်၏။ ယင်းသို့ ပြုကျင့်သော သတ္တဝါတို့အား နံနက်၊ နေ့၊ ညချမ်းအခါတို့သည် ကောင်းသော နံနက်၊ နေ့၊ ညချမ်းတို့ဖြစ်၏။

နက္ခတ်ကောင်း၊ အခါကောင်း၊ မင်္ဂလာကောင်း၊ ရက်ကောင်း၊ နေ့ကောင်း၊ ခဏကောင်း၊ မုဟုတ်ကောင်း ဖြစ်၏။ ထိုသူတို့အတွက် မကောင်းသော နက္ခတ်ဟူ၍မရှိ မကောင်းသော နေ့ရက်အခါခဏဟူ၍ မရှိပါ"

ဟူ၍ ရှင်းပြနိုင်ပါသည်။ သို့ဖြစ်၍ စာရှုသူသည် ဗုဒ္ဓဓမ္မမှ သိချင်စရာ မရှင်းသည့် ပြဿနာများရှင်းသွားသည့်အခါ ဒါနကုသိုလ်ကောင်းမှု၊ သီလကုသိုလ်ကောင်းမှု၊ ဘာဝနာကုသိုလ် ကောင်းမှုတို့ကို နေ့ရက်မရွေး၊ အချိန်အခါမရွေး၊ နှစ်လမရွေး ကြိုးစားပြုလုပ်ပါ။

အစစ်အမှန် စိတ်စေတနာ သဒ္ဓါထက်သန်စွာ ပြုနေသော ကုသိုလ်တွေက မကောင်းကျိုးတွေ ပယ်ရှား၊ ကောင်းကျိုးတွေ ဆောင်ကြဉ်းလာသည်ကို အထင်အရှား တွေ့မြင်လာပါမည်။ ထိုအခါ စာရှုသူသည် မိမိကံကသာ မ,နေသည်ကို အထင်အရှား တွေ့မြင် ယုံကြည်လာပါလိမ့်မည်။

ထိုအခါ ဗုဒ္ဓဓမ္မများကို တိုး၍တိုး၍ လေ့လာကာ စာရှုသူ သန္တာန်မှာ ဗုဒ္ဓဓမ္မများ တိုး၍တိုး၍ ကိန်းအောင်းရန် ကြိုးစားပါ။ ယင်းသို့ ကြိုးစား၍ စာရှုသူတို့မှာ ဗုဒ္ဓဓမ္မ စွမ်းအင်ကြောင့်

http://www.dhammadownload.com



မျက်မှောက်ချမ်းသာရပါသည်ဆိုလျှင် မိမိရဲ့ ဗုဒ္ဓဓမ္မပြဿနာများ ဖြေရှင်းရကျိုးနပ်ပါပြီ။ ယင်းသည်ပင် မိမိရဲ့ ရည်ရွယ်ချက် ဖြစ်ပါသည်။

ဤဗုဒ္ဓဓမ္မပြဿနာများ ရေးသားရာ၌ အကြံဉာဏ်ပေးခြင်း၊ စာဖတ်ပေးခြင်းဖြင့် အကူအညီပေးသော ရေးမြို့နယ်၊ အစင်ရွာ မွန်စိန်တောရမှ အရှင်ဝဏ္ဏိတ (ဝိသိဋ္ဌဒီဃဘာဏကနှင့် သိရိပဝရဓမ္မာစရိယ)ကို လည်းကောင်း၊ စာရေးရန် စာရွက်များ လှူဒါန်းသော ကွင်းကောက်မှ မခင်စန်းဝေ၊ ရန်ကုန်မှ ဒေါ်မြမြသန်းတို့ကိုလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

ဗုဒ္ဓမြတ်စွာ သာသနာ့အလင်းရောင်ဖြင့် လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အဝိဇ္ဇာအမှောင်ကိုခွင်းကာ ဝိဇ္ဇာဉာဏ် အလင်းရ၍ ချမ်းသာကြပါစေသော်။

**ဓမ္မဒူတ—အရှင်ပညာဇောတ**
ဓမ္မဒီပရိပ်သာ
အင်းရဲ—ကျုံပျော်မြို့နယ်
၁၃၄၆ ခု၊ နယုန်လပြည့်နေ့။

http://www.dhammadownload.com



# ဗုဒ္ဓမြေပြသနာများ(၉)

နမော တဿ အမတဒဒ

## နှောင်တဆိုတာနှောင်မှ တာ

{၁}

အို…စာရှုသူ "လူတစ်ခု ပူမှုရယ်တဲ့ဆယ်ကုဋေ" ဆိုတဲ့ စကားကိုလည်းကောင်း၊ "အသက်တစ်ရာမနေရသော်လည်း အမှု တစ်ရာတွေ့ရ"ဆိုသော စကားကိုလည်းကောင်း စာရှုသူ တစ်ကြိမ် မက အကြိမ်ကြိမ်ကြားဖူးပါလိမ့်မည်။

ကြားဖူးသော်လည်း မိမိနှင့်နီးနီးစပ်စပ် မတွေ့ရက ယင်း စကားရဲ့ အဓိပ်ပ်အနက်ကို မမှန်းဆနိုင်ပါ။ ထို့အတူပင် "နှောင်တ ဆိုတာ နှောင်မှတ"ဆိုတဲ့ စကားကိုလည်း စာရှုသူ အကြိမ်ကြိမ် ကြားခဲ့ဖူးပါပြီ။

သို့သော် စာရှုသူအနေနှင့် တိုက်တိုက်ဆိုင်ဆိုင် မှတ်မှတ်

http://www.dhammadownload.com



ရရ နောင်တ၊ မ,တဖူးသေးပါက ယင်းစကား၏ အတိမ်အနက်ကို မသိနိုင်ပါ၊ တကယ်ကိုယ်တွေ့ကြုံမှ သိနိုင်ပါသည်။ ယင်းသို့ သိပါမှလည်း စွဲမြဲသွားပါသည်။ ယင်းသို့ သိမှုမျိုးကို ကိုယ်တိုင်သိ၊ ကိုယ်တွေ့သိဟု ခေါ်ပါသည်။

"ကြားဖူးသိနှင့် ကိုယ်တွေ့သိ"ဟူသော အသိနှစ်ခုတို့၏ ခြားနားချက်မှာ များစွာပင်ဖြစ်ပါသည်။ စာရှုသူတို့ကြားဖူးပါသည်။

> ဒီခန္ဓာကိုယ်မှာ ရုပ်နာမ်နှစ်ပါးသာရှိသည်၊ ရုပ်နာမ်နှစ်ပါးအလွတ်ထား၍ ဤကား လိပ်ပြာဟူ၍လည်းကောင်း၊ ဤကားအသက်ဟူ၍လည်းကောင်း၊ ဤကား အတ္တဟူ၍လည်းကောင်း ညွှန်ပြစရာမရှိပါ။ တကယ်တော့ ရုပ်နာမ်နှစ်ပါးသာ ရှိသည်။
>
> အဲဒီနာမ်ရုပ် နှစ်ပါးကလည်း ရှည်လျားကာလ မတည်ဘဲ ခဏဖြစ် ခဏပျက်နေ၏။ အမြဲတမ်း အနိုပ်စက်ခံနေရ၏၊ မိမိအလိုသို့ ဘယ်အခါမှမလိုက်၊ မိမိအကြိုက်သို့ ဘယ်အခါမှမပါ၊ မိမိဖြစ်ချင်သလိုမဖြစ်၊ သူဖြစ်ချင်သလိုသာ ဖြစ်နေတယ်၊ မမြဲတဲ့အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ အစိုးမရတဲ့ အနတ္တ။

ဟူ၍ စာရှုသူကြားဖူးပါသည်။ တစ်ကြိမ်မက အကြိမ်ကြိမ်ပင် ကြားဖူးပါသည်။ သို့ကြားဖူးသော်လည်း ကိုယ်တွေ့မကြုံသေးက ယင်းကြားဖူးသည့်စကားသည် မလေးနက်ပါ၊ မစွဲမြဲပါ၊ အသုံးမဝင်၊ အားကိုးမဖြစ်သေးပါ။

ထို့ကြောင့် ရှင်တော်ဗုဒ္ဓက ဦးစွာပထမ ကြားဖူးအောင်

http://www.dhammadownload.com



ပောပြသည့်၊ ဒုတိယဆောင်ထားစေသည့်၊ တတိယစဉ်းစားစေသည့်၊ စတုတ္ထအဆင့်ရောက်မှ ပြီးမြောက်သည့်၊ အားကိုးဖြစ်ပါသည်၊ လေးနက်ပါသည်၊ ယခု စာရှုသူကို စာတစ်စောင် ဖတ်စေပါမည်၊ သေချာစွာ ဖတ်ရှုကြည့်စမ်းပါဘိ၊ ယင်းစာမှ စာရှုသူအတွက် သိစရာတွေအများကြီးရရှိပါမည်။

ဘုန်းဘုန်းဘုရား...

၁၀—၅—၈၄

မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးကြီးလှစွာသော ကျေးဇူးရှင် ဘုန်းဘုန်းဘုရား၊ တပည့်တော် စာအားဖြင့် လျှောက်ကြားဝံ့ပါသည်ဘုရား...

တပည့်တော်သည် တရားစစ်ချိန်တိုင်း တရားအစစ်ခံရန် ရည်ရွယ်ထားပါတယ်၊ တရားဆိုတာ စစ်ချိန်တိုင်း အစစ်ခံမှ ဘုန်းဘုန်းက ဟုတ်,မဟုတ်၊မှန်,မမှန်၊လမ်းကောင်း,မကောင်း ပြန်ပြီး ပြောကြားဆုံးမပေးမှ တပည့်တော်တို့အတွက် အသိဉာဏ် တိုးတက်တယ်ဆိုတာ သိရှိထားပါတယ်ဘုရား။

ဒါပေမယ့် ညနေတရားစစ်ချိန်မှာ ဘုန်းဘုန်းထံသို့ တရားအစစ်ခံရန်ရောက်လာပြီး ဦးချလိုက်တာနဲ့ တစ်ပြိုင်နက် တပည့်တော်ဟာ ဖော်မပြတတ်တဲ့ ဝမ်းနည်းမှု ဖြစ်ပေါ်လာတာနဲ့အမျှ တပည့်တော်အသံတွေဟာ တုန်ပြီး ငိုသံပါလာပါတယ်၊ ဘုန်းဘုန်း သတိထားမိပါဘုရား၊ တပည့်တော်လည်းလျှောက်မယ်လို့ အားခဲထားတဲ့ လျှောက်ချင်တဲ့ တရားအားလုံးကုန်အောင် မလျှောက်နိုင်တဲ့အတွက် တပည့်တော်များစွာ စိတ်မကောင်းဖြစ်ရပါတယ်၊

http://www.dhammadownload.com



ဝမ်းနည်းခဲ့ရပါတယ်ဘုရား။

တပည့်တော် စိတ်မကောင်း ဝမ်းနည်းရတာက အကြောင်း စုံပါ၊ ဘုန်းဘုန်းကို ပါးစပ်နဲ့လျှောက်ကြား သိစေလိုပေမယ့် အကြောင်းအရာကလည်း ရှည်လျား၊ စိတ်မကောင်း၊ ဝမ်းနည်း စရာတွေ ကလည်းများ၍ နောက်ဆုံး လျှောက်ကြားမထွက်လို့ ယခုလို စာနဲ့ရေးပြီး လျှောက်ကြားသိစေအပ်ပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော်ရဲ့ ဖခင်ဦးပဥ္စင်းကြီးဟာ သူကြီးဘဝကနေ ခွင့်ယူကာ ရဟန်းတက်ပြီးပြီ၊ ခွင့်ရတာနဲ့ (.........)(.........)မှာ တရားအားထုတ်ပါတယ်၊ တရားရှာမှီးပါ တယ်ဘုရား။

"တရားရှာမှီး အားထုတ်ပြီး (.........)(.........)မှာ တရားပြအဖြစ်နဲ့ ပြန်ကာ သိတင်းသုံးစဉ်က တပည့်တော်တို့ကို အကြိမ်ကြိမ်ပင် တရားဝင်ဖို့ တရားအားထုတ်ဖို့ ခေါ်သော်လည်း–

"ငယ်ပါသေးတယ်၊ တရားဆိုတာ ကြီးမှ အားထုတ် ရတာ၊ အလုပ်မအားသေးဘူး' စသည်ဖြင့် အကြောင်းမျိုးမျိုး ပြကာ ငြင်းဆိုပစ်ခဲ့ပါတယ်။ ဖခင်ဦးပဥ္စင်းကြီးရှိစဉ်က တပည့် တော် တစ်ခါဖူးမျှ တရားမဝင်ခဲ့၊ အားမထုတ်ခဲ့ပါဘုရား။

"ဟိုတုန်းကလည်း တပည့်တော်မှာ အချိန်အခါမရောက် သေးပါလို့ တပည့်တော်ထင်ပါတယ်၊ ယခု ဘုန်းဘုန်းတရားပေးတဲ့ အချိန်အခါနဲ့ တပည့်တော် တိုက်ဆိုင်လို့ပဲ ယူဆပါတယ် ဘုန်းဘုန်း ဘုရား။ ဒါကြောင့် ဘုန်းဘုန်းဟောတဲ့–

"သိတတ်တဲ့ သားသမီးတွေဟာ မိဘကို အသက်ထင်ရှား

http://www.dhammadownload.com



ရှိစဉ်မှာ ကျေးဇူးဆပ်တာ မြတ်တယ်"ဆိုတဲ့ တရားစကားကို နာကြားရတော့ တပည့်တော်မှာ ယူကြုံးမရ ဖြစ်ခဲ့ပါတယ်၊ ဖခင် ဦးပဉ္စင်းကြီး ခေါ်တုန်းက တပည့်တော် တရားသာဝင်ခဲ့ရရင် ဖခင်ကို ကျေးဇူးဆပ်ရာလည်းရောက်တယ်၊ ဖခင်ကလည်း သားသမီးတွေအတွက် စိတ်ချကာ ဝမ်းသာကျေနပ်ခဲ့မှာပါဘုရား။

ဟို…ရှေးယခင် အကြောင်းကံကြောင့် ယခုလို ဇရာပိုင်း မရောက်ခင် ဘုန်းဘုန်းညွှန်ကြားပြသပေးတဲ့ တရားထူး တရားမြတ်တွေကို နာကြားဆည်းပူးအားထုတ်ရတဲ့အတွက် ဘုန်းဘုန်း ကျေးဇူးတော်ကို မမေ့နိုင်ဘဲ ဖခင် ဦးပဉ္စင်းကြီးရဲ့ ကျေးဇူးကို လည်း သတိရတဲ့အနေနဲ့ တတ်အားသရွေ့ တပည့်တော် ကြိုးစား အားထုတ်ခဲ့ပါတယ်ဘုရား။

"နောင်တဆိုတာ နောင်မှတ"ဆိုသလိုပဲ တပည့်တော်လည်း ယခုတော့ နောင်တကြီးစွာ ရရှိပါတယ်။

တပည့်တော်ရဲ့ဖခင် ဦးပဉ္စင်းကြီးဟာ (၇)ဝါမြောက် အသက် (၅၁)နှစ်မှာ (.........) မြို့ (.........) ကျောင်းမှာ ဦးပဉ္စင်းဝတ် နဲ့ပဲ ပျံလွန်တော်မူသွားပါတယ်။

"ဘုန်းကြီးတော့ သက်မရှည်၊ သက်ရှည်တော့ ဘုန်းမကြီး" ဆိုတာလိုမျိုး မသိပါ၊ တပည့်တော်ရဲ့ဖခင် ဦးပဉ္စင်းကြီးဟာ သူ့ဘုန်းသူ့ကံနဲ့ ဘုန်းကြီးပါတယ်၊ အသက်မရှည်ဘဲ (၇)ဝါမြောက် မှာ သင်္ကန်းဝတ်နဲ့ပဲ ပျံလွန်တော်မူသွားပါတယ်ဘုရား။

ဖခင်ဦးပဉ္စင်းကြီး ပျံလွန်တော်မူပြီးကတည်းက တပည့်တော် လည်း သေခြင်းတရားကို မှတ်မှတ်ရရ သိမြင်လာပါတော့တယ်၊

http://www.dhammadownload.com



တပည့်တော်ကလည်း ဒုတိယအရွယ် ရောက်လာပြီဆိုတော့ ဒုက္ခတရားတွေ များစွာခံစားလာရပြီပေါ့၊ ဖခင် ဦးပဥ္စင်းကြီးရှိစဉ်ကလည်း–

"နင်တို့ သရက်ပင်ပေါ်က သရက်သီးတွေကို ကြည့်စမ်း၊ သရက်သီးတွေဟာ အကင်းလည်း ကြွေကျတာပဲ၊ အရင့်လည်းကြွေကျတာပဲ၊ အမှည့်လည်းကြွေကျတာပဲ၊ အပုပ်လည်း ကြွေကျတာပဲ၊ အရွယ်မရွေး၊ အရွယ်မျိုးစုံ သရက်ပင်ပေါ်ကနေပြီး အချိန်မရွေး ကြွေကျနေတယ်။ အဲဒီ သရက်သီးတွေ အချိန်မရွေး အရွယ်မရွေး သရက်ပင်ပေါ်က ကြွေကျနေသလို လူပြည်လောက လူတွေကိုကြည့်စမ်း၊ ကလေးလည်း သေတာပဲ၊ လူရွယ်လူငယ်လည်း သေတာပဲ၊ လူကြီးလည်း သေတာပဲ၊ အရွယ်မရွေး အရွယ်မျိုးစုံ လူ့ဘုံဌာန လူ့ဘုံလောကကနေပြီး သေပျောက်ကာ မြေသို့ကျကြရတယ်။

နင်တို့ကငယ်သေးတယ်၊ မအားသေးလို့နဲ့ ဆင်ခြေပေးနေကြတယ်၊ သေမင်းက ငယ်တယ်လို့လည်း မထားဘူး၊ အလုပ်မအားတယ်လို့လည်း မထားဘူး၊ အချိန်ကျရင် ခေါ်မှာပဲ"

စသည်ဖြင့် ကျောင်းသို့ရောက်တဲ့ အခါတိုင်း၊ ဖခင်ဦးပဥ္စင်းကြီး အိမ်သို့ ကြွလာတဲ့အခါတိုင်း၊ သားသမီးတွေနဲ့ဆုံတဲ့အခါတိုင်း တရားစကား ဟောပြောပေးတော့ တပည့်တော်မှာ ကြားဖူးနားဝ

http://www.dhammadownload.com



ဗဟုသုတ အနည်းငယ်ရှိခဲ့ပါတယ်ဘုရား။

"တပည့်တော်ရဲ့ဖခင် ဦးပဥ္စင်းကြီးမဝတ်ခင်က သားသမီး (၄)ယောက်ရှိတဲ့အထဲမှာ တပည့်တော်က အကြီးဆုံးမို့ အားအကိုး ရဆုံးဆိုပြီး ပိုချစ်ပါတယ်။ ဖခင်ဦးပဥ္စင်းကြီး သာသနာ့ဘောင် ဝင်ရောက်ကာနီးမှာ နောက်ပိုင်း စိတ်ချရအောင်ဆိုကာ တပည့် တော်ကို မိဘဝတ္တရားအတိုင်း အိမ်ထောင်နေရာချပေးခဲ့ပါတယ်။

တပည့်တော်လည်း ဖခင်ကြီး ဦးပဥ္စင်း ဝတ်သွားတဲ့အခါ ဖခင်ရဲ့ပါရမီကို ကူညီဖြည့်စွက်ပေးသောအားဖြင့် မိခင်နှင့်တကွ ညီမလေးနှစ်ယောက်၊ မောင်ငယ်တစ်ယောက်ကိုပါ ကိစ္စကြီးငယ် အသွယ်သွယ်တွေ အတွက် စောင့်ရှောက်လာခဲ့ပါတယ်ဘုရား။

ဖခင်ကြီးဟာ ဦးပဥ္စင်းဝတ်ပြီး ( )မှာ တရားအားထုတ် ပါတယ်၊ အားထုတ်ဆဲမှာ တပည့်တော်ဆီ စာတစ်ခါ ရေးပါ တယ်ဘုရား။

> "ချစ်သမီး...မိခင်ကို စိတ်ချမ်းသာအောင် ကျွေးမွေး ပြုစုစောင့်ရှောက်ထားပါ၊ ဖခင် ဦးပဥ္စင်းကြီးလည်း တရားရကာ ချစ်သမီးတို့ကို ပြန်ပြီး ဟောပြောပြသကာ မဂ္ဂင်ဆိုတဲ့ ဖောင်ကြီးကို တက်စီးပြီး ချစ်သမီးတို့က ဦးမှာထိုင်၊ ဖခင် ဦးပဥ္စင်းကြီးက ပဲ့ကိုထိန်းပြီး နိဗ္ဗာန်ဆိုတဲ့ သောင်ကမ်းသို့ ဆိုက်ကပ်ရန် တက်လှမ်းကြပါစို့"

လို့ စာရေးပါတယ်၊ ဒါပေမယ့် ဖခင် ဦးပဥ္စင်းကြီး ရှိစဉ် တရား စခန်းခေါ်တုန်းက 'စောပါသေးတယ်၊ ငယ်ပါသေးတယ်၊ မအား

http://www.dhammadownload.com



လို့ စသည်ဖြင့် ဆင်ခြေအမျိုးမျိုးပေးနေခဲ့ပါတယ်။

အဲဒီလို အမှတ်မဲ့ တရားလက်လွှတ်နေရင်းနဲ့ ဖခင်ဦးပဉ္စင်းကြီး ရုတ်တရက် ပျံလွန်တော်မူသွားတော့မှ တပည့်တော်မှာ များစွာ စိတ်မကောင်း ဖြစ်ပါတယ်။ ဖခင်ဦးပဉ္စင်းကြီးက ဘုန်းဘုန်းလောက် မဝပါဘူး၊ သိပ်လည်းမပိန်ပါဘုရား၊ သက်နိုးရောင်က ဘုန်းဘုန်းနဲ့ သိပ်တူတာပဲ ဘုရား။ ဒါကြောင့်လည်း တပည့်တော်မှာ ဘုန်းဘုန်းကို တွေ့မြင်တိုင်း ဖခင် ဦးပဉ္စင်းကြီးကို သတိရမိပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော်လည်း အမှတ်မဲ့ နေလာခဲ့တာ ဖခင်ဦးပဉ္စင်းကြီး မရှိတော့တဲ့နောက်ပိုင်းမှာ တွေ့ကြုံရတဲ့ လောကဓံတွေကတော့ အများကြီးပါပဲ။ ညီမ အကြီးတစ်ယောက် သေခဲ့ပါပြီ။ ညီမရဲ့သားလေး (၉)နှစ်အရွယ်တစ်ယောက်လည်း ရေတွင်းထဲကျပြီး သေပါတယ်။ မေမေ အသက် (၆၃)နှစ်မှာ သေပါတယ်၊ တပည့်တော်ရဲ့ သမီးလေး တစ်နှစ်၊ နှစ်လ တစ်ယောက်က အိမ်ပေါ်မှာ ပြုတ်ကျပြီး သေပါတယ်၊ ညီမယောက်ျားလည်း သေပါတယ်၊ တူမောင်တစ်ယောက်လည်း သေပါတယ်။

ဘုန်းဘုန်းဘုရား၊ တပည့်တော်မှာ ကိုယ့်သေခြင်းတရားနဲ့သာ ရင်မဆိုင်ရသေးတာ ဆွေမျိုးသားချင်းတွေရဲ့ သေခြင်းတရားတွေနဲ့ ဆက်လက်ပြီး ရင်ဆိုင်လာခဲ့ရတာ ယခုနှစ်အထိပါပဲ။

ယခုနှစ် တပည့်တော် ၄၇ နှစ်ကျူးကာနီးမှာ ကြီးစွာသော ဒုက္ခနဲ့ ရင်ဆိုင်ထိပ်တိုက်တိုးမိပါတော့တယ်။ တပည့်တော်ဟာ ဒီလိုခံဆည်းလာလိမ့်မယ်လို့လည်း ဘယ်သောအခါမှ မတွေးမိတာ

http://www.dhammadownload.com



အမှန်ပါဘုရား–

"ဖြစ်ချိန်တန်ရင် ဖြစ်ရမည်၊ ပျက်ချိန်တန်ရင် ပျက်ရမည်၊ ဖြစ်ချိန်တန်၍ဖြစ် လာတာကို မဖြစ်အောင် တားလို့ မရဘူး၊ ပျက်ချိန်တန်၍ ပျက်သွားတာကို မပျက်အောင် တားလို့မရဘူး"

ဆိုတာကို စောစောက အခါခါ နာကြားခဲ့ရပေမယ့် တပည့်တော်ကိုယ်တိုင် ရင်ဆိုင်ရတော့မှပဲ ယုံကြည်ချက်ချမှတ်ပါတော့တယ်ဘုရား။

ဘုန်းဘုန်းဘုရား...တပည့်တော်လည်း ဘုန်းဘုန်းကို ဖြစ်သမျှ အကြောင်းအားလုံး ကုန်စင်အောင် သိကြား လျှောက်ထားချင်တဲ့အတွက် စာတော့ နည်းနည်းရှည်သွားပါတယ်၊ ဘုန်းဘုန်း သည်းခံပြီး ဖတ်ရှုပါဘုရား။

ဘုန်းဘုန်းဘုရား...တပည့်တော်မှာ မိဘ အရင်းအချာတွေ မရှိတော့တဲ့အတွက် ကိုယ့်ထက်ကြီးတဲ့ သက်ကြီး ရွယ်အိုတွေ ဆရာသမားတွေ အားလုံးကိုလည်း–

"ကျွန်မတို့ကို သားသမီးအရင်း၊ တပည့်အရင်းလို သဘောထားပြီး သွန်သင်ဆုံးမ ဩဝါဒ ပေးကြပါ၊ နည်းညွှန် လမ်းပြကြပါ။ လူကြီးသူမ သက်ကြီးရွယ်အို ဆရာသမားတွေရဲ့ ဆုံးမစကားကိုလည်း အမြဲတမ်း နာခံတတ်ပါတယ်၊ နာခံချင်ပါတယ်၊ နာခံပြီး ကျင့်ကြံတတ်သူတွေပါ"

လို့ ဖိတ်ကြားပြောဆိုပြီး ကိုယ့်ကိုယ်ကို အပ်နှံခဲ့ပါတယ်။ ဦးလေး (      ) နဲ့ (      ) ဘုန်းဘုန်းဆိုရင် တပည့်တော်ရဲ့ ဖခင်

http://www.dhammadownload.com



အရင်းပမာမခြား တပည့်တော်အားထားတဲ့ ပုဂ္ဂိုလ်တွေပါဘုရား၊ ဒီ(          )ဆယ်ရက်စခန်းကို တပည့်တော် လာရောက်ပြီး တရားအားထုတ်ရတာကလည်း သူတို့ရဲ့ ကျေးဇူးတွေကြောင့်ပါ ဘုရား။

ဘုန်းဘုန်းဘုရား... ဘုန်းဘုန်းကိုလည်း တပည့်တော် အပ်နှင်းပါတယ်၊ တပည့်တော်ကို တပည့်ရင်း သွေးသားရင်းမခြား သွန်သင်ဆုံးမညွှန်ကြားပြသ ပေးပေးပါ၊ တပည့်တော် ကိုယ်ကို ဘုန်းဘုန်းအား လှူဒါန်းပါတယ်ဘုရား။

"လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ"တဲ့၊ တပည့်တော်ရဲ့ လက်ဦးဆရာတွေဟာ မိဘတို့ပါ၊ ယခု တရားအားထုတ်တဲ့အခါမှာ ဘုန်းဘုန်းနဲ့ ဦးစွာအားထုတ်ခဲ့ရတဲ့ အတွက် ပဋိပတ်အရာမှာ ဘုန်းဘုန်းဟာ တပည့်တော်ရဲ့ လက်ဦးဆရာပါဘုရား။

ဘုန်းဘုန်းဘုရား...တပည့်တော် လူမှန်းသိတဲ့အရွယ်ကစပြီး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှုနှင့် ရင်ဆိုင်ရတဲ့အထဲမှာ ဒီနှစ်လောက် ကြီးကျယ်တာ မရှိတော့ဘူးလို့ ထင်မိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ယခု လွန်ခဲ့တဲ့ တော်သလင်းလဆုတ် ၈ ရက် (၂၉–၉–၈၃)နေ့ည ၉ နာရီအချိန်မှာ မသမာလူသတ်သမားနှစ်ယောက်က တပည့်တော်ရဲ့ခင်ပွန်းကို အိမ်ပေါ်မှာ လာတက်သတ်သွားပါတယ်ဘုရား။ တပည့်တော်က အဲဒီအချိန်မှာ သီလယူထားတာမို့ တံခါးပေါက်နားမှာ ရေနွေးထိုင်သောက်နေပါတယ်။

ဘုန်းဘုန်းဘုရား...တပည့်တော်ရဲ့ သီလ၊ သမာဓိ၊ ပညာ

http://www.dhammadownload.com



အကျိုးကျေးဇူးဟာ ဘယ်လောက်အထိ ကြီးမားတယ်ဆိုတာ အဲဒီညမှပဲ တပည့်တော်သိရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ လူသတ်သမားတွေဟာ တကယ်လို့ သီလ၊ သမာဓိ၊ ပညာ အကျိုးကျေးဇူးတွေမရှိခဲ့ရင် တပည့်တော်ကို သူတို့သေနတ်နဲ့ ပစ်ထည့်လိုက်ရင်လည်း တပည့်တော် ဘယ်လိုမှ မလုပ်တတ်ပါ၊ အသေခံရမှာပါ။

ဘုန်းဘုန်းဘုရား...တပည့်တော်က 'ဝါသနာကိုဖျက်လို့ ရရင် ရမယ်၊ ဘာသာကိုတော့ ဖျက်လို့မရဘူးဆိုတဲ့ အစားထဲ့ကပါ၊ အိမ်ဦးမှာရှိတဲ့ ဘုရားစင်မှ ပန်းညှိုးရင် မနေတတ်ပါ။

နောက် ဝါတွင်းသုံးလ၊ အခါကြီး ရက်ကြီးတွေမှာ မအား သည့်တိုင်အောင် ဘုန်းတော်ကြီးကျောင်းမှာ သီလသွားယူပြီး အိမ်မှာ အလုပ်ပြန်လာလုပ်ပါတယ်၊ ဥပုသ်ရက်တွေမှာလည်း ဘုန်းတော်ကြီးကျောင်းမှာ ပန်းလဲ၊ ဘုရားဝေယျာဝစ္စ ပြုလုပ်ပါ တယ်၊ သီလဆောက်တည်ပါတယ်ဘုရား။

တပည့်တော် နံနက် မျက်နှာသစ်ပြီးတိုင်း 'နမောတဿ' ဘုရားရှိခိုးနဲ့ သုံးခေါက်ဘုရားရှိခိုးပြီး 'သရဏဂုံ' သုံးခေါက် အမြဲဆောက်တည်ပါတယ်၊ သီလလည်း အမြဲ ဆောက်တည်ပါ တယ်၊ အားလုံးပြီးတဲ့အခါ ဘုန်းဘုန်း ပုံတော်ကို ရှိခိုးပြီး ဘုန်းဘုန်း ကို ရည်မှန်းကာ–

"ဘုန်းဘုန်း ကျန်းမာပါစေ၊ ဘုန်းဘုန်း ချမ်းသာပါစေ၊ ဘုန်းဘုန်း ဘေးဘယာဝေးကွာပါစေ၊ ဘုန်းဘုန်း အသက် ရာကျော်ရှည်စွာနဲ့ သာသနာပြုနိုင်ပါစေ"

http://www.dhammadownload.com



လို့ နံနက်တိုင်း ညတိုင်း မေတ္တာပို့သပါတယ်၊ အဲဒီ အကျင့်ကောင်းလေးတွေကြောင့်ပဲ တပည့်တော်အတွက် ဘေးမသီ ရန်မခတာပဲလို့ တပည့်တော် ယုံကြည်ပါတယ်။

အဲဒီ တော်သလင်းလဆုတ်(၈)ရက်နေ့ညမှာ တပည့်တော် လုပ်ရိုးလုပ်စဉ်အတိုင်း ဘုရားရှိခိုး သီလယူပြီး အိမ်ကို နံ့သာရေဖျန်းပက်ပါတယ်၊ အိပ်ဖို့ စဉ်းစားတဲ့အခါ စဉ်းစားလို့ မရဘဲ အသိတစ်ခု ဝင်သလို မျက်စိကို တုတ်နဲ့ထောက်ထားတဲ့ အတိုင်း မအိပ်ချင်ဘဲ မျက်စိပွင့်နေ ကြည့်နေပါတယ်ဘုရား။

မအိပ်ချင်တာနဲ့ တပည့်တော်လည်း လက်ဖက်ရည် ထိုင်သောက်နေပါတယ်။ အဲဒီအချိန်မှာ သမီးအငယ်ဆုံးက စာဖတ်ပြီး ထမင်းစားတော့ အိမ်ပြင်ထွက်စားလို့ အိမ်တံခါး ဖွင့်ထားပါတယ်။

ညတိုင်းဆိုရင် အဲဒီအချိန်ဟာ တပည့်တော်ခင်ပွန်းသည် တစ်ခါမှ အိမ်မှာမရှိပါ။ အကြောင်းဆုံပြီး ဖြစ်လာရမယ့် ဒီကနေ့ကျတော့ သူ့အတွက် အကြောင်းတွေဟာ အားလုံးပြည့်စုံအောင် ဖြည့်ပေး ညီညွတ်ပေးတာပါပဲ၊ တပည့်တော်စိတ်ထဲမှာလည်း–

"ဩော်...သူဟာ ဟိုဘဝများစွာ နှစ်လများစွာတွေက အဝိဇ္ဇာ ဦးစီးပြီး အတိတ်ကံဆိုး အကုသိုလ်ကံဆိုးတွေ အကြောင်းပါလာလဲမသိ"

လို့ တွေးမိပါတယ်၊ အဲဒီလို အကုသိုလ်ကံဆိုး ပါလာလို့သာ ယခုဘဝမှာ ရောဂါဝေဒနာနဲ့ မသေရဘဲ သူများအသတ်ခံရတဲ့ အသေဆိုးနဲ့ သေခဲ့ရပါတယ်။ တပည့်တော်ပါ သူ့ဒုက္ခတွေ

http://www.dhammadownload.com



ကူးစက်ခံရတော့ တပည့်တော်လည်း အတိတ်ကံမကောင်းခဲ့လို့ မကောင်းတာနဲ့ လာပြီးဆုံဆည်းရတာပဲလို့ တပည့်တော် တရားနဲ့ ဆင်ခြင်ပြီး ဘယ်သူ့ကိုမှ အပြစ်မတင် စိတ်မဆိုးပါ၊ အကယ်၍ အတိတ်ကံအကြောင်းရှိခဲ့ရင်လည်း ဒီဘဝမှာ ဒီမျှနဲ့ပဲ ကျေပါစေ တော့ဆိုပြီး ဘုရားဝတ်ပြုတိုင်း ဆုတောင်းမိပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ အဲဒီ တော်သလင်းလဆုတ် ၈ ရက်နေ့ ညကဆိုရင် တပည့်တော်မှာ ဘာနဲ့မှနှိုင်းပြလို့ မရနိုင်တဲ့ သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿမီးတွေ တောက်လောင်ခံစားရတဲ့ညပေါ့၊ ရှေးက မီး ၁၁ မီး အပူကြီးပူလှတယ်၊ ကမ္ဘာမီးထက်ပူတယ်လို့ ကြားဖူးခဲ့ပါတယ်၊ တကယ်ပူမှန်း မသိခဲ့ပါဘုရား။

ယခု ကိုယ်တွေ့ပူတော့မှ တကယ်ကြီးတဲ့ အပူကြီးပါ၊ တပည့် တော် ယခုပူရတဲ့ သောက၊ ပရိဒေဝ၊ ဒုက္ခ ဒေါမနဿမီးတွေဟာ ကမ္ဘာမီးထက် အပူကြီးပူလှပါတယ်၊ အပူဆုံးမီးပါပဲဘုရား။

ဘုန်းဘုန်းဘုရား...အဲဒီညမှာ တပည့်တော်ရဲ့ ခင်ပွန်းကို လူသတ်သမားတစ်ယောက်က ဘာမှမမေးမစမ်း မပြောမဆိုဘဲ သေနတ်နဲ့ ရင်ဝပစ်ပြီးတာနဲ့ ပြန်ဆင်းသွားပါတယ်ဘုရား။

သူလည်း စကားတစ်ခွန်းမှ မပြောနိုင် မဆိုနိုင်ဘဲ သေနတ် ဒဏ်ချက်ကြောင့် မတ်တတ်ရပ်နေရာမှ လဲကျသွားပါတော့တယ်၊ စကားမေးလည်း လုံးဝမရတော့ပါ၊ အဲဒီအကြောင်းတွေ အသေး စိတ် ရေးရင် ဘုန်းဘုန်းလည်း ဖတ်နိုင်တော့မှာမဟုတ်တဲ့အတွက် လိုရင်းချက်ပဲ ရေးပြပါတော့မယ်ဘုရား။

တပည့်တော်လည်း မိဘနှစ်ပါး ဆုံးတုန်းက တစ်မျိုးခံစားရ

http://www.dhammadownload.com



ယခုတစ်ခါ တပည့်တော်ရဲ့ မျက်မှောက်မှာ အသေဆိုးနဲ့ ကြုံရ ခင်ပွန်းသည်ဆိုတော့ ဖြစ်စမှာ ဆောက်တည်ရာမရတဲ့ အထိ ဖြစ်သွားပါတယ်၊ မိုးတောက်လောင်တဲ့ညမှာ ဘာပြောလို့ ဘာဆို မှန်း ကိုယ့်ကိုယ်ကို မသိတော့ပါဘုရား။

ဘုန်းဘုန်းဘုရား...တပည့်တော်ကသာ တရား နည်းနည်း ပါးပါး မသိထားရင် အဲဒီညဟာ တပည့်တော်ပါ အတူသေမယ့် ညပါ။ တပည့်တော်မှာ ခေါင်းတွဲမရှိတဲ့ ရထားတွဲပမာ ဘာမှ မလုပ်တတ် မကိုင်တတ်ဘဲ ငုတ်တုတ်နေရပါတယ်၊ မရွေ့လျား မလှုပ်ရှားနိုင်တော့ပါဘုရား။

နောက်မှ ဦးလေး(　　)ကို သတိရကာ သူ့ကိုပဲ ခေါ်ပြီး ပြောပြရပါတော့တယ်၊ အသုဘပြီးဆုံးတဲ့ အထိပဲ သူကြီးကြပ် ကွပ်ကဲလုပ်ဆောင်ပေးပါတယ်၊ သုံးရက်နဲ့ အပြီးပဲ ဆွမ်းသွတ် တရားနာကာ သုသာန်ပို့ဆောင်ကာ မြှုပ်နှံလိုက်ရပါတော့တယ် ဘုရား။

ဘုန်းဘုန်းပြောကြားတဲ့ အတိုင်းပါပဲ၊ သောက၊ ပရိဒေဝမီး တောက်လောက်နေသူဟာ အိပ်မပျော်ဘူး၊ အိပ်လို့ မရဘူးဆိုတာ လက်တွေ့ပါ၊ ခင်ပွန်းသည် သေဆုံးပြီးတဲ့ တစ်ရက်မှာ တပည့် တော်ဟာ မိုးလင်းပေါက် မျက်စိကြောင်ကာ လုံးဝအိပ်မရတော့ ပါဘုရား။

ညဖြစ်တယ်၊ နံနက်မိုးသောက် အလင်းရောက်တော့ (　) မှာ ကျောင်းသွားနေတဲ့ သမီးလေးကို အကြောင်းကြားပြီး အကြို ခိုင်းရပါတယ်၊ သမီးလေးရောက်လာတော့လည်း တစ်နေ့လုံး

http://www.dhammadownload.com



သောက ပရိဒေဝမီး တောက်လောင်နေပါတယ်၊ ဆရာတော် ဟောကြားသလို မီးမီးချင်းဟာ ငြိမ်းလို့မရဘဲ တစ်မီးမှ နှစ်မီး ပေါင်းတော့ ပိုပြီးပူလောင်ပါတယ်ဘုရား။

ခင်ပွန်းသည်က ကျေးရွာကောင်စီ အတွင်းရေးမှူးဆိုတော့ နံနက်မိုးသောက် အလင်းရောက်တဲ့အခါ ကျေးရွာကောင်စီ၊ မြို့နယ် ကောင်စီ၊ ပါတီ၊ တပ်၊ ရဲ အစရှိတဲ့ မြို့ဖက် နယ်ဖက်မှ အဖွဲ့ ပေါင်းစုံတွေက လာရောက်ပြီး လူသေဒဏ်ရာလှန်ကြည့်ကြ၊ မေး ကြလို့ မေးလေသမျှမှာ ဖြေရတာကလည်း သေတဲ့လူနောက် လိုက်မသေဖို့ နည်းနည်းပဲ လိုပါတော့တယ်၊ သေတဲ့လူရဲ့ ဒုက္ခ ထက် အစစ်အဆေး အမေးအမြန်း ခံနေရတဲ့ တပည့်တော်ဒုက္ခ က ပိုကြီးနေပါတယ်ဘုရား။

အဲဒီလို ဒုက္ခကြီးနေချိန်မှာ (     )မှာ ပြန်ရောက်လာတဲ့ သမီးလေးက သူ့ဖခင်ရဲ့အလောင်းကို သေနတ်ဒဏ်ရာနဲ့ မရှုမလှ အသေဆိုး သေရတာတွေ့တော့ ရင်ထုမနာ ငိုကြွေးတော့ "အို... တပည့်တော် မပဋာစာမြေလူး"ဆိုတဲ့ စကားကို ကြားဖူးသော်လည်း သဘောမပေါက်ခဲ့ပါပဲ အခုမှ သဘောပေါက်ပါတော့တယ်ဘုရား၊

ဘုန်းဘုန်းဘုရား...ဗုဒ္ဓရဲ့ တရားအရိပ်ဟာ အေးမြလှပါတယ်၊ တပည့်တော်မှာ တရားသာ အနည်းငယ် မသိထားရင် အခက်ပါ၊ အဲဒီလို ဖြစ်နေချိန်မှာ အသိတစ်ခုဝင်လာပါတယ်ဘုရား-

"အင်း...မိမိသာလျှင် မိမိရဲ့ ကိုးကွယ်အားထားရာပဲ၊
သူတစ်ပါးဟာ အဘယ်မှာ ငါရဲ့ ကိုးကွယ်ရာ ဖြစ်မှာလဲ၊
အားကိုးရာ ဖြစ်မှာလဲ၊ မိမိစိတ်ကို မိမိ မပြုပြင်လျှင် ဘယ်သူမှ

http://www.dhammadownload.com



လာပြီး မပြုပြင်ပေးနိုင်ဘူး။ ဘယ်သူက လာပြီး ပြုပြင်ပေး သော်လည်း မိမိက မခံယူ မပြုပြင်ရင် ဘာတတ်နိုင်မှာလဲ၊ ငါ့စိတ်ငါ ပြင်တော့မယ်၊ ပြုပြင်မှအေးမယ်၊ မပြုပြင်ရင် ဘေးပဲ"

လို့ အသိဝင်ပြီး ၁၀ ရက်စခန်း နှစ်ပတ်အားထုတ်ဖူးတဲ့ ဘုန်းဘုန်း ညွှန်ကြားထားတဲ့ ဗုဒ္ဓရဲ့ တရားအသိကလေးနဲ့ ဆင်ခြင်ကာ ခင်ပွန်းသည်ရဲ့ အလောင်းကို အသုဘကမ္မဋ္ဌာန်း ရှုပွားရင်း ကျန်ရှိတဲ့ သားသမီးတွေကို အားပေး ဖျောင်းဖျကာ ကိုယ်တိုင် အားတင်းခဲ့ရပါတော့တယ်၊ ဘုန်းဘုန်းဘုရား၊ တပည့်တော်ဟာ သုံးရက်အတွင်းမှာ–

"ဩော်...ငါလည်းတစ်နေ့ သေရဦးမှာပါတကား၊ ငါ၏ အသက်သည် မမြဲပါတကား၊ ငါ၏သေခြင်းသည် မြဲပါ တကား၊ ငါ၏အသက်သည် သေခြင်းသာလျှင် အဆုံးရှိ ချေ၏။

ခန္ဓာကိုယ်သည်မမြဲ၊ သေခြင်းတရားသည်သာ မြဲ၏၊ ခန္ဓာကိုယ်ရလာလျှင် အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်း ဆင်းရဲဆိုတာ ငါသာမဟုတ် လူသားတိုင်း မလွန်ဆန်နိုင်တဲ့ တရားပဲ၊ ဖြစ်တတ်တဲ့တရား မှန်သမျှ ပျက်တတ်တဲ့တရား ချည်းပါပဲ"

လို့ ရှုပွားရပါတော့တယ်ဘုရား၊ အဲဒီတော့မှ တပည့်တော်မှာ သောကပရိဒေဝမီးများ ငြိမ်းကာ မျက်နှာကြည်လင် အေးချမ်း ပြီး နေသားထိုင်သားကျသွားပါတယ်၊ ဘုန်းဘုန်းဘုရား၊ ဗုဒ္ဓရဲ့

http://www.dhammadownload.com



တရားအရိပ်ဟာ အလွန်တရာ အေးမြလှပါတယ်ဆိုတာလည်း အခုလို အပူကြီးနဲ့တွေ့ပြီး တရားနဲ့အေးဖူးမှ တရားအေးမှန်း ပိုပြီးသိပါတယ်။

သုံးရက်ပြည့်လို့ အသုဘချမယ့် နံနက်မှာ ခင်ပွန်းသည်က ကျေးရွာကောင်စီ အတွင်းရေးမှူး၊ တပည့်တော်က ကျေးရွာ သမဝါယမဘက်ကဆိုတော့ သူ့ဘက်က မိတ်ဆွေတွေ ဆွေမျိုး တွေ၊ တပည့်တော်ဘက်က မိတ်ဆွေတွေ ဆွေမျိုးတွေ လာကြ တာလည်း အများကြီးပါဘုရား။

တပည့်တော် ခင်ပွန်းသည်ဟာ သူတစ်ပါးကို မတရားမလုပ် ခဲ့ဖူးပါ၊ ဒါပေမယ့် လူကြီးအလုပ် ဆိုတာက မှန်တာလုပ်ရင် မမှန်တဲ့လူတွေက မကြိုက်ကြတာ ဓမ္မတာပဲ မဟုတ်ပါလား၊ လူဆိုတာကလည်း "ချစ်သူတစ်ရာရှိလင့်ကစား မုန်းသူ တစ် ယောက်တော့ ရှိစမြဲ"ဆိုတဲ့ စကားအတိုင်း ခင်ပွန်းသည် သေဆုံး လို့ ဝမ်းသာတဲ့လူ ရှိသလို ဝမ်းနည်းနမြောတသတဲ့ လူတွေလည်း ရှိကြပါသေးတယ်ဘုရား။

ဒါကြောင့် အသုဘချမယ့် နံနက်မှာ စည်ကားသိုက်မြိုက် စွာပါပဲ၊ အသုဘချမယ့်နေ့မှာ မိုးလေဝသ အထူးသတင်း ကြေငြာ ထားတဲ့အတိုင်း မိုးကလည်း အကြမ်းအရမ်းရွာပါတယ်ဘုရား။

သူ့ကံကလည်း တစ်မျိုးမကောင်း၊ တစ်မျိုးကောင်းပါပဲ၊ တပည့်တော်သတိရလို့၊ မရလို့ ဖိတ်–မဖိတ် ကြားသိတဲ့ မိတ် သင်္ဂဟတိုင်းလည်း အားလုံးလာရောက်ကြတာ ဝတ္တရားကျေကြ

http://www.dhammadownload.com



ပါတယ်ဘုရား။

တပည့်တော်လည်း တရားနဲ့ ဆင်ခြင်ရှုပွားကာ လာရောက်ကြတဲ့ ဆွေမျိုးညာတကာ မိတ်သင်္ဂဟ အပေါင်းတွေကို လောကရဲ့ ဝတ္တရား ကျေပွန်စွာနဲ့ နှုတ်ဆက်ဧည့်ခံ ပြောဆိုနိုင်ပါတယ်၊ လူတော့ အတော်မောပါတယ်၊ စိတ်ကတော့ တရားသဘောနဲ့ ရှုဆင်ခြင်၍ သက်သာရာရပါတယ်ဘုရား။

သေသူကိုရည်မှန်းပြီး လှူဒါန်းကျွေးမွေး ဆက်ကပ်ရာမှာလည်း စိတ်ကို အတတ်နိုင်ဆုံး ကြည်လင်အေးမြစွာထားပြီး စေတနာ သုံးတန်ပြဋ္ဌာန်းကာ လှူဒါန်းနိုင်ခဲ့ပါတယ်ဘုရား။

သုံးရက်မြောက်တဲ့နေ့ ချတဲ့နေ့မှာတစ်ကြိမ်၊ ခုနစ်ရက်လည်တဲ့နေ့မှာတစ်ကြိမ်၊ တစ်လမြောက်တော့တစ်ကြိမ်အားဖြင့် သုံးကြိမ်တိုင်တိုင် ရည်မှန်းကာ အမျှပေးဝေခဲ့ပါတယ်ဘုရား။

ဒါပေမယ့် အချို့သောသူတွေက မကျွတ်ဘူး ဘာဘာညာညာနဲ့ တောင်ပြော မြောက်ပြော အမျိုးမျိုး ပြောကြပါတယ်၊ တပည့်တော်ကိုတော့ ဒီနေ့အထိ ဘာအထိမ်းအမှတ်မှ မပြပါ၊ ဘာအိပ်မက်မှလည်း မပေးပါ၊ ဒါကြောင့် မကျွတ်ဘူးဆိုတာ ဟုတ်မှန်ပါ့မလားဘုရား။

ဘုန်းဘုန်းဘုရား...တပည့်တော်ဟာ သုံးရက်အတွင်း ခင်ပွန်းသည်ရဲ့ အလောင်းကိုကြည့်ရှုပြီး သိထားတဲ့ တရားတော်ဗဟုသုတနဲ့ လက်တွေ့အသုံးချကာ ရှုမှတ်ပွားများပြီး သောကမီး ပရိဒေဝမီးငြိမ်းအောင် ထိန်းသိမ်းနေနိုင်ခဲ့ပါတယ်ဘုရား။

အလောင်းချမယ့်နေ့မှာ မြို့နယ်ကောင်စီ၊ ပါတီယူနစ်၊ ရဲဖက်၊

http://www.dhammadownload.com



ယဉ်ကျေးမှု ကျေးရွာအသီးသီးမှ လွမ်းသူ့ပန်းခွေများနဲ့ နောက်ဆုံးဝမ်းနည်းတဲ့ အထိမ်းအမှတ်အနေနဲ့ အလောင်းကို ပကာသနဆင်မြန်းကာ တင့်တယ်စွာ ဆင်ယင်ပြီး သုသာန်သို့ ပို့ကြပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား...အသုဘ ပို့လာကြတဲ့ များပြားစွာသောပရိသတ်တွေက တပည့်တော်ကို အမျိုးမျိုးသော မျက်လုံးတွေနဲ့ ကြည့်ရှုကြ၊ ပြောဆိုဝေဖန်ကြပါတယ်ဘုရား။

"ဩော်...သူ့ယောက်ျား တစ်ယောက်လုံး ဒီလောက်အသေဆိုးနဲ့ သေရတာ သူ့မှာ တရားရှိလို့ ဒီလောက်ကြံ့ခိုင်ခံ့ညားတည်ပြီး နေနိုင်တာပေါ့၊ တရားသာမရှိရင် ပဋာစာရီလူးပေါ့။

"အို...သူက သူ့ယောက်ျားကိုမှ သံယောဇဉ် သိပ်မထားတာပဲဟာ၊ မငိုဘဲနေနိုင်တာပေါ့၊ ကြည့်ပါလား ယောက်ျားတစ်ယောက်လုံး သေတာတောင်မှ မျက်နှာက နဂိုအနေမပျက်ဘူး၊ သူ့အရွယ်က ကောင်းတုန်းပဲဟာ၊ နောက်အိမ်ထောင် ပြုဦးမှာပေါ့၊ ခုတောင် မှန်းထားတာရှိလားမှမသိဘဲ၊ ဒါကြောင့် အပြုံးမပျက်တာ"

စသည်ဖြင့် အသုဘလာပြီး အသုဘမရှု၊ သံဝေဂမယူကြဘဲ တပည့်တော်ကိုကြည့်ကာ အမျိုးမျိုး ဝေဖန် ချီးမွမ်းပြစ်တင်ပြောဆိုကြကာ ဝတ္တရားအတိုင်း သုသာန်ပို့ပြီး ပြန်ကြပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ လောကရဲ့ ခိုင်ခန့်တဲ့ နိယာမ သဘောတရားအရ လူ့လောကမှာ ကဲ့ရဲ့ချီးမွမ်းဆိုတာ တပည့်တော်

http://www.dhammadownload.com



အတွက် မဆန်းတော့ပါ၊ ဘယ်သူတွေက ဘယ်လိုပဲ ကဲ့ရဲ့ ချီးမွမ်းကြပေမယ့် တပည့်တော်ဟာ စိတ်ပျက်ခြင်း၊ ဝမ်းသာခြင်း မရှိစေဘဲ ကြားကြားသမျှ ချီးမွမ်းကဲ့ရဲ့သံတွေကို 'ရုပ်ရှင်'လို့ ရှုပွားပြီး၊ မြင်မြင်သမျှ မဲ့တာ၊ ပြုံးတာတွေကိုလည်း "ရုပ်ရှင်" လို့ ရှုပွားကာ သိသိသမျှ အသိတရားကိုတော့ 'နာမ်–နာမ်'လို့ ရှုလျက် ခင်ပွန်းသည်ရဲ့အလောင်းကို အသုဘရှုပြီး သုသာန်တစ သင်္ချိုင်းဝသို့အရောက် မျက်ရည်မကျဘဲ ပို့ဆောင်နိုင်ခဲ့ပါတယ် ဘုရား။

ဘုန်းဘုန်းဘုရား၊ သူ့ဖခင်ကို သူကလည်း အချစ်ဆုံး၊ သူ့ဖခင်ကလည်း သူ့ကို အချစ်ဆုံးဖြစ်တဲ့ သမီးအငယ်ဆုံး ကလေး ဟာ အသုဘချပြီးတဲ့ ညနေမှာဘာတွေတွေးပြီး ငိုလည်းမသိပါ၊ ဘာတရား အဆင်အခြင်မှ မရှိတဲ့အတွက် ငိုရာမှ တက်ပါတော့ တယ်၊ တပည့်တော်မှာတော့–

"ဩော်... မသေခင်ချစ်၊ သေလျှင်ပစ်၊ အနှစ်မပါ၊ ငါ့ခန္ဓာ၊ မသေလည်းပုပ်၊ သေလည်းပုပ် စက်ဆုပ်စရာ ငါ့ခန္ဓာ"

ဆိုတဲ့ ရဖူးပွားဖူးထားတဲ့ သံဝေဂလင်္ကာလေးတွေနဲ့ ရှုပွားဖြေသိမ့် ရင်း သမီးလေးကို ပြုစုရတာလည်း တမောပါပဲ၊ ဒီတော့မှ ဒီလောက်ကြီးထဲမှာ သုခမဘာက် ဒုက္ခအစုအပုံကြီးသက်သက် ဆိုတာ သဘောပေါက်ပါတော့တယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော်ရဲ့ ခင်ပွန်းဟာ ဒါနကုသိုလ် တော့ ပြုပါတယ်၊ ဒါပေမယ့် သီလတော့ မဆောက်တည်ပါ၊

http://www.dhammadownload.com



ဘာဝနာဆိုတာတော့ ဝေလာဝေးထဲပေါ့၊ တပည့်တော် ၁၀ ရက်စခန်းမှာ ဝင်ပြီး တရားအားထုတ်တာတော့ သူကိုယ်တိုင် မလာပေမယ့် မတားမြစ်ပါ၊ ခွင့်ပြုပါတယ်ဘုရား။

လွန်ခဲ့တဲ့ ၁၀ ရက်စခန်း နှစ်နှစ်မှာ တစ်နှစ်ကို နေ့ဆွမ်း တစ်နပ်စာ လာရောက်လှူဒါန်း ဆက်ကပ်ပါသေးတယ်၊ ဒီနှစ်လည်း သူတကယ်လို့ ရှိသေးရင် လာရောက်ပြီး နေ့ဆွမ်း တစ်နပ် လှူဒါန်းဦးမှာပါဘုရား။

ဘုန်းဘုန်း ဟောကြားထားသလိုပဲ သေခြင်းတရားဟာ သတ္တဝါတွေကို မစောင့်ဘူးမဟုတ်လား။ လွန်ခဲ့တဲ့ ၁၀ ရက် စခန်းတုန်းက ဦးလေး( )ကိုယ်တိုင် သူ့ကို ရဟန်းဝတ်ပြီး တရားအားထုတ်ဖို့ တိုက်တွန်းပါသေးတယ်၊ သူက မအားသေး လို့ နောက်နှစ်မှ တရားအားထုတ်မယ်လို့ ပြောခဲ့ပါတယ်ဘုရား။

ယခု နောက်နှစ်သို့ ရောက်ရှိလာပါပြီ၊ သူကတော့ ကျန်းမာ ရေး ကောင်းကောင်းကြီးနဲ့ မမျှော်လင့်ဘဲ ဖြူန်းကနဲ သေလည်း သေနိုင်၏ဆိုတဲ့အတိုင်း ရှေးကံအကြောင်းတရားကြောင့် ဘဝ ပြောင်းကာ သွားရပါတော့တယ်ဘုရား။

ဘုန်းဘုန်းဘုရား။ ဘုရားရှင်ဟောကြား မြတ်တရားတော် တွေဟာ မှန်ကန်တိကျလှပါတယ်၊ ဆရာတော် ဟောကြားခဲ့တဲ့ မသိနိုင်ရာ ငါးဌာနမှာ–

"မိမိအသက်ဟာ မည်မျှရှည်ကြာမယ်လို့ အတိအကျ မသိနိုင်ဘူး။ မိမိဟာ မည်သည့် အနာရောဂါနဲ့သေရမည် ကို အတိအကျမသိနိုင်ဘူး၊ မိမိဟာ နံနက်နေ့ ည ဘယ်

http://www.dhammadownload.com



အချိန်ကာလမှာ သေရမည်ကို အတိအကျ မသိနိုင်ဘူး၊ ရွာတွင်းရွာပြင်၊ ကုန်းမှာ ရေမှာ ကောင်းကင်မှာ ဘယ်မှာ သေကာ ဘယ်မှာမြှုပ်ရမှာကို မသိနိုင်ဘူး။ ဒီဘဝကနေ သေပြီး ဘယ်မှာဖြစ်မယ်လို့ အတိအကျ မသိနိုင်ဘူး"

လို့ တပည့်တော် မှတ်ထားခဲ့ပါတယ်ဘုရား။ သိပ်ပြီးတော့ မှန်ပါတယ်၊ တပည့်တော်လည်း ဖခင်ကြီးဦးပဥ္စင်းကြီးမှာခဲ့တဲ့ "သေတတ်ဖို့ အရေးကြီးတယ်"ဆိုတဲ့ စကားနဲ့ တရားအခံကလေးနဲ့ ယခု ဘုန်းဘုန်း ညွှန်ကြားပြသပေးခဲ့တဲ့ တရားအခံတွေကလည်း ရှိလာတာမို့ တပည့်တော်ကိုယ်တိုင်အတွက်တော့ "ကိုယ်ရေးကြုံ သက်လုံကောင်း" ဆိုသလို အရေးကြုံလာရင် ဆင်ခြင်နိုင်သလောက် ဆင်ခြင်နိုင်လာပါပြီဘုရား။

ဘုန်းဘုန်းဘုရား တပည့်တော်လည်း ဆင်းရဲဒုက္ခ အမျိုးစုံနဲ့ တွေ့ကြုံထိမိခံစားရတာ အတော်လေး စုံလှပြီဖြစ်တဲ့ အတွက် ခန္ဓာကိုယ် ရလာရင် ဒုက္ခရလာတာပဲ၊ ဘာတစ်ခုမှ အကောင်း မရှိပါလားလို့ ခန္ဓာကိုယ်တွေ့ ရှုမြင်ချက်အရရော အပြင်လောက တွေ့မြင်ခံစားချက်အရရော သိပါပြီဘုရား။

ဗုဒ္ဓရဲ့ တရားရိပ်ဟာ အလွန်တရာ အေးမြလှတဲ့အတွက် တရားရိပ်မှာပဲ အမြဲခိုလှုံပြီး နေချင်ပါတော့တယ်၊ တပည့်တော်ဟာ ၁၀ ရက်စခန်းပြီးလို့ အိမ်မှာပြန်နေပေမယ့် နံနက်တိုင်း ညတိုင်း တရားရှုပွား အားထုတ်ပါတယ်ဘုရား။

တရားအားမထုတ်ခင်ကလည်း တပည့်တော်ဟာ လောဘ၊

http://www.dhammadownload.com



ဒေါ်သာ၊ မောဟတရားဆိုးတွေ သိပ်မကြီးတဲ့အတိုင်း အခု တရားအားထုတ်ပြီးတဲ့အချိန်ရဲ့ နောက်ပိုင်းမှာ အပြုအမူ၊ အပြောအဆို အနေအထိုင် အားလုံးကို ဆင်ခြင်ပါတယ်ဘုရား။

အဲဒီလို ကျင့်ကြံနေထိုင်ခြင်းဟာ တစ်နည်းပြောရရင် ဘုန်းဘုန်းရဲ့ ဂုဏ်ကျေးဇူးတွေကို သတိအမြဲရပြီး ဘုန်းဘုန်းရဲ့ ဂုဏ်ကျေးဇူးတွေကို ဆပ်တဲ့သဘော၊ မမေ့တဲ့ သဘောပါဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော်မှာ ခုကြုံခဲ့ရတဲ့ ဖြစ်ရပ်တွေဟာ အတိတ်ကံအကြောင်း မကောင်းမှု အကုသိုလ် အကျိုးဆက်တွေလို့ သိရှိယုံကြည်ပါသဖြင့် ဒီ ၁၀ ရက်စခန်းမှာ ပြုစု အားထုတ်ခဲ့ရတဲ့ ဒါန၊ သီလ၊ ဘာဝနာ တရားရေအေးတွေနဲ့ အားလုံးကင်းစင်အောင် ဆေးကြော ပစ်လိုက်တော့မယ်လို့ တပည့်တော်ဟာ တရားရှုပွားတိုင်း နှလုံးသွင်း ရှုပွားပါတယ်ဘုရား။

နံနက်၊ နေ့ အာဟာရ သုံးဆောင်တဲ့ အချိန်တိုင်း မှာလည်း ဘုန်းဘုန်းရဲ့ ဩဝါဒ စကားတွေကြောင့် စားသောက်ရတဲ့ အာဟာရဒုက္ခတွေ စက်ဆုပ်ဖွယ်တွေ ဓာတ်သဘောတွေကို ဆင်ခြင်ရှုပွားပြီး စားသုံးပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား...တပည့်တော်သည် တရားနှင့်သာ အချိန်ပြည့် အမြဲတမ်း ပျော်မွေ့နေချင်သော်လည်း ပညာမစုံသေးတဲ့ ဖတဆိုး သမီးငယ်နှစ်ယောက်အတွက် အလုပ်ကိုယ်စီ ရရှိသည့်တိုင်အောင် တပည့်တော်မှာ တာဝန်ရှိနေပါသေးတယ်ဘုရား။

ဒါကြောင့် တပည့်တော်ဟာ လူ့လောကမှ ထွက်ခွာကာ

http://www.dhammadownload.com



အပြီးသတ် တရားအရိပ်မှာ မခိုလှုံနိုင်သေးတာပါ၊ တရားအရိပ်ဟာ တကယ်အေးမြတာ သိတော့ အမြဲပင် ခိုလှုံချင်ပါတယ်ဘုရား။

လောကထဲမှာ လောကဝတ်ဆိုတာ ရှိသေးတယ် မဟုတ်လားဘုရား၊ သားသမီးတွေရဲ့အပေါ်မှာ မိဘရဲ့ ဝတ္တရားလည်း ရှိသေးတဲ့အတွက် တပည့်တော်ရဲ့ သားသမီးလေးတွေရဲ့ ဝတ္တရားကို ကျေပွန်စွာ ထမ်းဆောင်ရင်းနဲ့ "အရှုံးထဲက အမြတ်ထုတ်" ဆိုသလို အမြတ်ထွက်အောင်တော့ ကြိုးစားပါမည်ဘုရား။

ဘုန်းဘုန်းဘုရား...ကလေးတွေအဖေဟာ လောကီဝတ္တရားထမ်းဆောင်ရင်း သေဆုံးသွားသဖြင့် အရှုံးသက်သက်သာ ခံစားသွားရတာကို တပည့်တော် မျက်မြင်ကိုယ်တွေ့မို့ တပည့်တော်အတွက် အရှုံးမဘက် အမြတ်သာ ထွက်ရလေအောင် အေးမြလှတဲ့ ဗုဒ္ဓရဲ့ တရားအရိပ်အောက်မှာ ခဏခဏ ခိုလှုံရာမှ အမြဲခိုလှုံနိုင်သည့်တိုင်အောင် ကြိုးစားအားထုတ်ဖို့ လိုသေးတယ်လို့ ဆန္ဒပြုကာ အားခဲထားပါတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော် ဗုဒ္ဓရဲ့တရားအရိပ်မှာ လုံးလုံးမခိုလှုံနိုင်သေးသမျှ ကာလအတွင်း ဒီ(    )ဆယ်ရက်စခန်းသို့ ရောက်တိုင်း ကျန်းမာရေးကောင်းမွန်စွာ ရှိအောင် ကြိုးစားပြီး တရားပတ်တိုင်း ကြိုးစားအားထုတ်ပါ့မယ်ဆိုတာလည်း ဘုန်းဘုန်းအား တပည့်တော် ကတိပေးလျှောက်ထားအပ်ပါတယ်ဘုရား။

တပည့်တော်ဟာ လောကီအကျိုး သယ်ပိုးဆောင်ရွက်ခဲ့တာ နှစ်ရှည်လများ ရှိခဲ့ပါပြီ၊ အမြတ်ဆို၍ ဒီ(    )ဆယ်ရက်စခန်း

http://www.dhammadownload.com



မှာ (၃)ပတ်ဝင်ပြီး အားထုတ်ရတာသာ တပည့်တော်ရဲ့အမြတ် ရှိပါသေးတယ်၊ တပည့်တော်အသက် (၄၇)နှစ်ရှိပေမယ့် အသက်ရှင် မြတ်တဲ့ရက်က (၃၀)ပဲ ရှိပါသေးတယ်ဘုရား။

ဘုန်းဘုန်းဘုရား၊ တပည့်တော်လည်း ရှေးယခင်ကနေတဲ့ အိမ်မှာပဲ ဆက်လက်နေပါတယ်၊ အချို့က ကောင်စီရုံးနဲ့နီးတယ်၊ သမအသင်းဆိုင်နဲ့ နီးတယ်၊ နောင်ရေး စိတ်မချရဘူး၊ နေရာ ပြောင်းရွှေ့လို့ ပြောကြပါတယ်ဘုရား။

တပည့်တော်ကတော့ ရှေးကံအကြောင်း မကောင်းမှုပါလာလျှင် ဘယ်မှာနေနေ ဖြစ်လာမယ့် အကျိုး အဆိုး တရားဟာ ဖြစ်ကိုဖြစ်ရမှာပဲ၊ ရှောင်လို့ တိမ်းလို့ မလွတ်နိုင်ဘူးလို့ ယုံကြည်တာလည်းတစ်ကြောင်း၊ ပြောင်းရွှေ့ရတာ မလွယ်ကူတာလည်း တစ်ကြောင်းကြောင့် ဗုဒ္ဓတရားနှင့် ကံတရားကိုပဲ အားကိုးယုံကြည်ပြီး ဖြစ်ချိန်တန်ရင် ဖြစ်မယ်၊ ပျက်ချိန်တန်ရင် ပျက်မယ်လို့သာ နှလုံးသွင်းကာ နေလိုက်ပါတော့တယ်ဘုရား။

အဲဒီလို နှလုံးသွင်းနေတာကို အချို့က "ကံကိုယုံလို့ တစ်ယောက်သေပြီမဟုတ်လား"လို့ ပြောကြပါတယ်။ အဲဒါ ဟုတ်ပါသလားဘုရား၊ တပည့်တော်ကတော့ 'ဘုရားမှတစ်ပါး ကိုးကွယ်အားထားရာမရှိပါ၊ တရားမှတစ်ပါး ကိုးကွယ်အားထားရာမရှိပါ၊ သံဃာမှတစ်ပါး ကိုးကွယ်ရာ အားထားရာမရှိပါလို့ ယူဆပါတယ်ဘုရား။

ပြီးတော့ "သတ္တဝါတွေဟာ ကံသာအမိ၊ ကံသာအဖ၊ ကံသာဉစ္စာ၊ ကံသာအမွေ၊ ကံသာအကြောင်း၊ ကံသာအဆွေခင်ပွန်း၊

http://www.dhammadownload.com



ကံသာ ကိုးကွယ်ရာလို့ ယူဆပါတယ်။ ဒါကြောင့် တပည့်တော်ဟာ ရှေးကနေရင်းစွဲ အိမ်မှာပဲ နေကာ လူ့ဘောင်ကို လုံးဝ မရှောင်ကွင်းနိုင်ခင်မှာ လောကီ လောကုတ် အကျိုးမယုတ်ရှာဖွေကျင့်ကြံ ဆည်းပူးအားထုတ်ပြီး နေပါဦးမယ်ဘုရား။

နောင်အခါ အခွင့်သင့်၍ လူ့ဘောင် ခွာရှောင်နိုင်တဲ့ အခါမှာတော့ လောကမှထွက်မြောက်ရေး သက်သက်ကိုသာ ကြိုးစားကာ တရားရေအေး အမြိုက်ဆေးကို သောက်သုံးပြီး အေးမြလှတဲ့ ဗုဒ္ဓရဲ့ တရားရိပ်မှာပဲ အမြဲခိုလှုံကာ နေတော့မယ်လို့ အာရုံညွှတ်ထားပါတယ်။

ဘုန်းဘုန်းဘုရား...တပည့်တော် စာရေးတာတွေ များလို့ အမှားပါလျှင်လည်း ခွင့်လွှတ်တော်မူပါ၊ တပည့်တော် သိချင်တာကိုလည်း ဖြေပေးတော်မူပါ၊ တပည့်တော်ကိုလည်း တပည့်အရင်းလို့ အသိအမှတ်ပြုပြီး အချိန်မရွေး ဆုံးမတော်မူပါဘုရား။

ဘုန်းဘုန်းဘုရား...တပည့်တော် ယခု ဒီဆယ်ရက်စခန်းမှာ ပြုရတဲ့ ဒါနကုသိုလ်ကောင်းမှု၊ သီလကုသိုလ်ကောင်းမှု၊ ဘာဝနာကုသိုလ်ကောင်းမှုတို့ကြောင့် ဘုန်းဘုန်းဟောပြော ညွှန်ကြားတဲ့ နိဗ္ဗာန်ရွှေပြည်မြတ်ကို လွယ်ကူသော အကျင့်၊ လျင်မြန်သော အသိဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ဘုရား။

ဘုန်းဘုန်းဘုရားလည်း ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ သာယာစွာနဲ့ အသက်များစွာ တိုးတက်ပြီး သာသနာတော်ကို ပြုစုစောင့်ရှောက်နိုင်ပါစေလို့ ဆန္ဒပြု ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ဘုရား။

**ထာဝရရိုသေလေးစားစွာဖြင့်**
**တပည့်(.........)**

http://www.dhammadownload.com



သို့

(............)

(............)

ဘဝဇာတ်ခုံပေါ်မှာ ကိုယ်တိုင်ကပြခဲ့ရတဲ့ ဘဝသက်တမ်း တစ်ဝက်ကျော် အတွင်းမှာ တွေ့ကြုံဆုံကွဲခဲ့ရတဲ့ လောက သဘာဝ ဓမ္မသဘာဝတွေ ချမ်းသာကနည်းပါ။ ဆင်းရဲတွေက များပြားတဲ့ သဘောတွေကို ကိုယ်တိုင်တွေ့ခဲ့ပြီပေါ့။

မစားချင်ပဲနဲ့စားရ၊ စားချင်လျက်နဲ့မစားရ၊ မဝတ်ချင်ပဲနဲ့ ဝတ်ရ ဝတ်ချင်လျက်နဲ့မဝတ်ရ၊ နေချင်လျက်နဲ့မနေရ၊ မနေ ချင်ပဲနဲ့ နေရ၊ မသွားချင်ပဲနဲ့ သွားရ၊ သွားချင်လျက်နဲ့ မသွား ရတဲ့ အလိုမပြည့်ဝတဲ့ ဘဝဒုက္ခတွေဟာလည်း အသင်္ချေအနန္တပဲ။

ဘဝသဘောကို တကယ်နားလည်လာရင် ဘဝမှာ ဒုက္ခ အပြည့်အဝရှိတယ်၊ သုခဆိုတာ စဉ်းစားနိုင်မှ ရှာနိုင်မှ အနည်း ငယ် လေးသာရှိတယ်၊ သတ္တဝါတွေဟာ မပြောပလောက်တဲ့ အနည်းငယ်မျှသော သုခကလေးကိုဖက်ပြီး သုခကလေးကို မျှော် ဘဝဒုက္ခတွေကို မေ့နေတဲ့အတွက် ဒုက္ခမှန်း မသိတာပါ။ ..ခု တရားအားထုတ်လိုက်တော့ ဒုက္ခကို ဒုက္ခမှန်း မသိအောင် ဖုံးထားတဲ့ အဝိဇ္ဇာက ပါးပါးလာတော့ ဘဝဒုက္ခတွေဟာ ပေါ်ပေါ် လာပါတယ်။ ဒုက္ခပေါ်လာတော့ ဒုက္ခကို သိလာတယ်၊ ဒုက္ခကို သိလာတော့ ဒုက္ခကို ကြောက်လာတယ်၊ ဒုက္ခကိုကြောက်

http://www.dhammadownload.com



လာတော့မှ ဒုက္ခက လွတ်ချင်လာတယ်၊ အဲဒါဟာ သဘာဝပါပဲ။

သစ္စာလေးချက်ကို သတိထားပြီး ကြည့်ပါလား။ မဂ္ဂသစ္စာက ပွားများရမယ့်သစ္စာပဲ၊ ပွားများရမယ့်သစ္စာကို ပွားများလိုက်တော့မှ ပိုင်းခြားသိရမယ့် ဒုက္ခသစ္စာဟာ ထင်ရှားစွာ ပေါ်လာတယ်။ ဒုက္ခသစ္စာထင်ရှားစွာ ပေါ်လာတော့ ဒုက္ခမှန်း သိကာ ဒုက္ခကို ကြောက်လာပါတော့တယ်၊ အဲဒီလိုကြောက်လာမှ ဒုက္ခကိုပစ်ကာ သုခကိုရှာချင်ပါတယ်၊ ရှာဖွေလာပါတယ်၊ ရှာဖွေတွေ့ရှိကာ အဘယ်မှာလျှင် ဒုက္ခဆီ ပြန်သွားတော့မှာလဲ၊ သုခနဲ့ပဲ နေတော့တာပေါ့။

(...)ဟာ အဲဒီသဘောတွေ ပေါက်နေတာ စာထဲမှာပါလာပြီမို့ အဲဒီအကြောင်းတွေ အထူးမရေးတော့ပါ၊ ဆက်လက်ပြီး တရားကိုအားကိုးကာ တရားကိုသာ အချိန်ရတိုင်း ကြိုးစားအားထုတ်ပါ။ သေဆုံးသွားသူရဲ့ ကျွတ်တယ် မကျွတ်ဘူးဆိုတာနဲ့ ပတ်သက်လို့ သူပြောလူပြောတွေကို မယုံပါနဲ့၊ လူတွေဟာ အထင်နဲ့ တွေ့ရာမြင်ရာ ရမ်းပြောတတ်တဲ့အလေ့ရှိပါတယ်။

ခြောက်လို့ လှန့်လို့ မကျွတ်ဘူးလို့ မပြောနိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သေသူက မခြောက်ဘဲနဲ့ သေသူယောင်ဆောင်ပြီး ခြောက်လှန့်တာတွေ ပူးတာကပ်တာတွေလည်း လက်တွေ့မျက်တွေ့ ကိုယ်တွေ့ပင် တွေ့ဖူးတာတွေလည်း ရှိပါတယ်။ မခြောက်လို့ မကျွတ်ဘူးလို့ မပြောနိုင်ပါဘူး။ ဘာဖြစ်လို့ ဆိုတော့ မခြောက်နိုင်တဲ့ လားရာဂတိသို့ လားရောက်သွားလျှင် မခြောက်

http://www.dhammadownload.com



ပါ၊ ခြောက်လှန့်တယ်ဆိုတာ လူနဲ့နီးစပ်တဲ့ ပြိတ္တာဘုံရောက်မှသာ ခြောက်လှန့်နိုင်တာပါ။

နတ်ဘုံရောက်သွားသော်လည်းကောင်း၊ လူ့ဘုံရောက်သွားသော်လည်းကောင်း မခြောက်လှန့်တော့ပါ။ အကယ်၍ ငရဲဘုံသို့ ရောက်သွားမယ်၊ တိရစ္ဆာန်ဘုံ ရောက်သွားမယ်ဆိုရင်လည်း မခြောက်လှန့်နိုင်တော့ပါ၊ ပြိတ္တာဘုံရောက်မှသာ ခြောက်လှန့်တာပါ။ အဲဒီ ရောက်ရာဌာနနဲ့ကြည့်ရင် နတ်ဘုံ၊ လူ့ဘုံသို့ ရောက်ရင်ကျွတ်တယ်၊ ငရဲ တိရစ္ဆာန်၊ ပြိတ္တာဘုံရောက်ရင် မကျွတ်ဘူးလို့လည်း ခေါ်ကြတာပါ။

လူ့ဘဝက ပြုထားခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အစီအရင်အတိုင်း လားရောက်သွားပြီမို့ ကျန်ရစ်သူအနေနဲ့ ပြုပြင်နိုင်သလောက်သာ ပြုပြင်ပေးပြီး မပြုပြင်နိုင်တာကိုတော့ တွေးပူကာ ဒုက္ခမခံသင့်ပါ။

ဖြစ်ပျက်တွေ့ကြုံခဲ့ရတဲ့ လက်တွေ့သဘော အဖြစ်အပျက်တွေကို သာဓကယူကာ မိမိရဲ့လက်ရှိဘဝ ယခု ပစ္စုပ္ပန် အခြေအနေမှာ အကုသိုလ်ကံ မနှောစေဘဲ ကုသိုလ်ကံသာ အများဆုံးဖြစ်အောင် ကြိုးစားပါ။

'ကံယုံလို့ တစ်ယောက်သေပြီမဟုတ်လား'လို့ ပြောကြလို့ အများစကားဟာ မမှန်ပါ၊ မဟုတ်ပါ၊ ကံကိုယုံလို့ သေတာ မဟုတ်ပါ၊ အတိတ်က မကောင်းကံရဲ့ မကောင်းကျိုးပေးလို့ မကောင်းသေ သေရတာပါ၊ အသေဆိုး သေရတာပါ။

အဲဒီလို အတိတ်ကမကောင်းကံကြောင့် မကောင်းသေ သေရ

http://www.dhammadownload.com



မယ့်ပုဂ္ဂိုလ်အတွက် ဘယ်မှာမှ ရှောင်နေလို့မလွတ်ပါ။ ဘုန်းကြီး ခဏခဏရွတ်နေတဲ့ လင်္ကာလေးကို သတိထားကြည့်ပါ။

'ဘ၀ဩဃာ၊ စကြာရဟတ်၊ သုံးပါးဝဋ်တွင် လူ–
နတ် ဗြဟ္မာ သတ္တဝါကား ကြမ္မာအလျောက် အခါရောက်က
မြေ အောက်ပုန်းလျှိုး ခွန်အားကိုးလည်း လွတ်ရိုးမထင်
ရေတွင် စုပ်စုပ် နက်ရာငုပ်လည်း လွတ်ရာမမြင်၊
ကောင်းကင်ပျံတတ် ငှက်နှယ်ပတ်လည်း မလွတ်နိုင်နိုင်
သေမင်းငင်၍ အရှင်စသေ မနေရရာ မေ့တာဖြင့် ခန္ဓာပြိုကွဲ၊
ယွင်းဖောက်လွဲသည်၊ ကြဉ်ဖဲမရှောင် မသာတည်း"

တဲ့။ ဒီလင်္ကာလေးဟာ တိုပေမယ့် အဓိပ္ပာယ် အပြည့်အ၀ရှိပါ တယ်၊ ဓမ္မပဒအဋ္ဌကထာ တယောဇနု ဝတ္ထုကိုပုံဖော်ပြီး ရေးသား ထားတဲ့ လင်္ကာလေးပေါ့။ ဆိုပါတော့ ဒီခေတ်မှာ ကုန်းလမ်းခရီး က စိတ်မချရ၊ လေယာဉ်လမ်းကလည်း စိတ်မချရလို့ ရေယာဉ် နဲ့ သွားမယ်ဆိုပြီး ရေယာဉ်နဲ့သွားလို့ သေကြရတာတွေ ရှိတယ် မဟုတ်လား၊ ရေနစ်သေကြတာ သင်္ဘောပျက် သေကြတာ တွေပေါ့။

ရေလမ်းက စိတ်မချရ၊ ကုန်းလမ်းကလည်း စိတ်မချရလို့ ကောင်းကင်ခရီး လေယာဉ်စီးသွားမယ်ဆိုပြီး လေယာဉ်နဲ့သွားရင်း လေယာဉ်ပျက်လို့ သေတာတွေလည်း ရှိပါတယ်၊ မသေမယ့် ကံပါတဲ့လူတွေမှာ လေယာဉ်ပျက်ကျလို့ အများသေပါလျက်နဲ့ မသေဘဲ တစ်ယောက်တည်း ကျန်ရစ်တာတွေလည်း ရှိပါတယ်။

ဒီလိုနည်းနဲ့ ဒီအချိန်မှာ သေရမယ်လို့ အတိတ်ကံကြမ္မာ

http://www.dhammadownload.com



အခါရောက်လာတဲ့ ပုဂ္ဂိုလ်အတွက် ရှောင်တိမ်းမရ၊ တားမရဘဲ သေရပါတယ်။ ဒီခေတ်ဟာ ဒုံးပျံခေတ်ဆိုတော့ အဲဒီလို သေတဲ့ သတင်းတွေကို မကြားချင်အဆုံး မဟုတ်လား။ အချို့ကြည့်လေ၊ ရေထဲမှာ လှေပေါ်မှာနေတယ်၊ ကုန်းပေါ်ကကား ပျက်ပြီး ရေထဲမှာ ကျတိုက်လို့ သေတာရှိတယ်။ တောထဲ သွားစဉ်က မြွေကိုက် မသေဘဲ အိမ်ပေါ်မှာ အိပ်နေရင်း မြွေကိုက်သေတာရှိတယ်။ လူသုံးယောက်သွားရာ အလယ်ကလူ မြွေကိုက်သေတာရှိတယ်။

ကြမ္မာအလျောက် သေချိန်သေခါ ရောက်လာပြီဆိုရင် မြေအောက်မှာ လိုဏ်ခေါင်းတူးပြီး ပုန်းအောင်းနေလည်း မလွတ်ပါဘူး၊ ရေထဲမှာ ရေလိုဏ်ခေါင်းကြီး ဖန်ဆင်းကာ ပုန်းနေလည်း မလွတ်ပါဘူး၊ ကောင်းကင်မှာ ငှက်လိုပျံနေလည်း မလွတ်ပါဘူး။ ဒါကြောင့် ကံကိုယုံလို့ တစ်ယောက်သေပြီ မဟုတ်လားဆိုတဲ့ စကားဟာ မမှန်ပါ၊ တစ်ခုတော့ရှိတယ်ပေါ့ 'ကံကိုယုံ ဆူးချုံမနင်းရာ'တဲ့။ ငါ့ကို ကံကောင်းတဲ့အတွက် ဆူးမစူးဘူးဆိုပြီး ဆူးချုံနင်းတာမျိုး၊ နှစ်ဖက်ပစ်ခတ်နေတဲ့ကြားထဲ ကံကောင်းတဲ့အတွက် ငါ့ကို သေနတ်မမှန်ဘူးဆိုပြီး မတ်တတ်ရပ် ကြည့်နေတာမျိုးတော့ မဖြစ်သင့်ပါ။

ဘုရားရှင် ဟောတဲ့ ကံသာအမိ၊ ကံသာအဖ ဆိုတာ အဲဒီလို အကန်းယုံမျိုးကို ပြောတာမဟုတ်ပါ၊ ကောင်းတာကို ဖြစ်အောင်ကြိုးစား၊ မဖြစ်တော့ ကံတရား၊ မကောင်းတာ ကြိုးစားရှောင်ရှား၊ ဖြစ်လာတော့ကံတရား၊ အဲဒါမျိုးမှဉာဏ်ရှိ ကံယုံပါ။

http://www.dhammadownload.com



ကဲ–ဒီလောက်ဆိုရင် အမေးနှင့် ပတ်သက်၍ ပြေလည်လောက်ပါ ပြီ တော်ကြပါစို့။

- ❁ ကောင်းမှု မကောင်းမှု၊ အလုပ်စု၊ ကံဟုခေါ်လေသည်။
- ❁ အလုပ်ကောင်းမှု၊ ကံကောင်းရ၊ လုပ်ကြကောင်းအောင်သာ။
- ❁ ကံကောင်းချင်လျှင်၊ ကောင်းလုပ်မြင်၊ တွင်တွင်လုပ်ကြပါ။
- ❁ ကံဆိုးကြောက်လျှင်၊ မအောင်မြင်၊ တွင်တွင်ရှောင်ကြပါ။
- ❁ ပြုသင့်မပြု၊ မသင့်ပြု၊ ယခု ဒုက္ခ နောင်ဒုက္ခ။

http://www.dhammadownload.com



# ယသော်ဓရာသည် အမြဲပင် မိန်းမဖြစ်ပါသလားဘုရား

{၂}

'မိန်းမတို့သည် ယောက်ျားမဖြစ်စဖူး'ဟူ၍ အချို့က ယူဆကြ၏။ အချို့ကမူ 'ယောက်ျားတို့သည် မိန်းမ မဖြစ်စဖူး'ဟူ၍ ယူဆကြ၏။

အချို့ကား 'မိန်းမကား ယောက်ျားမဖြစ်၊ ယောက်ျားကား မိန်းမ ရံခါဖြစ်၏'ဟူ၍ ယူဆကြ၏။ အချို့ကား "မိန်းမအဖြစ်လည်း အမြဲမရှိ၊ ယောက်ျားအဖြစ်လည်း အမြဲမရှိ"ဟူ၍ ယူဆကြ၏။

ဤသို့ဖြင့် အယူအဆ အမျိုးမျိုးရှိနေ၏၊ အမျိုးမျိုး ယူဆ ပြောဆိုနေကြ၏။ ယင်းအယူအဆအမျိုးမျိုးတို့ကို ကြားဖူးကြသူ အချို့က အတိအကျ သိချင်ကြသည်၊ သိချင်၍ ရှာကြံပြီး မေးကြသည်။

http://www.dhammadownload.com



အရှင်ဘုရား၊ ယသော်ရောသည့် အမြဲပင် မိန်းမဖြစ်ပါသလားဘုရား။ အင်း–အဲဒီအမေးဖြေပြီးရင် အမေးတစ်ခု ထပ်မေးဦးမယ်နဲ့တူတယ်။

"ဘယ်လိုအမေးပါလဲဘုရား"

"ဘုရားအလောင်းသည် အမြဲပင်ယောကျ်ား ဖြစ်ပါသလားဆိုတဲ့ အမေးပေါ့"

"မှန်ပါဘုရား၊ ဘုရားအလောင်းတော်နဲ့ ယသော်ရောတို့ဟာ ပါရမီဖြည့်ဖက် အတွဲဆိုတော့ မေးလိုက်ပါတယ်၊ အဲဒီအမေးများကို အရှင်ဘုရား ဖြေကြားတော်မူပါဘုရား"

"အင်း... ဖြေရမယ်ဆိုတော့ ဖြေရတာပေါ့၊ ဦးစွာအချုပ်ဖြေပြမယ်၊ ပြီးတော့မှ အဆင့်ဆင့် ထပ်ရှင်းပြီးဖြေမယ်။

"သံသရာ၌ ကျင်လည်သော သတ္တဝါတို့မှာ မြဲသောသဘောမရှိပါဘူး၊ ဖောက်ပြန်တတ်ပါတယ်။ အဲဒါကြောင့် မိန်းမလည်း ယောကျ်ားဖြစ်ပါတယ်၊ ယောကျ်ားလည်း မိန်းမဖြစ်ပါတယ်လို့ သန္နိဋ္ဌာန်ကျ မှတ်ပါ"

ခိုင်လုံသောသာဓကနှင့် အကိုးအကားပြုရရင် အဘိဓမ္မာပိဋက၊ ဣန္ဒြိယ ယမိုက် ပါဠိတော်၊ ပစ္စုပ္ပန္နာ တိတဝါရ ဣတ္ထိန္ဒြိယမူ ပုရိသိန္ဒြိယမူလိ အနုလောမဝယ်–

"အကြင်ပုဂ္ဂိုလ်အား ဣတ္ထိန္ဒြေဖြစ်ဆဲ ထိုပုဂ္ဂိုလ်အား ပုရိသိန္ဒြေဖြစ်ဖူးလေပြီလောဟု မေးသော် ဣတ္ထိန္ဒြေဖြစ်ဆဲသောပုဂ္ဂိုလ်အား ပုရိသိန္ဒြေ ဖြစ်ဖူးလေပြီ"

ဟု ပြောထားပါသည်။ တဖန် ပဋိလောမဝယ်–

http://www.dhammadownload.com



"အကြင်ပုဂ္ဂိုလ်အားကား ပုရိသိန္ဒြေ ဖြစ်ဖူးလေပြီ၊ ထိုပုဂ္ဂိုလ်အား ဣတ္ထိန္ဒြေဖြစ်ဆဲလောဟုမေးသော် ခပ်သိမ်းကုန်သော စုတေဆဲဖြစ်ကုန်သော ဣတ္ထိ မဟုတ်ကုန်သော ပဋိသန္ဓေနေဆဲဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့အား ပုရိသိန္ဒြေလည်း ဖြစ်ဖူးလေပြီ၊ ဣတ္ထိန္ဒြေလည်းဖြစ်ဆဲ"

လို့ ဖြေထားပါတယ်၊ အဲဒီလို တိုက်ရိုက်ဟောကြားထားတဲ့ ပရမတ္ထဒေသနာတော်ဖြင့် တစ်စုံတစ်ယောက်သော ပစ္စေက ဗုဒ္ဓါ သာဝကတို့သည် ပစ်ပယ်ခြင်းငှာ မစွမ်းနိုင်သော သဗ္ဗညုတ ဉာဏ်တော်ဖြင့်သာ ဟောတော်မူခြင်းငှာ စွမ်းနိုင်သော ဒေသနာတော်ဖြင့် သိသာစွာပြတော်မူထားပါသည်။

အဲဒီဒေသနာတော်ကို မျက်ကွယ်ပြုကာ ဖောက်ပြန်စွာ မယူအပ်ပါ၊ ဒါကြောင့် မိန်းမလည်း ယောက်ျားဖြစ်ဖူးလှလေပြီ၊ ယောက်ျားလည်း မိန်းမဖြစ်ဖူးလှလေပြီလို့ မှတ်နော်။

"မှန်ပါဘုရား"

အချို့ကတော့ "မိန်းမကား ယောက်ျားမဖြစ်၊ ယောက်ျားကား မိန်းမရံခါဖြစ်တယ်"လို့ ဆိုကြတယ်၊ လူဆိုတာ ဒီလိုပဲ ထင်သလိုပြောကြတာပဲ၊ အဲဒီစကားဟာ တိုက်ရိုက်ဆိုသော စကား မဟုတ်ပါဘူး၊ ကြံဆ၍ဆိုတဲ့စကား ဖြစ်ပါတယ်၊ အဘယ်သို့ ကြံဆ၍ ဆိုသလဲဆိုရင်–

"အကြင် မိန်းမသည် မိန်းမအဖြစ်ကိုရလျှင် ဘဝတဏှာ လွှမ်းမိုးခြင်းကြောင့် မိန်းမတို့၏ သဏ္ဌာန် လက္ခဏာ တင့်တယ်လှ၏၊ အထုံးအမြိတ်လည်း ရှုဖွယ်ရှိ၏၊ အဝတ် အစားလည်း ချစ်ဖွယ်ရှိ၏။

http://www.dhammadownload.com



"ဤသို့ စသည်ဖြင့် ဘဝတဏှာကို လင်၌ တပ်ခြင်းတဏှာ၊ ယောက်ျားတစ်ပါး၌ တပ်ခြင်း တဏှာတို့သည် နှိပ်စက်ခြင်းကြောင့် အလှူပေးသော် လည်းကောင်း၊ သီတင်း သီလ ဆောက်တည်သော်လည်းကောင်း မိန်းမဘဝမှ ထွက်မြောက်ခြင်းကို အလိုမရှိ။

"ဖြစ်လေတိုင်းသော ဘဝတို့၌ပင် ဤလင် ဤသား ဤသမီးတို့နှင့် တွေ့ပါရစေ၊ ကြုံပါရစေ၊ အတူတကွ ဖြစ်ပါရစေ"ဟု နောက်နောက်သော ဘဝတိုင်အောင်ပင် တပ်ခြင်းတဏှာရာဂကို ပွားများစေ၍ အားကြီးသောဆန္ဒရာဂ၊ ဥပါဒါန်အာလယကိုဖြစ်စေ၍ မိန်းမအဖြစ်ကိုသာ အလိုရှိတတ်ချေ၏။

အဲဒီလို မိန်းမဘဝကိုသာ အလိုရှိသော မိန်းမတို့သည်ကား–ယောက်ျားအဖြစ်ကို ရနိုင်ခဲပါတယ်၊ အဲဒီစကားကို ရည်ရွယ်ပြီးတော့ 'မိန်းမကား ယောက်ျားမဖြစ်လို့' ဆိုကြတာပါ။

စင်စစ်အားဖြင့် မိန်းမသည် ယောက်ျားမဖြစ်ကောင်းဆိုသောစကားမဟုတ်ပါ၊ ယုတ္တိရှာကြံ၍ ဆိုသောစကားသာ ဖြစ်ပါတယ်။

ယုတ္တိရှာကြံ၍ ဆိုသောစကားဖြစ်သော်လည်း တပ်ခြင်းတဏှာရာဂကို မစွန့်ချေသောကြောင့် ဆိုသောစကားဟာ အလွန်ယုတ္တိရှိသော စကားပင်ဖြစ်တော့သည်။

အဲဒီလို မိမိတို့ မိန်းမဘဝ၌ ပြင်းစွာတပ်သော မိန်းမတို့အား မိန်းမဘဝမှ ဘဝပြောင်းကာမျှကို မဆိုလင့်ဦး၊ ကမ္ဘာပင်ပြောင်းလှည့်ငြားသော်လည်း ခွာနိုင်ခဲပါတယ်၊ အဲဒီအကြောင်းကို–

http://www.dhammadownload.com



ရှေးကမ္ဘာဟောင်းက မိန်းမဖြစ်သောသူသည် ယခုကမ္ဘာဦး၌ မိန်းမဖြစ်၏။ ရှေးကမ္ဘာဟောင်းက ယောကျ်ားဖြစ်သောသူသည် ယခုကမ္ဘာဦး၌ ယောကျ်ားဖြစ်၏။ ဟူ၍ သုတ်ပါထေယျပါဠိတော် အဂ္ဂညသုတ်နှင့် အဲဒီအဌကထာ ဋီကာလင်္ကာရဋီကာတို့မှာ ဆိုထားပါတယ်၊ အဲဒီအဆိုနှင့် ပတ်သက်ပြီး အမေးတစ်ခု မေးတတ်ပါသေးတယ်။

ဘယ်လိုမေးတတ်လဲဆိုတော့ 'ကမ္ဘာဦး၌ မိန်းမ ရှေးဦးစွာဖြစ်သလော၊ ယောကျ်ား ရှေးဦးစွာဖြစ်သလော'လို့ မေးတတ်ပါတယ်။ အဿီတိနိပါတ် မဟာဟံသဇာတ်တော်ကို ထောက်၍ ဖြေက ကမ္ဘာဦး၌ မိန်းမရှေးဦးစွာဖြစ်တယ်လို့ ဖြေရပါမယ်။

အဲဒီသာဓကများကို ထောက်ရှုပြီးတော့ မိန်းမသည် မိန်းမဘဝသို့ရောက်လျှင် ယောကျ်ား ဖြစ်ခဲလှပါသည်။ စင်စစ် မိန်းမသည် ယောကျ်ားမဖြစ်တော့ မဟုတ်ပါ။ အဲဒါကြောင့် မိန်းမလည်း ယောကျ်ားဖြစ်၏၊ ယောကျ်ားလည်း မိန်းမဖြစ်၏လို့ သန္နိဋ္ဌာန်ကျ မှတ်ထားပါ။

မိန်းမလည်း ယောကျ်ားဖြစ်၊ ယောကျ်ားလည်း မိန်းမဖြစ်ရာ၌ ဤဘဝမှ နောက်ဘဝမှပင် မဟုတ်ဘဲ တစ်ဘဝ၌ပင် ဖြစ်ကြ၏။ ပြောင်းကြ၏။ ပြောင်းပုံသာဓကကား–

မြတ်စွာဘုရား လက်ထက်တော်၌ တစ်ပါးသော ရဟန်းတစ်ပါးသည် ဣတ္ထိလိင် ထင်ရှားဖြစ်၏၊ မိန်းမဖြစ်၏။

ရဟန်းမိန်းမတစ်ယောက်သည် ပုရိသလိင် ထင်ရှားဖြစ်၏၊ ယောကျ်ားဖြစ်၏။

http://www.dhammadownload.com



သောရေယျ သူဌေးသားသည် ယောက်ျားဘဝမှ မိန်းမ ဘဝဖြစ်၍ မိန်းမဘဝမှ ယောက်ျားဖြစ်ပြန်၏။

ယင်းသာဓကများကို ထောက်ရှု၍ ယခုဖြစ်ဆဲ ပဝတ္တိတွင်ပင် ယောက်ျား–မိန်းမ အဖြစ် မမြဲကြောင်းကို သာဓကယူ၍ ရှည်စွာသော သံသရာ၌ကား မိန်းမဖြစ်တုံ၊ ယောက်ျားဖြစ်တုံဟူ၍သာ မြဲစွာမှတ်ပါ။

ယသော်ဓရာသည် အမြဲပင် မိန်းမ ဖြစ်ပါသလားဘုရား– ဆိုသော အမေးနှင့်ပတ်သက်၍ အဖြေမှာ ပြီးခဲ့တဲ့ အဖြေများနှင့် ထင်ရှားနေပါပြီ။ မိန်းမအဖြစ် မြဲသသူဟူ၍ မရှိပါ၊ အဘိဓမ္မပိဋကက ကထာဝတ္ထု ယမိုက်၌–

"အကြင်ပုဂ္ဂိုလ်အား ဣတ္ထိန္ဒြေ ဖြစ်ဖူးလေပြီ။ ထိုပုဂ္ဂိုလ်အား ပုရိသိန္ဒြေမဖြစ်ဘူး လေပြီလောဟု မေးသော် ဖြစ်ဖူးလေပြီ။

ဟူ၍ ဟောတော်မူသည်။ ယင်းသို့ဖြစ်သောကြောင့် ယသော်ဓရာသည် ယောက်ျားဖြစ်ဖူးလှပြီလို့ မှတ်ပါ။ ယသော်ဓရာကို အမြဲ မိန်းမဖြစ်၏ဟူ၍ ထင်ကြသည်ကား သာမန်သူ မဆိုထားနှင့်ဦး၊ ကျမ်းဂန်တတ်သိသူတို့ပင် ထင်ပါသည်။

ထင်စရာလည်း ဖြစ်ပါသည်။ ငါးရာငါးဆယ် ဇာတ်တော်ဝယ် အမရာ၊ မဒ္ဒီ၊ စန္ဒကိန္နရီ စသည်တို့ပါလာလျှင် ယသောဓယျ အားဖြင့် "ယခုအခါ ရာဟုလာ မာတာဖြစ်၏"ဟု ဇာတ်တော်ပေါင်းပြသည်ကို ကြည့်ရှု၍ ထင်ကြပါသည်။

http://www.dhammadownload.com



ယသော်ရောသည် မိန်းမသာ ဖြစ်လျက် ရှိသည်ကို ဤဘဒ္ဒကမ္ဘာတွင်သာမဟုတ်ပါ၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်ကပင် ဒီပင်္ကရာမြတ်စွာဘုရား ရှေ့တော်၌ ကြာငါးလက်၊ ကြာသုံးလက်ကိုလှူ၍ ဆုတောင်းကြောင်းကိုလာသောကြောင့် ကာလအလွန်ရှည်လျားလှပေပြီဟု မှတ်သင့်ပါသည်။

အဲဒီထက် အလွန်ရှည်ဝေးစွာကပင် ဆုတောင်းကြောင်းကို သူ့ရဲ့ အပဒါန်ကျမ်း၌ ဖော်ပြထားပါတယ်။ အဲဒါကြောင့် မိန်းမဖြစ်ခဲ့သော အစရှည်လျားလှလေပြီဟု မှတ်သင့်ပါသည်။ အဲဒီလောက် ရှည်လျားလှသော်လည်း အစမထင် သံသရာ အဆက်ဆက်က ရှည်လျားလှသည့် ကာလကို ထောက်ပြန်ချေသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမကသော ကာလသည် အနည်းငယ်မျှသာလို့ မှတ်ရပါမည်။

အဲဒီထက် ရှေးအလွန်ကာလက ယသော်ရော အလောင်းသည် မိန်းမချည်းသာ ဖြစ်တော့သည် မဟုတ်ပါ၊ ယောက်ျားလည်း ဖြစ်ဖူးလှချေပြီလို့ မှတ်ပါ။

အချုပ်ပြန်ပြောရရင် ယသော်ရောသည် ဘုရားရှင်ရဲ့ အလုပ်အကျွေး ပါရမီဖြည့်ဘက်အဖြစ် ဆုမပန်ခင် ရှေးရှေးဘဝများစွာ ကမ္ဘာများစွာက ယောက်ျား ဖြစ်ဖူးလှလေပြီလို့ သန္နိဋ္ဌာန်ကျမှတ်ပါ၊ ဆုပန်ပြီးသည့် နောက်ပိုင်းမှာတော့ ယသော်ရောသည် မိန်းမသာ ဖြစ်သည်လို့ မှတ်ပါ။

ဘုရားအလောင်းတော်သည် အမြဲပင် ယောက်ျား ဖြစ်ပါကလားဆိုလျှင် ဗျာဒိတ်ခံတော်မူသည်မှစ၍ ဘုရားအလောင်း

http://www.dhammadownload.com



တော်သည် ယောက်ျားချည်းသာ ဖြစ်ပါသည်။ မိန်းမမဖြစ်ပါ။ ဗျာဒိတ်မခံမီ ရှေးအထက် အစမထင် သံသရာမှာကား ဘုရားအလောင်းတော်သည် ယောက်ျားချည်း ဖြစ်သည်ဟု မဟုတ်ပါ၊ မိန်းမလည်း ဖြစ်ဖူးလှလေပြီ။ ဗျာဒိတ်ရပြီးသော သူတို့ မိန်းမ မဖြစ်ဟူရာ၌ ဘုရားအလောင်းကိုသာ မှချ ယူအပ်ပါတယ်၊ ပစ္စေက ဗုဒ္ဓါ သာဝကအလောင်းတို့မှာ မိန်းမဖြစ်တုံ၊ ယောက်ျားဖြစ်တုံ ဟူ၍သာ မှတ်သင့်ပါသည်။

ယောက်ျားတို့သည် ပရဒါရကံ၊ ကာမေသုမိစ္ဆာစာရကံကို ကျင့်၍သေလျှင် အနှစ်တစ်သိန်းမျှသော ကာလပတ်လုံး ငရဲ၌ ကျ၍ လူဖြစ်သောကာလ ဘဝအရာမျှလောက် မိန်းမ အဖြစ်သို့ ရောက်ရကုန်၏။ ပရဒါရကံကို ပြုသောသူတို့ အနှစ်တစ်သိန်းမျှ သော ကာလပတ်လုံး ငရဲမှာ ခံရတယ် ဆိုတာ ယေဘုယျသို့ လိုက်ပြီးတော့ ဆိုတာပါ။

ဒု–သ–န–သော ဆိုတဲ့ အစပါဋ္ဌိဖြင့် မှတ်အပ်တဲ့ ဂါထာကို ရွတ်ဆိုတဲ့ သူဌေးသား လေးယောက်တို့သည် ကဿပ မြတ်စွာဘုရား လက်ထက်တော်က ပရဒါရကံကိုကျင့်၍ လောက ကုမ္ဘီငရဲ၌ ငုပ်သောအနှစ်ကာလ အနှစ်သုံးသောင်း၊ ပေါ်ဆဲကာလ အနှစ်သုံးသောင်း၊ အနှစ်ခြောက်သောင်းရှိမှ တစ်ကြိမ်သာ ပေါ်လျက် မြေတစ်ယူဇနာ တက်သည့်တိုင်အောင်မျှ ငရဲက မလွတ်နိုင်ကြောင်းကို ဆိုပါတယ်။ သို့ဖြစ်၍ ပရဒါရကံဟာ အလွန် တစ်ရာ ကြောက်စရာကောင်းလှ၍ ရှောင်ရှားအပ်လှပါတယ်။

http://www.dhammadownload.com



အရှင်အာနန္ဒာထေရ်အလောင်းသည် ပန်းတိမ်သည် အမျိုး၌ ဖြစ်စဉ် ပရဒါရကံကို ပြုမိသောကြောင့် ငရဲ၌ခံရ၍ ထိုမကောင်းမှုကံ အကြွင်းအားဖြင့် (၁၄)ကြိမ် မိန်းမ ဖြစ်ရသည်။ ခုနစ်ကြိမ် ဇေုးစိ အထုတ်ခံရသော အကျိုး၌ ဖြစ်သည်။

သောရေယျသူဌေးသားသည် အရှင်မဟာကစ္စည်းထေရ်ကို မြင်လျှင် "ဤထေရ်သည် အံ့ဖွယ်ရှိစွ၊ ငါ၏မယား ဖြစ်ပါမူ ကောင်းလေစွ၊ ငါ၏မယား ကိုယ်အဆင်းသည် ဤထေရ်၏ အဆင်းကဲ့သို့ဖြစ်ပါမူ ကောင်းလေစွ"ဟူ၍ ကြံသောခဏ၌ပင်လျှင် ယောကျ်ားအသွင် ကွယ်ပျောက် မိန်းမအသွင် ထင်ရှားဖြစ်လာသည်။

ဤသို့ပရဒါရကံကို ပြုခြင်း၊ မြတ်သောသူတို့၌ မသင့်တင့်သောအားဖြင့် နှလုံးသွင်းခြင်း အကုသိုလ်စေတနာတို့ကြောင့် ထိုထိုသို့သော ဇာတိဘဝသို့ရောက်သောကာလ၊ ထိုထိုသို့သော အကုသိုလ် စေတနာအကျိုးပေးချိန် ကြုံကြိုက်သောကာလ မိန်းမ ဖြစ်ရလေသည်။ မိန်းမသည် အဘယ့်ကြောင့် ယောကျ်ားဖြစ်ရသနည်း။ မိန်းမတို့သည် အလှူစသော ကောင်းမှုကို ပြု၍ မိန်းမ အဖြစ်၌ တပ်ခြင်းရာဂကိုကင်းစေလျက်–

ငါတို့ပြုအပ်သော ဤကုသိုလ်ကောင်းမှု၏ အကျိုးသည် နောင်သောအခါ ယောကျ်ားအဖြစ်ကို ရခြင်းငှာ ဖြစ်ပါစေသတည်း။

ဟု စိတ်နှလုံးသွင်း၍ ကုသိုလ်ပြု ဆုတောင်း၏။ သေလွန်သောအခါ ယောကျ်ားအဖြစ်ကိုရကုန်၏။ လင်ယောကျ်ားကို နတ်ကဲ့သို့

http://www.dhammadownload.com



ရှိသော်၍ လင်ယောကျ်ား၌ ကောင်းစွာအရိုအသေပြု လုပ်ကျွေးသော အမျိုးသမီးသည်လည်း ယောကျ်ားအဖြစ်ကို ရပါသည်။

မိန်းမတို့သည် ယောကျ်ားအဖြစ်ကိုရခြင်းသည် အစဉ်သဖြင့် ယောကျ်ားအဖြစ်ကို ထောက်ပံ့တတ်သောတရားတို့ကို ဖြည့်ကျင့်၍လည်း ရနိုင်ကြပါသည်။

ယောကျ်ားအဖြစ်ကို ထောက်ပံ့တတ်သောတရားတို့ဟူသည် သီးခြားမဟုတ်ပါ၊ ဥပုသ်သီတင်းစောင့်ခြင်း၊ မိစ္ဆာစာရ ကြဉ်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ ယောကျ်ားအဖြစ်ကို တောင့်တခြင်း အစွမ်းဖြင့်လည်းကောင်း ပြုအပ် ဆည်းပူးအပ်သော ကုသိုလ်စေတနာသည် ယောကျ်ားအဖြစ်ကို ရစေနိုင်သော တရားတို့ပင် ဖြစ်ပါသည်။

တစ်နည်းဆိုသော် အဖန်တလဲလဲ ယောကျ်ားအဖြစ်ကို အလိုရှိအပ်သော ယောကျ်ားသည် ခြေဆေးပြီးသောအခါကာလ၌ ညွန်ကို ကြဉ်ရှောင်ဘိသကဲ့သို့ ပရဒါရကံကို ကြဉ်ရှောင်ရာ၏။

အဖန်တလဲလဲ ယောကျ်ားအဖြစ်ကို အလိုရှိသော မိန်းမသည် မိမိလင်ကို သိကြားမင်း၏ မိဖုရားသည် သိကြားမင်းကို ရိုသေစွာ လုပ်ကျွေးသကဲ့သို့ လုပ်ကျွေးရာ၏။

ဤစကားအရ အိမ်ထောင်မရှိသော အပျိုကြီးများသည် အဘယ်သို့ပြုရအံ့နည်းဆိုသော် ကာပိကာတို့ထုံးကို နှလုံးမူ၍ ပြုရာ၏။

ကပိလဝတ်ပြည်၌ ကာပိကာမည်သော သာကီဝင်မင်းသည် ရတနာ ၃–ပါး၌ အလွန်ကြည်ညို၏၊ သီလကို ဖြည့်လေ့ရှိ၏။

http://www.dhammadownload.com



ကာပိကာသည် မိန်းမ၏အဖြစ်၌ တပ်ခြင်းကင်း၍ ယောကျ်ားအဖြစ်ကို တောင့်တ၍သေသော် တာဝတိံသာ နတ်ပြည်၌ သိကြားမင်း၏သား ဂေါပကနတ်သားဟု ထင်ရှားစွာ ဖြစ်ပါသည်။

အချုပ်ဆိုရသော် မိန်းမတို့သည် မိန်းမဘဝ၌ တပ်ခြင်းကင်းသဖြင့် လည်းကောင်း၊ ဥပုသ်သီတင်းသီလ ဆောက်တည်သဖြင့် လည်းကောင်း၊ ပရဒါရကံမှုကြဉ်သဖြင့် လည်းကောင်း၊ လင်၌ ကောင်းမွန်ရိုသေစွာ လုပ်ကျွေးသဖြင့် လည်းကောင်း၊ မိန်းမအဖြစ်က ကုသိုလ်ကောင်းမှုပြု၍ ယောကျ်ားအဖြစ်ကို ဆုတောင်း ပတ္ထနာပြုသဖြင့်လည်းကောင်း၊ ကန်တော့ပူဇော်ထိုက်သောသူ အပြစ်ပြုမိသောသူတို့အား ပူဇော်ကန်တော့သဖြင့်လည်းကောင်း မိန်းမဘဝမှ ကင်း၍ ယောကျ်ားဖြစ်ရပါသည်။

- ❀ မိန်းမ–ယောကျ်ား၊ အဖြစ်ကား၊ ပြောင်းသွားမြဲပါ။
- ❀ မကောင်းရှောင်ရှား၊ ကောင်းမှုများ၊ ကြိုးစားများပြားစွာ။
- ❀ ကောင်းအောင်ပြုမှ၊ ကောင်းကျိုးရ၊ စံရချမ်းသာစွာ။
- ❀ မကောင်းပြုက၊ ဆိုးကျိုးရ၊ ခံရဆင်းရဲစွာ။

http://www.dhammadownload.com



# သူမရှုံးဘူး တို့ရှုံးပြန်လာရတယ်

{၃}

"ရေဘေး၊ မီးဘေး ပြည်ပျက်ဘေးကား ဆယ်ရေး
တရေး ကယ်နိုင်သေး၏။ အိုဘေး၊ နာဘေး၊ သေခြင်းဘေး
ဟု ဤဘေးသုံးပါး လွန်ကြီးမားကာ သားနှင့်အမိ၊ ဖြစ်တုံ
ဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊ သက်သက်
ရေးပိုင် မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ နေရစ္စာရှင့်"

(မဃဒေဝ)

လူ, နတ်, ဗြဟ္မာဟူ၍ ခန္ဓာရလာသူ သတ္တဝါမှန်သမျှတို့သည် သူ့ဘေးနှင့်သူ့ရန် အတန်တန် ရှိကြသည်။ ဘေးရန်အန္တရာယ် လွတ်သူဟူ၍မရှိပါ၊ ဘေးရန် အန္တရာယ် အနည်းအများ အကြီးအသေးသာကွာမည်၊ ဘေးရန်အန္တရာယ် လွတ်သူကား မရှိပါ။

ယင်းဘေးတို့သည် အလွန်တရာကြီးမားသော ရေဘေးကြီး၊ မီးဘေးကြီး၊ ပြည်ကြီးပျက်တဲ့ ဘေးကြီးတို့ကို လောကတွင် အကြီးဆုံးသော ဘေးကြီးဟု အကြားအမြင် မရှိသူ အသုတဝါ

http://www.dhammadownload.com



ပုထုဇဉ်တွေက ပြောကြားကြသည်။ ယင်းဘေးကြီး ၃–ပါးကို သားနှင့်အမိ မကာယ်နိုင်တဲ့ဘေး၊ အလွန်တရာကြီးတဲ့ ဘေးဟု သတ်မှတ်ကြ၏။ ယင်းသို့ကား မဟုတ်ပါ၊ ယင်းဘေးတို့သည် မည်မျှပင် ကြီးကျယ်ပါသော်လည်း ဆယ်ရေး တရေး ကယ်နိုင် သေးသည်။

## မကာယ်နိုင်သည့်ဘေး

အိုချိန်တန်က အိုကြရသည့်ဘေး၊ နာချိန်တန်က နာကြသည့်ရဘေး၊ သေချိန်တန်က သေကြရသည့်ဘေး ဟူသော ဤဘေးကြီး ၃–ပါးကား လောကတွင် အကြီးဆုံးသော ဘေးကြီး ၃ ပါး ဖြစ်ပါသည်။

ဤဘေးကြီး ၃ ပါး သင့်ပြီဆိုသော် တစ်ဦးနှင့်တစ်ဦး ဘယ်လောက်ပင် ချစ်ခင်ကြင်နာပေမယ့် သားနှင့်အမိ၊ သမီးနှင့် အဖ၊ ဦးနှင့်အစ်ကို၊ မောင်နှင့်နမ၊ ဆရာနှင့်တပည့်၊ ဘယ်လောက် ပင် ချစ်ကြ ခင်ကြ ကြင်နာကြပေမယ့် ချစ်ခင်သူတစ်ယောက် က ချစ်ခင်သူတစ်ယောက်အား မအိုရအောင်၊ မနာရအောင် မသေရအောင် ဘယ်လိုနည်းနှင့်မျှ မကာယ်တင်နိုင်ကြပါ။

မှန်ပါသည်၊ မိမိကိုယ်တိုင်က အိုခြင်းတရား ရှိနေသူဖြစ်၍ အိုခြင်း တရားရှိနေသူ ချစ်ခင်သူတစ်ယောက်အား မအိုအောင် မကာယ်တင်နိုင်ပါ၊ မိမိကိုယ်တိုင်က နာခြင်းတရားရှိနေသူဖြစ်၍ နာခြင်းတရားရှိနေသူ ချစ်ခင်သူ တစ်ယောက်အား မနာအောင် မကာယ်တင်နိုင်ပါ၊ မိမိကိုယ်တိုင်က သေခြင်းတရားရှိနေသူဖြစ်၍

http://www.dhammadownload.com



သေခြင်းတရားရှိနေသူ ချစ်ခင်သူတစ်ယောက်အား မသေအောင် မကယ်တင်နိုင်ပါ။

မိမိချစ်ခင်သူ တစ်ယောက် အိုနေသောအခါ သူ့ရဲ့အိုခြင်း တရားကို မိမိကဝင်ရောက်ပြီး ကိုယ်စား အိုပေးလို့လည်းမရပါ။ မိမိချစ်ခင်သူတစ်ယောက် နာဖျားနေသောအခါ သူ့ရဲ့ နာဖျားခြင်း တရားကို မိမိကဝင်ရောက်ပြီး ကိုယ်စား နာဖျားပေးလို့လည်း မရနိုင်ပါ။ မိမိချင်ခင်သူ တစ်ယောက် သေဆုံးသွားသောအခါ သူ့ရဲ့ သေဆုံးခြင်းတရားကို မိမိက ဝင်ရောက်ပြီး ကိုယ်စား သေဆုံးပေးလို့လည်း မရနိုင်ပါ။

သို့ဖြစ်၍ အလွန်တရာ ကြောက်စရာ ကောင်းလှတဲ့ အိုခြင်း တရား၊ နာခြင်းတရား၊ သေခြင်းတရားတွေကို နှလုံးများများကြီး သွင်းကာ အကြောက်ကြီး ကြောက်ကြရပါမည်။ အလန့်ကြီး လန့်ကြရပါမည်။ ယင်းသို့ ကြောက်လန့်ကာ သတိသံဝေဂတရား များများကြီး ရရှိကြပြီးလျှင် ထိုအိုခြင်း၊ နာခြင်း၊ သေခြင်းတရား တွေကို များများကြီး နှလုံးသွင်း ပွားများကြရပါမည်။

ရှေးရှေးက သူတော်ကောင်းအပေါင်း အလောင်းအလျာ အများသည် မိမိတို့ ရရှိလာသော ရုပ်နာမ်ခန္ဓာကိုယ်ကို ကြည့်ရှု ကာ–

၁။ နုနယ်ရုပ်ဆင်း ပျိုမြစ်ခြင်းကား အိုခြင်းနောက်ဆုံး ရှိချေ၏။

၂။ ရောဂါကင်းရှင်း ကျန်းမာခြင်းကား နာခြင်းနောက်ဆုံး ရှိချေ၏။

http://www.dhammadownload.com



၃။ ဝိညာဏ်ထင်လင်း သက်ရှင်ခြင်းကား သေခြင်း
နောက်ဆုံး ရှိချေ၏။

လို့ မအိုမိ၊ မနာမိ၊ မသေမိကပင် ကြိုတင်၍ အိုရဦးမယ်၊ နာရဦးမယ်၊ သေရဦးမယ်၊ အလုံးစုံသော သင်္ခါရတရားတို့သည် အမြဲမရှိကြကုန်လို့ ရှုပွားများထားကြပါတယ်။ ယင်းသို့ ရှုပွားများအားထုတ်ထားသည့်အတွက် တကယ့် အို-နာ-သေဘေးနှင့် မိမိကိုယ်တိုင်နှင့် တွေ့သော်လည်းကောင်း၊ မိမိနှင့် နီးစပ်သူ ဇနီး မယား သမီး သား လင်ယောကျ်ားများနှင့် တွေ့သော်လည်းကောင်း အသက်သာကြီး သက်သာကာ စိုးရိမ်ပူဆွေး ငိုကြွေးရမှု လုံးဝမဖြစ်တော့ပါ။

သို့ဖြစ်၍ ခန္ဓာရရှိလာသူသည် မိမိခန္ဓာအတွက်လည်းကောင်း၊ မိမိနှင့်ပတ်သက်သည့် ခန္ဓာအတွက်လည်းကောင်း၊ မိမိ၏ပစ္စည်းများအတွက်လည်းကောင်း-

" ရှင်-သေ-ဖြစ်-ပျက်။
ရ-ကုန်-ဆုံး-ကွဲ၊
မျက် မြင် ဒိဋ္ဌ
ကမ္မဋ္ဌာန်းပဲ "

ဟူသော ရှေးဆရာတော်ဘုရားကြီးများ ရေးသား ဟောကြားဆုံးမသွားသည့် ကမ္မဋ္ဌာန်းတရားများကို နှလုံးသွင်းကြကာ-

၁။ အသက်ရှင်နေရတာ သေဖို့အတွက်ဖြစ်တယ်၊
၂။ ဖြစ်နေတာဟာ ပျက်စီးဖို့အတွက် ဖြစ်တယ်၊
၃။ ရရှိလာတာဟာ ကုန်ဆုံးဖို့အတွက် ဖြစ်တယ်၊

http://www.dhammadownload.com



၄။ ဆုံဆည်းနေရတာဟာ ကွဲကွာဖို့အတွက် ဖြစ်တယ်လို့ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းစပ်အောင် ရှုပွားရမည် ဖြစ်ပါသည်။ ရှင်လျှင် သေရမှာ ဖြစ်ပါသည်။ ဖြစ်လျှင် ပျက်ရမှာ ဖြစ်ပါသည်။ ရလျှင် ကုန်ရမှာဖြစ်ပါသည်။ ဆုံလျှင် ကွဲရမှာ ဖြစ်ပါသည်။

၁။ အိုဖို့ရလာ အိုခန္ဓာ အိုမှာမကြောက်ရာ၊
၂။ နာဖို့ရလာ နာခန္ဓာ နာမှာမကြောက်ရာ၊
၃။ သေဖို့ရလာ သေခန္ဓာ သေမှာမကြောက်ရာ၊
၄။ မအိုခင်မှာ အိုတတ်ရာ သေချာပြင်ကြပါ၊
၅။ မနာခင်မှာ နာတတ်ရာ သေချာပြင်ကြပါ၊
၆။ မသေခင်မှာ သေတတ်ရာ သေချာပြင်ကြပါ။

မိမိတို့ရရှိထားသော ရုပ်နာမ် ခန္ဓာတရားကြီးမှာ အို–နာ–သေဖို့ ရရှိထားသော အို–နာ–သေ ခန္ဓာကြီးဖြစ်၍ အို–နာ–သေဖို့ရာ မကြောက်သင့်ပါ၊ မပူသင့်ပါ။

မိမိ၏ အို–နာ–သေ အတွက် မပူသင့်၊ မကြောက်သင့်သလို မိမိနှင့် ပတ်သက်သော သမီး သား ဇနီးမယား၊ လင်ယောက်ျား စသည်တို့အတွက်လည်း မကြောက်သင့် မပူသင့်ပါ၊ ကြောက်၍ ပူ၍လည်း အို–နာ–သေမှ မလွတ်နိုင်ပါ။

အို–နာ–သေကို မိမိအတွက်လည်း ကြောက်ပါလျှင် ပူပါလျှင်၊ သူတစ်ပါးအတွက်လည်း ကြောက်ပါလျှင် ပူပါလျှင် မိမိ မအို–မနာ–မသေခင် အိုတတ်–နာတတ်–သေတတ်အောင် ပြင်ရပါမည်။ သူတစ်ပါးတွေကို အိုတတ် နာတတ် သေတတ်အောင် ပြင်ဆင်စေရပါမည်။ သို့မှသာ အလုပ်မှန်ပါသည်။

http://www.dhammadownload.com



## သတိပဋ္ဌာန်လမ်းစဉ်

ရှင်တော်ဗုဒ္ဓ၏ သတိပဋ္ဌာန်လမ်းစဉ်သည် အိုတတ် နာတတ် သေတတ်အောင် ပြင်ဆင်ရေးလမ်းစဉ်လည်း ဟုတ်ပါသည်။ အို–နာ–သေလွတ်အောင် ကျင့်ဆောင်ရမည့် လမ်းစဉ်လည်း ဟုတ်ပါသည်။

သို့ဖြစ်၍ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်နာသူက မလိုက်နာသူကို ပူပန်ရမည်၊ ကျင့်ကြံရန် တိုက်တွန်းရမည် ဖြစ်ပါသည်။ တကယ်တော့ ဤသို့မဖြစ်လာပါ၊ ကျင့်ကြံသူကို မကျင့်ကြံသူက ပူပန်သော အဖြစ်ဆန်းတစ်ခုကို တွေ့ရပါသည်။ ယင်းကို ကာယကံရှင် ရေးသားဖော်ပြသည့်အတိုင်း ဖော်ပြလိုက်ပါသည်။

## ကိုယ်တွေ့ဖြစ်ရပ်

ဗုဒ္ဓဓမ္မပြဿနာများကို စောင့်မျှော်ဖတ်ရှုနေသော စာဖတ်ပရိသတ်များအတွက် တရားအားထုတ်စဉ်နှင့် အားထုတ်ပြီးနောက် တွေ့ကြုံရသော ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို တင်ပြပါရစေ။

ဗုဒ္ဓရဲ့တရားတော်ကို ကိုယ်လုံခြုံသောသူများသည် သွားလာနေထိုင် လုပ်ကိုင်ရာများ၌ မျက်နှာပွင့်လန်းပြီး ဘေးမသီ ရန်မခ အန္တရာယ်အသွယ်သွယ်မှ လွတ်မြောက်ရပါတယ်။

ဗုဒ္ဓရဲ့ တရားတော်သည် တကယ်သိမ်မွေ့ပါသည်။ နက်နဲပါသည်၊ ခက်ခဲပါသည်၊ နူးညံ့ပါသည်၊ ဗုဒ္ဓရဲ့တရားတော်ကို တကယ့်ကိုယ်တွေ့ ကျင့်ကြံအားထုတ်နိုင်ရန်အတွက် ဗုဒ္ဓက လွယ်ကူသော၊ အများသိနိုင် ကျင့်နိုင်သော လမ်းစဉ်တစ်ခုကို

http://www.dhammadownload.com



ချမှတ်ပေးသနားတော်မူခဲ့ပါတယ်။ အဲဒီလမ်းစဉ်ကတော့ သတိပဋ္ဌာန်လမ်းစဉ်ပင် ဖြစ်ပါသည်။

ဒီသတိပဋ္ဌာန်လမ်းစဉ်ကို စာပေဖတ်ရုံ၊ တရားနာရုံနဲ့ စာသိနားကြားသိပဲ ရှိပါမယ်၊ ဘုရားရှင်သည် အဲဒီအသိမျှလောက်အတွက် ဒီသတိပဋ္ဌာန် လမ်းစဉ်ကို ချမှတ်ခဲ့တာ မဟုတ်ပါဘူး။

ကိုယ်တိုင် ကိုယ်တွေ့ လိုက်နာ ကျင့်သုံးစေရန်အတွက် ဒီလမ်းစဉ်ကို ညွှန်ပြထားတော်မူခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီလမ်းစဉ်ကို လိုက်နာကျင့်သုံးတာကို တရားအားထုတ်တယ်လို့ ခေါ်ကြပါတယ်၊ တရားအားထုတ်ခြင်းဖြင့် မျက်မှောက်ချမ်းသာကို ရရှိခံစားရပါတယ်၊ မျက်မှောက်ချမ်းသာ ခံစားရသူအတွက် တမလွန်ချမ်းသာဟာ ပူစရာမရှိတော့ပါ၊ ရမှာ သေချာပါသည်။

## ဆုတောင်းမည့်အစား

မြတ်စွာဘုရား၏ ရှေ့တော်မှောက်မှာ "နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏"လို့ ဆုတောင်းခြင်းကို ထပ်ကာထပ်ကာ ပြုမယ့်အစား နိဗ္ဗာန်ကို တကယ်မျက်မှောက်ပြုနိုင်တဲ့ သတိပဋ္ဌာန်လမ်းစဉ်ကို အခါခါအထပ်ထပ် ကျင့်သုံးအားထုတ်သင့်ပါတယ်၊ ကျွန်မ စတင်အားထုတ်စဉ်က ဆရာတော်က–

"(    )ယခု ဘဝမှာပဲ နိဗ္ဗာန် လိုချင်ရင် ယခုဘဝမှာပဲ နိဗ္ဗာန်ရနိုင်တယ်၊ (    )ငယ်ငယ်ရှိသေးတာပဲကြိုးစား"

လို့ မိန့်ကြားပါတယ်၊ အဲဒီစကားကို ကြားရတဲ့အတွက် တရားအားထုတ်တဲ့အခါ အားဆေးတစ်ခွက်ဖြစ်ပြီး စိတ်အားထက်သန်

http://www.dhammadownload.com



လှပါတယ်၊ ကိုယ်ကြိုးစားရင် ကြိုးစားသလို ဖြစ်နိုင်တယ်ဆိုတာ လည်း သဘောပေါက်ပါတယ်။

ကိုယ့်စိတ်ကသာ ငါယခုတစ်ဘဝတည်းနဲ့ပဲ နိဗ္ဗာန်ကို မျက်မှောက်ပြုချင်တယ်ဆိုတဲ့စိတ် ဖြစ်လာပြီး ကြိုးစားအားထုတ်မှုဆိုတဲ့ ဝီရိယနဲ့ ထပ်လောင်းပြီး အားထုတ်လိုက်တဲ့အခါမှာ နိဗ္ဗာန်ကို မျက်မှောက်ဆိုက်ရောက်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

## ယုံကြည်မှုတိုးလာ

ယခုတစ်ဘဝတည်းနဲ့ နိဗ္ဗာန်ကို မျက်မှောက်မဆိုက်ရောက်သည့်တိုင်အောင် တရားအားထုတ်မှုကြောင့် အေးငြိမ်းမှု အေးချမ်းမှုကိုတော့ မျက်မှောက်ချက်ချင်း ရနိုင်ပါတယ်၊ တရားသဘောတွေကို ကောင်းကောင်းနားလည်လာမယ်။

ဒီလောကမှာ ဘုရားမှတစ်ပါး ကိုးကွယ်ရာဘာမျှမရှိပါလားလို့ ဘုရားအပေါ်မှာ ယုံကြည်မှု တိုးလာပါလိမ့်မယ်။ ဘုရားအပေါ်မှာ ယုံကြည်မှုတရား တိုးပွားလာသည်နှင့်အမျှ ဘုရားရှင်ရဲ့တရားတော်၊ ဘုရားရှင်ရဲ့သားတော် ရဟန်းသံဃာတော်များအပေါ်မှာလည်း ပိုပြီးယုံကြည်မှု သဒ္ဓါတရား တိုးပွားလာနိုင်ပါတယ်။

ဒါကြောင့် ကိုယ်တွေ့တရားအားထုတ်မှု အကြောင်းကို တင်ပြခြင်းမပြုမီ ဘုရား တရား သံဃာဆိုတဲ့ ရတနာသုံးပါးကို အမြဲမပြတ် ကိုးကွယ်ဆည်းကပ်ပြီး မျက်မှောက်ဘဝမှာပင် ကောင်းကျိုးပေးနိုင်တဲ့ ဘုရားရှင်ရဲ့ သတိပဋ္ဌာန် ကျင့်စဉ်ကို မအားမလပ်ဘူးဆိုတဲ့ လောကီကိစ္စတွေအကြားမှာ အချိန်ကို အရယူကာ အမြဲ

http://www.dhammadownload.com



ကျင့်ကြံအားထုတ်ကြပါလို့ စာဖတ်သူတို့အား တိုက်တွန်းရင်း ကျွန်မရဲ့ကိုယ်တွေ့ကို တင်ပြပါမယ်။

## တရားစခန်းဝင်ခြင်း

၂၃–၁၂–၈၁ နေ့မှာ ကျောင်းမှ ဆရာမများနဲ့အတူ တရားစခန်း ဝင်ပါတယ်။ ၁၀ ရက် တရားစခန်းဖြစ်၍ ၁၀ ရက်ပဲ သတ်မှတ်ထားပါတယ်၊ တရားပြဆရာတော်မှာ ဓမ္မဒူတ အရှင်ပညာဇောတ ဖြစ်ပါသည်။

အရှင်မြတ်သည် မြတ်စွာဘုရားရဲ့ သတိပဋ္ဌာန် ကျင့်စဉ်မှ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကျင့်စဉ်ကို ဦးစားပေးပြီး လမ်းညွှန် ပြသပါတယ်။ အရှင်မြတ်ရဲ့ ဦးဆောင်မှုအောက်ဝယ် အားထုတ် နေကြသော ယောဂီပေါင်း တစ်ရာလောက်ရှိပါသည်။

တရားအားထုတ်ရတဲ့ အတွေ့အကြုံကို မတင်ပြမီ တရား အားထုတ်မယ့် ကျွန်မရဲ့သဘောတရားကို အနည်းငယ်တင်ပြ ပါမယ်၊ ကျွန်မဟာ အထက်တန်းပြ ဆရာမတစ်ယောက်ပါ၊ ဒါပေမယ့် လောကုတ္တရာ စာပေနှင့်တကွ တရားရဲ့သဘောတရား ကို အပေါ်ယံအနည်းငယ်ကြားဖူးနားဝ တီးခေါက်မိရုံမှတစ်ပါး ဘာမှ တတ်သိနားလည်ခြင်း မရှိခဲ့ပါ။

တရားဝင်သော်လည်း စိတ်ထဲမှာ တရားရချင်ရ မရချင်နေ ဥပုသ်ရက်ရှည်စောင့်ဖြစ်ရင် တော်ပြီလို့ပဲ ယူဆပြီး တရားလာဝင် ခြင်း ဖြစ်ပါတယ်။

အချို့ပြောတာရှိပါတယ်၊ “ငါးမရရင် ရေချိုးပြန်မယ်”ပေါ့ တဲ့။ ကျွန်မလည်း အဲဒီအတူပဲ၊ ဦးတည်ချက်မရှိပါ၊ ဒါကြောင့်

http://www.dhammadownload.com



(၂၃-၁၂-၈၁)နေ့ ညဘက်မှာ သီလခံယူပြီး အလုပ်ပေးတရား နာရပါတယ်၊ အဆုံးအမလည်း နာရပါတယ်၊ အဲဒီညမှာတော့ ဤမျှနှင့်ပဲရပ်ပြီး အိပ်ရာဝင်ကြရပါတယ်။

စတင်အားထုတ်ပြီး (၂၄-၁၂-၈၁)နေ့ နံနက် ၄ နာရီမှာ အိပ်ရာထရပါတယ်၊ ၄း၃၀ နာရီမှာစတင်ပြီး တရားအားထုတ်ရပါတယ်။ ကျွန်မအတွက်က အခက်တွေ့ရပါတယ်။ ကျွန်မဟာ အိမ်မှာဆိုက အမြဲတမ်း ၇ နာရီမှ အိပ်ရာထနေကြဆိုတော့ ယခု ၄ နာရီ အိပ်ရာထရတော့ အခက်တွေ့ပါတယ်။

သို့သော် အများနှင့်အတူဆိုတော့လည်း ခက်သည်ဟူ၍ စိတ်ထဲတွင် မဖြစ်တော့ပါ၊ ယောဂီအားလုံးဟာ ၄း၃၀ နာရီမှာ မိမိတို့ အိပ်ဆောင်မှ တရားအားထုတ်ရာ ဓမ္မရိပ်သာအပေါ်ထပ်ဆီသို့ ရှုမှတ်ပွားများရင်း တက်သွားကြရပါသည်။

ပတ်ဝန်းကျင်မှာ အိပ်ပျော်နေဆဲမို့ တိတ်ဆိတ်ငြိမ်သက်လှပါတယ်၊ ယောဂီများစုံတဲ့အခါ ဆရာတော်ဘုရားအား ကန်တော့ပြီး ရှစ်ပါးသီလ ထပ်ယူရပါတယ်၊ သီလယူပြီးတော့ ဘုရားပင့်ရပါတယ်၊ ဘုရားပင့်ပြီး ဘုရားရှင်အား မိမိခန္ဓာကိုယ်ကို စွန့်လှူရပါတယ်၊ ပြီးတော့ ဘုရားရှင်ထံမှာ ကမ္မဋ္ဌာန်းတောင်းရပါတယ်။

ကမ္မဋ္ဌာန်းတောင်းပြီး ညက ဟောကြား နာကြားထားတဲ့ အလုပ်ပေးတရားအတိုင်း ယောဂီများနှင့်အတူ တစ်နာရီထိုင်ပြီး အားထုတ်ရပါတယ်၊ တစ်နာရီပြည့်တဲ့အခါ ဆရာတော်ဘုရားက တစ်ထိုင် အချိန်ပြည့်သွားပါပြီ။ ပြောင်းဆဲပြင်ဆဲမှာလည်း အသိ

http://www.dhammadownload.com



ဉာဏ်ရအောင် ရှုရင်း ပွားရင်းနဲ့ ဣရိယာပုတ် ပြောင်းကြ ပြင်ကြ ပါဟု အမိန့်ရှိတဲ့အခါ ရှုရင်းပွားရင်းနဲ့ ဣရိယာပုတ် ပြောင်းကြ ရပါတယ်။

တစ်နာရီမပြည့်ခင်မှာလည်း ဣရိယာပုတ် ပြောင်းပြင်နိုင်ပါ တယ်၊ တစ်နာရီပြည့်လို့ ဣရိယာပုတ် ပြောင်းပြင်ပြီးတဲ့အခါ ဆရာတော်ဘုရားက–

မိမိတို့ပြုထားတဲ့ ကုသိုလ်များကို အမျှဝေကြရအောင်လို့ အမိန့်ရှိတဲ့အခါ–

"ဤသို့ပြုရ ပမာဏနှင့် ဒါန သီလ ဘာဝနာဟု မြတ်ကောင်းမှုကို မိဘဆရာ၊ ဉာတကာနှင့် ယမရာဇာ၊ ဣန္ဒာသက္ကာ၊ စတ္တာဥသံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါအနန္တတို့အား ရကြပါစေ အမျှဝေ၏။ ထိုကုသလ မြတ်ပုညကို အမျှရ၍ ချမ်းသာကြသည် ဖြစ်ကြပါစေကုန် သော"

ဟု အမျှဝေကြရပါတယ်။ အမျှဝေပြီးလျှင် ရှုမှတ်တဲ့ သတိနဲ့ ရှုမှတ်ရင်း ဝမ္မာရုံမှဆင်းကာ စကြံ့ နာရီဝက် လျှောက်ကာ ရှုပွားရပါသည်။

ဤသို့ဖြင့် တစ်နေ့တာအတွက် (၇)ကြိမ်ထိုင်ပြီး အားထုတ်၍ (၇)ကြိမ် စင်္ကြံနှင့် အားထုတ်ရပါသည်။ အခြားယောဂီများအတွက် တော့မသိပါ၊ ကျွန်မအတွက်တော့ ထွက်လေ ဝင်လေ ရုပ်ရဲ့ ထွက်ဝင်တိုင်း တိုးတဲ့ တိုးသဘောကို တိုးတိုင်း တိုးတိုင်း 'ရုပ်– ရုပ်'လို့ ရှုပွားရာ ပထမနေ့မှာ မရခဲ့ပါ။

http://www.dhammadownload.com



စိတ်တွေ မငြိမ်သက်ပါ။ အဲဒီနေ့ဟာ ကျွန်မအနေနဲ့ ပထမဦးဆုံး တရားအားထုတ်ခြင်းဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုလည်း ပထမဦးဆုံး နာကြားရခြင်းဖြစ်ပါသည်။ အဲဒီ ပထမဆုံးနေ့မှာ တရားအားထုတ်ရတာကိုလည်း အင်မတန်ပင်ပန်းသောအလုပ်ဟု ထင်မြင်နေမိပါသေးတယ်၊ ညနေပိုင်း တရားစစ်ချိန်မှာ မိမိကိုယ်တိုင်က ရှုမှတ်မှုမရခဲ့၍ ဆရာတော်ဘုရားထံ ဘာမျှအစစ်မခံနိုင်ခဲ့ပါ။

အခြား ယောဂီများရဲ့ အစစ်ခံမှုကို ကြားရ ကြည့်ရှုရပြီး "ဒီယောဂီတွေများ ပြောတတ်လိုက်တာ၊ ဆရာတော်ကိုလည်း မေးတတ်လိုက်တာ"လို့ စိတ်ထဲက တွေးတောနေမိပါတယ်၊ တရားကလည်း တစ်နေ့လုံး စင်္ကြံလျှောက် အားထုတ်ချိန်၊ ထိုင်ပြီး အားထုတ်ချိန်ရယ်လို့ ၂-မျိုးကို အဓိကထားပြီး အားထုတ်စေပါတယ်။

တရားတော်နာချိန်ကတော့ နေ့လည် ၁း၃၀ နာရီမှ ၂း၃၀ နာရီ တစ်ချိန်နှင့် ညဘက် ၈ နာရီမှ ၉ နာရီ ဖြစ်ပါတယ်၊ ၉ နာရီမှာ အိပ်ရပါတယ်။

## နောက်တစ်နေ့

နောက်တစ်နေ့ ဒုတိယနေ့ ၄ နာရီ အိပ်ရာမှထတဲ့အခါ ပထမနေ့ကလောက် အခက်အခဲ မရှိတော့ပါ။ ရှုပွားလို့လည်း ရလာပါတယ်။ တစ်နည်းပြောရရင်တော့ ရှုပွားတတ်လာပါတယ်၊ တရားနဲ့ နည်းနည်းပျော်လာပါတယ်။

http://www.dhammadownload.com



ညနေ တရားစစ်ချိန်မှ ဆရာတော်ဘုရားအား "ဆရာတော်ဘုရား၊ တိုးသဘောဟာ သူ့သဘောအတိုင်း သူတိုးနေပါ့လား ဘုရား"လို့ လျှောက်ထားတော့ ဆရာတော်ဘုရားက ဒါဆိုရင် (...)ဘယ်ညွှံ့မလဲ (...)ထက် သာတာပေါ့လို့ ပြောလိုက်ပါတယ်"

တရားတော်နာချိန်မှာ သုတ္တန်တရားတွေကို ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းနှင့်သွင်းပြီး ဟောပေးတာကို နာရပါတယ်၊ နာစမို့ သိပ်ပြီး သဘောမပေါက်သေးပါ၊ စက်ဝိုင်းထဲမှာ လည်နေပါတယ်၊ အဲဒီတော့ ကျွန်မစိတ်ထဲမှာ...

"ငါတော့ တရားနာရတာလည်း နားမလည်ဘူး၊ လည်နေတာပဲ၊ ဒါကြောင့် တရားအားထုတ်လို့ သိပ်မရတာ ဖြစ်တာနဲ့တူတယ်"လို့ ဖြစ်မိပါတယ်။ အဲဒီအတိုင်း ဆရာတော် ဘုရားကို လျှောက်ထားတော့ ဆရာတော်ဘုရားက မဟုတ်ပါဘူး၊ ရှုပွားနိုင်းတဲ့အတိုင်းသာ ရှုပွားပါ၊ ရလာပါ လိမ့်မယ် လို့ အမိန့်ရှိလိုက်တော့ အားရှိသွားပါတယ်။

## ထူးခြားလာပြီ

နောက်တစ်နေ့တွင် ပို၍ ရှုပွားအားထုတ်လို့ ကောင်းလာပါသည်။ ဘာကြောင့် ကောင်းသွားလဲလို့ ပြန်ကြည့်တဲ့အခါ ရှုပွားတတ်သွားတာ တစ်ကြောင်း၊ စိတ်တည်ကြည် ငြိမ်သက်လာတာ တစ်ကြောင်းကြောင့် ဖြစ်ပါတယ်။

အဲဒီနေ့ ညဘက်တွင် ရုပ် နာမ်ကို ကွဲကွဲပြားပြား သိလာပါသည်။ အရောင်အလင်းတွေလည်း တွေ့ရ၍ ကိုယ်တွေလည်း ပေါ့ပါးပြီး စိတ်ထဲအလွန်တရာ ချမ်းသာပါသည်။ အားရဝမ်းသာ

http://www.dhammadownload.com



ဖြစ်ပြီး ဆရာတော်ဘုရားထံ ချက်ချင်းသွားပြီး တရားအစစ်ခံ ချင်စိတ် ဖြစ်ပေါ်လာပါသည်။

ရုပ်နာမ်ကိုမြင်တဲ့အခါ အမြင်မှန်ဖြစ်လာပါသည်။ ဩော်– ရုပ်တရားဟာ နာမ်တရားရဲ့ စေခိုင်းရာ ဘာမသိ ညာမသိနဲ့ လိုက်လုပ်နေရပါကလား။ အနတ္တသဘောတရားတွေ ပါကလားလို့ သိမြင်လာပါတယ်။

အဲဒီလို နာမ်တရားရဲ့ ခိုင်းစေရာကို ခံနေရတဲ့ ရုပ်တရား ဟာ အခိုင်းခံရင်းနဲ့ အမြဲတမ်းပဲ ဖောက်ပြန်ပျက်စီးနေပါကလား လို့လည်း သိလာပါတယ်။ အဲဒီလို သိလာတယ်ဆိုရင်ပဲ အပျော် အပါးကြိုက်တဲ့ ကျွန်မအဖို့ လောကီနယ်ဘက်ကို ပြန်သွားရမှာ အတော်ကလေးကြောက်လာပါတယ်။ လူ့လောကမှာ လူဖြစ်ရတာ အာမခံချက် မရှိပါကလား။ တစ်ခဏကလေးပါကလား။ အချင်း ချင်း မသင့်စရာ မရှိပါကလားလို့ မြင်လာပါတယ်။

အဲဒီလို မြင်လာပြီးတော့ ဘာကြောင့် အချင်းချင်း မသင့် မမြတ်ဖြစ်ကြတာလဲလို့ ပြန်ကြည့်လိုက်တော့ ရုပ်နာမ် ဓမ္မ အနတ္တကို အတ္တလုပ်တဲ့ အတ္တစွဲတွေကြောင့် အချင်းချင်း ဆန့်ကျင် မှု၊ မုန်းတီးမှုတွေ ဖြစ်နေကြတာ ပါကလားလို့လည်း မြင်လာ ပြန်ပါတယ်။

ဒီခန္ဓာကိုယ်မှာ မကောင်းတဲ့ အကုသိုလ်စိတ်က ခိုင်းလိုက်၊ မသိတဲ့ရုပ်ကြီးက ဖောက်ပြန်ရင်းနဲ့လုပ်ရ၊ ကောင်းတဲ့ကုသိုလ် စိတ်က ခိုင်းလိုက် မသိတဲ့ရုပ်ကြီးက ဖောက်ပြန်ရင်းနဲ့လုပ်ရ၊ မပိုင်တဲ့ မဆိုင်တဲ့ နာမ်အတ္တက ရုပ်အနတ္တကိုခိုင်းနေပါကလား။

http://www.dhammadownload.com



နာမ်ကလည်းခိုင်းရင်းနဲ့ အနတ္တဖြစ်၊ ရုပ်ကလည်း ဖောက်ပြန်စွာလုပ်ရင်းနဲ့ အနတ္တဖြစ်။ အပိုင်အဆိုင် အစိုးတရမရှိပါကလားလို့ မြင်လာပါတယ်။

ဒါကြောင့် ဘုရား ရဟန္တာများဟာ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာကြီးကို ကြောက်ကြ၊ စက်ဆုတ်ကြတာပါကလားလို့ ဉာဏ်ထဲမှာ သိမြင်လာပါတယ်။ ကျွန်မလည်း ကျွန်မရဲ့ ရုပ်နာမ်ခန္ဓာအပေါ်မှာ တရားအားမထုတ်မီကနဲ့ ချိန်ကြည့်ရင် အများကြီးအမြင်မှန်ဖြစ်သွားပါတယ်၊ စိတ်ထား ပြောင်းသွားပါတယ်။

## တိုးတက်လာခြင်း

လောက အလုပ်တွေဟာ ကြာလေ ငြီးငွေ့လာ၊ ကြာလေ ငြီးငွေ့လာ ဖြစ်ပေမယ့် တရားအားထုတ်မှုဟာ တစ်ရက်ထက် တစ်ရက် တိုးတက်လာပါတယ်။ ပျော်မွေ့လာပါတယ်။ လောကမှာ ပျော်ရတာတွေနဲ့ တရားနဲ့ပျော်ရတာနဲ့ မတူတာကို တစ်နေ့တခြား ကွဲကွဲပြားပြား သိလာပါတယ်။ သိလာလေ ကြိုးစားအားထုတ်မှု ဝီရိယတရား တိုးပွားလာလေ ဖြစ်ပါတယ်။ သို့ဖြစ်၍ တစ်ခါတလေ ၂ နာရီ ၃ နာရီ ဣရိယာပုထ် မဖျက်ဘဲ ဆက်အားထုတ်နိုင်လာပါတယ်။

နံနက်ပိုင်း အားထုတ်ချိန်များတွင် အားထုတ်ရာ၌ ပျော်၍၊ တရားနှင့်မွေ့လျော်၍ တရားထိုင်မဖြုတ်ချင်အောင် ပျော်ပါသည်။ နံနက် အာဟာရသုံးဆောင်ချိန်မှာ အာဟာရမစားသုံးချင်ဘဲ တရားပဲဆက်ပြီးတော့ အားထုတ်နေပါတယ်။

http://www.dhammadownload.com



ရှေးကဆိုရင် အစားနှင့်တရား အစားဘက်သာ ပါသွားပါသည်။ အပျော်အပါးနှင့် တရားလည်း အပျော်အပါးဘက်သာ ပါသွားပါသည်။ ယခု ကိုယ်တွေ့တရားအားထုတ်တော့မှ စားသောက်ရတဲ့ ချမ်းသာထက် တရားအားထုတ်ရတဲ့ ချမ်းသာ၊ တရားအရသာက ပိုကောင်းပါလားဆိုတာ သိလာတော့ မစားဘဲတောင် အားထုတ်ချင်စိတ်တွေ ဖြစ်ပါတယ်။

တစ်နေ့မစားဘဲ အားထုတ်နေရာ ဆရာတော်ဘုရားက အခေါ်ခိုင်းတယ်လို့ ယောဂီတစ်ယောက်က လာခေါ်တော့မှ ဖြုတ်ကာ ဆရာတော်ထံ သွားရပါသည်။

ဆရာတော်ဘုရားထံရောက်တော့ ( )တရားအားထုတ်တယ်ဆိုတာ မျှမျှတတ အလယ်အလတ်ကျအောင် အားထုတ်ရတယ်။ ဘုရားရှင် ဒုက္ကရစရိယာကျင့်တာ (......)ကြားဖူးတယ်မဟုတ်လား။ သဗ္ဗညုတဉာဏ်တော်ကို မရဘူး။ စားသောက်ပြီး မျှမျှတတ အလယ်အလတ်လမ်းစဉ်ကို လိုက်နာကျင့်ကြံတဲ့အခါ တရားရတယ်၊ ဘုရားဖြစ်တယ်လို့ အမိန့်ရှိပါတယ်။ ဒီတော့မှ ကျွန်မလည်း ယောဂီများနှင့် ထမင်းစားပါသည်။

## မျက်ရည်ကျခြင်း

တရားအားထုတ်ရတာ တစ်နေ့ထက်တစ်နေ့ ချမ်းသာလာပါသည်။ အေးငြိမ်းလာပါသည်။ ၁၀ ရက်ပြည့်သွားမှာတောင် စိုးရိမ်လာပါသည်။ ထိုသို့ ချမ်းသာ အေးငြိမ်းလာတော့ အားမထုတ်ရဘဲ သေသွားတဲ့ အဖေနှင့် အဒေါ်တို့ကို သတိရကာ ဝမ်းနည်းပြီး မျက်ရည်ကျပါသည်။

http://www.dhammadownload.com



တရားတော်ဟာ ဝမ်းနည်းမှု ငိုကြွေးမှုတွေ ချုပ်ငြိမ်းကြောင်း တရားကောင်းတွေပါ။ သို့သော် အဖေနှင့်အဒေါ်တို့ကို သတိရတော့ ဪ...သူတို့ဟာ ဒီလောက်အေးမြချမ်းသာလှတဲ့ ဘုရားရှင်ရဲ့ တရားတော်ကို ဘာမျှမသိသွားပါလားလို့ ဆိုပြီး ဝမ်းနည်းပြီး မျက်ရည်ကျခဲ့ရပါတယ်။

## မအိပ်ချင်တော့ပါ

တရားအားထုတ်လို့ တစ်နေ့ထက်တစ်နေ့ တိုးတက်ကောင်း မွန်လာတော့ ရှုပွားရတာ အလွယ်တကူပါပဲ၊ အခက်အခဲဆိုတာ မရှိတော့ပါ။ ပင်ပန်းတာ ဆင်းရဲတာ နာကျင်ကိုက်ခဲတာတွေ ဘာမျှမတွေ့ရတော့ပါ၊ ဘုရားအပေါ်မှာ တရားတော်အပေါ်မှာ သဒ္ဓါတရားတွေ တိုးတက်လာပါတယ်။

သဒ္ဓါတရား တိုးတက်လာသည့်အလျောက် ဝီရိယတက်လာ ကာ အားထုတ်တော့ အိပ်ချိန်တွေမှာ မအိပ်ချင်ဘဲ ကြည်နေပါ တယ်၊ ဆရာတော်ဘုရားကလည်း ကြည်နေရင် ဆက်ပြီးတော့ အားထုတ်၊ မကြည်ဘဲနဲ့တော့ ပေပြီးတော့ အားမထုတ်နဲ့လို့ အမိန့်ရှိထားတော့ ကြည်နေတာနဲ့ မအိပ်ဘဲ ဆက်ပြီး အားထုတ် ပါတယ်။

အခြားယောဂီတွေ အိပ်ရာထချိန်မှာလည်း အားထုတ်ဆဲ ပါပဲ၊ မအိပ်ချင်ပါဘူး။ ၄း၀၀ နာရီမှာ အခြားယောဂီတွေနဲ့အတူ အားထုတ်သော်လည်း မငိုက်ပါ၊ ကြည်ကြည်လင်လင်ပဲ အားထုတ် နိုင်ပါတယ်။

http://www.dhammadownload.com



တစ်နေ့လုံး အချိန်ပြည့် အေးငြိမ်းကြည်လင်စွာနှင့် အားထုတ်နိုင်လာတော့ တရားကျေးဇူးတွေ လက်တွေ့ကိုယ်တွေ့ ခံစားရတော့ ဘုရားအပေါ်မှာလည်းကောင်း၊ ဘုရားရဲ့သားတော် ဆရာတော်အပေါ်မှာလည်းကောင်း ကြည်ညိုသဒ္ဓါ တိုးပွားလာပါသည်။

## ထွက်ချင်စိတ်မရှိ

တစ်နေ့တစ်နေ့ တရွေ့ရွေ့နှင့် ၈ ရက် ၉ ရက် ဖြစ်လာခဲ့ပြီး မအိပ်ဘဲ တရားအားထုတ်ဆဲပင် ဖြစ်ပါသည်။ တရား ၁၀ ရက်ပြည့်မှာ ဝမ်းနည်းခြင်း အလွန်ဖြစ်မိပါသည်။ အချိန်ကို အလကားမထားပါ၊ မအိပ်ဘဲ ဆက်ပြီး အားထုတ်ပါသည်။

အချိန်ကား လူကိုမစောင့်ဆိုတဲ့အတိုင်း ၁၀ ရက်ပြည့်သွားပါပြီ၊ အပြီးသတ်တဲ့နေ့ နံနက်ပိုင်းမှာ ဆရာတော်ဘုရားက ဩဝါဒတရား ဟောသွားပါသည်။ ကျွန်မမှာတော့ ဆက်လက်ပြီး အားထုတ်ချင်စိတ်တွေ ဖြစ်နေပါသည်။ သို့သော် ကျွန်မမှာ ကျောင်းဆရာမတစ်ယောက်ဖြစ်၍ ကျောင်းတက်ရန်အတွက် ရိပ်သာမှ ထွက်ခဲ့ရပါသည်။

## အိမ်နှင့်တရား

ကျွန်မသည် တရားအားမထုတ်ခင်က အပျော်အပါး ဝါသနာများပါသည်။ စကားလည်းများပါသည်။ သီချင်းလည်း ဝါသနာပါပါသည်။ အကောင်းလည်း ကြိုက်ပါသည်။ တရားအားထုတ်ရာက ပြန်လာတော့ စကားမပြောဘဲ သီးခြားနေပါတယ်။ ရေဒီယိုလည်း နားမထောင်တော့ပါ။ အကောင်းလည်း မမက်ဘဲ

http://www.dhammadownload.com



ကြုံသလိုပဲ နေထိုင်စားသောက်ကာ အချိန်ရတိုင်း တရားပဲ အားထုတ်နေပါတယ်။ ရှစ်ပါးသီလလည်း မပျက်ပါ။

သို့သော် ကျောင်းတက်ရတဲ့ အလုပ်ကတစ်ဘက်ဆိုတော့ ဓမ္မရိပ်သာမှာလောက် တရားမကောင်းတော့ပါ။ ဆက်ပြီး ကြိုးစား အားထုတ်တော့ ပြန်ကောင်းလာပါတယ်။ တရားပျက်မှာစိုး၍ စကားပြောကိုလျှော့ပါသည်။ နောက်ဆုံး လုံးဝမပြောသလောက် ဖြစ်သွားပါသည်။

ဆရာ ဆရာမတွေ အုပ်စုလိုက် ဝိုင်းဖွဲ့စကားပြောနေသည့် နေရာသို့လည်း မသွားတော့ပါ။ တစ်ယောက်တည်း သီးသန့် နေကာ ကျောင်းမှာလည်း တရားအားထုတ်နေပါသည်။ ဤနေရာ တွင် အများနှင့်မတူဘူးဆိုသောစကားကိုလည်း စဉ်းစားမိပါသည်။

ကျောင်းအုပ်နှင့်တကွ ဆရာ ဆရာမတွေက ငယ်ငယ် ရွယ်ရွယ်နဲ့ ဆရာမ မလုပ်ဘဲ တရားပဲအားထုတ်နေတော့မှာလား လို့ မေးကြပါသည်။ ကျွန်မက မည်သို့မျှမဖြေဘဲ ပြုံးရယ်နေ လိုက်ပါသည်။ သူတို့အပေါ် သည်းခံနိုင်ပါတယ်၊ ခွင့်လွှတ်နိုင်ပါ တယ်။

## မပြောလည်းခက် ပြောလည်းခက်

စကားမပြောဘဲ တရားအားထုတ်တော့ အချိန်များစွာရပါ တယ်။ သို့သော် တရားအားထုတ်နေတဲ့အတွက် ဒုက္ခရောက်ခဲ့ရ ပါသည်။ မိမိမှာ အားထုတ်ကောင်း၍ အိမ်နားတွင် နတ်ဆိုင်းသံ ညံနေသော်လည်း သမာဓိမပျက် အားထုတ်နိုင်ခဲ့ပါသည်။ ဓမ္မ ရိပ်သာမှာလို ရှုပွားနိုင်လာပါသည်။

http://www.dhammadownload.com



သတိ–သမ္ပဇဉ်နှင့်နေတာကို မသိသူများက ကျွန်မအား တစ်မျိုးမြင်ကြပါသည်။ ကျွန်မမှတစ်ပါး အိမ်သားအားလုံးဟာ တရားအားမထုတ်ဖူးကြပါ။ သို့ဖြစ်၍ ကျွန်မအမူအရာအားလုံးဟာ သူတို့အတွက် အဆန်းဖြစ်နေပါတယ်။ ကျောင်းမှ ဆရာ ဆရာမ များကလည်း ကျွန်မကို အထူးအဆန်း ဖြစ်နေကြပါတယ်။

နောက်ပိုင်းတွင် ကျွန်မရဲ့မိခင်က ကျွန်မအပေါ် စိုးရိမ်စိတ် ဝင်ပြီး ကျွန်မတရားအားထုတ်နေတာကို မျက်ခြည်မပြတ် လိုက် ကြည့်နေပါတယ်။

တရားအားမထုတ်ဘူးတဲ့ မိခင်အဖို့ ကျွန်မအမူအရာတွေဟာ ထူးနေတော့ ရူးနေပြီဟု ပြောပါသည်။ ကျွန်မကလည်း မရူး ကြောင်း အားလုံး သတိရှိနေကြောင်း ရှင်းပြလည်း မရပါ။ ရူးသည်ဟု ပြောပါသည်။

## ဆရာဝန်ခေါ်ပြ

နောက်ဆုံးတွင် မိသားစု ဆရာဝန်ကို ခေါ်ပြပါသည်။ ကျွန်မ မှာ ဘာမှမဖြစ်ဘဲနှင့် ဆရာဝန်ခေါ်ပြ၍ ဆရာဝန်နှင့်လည်း စကား မပြောချင်ပါ။ ဘုရားရှင်ရဲ့ တရားတော်နှင့် မပတ်သက်သော လောကီစကားတွေဖြစ်နေလို့ သူတို့နှင့်အတူ ရောနှောပြီး စကား ပြောချင်စိတ်မရှိပါ။

အဲဒီအချိန်မှာ အတွေးတစ်ခုဝင်လာပါတယ်၊ လူ့ဘဝနဲ့ ဆက်နေရင်တော့ လူနဲ့ဆိုင်တဲ့ အလုပ်တွေကို ဆက်လုပ်နေရ မှာပဲ၊ လူကြားထဲမှာလည်း တရားအားထုတ်လို့ မဖြစ်ဘူး။

http://www.dhammadownload.com



ဒါကြောင့်လည်း ငါ တရားအားထုတ်နေတာကို ရှုးပြီလို့အပြောခံနေရတာ။

လူ့ဘောင်ခွာရှောင်နိုင်ရင် ကောင်းမယ်လို့ စိတ်ကူးပြီး မိခင်ထံမှာ သီလရှင်ဝတ်ခွင့်တောင်းပါတယ်။ မိခင်က လုံးဝခွင့်မပြုပါ။ ကျွန်မဟာ ရှေးက သီလရှင်ဝတ်ချင်စိတ် တစ်ခါမှ မပေါ်ပေါက်ခဲ့ဘူးပါ။

ယခုလို ပေါ်ပေါက်လာသည်မှာ တရားတော်ရဲ့ အေးချမ်းမှုကို သိပြီး ဘုရားအရိပ် တရားရိပ်ပဲ ခိုလှုံချင်စိတ် ဖြစ်နေ၍ ဝတ်ချင်ခြင်း ဖြစ်ပါသည်။

ကျွန်မတို့ရဲ့ ဆရာမများလောကမှာ စာသင်ပြမှု ကျောင်းသားကျောင်းသူများ နားလည်မှု တတ်စွမ်းမှုဟာ ဆရာမများရဲ့ တတ်မြောက် ကျွမ်းကျင်မှုပေါ် မူတည်ပါတယ်။

ထို့အတူပါဘဲ တရားပြတဲ့ ဆရာတော်တွေလည်း ကျွန်မတို့ ဆရာမများလို ကျွမ်းကျင်မှုရှိမှ တပည့်ယောဂီများ ချမ်းသာစွာနဲ့ တရားရနိုင်ပါမည်။ တရားပြဆရာတော်က လက်တွေ့ကျင့်ကြံထားမှ တပည့်တွေကို ကျွမ်းကျင်စွာပြနိုင်မည် ဖြစ်ပါသည်။

ကျွန်မမှာ အိမ်ရောက်တော့ ရှုးတယ်လို့ အပြောခံနေရတော့ အဲဒီပြဿနာ ပြေလည်ရေးအတွက် ဆရာတော်ကိုပဲ တမ်းတနေမိပါတယ်။ ဆရာတော်နှင့်တွေ့ရင် ငါ့ကိုရှုးပြီထင်နေကြတာတွေ ရှင်းသွားကြမှာလို့ မျှော်လင့်မိပါတယ်။

သို့သော် ဆရာတော်မှာ တရားဟော တရားပြ ဒေသစာရီကြွချီနေရ၍ တွေ့ခွင့်မရဘဲ စိတ်အထူးကု ဆရာဝန်ကြီးထံသို့

http://www.dhammadownload.com



ခေါ်သွားခြင်းခံခဲ့ရပါတယ်။ သူတို့ခေါ်သွားလည်း တရားရှုပွားရင်းနဲ့ပဲ လိုက်သွားရင်း လမ်းတစ်လျှောက် ပေါ့ပါးလန်းဆန်းပြီး ငြိမ်းအေးလှပါတယ်။ အစားအသောက်လည်းနည်းပါး အအိပ်လည်း နည်းပါးနေပေမယ့် မအိပ်ချင်ပါ။ အစားမဆာပါ၊ ကြည်လင်လန်းဆန်းနေပါတယ်၊ ပေါ့ပါးသွက်လက်နေပါတယ်။

ဒါကြောင့် လူကြီးတွေကို စိတ်မပူပါနဲ့၊ ဘာမှမဖြစ်ပါဘူးလို့ ခဏခဏပြောရပါတယ်။ ဒါလည်းမရပါ။ နောက်ဆုံး စိတ္တဇဆေးရုံမှ ဦးနေဝင်းထံပို့ပါသည်။ ဆရာကြီးက ငယ်စဉ်ဘဝမှ လက်ရှိအချိန်အထိ မေးမြန်းပါတယ်။ အားလုံးပဲ၊ တစ်လုံးမလွဲ အမှန်အတိုင်းဖြေနိုင်ပါတယ်။

သွေးသားညီညွတ်မှုလည်းရှိ၊ စိတ်လည်းငြိမ်သက်၍ ဘာမျှမဖြစ်ကြောင်း ပြောပြပါတယ်၊ အိမ်သားတွေက ရူးနေတယ်ထင်တာ ဆရာဝန်ကြီးက မရူးဘူးဆိုတော့ သူတို့ ဦးနှောက်ချောက်သွားဟန်တူပါတယ်။

သူတို့မလျှော့သေးပါ။ **ရွှေရင်ကျော်** ဆရာထံခေါ်သွားကြပြန်ပါတယ်။ အဲဒီရွှေရင်ကျော်အိမ်ရောက်တော့ ဘုရားစင်ရှေ့မှာ ဘိုးတော်ရုပ်၊ နတ်ရုပ်တွေ စီတန်းချထားပြီး ကန်တော့ပွဲတွေ ပြင်ထားတာ တွေ့ရပါတယ်။

ကျွန်မမှာ ဘာမှမဖြစ်တဲ့လူ တရားအားထုတ်ထားလို့ တရားသတိ အလွန်ကောင်းနေတဲ့အချိန်ဖြစ်တော့ သတိအမြဲရှိနေပါတယ်။ ဒါကြောင့် အဲဒီရောက်တော့ ငါတော့ ဘုရားပဲ ရှိခိုးနိုင်မယ်၊ ဒီနတ်ရုပ်တွေ ဘိုးတော်ရုပ်တွေ မရှိခိုးနိုင် မကန်တော့နိုင်

http://www.dhammadownload.com



ဘူး”လို့ စိတ်ဖြစ်ပြီး ဘုရားကိုသာ အာရုံပြုရှိခိုးလိုက် ကန်တော့လိုက်ပါတယ်။

ရွှေရင်ကျော်ဆရာက ရေတွေမန်း၊ စက္ကူတွေ ပြာချပြီး တိုက်ဖို့စီစဉ်ပါတယ်၊ ကျွန်မရဲ့စိတ်ထဲမှာ ဘယ်လိုဖြစ်လည်းဆိုတော့ ငါက ဘုရားရဲ့ သမီးတော် ဒီရွှေရင်ကျော်ဆရာထက် ငါက ကြီးတာပဲ။ ငါ...သူတိုက်တာ မသောက်ဘူးဆိုပြီး အတင်းငြင်းပါတယ်။ ကျွန်မရဲ့ ပင်ကိုယ်စိတ်ကိုက ဒီနတ်တွေ၊ ဘိုးတော်တွေနဲ့ပတ်သက်ပြီး အယုံအကြည်မရှိခဲ့ပါဘူး။ ဒီအလုပ်တွေဟာ လူပေါ် လူကြောင်တွေရဲ့ အလုပ်ပဲလို့ သတ်မှတ်ထားပါတယ်။

ဆယ်ရက်စခန်းမှာ ဆရာတော်ဘုရားရဲ့ တရားတွေကို နာကြားတဲ့အခါမှာတော့ ပိုပြီး နားလည်ထားပြီး ဖြစ်ပါတယ်။ ဆရာတော်ဘုရားက နတ်တွေ ဘိုးတော်ရုပ်တွေကို ဘုရားစင်ပေါ်တင်ပြီး ကိုးကွယ်ပသမှု မပြုရဘူး။ ကိုယ်ပြုထားတဲ့ ကုသိုလ်တွေကို အမျှပေးဝေလို့ ဟောကြားပါတယ်။

ကျွန်မမှာ ဘိုးတော်တွေ မယုံကြည်နိုင်ပါ၊ မန်းမှုတ်ပြီးတိုက်သော စက္ကူတွေ ရေတွေကို မသောက်ချင်ပါ၊ မသောက်လျှင် ပူပန်မည့် အနီးရှိမိခင်ရဲ့ စိတ်ချမ်းသာရေးကို ရှေ့ရှုပြီး သောက်ခဲ့ရပါတယ်။

ဒါတွေသောက်ခြင်းကြောင့် ဘာမှအကျိုးမထူးဘူးဆိုတာ သိပါတယ်။ ဒါကြောင့် အဲဒီထစ်ရက်ပဲ သောက်ပါတယ်၊ နောက်နေ့တွေမှာ အတင်းတိုက်သော်လည်း မသောက်ခဲ့တော့ပါဘူး။

http://www.dhammadownload.com



ပြီးတော့ ကျွန်မ မရှုံးပါဘူး။ တရားကောင်းနေလို့ စကား မပြော ချင်လို့ မပြောတာပါလို့ ခဏခဏပြောရပါတယ်။

တရားအားထုတ်ပြီး တရားသဘောတွေ နားလည်လာတော့ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ၊ တရားမှတစ်ပါး အားထားရာ မရှိ၊ သံဃာမှတစ်ပါး ဆည်းကပ်ရာမရှိလို့ လက်ခံယုံကြည်မှုတွေ ပိုလာပါတယ်။

ဘုရားရှင်ရဲ့ကိုယ်စား တရားတော်တွေကို ထိန်းသိမ်းစောင့် ရှောက်နေတဲ့ သံဃာတော်တွေကိုလည်း အထူးပဲ ကိုးစားယုံကြည် လာပါတယ်၊ ကျွန်မအနေနဲ့ ငါတော့ ဆရာကောင်းနဲ့ တွေ့ရတာ ပဲ။ ဒါကြောင့် တစ်ကြိမ် ၁၀ ရက်စခန်းဝင်ရုံနှင့် ဒီလောက် အသိအမြင်ထူးတာလို့ ယုံကြည်ပါတယ်။

သက်တော်ထင်ရှား ဘုရားရှင်ရဲ့ကိုယ်စား ဆရာတော်ဘုရား ဟောကြားတဲ့ တရားစကားတွေကို ပိုပြီး နာကြားလိုပါတယ်။ နာကြားပြီး လိုက်နာကျင့်သုံးဖို့လည်း ဆုံးဖြတ်ချက်ချမိပါတယ်။ ဆရာတော်ဘုရား ရေးသားတဲ့ စာအုပ်တွေကို ဖတ်ရှုရခြင်းဖြင့် လည်း ဆရာတော်ဘုရားကိုယ်တိုင် ပလ္လင်ပေါ်ကနေ ထိုင်ပြီး ဟောကြားနေတာကို နာကြားနေရသလိုပါပဲ၊ ရှင်းလင်းစွာ နား လည်ပါတယ်။

ဆရာတော်ဘုရားရဲ့ အားလုံးသော လောကလူသားများ အပေါ်တွင် ထားရှိတဲ့ စေတနာကတော့ တရားတော်နာကြား ခြင်း၊ စာအုပ်များဖတ်ခြင်းဖြင့် မလုပ်သင့် မလုပ်ထိုက်တဲ့အလုပ်

http://www.dhammadownload.com



တွေ မလုပ်ဖို့၊ မယုံကြည်သင့်တာတွေ မယုံကြည်ဖို့၊ လုပ်သင့်တာတွေ လုပ်ဖို့။ ယုံကြည်သင့်တာတွေ ယုံကြည်ဖို့ အားထားဖို့ ရှေ့ဆောင်လမ်းပြအနေနဲ့ ရေးသားထားသော စာအုပ်များ ဖြစ်ပါတယ်။

## သူမရူးဘူး

ကျွန်မမှာ စကားမပြောချင်လို့ မပြောဘဲနေချင်ခြင်းမှတစ်ပါး ဘာမှမဖြစ်ပါ။ ပြောတဲ့အခါ အားလုံးမှန်ပါသည်။ မပြောဘဲ တရားပဲ နှလုံးသွင်းနေပါသည်။ နောက်ဆုံးတော့ မိခင်တို့က ကျွန်မကို ဆေးကုမှု လက်လျှော့လိုက်ကြပါတယ်။ ကျွန်မ မရူးဘဲ သူတို့ ရူးပြီ၊ ပြန်ကုရမလို ဖြစ်နေတယ်လို့ ပြောကြပါတယ်။ ကျွန်မ စကားမပြောချင်လို့ မပြောဘဲနေတာပါ၊ သူတို့ပြောသမျှ ပြုသမျှ ကျွန်မအကုန်သိပါတယ်။

နောက်တော့ ကျွန်မ စဉ်းစားမိပါတယ်၊ ငါစကားမပြောဘဲ တရားအားထုတ်နေရင် သူတို့လည်း အလုပ်များ။ ငါလည်း တရားအားထုတ်ရမှာ မဟုတ်ဘူးဆိုပြီး စကားပြောပါတယ်၊ သူတို့ ပြုသမျှ ပြောသမျှတွေ အကုန်ပြန်ပြောပြပါတယ်။

အဲဒီအခါ ဘာကြောင့် စကားမပြောလည်းလို့ မေးပါတယ်၊ တရားအားထုတ်နေစဉ် စကားပြောရင် သတိလွတ်တယ်၊ တရားပျက်တယ်၊ ဒါကြောင့် မပြောတာလို့ ရှင်းပြပါတယ်။ ဒီတော့မှ သူမရူးဘူး တို့ရူးပြန်လာရတယ်ဆိုပြီး ရန်ကုန်မှ ပြန်လာရပါတယ်။

http://www.dhammadownload.com



## စိတ်သာပဓာန

ဘုရားရှင်က "စိတ်သာလျှင် ရှေ့သွားခေါင်းဆောင် ဖြစ်သည်၊ စိတ်သာလျှင် မူလပဓာနဖြစ်သည်၊ စိတ်သာလျှင် အကြီးအမှူး ဖြစ်သည်။ စိတ်ဖြင့်သာ အရာရာကို ပြီးစေနိုင်တယ်"လို့ ဟော ကြားချက်ကို နာကြားပြီး ယခုလို ကိုယ်တွေ့ အားထုတ်ကြည့် တဲ့အခါ တကယ်မှန်ကန်တာကို သိရတဲ့အတွက် ကြည်နူးလှပါ တယ်။

စိတ်သည် လောကကိုဆောင်အပ်၏။ စိတ်သည် လောက ကို ဆွဲငင်အပ်၏။ အလုံးစုံသောတရားတို့သည် စိတ်ဟု ဆိုအပ် သော တစ်ခုတည်းသောတရား၏ အလိုသို့ အစဉ်လိုက်ရ၏ ဆိုသော သဘောတရားကို စာတွေ့ထက် ကိုယ်တွေ့ကျင့်ကြံ အားထုတ်မိတဲ့အခါ ပိုပြီးနားလည်သဘောပေါက်လာတာကို တွေ့ရ ပါတယ်။

တရားသဘောပေါက်လေ ဆရာတော်ဘုရားကြောင့် ဒီတရား သဘောတွေ သိမြင်လာရပါကလားဆိုပြီး ဆရာတော်ဘုရားရဲ့ ဂုဏ်ကျေးဇူးတွေကို တသသအောက်မေ့မိပါတယ်။

စိတ်ရဲ့ဆန်းကြယ်ပုံ၊ အာရုံတစ်ခုကို စူးစိုက်နိုင်ရင် ပိုမိုအကျိုး ထူးပုံကိုလည်း တရားအားထုတ်ရင်းနဲ့ အထူးတလည် နားလည် ပါတယ်။

ဗုဒ္ဓဘာသာဝင် လူသားတိုင်း တောင့်တမျှော်လင့်နေကြတဲ့ နိဗ္ဗာန်တရားကို စာပေနဲ့လည်းကောင်း၊ စကားနဲ့လည်းကောင်း ဖော်ပြရန်အတွက် အလွန်ခက်ပါတယ်။

http://www.dhammadownload.com



တရားတော်ဟာ အလွန်နက်နဲပါတယ်။ နိဗ္ဗာန်ဟာလည်း တရားတော်ပင်ဖြစ်ပါတယ်။ ဒီတရားတော်ကို သိရှိနားလည်နိုင်ရန် အတွက် ဘုရားရှင်ညွှန်ပြခဲ့တဲ့ သတိပဋ္ဌာန်ကျင့်စဉ်ကို သတိ ဝီရိယ၊ ပညာတရား လက်ကိုင်ထားပြီး ကျင့်ကြံပါက ကျင့်ကြံ သူတိုင်း ယခုဘဝမှာပင် နိဗ္ဗာန်မျက်မှောက် ဆိုက်ရောက်နိုင်မယ် လို့ ယုံကြည်ပါတယ်။

## ထောက်ခံချက်

ကျွန်မသည် ဓမ္မဒူတ ဆရာတော်ဘုရား ညွှန်ကြားချက် အတိုင်း သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်နာကျင့်သုံးသဖြင့် အကျိုး ရရှိပါသည်။ စိတ်ချမ်းသာမှုရရှိပါသည်။ ဆက်လက်ပြီးတော့လည်း ကျင့်သုံးလျက်ရှိပါသည်။

ကျွန်မမှတစ်ပါး လောကရှိ သတ္တဝါအားလုံးလည်း ဘုရား ရှင် ချမှတ်ခဲ့သော သတိပဋ္ဌာန် လမ်းစဉ်ကို ကျင့်ကြံနိုင်ကြ၍ ယခုမျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်ဆိုက်ရောက် မျက်မှောက်ပြုနိုင် ကြပါစေလို့ ပတ္ထနာပြုရင်း ကျွန်မရဲ့ ကိုယ်တွေ့ ဖြစ်ရပ်ကို အဆုံး သတ်လိုက်ပါတယ်။

(.........)

အ–ဆ–ပြ

http://www.dhammadownload.com



- ကိုယ့်အတွက်ကား မပူအား သူများပူကြတာ၊
- သူများတွက်တာ ပူသူများ ကိုယ့်မှာပူများပါ၊
- အပူဆိုတာ မီးတွဲသာ လောင်ပါပူသာမှာ၊
- အကုသိုလ်များ ကုသိုလ်ပါး လားခြားအပါယ်မှာ၊
- ကိုယ့်တွက်သိတာ တရားသာ ဖွေရှာသင့်ကြပါ၊
- တရားရှာမှ ပူကင်းပ အေးမြချမ်းသာမှာ။ ။

http://www.dhammadownload.com



# လူ့သေလျှင် လူမှာစောင့်တဲ့ ကိုယ်စောင့်နတ် သေပါသလားဘုရား

{၄}

လူအများစုတို့သည် နတ်ကို ကိုးကွယ်ကြသည်၊ ယုံကြည်ကြသည်၊ အားထားကြသည်၊ နတ်နှင့်ပတ်သက်၍ကား သိသူ လေ့လာသူ အတော်နည်းပါးလှသည်။ ပြောသံကြားနှင့် အရမ်းယုံ၊ အရမ်းကိုးကွယ်သူသာများပါသည်။ စုံစမ်း စစ်ဆေးမေးမြန်းသူကား နည်းပါးပါသည်။

စုံစမ်းမေးမြန်းသူများရှိ၍ မေးမြန်းသဖြင့် ပြောပြသောအခါမှ "ဩော်...ဒီလိုလည်းရှိပါသေးလား"ဟု အချို့က လက်ခံ၍ အချို့ကမူ ငြင်းဆန်ပါသည်။ မိမိနှင့်တွေ့လျှင်မူ အကြောင်းသိသူများက မေးမြန်းတတ်ကြပါသည်။ မိမိကလည်း အမေးရှင်ကို လိုချင်ပါသည်။ သူတို့မေး၍ ဖြေရမှ စာရေးပြနိုင်၍ မသိသူများ မမေးတတ်သူများ၊ သိချင်သူများ ရှင်းသွားပါသည်။

http://www.dhammadownload.com



တစ်နေ့ မေးတတ်သူတစ်ယောက် ရောက်လာကာ ဦးချပြီး မေးလျှောက်သည်၊ သူက အလွယ်ပင်မေး၍ မိမိကလည်း အလွယ်ပင် ဖြေသည်။ ယင်းသို့ အလွယ်မေး၍ အလွယ်ဖြေရာမှ အမေးအဖြေတွေ ရှည်လျားသွားပါသည်။

"အရှင်ဘုရား၊ ကိုယ်စောင့်နတ်ရှိပါသလား ဘုရား"

"အေး...ရှိတာပေါ့"

"အရှင်ဘုရား၊ ကိုယ်စောင့်နတ် မြင်ဖူးပါသလားဘုရား"

"ငါတော့ ငါ့ကိုယ်စောင့်နတ်ကို တစ်ခါမှမမြင်ဖူးဘူး"

"ဒါဖြင့် အရှင်ဘုရားက ဘယ်လိုအထောက်အထားနဲ့ ကိုယ်စောင့်နတ် ရှိတယ်လို့ ပြောနိုင်ပါသလဲဘုရား"

"ကျမ်းဂန် အထောက်အထားနဲ့ကြည့်ပြီး ကိုယ်စောင့်နတ် ရှိတယ်လို့ ပြောတာပါ"

"ကျမ်းဂန်အထောက်အထားရှိရင် အထောက်အထားနှင့်တကွ ကိုယ်စောင့်နတ်အကြောင်း ရှင်းပြပါဦးဘုရား"

"အေး...အေး ရှင်းပြမယ်၊ သေသေချာချာ မှတ်မှတ်သားသား နားထောင်ပါ၊ ကျမ်းဂန်ကတော့ ပါရာဇိကဏ် အဋ္ဌကထာကို ဦးစွာပြမယ်"

ပါရာဇိကဏ် အဋ္ဌကထာ ရှင်သုဒိန္နအကြောင်းအရာကို ဖွင့်ပြတဲ့ နေရာမှာ–

"မကောင်းမှုကို ပြုသောသူအား ခပ်သိမ်းသောသူတို့၏ ရှေးဦးစွာ မိမိသိအပ်၏။ ထို့နောက် မိမိကိုယ်စောင့်

http://www.dhammadownload.com



နတ်သိ၏၊ ထို့နောက် သူတစ်ပါးစိတ်ကို သိတတ်သော
နတ်တို့သည် သိကုန်၏"

လို့ ပြောထားတာ ရှိပါတယ်။ အဲဒီအထောက်အထား အကြောင်းကြောင့် ကိုယ်စောင့်နတ်ရှိတယ်လို့ ပြောနိုင်တာပါ။

"အဲဒီ အထောက်အထားအပြင် အခြားအထောက်အထားကော ရှိပါသေးသလားဘုရား"

"ရှိသေးတယ်"

"ရှိသေးရင် ဆက်ပြီးတော့ ရှင်းပြပါဦးဘုရား၊ တပည့်တော်နှင့်တကွ အများတကာတို့ သံသယရှင်းရန်အတွက်ပါဘုရား၊ တပည့်တော်တစ်ယောက်တည်းအတွက် မဟုတ်ပါဘုရား"

"အေး...အေး၊ မေးမှတော့ဖြင့် တစ်ယောက်တည်းအတွက်လည်း ဖြေရမှာပဲ၊ အများအတွက်လည်း ဖြေရမှာပဲ၊ မှတ်ထားပါ သုတ်မဟာဝါ အဋ္ဌကထာ မဟာပဒါန သုတ်အဖွင့်မှာ ဒီလိုပြထားပါတယ်"

"အကြင်အခါ မင်းတို့သည် တရားမစောင့်ကုန်၊ ထိုအခါ အိမ်ရှေ့မင်း၊ အမတ်စစ်သူကြီး၊ သူဌေး သူကြွယ်အလုံးစုံသော မြို့သူမြို့သား အလုံးစုံသောသူတို့သည် တရားမစောင့်ကုန်။

ထိုအခါ ထိုသူတို့ကို စောင့်ကုန်သော ကိုယ်စောင့်နတ်တို့သည် တရားမစောင့်ကုန်၊ ထိုနတ်တို့၏ အဆွေခင်ပွန်းဖြစ်သော မြေ၌တည်သောနတ်၊ ကောင်းကင်၌ တည်သောနတ်၊ ဥဏှဝလာဟကနတ်၊ အဗ္ဘဝလာဟကမည်သောနတ်၊ သီတဝလာဟကမည်သောနတ်၊ ဝဿဝလာဟကမည်သောနတ်၊ စတုမဟာရာဇ်မှ

http://www.dhammadownload.com



စ၍ နတ်ပြည်ခြောက်ထပ် အထက်ဘဝဂ်တိုင်အောင် အရိယာပုဂ္ဂိုလ်တို့ကိုထား၍ ခပ်သိမ်းသော နတ်ဗြဟ္မာပရိသတ်တို့သည် တရားမစောင့်သည်သာလျှင် ဖြစ်ကုန်၏"

လို့ ပြထားပါတယ်။ အဲဒီ အထောက်အထားနဲ့ ကိုယ်စောင့်နတ်ရှိကြောင်း ပြောနိုင်ပါတယ်။ အဲဒီအထောက်အထားများကို မှီးပြီးတော့ ဇာတ်ပေါင်းခန်းပျို့တွင်–

"ကောင်းကင်ရုက္ခ၊ ဘုမ္မမလွတ်၊ ကိုယ်စောင့်နတ်တို့၊ ရှိညွတ်သဒ္ဒါ၊ တရားနာ၍၊ ဒိဗ္ဗာရမ္မဏာ၊ မြင်ကစင်ဖြူ၊ နှလုံးဟူသား၊ မှန်ဆူမွှန်ခြောင်း၊ ဆင်မကောင်းကို၊ ချွန်းတောင်းဉာဏ်ဟုန်၊ ထိမ်းလင့်ကုန်"

လို့ ရေးသားခဲ့တဲ့ အထောက်အထားကို အမှီပြုပြီးတော့ကာ ကိုယ်စောင့်နတ် ရှိကြောင်းကို ပြောနိုင်ပါတယ်။ ပြီးတော့ ပါရမီတော်ခန်းပျို့တွင်လည်း–

"လူတို့စီးပွား ကျင့်တတ်အားသည်၊ သိကြားမာတလိ၊ မဏိမေခလာ၊ မဟာရာဇ်က၊ စသည်တရှိုး၊ အိမ်စိုးကိုယ်စောင့်၊ မှောင့်လည်း ဖျက်တတ်၊ ဘုတ်ခေတ်သံဘက်"

လို့ စပ်ဆိုတော်မူချက်တို့ အထောက်အထားပြုပြီးတော့ ကိုယ်စောင့်နတ်ရှိကြောင်း ပြောနိုင်ပါတယ်။ အဲဒီလောက်ဆိုရင် ကိုယ်စောင့်နတ်ရှိကြောင်း ကျေနပ်ပြီလား။

http://www.dhammadownload.com



"တင်ပါ ကျေနပ်ပါဘုရား။ ဒါပေမယ့် အခွင့်ပေးမယ်ဆိုရင် အနည်းငယ် မေးပါရစေဦးဘုရား"

"အင်း...အနည်းငယ်ဆိုတာ ဘယ်လောက်လဲ၊ စာမျက်နှာ တစ်ထောင်လောက်ဖြေရမယ့် မေးခွန်းမျိုးလား"

"ဒီလောက်တော့ရှည်မယ်မထင်ပါဘုရား"

"ကဲ...ဒါဖြင့် မေးစမ်းပါဦး။ သိရင်ဖြေရတာပေါ့၊ မသိရင် တော့ မဖြေနိုင်ဘူးနော်"

"မှန်ပါ့ဘုရား"

"တပည့်တော်မေးမှာကို အရှင်ဘုရားသိနိုင်ပါတယ်၊ ဘာဖြစ် လို့လည်းဆိုတော့ ယခုမေးပြီးခဲ့တဲ့ ကိုယ်စောင့်နတ်နဲ့ ပတ်သက် တဲ့အမေးပဲ ဖြစ်နေလို့ပါဘုရား"

"ဟ...ကိုယ်စောင့်နတ် အကြောင်းက မေးပြီးမှပဲ၊ ဘာကို များ ထပ်ပြီးတော့ မေးနေဦးမလဲ"

"ဒီလိုပါဘုရား။ လူရယ် အဲဒီလူကိုစောင့်တဲ့ ကိုယ်စောင့် နတ်ရယ် နှစ်ဦးသားမှာ အသက်တမ်းချင်းလည်း မတူပါ၊ သတ္တဝါ အမျိုးအစားလည်း မတူပါဘုရား"

"အေး...ဟုတ်တယ်၊ မတူဘူး"

"အဲဒီလိုမတူတော့ လူသေလျှင် အဲဒီလူမှာစောင့်တဲ့ ကိုယ် စောင့်နတ်လည်း သေမလား။ သို့မဟုတ် ကိုယ်စောင့်နတ်သေ

http://www.dhammadownload.com



လျှင် အဲဒီနတ် စောင့်တဲ့လူလည်း သေမလားဆိုတာ သိချင်ပါတယ်ဘုရား"

"အင်း...သိချင်တာက အရေးမကြီးဘူး၊ အဖြေကတော့ ခက်ခက်ပဲ"

"မခက်ပါနဲ့ဘုရား၊ ကြိုးစားပြီး တပည့်တော် သဘာပေါက်အောင် ဖြေကြားပေးပါဘုရား"

"အင်းပေါ့...ခုမှတော့ ဖြေရတော့မှာပေါ့"

"မှန်ပါ...ဖြေကြားပါဘုရား"

"အေး...သတ္တဝါတွေသေတာကို သတိထားကြည့်ရင် သိနိုင်ပါတယ်၊ တစ်အိမ်ထောင်စုထဲမှာကြည့်၊ အကြီးရယ်၊ အငယ်ရယ် မဟုတ်ဘူးနော်၊ ရှေ့နောက်သေတာလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အကြီးအငယ် တစ်ပြိုင်နက်သေတာလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အေး...အဲဒါကြောင့် ကိုယ်စောင့်နတ်နဲ့ လူနဲ့ ပြိုင်တူသေ၊ ရှေ့နောက်သေဆိုတာ အမြဲမဆိုသာတဲ့အရာ ဖြစ်ပါတယ်"

"မှန်ပါဘုရား၊ ဒါဖြစ်နိုင်ပါတယ်၊ တိကျသော သက်သေများ ပြနိုင်ပါသလား"

"ပြနိုင်ပါတယ်၊ ဘုရားအလောင်းတော် တေမိမင်းသားနတ်ပြည်က စုတေခန်းကို သတိပြုကြည့်ပါ၊ တေမိမင်းသားလောင်းနတ်သားနှင့်အတူ စုတေအပ်သောသဘောရှိတဲ့ နတ်သားပေါင်း

http://www.dhammadownload.com



ငါးရာတို့ လူ့ပြည်ကို တစ်ပြိုင်နက်ပင် စုတေလာကြောင်း ဖော်ပြတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပြီးတော့ ဝေဿန္တရာမင်းကြီး နတ်ပြည်က စုတေလာတဲ့ အခါ နတ်သားခြောက်သောင်းအတူ စုတေလာကြောင်း ဖော်ပြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အေး...သူတို့ လူ့ပြည်က စုတေကြတော့ တစ်ပြိုင်နက် ဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"ပြီးတော့ ဘုရားရှင်နှင့် ဖွားဘက်တော် (၇)ဦးတို့သည် တစ်ပြိုင်နက် ဖွားကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ...စုတေတော့ အတူတူလား"

"မဟုတ်ပါဘုရား"

"ဟော...ပဒုမဒေဝီမိဖုရား၊ သားတော် ပစ္စေကဗုဒ္ဓ ငါးရာ တို့သည် ဖွားသောကာလ တစ်နေ့တည်း တစ်ပြိုင်နက်တည်းပဲ ဖွားတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ပစ္စေကဗုဒ္ဓါ ဖြစ်ကြတော့လည်း တစ်နေ့တည်း တစ်ပြိုင် နက်တည်းမှာပဲ ဖြစ်ကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"ပရိနိဗ္ဗာန်ဝင်စံသောကာလမှာလည်း တစ်နေ့တည်း တစ်ပြိုင်နက်တည်းမှာပဲ ပရိနိဗ္ဗာန်ဝင်စံတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ကဲ…အဲဒါတွေထောက်ရှုကြည့်တော့ တကွဲစီဖွားတယ်၊ အတူသေတာလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အတူဖွားတယ်၊ တကွဲစီသေတာလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အတူဖွားတယ်၊ အတူသေတာလည်း မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အေး…အဲဒီအတိုင်းပေါ့၊ ကဲ…သစ်ပင်တွေမှာ စောင့်တဲ့ရုက္ခစိုးနတ်ရှိတယ်ဆိုတာ လက်ခံလား"

"လက်ခံပါတယ်ဘုရား"

"သစ်ပင်ကို ခုတ်လှဲလိုက်တဲ့အခါ အဲဒီနတ်က မသေဘဲ အခြားသစ်တစ်ပင်ကို ပြောင်းသွားတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒီအတူပေါ့ မိမိတို့စောင့်တဲ့လူ သေသွားလျှင် အခြားသူတစ်ယောက်ပြောင်းမှာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"နတ်သေလို့လည်းပဲ သစ်ပင်မသေသလို ကိုယ်စောင့်နတ်သေလို့လည်းပဲ လူမသေပါဘူးဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"သာစေ ပြရရင်တော့ ဟိမဝန္တာမှာ သီရိသက ဆိုတဲ့ ကုက္ကိုတောရှိတယ်၊ အဲဒီတောမှာ အရှင်ဂဝမ္ပတိထေရ်ရဲ့ အလောင်းဟာ နတ်ဖြစ်တယ်၊ အဲဒီနတ် စုတေတော့ နောက်နတ်သားအသစ် ဖြစ်ပါတယ်၊ နတ်သေ၍ ကုက္ကိုပင် မသေဘူးမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"စတုကနိပါတ် စူဠကလိင်္ဂဇာတ် အဋ္ဌကထာမှာ ကလိင်္ဂမင်းနှင့် အဿကမင်းတို့ စစ်တိုက်ကြတယ်။ အဲဒီတိုက်ပွဲမှာ ကလိင်္ဂမင်းရဲ့ ကိုယ်စောင့်နတ်က ကိုယ်လုံးဖြူတဲ့ နွားလား ဥသဘအယောင်ဆောင်ပြီး ဇော့တိုက်တယ်။ အဿကမင်းရဲ့ ကိုယ်စောင့်နတ်က ကိုယ်လုံးမည်းသော နွားလား ဥသဘ အယောင်ဆောင်ပြီး တိုက်တယ်၊ အဲဒီလို ဇော့တိုက်တာကို အခြားသူတွေ မမြင်ကြဘူး၊ မင်းနှစ်ပါးပဲ မြင်တယ်"

"အဲဒီလိုတိုက်တဲ့အခါ နန္ဒိသေနအမတ်က ဥပဒေသပေး၍ အဿကမင်းရဲ့ သူ့ရဲတစ်ထောင်နှင့်တကွ ကလိင်္ဂမင်းရဲ့ ကိုယ်စောင့်နတ်ဖြစ်တဲ့ နွားလားဥသဘကို အချက်ကျအောင်ထိုးသော့အခါ ကလိင်္ဂမင်းရဲ့ ကိုယ်စောင့်နတ်သေတယ်၊ အဲဒီကိုယ်စောင့်နတ်လည်းသေရော ကလိင်္ဂမင်းလည်း ထိတ်လန့်ပြီး စစ်ပျက်တယ်၊ စစ်ရှုံးတယ်"

"အဲဒီဇာတ်တော်ထောက်ရှု ကြည့်တော့ ကိုယ်စောင့်နတ်သေတယ်၊ ကလိင်္ဂမင်း မသေဘူးမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

http://www.dhammadownload.com



"ပါစိတ် အဋ္ဌကထာ ဘူတဂါမ သိက္ခာပုဒ် အဖွင့်၌ ဇေတဝန်ကျောင်း အရန်တွင်သစ်တစ်ပင်၌ နတ်သားတစ်ယောက်သေ၍ သစ်ပင်မသေပါ၊ ကျန်နေသည်ကို ဘုရားရှင်သိ၍ သစ်ပင် ခုတ်လှဲခံရ၍ သစ်ပင်မရှိသော နတ်သမီးအား ဘုရားရှင်ကပေးတယ်၊ အဲဒီအတူပဲ ကိုယ်စောင့်နတ်တစ်ယောက် သေသော်လည်း နတ်တစ်ယောက်ခွဲမှီ၍ နေကောင်းတယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

"အသီတိနိပါတ် ကုဏာလဇာတ်ကို သတိပြုပြီး ကြည့်ရှုပါ၊ ကောသလမင်းကြီး သေတဲ့အခါ မိဖုရားကို ဗာရာဏသီပြည်ယူ၍ မိဖုရားမြှောက်တယ်၊ အဲဒီမိဖုရားမှာ ကောသလမင်းကြီးကို အစွဲပြုပြီး ပဋိသန္ဓေရှိနေတယ်၊ ကောသလမင်းကြီး သေတဲ့အခါ အဲဒီကိုယ်ဝန်သား ကိုယ်မှာ ကိုယ်စောင့်နတ် ဖြစ်နေတယ်"

"အဲဒီသားငယ် (၁၆)နှစ်ရှိတဲ့အခါ ကုရုင်္ဂဒေဝီ မည်သော မင်းသမီးနှင့် ယဉ်ပါးသည်ကိုသိ၍ သတ်မည်ပြုတဲ့အခါ အဖဖြစ်တဲ့ ကိုယ်စောင့်နတ်က မင်းသားငယ်၌ စောင့်ရှောက်မစ၍ ချမ်းသာရာ ရစေတယ်"

အဲဒီမှာကြည့်ပါ၊ မင်းသားငယ်ရဲ့ ဖြစ်စဖွားစနှင့် အဖနတ်ဖြစ်သော ကာလ ရှေ့နောက်မညီတာကို ထောက်ရှုလျှင် စုတေသောကာလလည်း ရှေ့နောက် မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်ဘုရား"

"အဲဒါဟာ ကျမ်းဂန်အထောက်အထား အတိအကျ အရပြောခဲ့တဲ့ ကိုယ်စောင့်နတ်အကြောင်းပါ"

http://www.dhammadownload.com



"အရှင်ဘုရား ဥစ္စာကလည်း ပေါ်တော့တော့နဲ့"

"ဘာပေါ်တော့တော့လဲ"

"ကျမ်းဂန်အထောက်အထား အတိအကျဆိုတော့ မတိကျတဲ့ ကိုယ်စောင့်နတ်ရှိသေးလားဘုရား"

"ရှိသေးတယ်"

"ရှင်းပြပါဦးဘုရား"

"လူတစ်ကိုယ်မှာ ကိုယ်စောင့်နတ် (၃)ယောက်ရှိတယ်တဲ့၊ ဦးခေါင်းကိုစောင့်တဲ့နတ်၊ ကိုယ်လုံးကိုစောင့်တဲ့နတ်၊ ခြေကိုစောင့်တဲ့နတ်ရယ်လို့ (၃)ယောက်ရှိတယ်တဲ့၊ မခိုင်လုံလို့ ကြားဖူးရုံမျှမို့ တည့်တည့်သုံးတာနော်"

"မှန်ပါဘုရား"

"ဦးခေါင်းကိုစောင့်တဲ့နတ်က နံနက်အခါ ကြည့်ရှု မစတယ်တဲ့။ နံနက်အခါ ဦးခေါင်းကို သန့်ရှင်းစင်ကြယ်စွာ ပြုလေ့ရှိသူကို နှစ်သက်တယ်တဲ့"

"ကိုယ်လုံးကို စောင့်တဲ့နတ်က နေ့အခါကိုယ်ကို သန့်ရှင်းစင်ကြယ်စွာ ပြုလေ့ရှိသူကို နှစ်သက်တယ်၊ စောင့်ရှောက်တယ်တဲ့"

"ခြေကို စောင့်တဲ့ နတ်က ညဥ့်အခါ ခြေကို သန့်ရှင်းစင်ကြယ်စွာ ဆေးကြော၍ အိပ်ရာကိုဝင်လေ့ရှိတဲ့သူကို နှစ်သက်တယ် စောင့်ရှောက်တယ်တဲ့"

http://www.dhammadownload.com



"နတ်ကစောင့်လား၊ မစောင့်ဘူးလားတော့ မသိဘူး၊ အိပ်ရာဝင်ခါနီး ခြေဆေးအိပ်တာတော့ ကျန်းမာရေး ကောင်းတာအမှန်ပဲလို့မှတ်ပြီး ခြေဆေးအိပ်နော်"

"မှန်ပါဘုရား"

"ဦးခေါင်းကိုစောင့်တဲ့နတ်က ကြိုးတန်း၊ ကြိမ်တန်း၊ လှေကားတံတား၊ အိမ်အောက်၊ ပုဆိုး အဝတ်အောက်လျှိုဝင်ခြင်းကို အလိုမရှိဘူးတဲ့"

"အဲဒီအစွဲရှိလို့ တချို့ကြိုးတန်းအောက်၊ တံတားအောက် စသည်တို့ မဝင်တဲ့ ရှင်ရဟန်းတွေ တွေ့ဖူးတယ် မဟုတ်လား"

"တွေ့ဖူးပါတယ်ဘုရား"

"ဘုန်းကြီးတို့တော့ အဲဒီ နတ်အယူအဆတော့ မရှိပါဘူး၊ ဒါပေမယ့် အဲဒီကြိုးတန်း၊ တံတားအောက် စသည်ဝင်တဲ့အခါ ခေါင်းထဲက ယားကျိကျိလိုပဲ စိတ်မသန့်တာပေါ့နော်"

"မှန်ပါဘုရား"

"ကိုယ်ကိုစောင့်တဲ့ နတ်က မိမိဝတ်ပြီးသော အဝတ်ကို အောက်အထက်ပြန်၍ ဝတ်ခြင်းကို အလိုမရှိဘူးတဲ့"

"ဘုန်းကြီးတော့ သင်္ကန်းကို အမြဲတမ်း အထက်အောက်ပြန်လှန်ပြီး ဝတ်တယ်၊ ကြာကြာအဝတ်ခံအောင် ဆိုတဲ့ သဘောနဲ့ပေါ့၊ နတ်ကြိုက်တာ မကြိုက်တာထက် အဝတ်သင်္ကန်းကို စောင့်ရှောက်တဲ့သဘောပေါ့နော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"ကဲ…ကဲ တော်လောက်ရောပေါ့၊ ကြားဖူးတာတွေ လျှောက်ပြောနေရင် အများကြီးရှိပါသေးတယ် မပြောတော့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ တော်တော်ကြာ တကယ့်အမှန်အစစ်တွေ မှတ်မထားဘဲ အဲဒီကြားဖူးလို့ပြောတဲ့ မဟုတ်တာတွေကို မှတ်ထားမှ ခက်နေမယ်၊ ဘုန်းကြီးတရားခံဖြစ်နေမယ်၊ ဒါကြောင့် တော်ကြဦးစို့"

"မှန်ပါဘုရား"

- ကိုယ်စောင့်နတ်က ရှိသည်သာ၊ မှတ်ပါကျမ်းဂန်လာ၊
- နတ်ရှိသော်လည်း ကိုယ့်ကိုယ်ပဲ အမြဲအားကိုးပါ၊
- ကိုယ်ကကောင်းမှ စောင့်နတ်က ကောင်းကြ သေသေချာ၊
- ကိုယ်ကောင်းဖို့ရာ၊ နှေညဥ့်ပါ၊ လုပ်ပါကောင်းရာရာ၊
- ကောင်းအောင်ပြုမှကောင်းကျိုးရ နတ်ကမ,တော့တာ၊
- မကောင်းပြုက ဆိုးကျိုးရ နတ်ကဖမ်းတော့တာ၊
- နတ်ကမ,တာ၊ ဖမ်းဆီးတာ ကိုယ့်မှာတည်နေတာ။

http://www.dhammadownload.com



# တို့ရှာကဘုန်းကြီးနှင့်ဘာထူးသလဲ

{၅}

## ရွှေငွေစံချိန်

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူ၍ အနှစ်တစ်ရာရှိသောအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ရွှေငွေသည် ရဟန်းတို့အားအပ်၏။ ဟောပြောကုန်၏။

ထိုအခါ ကာကဏ္ဍကပုဏ္ဏား၏ သားဖြစ်သော အရှင်ယသသည် ဝဇ္ဇီတိုင်းသို့ ဒေသစာရီ လှည့်လည်လတ်သော် ဝေသာလီပြည်သို့ ရောက်၍ မဟာဝုန်တော၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းအများတို့သည် ဥပုသ်နေ့၌ ကြေးခွက်ကို ရေဖြင့်ဖြည့်စေကာ ရဟန်းသံဃာအများ၏ အလယ်၌ထား၍ လာတိုင်း လာတိုင်းသော ဝေသာလီပြည်နေ ဒါယကာ ဒါယိကာမတို့ကို–

http://www.dhammadownload.com



"ဒါယကာ ဒါယိကာမတို့ သံဃာတော်အား တစ်ကျပ်တတ်နိုင်တစ်ကျပ်၊ ငါးမူးတတ်နိုင် ငါးမူး၊ တစ်မတ်တတ်နိုင်တစ်မတ်၊ ဆယ်ပြားတတ်နိုင်ဆယ်ပြား၊ ငါးပြားတတ်နိုင်ငါးပြား လှူကြပါကုန်လော့၊ သံဃာတော်အား သက်နိုး၊ သပိတ်၊ ပရိက္ခရာဖြင့် ပြုဖွယ်ကိစ္စ ဖြစ်ပါလိမ့်မည်"

ဟု ပြောဆိုအလှူခံကုန်၏။ ယင်းသို့ ပြောဆိုအလှူခံသည်ကို မြင်သော ကာကဏ္ဍက ပုဏ္ဏား၏သား အရှင်ယသသည် ဝေသာလီပြည်နေ ဒါယကာ ဒါယိကာမအများတို့အား–

"တကာ တကာမအပေါင်းတို့ သံဃာတော်အား တစ်ကျပ်၊ ငါးမူး၊ တစ်မတ်၊ ဆယ်ပြား၊ ငါးပြားစသော ရွှေငွေကိုမလှူကြပါကုန်လင့်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေငွေသည် မအပ်ကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မခံမူကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ပတ္တမြားရွှေကို စွန့်ပစ်ချထားကုန်၏၊ ရွှေငွေမှ ကင်းကုန်၏"

ဟု ပြောဟောလေ၏။ ယင်းသို့ အရှင်ယသက ပြောဟောသော်လည်း ဝေသာလီပြည်နေ ဒါယကာ ဒါယိကာမတို့သည် သံဃာတော်အား တစ်ကျပ်၊ ငါးမူး၊ တစ်မတ်၊ ဆယ်ပြား၊ ငါးပြားကို လှူကြကုန်သည်သာတည်း။

http://www.dhammadownload.com



ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းအများတို့သည် ထိုညဉ့်လွန်သောအခါ၌ ဝေသာလီပြည်နေ ဒါယကာ ဒါယကာမ အများတို့လှူသော ရွှေငွေကို ရဟန်းအရေအတွက်ဖြင့် အဖို့ထား၍ ခွဲဝေကြကုန်၏၊ ယင်းသို့ခွဲဝေသောအခါ အရှင်ယသအတွက်လည်း ထည့်၍ခွဲဝေကာ ငါ့ရှင်ယသ၊ ဤကား သင်၏အဖို့အစုငွေတည်းဟု ပြောဆို၍ ဝေစုပေးကြကုန်၏။

ထိုအခါ အရှင်ယသက

"ငါ့ရှင်တို့ ငါ၏ အဖို့အစုငွေ မရှိပါ၊ ငါသည် ငွေကို မသာယာပါ"

ဟု ပြောဆိုလေ၏။ ယင်းသို့ ပြောဆိုသော အခါ ဝဇ္ဇီတိုင်းသား ငွေခံသော ရဟန်းအများတို့သည်–

"ငါ့ရှင်တို့၊ ကာကဏ္ဍကပုတ္တအား၏သား ဤယသသည် သဒ္ဓါရှိသော၊ ကြည်ညိုသော ဒကာ ဒကာမတို့ကို ဆဲရေး၏။ ရေရွတ်၏၊ မကြည်ညိုမှုကိုပြု၏၊ ယခု ဤယသအား ငါတို့သည် ပဋိသာရဏီယကံကို ပြုကုန်အံ့"

ဟု ပြောဆိုတိုင်ပင်ကာ အရှင်ယသအား ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းများက ပဋိသာရဏီယကံ ပြုကြကုန်၏။ ယင်းသို့ ကံပြုသောအခါ အရှင်ယသက ဝဇ္ဇီတိုင်းသား ရဟန်း အများကို–

"ငါ့ရှင်တို့၊ ပဋိသာရဏီယ ကံပြုခံရသော ရဟန်းအား နောက်လိုက် တပည့်ရဟန်းကို ပေးရမည်"ဟု မြတ်စွာဘုရား

http://www.dhammadownload.com



ပညတ်တော်မူ၏။ ငါ့ရှင်တို့ ငါ့အား နောက်လိုက် တပည့် ရဟန်းကို ပေးကုန်လော့"

ဟု ပြောဆိုလေ၏။ ယင်းသို့ပြောဆိုသောအခါ ဝဇ္ဇီတိုင်းသား ရဟန်းအများတို့သည် ရဟန်းတစ်ပါးကို သမုတ်၍ အရှင်ယသ အား နောက်လိုက်တပည့် ရဟန်းကို ပေးကြလေကုန်၏။

## လနေတို့၏ အညစ်အကြေး ၄–ပါး

အရှင်ယသသည် နောက်လိုက်တမန် ရဟန်းတစ်ပါးရသော အခါ ယင်းကိုယ်စား တမန်နောက်လိုက် ရဟန်းနှင့်အတူတကွ ဝေသာလီပြည်ကို ဝင်ရောက်ကာ ဝေသာလီပြည်သား ဒကာ ဒကာမတို့အား–

"တကာ, တကာမတို့... ငါသည် သဒ္ဓါရှိသော၊ ကြည်ညိုသော တကာ, တကာမတို့ကို ဆဲရေးသတတ်၊ ရေရွတ်သတတ်၊ မကြည်ညိုမှုကို ပြုသတတ်။ ငါသည် တရားကို မတရားဟု ပြော၏၊ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြော၏၊ ဝိနည်းကို ဝိနည်းဟု ပြော၏"

ဒါယကာ–ဒါယိကာမတို့ အခါတစ်ပါးဝယ် ရှင်တော်မြတ် ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး တော်မူပါသည်။ တကာ,တကာမတို့ အဲဒီအချိန်အခါမှာ ဘုရားရှင် သည် ရဟန်းတော်တို့ကို 'ရဟန်းတော်များ အို...ချစ်သားတို့၊ လ,နေ တို့က အညစ်အကြေးတို့သည် လေးမျိုးတို့ရှိကုန်၏။ ယင်းလေးမျိုးသော အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့်

http://www.dhammadownload.com



လ,နေတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတော်များ၊ အိုချစ်သားတို့၊ လ,နေတို့၏ အညစ်အကြေးလေးမျိုးတို့သည်ကား အဘယ်သည်တို့နည်း…

(၁) ရဟန်းတို့၊ တိမ်တိုက်သည် လ,နေတို့၏ အညစ်အကြေးတည်း။

(၂) ရဟန်းတို့၊ ဆီးနှင်းသည် လ,နေတို့၏ အညစ်အကြေးတည်း။

(၃) ရဟန်းတို့၊ မြူခိုးသည် လ,နေတို့၏ အညစ် အကြေးတည်း။

(၄) ရဟန်းတို့၊ ရာဟုအသူရိန်သည် လ,နေတို့၏ အညစ်အကြေးတည်း။

ရဟန်းတော်များ အိုချစ်သားတို့ ဤလေးမျိုးတို့ကား လ,နေတို့၏ အညစ်အကြေးတို့တည်း။ ယင်းလေးမျိုးသော အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် လ,နေ တို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

## ရဟန်းတို့၏အညစ်အကြေး ၄–ပါး

ရဟန်းတော်များ အိုချစ်သားတို့၊ လ,နေတို့၏ အညစ်အကြေး လေးမျိုးရှိသည့်အတိုင်းပင် ရသော်၊ ရဟန်းတို့၏ အညစ်အကြေးတို့သည် လေးမျိုးရှိကုန်၏။ ယင်းလေးမျိုးသော အညစ်

http://www.dhammadownload.com



အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် အချို့သော ရသေ့ ရဟန်းတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်၊ မတင့်တယ်ကုန်။

ရဟန်းတော်များ အိုချစ်သားတို့ ရသေ့၊ ရဟန်းတို့၏ အညစ်အကြေး လေးမျိုးတို့သည်ကား အဘယ်သည်တို့နည်း–

(၁) ရဟန်းတို့ အချို့သောရသေ့ ရဟန်းတို့သည် သေရည်ကိုသောက်ကုန်၏။ အရက်ကို သောက်ကုန်၏၊ သေရည်အရက်ကိုသောက်ခြင်းမှ မရှောင်ကြဉ်ကုန်။

(၂) ရဟန်းတို့၊ နောက်တစ်မျိုးကား အချို့သောရသေ့၊ ရဟန်းတို့သည် မေထုန်အကျင့်ကို မှီဝဲကုန်၏၊ မေထုန်အကျင့်မှ မရှောင်ကြဉ်ကုန်။

(၃) ရဟန်းတို့၊ နောက်တစ်မျိုးကား အချို့သော ရသေ့ ရဟန်းတို့သည် မှားသော အသက်မွေးခြင်းဖြင့် အသက်မွေးကုန်၏။ မှားသော အသက်မွေးမှုမှ မရှောင်ကြဉ်ကုန်။

(၄) ရဟန်းတို့၊ နောက်တစ်မျိုးကား အချို့သော ရသေ့ ရဟန်းတို့သည် ရွှေငွေကို သာယာကုန်၏။ ရွှေငွေကို ခံယူခြင်းမှ မရှောင်ကြဉ်ကုန်။

ရဟန်းတော်များ အိုချစ်သားတို့၊ ဤလေးမျိုးသော အညစ်အကြေးတို့သည်ကား ရသေ့ ရဟန်းတို့၏ အညစ်အကြေးတို့တည်း။ ယင်းလေးမျိုးသော အညစ်အကြေးတို့ဖြင့် ညစ်နွမ်းသောကြောင့် အချို့သော ရသေ့ ရဟန်းတို့သည် မတောက်ပကုန်၊ မထွန်းလင်းကုန်။

http://www.dhammadownload.com



ဒါယကာ, ဒါယိကာမတို့၊ ရှင်တော်ဘုရားသည် ဤစကားကို ဟောတော်မူပြီးနောက် ဤဂါထာစကားကို ဆက်၍ တဖန် ဟောတော်မူပြန်ပါတယ်။

"ရဟန်းတော်များ အိုချစ်သားတို့၊ ရာဂ၊ ဒေါသဖြင့် ညစ်နွမ်းသော အဝိဇ္ဇာဖုံးလွှမ်းသော ပိယရုပ်၊ သာတရုပ်ကို နှစ်သက်သော ပေါ်သမည်သော အချို့သော ရသေ့, ရဟန်းတို့သည် သေရည်အရက်ကို သောက်ကုန်၏။ မေထုန်မှီဝဲကုန်၏။ ရွှေငွေကို သာယာကုန်၏။ မှားသောအသက်မွေးမှုဖြင့် အသက်မွေးကုန်၏။

ရဟန်းတော်များ အိုချစ်သားတို့ ယင်းအညစ်အကြေးတို့ဖြင့် ညစ်နွမ်းသော အချို့သော ရသေ့၊ ရဟန်းတို့သည် မတောက်ပကုန် မထွန်းလင်းကုန်၊ မစင်ကြယ်သော ကိလေသာမြူရှိသော သားကောင်နှင့်တူသော အမိုက်တိုက်ဖြင့် ဖုံးလွှမ်းအပ်သော တဏှာ၏ကျွန်ဖြစ်သော တဏှာနှင့်တကွဖြစ်သော အချို့သော ရသေ့ ရဟန်းတို့သည် ကြမ်းတမ်းသော သင်္ချိုင်းမြေကို တိုးပွားစေကုန်၏။ ဘဝသစ်ကို ယူကုန်၏။

ဒါယကာ, ဒါယိကာမတို့ နေမင်း၏အဆွေ ဖြစ်တော်မူသော ရှင်တော်ဘုရားသည် ဤတရားစကားတို့ကို ကောင်းစွာ ဟောကြားတော်မူခဲ့၏။

ဤသို့ အယူရှိသော ငါသည် သဒ္ဓါတရားရှိသော ကြည်ညိုသော ဒါယကာ ဒါယိကာမ တို့ကို ဆဲရေးသတတ်၊ ရေရွတ်သတတ်၊ မကြည်ညိုမှုကို ပြုလုပ်သတတ်။

http://www.dhammadownload.com



ငါသည် မတရားသည်ကို မတရားဟု ပြော၏။ တရားကို တရားဟု ပြော၏။ ဝိနည်းမဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြော၏။ ဝိနည်းကို ဝိနည်းဟု ပြော၏။

## ရွှေငွေအပ်က ကာမဂုဏ်အပ်

ဒါယကာ, ဒါယိကာမတို့၊ အခါတစ်ပါး၌ ရှင်တော်မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူ၏။ ထိုအခါ နန်းတော်တွင်း မင်းပရိသတ်နှင့် ပေါင်းစုဝေး နေထိုင်ကုန်သော မင်းပရိသတ်တို့အား ဤစကားသည် ထင်ရှားဖြစ်လာ၏။

သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့အား ရွှေငွေသည်အပ်၏။ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို သာယာကုန်၏။ သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို ခံယူကုန်၏။

ယင်းသို့ စကားထင်ရှား ဖြစ်ပေါ်လာသောအခါ မဏိစူဠက ရွာသူကြီးသည် ယင်းပရိသတ်တွင် ထိုင်နေ၏။ ထိုအခါ မဏိစူဠက ရွာသူကြီးသည် ထိုပရိသတ်အား ဤသို့ပြောကြား၏။

"အရှင်တို့ ဤသို့မပြောပါကုန်လင့်၊ သာကီဝင် မင်းသား အနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေသည် မအပ်၊ သာကီဝင်သား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်၊ သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မခံယူကုန်၊ သာကီဝင်

http://www.dhammadownload.com



မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ပတ္တမြား ရွှေငွေကို စွန့်ပစ်ချထားကုန်၏။ ရွှေငွေမှကင်းကုန်၏။

မဏိစူဠက ရွာသူကြီးသည် ထိုပရိသတ်ကို နားလည်စေခြင်းငှာ မတတ်နိုင်ပါ။ ဒါယကာ ဒါယိကာမတို့၊ ထိုအခါ မဏိစူဠက ရွာသူကြီးသည် ရှင်တော်ဘုရားထံပါးသို့ အရောက်သွားကာ အကြောင်းစုံကို လျှောက်ထား၏။ ပြီးသော် ဤသို့ ဆက်၍ လျှောက်ထား၏။

"မြတ်စွာဘုရား၊ အဘယ်သို့ပါနည်း၊ ပြောသော တပည့်တော်သည် မြတ်စွာဘုရား ပြောဟောသောစကားကို ပြောသူ ဟုတ်ပါ၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သောစကားဖြင့် မစွပ်စွဲခြင်း မည်ပါ၏လော၊ တရားတော်အား လျော်သော တရားကိုလည်း ပြောခြင်းမည်ပါ၏လော၊ ဝါဒတော် အားလျော်အောင် ပြောဆိုမှုအချို့သည် အကြောင်းလုံလောက်လျက် ကဲ့ရဲ့ဖွယ်ရာသို့ မရောက်ရှိပါ၏လော"

ယင်းသို့ မဏိစူဠက ရွာသူကြီးက ရှင်တော်ဘုရားအား လျှောက်ထားသည်ရှိသော် ရှင်တော်ဘုရားက ရွာသူကြီးအား ဤစကားကို မိန့်ကြားတော်မူပါတယ်။

"ရွာသူကြီး၊ သင်သည် ဤသို့ပြောမှုအမှန်ပင်၊ ငါပြောဟောသောစကားကို ပြောသူတည်း၊ မဟုတ်မမှန်သော စကားဖြင့် ငါ့ကိုလည်း စွပ်စွဲသည်မမည်၊ တရားတော်အား လျောက်ပတ်သော စကားကိုလည်း ပြောခြင်းမည်၏။ ဝါဒတော်အားလျော်အောင် ပြောဆိုမှုအချို့သည် အကြောင်းလုံလောက်လျက် ကဲ့ရဲ့ဖွယ်ရာသို့ မရောက်–

http://www.dhammadownload.com



ရှာသူကြီး သာကီဝင်မင်းသား၊ ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့အား ရွှေငွေသည်မအပ်၊ သာကီဝင်မင်းသား ဘုရား အနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မသာယာကုန်။ သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ရွှေငွေကို မခံယူကုန်။ သာကီဝင်မင်းသား ဘုရားအနွယ်တော် ဖြစ်သော ရဟန်းတို့သည် ပတ္တမြားရွှေကို စွန့်ပစ်ချထားကုန်၏။ ရွှေငွေမှ ကင်းကုန်၏။

ရှာသူကြီး ရွှေငွေအပ်သူအား ကာမဂုဏ် ငါးပါးတို့လည်း အပ်ကုန်၏။ ရှာသူကြီး၊ ကာမဂုဏ်ငါးပါးအပ်သူကို "ရဟန်း တရားမရှိသူ သာကီဝင်မင်းသား ဘုရားအနွယ်တော်တို့၏ တရား မရှိသူ"ဟု ကေန်မှတ်လော့။

ရှာသူကြီး၊ စင်စစ်ကား ငါသည် ဤသို့ဟော၏ "မြက်ကို အလိုရှိသူသည် မြက်ကိုရှာအပ်၏။ သစ်သားကို အလိုရှိသူသည် သစ်သားကို ရှာအပ်၏။ လှည်းကို အလိုရှိသူသည် လှည်းကို ရှာအပ်၏။ အမှုလုပ် ယောကျ်ားကို အလိုရှိသူသည် အမှုလုပ် ယောကျ်ားကို ရှာအပ်၏။ ရှာသူကြီး၊ မည်သည့်အကြောင်းနှင့်မျှ ရွှေငွေကို 'သာယာအပ်၏၊ ရှာမှီးအပ်၏'ဟု ငါမဟော။

## အကြောင်းရင်း

အို...စာရှုသူ ယခုဆိုလျှင် စာရှုသူ ဖတ်ရှုလာသော အကြောင်းအရာကား ရှည်လျားခဲ့ချေပြီ။ စာရှုသူအနေနှင့် ဤမျှ ရှည်လျားသော စာသားများကို ဖတ်ရှုလိုက်ရသဖြင့် မိမိ၏ ရေးလို ရင်းအကြောင်းရင်းကို သိလောက်ပြီဟု ထင်ပါသည်။

http://www.dhammadownload.com



မိမိရေးလိုရင်းအကြောင်းရင်းမှာ ရဟန်းတော်တို့သည် ကိုယ်တိုင် ရွှေငွေကို မခံယူအပ်၊ မသာယာအပ်ဟု သိစေလိုရင်း ဖြစ်ပါသည်။ စာရှုသူသည် သိလောက်ပါပြီ။ မိမိသည် ယင်းသို့ သိစေလိုရင်း အကြောင်းရင်း၏ အကြောင်းလည်း ရှိပါသည်။ ယင်းအကြောင်းကား အဘယ်သို့ပါနည်း။

မိမိသည် တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့သို့ ဓမ္မဒေသနာ ခရီးသည် အဖြစ်ဖြင့် လှည့်လည်စဉ် တစ်ချိန်သော နွေကာလ မြို့နယ်တစ်နယ်တွင် ၁၀ ရက်စခန်း တရားပြခိုက် ဖြစ်၏။ မိမိနှင့် မသိသော ဒါယကာ သုံးလေးယောက် ရောက်လာကာ ရှိခိုးဦးချ ထိုင်နေကြပြီး လျှောက်ထားသည်။

"အရှင်ဘုရား၊ တပည့်တော်တို့ဟာ အရှင်ဘုရားရဲ့ စာဖတ် ပရိသတ်တွေပါဘုရား"

"အင်း..."

"အရှင်ဘုရား၊ စာအုပ်တွေဖတ်ရတော့ တပည့်တော်တို့ များစွာ အသိဉာဏ်တိုးတက်ပါတယ်ဘုရား"

"အင်း..."

"အထူးသဖြင့် ဗုဒ္ဓဓမ္မပြဿနာများ စာအုပ်တွေဟာ တပည့် တော်အတွက် အထူးသဖြင့် မရှင်းလင်းတဲ့ ပြဿနာတွေ ရှင်းလင်း သွားစေပါတယ်ဘုရား"

"အင်း..."

"ယခု တပည့်တော်တို့ လာရခြင်း အကြောင်းရင်းကတော့ တပည့်တော်တို့ တွေ့ကြုံရတဲ့ ပြဿနာတစ်ရပ်ကို တင်ပြ လျှောက် ထားလိုလို့ လာပါတယ်အရှင်ဘုရား"

http://www.dhammadownload.com



"ဘာလဲ၊ ပြဿနာထဲက ပြဿနာပေါ်လို့လား"

"ပြဿနာထဲက ပြဿနာပေါ်လို့ မဟုတ်ပါဘုရား။ ရဟန္တာကနေ ပြဿနာပေါ်လို့ပါဘုရား"

"ဟ–ဘယ်ကလာ ကပ်သီးကပ်သပ် ရဟန္တာကနေ ပြဿနာပေါ်ရလဲ၊ ရဟန္တာဆိုတာ ကိလေသာ ငြိမ်းနေပြီးဖြစ်တဲ့ အတွက် ပြဿနာလည်း သိမ်းပြီး ရဟန္တာကနေ ပြဿနာမပေါ်နိုင်တော့ဘူး"

"တင်ပါ့၊ တပည့်တော်တို့လည်း အဲဒီသဘောကို ရိပ်မိသိရှိပါတယ်ဘုရား၊ ဒါကြောင့် ဒီပြဿနာပေါ်ရတာပါဘုရား"

"အင်း... ဒါဖြင့် ဒါယကာကြီးတို့ ပြဿနာက အဆန်းသားပဲ၊ ဘုန်းကြီးတောင် စိတ်ဝင်စားလာပြီ၊ ကဲ... ဒါဖြင့် မြန်မြန် ပြောစမ်းပါ"

"ဒီလိုပါဘုရား၊ တပည့်တော်တို့ တစ်ခါက တပည့်တော်တို့ မြို့သို့ ရဟန္တာတစ်ပါး ကြွလာတယ်ဆိုလို့ တပည့်တော်တို့လည်း ဖူးချင်တာနဲ့ အားခဲပြီး မြို့တက်လာပြီး ရဟန္တာဖူးပါတယ်ဘုရား"

"အင်း..."

"လူတွေကလည်း တိုးမပေါက်ပါဘုရား၊ ရဟန္တာဆိုပြီး ဝိုင်းဖူးနေကြ၊ လှူနေကြတာ"

"အင်း..."

"တပည့်တော်တို့လည်း ရဟန္တာဖူးချင်လို့ တောကတောင် တက်လာရတာဆိုတော့ တောသားပီပီ ပရိသတ်ထဲ အတင်းတိုးပြီး ဖူးတာပေါ့ဘုရား"

http://www.dhammadownload.com



"အင်း..."

"ဖူးတော်ဘုရား ရဟန္တာက ငွေတွေအလှူခံနေတယ်ဘုရား"

"သူ့လက်နဲ့ အလှူခံတာလား"

"မှန်ပါဘုရား၊ သူ့လက်နဲ့ဘုရား၊ သူကိုယ်တိုင်ပဲ အလှူခံပါတယ်ဘုရား"

"အဲဒီလို ရဟန္တာဆိုပြီး ငွေအလှူခံနေတာတွေ့တော့ ဒါယကာကြီးတို့က ဘယ်လိုဆုံးဖြတ်လဲ"

"တို့ရွာက ဘုန်းကြီး ငွေအလှူခံသလို ဒီရဟန္တာလည်း ငွေအလှူခံတာပဲ၊ **တို့ရွာက ဘုန်းကြီးနဲ့ ဘာထူးသလဲ** ဆိုပြီး ပြန်လာခဲ့ပါတယ် ဘုရား"

"ဒါယကာကြီးတို့လည်း ငွေမလှူခဲ့ဘူးလား"

"တပည့်တော်တို့ ငွေလည်း မလှူခဲ့ပါဘုရား၊ ရှိလည်းမရှိခိုးခဲ့ပါဘုရား"

"အင်း...ကောင်းတယ်၊ ကောင်းတယ်၊ ဒါယကာကြီးတို့လိုသာ အသိဉာဏ်ရှိတဲ့လူတွေများရင် ဒီလိုရဟန္တာ အတုတွေ မပေါ်နိုင်ဘူး"

"အဲဒါ အရှင်ဘုရားကို တပည့်တော်တို့ တစ်ခုတော့လျှောက်ထားပါရစေဘုရား"

"ဘာလျှောက်ထားချင်လဲ"

"ငွေကို ရဟန္တာဆိုတာ မပြောထားနဲ့ ပုထုဇဉ်ရဟန်းအများပင် ကိုယ်တိုင်မကိုင်ခံသင့်ကြောင်း၊ ကိုယ်တိုင်မကိုင်ခံအပ်ကြောင်းကို ဒါယကာ ဒါယိကာမ အများသိအောင် ဗုဒ္ဓဓမ္မပြဿနာများစာအုပ်ထဲမှာ ရေးထည့်ပါဘုရား"

http://www.dhammadownload.com



"အင်း ရေးဆိုတာ လွယ်တာမဟုတ်ဘူး ဒါယကာကြီးတို့ရဲ့၊ အကြောင်းပေါ်မှ၊ ပြဿနာပေါ်မှ ရေးလို့ဖြစ်တာ၊ ပြဿနာ မပေါ်ဘဲနဲ့ ရေးလို့ မဖြစ်ဘူး"

"ယခု ပြဿနာ ပေါ်နေပြီပဲဘုရား"

"ပြဿနာပေါ်ပေမယ့် ဘယ်လိုကဘယ်လို ရေးရမှန်းလည်း မသိသေးဘူး ဒါယကာကြီးတို့ရဲ့"

"ငွေကို ဘယ်လိုခံယူရင် မအပ်ကြောင်း၊ ဘယ်လိုခံယူရင် အပ်ကြောင်း ခွဲခြားပြီးရေးရင် ဖြစ်ပါတယ်ဘုရား၊ အဲဒီလိုရေးပါဘုရား"

"ဝိနည်းရေးဖြစ်နေတော့ စိတ်ဝင်စားအောင် မနည်းဘဲကြိုးစားရေးရမယ်"

"ကြိုးစားရေးပါဘုရား၊ ဒါမှလည်း သာသနာတော်မှာ အတုတွေပျောက်ပြီး အစစ်တွေ အရောင် တောက်လာပါလိမ့်မယ်ဘုရား"

## ငွေလှူနည်း

"ကဲ...ဒါဖြင့် ဒါယကာကြီးတို့ပဲ တစ်ခါတည်း ပြဿနာရှင်လုပ်ပြီးတော့ အပြောနဲ့ရေးကြည့်ရအောင် ပြီးတော့ စာရေးချိန်ရောက်မှ စာအုပ်ထဲ ထည့်ရေးတာပေါ့နော်"

"မှန်ပါ့ဘုရား"

"ငွေကို ရဟန်းတစ်ပါးပါးထံသို့ တိုက်ရိုက်လှူလို့ ဘယ်လိုနည်းနဲ့မှ မလှူကောင်းပါဘူး၊ ဒီတော့ ငွေလှူချင်တဲ့ ဒါယကာက

http://www.dhammadownload.com



အဲဒီရဟန်းတော်ရဲ့ ကပ္ပိယကိုသိထားရင် ကပ္ပိယကို မေးစရာ မလို၊ ကပ္ပိယညွှန်းပါလို့ ပြောစရာမလိုပါဘူး၊ အဲဒီ ရဟန်းရဲ့ ကပ္ပိယထံသွားပြီး ငွေတစ်ရာအပ်လိုက်ပါ၊ ပြီးတော့ ရဟန်းတော် ထံ သွားပြီးတော့"

"အရှင်ဘုရား၊ အရှင်ဘုရား၏ ကပ္ပိယဦးဖြူထံတွင် တစ်ရာ တန်အပ်သော ပစ္စည်းကိုတောင်းခံတော်မူပါဘုရား"

လို့ ငွေလှူတဲ့ ဒါယကာက ရဟန်းတော်ထံသို့ လာပြီးတော့ လျှောက်ထားရမယ်၊ အဲဒီလို လျှောက်တော့ လှူတာဟာ ငွေ ဖြစ်သော်လည်း ငွေအလှူမဟုတ်တော့ဘူး၊ ပစ္စည်းအလှူဖြစ်သွား တယ်၊ ဟိုကပ္ပိယထံကငွေကို အလှူမခံရဘူး၊ အပ်သောပစ္စည်းသာ အလှူခံရမှာနော်။

အဲဒီမှာ မှတ်ထားရမှာရှိသေးတယ်၊ ငွေလှူသူ ဒါယကာက မလျှောက်ထားတတ်၍ မလျှောက်ထားပဲ ကပ္ပိယအား ဘုန်းကြီး လိုတာ ဝယ်လှူပါလို့ ပြောပြီး လှူသွားရင် အဲဒီ ကပ္ပိယက ဘုန်းကြီးအား-

> "အရှင်ဘုရား၊ ဘုရားတပည့်တော်ထံ ဒါယကာ မောင်နီက တစ်တရာတန်ပစ္စည်း အပ်နှံထားခဲ့ပါသည်၊ အရှင်ဘုရား အလိုရှိသောအခါ တပည့်တော်ထံ တစ်တရာ တန် ပစ္စည်း အလှူခံတော်မူပါဘုရား"

လို့ လျှောက်ထားရမယ်၊ အဲဒီလိုလျှောက်ထားရင်လည်း ကပ္ပိယထံ တစ်ရာတန်အပ်သောပစ္စည်း အလှူခံကောင်းပါတယ်။

http://www.dhammadownload.com



"အဲလှူသူဒကာက ကပ္ပိယထံတစ်ရာလှူသွားတယ်၊ လျှောက်ထားမှု မတတ်လို့ မလျှောက်ထားဘူး၊ ကပ္ပိယလည်း မလျှောက်ထားဘူးဆိုရင် အဲဒီကပ္ပိယထံ အဲဒီငွေနှင့် ပတ်သက်၍ ပစ္စည်း မတောင်းခံကောင်းပါဘူး"

"ငွေအပ်ထားမှန်းသိနေရင် ဒကာ့မောင်နီ၊ ဒကာ့ငွေတစ်ရာ ဒကာ့ဘာသာ ပြန်တောင်းယူလို့ ပြောရမယ်"

## အထူးမှတ်ရန်

ဒ်နေရာမှာ အထူးမှတ်ရန်တစ်ချက်ပြောချင်ပါတယ်၊ ကပ္ပိယ သိနေရင် ဘုန်းကြီးထံသွားပြီး "ကပ္ပိယညွှန်းပါဘုရား"လို့ မလျှောက်ထားတော့ပါ၊ မိမိလှူချင်သော ငွေတစ်ရာကို ကပ္ပိယ ထံအပ်ပြီး ခုနကလို လျှောက်ထားရင် 'ဒကာညွှန်းကပ္ပိယ'ဖြစ်၍ အဲဒီ ကပ္ပိယထံမှာ အကြိမ်ကြိမ်တောင်းကောင်းတယ်တဲ့နော်"

"မှန်ပါ့ဘုရား"

"အဲဒီလိုမဟုတ်ဘဲ ငွေတစ်ရာလှူချင်တဲ့ ဒကာမောင်နီက ဘုန်းကြီးထံလာပြီး 'အရှင်ဘုရား ကပ္ပိယညွှန်းတော်မူပါဘုရား' လို့ လျှောက်လို့ ဘုန်းကြီးက 'ဦးဖြူဟာ ဘုန်းကြီးရဲ့ ကပ္ပိယပဲ' လို့ ညွှန်းလိုက်တယ်။ အဲဒါရဟန်းညွှန်း ကပ္ပိယဖြစ်သွားတယ် နော်"

"မှန်ပါဘုရား"

"အဲဒီရဟန်းညွှန်း ကပ္ပိယအထံတွင် အပ်ပြီး စနစ်တကျ လျှောက်ထား ပြီးသော်လည်း (၆)ကြိမ်သာ အဲဒီ ကပ္ပိယထံ

http://www.dhammadownload.com



တောင်းခံကောင်းပါတယ်၊ (၆)ကြိမ်တောင်းလို့ ငွေကျန်သေးရင် ကျန်ငွေများကို သင်တို့ပြန်တောင်းယူကြ'လို့ အလှူဒကာအား ပြောရမယ်နော်"

"မှန်ပါ့ဘုရား"

## မအပ်သော ကပ္ပိယ

"အေးခုနက ပြောခဲ့သလို ရဟန်းကလည်းမညွှန်း၊ ဒကာကလည်း မညွှန်းဘဲ မည်သူမျှမညွှန်းဘဲ ခေါ်ပေးသောငွေကို လက်ခံထားသော ကပ္ပိယထံ၌ကား တစ်ကြိမ်မျှ မတောင်းခံကောင်း၊ မတောင်းခံအပ်ဘူးတဲ့နော်"

"မှန်ပါ့ဘုရား"

## ကပ္ပိယလိမ္မာ

အင်း…လှူသူဒကာဆိုတာကတော့ လှူချင်တာသာ သိ၍ လှူတတ်ဖို့တော့ သိချင်မှသိမယ်၊ ဘယ်သူ အရေးကြီးလဲဆိုတော့ ဘုန်းကြီးကပ္ပိယ အရေးကြီးပါတယ်၊ ဘုန်းကြီး ကပ္ပိယက အလှူဒါယကာအား သင်ပေးရင်ပေး မပေးရင်လည်း ကပ္ပိယ ကိုယ်တိုင်–

"အရှင်ဘုရား၊ ဘုရားတပည့်တော်ထံသို့ မောင်နီက တစ်ရာ တန်ပစ္စည်းများအပ်နှံသွားပါသည်။ အရှင်ဘုရား အလိုရှိသောအခါ ဘုရားတပည့်တော်ထံ တစ်ရာတန် အပ်သော ပစ္စည်းများလို အလှူခံတော်မူပါ"

http://www.dhammadownload.com



လို့ လျှောက်ထားရပါတယ်၊ အဲဒါက ကပ္ပိယက တိုက်ရိုက် လျှောက်ထားနည်းလို့ ခေါ်တယ်၊ အဲဒီလို ကပ္ပိယက တိုက်ရိုက် လျှောက်ထားလည်း အပ်တယ်နော်"

"မှန်ပါဘုရား"

## လျှောက်ပုံအမျိုးမျိုး

"ဒီနေရာမှာ လျှောက်ထားပုံအမျိုးမျိုးကို အကျဉ်းချုပ်ပြီးတော့ ပြောပြချင်ပါတယ်။ အဲဒါတွေလည်း သိသင့်ပါတယ်၊ တချို့လျှောက်ကြတယ်။

"တပည့်တော်တို့ အိမ်သားအားလုံးအထံ၌အပ်သော ပစ္စည်းများကို အလိုရှိသောအခါ အလှူခံတော်မူပါဘုရား"

"တပည့်တော်တို့ ဇနီးမောင်နှံ အထံ၌အပ်သောပစ္စည်းများကို အလိုရှိသောအခါ အလှူခံတော်မူပါဘုရား"

"တပည့်တော်တို့၏သားအထံတွင် အပ်သောပစ္စည်းများကို အလိုရှိသောအခါ အလှူခံတော်မူပါဘုရား"

"တပည့်တော်၏ သမီးအထံ၌ အပ်သော ပစ္စည်းများကို အလိုရှိသောအခါ အလှူခံတော်မူပါဘုရား"

"အဲဒီလိုလျှောက်ထားတာကတော့ သူ့စေတနာအလျောက် ပစ္စည်းအကန့်အသတ်မထားဘဲ လျှောက်ထားတာပါ၊ ဆွေမျိုးမတော်သူများထံ အဲဒီလို မလျှောက်ထားက အလှူမခံကောင်းပါဘူး"

http://www.dhammadownload.com



အများအားဖြင့်တော့ ရင်းနှီးရင် ဒါယကာရင်း၊ ဒါယိကာမ ရင်းဆိုပြီး အလှူခံတတ်ကြပါတယ်၊ ဘယ်လောက်ပဲ ရင်းနှီးရင်းနှီး ခွေမျိုးမတော်က မဖိတ်ထားသူများထံတွင် ကွမ်းတစ်ရွက်မျှတောင် အလှူမခံကောင်းပါဘူး"

## ခရီးသွားဆဲ

"ပြီးတော့ သိစရာတစ်ခု ရှိပါသေးတယ်၊ တစ်ချို့ကပ္ပိယ လုပ်ပြီးတော့ ဘုန်းကြီးနောက် လိုက်သွားတယ်၊ ထည့်လိုက်လို့ လိုက်သွားတယ်၊ ကပ္ပိယထံသို့ ဒါယကာ ဒါယိကာမများ လမ်းစရိတ်ငွေ အပြည့်အစုံပေးလိုက်တယ်၊ အဲဒီအခါ ကပ္ပိယက-

"အရှင်ဘုရား၊ ယခုခရီးသွားဆဲ အတွင်းရှိ ဘုရား တပည့်တော်ထံ အပ်စပ်သော ပစ္စည်းများကို အလှူခံတော်မူပါဘုရားလို့ လျှောက်ထားရတယ်၊ ကပ္ပိယတော့ ထည့်လိုက်တယ်၊ အဲဒီထည့်လိုက်သူကလည်း အပ်စပ်အောင် မလျှောက်ထားရင် ထည့်လိုက်တဲ့ ကပ္ပိယကလည်း ခုနကလို အပ်စပ်အောင် မလျှောက်ထားရင် အဲဒါ ဘုန်းကြီးအခက်တွေ့ရော"

"အင်း...ဒီလိုဆိုတော့ တပည့်တော်တို့ ဒါယကာတွေ လိမ္မာဖို့ အများကြီးလိုတာပေါ့ဘုရား"

'တပည့်လိမ္မာ ဆရာအာပတ်လွတ်'ဆိုတာ အဲဒါမျိုး ပြောတာ၊ ယခုတော့ ဒီလိုမဟုတ်ပါဘူး၊ ညချင်းသုပ်ဆိုပြီး ပဲမှုန့်တွေ အချိုမှုန့်တွေ ထည့်သုတ်ကပ်တယ်။ ဒါမျိုးက တပည့်လိမ္မာတာ မဟုတ်ဘူး၊ တပည့်မိုက်တာနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



## ကျောင်းအမှတ် သီတင်းသုံးပါ

"ပြီးတော့ရှိသေးတယ်၊ မြို့ရွာတိုင်းမှာလိုပဲ ရှိတယ်၊ တွေ့ရတယ်၊ အိမ်သို့ သံဃာတော်များ ဆွမ်းစားပင့်ပြီး ဆွမ်းကပ်တဲ့အခါမှာ ချမ်းသာစွာ နေခွင့်ရစေလိုသောသဘောဖြင့် သက်နှိုးမရှိဘဲ နေစေလိုတဲ့ စေတနာဖြင့်–

"အရှင်ဘုရားတို့၊ ဒီအိမ်ကို ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူပါဘုရား"

"သို့မဟုတ် အရှင်ဘုရား သီတင်းသုံးသမျှ ဒီအိမ်၊ ဒီမဏ္ဍပ်ကို လှူပါ၏၊ ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူပါဘုရားလို့ လျှောက်ထားတဲ့အလေ့ရှိပါတယ်။ အဲဒီလိုလျှောက်ထားရုံမျှဖြင့် ကျောင်းလည်းမဖြစ်၊ အလှူလည်းမမြောက်ရကား ရဟန်း သံဃာတော်တွေမှာ ထူးပြီးတော့ လွတ်လပ်စွာ နေနိုင်ခွင့် မရပါဘူး"

"ယခုခေတ်တော့ ဒီလိုပဲလုပ်နေကြပါတယ်ဘုရား"

"အေး...ရှေးကမသိလို့ လုပ်ကြတာ ယခုသိတော့ ရှေ့ဆက်ပြီး မလုပ်ကြပါနဲ့တော့ပေါ့"

"မှန်ပါဘုရား"

## ဒါယကာကောင်းမှသံဃာကောင်းရ

"ဘုန်းကြီးနောက်ဆုံးအနေနဲ့ ပြောချင်တာက ဒါယကာကောင်းမှ သံဃာကောင်းရမယ်၊ ဒါယကာ မကောင်းရင် သံဃာကောင်းမရနိုင်ဘူး။ သံဃာကောင်းနိုင်အောင် ဒါယကာက ကောင်း

http://www.dhammadownload.com



ပေးရတယ်၊ အပ်စပ်အောင် လျှောက်တတ် ဆောင်ရွက်ပေးတတ် ရတယ်၊ ဆောင်ရွက်ပေးရတယ်၊ အဲဒီလို ဆောင်ရွက်ပေးတော့မှ သံဃာကလည်း ကောင်းသည့်ထက် ကောင်းလို့ရတယ်"

ယခုခေတ် ဘုန်းကြီးအမြင်နဲ့ ပြောရရင် ဒါယကာကလည်း ကောင်း၊ သံဃာကလည်းကောင်း နှစ်ဘက်ကောင်းဟာ ရှားပါတယ်၊ ဒါယကာကောင်းပြီး သံဃာဘက်က မကောင်းတာလည်း တွေ့ရပါတယ်၊ သံဃာကောင်းပြီး ဒါယကာ မကောင်းတာလည်း တွေ့ရပါတယ်၊ နှစ်ဘက်လုံး မကောင်းတာလည်း တွေ့ရပါတယ်။

အရေးကြီးတာက ဒါယကာဟာ ဒါယကာအရာမှာ လိမ္မာကျွမ်းကျင်ပြီး ဒါယကာဝတ်ကျေဖို့၊ ဂရုစိုက်ဖို့၊ ဒါယကာကဝင်ပြီး ကျောင်းကိစ္စမှာ ဆရာမလုပ်နဲ့၊ အဲဒီလို ဆရာလုပ်ရင် ဒါယကာဆရာ၊ ဒါယကာကဆရာဖြစ်သွားတယ်၊ ဘယ်တော့မှမကောင်းဘူး။

ပြီးတော့ ဆရာဟာ ဆရာအရာမှာ လိမ္မာကျွမ်းကျင်ပြီး ဆရာဝတ် ကျေဖို့ပဲ ဂရုစိုက်၊ ဆရာကဝင်ပြီး ဒါယကာကိစ္စမှာ ဆရာမလုပ်နဲ့၊ အဲဒီလို ဆရာလုပ်ရင် ဆရာဒါယကာ၊ ဆရာက ဒါယကာ ဖြစ်သွားတယ်၊ ဘယ်တော့မှမကောင်းဘူး။

ပြီးတော့ ဆရာသည့်ပင်လျှင် ဒါယကာ၊ ဒါယကာသည့်ပင် လျှင်ဆရာ၊ ဆရာဒါယကာ၊ ဒါယကာဆရာ။ အဲဒါလည်း မကောင်းဘူး၊ ဘာအကျိုးမှမရဘူး၊ ခုခေတ် အဲဒါတွေ များတယ်။

အကောင်းဆုံးက ဒါယကာရဲ့ဆရာမှ အကောင်းဆုံး၊ ဒါယကာကလည်း ဒာယကာအရာတည်။ တပည့်ခံ၊ ဆရာက

http://www.dhammadownload.com



လည်း ဆရာအရာတည်၊ ဒါယကာကို နည်းလမ်းကောင်း ညွှန်ပြပေ့၊ ဘုန်းကြီးတို့တော့ အဲဒါပဲဖြစ်စေချင်တယ်။ ကဲ... တော်ရောပေ့။

"ဦးတင်ပါတယ်ဘုရား"

- ဒါယကာလည်း ကောင်း၊ ဆရာကောင်း အကောင်းညီမျှပါ၊
- ဒါယကာဆိုတာ အရာရာ ဘယ်ခါမဝင်ရာ၊
- ဆရာဆိုတာ ဒါယကာ ဘယ်ခါမဝင်ရာ၊
- ဒါယကာမကောင်း၊ ဆရာကောင်း အကောင်းမဖြစ်ပါ၊
- ဆရာကောင်းကိုး ဒါယကာဆိုး အဆိုးပျောက်တော့တာ။

http://www.dhammadownload.com



# ဘာမှမသိတော့တဲ့နေရာဟာ နိဗ္ဗာန်ပဲလားဘုရား

{၆}

အို...စာရှုသူ လူအမျိုးမျိုး၊ နတ်အထွေထွေရှိသည်မဟုတ်ပါလား၊ အမျိုးမျိုးသော လူနတ်တို့သည် အမျိုးမျိုးကြံတွေးကြကာ အမျိုးမျိုးပြဿနာတက်နေကြသည် မဟုတ်ပါလား။

လူနတ်အမျိုးမျိုးမှ တက်လာသော ပြဿနာအမျိုးမျိုးကို ခွဲဝေလိုက်က လောကရေးဆိုင်ရာ ပြဿနာများ ဓမ္မရေးဆိုင်ရာ ပြဿနာများဟူ၍ နှစ်မျိုးခွဲနိုင်ပါသည်။

ယင်းဓမ္မရေးသည်လည်း ဗုဒ္ဓဓမ္မရေးနှင့် အခြားဓမ္မရေးဟူ၍ ရှိပြန်ပါသည်။ မိမိသည် ဗုဒ္ဓရေးနှင့် ပတ်သက်သော ပြဿနာများကို အများနားလည်အောင် အတတ်နိုင်ဆုံးဖြေရှင်းကာ ဗုဒ္ဓဓမ္မပြဿနာများစာအုပ်ကို ရေးသားပါသည်။

http://www.dhammadownload.com



ထိုသို့ရေးသားဖြေရှင်းရာ၌ စာရှုသူတို့ ဖတ်ရှုရာ၌ မငြီးငွေ့ရန် နားလည်လွယ်ရန် ပြဿနာတစ်ခုနှင့်တစ်ခု မတူ ထူးခြားဖြေကြား ရေးသားလေ့ရှိပါသည်။ ယခု **"ဘာမှမသိတော့တဲ့ နေရာဟာ နိဗ္ဗာန်ပဲလားဘုရား"**ဆိုတဲ့ ပြဿနာမှာ ယင်းတစ်ခုတည်း မဟုတ်ပါ၊ ပေးစာတစ်စောင်မှ တစ်ခုမျှသာ ဖြစ်ပါသည်။

"ယခု ယင်းပေးစာကို ဖြေကြားရာတွင် ပေးစာတုန်းမှ ဖြေကြားနည်းစနစ်မသုံးဘဲ အမေးရောက်က အဖြေကိုအောက်မှ လက်သည်းကွင်းကာ ဖြေထားပါသည်။ စာရှုသူ ဖတ်ရှုလို့ တစ်မျိုးတော့ ဖြစ်ကောင်းဖြစ်ပါမည်။ ဖတ်ရှုကြည့်စမ်းပါဘိ"

၅–၂–၈၂

**ကျေးဇူးရှင်ဆရာတော်**

တပည့်တော်ရှိသေစွာလျှောက်ထားအပ်ပါသည်ဘုရား။ အခု ရက်တွင် စာမေးပွဲကိစ္စနှင့် တပည့်တော်သိလိုသော အချက်များကို လျှောက်ထားရန် ရေးသားနေရသဖြင့် အချိန်လုကာ အလုပ်လုပ်နေရပါသည်ဘုရား။

ဒါကြောင့် တပည့်တော် တရားအားထုတ်ချိန် မရတော့ပါဘုရား၊ ဘုရားရှိခိုးပြီး အိပ်တော့မယ်လို့ ဘုရားရှိခိုးရန် ဘုရားစင်ရှေ့မှာထိုင်ကာ လက်အုပ်ချီမိုး ရှိခိုးမည်ပြုသောအခါ ဘုရားရှိခိုးကို ဆိုလို့မရဘဲ လက်အုပ်ချီလျက်အတိုင်း ခန္ဓာကိုယ်က ဖောက်ပြန်မှုတွေ ဖြစ်ပျက်နေတော့ ခန္ဓာဉာဏ်ရောက် တရားပါ ရှုပွားအားထုတ်လိုက်ရပါတယ်ဘုရား။

http://www.dhammadownload.com



ဘုရားရှိခိုးမယ်လို့ ဘုရားစင်ရှေ့မှာ ထိုင်လိုက်တာနဲ့ တစ်ပြိုင်နက် တပည့်တော်ရဲ့ အသိတွေက ဖရဏာပီတိ ဂွမ်းဆီထိထားတဲ့ အတိုင်းပါဘုရား။ ဒါကို တပည့်တော် သိပ်မပြောလိုတော့ပါဘုရား။

တပည့်တော် ရှုပွားအားထုတ်နေစဉ် ဘုရားရှိခိုးရန် လက်အုပ်ချီထားသောလက်သည် တုန်လှုပ်ခြင်းမရှိ ပကတိအေးဆေးစွာဖြင့် တဖြည်းဖြည်းအောက်သို့ ကျဆင်းလာပြီး တပည့်တော် ပေါင်ပေါ်သို့ ကျရောက်သွားပါတယ်ဘုရား။

တပည့်တော် ပေါင်ပေါ်မှတစ်ဆင့် တပည့်တော်ရဲ့ ဘယ်ဘက်လက်ဟာ လျှင်မြန်ညင်သာစွာဖြင့် ရွေ့သွားပြီး ကြမ်းပြင်ပေါ်ကို ကျသွားပါတယ်ဘုရား။ ဘယ်ဘက်လက်က ကြမ်းပြင်ပေါ်မှာ ညာလက်က ပေါင်ပေါ်မှာရှိတဲ့အတိုင်းပဲ တပည့်တော် ရှုပွားအားထုတ်ပါတယ်ဘုရား။

အဲဒီလို ရှုပွားအားထုတ်နေတဲ့ အချိန်အခါမှာ ခန္ဓာကိုယ်ကြီးဟာ ခတ်လေးပါးနဲ့ ဖွဲ့စည်းထားတာမှန်း သိသာထင်ရှားလှပါတယ်ဘုရား။

တပည့်တော် လက်အုပ်ချီထားရာမှ တဖြည်းဖြည်း ပေါင်ပေါ်သို့ ကျလာတာဟာ ဝါယောရုပ်၊ ဝါယောဓာတ်ရဲ့ ဖောက်ပြန်မှုကြောင့် မဟုတ်လားဘုရား။

(ဟုတ်ပါတယ်၊ ဝါယောဓာတ် ဝါယောရုပ်ဟာ ရွေ့ပေးတဲ့သဘော မြှောက်ပင့်ပေးတဲ့သဘော၊ အောက်သို့ဖိချ၊ တွန်းချကန်ချတဲ့သဘော ဆွဲတဲ့သဘော စသည်ဖြင့် လှုပ်ရှားမှုဆိုင်ရာ

http://www.dhammadownload.com



များစွာသော သဘောတရားတို့ဟာ ဝါယောဓာတ် ဖောက်ပြန်မှု တို့ ဖြစ်ပါတယ်။)

အဲဒီလို လက်တဖြည်းဖြည်း အောက်ကျလာတဲ့အချိန်မှာ တပည့်တော်ရဲ့လက်ကို သတိကပ်ကြည့်ရှုနေတဲ့ အေးတဲ့အသိ အာရုံကို ခံစားရပါတယ်ဘုရား။ အဲဒီအေးတဲ့သဘောဟာ တေဇော ရုပ် မဟုတ်လားဘုရား။

(အေးသဘောသည့် တေဇောရုပ်ပါ၊ သူ့ကို သီတ တေ ဇောလို့ ခေါ်ပါတယ်၊ ပူသဘောလာ တေဇောပဲ၊ သူ့ကိုတော့ ဥဏှတေဇောလို့ ခေါ်ပါတယ်။

တေဇောရုပ်၊ တေဇောဓာတ်ဟာ ပူသဘော အေးသဘော စူးရှတဲ့သဘော၊ လောင်ကျွမ်းတဲ့သင်က ရင့်ကျက်တဲ့သဘော စသည်ဖြင့် များစွာသော သဘောတရားရှိပါတယ်။)

"တပည့်တော် ထိုင်ပြီးတော့ရှုမှတ်ပွားများနေတဲ့အခါ ထိတွေ့ မှုဟာ သိမ်မွေ့နူးညံ့နေပါတယ်ဘုရား၊ အဲဒီသဘောဟာ ပထဝီ ရုပ်မဟုတ်လားဘုရား"

(ဟုတ်ပါတယ်၊ ပထဝီဟာ မာသဘော၊ ပျော့သဘော၊ နူးညံ့သဘော၊ လေးသဘော၊ ကြမ်းသဘော၊ သိမ်မွေ့သဘော၊ ခက်ထန်သဘော၊ သက်သျှောသဘော၊ ထိုင်းမှိုင်းသဘော၊ ငိုက် သဘော စသည်ဖြင့် များစွာသောတရားရှိပါတယ်)

အဲဒီလို ရှုမှတ်နေစဉ် ပါးစပ်တွင်းမှ အရည်တွေယိုစီးကျလာ လို့ သုံးလေးကြိမ်မျှ မျိုချလိုက်ရပါတယ်။ အဲဒီယိုစီးပြီး ထွက်

http://www.dhammadownload.com



လာတဲ့အရည်တွေဟာ အာပေါဓာတ် ယိုစီးမှုကို ပြနေတာ မဟုတ်လားဘုရား။

(ဟုတ်ပါတယ် အာပေါရုပ်၊ အာပေါဓာတ်ဟာ ထက်လျှင် ယိုစီးတဲ့သဘောရှိပါတယ်။ နုံ့လျှင်နုလျှင် ဖွဲ့စည်းတဲ့သဘော ရှိပါတယ်)

စင်စစ်တော့ တပည့်တော်ရဲ့ ခန္ဓာကိုယ်ကြီးဟာ ချုပ်လိုက်တော့ ဓာတ် ၄–ပါး အစု ဖောက်ပြန်ပျက်စီးနေတဲ့ ရုပ်တရားနဲ့ အဲဒီရုပ်တရားတွေ ဖောက်ပြန်နေတာကို လိုက်ပြီး သိသိနေတဲ့ နာမ်တရားဟူ၍ ရုပ်နာမ်နှစ်ပါးသာရှိတယ် မဟုတ်လားဘုရား။

(ဟုတ်ပါတယ်၊ ခန္ဓာကိုယ်မှာ ရုပ်နာမ်နှစ်ပါးပဲရှိပါတယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ ငါ–သူတစ်ပါး၊ ယောကျ်ား မိန်းမ ဆိုတာ အခေါ်ရှိသာရှိတာပါ၊ တကယ်ရှိ အဟုတ်ရှိ မရှိပါဘူး။ တကယ်ရှိ အဟုတ်ရှိ အမှန်ရှိတာကတော့ ရုပ်နာမ် နှစ်ပါးပဲ ရှိပါတယ်)

အဲဒီ ရုပ်နာမ်နှစ်ပါးဟာလည်း ရုပ်တရားက တစ်ချက် ဖောက်ပြန်လိုက် နာမ်တရားက သိလိုက်၊ နောက်တစ်ချက် ရုပ်တရားက ဖောက်ပြန်လိုက်၊ နောက်နာမ်တရားက သိလိုက်နဲ့ ရုပ်နဲ့ နာမ် နှစ်ပါးဟာလည်း ဖြစ်လိုက် ပျက်လိုက်နဲ့ တပည့်တော်အသိမှာ ရုပ်နာမ်တွေ လျှင်မြန်စွာဖြစ်ပြီး လျှင်မြန်စွာ ပျက်နေတာပဲ သိနေရပါတယ်ဘုရား။

ဆရာတော်ဘုရား၊ ရုပ်တရား နာမ်တရားတွေ တစ်ခုပြီး တစ်ခု ဖြစ်ပျက်နေတာကို လိုက်လိုက်သိနေပြီး နောက်ဆုံး ရုပ်

http://www.dhammadownload.com



တရား၊ နာမ်တရားတွေ ဖြစ်ပျက်မှု ဆုံးသွားလို့ ဘာမျှ မသိတော့ ရင် အဲဒီ ဘာမျှမသိတော့တဲ့ နေရာဟာ နိဗ္ဗာန်ပဲလားဘုရား။

(မဟုတ်ပါ၊ ဘာမျှမသိတော့တဲ့နေရာဟာ နိဗ္ဗာန် မဟုတ်ပါ၊ နိဗ္ဗာန်ဟာ အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့ အရှိ ပရမတ်တရား ပါ၊ မရှိမဟုတ်ပါ၊ ဘာမျှမရှိရင် အဘာဝ ပညတ်ဖြစ်မှာပေါ့၊ နိဗ္ဗာန်ဟာ အဘာဝပညတ် မရှိပညတ်မဟုတ်ပါ)

ပရမတ္ထတရား လေးပါးအဟုတ်ရှိ အမှန်ရှိ ထင်ရှားရှိတဲ့ တရားလေးပါး ရှိပါတယ်။ စိတ်ပရမတ်၊ စေတသိက် ပရမတ်၊ ရုပ်ပရမတ်၊ နိဗ္ဗာန်ပရမတ်ဟူ၍ အရှိတရား ၄–ပါးရှိပါတယ်။

အားထုတ်တဲ့ ယောဂီဟာ အရှိနိဗ္ဗာန် ပရမတ်ကိုလိုချင်လို့ ရချင်လို့ အားထုတ်နေတာပါ၊ အဲဒီအရှိနိဗ္ဗာန်ကို လိုချင်လို့ အား ထုတ်နေတဲ့ ယောဂီဟာ အရှိနိဗ္ဗာန်ရရေးအတွက် အရှိစိတ် စိတ်စေတသိက် ရုပ်လို့ခေါ်တဲ့ ပရမတ် ၃–ပါး အရှိတရားများ ကို ရှုကြည့်ရပါတယ်။

အဲဒီစိတ်စေတသိက် ရုပ်ပရမတ် ၃–ပါးကို အကျဉ်းချုပ် လိုက်လျှင် စိတ်စေတသိက်က နာမ်၊ ရုပ်က ရုပ်ဟူ၍ နာမ်ရုပ် ၂–ပါး အထင်အရှားရှိပါတယ်။ မရှိမဟုတ်ပါ။

အဲဒီအရှိ ရုပ်နာမ်ကို ရှုပွားနေတာက ဉာဏ်ပါ၊ ဉာဏ်ဆို တာလည်း နာမ်တရားပါ၊ အရှိတရားပါ၊ အသိတရားပါ၊ အဲဒီ ဉာဏ်အသိနဲ့ ပရိယာယ်ကို လယ်တီဆရာတော်ဘုရားကြီးက 'အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ၊ အမောဟ'ဟူ၍ လင်္ကာသီခဲ့ ပါတယ်။

http://www.dhammadownload.com



သို့ဖြစ်၍ ရှုဉာဏ်ဟာ ဘယ်အခါမှ မသိတယ်လို့ မရှိရပါဘူး၊ အမြဲသိနေရပါမယ်၊ အသိမရှိရင် မေ့တဲ့သဘော၊ လစ်တဲ့သဘော မောဟသဘော ဖြစ်သွားပါမယ်။

ရုပ်တရား၊ နာမ်တရားတွေ ဖြစ်ပျက်ဆုံးသွားလို့ ဆိုတဲ့နေရာမှာ ရုပ်တရား နာမ်တရားတွေ ရှိနေသေးရင် ဖြစ်ပျက်ကလည်း ရှိနေပါသေးတယ်၊ ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်တွေမှာလည်း ရုပ်နာမ်တွေ ရှိနေသေးတော့ ရုပ်နာမ်ဖြစ်ပျက်တွေ ရှိနေပါတယ်၊ မဆုံးသေးပါ။

ဘုရား၊ ရဟန္တာများသည် ရုပ်နာမ်ဖြစ်ပျက်တွေ မြင်သဖြင့် အဲဒီရုပ်နာမ် ဖြစ်ပျက်တွေကို ငြီးငွေ့ပြီး ရုပ်နာမ်ဖြစ်ပျက်တွေ အပေါ်မှာ တပ်မက်မှု ကင်းချုပ်ပြီး ကိလေသာ အာသဝေါ သံယောဇဉ်တွေ ကုန်ဆုံးသွားပါတယ်။ ရုပ်နာမ် ဖြစ်ပျက်တွေက ဖြစ်ပျက်အတိုင်းပဲ ရုပ်နာမ်ရှိသမျှ ဖြစ်ပျက်နေပါတယ်။

ရုပ်နာမ်ဖြစ်ပျက်ကို အာရုံပြုပြီး သိနေတဲ့အသိဟာ ဝိပဿနာဉာဏ်သိပါ၊ အဲဒီရုပ်နာမ်ဖြစ်ပျက်တွေအပေါ် ငြီးငွေ့ပြီး တပ်မက်မှုကင်းတဲ့အခါ ဝိပဿနာဉာဏ်သိမှ မဂ်ဉာဏ်သိ ပေါ်လာပါတယ်။

အဲဒီလို မဂ်ဉာဏ်သိပေါ်လာတဲ့အခါ မဂ်ဉာဏ်ရဲ့ အာရုံက နိဗ္ဗာန်အာရုံဖြစ်တော့ နိဗ္ဗာန်ပေါ်ပါတယ်။ အဲဒီပေါ်လာတဲ့နိဗ္ဗာန် အာရုံကို မဂ်ဉာဏ်က အာရုံပြုပါတယ်။

အဲဒီမှာ သတိသေသေချာချာထားပါ။ ပထမရှုပွားစဉ် အသိ ဝိပဿနာဉာဏ်အသိပါ၊ အသိရှိနေပါတယ်၊ အာရုံကရုပ်နာမ် ဖြစ်ပျက်အာရုံပါ။

http://www.dhammadownload.com



ရှုပွားပါများတော့ ဝိပဿနာဉာဏ်ဟာ ရုပ်နာမ်ဖြစ်ပျက် အာရုံပေါ်မှာ ငြိမ်းငွေ့စိတ်ပျက် တပ်မက်မှု ကင်းလာပါတယ်၊ ရုပ်နာမ်ကို အာရုံမပြုချင်တော့ပါ။ အဲဒီအခါမှာ နိဗ္ဗာန်အာရုံပေါ်လာပါတယ်။ ဒီက ဝိပဿနာဉာဏ်ကလည်း ရင့်ကျက်ပြီး မဂ်ဉာဏ်သို့ ကျေးဇူးပြုပြီး မဂ်ဉာဏ်သို့ ကူးသွားပါတယ်။

ဒီတော့ အာရုံက အရှိနိဗ္ဗာန်၊ ဉာဏ်က အသိမဂ်ဉာဏ် မဟုတ်လား။ အသိရှိပါတယ်၊ မသိတော့မဟုတ်ပါ။ ဝိပဿနာဉာဏ်သိမှ မဂ်ဉာဏ်သို့ ပြောင်းသွားခြင်းပါ၊ မသိတော့ မဟုတ်ပါ။ မသိတော့ရင် ဘာမှမဟုတ်တော့ပါလို့ မှတ်ပါ။

ဘာမျှမသိတော့ရင် အဲဒီဘာမျှမသိတော့တဲ့ နေရာဟာ နိဗ္ဗာန်လားဆိုနဲ့ ပတ်သက်လို့ 'မသိတော့'တာက မရှိလို့ 'မသိတာ' လား။ ရှိလျက်နဲ့ မသိတာလားဆိုတာ ပြန်ကြည့်ပါ သတိပြုပါ။

နိဗ္ဗာန်ဟာ အရှိဖြစ်၍ မရှိမဟုတ်ပါ၊ အရှိဖြစ်၍ မသိလျှင် သတိလစ်ခြင်း၊ မေ့ခြင်း တွေဝေခြင်းသာ ဖြစ်ပါသည်။

ဟုတ်ပါသည်။ အာရုံတစ်ခုခုသည် အမြဲရှိပါသည်။ အသိတစ်ခုခုကလည်း အမြဲရှိပါသည်။ အာရုံနှင့် အသိစိတ်မှာ ကင်း၍ မရပါ။

ကိလေသာ၏အာရုံသည် ပညတ်ဖြစ်ပါသည်။ ဝိပဿနာ၏ အာရုံသည် ရုပ်နာမ်ဖြစ်ပါသည်။ မဂ်ဖိုလ်၏အာရုံသည် နိဗ္ဗာန် ဖြစ်ပါသည်။

အာရုံပညတ်ဖြစ်က ကိလေသာစိတ် ကိလေသာသိအနေနှင့် သိပါမည်။

http://www.dhammadownload.com



အာရုံက ရုပ်နာမ်ဖြစ်လျှင် ဝိပဿနာသိအနေနှင့် သိပါမည်၊ အာရုံက နိဗ္ဗာန်ဖြစ်လျှင် မဂ်ဉာဏ်သိအနေ သိရပါမည်။ တရားနယ်မှာ မသိတော့တဲ့နေရာဟူ၍ မရှိပါ။ မသိခြင်းသည် မေ့ခြင်း၊ လစ်ခြင်း၊ အိပ်ပျော်ခြင်းတစ်မျိုးမျိုးကြောင့် ဖြစ်ပါသည်။

မသိတော့တဲ့ နေရာဟာ နိဗ္ဗာန်မဟုတ်ပါ။ နိဗ္ဗာန်သည် အရှိပရမတ်ဖြစ်၍ အသိပရမတ်နှင့် အာရုံပြုနိုင်ကောင်းသော အာရုံပြုရသောတရားဖြစ်ပါသည်။ အာရုံလွတ် အသိလွတ်မဟုတ်ပါ။)

အဲဒီလို ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်ရဲ့ ဖြစ်ပျက်သဘောတွေကို ရှုမှတ်ပွားများနေရင်း တပည့်တော်ရဲ့ ရင်တွင်းမှာ အလိုလိုပေါ်လာတဲ့ အသိလေးတစ်ခုကို တပည့်တော် လျှောက်တင်ပါရစေဘုရား။

> "မမြဲတဲ့ဒါန၊ မမြဲတဲ့သီလ၊ မမြဲတဲ့ဘာဝနာတရားတွေ လုပ်ခဲ့လို့ မမြဲတဲ့ရုပ်နာမ်ကိုရတာ၊ မြဲတဲ့ဒါန၊ မြဲတဲ့သီလ၊ မြဲတဲ့ဘာဝနာ အလုပ်ကို လုပ်ရင် မြဲတဲ့ နိဗ္ဗာန်ရမယ်"

တဲ့ ဘုရား။ အဲဒီအတိုင်းပဲ ရင်ထဲက စာတန်းထိုးသလို အသိတရားလေး ပေါ်လာပါတယ်ဘုရား။ ဒီပေါ်လာတဲ့ အချက်ကို တပည့်တော်စဉ်းစားကြည့်တဲ့အခါ အတိတ်က ဒါန၊ သီလ၊ ဘာဝနာအလုပ်တွေကို မိမိရရ စွဲစွဲမြဲမြဲမလုပ်ခဲ့လို့ ဒီဘဝမှာ မမြဲတဲ့ ရုပ်နဲ့နာမ်ခန္ဓာသာပါတဲ့ ဒီကိုယ်ကြီးကို ရလာတယ်။

အခုပစ္စုပ္ပန်မှာ စွဲစွဲမြဲမြဲ သတိရှေ့ထား ဝီရိယ တင်ထားကာ စွဲစွဲမြဲမြဲဒါနပြု၊ သီလဆောက်တည် ဘာဝနာပွားများမယ်ဆိုရင်ဖြင့်

http://www.dhammadownload.com



တပည့်တော်လိုချင်သော နိဗ္ဗာန်ကို ရောက်မယ်လို့ပဲ တပည့်တော် ယူဆမိပါတယ်ဘုရား။ တပည့်တော်ရဲ့ ယူဆချက် တွေးခေါ်ချက် မှန်,မမှန်ကို ဆရာတော်ဘုရား အဆုံးအဖြတ်ပေးတော်မူပါဘုရား။

(မမှန်ပါ၊ ဒါန၊ သီလ၊ ဘာဝနာတရားတွေဟာ ဘယ်မှာ မြဲတဲ့ဒါန သီလ ဘာဝနာရယ်လို့ ရှိမလဲ၊ မမြဲတဲ့ ဒါန သီလ ဘာဝနာတရားတွေချည်းပါပဲ။

မမြဲတဲ့ ဒါန၊ သီလ၊ ဘာဝနာတရားတွေကြောင့် မမြဲတဲ့ ရုပ်နာမ်ရတာမဟုတ်ပါ၊ ရုပ်နာမ် ခန္ဓာကို ချမ်းသာသုခထင်ပြီး ခင်မင်ကာ လိုချင်စွဲလန်းပြီး ရချင်တဲ့အတွက် ဒါန သီလ ဘာဝနာ တရားတွေ ပြုလုပ်ပြီး ဆုတောင်းယူတဲ့အတွက် မမြဲတဲ့ရုပ်နာမ် ခန္ဓာရတာပါ။

ယခုဘဝမှာလို ရုပ်နာမ်ခန္ဓာတွေရဲ့ ဖြစ်ပျက် ဒုက္ခတွေမြင် ပြီး ရုပ်နာမ်ဖြစ်ပျက်တွေ ဒုက္ခတွေကို ကြောက်ကာ ရုပ်နာမ် ဒုက္ခတွေ ချုပ်ဆုံးရာနိဗ္ဗာန်ကို မျှော်မှန်းပြီး ဒါန သီလ ဘာဝနာ တွေပြုက မြဲတဲ့နိဗ္ဗာန်ရပါတယ်။ အဲဒီနိဗ္ဗာန်ရည်မှန်းပြုတဲ့ ဒါန သီလ ဘာဝနာဟာလည်း မမြဲတဲ့ ဒါန သီလ ဘာဝနာပါပဲ။

ပြုလုပ်တဲ့ ဒါန သီလ ဘာဝနာကတော့ မမြဲတာချင်း အတူတူ ပါပဲ၊ ဒီဒါန သီလ ဘာဝနာကြောင့် ရုပ်နာမ်ဒုက္ခကို သုခထင်ပြီး လိုချင်လို့ ပြုလုပ်တော့ ရုပ်နာမ်ဒုက္ခမမြဲ ပျက်စီးတွေရပါတယ်။

"ဒီ ဒါန သီလ ဘာဝနာကြောင့် ရုပ်နာမ် ဒုက္ခကို ဒုက္ခ ထင်ပြီး မလိုချင်လို့ နိဗ္ဗာန်လိုချင်လို့ ပြုလုပ်တော့ ရုပ်နာမ် ဒုက္ခ ဆုံးရာ နိဗ္ဗာန်ရောက်ပါတယ်။ မမြဲတဲ့ ဒါန သီလ ဘာဝနာ

http://www.dhammadownload.com



ပြုလုပ်တဲ့ နေရာမှာ ရည်ရွယ်ချက် မျှော်မှန်းချက် ကွာခြားသွားလို့ အရကွာခြားသွားတယ်လို့မှတ်ပါ”)

“တပည့်တော် အဲဒီလို အသိလေးပေါ်ပြီး တရားဆက်လက်ရှုပွားရာ တပည့်တော်တစ်ကိုယ်လုံး လင်းထိန်နေတယ်လို့ ထင်ရပါတယ်ဘုရား။ ဒီအလင်းကို တပည့်တော်အာရုံမပြုဘဲ ခန္ဓာရဲ့ အဖြစ်အပျက်ကိုသာ စောင့်ပြီး ကြည့်ရှုနေတော့ ခန္ဓာရဲ့ အဖြစ်တရားတွေဟာ ဖြစ်ပြီးရင်ပျက် ပျက်သွားတာမြန်လွန်းလို့ တပည့်တော် တုန်လှုပ်သွားမိပါသေးတယ်ဘုရား။

ခန္ဓာကြီးမှာ ရုပ်တရားက ဖောက်ပြန်လိုက်၊ နာမ်တရားလေးက သိလိုက်နဲ့ ရုပ်တရား ပျက်စီးမှုမြန်လေလေ အသိစိတ်သိမှုက မြန်လေလေ အသိစိတ်သိမှုက မြန်လေလေဆိုတော့ တပည့်တော်ရဲ့စိတ်ထဲမှာ–

> “ဒါကြောင့် တို့သုံးလောက ထွတ်ထား မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက လက်ဖျစ်တတွက်အချိန်လေးမှာ နာမ်တရားတွေဟာ ကုဋေတစ်သိန်းမက ပျက်စီးနေတယ်လို့ ဟောထားတာမှန်လိုက်တာပါလား”

လို့ တွေးပေါ်လာမိပါတယ်။ ဘုရားတပည့်တော် ဘုရားရှိခိုးချင်လို့ ဘုရားရှင်ရှေ့မှာထိုင်ပြီး ဝတ်ပြုပါတယ်၊ သူ့သဘောက ခန္ဓာရဲ့ ဖောက်ပြန်မှုကို ကြည့်ခိုင်းတယ်။

သူ့သဘော သူဆောင်တဲ့ အနတ္တတရားမှန်းသိသာအောင် တပည့်တော်ကို ခန္ဓာပြနေလိုက်တာ၊ တပည့်တော်အဖို့ ဘယ်လိုလုပ်ရမှန်းတောင် မသိပါ။ နောက်ဆုံး သူ့သဘောသူဆောင်

http://www.dhammadownload.com



နေတာ ဘာလုပ်ချင်သေးလို့လဲဆိုပြီး သူ့သဘောအတိုင်းပဲ မြင်အောင် သိအောင် တပည့်တော် စောင့်ကြည့်နေလိုက်ရပါတော့တယ်ဘုရား။

တပည့်တော်ခန္ဓာရဲ့ ရုပ်တရား ဖောက်ပြန်မှု အစုစုဟာ လျင်မြန်လွန်းလို့ ဘယ်လိုဥပမာနဲ့ တင်စား ရမှန်းတောင် တပည့်တော် မသိတော့ပါ။

တပည့်တော်ဟာ ရုပ်နာမ်တွေကို စောင့်ကြည့်နေရင်း ၈ နာရီခွဲ သံကြိမ်လို့ ရှိခိုးဦးချတော့မယ်ဆိုပြီး ဘုရားရှင်ကို ရှိခိုး ဦးချတဲ့ အခါ ရှိခိုးဦးချလို့လည်း မရပါဘူး။

"ရှိခိုးဦးချလို့ မရတော့ တပည့်တော်လည်း ဒီအတိုင်းပဲ သတိမှတ်နေရပါတယ်ဘုရား။ နောက်အတန်ကြာတော့ ရှိခိုးဦးချ ကြည့်လိုက်တော့မှ ရှိခိုးဦးချလို့ ရသွားပါတယ်ဘုရား"

နာရီကြည့်လိုက်တော့ ၉ နာရီထိုးပြီး ၅ မိနစ် ရှိနေပါပြီဘုရား။ ဆရာတော်ဘုရားကိုလည်း အာရုံပြုကာ တပည့်တော်ရဲ့ သီလ သမာဓိ ပညာတည်းဟူသော သိက္ခာသုံးရပ် အကျင့်မြတ်နဲ့ ရှိခိုးပူဇော်ပြီး သတ္တဝါအားလုံးကို မေတ္တာပို့ အမျှဝေမယ်လို့ ပါးစပ်က မေတ္တာပို့ဆိုတဲ့ အခါ ပါးစပ်ဟလို့မရတော့ပါ။ နှစ်ကြိမ် သုံးကြိမ် ပါးစပ်ဖွင့်ကြည့်တယ်၊ ဖွင့်လို့ မရပါဘုရား။

ဒါနဲ့ပဲ တပည့်တော်စိတ်ထဲက ဆရာတော် ၁၀ ရက်စခန်းမှာ အမျှဝေသလိုပဲ အမျှပေးဝေလိုက်ရပါတယ်ဘုရား။ နတ်လူသာဓုခေါ် ဂါထာကိုလည်း နှုတ်မှရွတ်ဆိုလို့ မရတော့ပါဘုရား၊ ဒါနဲ့ တပည့်တော်လည်း အိပ်ရာဝင်လိုက်ရပါတယ်။ အိပ်ရာဝင်

http://www.dhammadownload.com



စောတော့ အိပ်ရာထလည်း စောပါတယ်ဘုရား။ သုံးနာရီ အချိန်ကတည်းက နိုးနေပါတယ်ဘုရား။ အိပ်ရာကနိုးလာတဲ့အခါ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွက်လက်လျက်ပါဘုရား–

ပေါ့ပါးသွက်လက်သော်လည်း တပည့်တော် သိပ်ပြီးစကားမပြောချင်ပါဘုရား၊ အဲဒီလိုဖြစ်တာ ဘာအကြောင်းလဲလို့ တပည့်တော်စဉ်းစားတွေးတောမိပါတယ်၊ ဘယ်လိုမှစဉ်းစားတွေးတောလို့အဖြေမပေါ်လာလို့ ဆရာတော်ဘုရားတို့ တပည့်တော် မေးလျှောက်ပါတယ်ဘုရား။ တပည့်တော်ကို အဲဒီအချက်အတွက်လည်း ဖြေရှင်းပေးပါဦးဘုရား။

ဘုရားရှိခိုးလို့ မရတဲ့အထိ ပါးစပ်ကပိတ်နေတော့ တပည့်တော်အတွက် အမှားများရှိနေပြီလားဘုရား၊ အမှန်ကန်ဆုံးအမိန့် ရှိပါဘုရား။

(အမှားများရှိနေပြီလားဘုရားဆိုတော့ အမှားရှိလို့ နတ်ဖမ်းစားတဲ့သဘောထင်ပြီး ကြောက်နေသလားမသိပါ၊ အမှားမရှိပါ၊ နတ်ဖမ်းစားတဲ့သဘောမျိုး မဟုတ်ပါ။

ယောဂီဟာ ဘာဝနာပွားမှုအရှိန်က ကောင်းနေပါတယ်။ ဘာဝနာ လက်မလွှတ်ဘဲ သတိဦးစီးနေတယ်၊ ဘုရားရှိခိုးဖို့ ဘုရားစင်ရှေ့လာပေမယ့် ဘာဝနာပွားမှု လက်မလွှတ်ဘဲလာတော့ ဘုရားရှိခိုးချင်တဲ့စိတ်ထက် ဘာဝနာပွားချင်စိတ်က အားကောင်းနေတော့ အဲဒီဘာဝနာပွားချင်စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇဝါယောဓာတ် စိတ်ကြောင့်ဖြစ်လေကား ချုပ်ထိန်းမှုအားကောင်းလို့ ပါးစပ်ဖွင့်လို့မရတာပါ။ အမှားရှိလို့မဟုတ်ပါ။

http://www.dhammadownload.com



အဲဒီသဘောမျိုးဟာ ယောဂီအတော်များများမှာ ဖြစ်ပေါ်တတ်ပါတယ်။ အချို့ယောဂီတွေဟာ ထိုင်ပြီး ရှုပွားအားထုတ်နေရာမှ ထတဲ့အခါ ထလို့မရတော့တာ၊ လှုပ်လို့မရတာ၊ လက်မ,လို့မရတာ စသည်တွေဖြစ်တတ်ကြပါတယ်။

ကဲ…စိတ်ဥတု အာဟာရဆိုတဲ့ အကြောင်းတရားတို့ကြောင့်ဖြစ်တဲ့တရားပါ၊ အဲဒီအကြောင်း(၄)ပါးမှာ တရားအားထုတ်တဲ့အခါ စိတ်အကြောင်းကို အထူးသတိရှိပါ။ စိတ်အကြောင်းများစွာချယ်လှယ်ပါဝင်နေတာကို တွေ့ရရင် တအံ့တသြဖြစ်လာပါလိမ့်မယ်။)

ဆရာတော်ဘုရား၊ တပည့်တော်ရဲ့ ရှုမှတ်ပွားများမှုအားလုံးဟာ အနိစ္စမမြဲတဲ့တရားနဲ့ အနတ္တအလိုမလိုက် အကြိုက်မပါတဲ့တရားသာ ပိုင်နိုင်စွာ မြင်တွေ့ရပြီး ဒုက္ခတရားကျတော့ မထင်ရှားလှပါ။ အနိစ္စနှင့် အနတ္တသာထင်ပြီး ဒုက္ခကို ပိုင်းခြားပြီးမသိရတော့ တပည့်တော်ရဲ့ ရှုမှတ်ပွားများမှုဟာ ပြည့်စုံမှုရှိပါ့မလားဘုရား။

ဆရာတော်ဘုရား၊ တပည့်တော်ဟာ အထက်ပါ လျှောက်တင်ချက်များကို မှန်,မမှန်၊ဟုတ်,မဟုတ် တိတိကျကျ ရှင်းလင်းစွာ ပြန်ကြားဖြေရှင်းပေးပါရန် လျှောက်ထားပန်ကြားအပ်ပါသည်ဘုရား။

(…………)

၅-၂-၈၂

http://www.dhammadownload.com



# သာသနာအမွေခံထိုက်သူဖြစ်နိုင်-မဖြစ်နိုင် ဖြေကြားပေးတော်မူပါဘုရား

{၇}

## သာသနာ့အမွေ

ရှင်တော်ဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ (၄၅)ဝါ ကာလပတ်လုံး ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံကို အဆီညှစ်၍ အနှစ်အရသာကို ထုတ်ယူသည်ရှိသော် ဗောဓိပက္ခိယတရား (၃၇)ပါးရ၏။ ဗောဓိပက္ခိယတရား (၃၇)ပါးသည် ပိဋကတ်သုံးပုံ၏ အဆီအနှစ်တည်း။ ဤဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် ဘုရားအမွေတော်မည်ကုန်၏။ သာသနာ့အမွေတော် မည်ကုန်၏။

http://www.dhammadownload.com



တဖန် ဗောဓိပက္ခိယတရား (၃၇)ပါးကို အကျဉ်းချုံးပြန်သော် ဝိသုဒ္ဓိ (၇)ပါးဖြစ်၏။ ဝိသုဒ္ဓိ(၇)ပါးကို အကျဉ်းချုံးပြန်သော် သီလ၊ သမာဓိ၊ ပညာသုံးပါးဖြစ်၏။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သာသနာတော်ကြီးသုံးပါးခေါ်၏။ သိက္ခာသုံးပါးလည်းခေါ်၏။

## နိစ္စသီလမျိုး

သီလဆိုသော်လည်း လူတို့မှာ နိစ္စသီလမျိုးကိုသာ ပဓာန အားဖြင့် လိုအပ်၏။ နိစ္စသီလမျိုးနှင့် ပြည့်စုံသောသူတို့အား ယခု ဘဝ၌ မဂ်ဖိုလ်ကိုရနိုင်ရန် ဝိဇ္ဇာစရဏတရားစုတွင် သီလ ဟူသောစရဏတရား ပြည့်စုံပါတော့သည်။ ထိုနိစ္စသီလမျိုး အပေါ်၌ ဥပုသ်သီလမျိုး အမွှန်းတင်နိုင်ပါလျှင် သာ၍ကောင်း မြတ်ပါတော့သည်။

နိစ္စသီလမျိုးဆိုသည်ကား လူတို့၌ ငါးပါးသီလ၊ အာဇီဝဋ္ဌမက သီလမျိုးတို့ ဖြစ်ပါသည်။ ထိုသီလမျိုးတို့ကို ကောင်းစွာ စောင့် ထိန်းကြရာ၏။ ပုထုဇဉ်အတိဖြစ်၍ လွန်ကျူးမိပြန်လျှင် 'ဤအမှုကို နောင်ရှောင်ကြဉ်အံ့'ဟု ဆောက်တည်က ခဏချင်းတည်ပြန်၏။ နောင်လွန်ကျူးမိပြန်လျှင်လည်း ထိုနည်းအတူ ဆေးကြောလျှင် စင်မြဲစင်ပြန်တော့သည်။ ဆေးကြော၍ စင်ပြန်လျှင်လည်း သီလ နှင့်ပြည့်စုံသူ ဖြစ်ပြန်၏။ မခဲယဉ်းပါ။

နိစ္စသီလမျိုးဖြစ်ခဲ့၍ လွန်ကျူးမိလို့ရှိရင် ဘယ်အခါမျိုးမဆို ခဏချင်းသုတ်သင်ဆေးကြောမှု အသစ်ဆောက်တည်မှုကို ပြုရ သည်။ ယခုကာလ၌ သီလနှင့်ပြည့်စုံသူတို့ကား သမာဓိ၊ ပညာ သမားတို့နှင့် နီးစပ်သော် ပေါ်များကုန်၏။

http://www.dhammadownload.com



ကသိုဏ်း၊ အသုဘအစရှိသော အာရုံတို့ မနောဒွါရအတွင်း၌ ကွက်ကွက်ကွင်းကွင်း ထင်မြင်မှုရှိသော သမာဓိလို ပေါက်ရောက်ဖူးသောသူ ရုပ်နာမ်ဓမ္မတို့၏ အနိစ္စလက္ခဏာတို့ ဉာဏ်ပညာပေါက်ရောက်ဖူးသော သူတို့သည်ကား အလွန်ရှားပါးလှကုန်၏။

အဘယ့်ကြောင့်နည်းဆိုသော် သမထ၊ ဝိပဿနာမှု၏ ဓမ္မန္တရာယ်ကို ပြုတတ်သော မိစ္ဆာဓမ္မတို့ အလွန်ထကြွသောင်းကျန်းသောအခါ ဖြစ်သောကြောင့် ဖြစ်ပါသည်။

## ဓမ္မန္တရာယ်

ဓမ္မန္တရာယ်ကို ပြုတတ်သော မိစ္ဆာဓမ္မဆိုသည်ကား သံသရာဘေးကို ကောင်းစွာမမြင်နိုင်ခြင်း၊ မဂ်ဖိုလ်ကိုရထိုက်သော ခေတ်ကာလရှိကြသူတို့ကို ဒွိဟိတ်ပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း၊ အဓိပတိဖြစ်သော ရှေးရှေးဆရာကြီးတို့ပင် မဖြစ်နိုင်ကြကုန်ပြီဟု အလိုဆန္ဒလုံ့လကို စွန့်ထားခြင်း စသည်တို့ဖြစ်ပါသည်။ ကုသိုလ်မှုတို့မည်သည် အဆုံးတိုင်မရောက်သော်လည်း အချည်းနှီးဖြစ်ကုန်သော အမှုမျိုးတို့ မဟုတ်ကြပါ-

၁။ ပါရမီမရှိသေးသူ အားထုတ်လျှင် ပါရမီဖြစ်၏။

၂။ ပါရမီမရှိသေးသူ အားမထုတ်လျှင် ပါရမီဖြစ်ခွင့်ကိုမျှ မရပြီ။

၃။ ပါရမီမရင့်သေးသူ အားထုတ်လျှင် ပါရမီရင့်ရာနောက်ဘဝမှာ ဤသာသနာ၌ပင် မဂ်ဖိုလ်ကိုရနိုင်၏။

http://www.dhammadownload.com



၄။ ပါရမီမရင့်သေးသူ အားမထုတ်လျှင် ပါရမီရင့်ခွင့်ကိုမှ မရပြီ။

၅။ ပါရမီရင့်ပြီးသူ အားထုတ်လျှင် ယခုဘဝ၌ပင် မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်၏။

၆။ ပါရမီရင့်ပြီးသူ အားမထုတ်လျှင် ယခုဘဝမရပြီ။

၇။ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်သူအားထုတ်လျှင် နောက်ဘဝ၌ တိဟိတ်ပုဂ္ဂိုလ်ဖြစ်နိုင်ပါသည်။

၈။ ဒွိဟိတ်ပုဂ္ဂိုလ် အားမထုတ်ပါလျှင် ဘဝဆက်ဆက်ပင် ဒွိဟိတ်က တက်ခွင့်မရနိုင်သည့်ပြင် အဟိတ်သို့ပင် လျှော၍သွားဖို့သာ ရှိပါတော့သည်။

လောက၌ တစ်စုံတစ်ယောက်သောသူသည် ရဟန်းပြုမည်၊ သီလရှင်ပြုမည်ဟု ကြံစည်အားသစ်လျက်ရှိ၏။ ယင်းကိုသိမြင်သော တစ်စုံတစ်ယောက်သောသူက 'တစ်သက်လုံးနေနိုင်မှ ကြံနော်၊ မနေနိုင်လျှင် မကြံနှင့်၊ တော်တော်ကြာ ခေါင်းတုံး အဖတ်တင်နေမယ်ဟု' ပြောဆိုမိတတ်ပါသည်။

ယင်းသို့ မပြောဆိုကောင်း၊ မပိတ်ပင်ကောင်းပါ၊ ပြောဆို ပိတ်ပင်လျှင် တရား၏ အနှောင့်အယှက် ဓမ္မန္တရာယ်ကိုပြုသည် မည်ပါသည်။ ရှင်တော်ဘုရားက-

"ကောင်းမှုကုသိုလ် တစ်မျိုးတို့၌ စိတ်အကြံဖြစ်ကာမျှ ကိုလည်း ကျေးဇူး ဥပကာရ များလှ၏ဟူ၍ ငါဘုရား ဟောတော်မူ၏"

http://www.dhammadownload.com



ဟူ၍ ဟောတော်မူခဲ့သည် မဟုတ်ပါလော။ ထို့ကြောင့် မည်သည့် ကုသိုလ်ကိုဖြစ်ဖြစ် မတားမြစ် မပိတ်ပင်ရပါ။ ဒါနကုသိုလ်ကို လည်းကောင်း၊ ဒါနကုသိုလ်ပြုသူကိုလည်းကောင်း၊ တားမြစ် ပိတ်ပင်ရှုတ်ချလျှင် ကုသိုလ်၏ အနှောင့်အယှက် ပုညန္တရာယ် ငြိတတ်ပါသည်။

'သီလ၊ သမာဓိ၊ ပညာကုသိုလ်ကိုလည်းကောင်း၊ ယင်း ကုသိုလ်ကို အားထုတ်သူကိုလည်းကောင်း၊ တားမြစ် ပိတ်ပင် ရှုတ်ချလျှင် ဓမ္မန္တရာယ် ငြိတတ်ပါသည်။

ပုညန္တရာယ်ငြိခဲ့လျှင် နောက်နောင်ဘဝတို့၌ တန်ခိုးအရှိန် အဝါ ဥစ္စာဓနကင်း၍ ဆင်းရဲအတိ ဖြစ်တတ်ပါသည်။ ဓမ္မန္တရာယ် ငြိခဲ့လျှင် နောက်နောင်ဘဝတို့၌ သီလ သိက္ခာ အလိမ္မာကင်းရှင်း ၍ ယုတ်ညံ့ခြင်းအတိဖြစ်သည်။

## လူဖြစ်ကျိုးနပ်မည်

ယခုအခါ သာသနာတွင်းသို့ ကြုံကြိုက်ကြကုန်သောသူ အပေါင်းတို့အား မိစ္ဆာဓမ္မတို့ကို ပယ်ရှင်း၍ ယခုဘဝ၌ပင် အပါယ် သံသရာမှ ကျွတ်ထိုက်လျှင်လည်း ကျွတ်စေရမည်၊ မကျွတ်ထိုက် လျှင်လည်း နောင်ဘဝ၌ လည်းကောင်း၊ နောက်ဘုရား သာသနာ ၌ လည်းကောင်း၊ ကျွတ်လွတ်နိုင်ရန် သမထဝိပဿနာ ပါရမီ မျိုးစေ့ကို အောင်မြင်စွာရစေ၍ သာသနာ့အမွေခံယူမည်ဟု ထက်သန်သောဆန္ဒ၊ ဝီရိယဖြင့် သမထအလုပ်၊ ဝိပဿနာအလုပ် များကို ယောက်ျားမိန်းမ အားထုတ်ကြမှသာ ဘဝအခြေအနေနှင့် လူဖြစ်ကျိုး နပ်ပါလိမ့်မည်။

http://www.dhammadownload.com



## မသိသူများ, သိသူရှား

လူ့ဘဝရခိုက် လူဖြစ်ကျိုးနပ်ရန် သာသနာ့အမွေခံ အလုပ်ကို လူတိုင်း လုပ်သင့်လုပ်ထိုက် လုပ်နိုင်ပါသည်။ သို့သော် ယင်းသာသနာ့အမွေနှင့် ပတ်သက်၍ မသိသူများ, သိသူရှားပါးနေသည်ကို အောက်ပါ ပေးစာတစ်စောင်ကို ဖတ်ရှုသောအားဖြင့် သိနိုင်ပါသည်။

**၁၃–၁–၈၃**

**ကျေးဇူးရှင် ဆရာတော်ဘုရား–**

တပည့်တော် ရှိသေစွာ စာရေးလျှောက်ထားအပ်ပါသည် ဘုရား။ ဆရာတော်ဘုရားအနေနဲ့ တရားဟော၊ တရားပြစာရေး စာချအစရှိသည့် သာသနာ့လုပ်ငန်းများကို တာဝန်သိစွာ မရပ်မနား ထမ်းဆောင်နေရသဖြင့် အားချိန်မှာမရှိသလောက် နည်းပါးသည်ကို တပည့်တော် သိပါတယ်ဘုရား။

သို့သော်လည်း တပည့်များ၏ မသိနားမလည်သော ပြဿနာများကို နားလည်သဘောပေါက်စေရန် သွန်သင်ညွှန်ပြပေးရမည်မှာ ဆရာသမားများ၏ ဝတ္တရားပင် ဖြစ်တယ်မဟုတ်ပါလား ဘုရား။

ဒါကြောင့် တပည့်တော်ရင်တွင်းဝယ် ရှိနေသော မရှင်းလင်းသည့် ပြဿနာတစ်ရပ်ကို တပည့်တော် နားလည် သဘောပေါက်စေရန် မေတ္တာရှေ့ထားကာ ရှင်းလင်းဖြေကြားပေးတော်မူပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

http://www.dhammadownload.com



၁။ တပည့်တော်ဟာ ဒုက္ခများမြောင်လှတဲ့ အိမ်ထောင်တာဝန် ဝတ္တရားတွေကို ကြောက်ရွံ့လှသဖြင့် ဘဝ အဖော်မရှာဘဲ မိမိဘဝလမ်းမှာ မိမိတစ်ယောက်တည်း လျှောက်လှမ်းနေပါတယ် ဘုရား။

ဒီလို တပည့်တော် ဘဝလမ်းမှာ တစ်ယောက်တည်းလျှောက်လှမ်းနေတာကို တပည့်တော်ရဲ့ အပေါင်းအသင်း သူငယ်ချင်းတွေက 'နင်တို့လို တစ်ကိုယ်တည်းသမားတွေဟာ သာသနာ့အမွေကို မခံနိုင်ဘူးတဲ့၊ ငါတို့လို သားရတနာတွေကို ရှင်ပြုရဟန်းခံပေးမှ သာသနာ့အမွေကို ခံနိုင်မယ်တဲ့ဘုရား။

ဒီအချက်နဲ့ ပတ်သက်၍ တပည့်တော် မရှင်းလင်းတာကို မေးမြန်းလျှောက်ထားပါရစေဘုရား။

တပည့်တော်ရဲ့အပေါင်းအသင်း သူငယ်ချင်းတွေ ပြောဆိုချက်အရ တပည့်တော်တို့လို တစ်ကိုယ်တည်းသမားတွေ အဖို့ သာသနာ့အမွေအနှစ်ကို မခံရတော့ဘူးလားဘုရား။

၂။ ကြိုတောင့်ကြိုခဲ သာသနာတော်တွင်းမှာ ခဲယဉ်းလှတဲ့ လူ့ဘဝရရှိလာတဲ့ တပည့်တော်အဖို့ သာသနာ့အမွေကို ခံယူချင်ပါတယ်ဘုရား။ သာသနာအမွေခံနိုင်ရန် မိမိမှာ ရင်နှစ်သည်းချာ သားရတနာ မရှိသော်လည်း နီးစပ်ရာ ဆွေမျိုးသားချင်းများ၏ သားများကို ရှင်ရဟန်း ပြုပေးခြင်းအားဖြင့် သာသနာ့အမွေ ခံနိုင်ပါသလားဘုရား။

၃။ တပည့်တော် နာကြား မှတ်သားသော ဆရာတော်ဘုရားရဲ့ ဩဝါဒစကားများအရ သာသနာဆိုတာ အဆုံးအမ

http://www.dhammadownload.com



ဖြစ်ပြီး ဘုရားသာသနာဆိုတာ မြတ်စွာဘုရားရဲ့ အဆုံးအမ ဩဝါဒတရားကို ခေါ်တယ်လို့ နားလည် သဘောပေါက်ပါတယ် ဘုရား။

ဒါကြောင့် သာသနာ့အမွေခံတယ် ဆိုတာ မြတ်စွာဘုရားရဲ့ ဩဝါဒတရား ဆိုဆုံးမတရားတွေကို မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့သူ၊ ပြန့်ပွားအောင် ကြိုးစား အားထုတ်နေတဲ့သူကို သာသနာ့အမွေခံတဲ့ သူလို့ ခေါ်မယ်မဟုတ်လား ဘုရား၊ ဒါဟာ တပည့်တော်ရဲ့ ထင်မြင်ယူဆချက်ပါဘုရား။

၄။ အဲဒီလို ယူဆထားသည့်အတိုင်း တပည့်တော်ဟာ မြတ်စွာဘုရား ဆိုဆုံးမ ဩဝါဒခြွေထားတဲ့အတိုင်း ဒါန၊ သီလ၊ ဘာဝနာ အလုပ်တွေကို ရတဲ့အချိန်မှာ ဖြစ်တဲ့နည်းနဲ့ ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် ပေးကမ်းလှူဒါန်း သီလ ဆောက်တည်ကာ တရားဘာဝနာများ ပွားများလျက် ရုပ်နာမ်ခန္ဓာ ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်စခန်းသို့ အရောက်လှမ်းနိုင်ရေးအတွက် ကြိုးစားနေပါတယ်ဘုရား။

တပည့်တော် ယူဆချက်အတိုင်း ကြိုးစား ဆောင်ရွက်နေခြင်းဖြင့် တပည့်တော်ဟာ သာသနာ့အမွေခံထိုက်သူ ဖြစ်နိုင် မဖြစ်နိုင် ဖြေကြားပေးတော်မူပါဘုရား။

၅။ တပည့်တော်ရဲ့ ထင်မြင်ယူဆချက်များ မှားယွင်းနေပါက အမှန်တရားဘက်သို့ ရောက်ရှိရန် **"သာသနာ့အမွေ ခံယူခြင်း"** ဆိုတဲ့ အဓိပ္ပာယ်ကို ရှင်းလင်းအောင် ဖြေကြားပေးတော်မူပါလို့ လေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်ဘုရား။

http://www.dhammadownload.com



ဆရာတော်ဘုရား ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့စွာနဲ့ သာသနာ့အကျိုး သည်ပိုးထမ်းရွက်နိုင်ပါစေလို့ ဆန္ဒပြု ဆုမွန် တောင်းလျက်–

တပည့်(.........)

၁၄–၂–၈၃

## ပြန်ကြားသိစေသည်

အမေးပုစ္ဆာ ပြဿနာစာက တိုပေမယ့် အဖြေကတော့ ရှည်ပါမည်။ အမေးမှာ ၁ မှ ၅ အထိ ရှိသော်လည်း အဖြေကို တစ်ခုစီမဖြေဘဲ ပေါင်း၍ဖြေလိုက်ပါမည်။ ပေါင်း၍ ဖြေခြင်းဖြင့်ပင် အမေး (၅)ခုလည်း ပါဝင်ပြီး ဖြေရှင်းပြီးသား ဖြစ်သွားပါမည်။

## သာသနာ့အမွေ

ယခုအခါ ဘုရားသာသနာတော်၌ လူဖြစ်ကျိုး နပ်ကြရအောင် သမထ၊ ဝိပဿနာတရားများကို အားထုတ်လိုကြသော သူတို့အား မဖြစ်လျှင်မနေရ ထမြောက်အောင် ထူထောင်အားသစ်ရာ ဖြစ်သော သာသနာ့အမွေ ဗောဓိပက္ခိယတရား (၃၇)ပါးတို့ကား–

၁။ သတိပဋ္ဌာန် ၄ ပါး

၂။ သမ္မပ္ပဓာန် ၄ ပါး

၃။ ဣဒ္ဓိပါဒ် ၄ ပါး

၄။ ဣန္ဒြေ ၅ ပါး

၅။ ဗိုလ် ၅ ပါး

http://www.dhammadownload.com



၆။ ဗောဇ္ဈင် ၇ ပါး
၇။ မဂ္ဂင် ၈ ပါး

ဟူ၍ အကျဉ်းအားဖြင့် ၇ ပါး အရေအတွက်အားဖြင့် ၃၇ ပါး တို့ ရှိကုန်၏။

## အသီးသီးအမည်

မဂ်ဉာဏ်၏အပင်းအသင်းတွင် ပါဝင်သောတရားစုဖြစ်၍ 'ဗောဓိပက္ခိယ'မည်ကြပါသည်။ မဂ်ဉာဏ်၏နီးစွာသောအကြောင်း၊ မဂ်ဉာဏ်၏ အဆောက်အဦး မဂ်ဉာဏ်၏ အားကြီးသော မှီရာ တရားမျိုးကို 'ဗောဓိပက္ခိယ'တရား ခေါ်ပါသည်။

လွန်စွာတည်သောသတိ၊ ခိုင်မြဲစွာတည်သော သတိကို သတိပဋ္ဌာန်ဟု ခေါ်ပါသည်။ တွန့်တိုခြင်းမရှိသော ဝီရိယကို သမ္မပ္ပဓာန် ဆိုပါသည်။ အားထုတ်မှုအရာ၌ လွန်စွာအပူအပန် အပင်အပန်းခံနိုင်သော ဝီရိယကို ခေါ်ပါသည်။ ဝီရိယကို အားထုတ် နိုင်လျှင် ရထိုက်သော တရားမျိုးသာမှန်ပါစေ၊ မရသမျှငါမနေ၊ မပေါက်သမျှ ငါမနေ၊ မရောက်သမျှ ငါမနေ ဝီရိယကို မလျော့ပြီ ဟု မြင်သော ဝီရိယမျိုးကို သမ္မပ္ပဓာန် ဝီရိယ ခေါ်ဆိုပါသည်။

ပြီးစီးပေါက်ရောက် ထမြောက် အောင်မြင်ခြင်းကို 'ဣဒ္ဓိ'ဟု ခေါ်ဆိုပါသည်။ ပြီးစီးပေါက်ရောက် ထမြောက်အောင်မြင် ပြည့်စုံ ခြင်းအမျိုးမျိုး၏ အခြေအမြစ်သည် 'ဣဒ္ဓိပါဒ်' မည်ပါသည်။

အစိုးရမင်း၏ အစိုးရမှုသည် 'ဣန္ဒြေ'မည်ပါသည်။ အစိုးရ မင်း၏ အစိုးရမှုဆိုသည်ကား မိမိအုပ်ချုပ်ရာဌာန၌ မိမိအလိုကို

http://www.dhammadownload.com



တစ်စုံတစ်ယောက်သောသူကမျှ မလှန်မပြန်နိုင်မှုကို အစိုးရမှု ခေါ်ပါသည်။ ဤကြန္တြေအရာ၌ကား စိတ်ကို အစိုးရမှုကို ခေါ်ပါသည်။ ဆန့်ကျင်ဘက်တရားတို့ကို အားတိုက်ဖိစီးတတ်သောကြောင့် 'ဗိုလ်'တို့မည်ပါသည်။ တစ်နည်းဆိုသော် ဆန့်ကျင်ဘက်ဖြစ်သော ရန်သူတို့နှင့် တွေ့ကြုံလျှင် မတုန်လှုပ်ဘဲ အခြေမြဲသော အနက်ကြောင့် 'ဗိုလ်'တို့ မည်ပါသည်။

သစ္စာ ၄ ပါးတရားတို့ကို ကောင်းစွာ သိမြင်တတ်သောကြောင့် 'သမ္ဗောဓိ'မည်ပါသည်။ သမ္ဗောဓိဟူသော လောကုတ္တရာမဂ်ဉာဏ်ရဲ့ အတောင် အလက်သည့် သမ္ဗောဇ္ဈင် မည်ပါသည်။ မဂ်ဉာဏ်ရဲ့အတောင် အလက်ကို ဗောဇ္ဈင် ခေါ်ပါသည်။

ကိလေသာတို့ကို ပယ်သတ်ကြောင်း နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော တရားစုကို မဂ်လို့ ခေါ်ဆိုပါတယ်။ အဲဒီမဂ်ရဲ့ အစိတ်အပိုင်းအင်္ဂါတို့ကို မဂ္ဂင်လို့ ခေါ်ပါတယ်။

## အမွေဥစ္စာ

ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် ဘုရားအမွေတော်၊ သာသနာ့အမွေတော်၊ သာသနာတော်မြတ်ကြီးရဲ့ အသခ်ေျယျ-အနန္တအဖိုးထိုက်သော အမြိုက်ဥစ္စာ ရတနာတို့ မည်ပါတယ်။ အဲဒီလောက် ဖြေလိုက်ကတည်းက မေးထားတဲ့အမေး ၅ ထွေလုံးရဲ့ အဖြေငါးချက်ဟာ ပြေလည်လောက်ပါပြီ။ ဒါပေမယ့် ဆက်ပြီးတော့ ဖြေပါဦးမယ်။

http://www.dhammadownload.com



## အမွေခံမှု

ပါဠိလို 'သာသနဒါယဇ္ဇ' မြန်မာလို 'သာသနာ့ အမွေအနှစ်ကို ခံယူမှု' ဖြစ်ပါတယ်။ မိဘဖြစ်သူတို့က သားသမီးဖြစ်သူတို့အား စင်စစ်ပေးခြင်းငှာ ထိုက်သော အမွေဥစ္စာဒါယကာလို့ ခေါ်ပါတယ်။ အဲဒီအမွေဥစ္စာကို ခံယူထိုက်သော သားသမီးကို 'ဒါယဒ'လို့ခေါ်ပါတယ်။ အမွေဥစ္စာကို ခံယူထိုက်သောသူ၏ အမွေခံယူမှုကို 'ဒါယဇ္ဇ'လို့ ခေါ်ပါတယ်။ သာသနာတော်၏ အမွေခံယူမှုကို 'သာသနာ့ဒါယဇ္ဇ' ခေါ်ပါတယ်။ 'ဗုဒ္ဓဒါယဇ္ဇ' ဘုရားအမွေခံလို့လည်း ခေါ်ပါတယ်။

## အမွေနှစ်ပါး

အဲဒီသာသနာတော်ရဲ့ အမွေသည် အာမိသအမွေ၊ ဓမ္မအမွေဟူ၍ ၂ ပါးရှိပါတယ်။

၁။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးသည် အာမိသအမွေဖြစ်ပါတယ်။

၂။ သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာ သုံးပါး၊ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ အစရှိသော ဝိသုဒ္ဓိ (၇)ပါး သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါးအစရှိသော ဗောဓိပက္ခိယတရား (၃၇)ပါးသည် 'ဓမ္မအမွေ' ဖြစ်ပါတယ်။

http://www.dhammadownload.com



## ဓမ္မအမွေ ၂-ပါး

အဲဒီဓမ္မအမွေသည် လောကီဓမ္မအမွေ၊ လောကုတ္တရာဓမ္မအမွေဟူ၍ ၂-ပါး ရှိပြန်ပါတယ်။

၁။ လောကီဖြစ်သော သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာသုံးပါး လောကီဝိသုဒ္ဓိ ၆-ပါး၊ ထိုလောကီ သိက္ခာ၊ လောကီဝိသုဒ္ဓိတို့၌ အကျုံးဝင်သော ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် 'လောကီဓမ္မအမွေတို့ ဖြစ်ပါတယ်။

၂။ လောကုတ္တရာမဂ်ဖိုလ်တို့၌ အကျုံးဝင်သော သိက္ခာသုံးပါး၊ လောကုတ္တရာ ဉာဏဒဿန ဝိသုဒ္ဓိတစ်ပါး၊ လောကုတ္တရာ ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် 'လောကုတ္တရာအမွေ'တို့ ဖြစ်ပါတယ်။

## လောကီဓမ္မအမွေနှစ်ပါး

လောကီဓမ္မ အမွေသည်လည်း ဝဋ်ဘက်၌ စိတ်ညွတ်ခြင်းရှိသော ဝဋ္ဋနိဿိတ ဓမ္မ အမွေ ဝဋ်ဘက်၌ စိတ်ညွတ်ခြင်းကင်းသူ ဝိဝဋ္ဋ၌ စိတ်ညွတ်ခြင်း အားကြီးသော ဝိဝဋ္ဋနိဿိတ ဓမ္မအမွေ'ဟူ၍လည်းကောင်း၊ မြဲသောနိယတ အမွေ မမြဲသော အနိယတအမွေဟူ၍လည်းကောင်း နှစ်ပါးရှိ၏။

၁။ ဤသာသနာ၌ပင်လျှင် မင်းဆရာ၊ စိုးဆရာဖြစ်ရန် ဘုန်းတန်ခိုး အရှိန်အဝါကြီးရန်၊ အခြံအရံများရန်၊ ပစ္စည်းလေးပါးများရန် ကျင့်ကြံအားထုတ်သော သီလ

http://www.dhammadownload.com



သမာဓိ ပညာမျိုးသည်လည်းကောင်း၊ သံသရာ၌ လူကောင်း နတ်ကောင်းဖြစ်ရန် ကျင့်ကြံအားထုတ်အပ်သော သီလ၊ သမာဓိ ပညာမျိုးသည်လည်းကောင်း 'ဝဋ္ဋနိဿိတ'မည်ပါတယ်။

၂။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟူသော ဝဋ်သုံးပါး၏ ကုန်ငြိမ်းမှုဟူသော နိဗ္ဗာန်သည် 'ဝိဝဋ္ဋ'မည်ပါတယ်၊ ယခုဘဝ၌ပင်လျှင် အလုံးစုံအားဖြင့်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအားဖြင့်လည်းကောင်း ဝဋ်သုံးပါးကုန်ငြိမ်းရန် ကျင့်ကြံအားထုတ်အပ်သော သီလ သမာဓိ ပညာမျိုးသည် 'ဝိဝဋ္ဋနိဿိတ'မည်ပါတယ်။

၃။ မိမိပြုသော ကုသိုလ်အတွက် နောင်သောအခါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုလည်း ရောက်လို၏။ ယခုဘဝ၌ လောကဂုဏ်ကိုလည်း အလိုရှိ၏။ နိဗ္ဗာန်သို့ မရောက်မီ နောက်ဘဝတို့၌ လူကောင်း နတ်ကောင်း အဖြစ်ကိုလည်း အလိုရှိ၏ဟု ဖြစ်သော သီလ၊ သမာဓိ ပညာမျိုးသည်ကား ဝိဝဋ္ဋ နှစ်ပါးကို မှီသော 'ဉဘယနိဿိတ' ကုသိုလ်မျိုး မည်ပါတယ်။

'နိယတ၊ အနိယတ နှစ်ပါးနှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ရှိနေသော သမ္မာဒိဋ္ဌိ အနုသယ နိုင်ငံကြီးသည် အလွန်တရာ နက်ကျယ်စွာသော ရှားမီးကျို ပင်လယ်ကြီးနှင့်တူပါတယ်။

http://www.dhammadownload.com



ပုထုဇဉ်ပုဂ္ဂိုလ် တစ်ရံတစ်ခါဖြစ်သော သီလ၊ သမာဓိ၊ ပညာတို့သည် ထိုရှားမီးကျီ ပင်လယ်ပြင်သို့ ကျရောက်သော မိုးရေ၊ မိုးပေါက်စုများနှင့် တူကြပါတယ်။

'ငါကြည်သည်၊ ငါသီလရှိသည်၊ သမာဓိကို ငါပွားများသည်၊ သမာဓိစျာန်ကို ငါရသည်၊ ငါသမာဓိရှိသည်၊ ငါတတ်သည်၊ ငါသိသည်၊ ငါပညာရှိသည်၊ ငါလိမ္မာသည်၊ ရုပ်နာမ်ကိုငါရှုသည်၊ ငါမြင်သည်ဟူ၍ ဖြစ်သမျှသော သီလ၊ သမာဓိ၊ ပညာတို့သည် ငါ-ငါဟူသော သက္ကာယဒိဋ္ဌိပေါ်မှာချည်း ဖြစ်ကြကုန်သည်ဖြစ်၍ ရှားမီးကျီပင်လယ်ပြင်မှာ ကျရောက်သော မိုးရေမိုးပေါက်တို့နှင့် တူကြပါတယ်။

သက္ကာယဒိဋ္ဌိနိုင်ငံကြီးသည် ထိုသီလ၊ သမာဓိ၊ ပညာကို လွန်စွာ ကွယ်ပျောက်၊ ပျက်ဆုံးစေနိုင်သောကြောင့် ပုထုဇဉ်တို့၌ ဖြစ်ရသော လောကီ၊ သီလ၊ သမာဓိ၊ ပညာတို့သည် 'အနိယတ' မျိုးတို့သာ ဖြစ်ပါတယ်။ ပုထုဇဉ်တို့၌ သီလရှိသည်၊ သမာဓိ ရှိသည်၊ ပညာရှိသည်ဆိုသော်လည်း တဒင်္ဂ၊ တစ်ခဏသာ ဖြစ်ပါ တယ်။

သောတာပန်တို့၌ ဖြစ်ကုန်သော အာဇီဝဋ္ဌမက လောကီ သီလသည် လည်းကောင်း၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ ဂုဏ်၊ သီလဂုဏ် စသည်တို့၌ တည်ကြ၍သာ လောကီသမာဓိတို့ သည် လည်းကောင်း 'နိယတ'မျိုးတို့သာတည်း။

'အနောတတ္တအိုင်ကြီးအပြင်၌ ကျရောက်သော မိုးရေမိုး ပေါက်ကဲ့သို့ ထိုလောကီ၊ သီလ၊ သမာဓိ၊ ပညာတို့သည် သော

http://www.dhammadownload.com



တာပန်ပုဂ္ဂိုလ်တို့အား ဘဝများစွာ ကမ္ဘာအဆက်ဆက် ကွယ်ပျောက်ပျက်ဆုံးသည်ဟူ၍ မရှိကြပါ။

## လောကုတ္တရာဓမ္မအခွေ

လောကုတ္တရာစိတ် ရှစ်ခု၌ယှဉ်သော သီလ၊ သမာဓိ၊ ပညာ၊ ဉာဏဒဿနဝိသုဒ္ဓိ၊ ဗောဓိပက္ခိယတရား (၃၇)ပါးဟု ဆိုအပ်သော လောကုတ္တရာ ဓမ္မအမွေသည်ကား 'ဝိဝဋ္ဋနိဿိတ'မျိုးသာ ဖြစ်ပါတယ်။ နိယတမျိုးသာ ဖြစ်ပါတယ်။

နိယတဖြစ်သော လောကုတ္တရာ သီလ၊ သမာဓိ၊ ပညာသို့ ပေါက်ရောက်ကြကုန်ပြီးသော အရိယာပုဂ္ဂိုလ်တို့မှာ ဖြစ်ကြလေကုန်သော လောကီသီလ၊ သမာဓိ၊ ပညာတို့သည်လည်း 'နိယတ' အဖြစ်သို့ ရောက်ကြပါတယ်။

အဲဒီ နိယတပုဂ္ဂိုလ်တို့အား သီလမရှိသော ဒုဿီလအဖြစ်သို့ တဖန်ရောက်ခြင်း၊ မတည်ကြည်ခြင်း၊ အသမာဟိတ အဖြစ်သို့ တဖန်ရောက်ခြင်း၊ ပညာမရှိခြင်း ဒုပ္ပည ဉာဏ်ပညာ ကန်းသော တုံးသော လူမိုက်အန္ဓဗာလအဖြစ်သို့ တဖန်ရောက်ခြင်း မရှိကြတော့ပါ။

## အမွေခံပုဂ္ဂိုလ် ၇ ပါး

အမွေတို့ကို လောကီ၊ လောကုတ္တရာဟူ၍ ခွဲခြား၍ ပြခဲ့ပြီးပါပြီ။ ယခုအခါ သာသနာ့အမွေခံ ပုဂ္ဂိုလ်တို့ကို ဖော်ပြပါမည်။ သာသနာ့အမွေခံပုဂ္ဂိုလ်တို့သည်–

http://www.dhammadownload.com



၁။ ရဟန်း ယောက်ျား

၂။ ရဟန်း မိန်းမ

၃။ လူ ယောက်ျား

၄။ လူ မိန်းမ

၅။ သာမဏေ ယောက်ျား

၆။ သာမဏေ မိန်းမ

၇။ သိက္ခာမာန် မိန်းမ

ဟူ၍ ၇ မျိုးတို့ ရှိကြပါတယ်။ အဲဒီ ၇ မျိုးသိလျှင်လည်း အမေး ၅ ချက်ဟာ ပြေလည်ပါတယ်။ အဲဒီ ၇ မျိုးမှာ–

သိက္ခာမာန် မိန်းမဆိုတာ ရဟန်းလောင်းမ၊ ပဉ္စင်းလောင်းမကို ခေါ်ဆိုပါတယ်။ ရဟန်းယောက်ျား၊ ရဟန်းမိန်းမ၊ သာမဏေယောက်ျား၊ သာမဏေမိန်းမ သိက္ခာမာန် မိန်းမ ၅ ဦးတို့ကို သီတင်းသုံးဖော် ၅ ယောက်လို့ ခေါ်ဆိုပါတယ်။ သီတင်းသုံးဖော် ၅ ယောက်တို့မှ တစ်ပါးကုန်သော သရဏဂုံ၌ ကောင်းစွာတည်ကုန်သော လူ နတ် ဗြဟ္မာ တို့သည် လူယောက်ျား၊ လူမိန်းမ အတွင်း၌ ဝင်ကြပါတယ်။

အမွေခံပုဂ္ဂိုလ် ၇ ယောက်တို့တွင် ပစ္စည်းလေးပါးတည်းဟူသော အာမိသအမွေကို သီတင်းသုံးဖော် ၅ ဦးတို့သာ ခံကြရကုန်၏။ ကျန် နှစ်ဦးသားတို့ မခံကြရကုန်။ လောကီ၊ လောကုတ္တရာ ဓမ္မအမွေနှစ်ပါးကိုမူကား ၇ ဦးသားတို့ပင် ခံကြရကုန်၏။

http://www.dhammadownload.com



ဤသို့ ခံကြရကုန်ရာ လောကီသီလအမွေ၌ အထူးရှိကြကုန်၏။ လောကုတ္တရာ သီလအမွေ၌ လည်းကောင်း။ လောကီလောကုတ္တရာ၊ သမာဓိ၊ ပညာ အမွေတို့၌လည်းကောင်း အထူးမရှိကြပါ။

## လောကီသီလအမွေ

လောကီသီလအမွေ၌ အဘယ်သို့လျှင် အထူးရှိကြကုန်သနည်းဆိုသော် သီတင်းသုံးဖော် ၅ ဦးတို့သည် ဝိနည်း သီလအမွေ၊ သုတ္တန်သီလအမွေ နှစ်ပါးတို့ကို ခံကြရကုန်တယ်။ လူယောက်ျား၊ လူမိန်းမတို့သည် သုတ္တန် သီလ အမွေကိုသာ ခံကြရပါတယ်။ ဝိနည်း သီလ အမွေကို မခံကြရပါ။ အဲဒီလို လောကီသီလ အမွေ၌ အထူးရှိကြပါတယ်။

သုတ္တန်သီလဆိုတာ သီထင်းသုံးဖော် ၅ ဦးတို့မှာ ဗြဟ္မဇာလ သုတ္တန်၌လာသော သီလအစုကိုခေါ်ပါတယ်။ လူယောက်ျား၊ လူမိန်းမတို့မှာ ထိုထိုသုတ္တန်တို့၌ လာသော အာဇီဝဋ္ဌမက သီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ အစုတို့ ဖြစ်ပါတယ်။ ဓုတင်သီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ အစုဟာလည်း သုတ္တန်သီလ အစုပင်ဖြစ်ပါတယ်။

## လောကုတ္တရာ သီလ၊ သမာဓိ၊ ပညာအမွေ

လောကုတ္တရာသီလ၊ သမာဓိ ပညာအမွေ၌ အဘယ်သို့ အထူးမရှိကုန်သနည်းဆိုသော် လောကုတ္တရာ မဂ္ဂင် ၈ ပါးကို

http://www.dhammadownload.com



လောကုတ္တရာ သီလ၊ သမာဓိ၊ ပညာအမွေလို့ ခေါ်ပါတယ်။ အဲဒီ လောကုတ္တရာသီလ၊ သမာဓိ ပညာအမွေကိုမူကား အမွေခံ ၇-ဦးလုံးပင် ရထိုက်သော သူတို့မှပင် ရကြပါတယ်။ ရထိုက်ဖို့ ဆိုတာ ရအောင် အားထုတ်သူတို့ကို ဆိုပါတယ်။

## အမွေထိန်းအမွေခံ

ဝိသုဒ္ဓိ ၇-ပါး၊ ဗောဓိပက္ခိယတရား (၃၇)ပါးတို့သည် သီလ၊ သမာဓိ၊ ပညာ သုံးပါးတို့၌ အတွင်းဝင်ကြပါတယ်။ အမွေခံ ၇ ယောက်တို့တွင် သာသနာတော်ထမ်းဖြစ်ကြတဲ့ သီတင်း သုံးဖော် ၅ ယောက်တို့သည်ကား မိမိတို့အဖို့ အရာ သာသနာ့ အမွေလည်း ဖြစ်ကြပါတယ်။

"ပိဋကတ် သုံးပုံနှင့်တကွ အလုံးစုံသော သာသနာတော်ကို အနှစ်ငါးထောင် တည်လေအောင် ဆောင်ရွက် စောင့်ရှောက် ထိန်းသိမ်းကြကုန်သည်ဖြစ်၍ သာသနာ့အမွေထိန်းလည်း ဖြစ်ကြ ပါတယ်။

လူယောကျ်ား၊ လူမိန်းမတို့သည်ကား အမွေခံသက်သက် သာ ဖြစ်ကြပါတယ်။ အမွေထိန်းမဖြစ်ကြပါ။

အမွေခံဌာနထက် အသွင်အပြင်ကို ဆောင်မှုနှင့်တကွ အမွေ ထိန်းဌာနသည် အလွန်ကြီးမြတ်သောကြောင့် အရိယာဖြစ်၍ အနှစ် ၆၀ ရှိပြီးသောလူသည် ယနေ့တွင် ရှင်ပြုသော ပုထုဇဉ် ၇ နှစ် အရွယ် သာမဏေငယ်ကို ရှိခိုးရပါတယ်။ ရဟန္တာဖြစ်ပြီးသော

http://www.dhammadownload.com



ရဟန်းသည် မိမိထက် တစ်စက္ကန့်၊ တစ်မိနစ်၊ တစ်နာရီမျှ ကြီးသော ပုထုဇဉ်ရဟန်းကို ရှိခိုးရပါတယ်။

## အမွေဆိုး၊ အမွေကောင်း

အမွေသည်လည်း ဆိုးမွေ၊ ကောင်းမွေဟူ၍ နှစ်မျိုးရှိပြန်သလို အမွေခံပုဂ္ဂိုလ်သည် လည်းကောင်း၊ မွေခံဆိုးခံဟူ၍ နှစ်မျိုးရှိပြန်ပါတယ်။ ဒီနေရာမှာ ဓမ္မ ဒါယာဒသုတ္တန်အရ လိုရင်းမျှ ထုတ်ပြလိုပါတယ်။

"ရဟန်းတို့၊ သင်တို့သည် ငါဘုရားရဲ့ ဗောဓိ ပက္ခိယ ဓမ္မအမွေကို ခံစံကြသည်ဖြစ်ရစ်ကြကုန်လော၊ အာမိသအမွေကို ခံစံရစ်ကြသည် မဖြစ်ကြကုန်သင့်။

"သင်ချစ်သားတို့၌ ငါဘုရားရဲ့ သနားသမှုကြောင့်ကြပြုခြင်းသည် ရှိနေ၏။ အဘယ်သို့ ရှိနေသနည်းဟူမူကား ငါဘုရားရဲ့ တပည့်တပန်း ရဟန်းရှင်လူတို့သည် အဘယ်သို့လျှင် ဓမ္မအမွေကိုသာ ခံယူကြသည် ဖြစ်ပါကုန်အံ့နည်း။ အာမိသအမွေကို ခံယူကြသည် မဖြစ်ပါကုန်အံ့နည်း။"

ဤသို့ သနားသမှုကြောင့်ကြပြုခြင်းသည် ငါဘုရားအား ရှိနေ၏။ အဲဒီလိုရင်းစကားကို ရှင်းပြပါ့မယ်၊ ဘုရားရှင်ရဲ့ အမွေတော်သည် အာမိသအမွေ၊ ဓမ္မအမွေဟူ၍ နှစ်ပါးရှိပါတယ်။ အဲဒီ နှစ်ပါးတွင် အာမိသအမွေသည် ပစ္စယာမိသအမွေ၊ လောကာမိသအမွေ၊ ဝဋ္ဋာမိသအမွေရယ်လို့ သုံးပါးရှိပြန်ပါတယ်။ ထိုတွင်–

၁။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်း၊ ပရိက္ခရာ လာဘသက္ကာရမျိုးသည် 'ပစ္စယာမိသ' မည်ပါတယ်။

http://www.dhammadownload.com



၂။ လောကဩ ထင်ပေါ်သော ဂုဏ်အရှိန်အဝါမင်းဆရာ၊ စိုးဆရာ၊ သူဌေးဆရာ၊ သူကြွယ်ဆရာ၊ တပည့်ဒကာ ပရိသတ်ပေါ်များမှု အလုံးစုံသည် 'လောကာမိသ' မည် ပါတယ်။

၃။ နောက်နောင်ဘဝဩ ရယူခံစံရန် ဘဝကောင်းနှင့် ပြည့်စုံခြင်း၊ စည်းစိမ် ချမ်းသာရာထူး ဂုဏ်ထူးနှင့် ပြည့်စုံခြင်း အလုံးစုံသည် 'ဝဋ္ဋာမိသ'မည်ပါတယ်။

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် ကျွန်းအပြင်မှာ သုံးကြောင်းသုံးသွယ် ပင်လယ်ရေပြင်ကြီးလွှမ်း၍ သွားဘိသကဲ့သို့ ဗုဒ္ဓသာသနာတော်မြတ်ကြီးမှာ အဲဒီအာမိသ အမွေကြီး သုံးကြောင်း သုံးသွယ်လွှမ်း၍ အလွန်ထက် အလွန်ဖြစ်ပွား၍ သွားလိမ့်မည်ကို မြင်တော်မူ၊ ကြောင့်ကြတော်မူပါတယ်။

'ပင်လယ်ကြီး သုံးခု ဆူဝေရာ ကျွန်းနေလူတို့ကို ပင်လယ်ကြီးလွှမ်း၍သွားသကဲ့သို့ ဘုရားဘုန်းတန်ခိုးတော်နှင့် အာမိသ အမွေကြီး ပွားစည်းကြီးကျယ်၍သွားရာ ဗုဒ္ဓသာသနာဝင် ရှင်လူအပေါင်းတို့ကို အဲဒီသာမိသအမွေ ပင်လယ်ကြီးလွှမ်း၍ အဲဒီအာမိသ အမွေ ပင်လယ်ရေင်ကြီးဩ နစ်မွန်းမျောပါ၍ ဓမ္မအမွေ အထွတ်အမြတ်တို့မှအပဖြစ်၍ နေရစ်ကြမည်ကို ကြောင့်ကြတော်မူပါတယ်။

အဲဒီလို ဘုရားရှင်သည် ကြောင့်ကြတမည် မကြည်မဖြူပယ်မြစ်တော်မူသော အမွေမျိုးဖြစ်၍ အာမိသအမွေ ၃ ပါးဟာ 'အမွေဆိုး'မည်ပါတယ်။

http://www.dhammadownload.com



ဘုရားရှင်သည် အကြည်အဖြူ ဆောင်နှင်းတော်မူခဲ့သော သတိပဋ္ဌာန် သမ္မပ္ပဓာန်စသော ဗောဓိပက္ခိယဓမ္မအမွေတော်သည် 'အမွေကောင်း' မည်ပါတယ်။

အဲဒီကဲ့သို့လျှင် သာသနာ့အမွေတော်သည် ဆိုးမွေ၊ ကောင်းမွေလို့ ၂ ပါးရှိပါတယ်။ ဆိုးမွေကောင်းမွေ ၂ ပါးကို ပြဆိုလိုက်သဖြင့် ဆိုးမွေခံ၊ ကောင်းမွေခံ ဆိုတဲ့ အမွေခံ ၂ ပါးသည်လည်း ထင်ရှားပါပြီ။

## အကြည်အဖြူပေးတော်မူ

အာမိသအမွေမှာလည်း ဘုရားရှင် အကြည်အဖြူ ပေးတော်မူခဲ့သော သ,လုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ရသော ဆွမ်း၊ ပံသုကူ၊ သင်္ကန်း၊ သစ်ပင်ရင်းကျောင်း၊ နွားကျင်ငယ်ပုပ်ဖြင့် စိမ်ထားသော ဆေး ၄ ပါးတို့သည် ဘုရားအမွေတော်ကြီး ဖြစ်ပါတယ်၊ အကြည်အဖြူပေးတော်မူခဲ့သော အမွေတော်ကြီး ဖြစ်ပါတယ်။

အဲဒီလိုဆိုရင် ဘုရားရှင်သည် ဒါယကာတို့ လှူဒါန်းသော အပိုအလွန်ဖြစ်သော လာဘ်ဟူသော အာမိသအမွေတို့ကို အဘယ့်ကြောင့် ခွင့်ပြုတော်မူသနည်းဆိုသော် ပိဋကတ် သုံးပုံဟု ဆိုအပ်သော ပရိယတ္တိသာသနာတော်ကြီးသည် ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော် ၂ ပါး၏ အမြစ်အရင်း မူလကြီး ဖြစ်ပါတယ်။

အဲဒီ ပရိယတ္တိ သာသနာတော် တည်ရှိမှသာ ပဋိပတ္တိ–ပဋိဝေဓ သာသနာတော် ၂ ပါး တည်တံ့နိုင်ပါတယ်။ ပရိယတ္တိ

http://www.dhammadownload.com



သာသနာတော်ကြီးကို သာသနာ ငါးထောင် ဆောင်ရွက်မှုသည် အလွန်တရာ ဝန်ကြီးလှပါတယ်။

ဆုတ်ကပ်ကာလဖြစ်၍ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့သည် ကိုယ်အား၊ ဉာဏ်အားလျော့ပါးကြပါတယ်။ အပိုအလွန်ဖြစ်သော လာဘ်ကိုလွှတ်၍ သစ်ပင်ရင်း စသည်၌ တည်ကာ ပရိယတ္တိ သာသနာတော်ကြီးကို ရွက်ဆောင်ခြင်းငှာ မတတ်နိုင်ရှိကြမည်ကို မြင်တော်မူ၍ ခွင့်ပြုတော်မူပါသည်။

'ထို့ပြင် ပါရမီနည်းပါးကြသော သူတို့မှာ ပရိယတ္တိမှု၊ ဒါနမှု၊ သီလမှု ပစ္စည်းဖြင့် ထောက်ပံ့မှုတို့ကို ပြန့်ပြောစွာ ပြုကြသဖြင့် အပါယ်ဆင်းရဲမှ လွတ်မြောက်၍ နောက်ဘုရားသာသနာတော်၌ ကျွတ်လွတ်ကြရန် အခွင့်ကို မျှော်လင့်တော်မူသောကြောင့် အပိုအလွန်ဖြစ်သော လာဘ်ကို ခွင့်ပြုတော်မူပါတယ်။

## နစ်မွန်းမျောပါးရန်

အဲဒီကဲ့သို့ ခွင့်ပြုတော်မူခဲ့သည်ဖြစ်သော် အာမိသ အမွေ၌ နစ်မွန်းမျောပါးကြရန်အမှုကို ဘုရားရှင်ပင် ပြုခဲ့ရာမကျပြီလောဟု ဆိုသော် ပရိယတ္တိသာသနာတော်ကြီးအတွက် ပစ္စယာမိသ၊ လောကာမိသ ၂–ချက်နှင့် ဆက်ဆံကြကုန်သော ပရိယတ်ဆောင် ပုဂ္ဂိုလ်တို့မှာ အာမိသတဏှာလွှမ်းမိုးမှု၊ အာမိသအမွေ၌ နစ်မွန်းမျောပါးမှုတို့မှ ကင်းလွတ်စေခြင်းငှာ 'ပဋိသင်္ခါယောနိသော' အစရှိသော 'ပစ္စဝေက္ခဏာ ဝိသုဒ္ဓိ–ဆင်ခြင်ခြင်းဖြင့် စင်ကြယ်မှု' အစီအရင်ကို ထားတော်မူပါသည်။

http://www.dhammadownload.com



'ထို့ကြောင့် အာမိသ ၂ ချက်နှင့် ရောယှက် ဆက်ဆံကာ နေရသော်လည်း 'ပစ္စဝေက္ခဏာဝိသုဒ္ဓိ' အစီအရင် အတိုင်း အာမိသ ၂ ရပ်၌ ငြိကပ်ခင်တွယ်ခြင်းမရှိသော ပစ္စယသန္နိဿိတ သီလသစေတနာဉာဏ်ပညာတည်းဟူသော သင်္ဘောကြီးကို တက်စီး၍ နေကြပေမူကား အာမိသအမွေ ပင်လယ်ဇရာ၌ နစ်မွန်း မျောပါးဖွယ် မရှိကြပါ။

## နစ်မွန်းမျောပါး

ပစ္စယာမိသ၊ လောကာမိသ၊ ဝဋ္ဋာမိသဟူသော အာမိသ ၃ ချက်တို့၌ 'အပြစ်မြင်သော အာဒီနဉာဏ်' ဖြစ်ပေါ်မှု မရှိသည်ကို 'နစ်မွန်း'မှုဆိုပါသည်။ အဲဒီနစ်မွန်းမှု အတိုင်းပင် နစ်ရှည်လများ အရှုယ်သုံးပါးလိုက်စားသာယာ၍ နေမှုကို မျောပါးမှုဟု ဆိုပါသည်။

## သန်းပြိတ္တာကြီး

ဘုရားရှင်ထင်ရှားရှိစဉ်အခါ ဇေတဝန်ကျောင်းတိုက်အတွင်းမှာ ရှင်တိဿရဟန်းတော် ပျံလွန်တော်မူရာ သင်္ကန်းတစ်ထည်ရှိသာယာသည့်အတွက် အဲဒီသင်္ကန်းမှာပင် သန်းပြိတ္တာ ဖြစ်ပါတယ်။

'သင်္ကန်းတစ်ထည်၌ ဖြစ်ပွားသော တဏှာသည်ပင်လျှင် အပါယ်သို့ချနိုင်ပါလျှင် ထို့ထက်ပိုရာ၌ ဆိုဖွယ်ရာမရှိတော့ပါ။ အဲဒီသင်္ကန်းသည် သံဃိကအဖို့မှ ဝေစုရသော သင်္ကန်းဖြစ်၍ တရားသဖြင့်ရသော သင်္ကန်းဖြစ်ပါတယ်။

http://www.dhammadownload.com



ရဟန်းတော်သည်လည်း (၂၂၇)သွယ်သော သိက္ခာပုဒ်ကို ထိန်းသော သီလရှင်ရဟန်းဖြစ်ပါတယ်။ တရားသဖြင့် ရသော သင်္ကန်းတစ်ထည်သည်ပင်လျှင် (၂၂၇)သွယ်သော သိက္ခာ သီလေ သော ရဟန်းတော်ကို အပါယ်သို့ချနိုင်ပါသည်။

'လောဘပယောဂတွေများစွာနှင့် ရှာကြံ၍ လုပ်ဆောင်ရသော လူတို့၏ ပစ္စည်းဥစ္စာမှာ ငါးပါးမျှသော သိက္ခာပုဒ်သီလရှင်ဖြစ်သူ လူတို့၌ အဘယ်ဆိုဖွယ်ရှိအံ့နည်းဟု သံဝေဂသတိ ရှိကြရပါတယ်။

## အပျက်များ

'သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလ၊ အာဇီဝဋ္ဌမ သီလ ဟု ဆိုအပ်သော နိစ္စသီလ မလုံခြုံကြသော လူမိန်းမ လူယောကျ်ား တို့သည် သာသနာ့အမွေခံ ဥပါသကာ၊ ဥပါသိကာအင်္ဂါတို့မှ လွတ်ကျွတ်၍ ဥပါသကာပျက်၊ ဥပါသိကာပျက်အဖြစ်၌ တည်ကြ ပါတယ်။

'ပါရာဇိကကျသော ရဟန်း၊ လိင်ကျသော သာမဏေ တို့သည် ဘုရားအမွေခံ ရဟန်းကောင်း သာမဏေကောင်း အင်္ဂါ တို့မှ လွတ်ကျွတ်၍ ရဟန်းပျက် သာမဏေပျက်အဖြစ်၌သာ တည်ကြပါတယ်။

'ထိုအပျက် နှစ်မျိုးတွင် လူတို့မှာ ငါးပါးသီလ၊ အာဇီဝဋ္ဌမက သီလတို့ကို ယနေ့မှစ၍ စောင့်ထိန်းပါတော့မည်ဟု ဆောက်တည် လျှင် ယနေ့မှစ၍ သာသနာ့အမွေခံ ဥပါသကာ ဥပါသိကာ အဖြစ်သို့ ရောက်နိုင်ကြပါတယ်။

http://www.dhammadownload.com



## အနိယတ–နိယတအမွေခံ

'အမွေခံတို့ကို တနည်းပြောရသော် အနိယတအမွေခံ၊ နိယတအမွေခံအားဖြင့် နှစ်ပါး ပြောနိုင်ပါသေးတယ်၊ မိမိတို့အတွင်း ရုပ်နာမ်ခန္ဓာ၌ ကောင်းကောင်းကြီး ထင်မြင်သော အနိစ္စဉာဏ်၊ အနတ္တဉာဏ်ကို တစ်ရံတစ်ဆစ်မျှ မရဖူးကြသော သူတို့သည် 'အနိယတအမွေခံတို့ မည်ပါတယ်။

'အနိယတ'ဆိုတာ ယခုနေ့၌ သဗ္ဗညုဘုရားရှင် တပည့်သား၊ သဗ္ဗညုဘုရားရှင်အမွေခံ၊ နက်ဖြန်၌ တစ်ပါးသော ဘုရားတပည့် သား၊ တစ်ပါးသော ဘုရားအမွေခံဖြစ်မှုကို ဆိုလိုပါတယ်။

'မိမိတို့အတွင်း ရုပ်နာမ်ခန္ဓာ၌ အနိစ္စအချက်၊ အနတ္တအချက်ကို ကောင်းစွာမြင်ဖူးကြ၊ သက္ကာယဒိဋ္ဌိနိုင်ငံကြီးမှ ကျွတ်လွတ်ကြသောသူတို့သည် 'နိယတအမွေခံ'တို့ မည်ပါတယ်။

'နိယတ'ဆိုတာ နောင်အနမတဂ္ဂသံသရာ၌ ကိုးကွယ်ရာဘုရား ပြောင်းလဲမှုမှ ကျွတ်လွတ်ကြပါတယ်။ သဗ္ဗညုဘုရားရှင်၏ သားတော်စစ်၊ သမီးတော်စစ်၊ ဘဝဆက်တိုင်းဖြစ်သော သူတို့ကို ဆိုလိုပါတယ်။

## အဖြေပြီးနေပါပြီ

ယခုလောက်ဆိုရင် (……)ရဲ့ အမေး ငါးချက် အဖြေဟာ ပြီးနေပါပြီ၊ ရှင်းသထက်ရှင်းအောင် ထပ်ပြီးတော့ ဖြေပေးပါဦး ဆိုရင် အချုပ်ကို ဖြေပြပါဦးမယ်။

http://www.dhammadownload.com



၁။ တစ်ကိုယ်တည်းသမားတွေအဖို့ သီလ၊ သမာဓိ ပညာ ရှိအောင် ကြိုးစားကာ သာသနာ့အမွေကို ခံရပါတယ်။

၂။ နီးစပ်ရာ ဆွေမျိုးသားချင်းများ၏ သားများကို ရှင်ရဟန်း ပြုပေးခြင်းအားဖြင့် သာသနာ့အမွေ ခံနိုင်ပါသလား ဆိုတဲ့ အမေးနှင့်ပတ်သက်၍–

(က) ရှင်ဒါယကာ ရဟန်းဒါယကာသာဖြစ်၍ သာသနာ့အမွေမခံရသူ၊

(ခ) သာသနာ့အမွေသာခံရ၍ ရှင့်ဒါယကာ ရဟန်း ဒါယကာ မဖြစ်သူ၊

(ဂ) ရှင့်ဒါယကာ ရဟန်း ဒါယကာလည်းမဖြစ် သာသနာ့ အမွေလည်းမခံရသူ၊

(ဃ) ရှင့်ဒါယကာ ရဟန်းဒါယကာလည်းဖြစ် သာသနာ့အမွေလည်းခံရသူ။

ဟူ၍ လူ ၄–မျိုးရှိပါတယ်။ အဲဒီ ၄–မျိုးကို ရှင်းပြလျှင် ပြဿနာ အထူးပြေလည်သွားပါမည်။

(က) ရှင်ရဟန်းတော့ပြုပေးပြီး ရှင့်ဒါယကာ ရဟန်း ဒါယကာ သီလ သမာဓိ ပညာမရှိက ရှင့်ဒါယကာ ရဟန်း ဒါယကာသာဖြစ်၍ သာသနာ့အမွေ မခံရသူ ဖြစ်ပါတယ်။

(ခ) ရှင်, ရဟန်းမပြုပေးသော်လည်း မိမိမှာ သီလ သမာဓိ ပညာရှိက သာသနာ့အမွေသာခံရ၍ ရှင့်ဒါယကာ ရဟန်း ဒါယကာမဖြစ်သူ ဖြစ်ပါတယ်။

http://www.dhammadownload.com



(ဂ) ရှင်, ရဟန်းလည်းမပြုပေး၊ မိမိမှာ သီလ သမာဓိ ပညာလည်းမရှိမူ ရှင့်ဒါယကာလည်းမဖြစ် သာသနာ့ အမွေလည်း မခံရသူဖြစ်ပါတယ်။

(ဃ) ရှင် ရဟန်းလည်းပြုပေး၊ မိမိမှာ သီလ သမာဓိ ပညာ လည်းရှိမူ ရှင့်ဒါယကာ ရဟန်းဒါယကာလည်းဖြစ် သာသနာ့ အမွေလည်း ခံရသူဖြစ်ပါတယ်။

အဲဒီပုဂ္ဂိုလ် ၄–မျိုးအရ ကြည့်ရင် ရှင် ရဟန်းပြုပေးရုံ သက်သက်နဲ့ သာသနာ့အမွေကို မခံနိုင်၊ အမွေခံမဖြစ်နိုင်ပါ။

ရှင် ရဟန်းပြုပေးခြင်းမှာ ရှင့်ဒါယကာ ရဟန်းဒါယကာတွေ အတွက် သာသနာ့အမွေ ခံယူဖို့မဟုတ်ပါ။ အဲဒီရှင်တွေ ရဟန်း တွေအဖို့ သာသနာ့အမွေကို ခံယူစေခြင်း ဖြစ်ပါတယ်။

ရှင့်ဒါယကာ ရဟန်းဒါယကာတွေမှာ အဲဒီရှင်တွေ ရဟန်း တွေနှင့် ဆက်နွယ်ပြီး သီလ၊ သမာဓိ၊ ပညာဖြစ်ပါမှ သာသနာ့ အမွေခံယူပါတယ်၊ မဖြစ်က မခံယူရပါ။

၃။ ဘုရားရဲ့အဆုံးအမ သြဝါဒတွေကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့သူ၊ ပြန့်ပွားအောင် ကြိုးစားအားထုတ် နေတဲ့သူကို သာသနာ့အမွေခံလို့ ခေါ်နိုင်ဖို့ရာ သူ့မှာ သီလ သမာဓိ ပညာလည်းရှိပါမှ ခေါ်နိုင်ပါတယ်။ မရှိက မခေါ်နိုင် သေးပါ။

၄။ ဒါန သီလ သမာဓိ ပညာ ဘာဝနာ အလုပ်တွေကို ကြိုးစားအားထုတ်နေက သာသနာ့အမွေကို ခံထိုက်သူ ဖြစ်နိုင် ပါတယ်။

http://www.dhammadownload.com



၅။ 'သာသနာ့အမွေခံယူခြင်း'ဆိုတဲ့ အဓိပ္ပာယ်က သာသနာ့အမွေဆိုတာ 'သီလ သမာဓိ ပညာ'မို့ သီလ သမာဓိ ပညာရှိက သာသနာ့အမွေကို ခံယူနိုင်ပါပြီလို့ပဲ ရှင်းလင်းဖြေကြားလိုက် ပါသည်။

သူများရဲ့ ပါးစပ်ဖျားမှာ လမ်းမဆုံးဘဲ ယခုလို သိချင်တာကို မေးလျှောက်သဖြင့် မိမိအတွက်လည်း သံသယရှင်း အများအတွက်လည်းကျေးဇူးများပါသည်။ သို့ပါ၍နောင်လည်း မရှင်းလင်းတာရှိက မေးနိုင်ပါတယ်၊ တတ်သမျှ မှတ်သမျှ ဖြေကြားပါမယ်။

"သာသနာ့အမွေနှင့်ပတ်သက်၍ အသိရှင်းပြီး သာသနာ့အမွေခံပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန် ဖြစ်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်"

မွေ့ဒူတအရှင်ပညာဇောတ။

- အမွေဆိုတာ ဘယ်လိုဟာ သေချာသိသင့်တယ်၊
- အမွေမသိ မွေခံ၏ မသိအဓိပ္ပာယ်၊
- သီလ–သမာဓိ–ပညာ သုံးဖြာအမွေကွယ်၊
- အမွေလိုက ဖြည့်သီလ တည်ကြသမာရယ်၊
- ပညာသည်ကား မွေထွက်ဖျား ကြိုးစားယူရမယ်၊
- မဂ်ဖိုလ်ပညာ ရမှသာ မွေဟာဆုံးပါတယ်။

http://www.dhammadownload.com



# ဘုရားရှင် မအားတာ ဘာကိစ္စတွေများနေလို့ပါလဲဘုရား

## {၈}

### ဆရာစစ်

ဘုရားရှင်၏ အဆုံးအမခံ၍ ယဉ်ကျေးလာသော နတ်ဗြဟ္မာတို့က တို့ဆရာပဲဟု အသည်းစွဲမြတ်နိုးဂုဏ်ပြု အသိအမှတ် ပြုရာမှ 'နတ်လူဗြဟ္မာ သတ္တဝါတို့၏ဆရာ'ဟူသော ဂုဏ်တော်ကြီးမှာ ကမ္ဘာလောကတွင် ပွဲတင်ခတ်ကျော်စောလာရခြင်းဖြစ်၏။

လောကီဆရာတို့ထံမှရသော ပညာမှာ တစ်ဘဝစာအတွက်သာ ဖြစ်ပါသည်။ သံသရာ ဝဋ်ဒုက္ခမှ လွတ်စေနိုင်သည်လည်း မဟုတ်ပါ၊ ကမ္ဘာများစွာ ဖန်ခါခါ ရလာခဲ့ဖူးသော ပညာမျိုးဖြစ်၍ ထူးဆန်းလှသည်မဟုတ်ပါ။

"ရှင်တော်ဘုရား ပေးသနားသော ပညာမှာ သံသရာဒုက္ခတွေသိမ်းဖို့ အငြိမ်းဓာတ်သုခကို ရကြောင်း သိကြောင်း ပညာ

http://www.dhammadownload.com



ဖြစ်ရာ ဘဝများစွာက တစ်ခါမျှ ကြုံခဲ့ဖူးသော ထိုအငြိမ်းခေတ်ကို တွေ့ရသောအခါ ဘယ်ဆရာအပေါ်မှ မဖြစ်စဖူး ထူးကဲသော မြတ်နိုးမှုမျိုးဖြင့် ဆရာအစစ်အဖြစ် ကိုးကွယ်ဆည်းကပ်ကြ၏"

## လည့်မော့ကာဝင့်ကြွားနိုင်၏

"လောက၌ မိမိဆရာက တော်သလို လျော်သလို ဖြစ်ခဲ့လျှင် 'ငါ့ဆရာ'ဟု ညွှန်ပြရန် ဝန်လေးတတ်ကြ၏။ ဆရာက အသင်အပြကောင်း၍ အကျင့်ကောင်း ဂုဏ်ကောင်းရှိလျှင် မိမိဆရာအဖြစ် ရဲဝံ့စွာ ထုတ်ဖော်နိုင်ကြ၏"

"ဘုရားရှင်ကား အတုမရှိသော နည်းညွှန်လမ်းပြ ဖြစ်သည့်ပြင် သူမတူသောအကျင့်များ ဂုဏ်များဖြင့် ထင်ရှားခဲ့ပြန်ရာ ထိုခေတ်က တပည့်သာဝကများမှာ မျက်နှာကိုမော့၊ ရင်ကိုကော့ကာ မိမိတို့ဆရာအဖြစ် ရဲဝံ့စွာ တင်ပြနိုင်ကြ၏"

"အဘယ်ကြောင့်နည်း။ မိဘတို့မေတ္တာ ကရုဏာမျိုးကိုလည်း ရရှိ၏။ ဥစ္စာအမွေထက် ထူးမြတ်သော ပညာအမွေကိုလည်း ခံရ၏။ လောက၏ ဆရာဖြစ်သော ဘုရားမြတ်ကား သတ္တဝါတို့၏ ဆင်းရဲကြောင်း ဆင်းရဲပုံအစုံစုံကို ဉာဏ်ဝင်စား ဆင်ခြင်သော မဟာကရုဏာ သမာပတ်ကို အထပ်ထပ်အခါခါ မကြာမကြာ ဝင်စား သနားတော်မူလျက်ရှိရာ ဘယ်ဆရာမိဘကမှ မထား နိုင်သော မေတ္တာကရုဏာတော်ကိုလည်း ထားတော်မူ၏"

ဘယ်ကာလက ဘယ်သူမျှ မပေးနိုင်ခဲ့သော ထူးမြတ်သော လောကုတ္တရာ အမွေကိုလည်း အပ်နှင်းခဲ့၏။ ထို့ကြောင့်ပင် ဘုရား

http://www.dhammadownload.com



ရှင်၏ တပည့်များစွာ အရိယာတို့မှာ 'ငါဘုရားသားတော်ဟေ့၊ ငါဘုရား သမီးတော်ဟေ့'ဟု လည်မော့ ဝင့်ကြွားကြွား မြွက်ကြား နိုင်ခဲ့ကြပေသည်။

## တရားကိုသာအလေးပေး၏

ထို့ပြင် ဘုရားရှင်၏ ဆရာအဖြစ်ကား လေးနက်လှပါ၏။ လောက ဆရာများသည် လာဘ်ပူဇော် သက္ကာရ အကျော်အစော ကို လိုလားတတ်ကြ၏။ ကိုယ်ကျိုးကို ငဲ့ကြသေး၏။ ဘုရားရှင် ကား အလောင်းတော်ဘဝ ပါရမီတွေ ဖြည့်စဉ်ကပင် လာဘ် စသည်ကို မလိုလားပါ၊ တရားတော်ကိုသာ အလေးပေးခဲ့ပါ သည်။

"ထီးနန်းစည်းစိမ်တွေကို စွန့်ကာ တောထွက်တော်မူလာ သည့်အခါကစ၍ မည်သည့်လာဘ်သပ်ပကာ ကျော်စောထင်ရှား မှုကိုမျှ အရေးမထားခဲ့ပါ။ ဘုရားဖြစ်သောအခါ၌ကား ဆိုဖွယ်ရာ မရှိပြီ၊ ကိုယ်ကျိုးအတွက် လုံးဝမရှိတော့ပါ"

"သတ္တဝါများအတွက်သာ တသန်တည်းထားခဲ့ရာ နေ့မအား ညမအား ကြိုးစားနည်းပြခြင်းဖြင့်သာ အချိန်ကုန်လွန်တော်မူခဲ့ ပါ၏။ လောကဆရာများကား မိမိထံသို့ ရောက်လာသော တပည့် များကိုသာ သင်ကြားကြ၏"

"ဘုရားရှင်ကား မိမိထံ ရောက်လာသော တပည့်များသာ မက အပြည်ပြည်အရွာရွာသို့ အရောက်ကြွကာ ဟောပြတော်မူ ခဲ့၏။ နေ့စဉ် ကျွတ်ထိုက်သော သတ္တဝါတွေကို ဂရုစိုက်၍ ကြွတော် မူလေ့ရှိ၏"

http://www.dhammadownload.com



"ကျွတ်ထိုက်သော သတ္တဝါတွေ့လျှင် ဘယ်လောက်ပင် ဝေးဝေး၊ ဘယ်နေရာမဆို ယုတ်စွအဆုံး အညစ်အကြေးစွန့်ပစ်ရာ လူသူမသွားချင်သော အရပ်များပင်ဖြစ်ဖြစ် ကြွတော်မူ၏"

"ဘုရားရှင်သည် တစ်ခါတရံ တန်ခိုးဖြင့် ကြွတော်မူ၍ တစ်ရံတခါ ခြေလျင်ပင် လျှောက်တော်မူ၏။ အချို့ကျွတ်ထိုက်ဖို့ရာ နီးသော သတ္တဝါဆိုလျှင် နီးနီးကပ်ကပ် တယုတယပင် စောင့်ရှောက် နည်းပေးတော်မူ၏"

"အချို့ အဝေးမှပင် ရောင်ခြည်တော်လွှတ်၍ အားပေးတော်မူ၏။ အဝေးမှပင် တရားပြတော်မူ၏။ မိုးလင်းကာနီးခဏကလေးမျှ လျောင်းစက်တော်မူ၏"

"ဘုရားရှင်သည် နေ့ရောညပါ အအားမယူ အနားမထားဘဲ သတ္တဝါများကို နည်းလမ်းညွှန်ပြ ဆုံးမခြင်းဖြင့် ၄၅-ဝါ ကာလပတ်လုံး ကြိုးစားတော်မူခဲ့သော ရှင်တော်ဗုဒ္ဓ၏ ဆရာအဖြစ်မှာ ဘယ်မျှအားရကြည်ညို ရိုသေလေးစားဖွယ် ကောင်းလှပါသနည်း။

## ဗုဒ္ဓ၏ကိစ္စများ

ဗုဒ္ဓ၏ကိစ္စများကို မသိသူများက ဗုဒ္ဓသည် အားနေသည်၊ အလကား နေသည်ဟု ထင်နေကြသည်။ ဗုဒ္ဓအားသည်မှာလည်း ဗုဒ္ဓ၏အတွက်တာ ကြောင့်ကြများ ကိစ္စများ၍ မအားတာ မဟုတ်ပါ၊ သတ္တဝါအများ၏အတွက်တာ မအားတာ ဖြစ်ပါသည်။ ယင်းကို မသိသူ တစ်ယောက်က မိမိကို မေးလျှောက်၏။

http://www.dhammadownload.com



"အရှင်ဘုရား၊ **ဘုရားရှင်မအားတာ ဘာကိစ္စတွေ များနေလို့ပါလဲဘုရား**"

"အား...ဒကာကြီးရဲ့ အမေးက သံသယသံလေးနဲ့ ပါလား။ ဘုရားရှင်မအား အလကားမနေတာ မယုံဘူးနဲ့တူတယ်"

"ဘုရားဖြစ်သွားပြီဆိုတော့ ကိစ္စမရှိတော့ဘူး ထင်လို့ပါဘုရား"

"ဟုတ်တယ် ဘုရားဖြစ်သွားပြီဆိုတော့ ဘုရားဖြစ်ရန် လုပ်ရမယ့်ကိစ္စတွေတော့ မရှိတော့ဘူးပေါ့"

"ဒါဖြင့် ဘာကိစ္စတွေ ရှိနေပါသေးလဲဘုရား"

"ဘုရားဖြစ်အောင်ကျင့်တာဟာ လူ့, နတ်, ဗြဟ္မာ သတ္တဝါတွေကို ချေချွတ်ဖို့ ကျင့်တာမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"အဲဒါကြောင့် ဘုရားဖြစ်တဲ့အခါ သတ္တဝါတွေကို ချေချွတ်တဲ့ကိစ္စတွေနဲ့ မအားတာပေါ့ ဒကာကြီးရဲ့"

"ဒါဖြင့် ဘုရားရှင်ရဲ့ အဲ့ဒီမအားတဲ့ ကိစ္စတွေ ရှင်းပြပါဘုရား"

"ဘုရားရှင်ရဲ့ မအားတဲ့ ဗုဒ္ဓကိစ္စနှင့်စပ်၍ အချို့အဋ္ဌကထာတို့၌ ဗုဒ္ဓကိစ္စ ၅–ပါးလို့ ဖွင့်ပြကြပါတယ်။ အချို့အဋ္ဌကထာများက နောက်ပိုင်း ဗုဒ္ဓကိစ္စ ၄–ပါးကို တစ်ပေါင်းတည်း ပြုကာ ဗုဒ္ဓကိစ္စ နှစ်ပါးပဲ ပြဆိုပါသည်။

http://www.dhammadownload.com



"အဲဒါကြောင့် သုတ္တနိပါတ် အဋ္ဌကထာအရ ပုရေဘတ္တကိစ္စ၊ ပစ္ဆာဘတ္တကိစ္စ၊ မဇ္ဈိမယာမကိစ္စ၊ ပစ္ဆိမယာမ ကိစ္စဟူ၍ ဗုဒ္ဓရဲ့ နေ့စဉ်မအားတဲ့ ကိစ္စလုပ်ငန်း ၅–မျိုး ရှိပါတယ်"

"အဲဒီငါးမျိုး အဓိပ္ပာယ် ရှင်းပြပါဘုရား"

## နံနက်ခင်း ဗုဒ္ဓလုပ်ငန်း

လာလာသေးတော့တယ်၊ ဒါယကာနယ်၊ မအားတဲ့ ကိစ္စတွေ ရှင်းပြပါ ဆိုလို့ ရှင်းပြပြီးတော့ အဓိပ္ပာယ်တဲ့၊ ကဲ...နားထောင် နားထောင်။ ရှင်းပြမယ်။ ဘုရားရှင်သည် စောစောစီးစီး ထတော်မူ၍ အလုပ်အကျွေး ရဟန်းတော်အား ချီးမြှောက်ရန် ရုပကာယ ကိုယ်တော် ချမ်းသာရန်အတွက် မျက်နှာတော်သစ်ခြင်း အစရှိသော ကိုယ်လက်သုတ်သင်မှုကို ပြုတော်မူတယ်။

"ဒီလိုဆိုတော့ ဘုရားရှင် ကျိန်းစက်တော်မူတယ်ပေါ့ဘုရား"

"ဩော်...ဒါယကာက အမေးတယ်စောတာပဲ၊ နားထောင်ပါဦး၊ တော်တော်ကြာတော့ ပေါ်လာမှာပေါ့"

"တပည့်တော်က မပေါ်လာခင် သိချင်လို့ပါဘုရား။ သည်းခံတော်မူပါဘုရား"

"ကဲ...ကဲ...ဆက်နားထောင်ပါ၊ အဲဒီအချိန်ပြီးတော့ ဆွမ်းခံဝင်ချိန်ရောက်သည့်တိုင်အောင် ဆိတ်ငြိမ်ရာအရပ်၌ ဖလသမာပတ်ဖြင့် အချိန်ကို လွန်စေတော်မူပါတယ်"

"ဆွမ်းခံချိန်ကြွရောက်တဲ့အခါ သပိတ် သင်္ကန်းတို့ကို ပြင်ဆင်တော်မူကာ တစ်ရံတခါ တစ်ပါးတည်း။ တစ်ရံတခါ ရဟန်းအပေါင်း ခြံရံလျက် ရွာနိဂုံးအတွင်းသို့ ဆွမ်းခံကြွဝင်တော်မူပါတယ်"

http://www.dhammadownload.com



အဲဒီလို ကြွဝင်တော်မူရာမှာလည်း တစ်ခါတရံ ပကတိသော ကြွဝင်ခြင်းဖြင့် ကြွဝင်တော်မူ၍ တစ်ခါတရံ များစွာသော တန်ခိုး ပြာဋိဟာတို့ဖြင့် ကြွဝင်တော်မူပါတယ်။

"ပကတိသော ကြွဝင်ခြင်းကတော့ ရှင်းပါတယ် ဘုရား၊ တန်ခိုးပြာဋိဟာတို့ဖြင့် ကြွတော်မူပုံကို ရှင်းပြပါဦးဘုရား"

"ဘုရားရှင် ဆွမ်းခံဝင်တော်မူသည် ရှိသော် ရှေ့တော်မှ လေပြည်လေညင်းတို့ တိုက်ခတ်ကြကာ မြေအပြင်ကို စင်ကြယ် စေကြပါတယ်"

"ကောင်းကင်မှာ ရှိကြတဲ့ မိုးသား တိမ်တိုက်တွေကလည်း ရေပေါက်တို့ကို တဖွားဖွားလွှတ်ကုန်လျက် လမ်းခရီးတစ်လျှောက် ရှိ မြူမှုန်များကို သိပ်စေကြ၍ ရှင်တော်ဘုရားရဲ့ အထက်၌ မျက်နှာကြက်ပမာ လိုက်ပါကြပါတယ်။

အခြားသော လေတို့ကလည်း ထိုထိုအရပ်၌ ပွင့်သော ပန်းများကို ယူဆောင် တိုက်ခိုက်ခဲ့ကြ၍ ကြွသွားတော်မူရာ လမ်း တစ်လျှောက်၌ ပန်းမွေ့ရာကြဲဖြန့်ခင်းကြပါတယ်။

"ပင်ကိုယ်က မြင့်မောက်နေသော မြေအရပ်တို့သည် အလိုလိုနိမ့်ကျကာ တညီတစ်ညွတ်တည်း ဖြစ်ကြပါတယ်"

ပင်ကိုယ်က နိမ့်ဝှမ်းသော မြေအရပ်တို့သည် အလိုလို မြင့်တက်ကာ တစ်ညီတစ်ညွတ်တည်း ဖြစ်ကြပါတယ်။

"ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်စရစ်များ၊ အိုးခြမ်းကွဲ များ၊ သစ်ငုပ်ဆူးငြောင့်များသည် သူတို့အလိုလို ဖယ်နှင့်ရှားနှင့် ကြပါတယ်"

http://www.dhammadownload.com



"တယ်အံ့သြစရာကောင်းပါလား ဘုရား"

"ဒါဘာဟုတ်သေးလဲ၊ ရှေ့မှာအများကြီး ရှိသေးတယ်၊ ဆက်ပြီးနားထောင်ပါဦး"

"မှန်ပါ အမိန့်ရှိပါဘုရား"

"ဘုရားရှင်ရဲ့ ခြေတော်ကို မြေပေါ်သို့ ချနင်းတဲ့အခါ မြေအပြင်သည် ညီညွတ်ပြီးသား ဖြစ်နေပါတယ်။

"သို့မဟုတ်ကလည်း ပျော့ပြောင်းနူးညံ့တဲ့ ရထား လှည်းဘီးပမာဏရှိတဲ့ ပဒုမ္မာကြာပန်းကြီးများကသော်မှုလည်း ခြေတော်အောက်က အသင့်ခံလင့်ကြပါတယ်။

"ထိုထိုမြို့ရွာအဝင်ဝ တံခါးခုံအတွင်း လက်ယာ ခြေတော်ကို ချထားမိလျှင်ပင် ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ်တို့ ကွန့်မြူးထွက်ကြွကြပါတယ်။

"လေးထောင့်ပြာသာဒ် အထွတ်တပ်သော တိုက်အိမ်အစရှိသည်တို့ကို အဆောက်အအုံများကို ရွှေရည်ဖြင့် သွန်းလောင်းအပ်ကုန်သကဲ့သို့လည်းကောင်း၊ ဆန်းကြယ်သော အဝတ်တို့ဖြင့် ရစ်ပတ်ဖုံးလွှမ်းအပ်ကုန်သကဲ့သို့လည်းကောင်း၊ အရောင်ပြိုးပြက်တစ်လက်လက်ထွက်အောင် ပြုလုပ်ကြ၍ ဤမှထိုမှ ပြေးသွားကြပါတယ်။

"ဆင်မြင်းကျေးငှက် အစရှိသော တိရစ္ဆာန်သတ္တဝါတို့သည် မိမိတို့၏နေရာဌာန၌ တည်နေကြရင်းကပင် ချိုမြသာယာတို့ဖြင့် အသံတွန်ကြ မြည်ကြဟီကြပါတယ်။

http://www.dhammadownload.com



“အဲဒီအတူပဲ၊ စည်စောင်းအစရှိသော တူရိယာမျိုးစုံတို့သည်လည်း လူတို့က မတီးခတ်ဘဲ သာယာသောအသံကို မြည်ကြပါတယ်။

“လူတို့ကိုယ်ဝယ် ဝတ်ဆင်ထားအပ်သည့် ပုတီး၊ နားဋောင်း၊ လက်ကောက်၊ လက်ကျပ်စသော အဆင်တန်ဆာတို့ကလည်း အလိုလိုသာယာသော အသံကိုမြည်ကြပါတယ်။

အဲဒီ အမှတ်သညာတဖြင့် လူတို့သည် ‘ယနေ့မြတ်စွာဘုရားရှင်သည် ငါတို့ မြို့ရွာသို့ ဆွမ်းခံကြွဝင်တော်မူလာပြီ’ဟု သိရှိကြပါတယ်။

“အဲဒီလို သိရှိတဲ့လူတို့သည် အဝတ်အရုံ အခြုံကောင်းတို့ဝတ်ရုံကြ ခြုံကြကုန်လျက် နံ့သာပန်း စသည်တို့ကို လက်စွဲကြကာ မိမိတို့၏အိမ်မှ အသီးသီး ထွက်ကြ၍ မြို့လယ်လမ်းမသို့ တစ်စုတစ်ရုံး သွားရောက်ကြလျက် ဘုရားရှင်ကို နံ့သာပန်း စသည်တို့ဖြင့် ရိုသေစွာ ရှိခိုးပူဇော်ကြပြီးလျှင်–

“မြတ်စွာဘုရား... တပည့်တော်တို့အား ရဟန်းတော် ၁၀–ပါး ပေးကြကုန်၊ တပည့်တော်တို့အား ရဟန်းတော် နှစ်ကျိပ်ပေးကြကုန်၊ တပည့်တော်တို့အား ရဟန်းတော် ၁၀၀ ပေးကြပါကုန်”

စသည်ဖြင့် မိမိတို့တတ်နိုင်ကြသလောက် တောင်းယူကြပြီးလျှင် ဘုရားရှင်၏ သပိတ်တော်ကိုလည်း ယူဆောင်ကြ၍ နေရာတော်ခင်းကြပြီး ရိုသေစွာ ဆွမ်းပြုစု လုပ်ကျွေးကြပါတယ်။ ဘုရားရှင်

http://www.dhammadownload.com



ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြုပြီးလတ်သော် ထိုလူများရဲ့ အတွင်း အလိုဆန္ဒနှင့် လိုက်လျောအောင် ကြည့်ရှုတော်မူပြီးလျှင်–

၁။ အချို့သရဏဂုံ ၃–ပါး၌တည်အောင်၊

၂။ အချို့ငါးပါးသီလတို့၌ တည်အောင်၊

၃။ အချို့သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်တို့တွင် တစ်ပါးပါး၌တည်အောင်၊

၄။ အချို့ရဟန်းပြု၍ အရဟတ္တဖိုလ်၌ တည်ကြအောင် တရားဟောတော်မူပါတယ်။ အဲဒီနည်းဖြင့် လူအပေါင်းကို အကျိုးရအောင် ချီးမြှောက်တော်မူပြီးမှ ကျောင်းတော်သို့ ပြန်ကြွတော်မူပါတယ်။

"ကျောင်းသို့ရောက်တော်မူသောအခါ နံ့သာတန်ဆောင်းခန်း အတွင်း၌ အသင့်ခင်းထားအပ်သော နေရာတော်ဝယ် ရဟန်းတော်တို့၏ ဆွမ်းကိစ္စပြီးချိန်ကို ငံ့လင့်တော်မူကာ ထိုင်နေတော်မူပါတယ်။

"အဲဒီနောက် ရဟန်းတို့ရဲ့ ဆွမ်းကိစ္စပြီးဆုံးတဲ့ အခါ၌ အလုပ်အကျွေး ရဟန်းသည် ဘုရားရှင်အား ရဟန်းတို့ရဲ့ ဆွမ်းကိစ္စ ပြီးစီးပါကြောင်း လျှောက်ထားပါတယ်။

"အဲဒီအခါမှာ ဘုရားရှင်သည် ဂန္ဓကုဋိ ကျောင်းတော်သို့ ဝင်ကြွတော်မူပါတယ်။

"အဲဒါဟာ နံနက်ခင်း ဗုဒ္ဓလုပ်ငန်းစဉ် 'ပုရေဘတ္တဗုဒ္ဓကိစ္စ' ဖြစ်ပါတယ် ဒါယကာကြီး။ အဲဒီကိစ္စများအပြင် အခြားအသေး စိတ်လုပ်ငန်းစဉ်များလည်း ရှိပါသေးတယ် ဒါယကာကြီး။

http://www.dhammadownload.com



## ဆွမ်းစားပြီးနောက် ဗုဒ္ဓလုပ်ငန်းစဉ်

အဲဒီနောက်မှာ ရှင်တော်ဘုရားသည် နံနက်ခင်း ဆွမ်းကိစ္စ ပြီးသည်ဖြစ်၍ ဂန္ဓကုဋိ ကျောင်းတော်ရဲ့ အနီး အလုပ်အကျွေး ရဟန်းခင်းထားအပ်သော ရဟန်းတော်တို့ စည်းဝေးရာ ဆည်းကပ် ရာနေရာ၌ ထိုင်တော်မူကာ ခြေတော်တို့ကို ဆေးကြောတော်မူပါ တယ်၊ ခြေဆေးအင်ပျဉ်၌ ရပ်တော်မူရင်းကပင် ရဟန်းတော် တို့ကို–

"ရဟန်းတော်များ အိုချစ်သားတို့၊ မမေ့မလျော့သော အပ္ပမာဒ သတိတရားဖြင့် သီလ၊ သမာဓိ၊ ပညာတည်း ဟူသော သိက္ခာသုံးပါး အကျင့်တရားကို ပြည့်စုံအောင် ကြိုးကုတ်အားထုတ်ကြကုန်လော့"

"လောက၌ ဘုရားရှင်ပွင့်တော်မူရာအခါကာလကို 'ရခဲ လှ၏၊ လူ့အဖြစ်ကိုလည်း ရခဲလှ၏၊ သဒ္ဓါတရားနှင့် ပြည့်စုံ ခြင်းကိုလည်း ရခဲလှ၏၊ ရှင်ရဟန်းအဖြစ်လည်း ရခဲလှ၏၊ သူတော်ကောင်းတရား နာကြားရန် အခွင့်ကိုလည်း ရခဲလှ၏'"

ဟု အပ္ပမာဒ ဒေသနာတော်ဖြင့် ဆုံးမတော်မူပါတယ်။

"အဲဒီ အစည်းအဝေး၌ အချို့ရဟန်းတော်တို့က ဘုရားရှင် ကို ကမ္မဋ္ဌာန်းတရား လျှောက်ထား မေးမြန်းကြပါတယ်။ ဘုရားရှင် ကလည်း အဲဒီရဟန်းတော်တို့အား စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို ပေးတော်မူပါတယ်။

http://www.dhammadownload.com



"အဲဒီနောက်မှ ရဟန်းတော် အားလုံးပင် ဘုရားရှင်ကို ရှိသေမြတ်နိုး ရှိခိုးကြပြီးနောက် မိမိတို့ရဲ့ နေ့သန့်ရာဌာန ညဥ့်သန့်ရာဌာနတို့သို့ အသီးသီး ဖဲသွားကြပါတယ်။

"အချို့က တောအရပ်သို့၊ အချို့က သစ်ပင်ရင်းသို့၊ အချို့က တောင် စသည်တို့တွင် တစ်ပါးပါးသော အရပ်သို့၊ အချို့က စတုမဟာရာဇ်နတ်ပြည်သို့၊ အချို့က တာဝတိံသာ နတ်ပြည်၊ ယာမာနတ်ပြည်၊ တုသိတာနတ်ပြည်၊ နိမ္မာနရတိ နတ်ပြည်၊ ပရနိမ္မိတဝသဝတ္တီနတ်ပြည်သို့ ဖဲသွားကြပါတယ်။

"အဲဒီနောက် ဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော်သို့ဝင်၍ အလိုတော်ရှိလျှင် လက်ယာနံ့စောင်းဖြင့် သတိပညာ လက်မလွှတ် တစ်ခဏမျှမြတ်သော လျောင်းစက်မှု ပြုတော်မူပါတယ်။

"အဲဒီနောက် သက်သာစေအပ်ပြီးသော ကိုယ်တော်ရှိကာ လျောင်းစက်တော်မူရာမှ ထပြီးလျှင် နေ့ရဲ့ဒုတိယပိုင်း၌ သတ္တလောကကို ကြည့်ရှုဆင်ခြင်တော်မူပါတယ်"

"နေ့ရဲ့တတိယပိုင်း၌မူ ဂေါစရဂါမ်(ဆွမ်းခံရွာ)ကို အမှီပြု၍ နေရာ ထိုထိုမြို့ရွာ၌ နေထိုင်ကြသူ လူအပေါင်းတို့သည် နံနက်ခင်း အလှူပေးကြပြီးနောက် မွန်းလွဲသောအခါ အဝတ်ကောင်း အရုံကောင်း ဝတ်ရုံကြလျက် နံ့သာပန်း စသည်တို့ကို လက်စွဲကြကာ ကျောင်းတိုက်တော်အတွင်း၌ တရားနာ လာရောက်စည်းဝေးကြပါတယ်။

"အဲဒီအခါ ဘုရားရှင်သည် ဆိုက်ရောက်လာသော ပရိသတ်အား သင့်လျော်လျောက်ပတ်သော တန်ခိုးပြာဋိဟာဖြင့် ကြွတော်မူကာ တရားသဘင်မဏ္ဍပ်ဝယ် ခင်းထားအပ်တဲ့ မြတ်တဲ့ ဘုရားရှင်

http://www.dhammadownload.com



ရဲ့ နေရာတော်၌ ထိုင်တော်မူကာ အချိန်ကာလ အတိုင်းအရှည် ပမာဏနှင့် သင့်လျော် လျောက်ပတ်သော တရားစကား ဟောတော်မူပြီးနောက် အခါကာလကို သိတော်မူကာ ပရိသတ်ကို လွှတ်လိုက်ပါတယ်။

"လူအပေါင်းတို့သည်လည်း ဘုရားရှင်ကို ရှိခိုးကာ ဖဲသွားကြပါတယ်။ အဲဒါဟာ 'ဆွမ်းစားပြီးနောက် နေ့တိုင်း ဗုဒ္ဓလုပ်ငန်းစဉ်' 'ပစ္ဆာဘတ္တဗုဒ္ဓကိစ္စ' ဖြစ်ပါတယ်။

"ဒါယကာကြီး၊ ညနေခင်းရောက်သွားပြီ၊ ဘုရားရှင်မှာ အချိန်နားချိန်ရှိလား"

"မရှိပါဘုရား"

## ညဉ့်ဦးယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ်

"ကဲ...နားထောင်ပါဦး၊ နောက်လည်း မအားသေးပါဘူး၊ ဘုရားရှင်သည် အဲဒီကဲ့သို့ ဆွမ်းစားပြီးနောက် နေ့ပိုင်း ဗုဒ္ဓလုပ်ငန်းစဉ်ကို ရွက်ဆောင်ပြီးသည်ရှိသော် ကိုယ်တော်ကို ရေချိုးတော်မူလိုလျှင် 'ဘုရားရှင်နေရာတော် ဗုဒ္ဓါသန'မှထခဲ့၍ အလုပ်အကျွေး ရဟန်း ချိုးတော်ရေစီမံရာဌာနသို့ ကြွရောက်တော်မူပြီးလျှင် အလုပ်အကျွေးရဟန်းရဲ့ လက်မှ ရေသနုပ်ကို ယူတော်မူ၍ ရေချိုးအိမ်သို့ ဝင်တော်မူပါတယ်။

"အဲဒီကဲ့သို့ ဘုရားရှင် ရေသုံးသပ်တော်မူချိန်မှာပင် အလုပ်အကျွေး ရဟန်းသည်လည်း ဘုရားနေရာတော်ကို ယူဆောင်ခဲ့၍ ဂန္ဓကုဋီပရိဝုဏ်အတွင်း၌ ခင်းထားပါတယ်။

http://www.dhammadownload.com



"ဘုရားရှင် ရေချိုးတော်မူပြီးလျှင် နှစ်ထပ်သင်္ကန်းကို ဝတ်တော်မူ၍ ကိုယ်ဝတ်ခံပယ်တင်တော်မူလျက် တစ်ပါးတည်းပင် အဲဒီ ဂန္ဓကုဋိပရိဝုဏ်အတွင်း ခင်းထားအပ်တဲ့ ဘုရားနေရာတော်၌ တစ်ခဏမျှ အပန်းဖြေကာ ထိုင်နေတော်မူပါတယ်။

"ခဏကြာသောအခါ ရဟန်းတော်တို့သည် ထိုထို နေ့သန့်ရာ ညဥ့်သန့်ရာ အရပ်တို့မှ အသီးသီးလာရောက်ကြကာ ဘုရားရှင်အား ဆည်းကပ် ခ,စားကြပါတယ်။ အဲဒီအစည်းအဝေး၌-

၁။ အချို့သော ရဟန်းတို့က ပြဿနာမေးလျှောက်ကြ၍၊

၂။ အချို့သော ရဟန်းတို့က ကမ္မဋ္ဌာန်းတရား မေးလျှောက်ကြပါတယ်။

၃။ အချို့သော ရဟန်းတို့က တရားဟောပါမည့်အကြောင်း တောင်းပန်လျှောက်ထားကြပါတယ်။

ဘုရားရှင်သည် အဲဒီရဟန်း အားလုံးတို့၏ လိုလား တောင့်တချက်ကို ပြည့်စုံအောင် ချီးမြှောက်တော်မူလျက် ညဥ့်ဦးယံ အချိန်ပိုင်းကို ကုန်လွန်စေတော်မူပါတယ်။

"အဲဒါဟာ ညဥ့်ဦးယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ် ပုရိမယာမ ဗုဒ္ဓကိစ္စ ဖြစ်ပါတယ် ဒါယကာကြီး၊ ကဲ...ဘုရားရှင်မှာ အားချိန်နားချိန်ရပြီလား"

"မရသေးပါဘုရား"

http://www.dhammadownload.com



## သန်းကောင်ယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ်

ညဉ့်ဦးယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ် ပြီးဆုံးသဖြင့် ရဟန်းတော်များ ဘုရားရှင်ကို ရှိခိုးဝတ်ပြု၍ ဖဲသွားကြလေသော် ဇာတိခေတ်စကြဝဠာပေါင်း တိုက်တစ်သောင်း၌ နေထိုင်ကြသော နတ် ဗြဟ္မာတို့သည် အခွင့်ရကြသဖြင့် ဘုရားရှင် အထံတော်သို့ ဆည်းကပ်ကြပြီးလျှင် မိမိတို့စိုးရင် ဆင်ခြင် စဉ်းစားခဲ့ကြသည့် အမေးပုစ္ဆာပြဿနာများကို အဟုတ်သဖြင့် အက္ခရာ ၄–လုံးမျှ ရှိသည့်ပြဿနာကိုသော်လည်း မေးမြန်းလျှောက်ထားကြပါတယ်။

"ဘုရားရှင်သည် ထိုထို နတ်ဗြဟ္မာတို့ မေးလျှောက်အပ်သမျှသော ပြဿနာများကို တစ်ခုမကျန် ဖြေရှင်းတော်မူကာ "သန်းကောင်ယံ မဇ္ဈိမယာမ' အချိန်ကို ကုန်လွန်စေတော်မူပါတယ်။

"အဲဒါဟာ 'သန်းခေါင်ယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ် မဇ္ဈိမယာမဗုဒ္ဓကိစ္စ' ဖြစ်ပါတယ် ဒါယကာကြီး။ ကဲ... ဘုရားရှင်မှာ အားချိန်နားချိန်ရပြီးလား"

"မရသေးပါဘုရား"

## မိုးသောက်ယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ်

သန်းခေါင်ယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ် ပြီးတော့ 'မိုးသောက်ယံပစ္ဆိမယံအချိန်ပိုင်းကို သုံးပိုင်းပိုင်း၍ နံနက်အချိန်မှ အစပြုကာနေခြင်း၊ ဣရိယာပုထ်ဖြင့် နှိပ်စက်အပ်သည့် ရူပကာယကိုယ်တော်မြတ် အပင်ပန်း အနွမ်းနယ်ပြေပျောက်စေရန်–

၁။ တစ်ပိုင်းတစ်ပုံအချိန်ကို စင်္ကြံကြွသွားခြင်းဖြင့် ကုန်လွန်စေတော်မူပါတယ်။

http://www.dhammadownload.com



၂။ ဒုတိယပိုင်းအချိန်၌ ဂန္ဓကုဋိကျောင်းတော်သို့ ဝင်၍ လက်ယာနံပါးဖြင့် သတိ၊ ပညာ လက်မလွှတ်ဘဲ မြတ်သောလျောင်းတော်စက်မှုကို ပြုတော်မူပါတယ်။

၃။ တတိယပိုင်းအချိန်၌ လျောင်းတော်မူရာမှ ထပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍ ရှေးရှေးဘုရားရှင်တို့ရဲ့ အထံ၌ ဒါန၊ သီလ အစရှိသော အထိကရကုသိုလ်ထူး ပြုခဲ့ဖူးသော ပုဂ္ဂိုလ်များကို ပိုင်းခြားထင်ထင် ရှင်းရှင်း လင်းလင်းမြင်ရန် အာသယာနုသယဉာဏ်ဣန္ဒြိယပရော· ပရိယတ္တိဉာဏ်တည်းဟူသော ဘုရားရှင်မျက်လုံးတော် အစုံဖြင့် သတ္တလောကကို ကြည့်ရှုတော်မူပါတယ်”

အဲဒါက သံယုတ်အဋ္ဌကထာ သီလက္ခန် အဋ္ဌကထာ စသည်တို့၌ ဖွင့်ပြချက် ဖြစ်ပါတယ်။ သုတ္တနိပါတ် အဋ္ဌကထာ၌ ဖွင့်ပြပုံမှာ မိုးသောက်ယံ အချိန်ပိုင်းကို လေးပိုင်းပိုင်း၍–

၁။ ပထမအချိန်၌ စင်္ကြံကြွတော်မူပါတယ်၊

၂။ ဒုတိယအချိန်ပိုင်း၌ ဂန္ဓကုဋိကျောင်းတော်သို့ ဝင်၍ လက်ယာနံစောင်းဖြင့် သတိ–ပညာ လက်မလွှတ်ပါဘဲ မြတ်သော လျောင်းစက်မှုကို ပြုတော်မူတယ်။

၃။ တတိယအချိန်ပိုင်း၌ အရဟတ္တဖိုလ် သမာပတ်ကို ဝင် စားတော်မူပြီးတယ်။

၄။ စတုတ္ထအချိန်ပိုင်း၌ မဟာကရုဏာသမာပတ်ကို ဝင်စား တော်မူပြီးလျှင် ပညာမျက်စိ၌ ကိလေသာမြူမှုန်နည်း သော သတ္တဝါ၊ ပညာမျက်စိ၌ ကိလေသာမြူမှုန် များ သော သတ္တဝါစသည်တို့ကို လင်းလင်းထင်ထင်မြင်နိုင်

http://www.dhammadownload.com



ဖို့ရန် ဘုရားမျက်လုံးတော် အစုံဖြင့် သတ္တ လောကကို ကြည့်ရှုတော်မူပါတယ်။

အဲတာဟာ 'မိုးသောက်ယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ် ပစ္ဆိမယာမ ဗုဒ္ဓကိစ္စ'ပဲ ဒါယကာကြီး။ ကဲ...အဲဒီအထိ ဘုရားရှင်မှာ အားချိန် နားချိန်ရှိရဲ့လား။

"မရှိပါဘုရား"

"အဲဒီကဲ့သို့ ဘုရားရှင်သည် မိမိသိတင်းသုံးတော်မူရာ ထိုထို အရပ်ဌာနတို့၌ နေ့စဉ်ပင် ဗုဒ္ဓကိစ္စ၊ ဗုဒ္ဓလမ်းစဉ် ၅–ပါးတို့ကို ချက်ဆောင်ကြိုးကုတ် ပြုလုပ်နေရတဲ့အတွက် မအားတာပါ ဒါယကာကြီး သိပြီလား"

"မှန်ပါ သိပါပြီဘုရား"

"ဘုရားရှင်မအားတာ သတ္တဝါတွေ ကျွတ်တမ်းဝင်ရေး အတွက် မအားတာပါ၊ ဒါယကာကြီးတို့လို ကိုယ်ရေးကိုယ်တာ အတွက် မအားတာ မဟုတ်ဘူးနော်"

"မှန်ပါဘုရား"

"ကဲ... တော်ရောပေါ့"

"ဦးတင်ပါတယ်ဘုရား"

- ရှင်တော်ဘုရား နေ့မအား မအားညာဘက်ပါ။
- သတ္တဝါများ ကျိုးစီးပွား ဆောင်ပြားချိန်တိုင်းသာ။
- သူငါများစွာ သတ္တဝါ သိပါထိုခြင်းရာ။
- ခြင်းရာသိပြား မြတ်ဘုရား စကားနားထောင်ပါ။
- စကားနာကာ ကျင့်ကြံပါ ရောက်မှာနိဗ္ဗာန်သာ။

http://www.dhammadownload.com



# မေတ္တာရောင်ပြန်ဟပ်တယ် မေတ္တာစူးရှတယ်ဆိုတာဘယ်လိုပါလဲဘုရား

{၉}

## မေတ္တာရေစင်

လောက၌ ရေမည်သည်မှာ သူတော်ကောင်း သူယုတ်မာဟု မျက်နှာမရွေး သုံးချိုးသမျှသော သူတို့ကို အအေးဓာတ်ဖြင့် ပြန့်နှံ့စေ၍ မြူအညစ်အကြေးကို ကင်းဝေးသုတ်သင် စင်ကြယ်စေသကဲ့သို့ ဤအတူ မိမိအပေါ်၌ အစီးအပွားမလိုလားသူ ရန်သူ၊ အစီးအပွားလိုလားသူ မိတ်ဆွေ ဤနှစ်ထွေသောသူတို့ကို အညီအမျှ မေတ္တာရေစင်သွန်းဖျန်းပါလော့၊ မေတ္တာရေစင် သွန်းဖျန်း၍ မေတ္တာတရားအထွတ်အထိပ်သို့ ရောက်သည်ရှိသော် မိမိလည်း အထွတ်အထိပ်သို့ ရောက်ပါလိမ့်မည်။

http://www.dhammadownload.com



အို… စာရှုသူ၊ ဤမျှဆိုပါက 'မေတ္တာရောင်ပြန်ဟပ်တယ်၊ မေတ္တာစူးရှတယ်ဆိုတာ ဘယ်လိုပါလဲဘုရားဆိုတဲ့ အမေးရဲ့အဖြေဟာ ပြည့်စုံကုံလုံလောက်ပါပြီ၊ သို့သော် အမေးအမြန်းထူသော ပြဿနာရှင်က ဤမျှနှင့်မကျေနပ်ပါ၊ ထပ်ဆင့်မေးခွန်း လာပြန်ပါသည်၊ မေးမြန်းပြန်ပါသည်။

အရှင်ဘုရား၊ ဘယ်လိုမေတ္တာရောင်ပြန်ဟပ်တယ်၊ ဘယ်လိုစူးရှတယ်ဆိုတာ အကိုးသာဓကနှင့် ပြနိုင်ရင်ပြပါဘုရား။

ဤအမေးကို ဖြေဆိုပါက ကျမ်းတစ်စောင်ပင် ဖြစ်နိုင်ပါသည်။ သို့သော် လိုရင်းကိုချုပ်၍ ဖြေဆိုပါမည်။

## သာမာဝတီ

မာဂဏ္ဍီမိဖုရား၏ ကုန်းတိုက်မှုကြောင့် ဥတေနမင်း အမျက်ဒေါသ ပြင်းပြစွာထွက်နေကြောင်းကို သိရသော သာမာဝတီက ငါးရာကုန်သော မောင်းမတို့အား–

"မိခင်တို့၊ ငါတို့အား တစ်ပါးသော ကိုးကွယ်ရာသည် မရှိပြီ၊ လူတို့ကို အစိုးရတော်မူသော ဘုရင်မင်းမြတ်၌လည်းကောင်း၊ မာဂဏ္ဍီမိဖုရား၌ လည်းကောင်း၊ မိမိ၏ကိုယ်၌လည်းကောင်း ထပ်တူထပ်မျှသာလျှင် မေတ္တာစိတ်ကို ဖြစ်စေကြကုန်လော့၊ တစ်စုံတစ်ယောက်သောသူအား အမျက်ထွက်ခြင်းကို မပြုကြကုန်လင့်။

ဟု အဆုံးအမ ဩဝါဒကိုပေး၏။ ဥတေန မင်းကြီးသည် ဗိုလ်ခြေတစ်ထောင်အားဖြင့် တင်အပ်သော ဆိတ်ချိုလေးကိုယူ၍ လေးညို့

http://www.dhammadownload.com



ကို ဖြန့်ပြီးလျှင် အဆိပ်ဖြင့် လူးသောမြားကို တင်၍ သာမာဝတီ မိဖုရားကို ရှေးဦးတင်ပြီးလျှင် မောင်းမအားလုံးတို့ကို အစဉ်အတိုင်း ထားစေ၍ သာမာဝတီ မိဖုရားရင်ခွင်၌ မြားကို ပစ်လွှတ်၏။

ထိုပစ်လွှတ်အပ်သော မြားသည် သာမာဝတီ မိဖုရား၏ မေတ္တာအာနုဘော်၏ အစွမ်းဖြင့် ဆုတ်နစ် ပြန်လည်၍ လာသော လမ်းခရီးသို့ ရှေးရှုသည်ဖြစ်၍သာလျှင် မင်းကြီး၏ နှလုံးသို့ စူးဝင်မည်ကဲ့သို့ တည်၏။ မင်းကြီးကြံဆင်ခြင်မိသည်မှာ-

"ငါပစ်လွှတ်သော မြားသည်ကား ကျောက်ခဲကိုသော်လည်း ဖောက်ထွင်း၍သွား၏၊ ယခု ဟင်းလင်းအပြင် ကောင်းကင်၌ တားမြစ်အံ့သော အရာဝတ္ထုနသည် အနည်းငယ်မျှ မရှိပါ၊ ထိုသို့ မရှိပါဘဲလျက် ဤမြားသည် ပြန်လည်၍ လာပြီးသောအခါ ငါ၏ နှလုံးသို့ ရှေးရှုသည်ဖြစ်ဘိ၏"

ဟု ထိတ်လန့်တုန်လှုပ်သောစိတ်ရှိသည်ဖြစ်၍ 'သတ္တဝါ မဟုတ်သော အသက်မရှိသော ဤသို့သဘောရှိသော မြားပင်သော်လည်း ထိုသာမာဝတီ၏ ဂုဏ်ကျေးဇူးကို သိတုံဘိသေး၏။ ငါသည် လူစင်စစ်ဖြစ်ပါလျက် သာမာဝတီ၏ ဂုဏ်ကျေးဇူးအထူးကို မသိလေ'ဟု ကြံဆင်ခြင်ပြီးလျှင် လေးကိုစွန့်ပစ်၍ လက်အုပ်ချီပြီးသော် သာမာဝတီမိဖုရား၏ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်နေ၍-

"သာမာဝတီသည်သို့ ထင်ရှားရှင်မိဖုရား၊ ငါသည် အသိဉာဏ်ကင်း မိုက်အဖျင်းဖြင့် ပြင်းစွာတွေဝေမိပါ၏၊ ခပ်သိမ်းအပြား မထားသတိ ငါမိုက်မိပေ၏၊ ငါ့အားအလုံးစုံကုန်

http://www.dhammadownload.com



သော အတွင်းအပြင်အားဖြင့် သန္တာန် နှစ်ပါးတို့သည် ပြင်းထန်နက်နဲ မိုက်မဲတွေဝေကုန်၏။

"သာမာဝတီသည် ထင်ရှားရှင်မိဖုရား၊ ရှေးက ပြုဖူးသော ကျေးဇူးကို မျှော်ငဲ့သောအားဖြင့် ငါ့ကို ကယ်တင်ပါလော့၊ နှမသက်ထား ရှင်မိဖုရားသည်သာလျှင် ငါမင်းမြတ်၏ မှီခို ညွတ်လျှိုးကိုးကွယ် ဆည်းကပ်မှီခိုရာ ဖြစ်ပါလော့"

ဟု ဆို၏။ ထိုအခါ သာမာဝတီမိဖုရားက–

"မြတ်သောမင်းကြီး၊ အရှင်မင်းကြီးသည် အကျွန်ုပ်ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ မရောက်ပါလင့်၊ အကျွန်ုပ်သည် သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားကို ကိုးကွယ်လဲလျောင်း ပုန်းအောင်းရာအဖြစ်သို့ ရောက်ပါ၏။ အရှင်မင်းကြီး အကျွန်ုပ်ကိုးကွယ်ဆည်းကပ်သော မြတ်စွာဘုရားသည် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထိုးထွင်း ဆရာကင်း၍ သိခြင်းသို့ ရောက်တော်မူပါ၏။

သစ္စာလေးပါး မြတ်တရားကို သူတစ်ပါးတို့အား သိစေတော်မူတတ်ပေ၏။ ဗြဟ္မာ–နတ်–လူ–သုံးဘုံသူတွင် တစ်စုံတစ်ယောက်သော တူသောသူရှိတော်မမူ၊ ပြောပြ၍ မဆုံးနိုင်သော ဂုဏ်တော်တို့ဖြင့် ထင်ပေါ်ကျော်ကြား ထိုမြတ်ဘုရားကို အရှင်မင်းမြတ် ကိုးကွယ်ဆည်းကပ်တော်မူပါလော့၊ အရှင်မင်းမြတ်သည်လည်း အကျွန်ုပ်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါလော့။

http://www.dhammadownload.com



ဟု လျှောက်တင်၏၊ ဥတေန မင်းကြီးလည်း ယခုအခါ ငါသည် အလွန်အကဲ ဆင်းရဲဒုက္ခ တွေ့ကြုံရမည်ဖြစ်၍ ကြောက်ရွံ့လှပါသည်ဟုဆို၍–

"ရှင်မိဖုရား၊ ငါသည် အသိဉာဏ်ကင်း၊ အမိုက်ဖျင်းဖြင့် ပြင်းစွာတွေဝေမိပါ၏။ ခပ်သိမ်းအပြားမထား၊ သတိမိုက်မဲမိပေ၏။ ငါ့အား အလုံးစုံကုန်သော အရပ်မျက်နှာတို့သည် မထင် အတူ တွေဝေမိုက်မဲကုန်၏။ ရှင်မိဖုရား၊ ငါ့ကို ကျေးဇူးမျှော်ငင် ကယ်တင်ပါလော၊ ရှင်မိဖုရားသည်သာလျှင် ငါ၏ ကိုးကွယ်ရာ ဖြစ်ပါလော့"

ဟု ဆိုပြန်၏၊ ထိုအခါ သာမာဝတီမိဖုရားက–

"မင်းကြီး၊ အရှင်မင်းကြီးသည် အကျွန်ုပ်ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ မရောက်ပါလင့်၊ အကျွန်ုပ်သည် သုံးလောကထွတ်ထား မြတ်ဘုရားကို ကိုးကွယ်ရာအဖြစ်သို့ ရောက်ပါ၏။

"မင်းကြီး၊ အကျွန်ုပ်ကိုးကွယ်သော ဤမြတ်စွာဘုရားသည် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ထိုးထွင်း၍ သိမြင်တော်မူပါ၏၊ ဤမြတ်စွာဘုရားသည် သစ္စာလေးပါး မြတ်တရားကို သူတစ်ပါးတို့အား ပိုင်းခြားထင်ထင် သိမြင်တော်မူစေ၏။

ထိုမြတ်စွာဘုရားသည် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူပါ၏၊ ထိုမြတ်စွာဘုရားကို အရှင်မင်းမြတ် ကိုးကွယ်ပါ

http://www.dhammadownload.com



လော့၊ အရှင်မင်းမြတ်သည်သာလျှင် အကျွန်ုပ်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါလော့"

ဟု ဆိုပြန်၏။ ထိုအခါ ဥတေနမင်းကြီးက–

"ရှင်မိဖုရား၊ အသင့်ကိုလည်း ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်ပါအံ့၊ ရှင်မိဖုရား ကိုးကွယ်ဆည်းကပ်သော မြတ်စွာဘုရားကိုလည်း ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ပါတော့အံ့၊ ရှင်မိဖုရား အလိုရှိအပ်သော ဆုမြတ်ကို ပေးပါ၏"

ဟု ဆို၏။ ထိုအခါ သာမာဝတီမိဖုရားက 'အရှင်မင်းမြတ်၊ အရှင်မင်းမြတ်သည် ပေးသနားတော်မူအပ်သော ဆုမြတ်ကို ယူအပ်သည်ဖြစ်ပါစေတော့"ဟု တင်လျှောက်၏။

"အို...စာရှုသူ၊ ဤသည်ကား သာမာဝတီ မိဖုရား၏ မေတ္တာစူးရှသဖြင့် သာမာဝတီမိဖုရားအပေါ် ပြန်လည်၍ မေတ္တာရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော"

## မဃလုလင်

မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန်ဟပ်ခြင်း တစ်ထုံးရှိပါသေးသည်။ မဃလုလင်နှင့် အဖွဲ့ဖြစ်၏။ သူတို့ကား ပြည်သူ့ကောင်းကျိုးကို ဆောင်နေသူများဖြစ်၏၊ သူတို့ကို မနာလိုသော ရွာစားက မင်းကြီးကို တိုင်တန်း၍ မင်းကြီးက မစူးစမ်းမဆင်ခြင်မူ၍သာလျှင် ဆင်ဖြင့် နင်းစေကုန်လော့ဟု စေခိုင်း၏။ ထိုအခါ မဃလုလင်သည် သူ၏အဖော်များကို–

http://www.dhammadownload.com



"အို...အချင်းတို့ အလုံးစုံသော သတ္တဝါတို့၌ ချစ်ခြင်းဟု ဆိုအပ်သော မေတ္တာကိုထား၍ ငါတို့အား တစ်ပါးသော ကိုးကွယ်မှီခိုရာ မည်သည် မရှိတော့ပါ။ အသင်တို့သည် တစ်စုံတစ်ယောက်သောသူ၌ အမျက်ဒေါသကို မပြုမူ၍ ပြည့်ရှင်မင်းကြီး၌ လည်းကောင်း၊ ရွာစား၌လည်းကောင်း၊ နှင်းနယ်အံ့သောဆင်၌လည်းကောင်း၊ မိမိကိုယ်၌လည်း ကောင်း မေတ္တာစိတ်ဖြင့် တူမျှသော စိတ်နှလုံးကို ကျင့်သုံး ဆောက်တည်ကြပါကုန်လော့"

ဟု အဆုံးအမ ဩဝါဒကိုပေး၏။ ထိုလူတို့သည် မဃလုလင် ပေးအပ်သော အဆုံးအမဩဝါဒအတိုင်း ပြုကြကုန်၏။ သူတို့၏ မေတ္တာအာနုဘော်ကြောင့် ဆင်သည် အနီးသို့ ချဉ်းကပ်ခြင်းငှာ မဝံ့ပါလေ။

ပြည့်ရှင်မင်းကြီးသည် ထိုအကြောင်းကို များစွာသောလူတို့ ကို မြင်ခြင်းကြောင့်သာ ဆင်သည် နင်းနယ်ခြင်းငှာ မဝံ့ဘဲ ရှိချေလိမ့်မည်၊ သွားတဲ့ချေ၊ ထိုသူတို့ကို ဖျာတို့ဖြင့် ဖုံးလွှမ်း၍ နင်းနယ်စေကုန်လော့ဟု ဆို၏။

ထိုသူတို့ကို ဖျာဖြင့် ဖုံးလွှမ်း၍ နင်းနယ်ခြင်းငှာ စေလွှတ် အပ်ပါသော်လည်း ဆင်သည် အဝေးမှသာလျှင် ဖယ်ရှောင်ပြေးလွဲ လေ၏။ ပြည့်ရှင်မင်းကြီးသည် ထိုအကြောင်းကို ကြားသိ၍ အကြောင်းကို မေးသော် အကြောင်းစုံတင်လျှောက်ကြသည်။ ထိုအခါ–

http://www.dhammadownload.com



"အမောင်တို့ တိရစ္ဆာန်ဖြစ်သော ဤဆင်သည် အမောင်တို့၏ ဂုဏ်ကျေးဇူးကို သိတတ်သိသေး၏၊ ငါသည် လူဖြစ်၍နေပါလျက် သင်တို့၏ ဂုဏ်ကျေးဇူးကို သိခြင်းငှာ မစွမ်းနိုင်၊ အမောင်တို့ ငါ့အား သည်းခံကြပါကုန်လော့" ဟု ဆို၍ သားမယားနှင့်တကွသော ရွာစား ကိုမယလုလင် အမှူးရှိကုန်သော ၃၃ ယောက်ကုန်သော ထိုလူတို့အား ကျွန် အလို့ငှာ ပေးလေ၏။ ဆင်ကိုလည်း စေခိုင်းစီးသုံးရန် အလို့ငှာ ပေးလေ၏။ ထိုရွာကိုလည်း အလိုရှိတိုင်း ချမ်းသာစွာ သုံးဆောင် ခံစားစိမ့်သောငှာ ရွာစားပြု၍ပေးလေ၏။

"အို... စာရှုသူ၊ ဤသည်လည်း မေတ္တာစူးရှခြင်း၊ မေတ္တာအရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော"

## အလောင်းတော်တို့၏မေတ္တာ

ဘုရားအလောင်းတော်များ မေတ္တာတရား ပွားများပုံ၊ မေတ္တာ ပါရမီတော် ဖြည့်ကျင့်တော်မူကြပုံကို ပါဠိတော်များမှာ သုဝဏ္ဏ သာမဇာတ်တော်ကို ညွှန်ပြဟောကြားတော်မူပါ၏။ ဤ၌ စရိယာ ပိဋကပါဠိတော်၌ အကျဉ်းချုပ်မျှ လာရှိပုံကား–

"ချစ်သား သာရိပုတ္တ၊ ငါဘုရားသည် သုဝဏ္ဏသာမ ဖြစ်စဉ် သိကြားဖန်ဆင်းပေးသောကျောင်း၌ နေကာတော ထဲမှာ ခြင်္သေ့နှင့် ကျားတို့ကို မေတ္တာပွားများ၍နေ၏၊ ခြင်္သေ့ ကျားတို့နှင့်လည်းကောင်း၊ သစ်တို့နှင့်လည်းကောင်း၊ ဝံတို့နှင့် လည်းကောင်း၊ ကျွဲတို့နှင့်လည်းကောင်း၊ သမင်၊ မျောက်၊

http://www.dhammadownload.com



ဝက်တို့နှင့်လည်းကောင်း ခြံရံလျက် တောထဲမှာ နေခဲ့သည့် တစ်ကောင်သော တိရစ္ဆာန်မျှ ငါ့ကို မကြောက်လန့်ပေ၊ ငါသည်လည်း မည်သည့်တိရစ္ဆာန်ကိုမျှ မကြောက်လန့်၊ မေတ္တာစွမ်းအား ထောက်ပံ့ထားသည်ဖြစ်၍ ထိုအခါ တောထဲမှာ ငါမွေ့လျော်သည်"

ဟူ၍ ဟောကြားတော်မူသည်။ ဤပါဠိတော်အရ သုဝဏ္ဏသာမ၏ မျိုးရိုးဇာတိစသော အကြောင်းအရာတို့ကို တစ်စုံတစ်ရာမျှ အထူး မသိရ၊ တောထဲမှာသာ သားကောင်များနှင့် အချင်းချင်း မကြောက်မလန့် မေတ္တာစွမ်းအား ထောက်ပံ့ကာ မြင့်မြတ်မွေ့လျော်စွာ နေကြကြောင်းကို သိရပါသည်။

"မဟာနိပါတ် သုဝဏ္ဏသာမဇာတ်တော်၌ကား မြားပစ်ခံရပြီးနောက် အလောင်းတော် သုဝဏ္ဏသာမက အဘယ့်ကြောင့် အကျွန်ုပ်ကို မြားဖြင့်ပစ်သနည်း'ဟု မေးရာ ပိဠိယက္ခမင်းက–

"ငါသမင်ကိုပစ်ခတ်ရန် ချောင်းမြောင်းနေစဉ် မြားဦးဆီသို့လာသောသမင်သည် သင့်ကိုမြင်၍ ထိတ်လန့်ထွက်ပြေးသွားသည့်အတွက် အမျက်ထွက်သောကြောင့် သင့်ကို ပစ်မိပေသည်"

ဟု ပြောဆိုရာ သုဝဏ္ဏသာမက ပြန်၍ပြောဆိုသောစကားရပ်တွင်–

"ငါ့ကို သမင်များမြင်၍ မလန့်ကြပါ၊ သမင်သာမဟုတ်ပါ၊ တောထဲရှိ တိရစ္ဆာန်တို့လည်း မလန့်ကြပါ။ မင်းကြီး

http://www.dhammadownload.com



ဂန္ဓမာဒနတောင်၌ နေကာ လွန်စွာကြောက်ရွံ့တတ်သော
ကိန္နရာများပင် ဝမ်းမြောက်ဝမ်းသာ အကျွန်ုပ်ထံသို့ လာကြ၍
တောတောင်အရပ်တို့သို့ သွားလာနေကြပါသည်။

ဟူ၍ ပါရှိ၏။ ဤပါဠိတော်တို့ကို ထောက်ဆ၍ အလောင်းတော် သုဝဏ္ဏသာမသည် တောတွင်း၌နေကာ တောနေ တိရစ္ဆာန်များ အပေါ် ကိန္နရာပါမကျန်အောင် မေတ္တာတရား ပွားများထားသည့်အတွက် တောတွင်းရှိ သတ္တဝါများအားလုံးတို့ သုဝဏ္ဏသာမအပေါ်မှာ မေတ္တာရှိကြကြောင်း ထင်ရှားသိသာပါသည်။

"အို...စာရှုသူ၊ ဤသည်လည်း မေတ္တာစူးရှခြင်း။ မေတ္တာရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော။

## ဝိသာခထေရ်

ပါဋလိပုတ်ပြည်သား ဝိသာခအမည်ရှိသော သူကြွယ်သည် သီဟိုဠ်ကျွန်း အကြောင်းကို သတင်းကြားသိရသဖြင့် သီဟိုဠ်ကျွန်းသို့ သွားရောက်ကာ တရား အားထုတ်လိုသောကြောင့် မိမိ စည်းစိမ်ဥစ္စာကို သားမယားများအား လွှဲအပ်ခဲ့ပြီးလျှင် သီဟိုဠ်ကျွန်းသို့ ကူးသွားကာ မဟာဝိဟာရ ကျောင်းတိုက်သို့ရောက်၍ ရဟန်းပြုလေ၏။

ရဟန်းပြုပြီးနောက် ငါးလပတ်လုံး ဝိနည်းအကျဉ်းချုပ်နှစ်စောင်ကို သင်ကြားပြီးလျှင် မဟာဝိဟာရ ကျောင်းတိုက်မှ ထွက်ခွာခဲ့၍ ကမ္မဋ္ဌာန်းတရား ပွားများရန် သင့်လျော်မည့် ကျောင်းတိုက်စုကို ရှာပြီးလျှင် တစ်ကျောင်း တစ်ကျောင်းလျှင် လေးလစီမျှ သီတင်းသုံးနေတော်မူလေ့ရှိ၏။

http://www.dhammadownload.com



ထိုထေရ်သည် စိတ္တလတောင်ကျောင်းသို့ ကြွသွားရာ လမ်းခရီးနှစ်ခွ ရှိနေသည်ကို တွေ့ရသဖြင့် မည်သည့်လမ်းကို လိုက်ပါရမည်နည်းဟု စဉ်းစားနေခိုက် တောင်စောင့်နတ်က လက်ညှိုးညွှန်ပြလိုက်သဖြင့် စိတ္တလတောင်ကျောင်းသို့ရောက်ကာ လေးလပတ်လုံး သီတင်းသုံးနေတော်မူ၍ နက်ဖြန်တွင် အခြားကျောင်းတိုက် တစ်တိုက်သို့ ကြွသွားမည်ဟု ကြံစည်လျက် ကျိန်းစက်တော်မူသောအခါ စင်္ကြံအစွန်းရှိ မြစိမ်းပင်စောင့်နတ်က စောင်းတန်းဦး ပျဉ်ချပ်ပေါ်မှာထိုင်၍ ငိုနေ၏။ ထိုအခါ အရှင်မြတ်ကမေး၍ ဖြေ၏။

"ယခုငိုနေတာ မည်သူနည်း"

"တပည့်တော် မြစိမ်းပင်စောင့်နတ် ဖြစ်ပါတယ်ဘုရား"

"အဘယ်ကြောင့်ငိုနေသနည်း"

"အရှင်ဘုရား ကြွတော်မူမည့်အတွက်ကြောင့် ဖြစ်ပါတယ်ဘုရား"

"ငါ ဒီအရပ်မှာနေသဖြင့် အသင့်အား မည်ကဲ့သို့ အကျိုးရှိသနည်း"

"အရှင်ဘုရားတို့သည် ဤအရပ်၌ နေတော်မူကုန်ရှိသော် ဤအရပ်၌ နတ်ဘီလူး စသည်တို့သည် အချင်းချင်း မေတ္တာတရားကို ရကြပါကုန်သည်။ အချင်းချင်း ချစ်ခင်ကြပါကုန်သည်။ ယခု အရှင်ဘုရားတို့ ကြွသွားတော်မူကုန်သည်ရှိသော် ထိုနတ်ဘီလူး စသည်တို့သည် မသင့်မတင့် ငြင်းခုံခိုက်ရန်မှု ပြုကြလျက် ကြမ်းကြုတ်သောစကားတို့ကို ဆိုကြပါလိမ့်မည်ဘုရား။

http://www.dhammadownload.com



"ငါ ဒီအရပ်နေသဖြင့် သင်ပြောသည့်အတိုင်း သင်တို့ချမ်းသာစွာ နေရခြင်းဖြစ်သည်ဆိုလျှင် ကောင်းပြီ ဒီအရပ်မှာပင် နောက်ထပ်လေးလနေဦးမည်။

အရှင်မြတ်သည် ယင်းသို့ မိန့်ဆိုကာ နေတော်မူပြန်ပါသည်။ လေးလပြည့်၍ အရှင်မြတ်ကြွသွားတော့မည်ဟု ကြံစည်ပြန်လျှင် မြစိမ်းပင်စောင့်နတ်က ငို၍ တားမြဲတားပြန်၏။

ဤသို့လျှင် လေးလစေ့၍ အရှင်မြတ်ကြွသွားတော့မည်ဟု ကြံတိုင်းကြံတိုင်း နတ်ကငို၍ ငို၍ တားသောကြောင့် အရှင်မြတ်သည် အခြားအရပ်သို့ မကြွဖြစ်ဘဲ စိတ္တလတောင်ကျောင်းမှာပင် ပရိနိဗ္ဗာန်စံတော်မူပါသည်။

ဤဝတ္ထုကိုထောက်၍ ဝိသာခထေရ်၏ မေတ္တာသည် မေတ္တာရှင်ဖြစ်တော်မူသော အရှင်မြတ်အပေါ်မှာသာ မေတ္တာခံသောသူတို့က ချစ်ခင်ကြသည်မဟုတ်ပါ၊ မေတ္တာခံ အချင်းချင်းလည်း အရှင်မြတ်၏ မေတ္တာကိုအကြောင်းပြုကာ ချစ်ခြင်းမေတ္တာကို ရရှိကြပါသည်။

အို–စာရှုသူ၊ ဤသည်လည်း မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော။

## ဗြဟ္မဒတ်မင်း၏မေတ္တာ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းကျင့်တရားနှင့်အညီမင်းပြု၍ ဒါနမှုကိုလည်းပြု၏၊ ငါးပါးသီလကိုလည်း စောင့်သုံး၏၊ ဥပုသ်စောင့်သုံးခြင်းကိုလည်းပြု၏။ မင်းကြီး၏ အမတ်

http://www.dhammadownload.com



တစ်ယောက်သည် နန်းတော်တွင်း၌ မသင့်မလျော်သောအပြစ်ကို ကျူးလွန်သည့်အတွက် မင်းကြီးက တိုင်းပြည်မှ နှင်ထုတ်လိုက်၏။

အမတ်သည် တိုင်းနီးဘုရင်ထံ ဝင်ရောက်ခစားပြီးလျှင် ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းပိုက်ယူပါလျှင် အလွယ်တကူ နှင့်ပင် ရရှိမည့်အကြောင်းကို တိုက်တွန်းလေ၏။

တိုင်းနီးဘုရင်သည် ဗာရာဏသီပြည်ကို လာရောက် ဝိုင်းဝန်း တိုက်ခိုက်ပြီးလျှင် ခုခံတိုက်ခိုက်ခြင်းအလျဉ်းမရှိသော ဗြဟ္မဒတ် မင်းကို မှူးမတ်များနှင့်တကွ ဖမ်းဆီး၍ သံခြေကျင်းခတ်ပြီးလျှင် ထောင်သွင်းအကျဉ်းချထားလေ၏။

ဗြဟ္မဒတ်မင်းသည် ထောင်တွင်း၌နေလျက်ပင် တိုင်းနီးမင်းကို မေတ္တာပွားသဖြင့် မေတ္တာဈာန်ကို ရရှိတော်မူ၏။ ထိုမေတ္တာ တရား၏ အာနုဘော်ကြောင့် တိုင်းနီးမင်း၏ ကိုယ်မှာ ပူလောင် ခြင်းဖြစ်၏။ တစ်ကိုယ်လုံးမှာ မီးရှူးအစုံတို့ဖြင့် ရှို့မြိုက်အပ်သကဲ့သို့ ဖြစ်၏။

တိုင်းနီးမင်းသည် ကြီးစွာသောဒုက္ခဖြင့် အထူးနာကျင်လှ သည့်အတွက် မှူးမတ်တို့ကို 'ငါ့မှာအဘယ်ကြောင့် ဤသို့ဖြစ် ရသနည်း'ဟုမေး၏။ မှူးမတ်တို့က 'အရှင်မင်းကြီးသည် သီလနှင့် ပြည့်စုံသော ဗြဟ္မာဒတ်မင်းကို ထောင်သွင်းအကျဉ်းချထားသည့် အတွက် ဤသို့ ဆင်းရဲကြီးစွာ ရောက်ရပါသည်'ဟု လျှောက် ထားကြ၏။

ထိုအခါ တိုင်းနီးမင်းသည် လျင်စွာသွား၍ ဘုရားလောင်း ဗြဟ္မဒတ်မင်းကို သည်းခံစေပြီး ကန်တော့ပြီးလျှင် အရှင်၏

http://www.dhammadownload.com



တိုင်းပြည်သည် အရှင့်ပြည်ပင်ဖြစ်ပါစေဟူ၍ ပြန်လည်အပ်နှင်းလေသည်။

ဤသည်လည်း ဗြဟ္မဒတ်မင်း၏ မေတ္တာစူးရှသဖြင့် မေတ္တာချာန်ရကာ မေတ္တာရောင်ပြန်ဟပ်၍ မတိုက်ခိုက်ရဘဲတိုင်းပြည်ပြန်ရခြင်းပင် မဟုတ်ပါလော။

## မေတ္တာချာန်ရ ကောင်းကင်ပြန်ကြွ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းထံ ခစားသော အမတ်တစ်ယောက်သည် နန်းတော်တွင်း၌ မသင့်မလျော်သော အမှုကို ကျူးလွန်သဖြင့် နှင်ထုတ်ခြင်းခံရ၏။ သူသည် ကောသလမင်းထံခစားပြီး ဗာရာဏသီပြည်ကို တိုက်ခိုက်ရန် အကြံပြု၏။

ကောသလမင်းသည် အမတ်ယုတ်၏စကားဖြင့် ဗာရာဏသီပြည်ကို တိုက်ခိုက်ကာ နန်းယင်ပြင်မှာ အမတ်များ၏ အလယ်၌ တင့်တယ်စွာစံနေသော ဗာရာဏသီမင်းကို နှောင်ဖွဲ့ကာ ဆိုင်းတွင်ထည့်စေပြီးလျှင် နန်းတော်တံခါးအထက်၌ တွဲလျားစောက်ထိုးဆွဲထားစေ၏။

ဗြဟ္မဒတ်မင်းသည် ကောသလမင်းကို အာရုံပြုကာ မေတ္တာတရားပွားများသဖြင့် ချာန်အဘိညာဏ်ကိုရပြီးလျှင် တွဲလျားစောက်ထိုးဖွဲ့နှောင်ထားသည့် ကြိုးကိုဖြတ်ကာ ကောင်းကင်၌တင်ပျဉ်ခွေ၍ နေတော်မူ၏။

ကောသလမင်း၏ ကိုယ်မှာလည်း ပူလောင်ခြင်းပြင်းထန်လှသဖြင့် 'ပူလှချည်ရဲ့-ပူလှချည်ရဲ့'ဟု ညည်းညူကာ မြေအပြင်၌

http://www.dhammadownload.com



အပြန်ပြန်လူးလိမ့်၍နေပြီးမှ 'အဘယ့်ကြောင့် ငါ ဤသို့ဖြစ်ရသနည်း'ဟု မှူးမတ်တို့ကိုမေး၏။

မှူးမတ်တို့က "အရှင်မင်းကြီး အရှင်မင်းကြီးသည် တရားစောင့်၍ အပြစ်မရှိသည့်မင်းကို မတရားဖမ်းယူကာ စောက်ထိုးတွဲလျားဆွဲထားစေသည့်အတွက် ဤသို့ဆင်းရဲဒုက္ခ ကြီးစွာရောက်ရကုန်သည်"ဟု လျှောက်ထားကြကုန်၏။

ထိုအခါ ကောသလမင်းက 'ဤသို့ဖြစ်လျှင် လျင်မြန်စွာသွား၍လွှတ်ကြပါကုန်'ဟု စေခိုင်းသဖြင့် မင်းချင်းယောကျ်ားတို့လျင်မြန်စွာသွား၍ ကြည့်ကြသည်တွင် ကောင်းကင်၌ တင်ပျဉ်ခွေထိုင်နေသော ဗြဟ္မဒတ်မင်းကို မြင်ကြသဖြင့် ပြန်လှည့်ကာကောသလမင်းအားအကြောင်းကိုပြန်ကြားလျှောက်ဆိုကြကုန်၏။

ဤသည်လည်း မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန် ဟပ်ခြင်းပင် မဟုတ်ပါလော။

## ဘုရားရှင်၏မေတ္တာ

ဘုရားရှင် လက်ထက်တော်အခါက ဘုရားအမှူးရှိသောသံဃာတော်တို့ ကုသိနာရုံပြည်သို့ ခရီးဒေသစာရီကြွချီ ဆိုက်ရောက်တော်မူရာ မလ္လမင်းတို့အချင်းချင်း "ဘုရားအမှူးရှိသောသံဃာကို မကြိုဆိုလျှင် ဤရွှေ ဤမျှ ဒဏ်ထားစတမ်း"ဟု ကတိကဝတ် ထားချက်အရ ရှင်အာနန္ဒာ၏ လူဖြစ်စဉ်အခါက သူငယ်ချင်းဖြစ်သော ရောဇမလ္လမင်းသည်လည်း ဘုရားအမှူးရှိသော သံဃာတော်ကို အခြား မလ္လမင်းတို့နှင့်အတူ ကြိုဆိုဝတ်ပြုလေသည်။

http://www.dhammadownload.com



ထိုအခါရှင်အာနန္ဒာက ရောဇမလ္လမင်းကို ဤကဲ့သို့ ဘုရားအမှူးပြုသော သံဃာတော်ကို ကြိုဆိုဝတ်ပြုရခြင်းသည် အရတော်ကြောင်းစသည်ဖြင့် မိန့်တော်မူ၏။

ထိုအခါ ရောဇမလ္လမင်းက မိမိသည် ရတနာ ၃ပါးကို ကြည်ညို၍ ဤကဲ့သို့ ကြိုဆိုခြင်းမဟုတ်၊ မလ္လမင်းတို့ အချင်းချင်း သဘောတူ ဆုံးဖြတ်ကြသည့် ကတိကဝတ်ကြောင့်သာ ကြိုဆိုခြင်းဖြစ်ကြောင်း စိတ်ရင်းအတိုင်း လျှောက်ထားပြောဆိုလေ၏။

ယင်းစကားကိုကြားသော် အရှင်အာနန္ဒာသည် စိတ်ချမ်းသာတော်မမူဘဲ ဘုရားရှင်ထံတော်မှောက် သွားရောက်၍ အကြောင်းအကျိုးလျှောက်ထားပြီးလျှင် ရောဇ၏စိတ်နှလုံး နူးညံ့အောင် ပြုတော်မူပါရန် တောင်းပန်လျှောက်ထားသဖြင့် ဘုရားရှင်သည် ရောဇမလ္လမင်းကို သီးသန့်အာရုံပြုကာ မေတ္တာဖြန့်ဝေတော်မူ၏။

ရောဇမလ္လမင်းသည် ဘုရားရှင်၏ မေတ္တာဖြင့်ဖွဲ့မိကာ အမိနှင့်ကွဲနေသော နွားငယ်ပမာ မိမိ၏နန်းအိမ်၌ တည်ငြိမ်စွာ မနေနိုင်ဘဲ ဘုရားရှင် သီတင်းသုံးရာကျောင်းတော်သို့ လာရောက်၍ သဒ္ဓါတရားစစ်စစ် သက်ဝင်ကာ ဘုရားရှင်ကို ဖူးမြော်ရန်တရားတော် နာကြားရသဖြင့် သောတာပန်တည်လေ၏။

ဤသည်လည်း မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန့်ဟပ်ခြင်း ပင်မဟုတ်ပါလော။ တစ်ချိန်ကလည်း ဘုရားအမှူးရှိသော သံဃာတော်တို့ ရာဇဂြိုဟ်ပြည်အတွင်း ဆွမ်းခံကြွတော်မူသောအခါ ဒေဝဒတ်သည် အဇာတသတ်မင်းနှင့် တိုင်ပင်၍ အလွန် မုန်ယစ်နေသော နာဠာဂီရိဆင်ကို ဘုရားရှင်သို့ ရှေးရှု တိုက်လွှတ်လိုက်

http://www.dhammadownload.com



လေ၏။ ဘုရားရှင်သည် နာဠာဂီရိဆင်ကို မေတ္တာရေချမ်း သွန်းဖျန်း တော်မူခြင်းဖြင့် အောင်မြင်တော်မူလေသည်။ ထိုအခါ ရာဇဂြိုဟ် ပြည်သူပြည်သားတို့က–

"အချို့သော နွားဆရာ, ဆင်ဆရာ, မြင်းဆရာ တို့ သည် တုတ်, လျှင်ကန် တံပြာဖြင့်လည်းကောင်း၊ ချွန်းတို့ဖြင့် လည်းကောင်း၊ ကြိမ်လုံးတို့ဖြင့် လည်းကောင်း ရိုက်နှက် ထိုးဆွ ဆုံးမကြကုန်၏၊ ဘုရားရှင်သည်ကား တုတ်, လျှင်ကန်မပါရှိဘဲ တစ်စုံတစ်ရာ လက်နက် မပါရှိဘဲ နာဠာဂီရိအမည်ရှိသော ဆင်ကြမ်းကြီးကို မေတ္တာရေအေး ဖျန်းပက်ပေး၍ ယဉ်ကျေးအောင် ဆုံးမတော်မူအပ်ပေပြီ။

ဟူ၍ ဝမ်းမြောက်ဝမ်းသာ ဤစကားကို ပြောကြားကြလေကုန်၏။ ဤသည်လည်း မေတ္တာစူးရှခြင်း၊ မေတ္တာ ရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော။

## မေတ္တာအယောင်ဆောင်ရာဂ

အို…စာရှုသူ၊ မိမိသည် မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန် ဟပ်ခြင်းများကို သာဓက အနည်းငယ်ပြ၍ ဖြေရှင်းခဲ့ပါပြီ၊ သာဓက များစွာ ကျန်ရှိပါသေးသည်၊ ဤမျှဖြင့် အမေး၏အဖြေမှာ ပြေလည် ပြီဟု ယူဆ၍ ဤမျှနှင့် အပြီးသတ်လိုက်ပါသည်။

အို…စာရှုသူ၊ မေတ္တာနှင့်စပ်၍ သိမှတ်ဖွယ် ကောင်းသည် ကား 'ရာဂတရားသည် မေတ္တာယောင်ဆောင်ကာ လှည့်ပတ်

http://www.dhammadownload.com



တတ်သည်'ဟူ၍ နေတ္တိအဋ္ဌကထာ၌ မိန့်ဆိုထားချက် အရ သတ္တဝါများအပေါ်မှာ တကယ့်မေတ္တာစစ် မေတ္တာမှန် ပွားလိုသောသူသည် မေတ္တာယောင်ဆောင်သည့် ရာဂတရားကို မပွားမိကြကုန်ရန် အထူးသတိပြုသင့်ပါသည်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာဖြဟ္မဝိဟာရနိဒ္ဒေသ၌လည်း 'အမျက်ဒေါသ၏ ငြိမ်းခြင်းသည် မေတ္တာ၏ ပြည့်စုံခြင်းဖြစ်၍ တပ်စွန်းချစ်ခင်သော ရာဂ ဖြစ်ပေါ်လာခြင်းသည် မေတ္တာ၏ ပျက်စီးခြင်းဖြစ်သည်'ဟု ဖွင့်ပြထား၏။

အဓိပ္ပာယ်မှာ မုန်းနေသော သူတစ်ယောက်ကို မေတ္တာပွားလိုက်လျှင် မုန်းခြင်းတည်းဟူသော အမျက်ဒေါသစိတ် ပျောက်၍ အကျိုးလိုလားသည့် မေတ္တာတရား သက်ဝင်လာ၏။ ဤသို့ မုန်းခြင်းတည်းဟူသော အမျက်ဒေါသ ပျောက်ငြိမ်းသွားခြင်းသည် မေတ္တာ၏ ပြည့်စုံခြင်း ဖြစ်ပေ၏။

ဤသို့ မေတ္တာစစ်စစ် ဖြစ်ပွားနေရာမှ ထိုသူအပေါ်မှာ တွယ်တာ ချစ်ခင်သောစိတ်ဖြစ်လာလျှင် မေတ္တာအစစ် ပျက်သွားပြီး ရာဂက မေတ္တာယောင်ဆောင်၍ အလှည့်ပတ်ခံရလေပြီဟု ဆိုလိုပါသည်။

ဤမေတ္တာသည် ပါရမီ ၁၀–ပါးတွင် တစ်ပါးအပါအဝင် ဖြစ်သည့်အတိုင်း ဘုရားအလောင်း သုဝဏ္ဏသာမတို့ကဲ့သို့ မိမိနှင့် တွေ့ကြုံသမျှ သတ္တဝါတိုင်း မိမိအပေါ်မှာ ချင်ခင်၍လာသည့်တိုင်အောင် မေတ္တာပါရမီတရား ပွားများအားထုတ်ရာ၏။

http://www.dhammadownload.com



ဤမေတ္တာတရားသည် ပါရမီ ၁၀ ပါးတွင် တစ်ပါးအပါအဝင် ဖြစ်ရုံမျှမက ဈာန်အဘိညာဉ်ရကြောင်း သမထ ကမ္မဋ္ဌာန်းပေါင်း ၄၀ တို့တွင်လည်း တစ်ပါးအပါအဝင် ဖြစ်သည်။

ထို့ကြောင့် ရှေးရှေးသော ဘုရားအလောင်း သူတော်ကောင်းတို့သည် မေတ္တာ၊ ပွားများလျက် ထက်မြက် စူးစိုက်ကာ 'အပ္ပနာ' ဟု ခေါ်သော ဈာန်အဘိညာဉ်သို့ပင် ပေါက်ရောက်ကြသည်။ မေတ္တာကို အခြေခံကာ ဝိပဿနာပွားက အရဟတ္တမဂ်သို့ပင် ရောက်ပါသည်။

ယင်းတို့ကား မေတ္တာစူးရှခြင်း၊ မေတ္တာရောင်ပြန်ဟပ်ခြင်းပင် မဟုတ်ပါလော၊ မေတ္တာရောင်ပြန်ဟပ်ခြင်း၊ မေတ္တာစူးရှခြင်း အကြောင်းတို့ကား များစွာရှိပါသေးသည်။ သို့သော် ဤမျှဖြင့် လုံလောက်ပါပြီဖြစ်၍ နိဂုံးချုပ်ပါရစေတော့။

- မေတ္တာသည်ကား သူတစ်ပါး ကျိုးများလိုလားတည်း။
- မေတ္တာရှိခဲ့ သူများရဲ့ ကျိုးမဲ့ပယ်ရှားတည်း။
- မေတ္တာပို့မှာ နည်းများစွာ ရှိပါလေသတည်း။
- မရည်မှန်းတာ ရည်မှန်းတာ နှစ်ဖြာရှိသတည်း။
- အရပ်မျက်နှာ မမှတ်တာ မှတ်တာရှိသတည်း။
- နည်းစုံများစွာ ကြိုက်နည်းသာ ပို့တာကျိုးရှိတည်း။

http://www.dhammadownload.com



# ဘာကြောင့်သိမ်ကျောင်းဟာမြင့်မြတ်ပါသလဲ

{၁၀}

## ဝိနည်းမှာသိမ်

ဗုဒ္ဓသာသနာတော်၌ သိမ်ကျောင်းမှာ အရေးကြီးလှသော အဆောက်အအုံ အလုပ်တစ်ခုဖြစ်ပါသည်။ အရာလည်းကျယ်လှပါသည်။ အသိလည်းခက်လှပါသည်။ ယင်းသိမ်အတူပင် အရာကျယ်၍ အသိခက်သော အရာတစ်ခုကို သိမ်နှင့်တွဲ၍ ဆိုရိုးပြုကြသည်ကား **'သဒ္ဒါမှာလိင်'** ဟူ၍ ဖြစ်ပါသည်။

မှန်ပါသည်၊ ဝိနည်းအရာမှာ သိမ်သည် အသိခက်သလို အရာကျယ်သလို သဒ္ဒါအရာမှာလည်း လိင်မှာ အသိခက်လှပါသည်။ အရာကျယ်လှပါသည်။ ဝိနည်းအရာမှာ သိမ်အကြောင်း နားလည်ပါလျှင် အခြားအကြောင်းအရာတွေမှာ မခက်တော့ပါ၊ ထို့အတူပင် သဒ္ဒါအရာမှာလည်း လိင်အကြောင်း နားလည်ပါလျှင် တစ်ခြားအခက်ဆိုတာ မရှိတော့ပါ။

http://www.dhammadownload.com



# ကျောင်းမှာသိမ်

ဝိနည်းမှာသိမ်၊ သဒ္ဒါမှာလိင်ဆိုသောစကားမှာ အခက်နှင့် ပတ်သက်၍ဆိုသော စကားတစ်ရပ်ဖြစ်ပါသည်။ အကျိုးနှင့် ပတ်သက်၍ ဆိုသော စကားတစ်ရပ် ရှိပါသေးသည်။ ယင်းမှာ "ကျောင်းမှာသိမ်" ဟူ၍ ဖြစ်ပါသည်။ ယင်း "ကျောင်းမှာသိမ်" ဟူသော စကားနှင့် ဆက်နွယ်၍ ဆိုရိုးပြုသောစကားများမှာ 'ကျောင်းမှာ သိမ်၊ သင်္ကန်းမှာကထိန်၊ ဆွမ်းမှာပိဏ်'ဟူ၍ ဖြစ်ပါသည်။

ကျောင်းအမျိုးမျိုးရှိသည့်တွင် သိမ်ကျောင်းသည် အကျိုး အကြီးဆုံးဟူ၍ ဆိုလိုပါသည်။ ဘာ့ကြောင့်သိမ်ကျောင်းသည် မြင့်မြတ်ပါသလဲ၊ အကျိုးကြီးပါသလဲဟူ၍ အမေးဖြစ်၏။

သိမ်ကျောင်းသည် သာသနာတော်၏အသက်ဖြစ်ပါသည်။ ယခု သာသနာတော်ရှိ ရဟန်းသံဃာများသည် သိမ်ကျောင်းမှ ဖွားမြင်ထွက်ပေါ်လာရပါသည်။ တဖန် သိမ်ကျောင်းမှ ဖွားမြင် ထွက်ပေါ်လာရသော ရဟန်းတော်တို့၏ အပြစ်များကို ဆေးလျှော် ရာဌာနမှာလည်း သိမ်ကျောင်းပင် ဖြစ်ပါသည်။

ထို့ပြင် လူအများနှင့် မဆက်ဆံ သီးခြားအမှုများကိုလည်း ယင်းသိမ်ကျောင်းမှာပင် ပြုရပါသည်။ သို့အတွက် သိမ်ကျောင်း သည် မြင့်မြတ်ပါသည်။ အကျိုးကြီးပါသည်။ သင်္ကန်းအမျိုးမျိုး ရှိသည့်တွင် ကထိန်သင်္ကန်းသည် အကျိုးအကြီးဆုံး ဖြစ်ပါသည်။ ကထိန်သင်္ကန်းအလှူခံရသော ရဟန်းတော်တို့အဖို့ရာ အာပတ် အပြစ်များ အများကြီးလျော့နည်းသွားကြပါသည်။

http://www.dhammadownload.com



တခြားလူ့ဖွယ်ပစ္စည်းတွေ တောင်လိုပုံအောင် ရပါစေ၊ ကထိန် သင်္ကန်း တစ်ထည်လောက် အပြစ်ပျောက်အောင် ပြုနိုင်စွမ်း မရှိပါပေ၊ ကထိန်သင်္ကန်းမှာ အာပတ်အပြစ်ပျောက်ကင်းအောင် ပြုနိုင်စွမ်းရှိ၍ အကျိုးကြီးလှပါသည်။

## ဆွမ်းမှာပိဏ်

ဆွမ်းအမျိုးမျိုးလှူသည့်တွင် ပိဏ္ဍပါတ် အလှူသည် အကျိုး အကြီးဆုံးဖြစ်ပါသည်။ မှန်ပါသည်၊ သာသနာတော်ကြီး ယနေ့ အထိ ရှည်မြင့်စွာ တည်ရှိနေသည်မှာ တခြားအမျိုးမျိုးသော အလှူကြီး ဆွမ်းများကို ရရှိ၍မဟုတ်ပါ၊ ပိဏ္ဍပါတ်ဆွမ်းကြောင့် တည်နေခြင်း ဖြစ်ပါသည်။

ပိဏ္ဍပါတ်ဆွမ်းဟူသည် ဆွမ်းခံစားသော ရဟန်းများအား တစ်ဇွန်း တစ်ယောက်မ လောင်းလှူသော ဆွမ်းကို ခေါ်ပါသည်။ တာဝန်လည်းမကြီး၊ ကုသိုလ်အရလည်း များသော ဆွမ်းအလှူ ဖြစ်ပါသည်။ ဆွမ်းလောင်းလှူသော အလှူစေတနာမှာလည်း နေ့စဉ် မပြတ် ဆက်စပ်နေ၍ အလှူခံပုဂ္ဂိုလ်မှာ အမြွတ်စားတွေချည်း ဖြစ်၍ မြင်တွေ့နေရသည်မှာလည်း အမြွတ်စားတွေချည်း ဖြစ်ပါ သည်။ တဖန် ပြုစုလုပ်ကျွေးရသည်မှာလည်း အမြွတ်စားတွေ ချည်းပင် ဖြစ်ပါသည်။ အောက်မေ့ရသည်မှာလည်း အမြွတ်စား တွေချည်း မဟုတ်ပါလော။

ယင်းသို့ စေတနာဆက်စပ်ခြင်း၊ အလှူခံဖြတ်ခြင်း၊ အမြင် ပြတ်ခြင်း၊ လုပ်ကျွေးရမှုမြတ်ခြင်း၊ အောက်မေ့ရမှုမြတ်ခြင်း သာ

http://www.dhammadownload.com



သနာ့အသက် ဆက်ခြင်းစသော အကြောင်းကြောင်းတွေကြောင့် ပိဋကပါတ်ဆွမ်းသည် မြင့်မြတ်ခြင်းဖြစ်ပါသည်။

## မိမိနှင့်သိမ်

မိမိသည် ပရိယတ်ကိစ္စများပြီးသည့်နောက်ပိုင်းမှစ၍ ပဋိပတ် နယ်တွင်းသို့ ချဉ်းနင်း ဝင်ရောက်ကာ နေရာအတည်အကျဟူ၍ မရှိပဲ "ခြေသလုံးကျောင်းထိုင်အနေနှင့် တစ်တောထွက်ဝင် တစ်တောင် တက်ဆင်း" ဆိုသလို နေခဲ့ရာမှ မိမိကို မှီခိုလိုသော ရှင်ရဟန်းများမှာ တစ်စထက်တစ်စ များပြားလာပါသည်။

ယင်းသို့ မိမိကို မှီခိုလိုသောသူများနှင့် တစ်တောထွက်ဝင် တစ်တောင်တက်ဆင်း ပြုရသည်မှာ အခါခပ်သိမ်း သပ္ပါယမျှတ ပါ၊ တစ်ခါတစ်လေ နေရာအခက်အခဲရှိ၍ တစ်ခါတခါ ဆွမ်း အခက်အခဲရှိပါသည်။ တဖန်မူ ယင်းမှီခိုသူများအတွက် ဆေးဝါး အခက်အခဲ၊ သင်ကြားပို့ချရေး အခက်အခဲ စသည်ဖြင့် အခက် အခဲများစွာ တွေ့လာပါသည်။ ယင်းကို သိမြင်သူ ဒါယကာ ဒါယိကာမအချို့က မိမိအလိုတစ်နေရာရာမှာ ကျောင်းလက်ခံ၍ ပဋိပတ် ပရိယတ်နှစ်ရပ် သာသနာပြုပါရန် လျှောက်ထားကြပါ သည်။

မိမိသည် ပရိသတ်နှင့်အတူနေပါက ကိစ္စများမည်၊ စိတ် ဆင်းရဲမည်ကိုကြောက်၍ လက်မခံခဲ့ပါ၊ နောက်ဆုံးတော့ တစ်တော ထွက်ဝင် တစ်တောင်တက်ဆင်းနှင့် မိမိပရိသတ်နှင့် ဘယ်လိုမှ သပ္ပါယမျှတ ဖြစ်လာပါသည်။ သို့နှင့် ၁၃၄၀ ပြည့်နှစ် ကဆုန်

http://www.dhammadownload.com



လပြည့်နေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်း၌ "ဓမ္မဒူတတောရ"ဟု အမည်မှည့်ကာ တောရသစ် တစ်ခုကို လက်ခံလိုက်ပါသည်။

ပထမနှစ်၌ ရှင်းရဟန်း ၁၁ ပါး၊ ဒုတိယနှစ်၌ ၂၇ ပါး၊ တတိယနှစ်၌ ၃၂ ပါး၊ စတုတ္ထနှစ်၌ ၄၀ ပါး ရှိပါသည်။ တောရ စတင်တည်ထောင်ပြီးကတည်းက သာသနာမြေနှင့် သိမ်အတွက် ကြိုးပမ်းခဲ့ပါသည်။ သာသနာတော်အတွက် အရေးကြီးလှသော သိမ်မရှိ၍ မိမိတို့မှာ လေးနှစ်တိုင်တိုင် သိမ်နှင့်ပတ်သက်တဲ့ ကိစ္စ များအတွက် အခက်တွေ့ရပါသည်။

## သိမ်ဟူသည်

အခက်အခဲမတွေ့သင့်ဘဲ အခက်အခဲ တွေ့ရသော သိမ် ဟူသည်မှာ တစ်ညီတညွတ်တည်း တစ်စုတစ်ဝေးတည်း စုပေါင်း ၍ ကံကြီး ကံငယ် ပြုနိုင်ဖို့ရာ နယ်တစ်ခုအဖြစ် သီးခြားသတ် မှတ်ထားသော အရပ်တစ်ခု နေရာတစ်ခုပင် ဖြစ်ပါသည်။

သိမ်ထဲ၌ ရဟန်းတော်တို့ချည်းသာ ပြုရသော ရဟန်းခံခြင်း၊ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်း၊ ပရိဝါသ်ပေးခြင်း၊ အဗ္ဘာန်သွင်းခြင်း စသော ကိစ္စများကို ကံကြီးကံငယ်ဟူ၍ ခေါ်ပါသည်။

## သိမ် ၂–မျိုး

ယင်းသို့ ကံကြီးကံငယ်ပြုရန် နယ်တစ်ခုအဖြစ် သတ်မှတ် ထားသော ဌာနတစ်ခုဖြစ်သော သိမ်သည် ဘယ်နှစ်မျိုးရှိသနည်း ဆိုသော် နှစ်မျိုးရှိပါသည်။ ယင်းနှစ်မျိုးမှာ–

http://www.dhammadownload.com



၁။ ဗဒ္ဒသိမ်နှင့်

၂။ အဗဒ္ဒသိမ်

တို့ ဖြစ်ပါသည်။ ယင်းတွင် ဗဒ္ဒသိမ်ဟူသည် အဘယ်နည်း။ အဗဒ္ဒသိမ်ဟူသည် အဘယ်နည်းဆိုသော် ၄–ပါး၊ ၄–ပါးထက် များသော ရဟန်းတော်တို့သည် စုပေါင်း၍ နတ်ကမ္မဝါစာ ရွတ်ဖတ်၍ သမုတ်အပ်သောသိမ်ကို 'ဗဒ္ဒသိမ်'ဟူ၍ ခေါ်ပါသည်။

နတ်ကမ္မဝါစာရွတ်ဖတ်ပြီး မသမုတ်ဘဲ အလိုလိုသိမ်ဖြစ်သော သိမ်ကို အဗဒ္ဒသိမ်ဟူ၍ ခေါ်ပါသည်။ ထို ၂–မျိုးတို့တွင် 'ဗဒ္ဒသိမ်' သည်–

၁။ ခဏ္ဍသိမ်၊

၂။ သမာနသံဝါသကသိမ်၊

၃။ အဝိပ္ပဝါသသိမ်

ဟု ၃–မျိုးပြား၍ အဗဒ္ဒသိမ်သည်–

၁။ ဂါမသိမ်

၂။ ဥဒကုက္ခေပသိမ်

၃။ သတ္တဗ္ဘန္တရသိမ်

ဟု ၃–မျိုးပြားပြန်ပါသည်၊ ထိုတွင်–

၁။ 'ခဏ္ဍသိမ်'ဟူသည်မှာ မဟာသိမ်အတွင်း၌ သမုတ်အပ်သော သိမ်ငယ်ကိုခေါ်ပါသည်။ မဟာသိမ်ကို ပိုင်းဖြတ်သကဲ့သို့ ဖြစ်သောကြောင့် 'ခဏ္ဍသိမ်'ခေါ်ပါသည်။

သို့သော် ယင်းခဏ္ဍသိမ်မှာ မဟာသိမ်သမုတ်ပြီးမှ ယင်းမဟာသိမ်ကို ပိုင်းဖြတ်ထားသည်ကား မဟုတ်ပါ၊ မူလကပင် မဟာသိမ်

http://www.dhammadownload.com



ခဏ္ဍသိမ် အပိုင်းအခြားကို သတ်မှတ်၍ နိမိတ်များ အသီးသီး ကြားပြီး တစ်ခြားစီ သမုတ်ရပါသည်။

ခဏ္ဍသိမ် မဟာသိမ် နှစ်မျိုးသမုတ်သောအခါ ယင်းသိမ် နှစ်မျိုးတို့အကြား၌ 'သီမန္တရိက်' ကို ထားရသည်၊ မထားဘဲမနေ ရပါ။ 'သီမန္တရိက်' ဟူသည်မှာ သိမ်တို့အကြား အရပ်ဟုဆိုလိုပါ သည်။ ဗဒ္ဓသိမ်နှစ်ခုတို့၏ ထိစပ်မှုမရှိရအောင် ခြားထားသော အရပ်ပင် ဖြစ်ပါသည်။

ယခုခေတ်အခါမှာ ကျောင်းတိုက်အသီးသီးတို့၌ သမုတ်လေ့ ရှိသော သိမ်ငယ်တို့ကို 'ခဏ္ဍသိမ်'ဟု ခေါ်ဝေါ်ကြခြင်းကား မှချ အခေါ်ဝေါ် မဟုတ်ပါ၊ အခေါ်အဝေါ် လွယ်အောင် ခေါ်ဝေါ်ခြင်း သာ ဖြစ်ပါသည်။ စင်စစ်မှာ 'ဗဒ္ဓသိမ်'တို့သာ ဖြစ်ကြပါသည်။

ခဏ္ဍသိမ် မဟာသိမ် ၂–မျိုး သမုတ်သောအခါ ယင်းသိမ် ၂–မျိုးလုံးအတွက် အကြား၌ သီမန္တရိက်ကိုထားရပါသည်၊ သီမန္တ ရိက်၏ ပမာဏကို တစ်ထောင်တစ်ထွာ၊ လက်လေးသစ် စသည် ဖြင့် ကြိုက်သလို ထားနိုင်ပါသည်။

၂။ သမာနသံဝါသသိမ်ဟူသည်မှာ ရဟန်းတို့အဖို့ တူသော ကံကြီးကံငယ် ပြုခြင်းရှိရာဖြစ်သော သိမ်ကို ခေါ်ပါသည်။ သိမ် မှန်လျှင် ဗဒ္ဓသိမ်ဖြစ်စေ၊ အဗဒ္ဓသိမ်ဖြစ်စေ သမာနသံဝါသကသိမ် ဖြစ်သည်ချည်းပင် ဖြစ်ပါသည်။

၃။ အဝိပ္ပဝါသသိမ်ဟူသည်မှာ ဗဒ္ဓသိမ်ဖြစ်သော သမာန သံဝါသက သိမ်ပေါ်၌ ထပ်၍သမုတ်သော သိမ်ဖြစ်ပါသည်။ သိမ်သမုတ်သောအခါ သမာနသံဝါသကသိမ်ကို အရင်သမုတ်

http://www.dhammadownload.com



ရပါသည်။ ထိုနောက်မှ ထိုသမာနသံဝါသကသိမ်ကိုပင် ထပ်၍ အဝိပ္ပဝါသသိမ်သမုတ်ရပါသည်။

## မဟာသိမ်

အဋ္ဌကထာတို့၌ ရံခါမှု မဟာသိမ်ကိုပင် အဝိပ္ပဝါသသိမ်ဟု ဆိုပါသည်။ မဟာသိမ်ဟူသည်မှာ ကမ္မဝါစာဖြင့် ရွတ်ဖတ် သမုတ် အပ်သော သိမ်ကြီးပင် ဖြစ်ပါသည်။ ယင်းမဟာသိမ်သည် အကြီး ဆုံး သုံးယူဇနာအထိ ကျယ်နိုင်ပါသည်။

သီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒထေရ်မြတ်သည် အနုရာဓမြို့ကြီး တစ်ခုလုံးကိုခြုံ၍ 'မဟာသိမ်ကြီး' သမုတ်ထားပါသည်။ ယူဇနာ ပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီး ကို ခံသောရေတိုင်အောင် သိမ်ဖြစ်နေပါသည်။

## ဂါမသိမ်

(၁) ဂါမသိမ်ဟူသည်မှာ အစိုးရမင်းတို့ မြေပုံ၌ ရွာနယ်တစ်ခု ဟု သတ်မှတ်ထားသောအရပ်ကိုပင် ခေါ်ပါသည်။ ဤဂါမသိမ်၌ လူတို့နေရာရွာ၊ ထိုရွာသားတို့ လုပ်ကိုင်စားသောက်ရာ လယ်ယာ၊ တော၊ တောင် တစ်ဖက်ဆည်၊ ကန်၊ မြောင်း၊ သုသာန်စသည်တို့ ပါဝင်ပါသည်။

ရွာနယ်အတွင်းရှိ မြစ်ချောင်း၊ ဇာတဿရအိုင်တို့ကိုကား 'ဂါမသိမ်'ဟု မခေါ်ရပါ။ ယင်းတို့ကား ဂါမသိမ်နှင့် အလားတူသော 'အဗဒ္ဓသိမ်'တို့သာတည်း။ ယင်းဂါမသိမ်ကိုပင် 'ဂါမခေတ်'ဟု ခေါ်ပါသေးသည်။

http://www.dhammadownload.com



## ဂါမ ဂါမူပစာရ

ဤ၌ 'ဂါမ ဂါမူပစာရ'တို့ကိုလည်း သိသင့်၍ ဆက်၍ ရှင်းပါမည်၊ ဂါမဟူသည်မှာ ဂါမသိမ်၊ ဂါမခေတ်တို့ကိုပင် အတိုနည်းဖြင့် ခေါ်ဝေါ်သောအမည်ဖြစ်ပါသည်။ အရံရှိသောရွာ နိဂုံးမြို့တို့၌ အိမ်နှင့် အိမ်စည်းရိုးအရပ်၊ အရံမရှိသောရွာ နိဂုံးမြို့တို့၌ အရံထိုက်ရာ၏ အတွင်းအရပ်သည် ဂါမ,မည်ပါသည်။ ဤဂါမကို 'အဝိပ္ပဝါသ'သိမ်အရာ၌ သုံးပါသည်။

'ဂါမူပစာရ'ဟူသည် အရံရှိသော ရွာနိဂုံး၊ မြို့၌ အရံအရပ် အရံမရှိသော ရွာနိဂုံးမြို့တို့၌ အရံထိုက်ရာအရပ် ဂါမူပစာရမည်ပါသည်။ 'ရွာဥပစာ'ဟူ၍ ဆိုလိုပါသည်။ ဤဂါမူပစာရကိုလည်း 'အဝိပ္ပဝါသသိမ်'အရာမှာ သုံးပါသည်။

## ဥဒကုက္ခေပသိမ်

(၂) ဥဒကုက္ခေပသိမ်ဟူသည်မှာ ယခုအခါမှာ လူအများ သိနေသော 'ရေသိမ်'သည် ဥဒကုက္ခေပသိမ် ဖြစ်ပါသည်။ ထို ရေသိမ်ကို မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင်တို့၌ ရှိနိုင်ပါသည်။

မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရအိုင်တို့၌ ကမ္မဝါစာဖြင့် သိမ် သမုတ်၍ မရပါ၊ ကမ္မဝါစာဖြင့် သိမ်သမုတ်ဖွယ်လည်း မလိုပါ၊ ကမ္မဝါစာ ဖြင့် မသမုတ်ရဘဲ အလိုလိုဖြစ်နေသော သိမ်ဖြစ်ပါသည်။

ယင်းသို့ အလိုလိုသိမ်ဖြစ်နေက ယင်းတို့၌ ကံပြုသည့်အခါ မြစ်တစ်ခုလုံး သမုဒ္ဒရာတစ်ခုလုံး ဇာတဿရအိုင်တစ်ခုလုံးကို သုတ်သင်ရမည်လောဟုမူ ယင်းသို့ကားမဟုတ်ပါ၊ ဘုရားရှင်က–

http://www.dhammadownload.com



ရဟန်းတို့ မြစ်၌ဖြစ်စေ၊ သမုဒ္ဒရာ၌ဖြစ်စေ ဇာတဿရ
အိုင်၌ဖြစ်စေ အားအလယ်အလတ်ရှိသော ယောကျ်ား၏
ထက်ဝန်းကျင်မှ ရေတကျသည့် တူသော ကံကြီး ကံငယ်
ရှိရာ ထူသောဥပုသ်ရှိရာ သိမ်ဖြစ်သည်။

ဟု ဟောတော်မူသည်။ သို့ဖြစ်၍ မြစ်၊ သမုဒ္ဒရာ ဇာတဿရ အိုင်တို့၌ ရေတကျပမာဏရှိသော အရပ်သည် သိမ်ဖြစ်ပါသည်။ ထိုရေတကျအတွင်းသာ သုတ်သင်ရတော့သည်။ မြစ်၊ သမုဒ္ဒရာ ဇာတဿရအိုင် တစ်ခုလုံးကို မသုတ်သင်ရပါ။

## သတ္တဗ္ဗန္တရသိမ်

(၃) သတ္တဗ္ဗန္တရသိမ်ဟူသည် ရွာမရှိရာဖြစ်သော တောအရပ်၌ ကမ္မဝါစာဖြင့် မသမုတ်ရဘဲ အလိုလိုဖြစ်သော သိမ်မျိုးဖြစ်ပါသည်။ ဤနေရာ၌ 'တော'အရဂါမသိမ်၊ နိဂမသိမ်၊ နဂရသိမ်တို့ဖြင့် မပိုင်းခြားအပ်သော တောသာမန်ဖြစ်စေ၊ တောကြီးဖြစ်စေ၊ တံငါသည်တို့ နေ့ချင်းပြန်မသွားရောက်နိုင်သော သမုဒ္ဒရာအလယ်ရှိ ကျွန်းတို့ဖြစ်စေ ဖြစ်နိုင်ပါသည်။

ထိုဆိုခဲ့ပြီးသော တောတို့နှင့် သမုဒ္ဒရာအလယ်ရှိ ကျွန်းတို့၌ ရဟန်း၏ ပတ်ဝန်းကျင်မှ တစ်အဗ္ဗန္တရလျှင် ၂၈-တောင်ရှိ ခုနစ်အဗ္ဗန္တရ အရပ်သည် 'သတ္တဗ္ဗန္တရသိမ်' မည်ပါသည်။ သတ္တဗ္ဗန္တရ ဟူသည် ခုနစ်အဗ္ဗန္တရဟု ဆိုလိုပါသည်။

ယင်းခုနစ်အဗ္ဗန္တရတိုင်းသောအခါ ပရိသတ် အစွန်းမှတိုင်း ရသောကြောင့် ဤသတ္တဗ္ဗန္တရသိမ်သည် ပရိသတ်များလျှင် များသလောက်ကျယ်သွားပါသည်။

http://www.dhammadownload.com



## အထူးအခွင့်အရေး

ဤသတ္တမဖ္ဖုန္တရသိမ်၌ ထူးခြားချက်တစ်ခုရှိ၏။ ယင်းကား တိစီဝရိက် အဓိဋ္ဌာန် တင်ထားသော ရဟန်းသည် တိစီဝရိက်နှင့် ညဥ့်ကင်း၍ နေခွင့်ရခြင်းဖြစ်သည်။ အဓိဋ္ဌာန်တင်ထားသော တိစီဝရိက်သင်္ကန်းနှင့် ကင်း၍ အရုဏ်တတ်သော်လည်း နိဿဂ္ဂိ ပါစိတ်အာပတ်မသင့်ပါ၊ ဂါမသိမ် ဝိသုံဂါမသိမ်တို့၌ကား ယင်း အခွင့်အရေးမျိုးကား မရနိုင်ပါ။

## ဝိသုံဂါမသိမ်

ယခုပြဆိုခဲ့သော သိမ်များအပြင် ဝိသုံဂါမသိမ်ဟူ၍ ရှိသေး ၏။ ဝိသုံဂါမသိမ်ဟူသည် ဂါမသိမ်၏ တစ်စိတ်တစ်ပိုင်းကို ပိုင်း ဖြတ်၍ သီးခြားရွာ ဖြစ်စေဟု အစိုးရတို့က သိမှတ်အပ်သော အရပ်ကို 'ဝိသုံဂါမသိမ်'ဟု ခေါ်ပါသည်။ ထိုသို့ အစိုးရတို့က သတ်မှတ်ပေးလျှင် ထိုသတ်မှတ်ပေးသော အရပ်သည် 'ဝိသုံဂါမ' ဟူသော သီးခြားရွာ ဖြစ်တော့သည်။ ထိုသီးခြားရွာကိုပင် ပါဠိလို 'ဝိသုံဂါမသိမ်' ဝိသုံဂါမသိမ် သီးခြားရွာ အပိုင်းအခြားဟု ခေါ်ပါ သည်။

အစိုးရတို့က 'ဝိသုံဂါမ' ဖြစ်စေဟု သတ်မှတ်ပြီးသည်နှင့် တစ်ပြိုင်နက် သတ်မှတ်အပ်သော အရပ်သည် 'ဝိသုံဂါမသိမ်' ဖြစ်သည်။ ယင်းဝိသုံဂါမသိမ်၌ 'ဗဒ္ဓသိမ်' မသမုတ်သော်လည်း ရဟန်းခံခြင်းစသော ကံကြီးကံငယ် ပြုနိုင်ပါသည်။

http://www.dhammadownload.com



## ဝိသုံဂါမအမိန့်နှင့်နေရာဒွာန

ပကတိဂါမ ပကတိရွာမှ ဝိသုံဂါမ သီးခြားရွာပေးရခြင်းမှာ ကံကြီးကံငယ်ပြုရာ၌ ပကတိဂါမ ပကတိရွာနယ်မြေက ကျယ်လွန်း၍ ကံပြုလိုသော် တစ်သိမ်တည်းဖြစ်နေသဖြင့်–

၁။ ဆန္ဒလိုက်တောင်းဖို့လည်း မလွယ်ကူ၊

၂။ သံဃာ့ဘောင်သို့ နှစ်ထောင့်ထွာ ဟတ္ထပါတ်စပ်ဖို့လည်း မလွယ်ကူ၊

၃။ ရွာနယ်မြေအပြင်ဘက်သို့ ထွက်နေဖို့လည်း မစွမ်းနိုင်၊

၄။ ဗဒ္ဓသိမ်တစ်ခုခု၌ ဝင်နေဖို့လည်း အသင့်မရှိ၊

ယင်းသို့ဖြစ်လျက် အကယ်၍ ကံပြုလျှင် ထိုပြုအပ်သော ကံသည် ဝဂ်တစ်ခုဖြစ်နေ၍ အချည်းနှီးဖြစ်ဖို့သာ ရှိပါတော့သည်။

'ဝိသုံဂါမသိမ်' ဟူသည်မှာ နယ်သိမ်းဖို့ လွယ်ကူစေရန် အစိုးရတို့က ပြုလုပ်ပေးသော ဝိနည်းပရိယာယ်တစ်ခုသာ ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းသို့ ဂါမတို့ ဂါမခေတ် ရွာနယ်မြေ အတွင်းဖြစ်က သာသနာ့မြေဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ကျောင်းတွင်း ဖြစ်သည်ဖြစ်စေ ကျောင်းဖြစ်သည်ဖြစ်စေ အယုတ်ဆုံး လယ်ကွက်ထဲမှာပင်ဖြစ်စေ မည်သည့်နေရာ၌မဆို ဝိသုံဂါမရွာ သီးခြားပေးနိုင်ပါသည်။

ယင်းသို့ ဝိသုံဂါမပေးရာ၌ မြေကွက်ကို အပိုင်ပေးမှု မပေးမှု မှာ ပဓာနမဟုတ်ပါ၊ သီးခြားရွာဟု သတ်မှတ်ပေးခြင်းသာ ပဓာန ဖြစ်ပါသည်။ ဝိသုံဂါမရွာ သီးခြားဖြစ်ပါသည်။

http://www.dhammadownload.com



## ဗဒ္ဓသိမ်ပျက်ကြောင်း

ယင်းဝိသုံဂါမရွာ သီးခြားပေါ်တွင် ဗဒ္ဓသိမ်သမုတ်ထားလျှင် ဝိသုံဂါမအမိန့်ကို ရုပ်သိမ်းလိုက်သော်လည်း ဝိသုံဂါမရွာ သီးခြားသာပျက်သည်၊ သမုတ်ထားသော ဗဒ္ဓသိမ်ကား မပျက်ပါ။ ဗဒ္ဓသိမ်သမုတ်ထားပြီး ပျက်နိုင်သော အကြောင်းတရားတို့သည်–

၁။ သိမ်နုတ်ကမ္မဝါစာဖြင့် ရွတ်ဖတ်ပြီး နုတ်လျှင်လည်းကောင်း။

၂။ ဘုရားသာသနာတော် ကွယ်သွားလျှင်လည်းကောင်း။ ဤအကြောင်းနှစ်ကြောင်းကြောင့်သာ ဗဒ္ဓသိမ်ပျက်ပါသည်၊ အခြားအကြောင်းကြောင့် မပျက်နိုင်ပါ။

## နယ်သိမ်းသိမ်

ထိုမှတစ်ပါး နယ်သိမ်းသိမ်ဟူ၍လည်း ရှိသေး၏၊ နယ်သိမ်းသိမ်ဟူသည်မှာ ဂါမခေတ်တစ်ခုလုံးရှိ ရဟန်းများကို ကံပြုရာအရပ်သို့ စုဝေးစေခြင်းနှင့် ကံပြုရာသို့ မလာရောက်နိုင်သော ရဟန်းတို့၏ ဆန္ဒကိုတောင်းခြင်း၊ သို့မဟုတ် ထိုရဟန်းတို့ကို မိမိတို့ကျောင်း၊ ကျောင်းတိုက်အသီးသီး၌ရှိသော ဗဒ္ဓသိမ်တို့၌ဝင်၍ နေစေခြင်း၊ သို့မဟုတ် ကံပြုရာ ဂါမခေတ်၏ အပြင်ဘက်သို့ ထွက်၍ နေစေခြင်း၊ တစ်ခြားဂါမခေတ်မှ ရဟန်းများ ဝင်မလာနိုင်စေရန် လမ်း၊ မြစ်စသည်တို့၌ အစောင့်များ ချထားခြင်းတို့ကို 'နယ်သိမ်း'သည်ဟု ခေါ်ပါသည်။

http://www.dhammadownload.com



နယ်သိမ်းသည်နှင့် သံဃာသိမ်းဟူသည်မှာ အတူတူပင် ဖြစ်ပါသည်။ စင်စစ် နယ်အတွင်းရှိ သံဃာကိုသာ သိမ်းခြင်း ဖြစ်၍ သံဃာသိမ်းဟုလည်း ခေါ်နိုင်ပါသည်။ ယင်းသို့ နယ်သိမ်း ပြီး သမုတ်သောသိမ်ကို နယ်သိမ်းသိမ်ဟု ခေါ်ပါသည်။

## ဘာ့ကြောင့်နယ်သိမ်းရသနည်း

ဘာ့ကြောင့် နယ်သိမ်းရနည်းဟူသော အမေးကို ဖြေသော် အနည်းငယ်ကျယ်မည် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သိမ်သမုတ်နည်းသည်–

၁။ ဝိသုံဂါမတောင်း၍ သမုတ်နည်း၊

၂။ ရွာနယ်သိမ်း၍ သမုတ်နည်း၊

ဟူ၍ နှစ်နည်းရှိပါသည်။ ယင်းနှစ်နည်းရှိရာ 'ဝိသုံဂါမ'ဟူသည် ကမ္ဗဝါစာဖြင့် သမုတ်အပ်သော သိမ်မဟုတ်ပါ၊ အစိုးရတို့က ပကတိရွာမှ ဝိသုံဂါမ သီးခြားရွာအဖြစ် သတ်မှတ်ပေးလိုက်သည် နှင့် တစ်ပြိုင်နက် အလိုလို သိမ်အဖြစ်သို့ ရောက်လာသော သိမ်သာဖြစ်ပါသည်။ ယင်းဝိသုံဂါမမှာ တစ်မျိုးမဟုတ်ပါ။

ယင်းသို့ သိမ်ဖြစ်သော် အဘယ်ကြောင့် သမုတ်ရသနည်း။ ဝိသုံဂါမ တောင်းသူက ပြန်အပ်သော်လည်းကောင်း၊ အစိုးရတို့က အမိန့်ပြန်ရုပ်သိမ်းသော်လည်းကောင်း ပျက်သွားပါသည်၊ ထို့ကြောင့် ဝိသုံဂါမ ပျက်သွားသော်လည်း သိမ်မပျက်ရန် ဝိသုံဂါမသိမ်ပေါ် ၌ 'ဗဒ္ဓသိမ်' သမုတ်ရပါသည်။

http://www.dhammadownload.com



ဝိသုံဂါမသည် ပကာတိဂါမလောက် မကျယ်ဝန်းပါ၊ သိမ်ဆောက်လောက်ရုံမျှသာ ဖြစ်ပါသည်။ ယင်းသို့ ဝိသုံဂါမတောင်းရခြင်းမှာ မိမိတို့ ဂါမခေတ်ရွာနယ်မြေ ကျယ်လွန်း၍ နယ်မသိမ်းနိုင်သောကြောင့်လည်းကောင်း၊ မီးရထား၊ မော်တော်ကား စသည့် အလွန်များသဖြင့် နယ်သိမ်းရန် ခက်ခဲလွန်းသောကြောင့် လည်းကောင်း ဝိသုံဂါမ တောင်းရခြင်း ဖြစ်ပါသည်။

အကယ်၍သာ ဂါမခေတ် နယ်မြေ ကျဉ်းသော်လည်းကောင်း၊ နယ်သိမ်းရန် လွယ်ကူသော်လည်းကောင်း၊ ယင်းဝိသုံဂါမ အမိန့်မတောင်းဘဲ နယ်သိမ်း၍ 'နယ်သိမ်းသိမ်' သမုတ်လိုက်ရုံပင် ဖြစ်ပါသည်။

နယ်သိမ်းရခြင်းအကြောင်းရင်းမှာ ဝိသုံဂါမ တောင်းရသည်မှာ ခက်ခဲလွန်းသောကြောင့် လည်းကောင်း၊ ကံပြုရေး အခက်တွေ့သောကြောင့် လည်းကောင်း ဝိသုံဂါမ မတောင်းဘဲ နယ်သိမ်းရခြင်း ဖြစ်ပါသည်။

## ဘာ့ကြောင့်သိမ်နုတ်ရသနည်း

သိမ်သမုတ်ရန်သာ လိုသည်မဟုတ်ပါလော၊ အဘယ့်ကြောင့် သိမ်နုတ်ရပါသနည်း၊ သိမ်သမုတ်လိုသည့်နေရာ၌ သိမ်သမုတ်လျှင် မပြီးလောဟူ၍ အမေးပုစ္ဆာ ပြဿနာများ ရှိလာပါသည်။ ယင်းပြဿနာများ ပြေလည်ရန် သိမ်ပျက် ၁၁–လုံးတွင်–

၁။ သိမ်ချင်းစပ်၍ သမုတ်သော သမ္ဘေဒသိမ်၊

၂။ သိမ်တစ်ခုကို လွှမ်းမိုး၍ သမုတ်အပ်သော အဇ္ဈောတ္ထရဏသိမ်

http://www.dhammadownload.com



ဟူ၍ ဤသိမ်ပျက် ၂–မျိုးကို အရေးတကြီး သိဖို့လိုပါသည်။ မိမိတို့ သိမ်သမုတ်မည့်နေရာ၌ သိမ်ဟောင်းရှိနေလျှင် ယခုအသစ် သမုတ်သော သိမ်သည် မအောင်မြင်ပါ။

ယခု အသစ်သမုတ်သော သိမ်သစ်နေရာ၌ သိမ်ဟောင်းမှ မြေအားသော်လည်းကောင်း၊ အနည်းဆုံး ရဟန်း ၄–ပါး ကံပြု လောက်သော အရပ်ဖြစ်သော်လည်းကောင်း တကယ်လို့ ပါနေ ပါက လွှမ်းမိုး၍ သမုတ်သော သိမ်ပျက်မည်ပါသည်။

ရဟန်း ၄–ပါး နေလောက်ရုံအရပ်မှ အနည်းငယ် လျော့ သော နေရာဖြစ်ခဲ့ပါလျှင် စပ်၍ သမုတ်သော သိမ်ပျက်မည် ပါသည်။

ယင်းသိမ် ၂–မျိုးစလုံး မအောင်မြင်ပါ၊ ယင်းကဲ့သို့ စပ်၍ ဖြစ်စေ၊ လွှမ်းမိုး၍ဖြစ်စေ၊ ထပ်ပြီးတော့ သမုတ်လိုက်လျှင် ယင်းသို့ ထပ်ပြီးတော့ သမုတ်ခြင်းကြောင့် မူလက ရှိရင်းစွဲ သိမ်ဟောင်း မှာ ပျက်မသွားပါပေ။

ဤယူဇနာ နှစ်သိန်းလေးသောင်းအထု ရှိသော မဟာပထဝီ မြေကြီး၏ အဆုံးအထိ သိမ်အဖြစ်ဖြင့် တည်နေပါသည်။ သိမ် အသစ်သာ မအောင်မြင်ပါ၊ သို့အတွက်ကြောင့် သိမ်သစ်အောင် မြင်စေခြင်းငှာ အသစ်ထပ်ပြီးတော့ သိမ်နုတ်ရပါသည်။

## သိမ်ဟောင်းမရှိလျှင်

သိမ်အသစ်သမုတ်မည့် နေရာ၌ သိမ်အဟောင်းမရှိဟု အတိ အကျသိပါလျှင်မူ သိမ်နုတ်ရန် မလိုပါပေ၊ တစ်ခါတည်း အသစ်

http://www.dhammadownload.com



သမုတ်လိုက်ရုံမျှသာ ဖြစ်ပါသည်။ သို့သော် ယခု ဂေါတမ ဘုရားရှင်၏ သာသနာတော်အတွင်း၌ ဤနေရာတွင် သိမ် မသမုတ်ဘူးဟု ယင်းနေရာအတွက် မည်သူမျှ အတိအကျ မပြောနိုင်ပါပေ။

ထို့ကြောင့် အကယ်၍ သိမ်ဟောင်းရှိခဲ့ပါလျှင် သိမ်ဟောင်း ကျွတ်သွားမည်၊ သိမ်ဟောင်းမရှိခဲ့ပါလျှင် ပို၍ စင်ကြယ်သွား မည်၊ ဝိနည်းအတွက် သံသယ ကင်းရှင်းသွားပါမည်။

သို့ဖြစ်၍ တစ်ကြိမ်တစ်ခါမျှ နုတ်သည်မဟုတ်ဘဲ သိမ်သမုတ် သည့် နေရာအနှံ့ အထပ်ထပ် နုတ်သင့်ပါသည်။ မည်သည့် နေရာမှာ သိမ်ဟောင်းရှိသည်ဟု ကေန်အမှန် မသိနိုင်ပါ။ စိတ်ချ လက်ချ ဖြစ်ရအောင် နေရာအနှံ့အပြား အထပ်ထပ်နုတ်ရပါ သည်။ ယင်းသို့ နုတ်မှသာလျှင် ကေန်အမှန် သိမ်ဟောင်းကျွတ်ပြီး ရှင်းပြီး စိတ်ချလက်ချ အများသံသယကင်းရှင်းပြီး လက်ခံနိုင် ပါသည်။

## ပို၍နုတ်ရမည်

ယင်းသို့ သိမ်နုတ်သည့်အခါမှာ အရပ်လေးမျက်နှာ ပိုပြီး တော့ နုတ်ရပါသည်။ ညောင်စောင်းတစ်ခုစာ၊ နှစ်ခုစာမျှ တိုးချဲ့၍ နုတ်ရပါမည်။ အဘယ်ကြောင့်ဆိုသော် မိမိသမုတ်မည့် သိမ်သစ် နေရာတွင် ပါဝင်နေသော သိမ်ဟောင်း၏ တည်နေရာအရပ်မှာ ရဟန်းလေးပါး ထိုင်လောက်သော အရပ်မဟုတ်ဘဲ အနည်းငယ် မျှသာ ပါဝင်အံ့။

http://www.dhammadownload.com



ယင်းနေရာ၌ နုတ်သော်လည်း ယင်းအနည်းငယ်မျှသော သိမ်ဟောင်း ကျွတ်သွားမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ယင်းသိမ်ဟောင်းပေါ်၌ ရဟန်းလေးပါး နေထိုင်လျက် ကမ္မဝါစာ ဖတ်သည် မဟုတ်သောကြောင့် ဖြစ်ပါသည်။ ရဟန်းလေးပါး ဟူသော သံဃာပြည့်မှ ကမ္မဝါစာ ရွတ်ဖတ်ရသည်ကိုလည်း သေသေချာချာ မှတ်သင့်ပါသည်။

## သိမ်နုတ်ရာ၌ အင်္ဂါ ၂–ပါး

သိမ်နုတ်သည့်အခါမှာ အရေးတကြီးလိုအပ်သည့် အင်္ဂါ သိရမည့်အင်္ဂါ နှစ်ချက်ရှိပါသည်။ ထိုနှစ်ချက်မှာ–

၁။ မိမိနုတ်ရမည့်သိမ်ပေါ်၌ အနည်းဆုံး ရဟန်းလေးပါး ရှိခြင်း။

၂။ သိမ်နုတ်မည်ဟု နှလုံးသွင်း၍ ကမ္မဝါစာဖတ်ခြင်း ဟူ၍ အင်္ဂါနှစ်ချက်ရှိပါသည်။

## သိမ်နုတ်ရာ၌နှလုံးသွင်း

သိမ်နုတ်အင်္ဂါကိုပြရာ၌ "သိမ်နုတ်အံ့" ဟူသော နှလုံးသွင်းခြင်းဖြင့် ဖတ်မှသာ သိမ်ဟောင်းကျွတ်ပါသည်။ ဆေးစီရင်ခြင်း စသည်အကျိုးငှာ သိမ်နုတ်ကမ္မဝါစာကို ဖတ်သော်လည်း သိမ်ဟောင်းမကျွတ်ပါ၊ အဘယ်ကြောင့်ဆိုသော် "သိမ်နုတ်အံ့" ဟု နှလုံးသွင်းမရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် သိမ်နုတ် စဉ်ဝယ် "သိမ်နုတ်အံ့"ဟု နှလုံးသွင်းရှိရမည် ဖြစ်ပါသည်။

http://www.dhammadownload.com



စိတ်၏ အပြောင်းအလဲများ အလွန်လျင်မြန်သောကြောင့် အထူးသတိထားရမည် ဖြစ်ပါသည်။ ဗဒ္ဒသိမ်၌ သိမ်နုတ်ရန်မှ တစ်ပါး အခြားအကြောင်းများကြောင့် သိမ်နုတ်ကမ္မဝါစာ မဖတ် သင့်ပါ။

မှန်ပါသည်။ "ဆေးစီရင်သည်"ဟု နှလုံးသွင်းရာမှ "သိမ် နုတ်သည်"ဟု နှလုံးမိသွားလျှင် များစွာ ခက်ခဲနစ်နာလျက် သိမ် ပျက်သွားပါလိမ့်မည်။

## အရေးကြီးသည်

သိမ်နုတ်သည့်အခါ မြေနေရာ အမျိုးမျိုးရှိနေ၍ အထပ်ထပ် နုတ်ရ၏။ သို့မှသာ သိမ်သစ်သမုတ်သည့်အခါ စိတ်ချလက်ချ ဖြစ်သည်။ သိမ်မအောင်မြင်ပါက အကျိုးမရှိရုံမျှမက အပြစ်များစွာ ဖြစ်နိုင်ပါသည်။

အဘယ်ကြောင့်ဖြစ်သနည်းဆိုသော် မအောင်မြင်သော သိမ်ပျက်၌ ကံပြုသော် ယင်းကံသည် မအောင်မြင်ပါ။ ရဟန်း ခံလျှင်လည်း ယင်းရဟန်းလောင်းလည်း ရဟန်းအဖြစ် မရောက် တော့ပါ။

## ရှေးဦးနုတ်၊ နောက်နုတ်

သိမ်နုတ်သောအခါ အဝိပ္ပဝါသ သိမ်ကို ရှေးဦးစွာ နုတ်ပြီးမှ သမာနသံဝါသကသိမ်ကို သနုတ်ရပါသည်။ အဘယ်ကြောင့်ဆို သော် သိမ်သမုတ်ထားခဲ့စဉ်က သမာနသံဝါသကသိမ်ကို ရှေးဦး

http://www.dhammadownload.com



စွာ သမုတ်၍ နောက်မှ အဝိပ္ပဝါသကသိမ်ကို· သမုတ်ခဲ့သော ကြောင့် ဖြစ်ပါသည်။

## သိမ်နုတ်ရာဝယ်

သိမ်နုတ်ရာဝယ် ခဏ္ဍသိမ်၌ တည်၍ အဝိပ္ပဝါသခေါ် မဟာ သိမ်ကို မနုတ်ရပါ၊ ယင်းအတူပင် မဟာသိမ်၌တည်၍ ခဏ္ဍသိမ် ကို မနုတ်ရပါ။ ခဏ္ဍသိမ်၌တည်၍ ခဏ္ဍသိမ်ကိုသာ နုတ်ရပါ သည်။ မဟာသိမ်၌တည်၍ မဟာသိမ်ကိုသာ နုတ်ရပါသည်။ သိမ်နုတ်သောအခါ-

၁။ အကွက်ချနုတ်နည်းနှင့်

၂။ အကွက်မချဘဲနုတ်နည်း

နှစ်မျိုးရှိသည်။ ယင်းနှစ်မျိုးတွင် အကွက်ချ၍နုတ်နည်းမှာ-

၁။ ရှေးဟောင်းနည်းဖြစ်၍လည်းကောင်း၊

၂။ လက်တွေ့နုတ်ရာ၌ လွယ်ကူ၍လည်းကောင်း

အကွက်ချ၍နုတ်နည်းကား ပို၍ကောင်းပါသည်။ အကွက်မချဘဲ မလွဲအောင် မှတ်သားထားခြင်းငှာ စွမ်းနိုင်ပါလျှင်လည်း အကွက် မချဘဲ နုတ်ကောင်းပါသည်။ နုတ်အပ်ပါသည်။

## များအွာထိခိုက်

သိမ်နုတ်ရာဝယ် ဘယ်လိုပင်နုတ်နုတ် သိမ်ဟောင်းကျွတ် ရေးပင် အဓိကဖြစ်ပါသည်။ အနည်းငယ်မျှသာ သိမ်ဟောင်းပါ ဝင်လျှင် ရဟန်းလေးပါး ထိုင်လောက်သည် မဟုတ်သောကြောင့် ယင်းသိမ်ဟောင်း ကျွတ်သည်မဟုတ်ပါ။

http://www.dhammadownload.com



အကယ်၍ သိမ်ဟောင်းမကျွတ်ဘဲ အပေါ်ကထပ်၍ သိမ်သမုတ်လျှင် ယင်းသိမ်သစ်မှာ ဘယ်လိုမျှ မအောင်မြင်နိုင်ကြောင်း။ ယင်းသိမ်သစ်ထဲ၌ပြုသော သံဃာကမ်အားလုံးတို့သည်လည်း မအောင်မြင်ကြတော့ပါ။ များစွာ ထိခိုက်ပါသည်။

## သိမ်နုတ်နည်း

သိမ်နုတ်သည့်နည်းတို့သည် ကိုးနည်းတို့ ရှိကုန်၏။ ယင်းတို့ကို အကုန်နုတ်သည်လည်း ရှိ၏။ မနုတ်သည်လည်းရှိ၏။ ယင်းကိုးနည်းတို့မှာ–

၁။ ကလျာဏီကျောက်စာလာနုတ်နည်း။
၂။ ဝိနယာလင်္ကာရနုတ်နည်း။
၃။ မိုင်းခိုင်းသိမ်ပုံကျမ်းလာနုတ်နည်း။
၄။ ရင်ဘောင်တန်းနုတ်နည်း။
၅။ ခရုပတ်နုတ်နည်း။
၆။ လှူးလာတုံ့ခေါက်နုတ်နည်း။
၇။ ပျားကြီးစွဲနုတ်နည်း။
၈။ ကြက်ခြေခတ်နုတ်နည်း။
၉။ ထောင့်တန်းနုတ်နည်း

ဟူ၍ ကိုးနည်းတို့ဖြစ်ပါသည်။

## သိမ်ကမ္မဝါစာ

သိမ်နုတ်ရာ၌ အချို့ကမ္မဝါစာများ၏ ကောင်းလေဟုဆို၏။ သို့ဖြစ်၍ တစ်ပါးကြား နှစ်ပါးကြားဖြစ်စေ၊ သံဃာကုန်ဖြစ်စေ၊

http://www.dhammadownload.com



သံဃာအများ ရွတ်ဖတ်နုတ်နိုင်၏။ နုတ်အပ်၏ဟုဆို၏။ ရှေးကမူ ကမ္မဝါစာ ရွတ်ဖတ်ရာ၌ တစ်ပါးတည်းသာ ရွတ်ဖတ်ပါသည်။

နောက်၌မူ လက်ကလွတ် ခြေကမြဲ၊ 'ခြေကလွတ် လက်ကမြဲ'၊ မြဲရာသံပတ်' သဘောမျိုးဖြင့် နှစ်ပါးသုံးပါး စသည် အတူပေါင်း၍ ရွတ်ဖတ်ကြပါသည်။

များများဖတ်လေ ခိုင်မြဲလေဖြစ်သောကြောင့် လေးပါး၊ လေးပါးထက် အလွန်ဖတ်ခြင်းမှာ အပြစ်မရှိပါ။ ပို၍ခိုင်မြဲခြင်းနှင့် သက်သာခြင်းအကျိုးရှိ၏ဟု ဆို၏။

## သိမ်နိမိတ်

သိမ်သမုတ်သောအခါ သိမ်နိမိတ်မှာလည်း များစွာ အရေးကြီးပါသည်။ နိမိတ်ကျိုးသော သိမ်သည် ၂–မျိုးရှိပါသည်။ ယင်း ၂–မျိုးမှာ–

၁။ နိမိတ်ခြင်းစပ်အောင်မကြားဘဲ သမုတ်အပ်သောသိမ်။

၂။ လောက်သောနိမိတ်များအကြား၌ မလောက်သော နိမိတ်ကိုဖြစ်စေ၊ နိမိတ်မလုပ်ကောင်းသော ဝတ္ထုဖြစ်စေ နိမိတ်ကြား၍ သမုတ်သောသိမ်။

ဟူ၍ နှစ်မျိုးရှိပါသည်။ ယင်းနှစ်မျိုးတွင်–

၁။ အမှတ်(၁) သိမ်မှာ အရှေ့အရပ်ကစ၍ကြားလျှင် အစဉ် အတိုင်း အရှေ့အရပ်အထိ ကြားရမည်။ အရှေ့အရပ် ကို ထပ်၍ကြားရဦးမည်ဖြစ်သည်။

http://www.dhammadownload.com



၂။ အမှတ်(၂)သိမ်မှာ နိမိတ်မလုပ်ကောင်းသော သဲပုံစသည်နှင့် နိမိတ်မလောက်သော သစ်ပင်စသည်ကို နိမိတ်လုပ်၍ သမုတ်သောသိမ်ဖြစ်က ထိုသိမ်နှစ်မျိုးလုံး နိမိတ်ကျိုးသော သိမ်မည်ပါသည်။

သိမ်နိမိတ်သည် အနည်းဆုံးသုံးခုရှိလျှင် အပ်၏ဟု အဋ္ဌကထာဆိုပါသည်။ ယင်းသို့ နိမိတ် ၃–ခုဖြင့် သမုတ်ရာ၌ နိမိတ်တစ်ခု ပျက်လျှင် ထိုသိမ်ပျက်မည်မှာ သေချာ၏။ သို့မဟုတ်ဘဲ နိမိတ်လေးငါးခု စသည်ဖြင့် သမုတ်ရာ၌ နိမိတ်တစ်ခုပျက်ခဲ့သော်လည်း နိမိတ် ၃–ခု စသည် ကျန်သေးသောကြောင့် နိမိတ်ကျိုးသည် မမည်နိုင်ပါ။

## သိမ်ပဋ္ဌတည်၍သမုတ်ခြင်း

သိမ်ပဋ္ဌတည်၍ သမုတ်သောသိမ်ဆိုသည်မှာ နိမိတ်တို့ကို ကြားပြီးနောက် ယင်းသိမ်နိမိတ်တို့၏ အပြင်ဘက်၌ ကမ္ဗဝါစာ ရွတ်ဖတ်သော ရဟန်းတို့နေ၍ ရွတ်ဖတ်သမုတ်သော သိမ်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းတိုက်တစ်ခု၌ ခဏ္ဍသိမ်၊ မဟာသိမ် ၃–မျိုး သမုတ်သောအခါ ခဏ္ဍသိမ်၌နေ၍ မဟာသိမ်ကို မသမုတ်ရပါ၊ မဟာသိမ်၌နေ၍ ခဏ္ဍသိမ်ကို မသမုတ်ရပါ။

## အလွန်ကြီး–ငယ်သိမ်

သိမ်ကြောင့် ကမ်ပျက်နိုင်သည်ဟု ဘုရားရှင် အထပ်ထပ် ဟောတော်မူ၏။ သိမ်၏ ပမာဏသည် သံယာ ၂၁–ပါး ထိုင်

http://www.dhammadownload.com



လောက်သော အလွန်ငယ်သော 'အတိခုဒ္ဒကသိမ်' နှင့် သုံးယူဇနာထက် ဆံပင်တစ်ဖျားကြီးသော 'အတိမဟာတီသိမ်' နေရာသည်လည်း သိမ်ပျက်မည်ပါသည်။

## အောင်မြင်သောဗဒ္ဓသိမ်

သိမ်သမုတ်သောအခါ အောင်မြင်သော သိမ်ဖြစ်စေရန်များစွာ အရေးကြီးလေသည်။ သိမ်မအောင်မြင်ဘဲ သိမ်ပျက်ခဲ့သော် ထိုသိမ်ပျက်၌ ကံကြီးကံငယ်ပြုခဲ့သော ထိုကံများအောင်မြင်တော့မည်မဟုတ်ပါ။ ထိုသိမ်ပျက်၌ ရဟန်းခံသောပုဂ္ဂိုလ်များလည်း ရဟန်းဖြစ်တော့မည်မဟုတ်ပါ။ သို့ဖြစ်၍ အောင်မြင်သော ဗဒ္ဓသိမ်၏လက္ခဏာကို သိသင့်ပါသည်။ အောင်မြင်သော ဗဒ္ဓသိမ်၏ လက္ခဏာမှာ-

"ကြီးငယ်ကျိုးရိပ်၊ အနိမိတ် ဗဟိဒ်တည်သမုတ်၊ ဒိုင်သမုဒ်မြစ်၊ ခပ်လွှမ်းလစ်ဆယ့်တစ်သိမ် ပျက်ထုတ်' ဟူ၍ ဝိနယသံခိပ်အရ-

၁။ ကြီးလွန်းသောသိမ်၊
၂။ ငယ်လွန်းသောသိမ်၊
၃။ နိမိတ်ကျိုးသောသိမ်၊
၄။ အရိပ်ကိုနိမိတ်လုပ်သောသိမ်၊
၅။ နိမိတ်မရှိသောသိမ်၊
၆။ သိမ်ပ၌တည်၍သမုတ်သောသိမ်၊
၇။ ဇာတဿရအိုင်၌ သမုတ်သောသိမ်၊

http://www.dhammadownload.com



၈။ သမုဒ္ဒရာ၌ သမုတ်သောသိမ်၊

၉။ မြစ်၌သမုတ်သောသိမ်၊

၁၀။ မိမိသိမ်ဖြင့် သူတစ်ပါးသိမ်ကိုခပ်၍ သမုတ်သောသိမ်၊

၁၁။ မိမိသိမ်ဖြင့် သူတစ်ပါးသိမ်ကို လွှမ်း၍ သမုတ်သော သိမ်

တို့ ဖြစ်ပါသည်။ ဤသိမ် ၁၁–ပါးမှ ကင်းလွတ်စေခြင်း ဟူသော အင်္ဂါ ၁–ပါး။

"သမ္မုတ္တိ ၃–ပါးနှင့် ပြည့်စုံအောင်မြင်ရမည်" ဟူသည်နှင့် အညီ "တောင်–ကျောက်–တော–သစ်–မဂ်–ရေ–မြစ်–တောင်၊ ရှစ်–နိမိတ်လာ" ဟူသော ဝိနယသံခိပ်နှင့်အညီ–

၁။ တောင်နိမိတ်၊

၂။ ကျောက်နိမိတ်၊

၃။ တောနိမိတ်၊

၄။ သစ်ပင်နိမိတ်၊

၅။ လမ်းနိမိတ်၊

၆။ ရေနိမိတ်၊

၇။ မြစ်နိမိတ်၊

၈။ တောင်ပို့နိမိတ်

ဟူသော ၈–မျိုးသော နိမိတ်တို့နှင့် ပြည့်စုံရခြင်း။ သိမ်သမုတ်သောအခါ ၎င်းနိမိတ် ၈–မျိုးတို့တွင် တစ်မျိုးမျိုးတည်းဖြင့်လည်း ကြား၍ သမုတ်နိုင်သည်။ ၂–မျိုး၊ ၃–မျိုးရော စသည်ဖြင့်လည်း ကြား၍ သမုတ်နိုင်သည်။

http://www.dhammadownload.com



အရပ် ၈–မျက်နှာ၌ နိမိတ် ၈–ခုထား၍ သမုတ်ရာ၌ ၈–ခုစလုံး ကျောက်နိမိတ်ချည်း ထားလိုက ထားနိုင်ပါသည်။ သို့မဟုတ် သစ်နိမိတ်၊ ကျောက်နိမိတ် စသည်ဖြင့် ကြိုက်သလို မည်သည့်နည်းဖြင့်ဖြစ်စေ အရောရောအနှောနှောလည်း ထား၍ သမုတ်နိုင်ပါသည်။

ပရိသတ်နှင့်ပြည့်စုံခြင်းအရ သိမ်သမုတ်ရာ၌ အနည်းဆုံး ရဟန်းကောင်း ၄–ပါးရှိကြခြင်းဟူသော ပရိသတ်နှင့်ပြည့်စုံရခြင်း။

ကမ္မဝါစာသမ္ပတ္တိအရ ကမ္မဝါစာ၏ ပြည့်စုံခြင်းဆိုသည်မှာ သမာနသံဝါသက သီမသမ္မုတိကမ္မဝါစာ၊ အဝိပ္ပဝါသသီမသမ္မုတိ ကမ္မဝါစာတို့ကို ဉတ်ကမ္မဝါစာအဖြစ် ဒေါသတို့မှ ကင်းစေလျက် ရွတ်ဖတ်သမုတ်ခြင်း။

ဆိုခဲ့ပြီး နိမိတ်တစ်ခုကိုစပ်၍ သမုတ်ခြင်းဟူသော လက္ခဏာ ၃–ချက်နှင့် ပြည့်စုံစွာ သမုတ်က ဗဒ္ဓသိမ်အောင်မြင်ပါသည်။

## နိမိတ်ကြားခြင်း

သိမ်သမုတ်ခြင်း၏အစသည် နိမိတ်ကြားခြင်းမှ စပါသည်။ နိမိတ်ကြားရာ၌ နိမိတ်ကြားသော ပုဂ္ဂိုလ်၊ နိမိတ်ဖြေသော ပုဂ္ဂိုလ် ဟူ၍ ၂–မျိုးရှိပါသည်။ ထိုတွင် နိမိတ်ကြားသော ပုဂ္ဂိုလ်မှာ ရဟန်းသာ ဖြစ်ရပါမည်။ နိမိတ်ဖြေသော ပုဂ္ဂိုလ်မှာမူ လူ–ရှင်–ရဟန်း ဟူ၍ မည်သူမဆို လုပ်ကောင်းပါသည်။

နိမိတ်ကြားရာ၌ နိမိတ်ဖြေသော ပုဂ္ဂိုလ်က အသီးသီးဆိုင်ရာ နိမိတ်၏ အနီးအပြင်ဘက်မှနေ၍ နိမိတ်ကြားပုဂ္ဂိုလ်က နိမိတ်

http://www.dhammadownload.com



ရှိရာသို့သွား၍ အတွင်းမှနေပြီး မေးဖြေကာ ကြားရပါသည်။ ၎င်းကို အနီးကြားဟု ခေါ်ပါသည်။

မိမိတို့ ဓမ္မဒူတတောရ သိမ်သမုတ်စဉ်က ယင်းအနီးကြားကို ရဟန်းတော်များနှင့် တစ်ကြိမ်၊ လူများနှင့် ၃–ကြိမ် ဟူ၍ ၄–ကြိမ် ကြားပါသည်။

နိမိတ်ကြား ပုဂ္ဂိုလ်က သံဃာ့အလယ်မှနေ၍ မေးဖြေကြားသည်ကို အဝေးကြားဟု ခေါ်ပါသည်။ ဖြေကြားသူမှာ တစ်ဦးသော်လည်းကောင်း၊ အများသော်လည်းကောင်း အပ်ပါသည်။

မိမိတို့ ဓမ္မဒူတတောရ သိမ်သမုတ်စဉ်က ယင်းအဝေးကြားကို တစ်ကြိမ်ကြားပါသည်။

နိမိတ်တစ်ကြိမ်ကြားလျှင်ပင် ပြီးပါသည်။ သို့သော် မြဲရာသံပတ်အရ ၃–ကြိမ်၊ ၄–ကြိမ်၊ ၇–ကြိမ်၊ ၈–ကြိမ် ကြားကနိုင်မြဲအောင် လုပ်ခြင်းဖြစ်၍ အပြစ်မရှိပါ။ သို့ဖြစ်၍ မိမိ၏ ဓမ္မဒူတတောရ သိမ်သမုတ်စဉ်က နိမိတ်ကို အနီးကြား ၄–ကြိမ်၊ အဝေးကြား တစ်ကြိမ်အားဖြင့် ၅–ကြိမ် ကြားပါသည်။

## ဓမ္မဒူတသိမ်နုတ်ခြင်း

မိမိ၏ ဓမ္မဒူတသိမ်သမုတ်ရန်အတွက် သာသနာတော်နှစ် ၂၅၂၅ခု၊ ကောဇာသက္ကရာဇ် ၁၃၄၃ ခုနှစ် နတ်တော်လဆန်း ၁၃ ရက်နေ့ နေလုလင်တက်စ တောက်ထွန်းပသည့်အချိန်ဝယ် အရပ်ရပ် ပုဗ္ဗပရိကံ စီမံပြုလုပ်ပြီးဖြစ်သော ကြေးမုံပြင်ကဲ့သို့ ကောင်းစွာ ညီညွတ်အောင် ပြုလုပ်ထားသည့် ဝိသုံဂါမသိမ်မြေ

http://www.dhammadownload.com



ကွက်ကို ၂၁–ပါးသော အရှင်မြတ်တို့သည် စစ်ကိုင်းတောင်ရိုး၊ နန်းဦး တိုက်သစ် သက်တော် ၈၉၊ သိက္ခာတော် ၆၉ ဝါရှိ သက်တော်ရှည် ဆရာတော်ဘုရားကြီးကို ပဓာနဦးစီး အကြီးအမှူးပြုတော်မူကြ၍ သီမဏ္ဍလင် မြေအပြင်၌ ကြည့်ရှင်သော မျက်နှာတော်ဖြင့် စုရုံးတော်မူကြကာ ကြိုတင်၍ အပြေအပြစ် ညှိနှိုင်းတော်မူကြပြီး ဖြစ်သည့်အတိုင်း သီမသမ္မုတိကံကို ဆောင်ရွက်တော်မူကြ ပါသည်။

ယင်းသို့ သိမ်နုတ်ရာဝယ် တစ်ပါးတည်း၊ တစ်ပါးတည်းစီ ရွတ်ဖတ်၍လည်းကောင်း၊ သုံးပါးတစ်တွဲစီ တွဲကာ ရွတ်ဖတ်၍ လည်းကောင်း ဝိနယကုက္ကုစ္စကင်းရှင်း ရဟန်းငယ်များ နည်းရ စေခြင်းကို အရင်းမူ၍ လပြည့်ကျော် (၁)ရက်နေ့တိုင်အောင် နုတ်နည်းစုံ နုတ်ကြပါသည်။

## နိမိတ်ကြားခြင်း

ယင်းသို့ ၄–ရက်တိုင်တိုင် သိမ်နုတ်ကံကို ဆောင်ရွက် တော်မူကြပြီးနောက် နုတ်တော်လပြည့်ကျော် ၂–ရက်နေ့သို့ ရောက်သောအခါ ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း ထောင့်အရပ် နှင့်တကွ အရပ် ရှစ်မျက်နှာတို့၌ နိမိတ်လောက်သော ပကတိ ကျောက်တုံးများကို နေရာတကျ ချထားပြီးလျှင် ရဟန်းတော်များ ချည်းသက်သက် နိမိတ်စောင့်စေ၍ ရှေးဦးစွာ သက်တော်ရှည် နန်းဦးဆရာတော်ဘုရားကြီးက နိမိတ်ရှိရာသို့သွားပြီး နိမိတ်ကြား ပါသည်။

http://www.dhammadownload.com



ထို့နောက် လှူဒါယကာတို့ကို နိမိတ်စောင့်စေ၍ မော်လမြိုင်မြို့ ရွှေပရိယတ္တိစာသင်တိုက် ဆရာတော်က နိမိတ်ကြားတော်မူပြန်ပါသည်။ ထို့နောက် လှူဒါယကာတို့ကိုပင် နိမိတ်စောင့်စေ၍ ရေးမြို့နယ် အခင်ရွာ မွန်စိန်တောရမှ အရှင်ပဏ္ဍိတဆရာတော်က နိမိတ်ကြားတော်မူပြန်ပါသည်။

ထို့နောက် လှူဒါယကာတို့ကိုပင် နိမိတ်စောင့်စေ၍ မိမိက တစ်ကြိမ်ကြားပါသည်။ ဤသို့ အနီးကြား ၄-ကြိမ်ကြားပြီးနောက် လှူဒါယကာတို့ကိုပင် အစောင့်ထား၍ သက်တော်ရှည် ဆရာတော်ဘုရားကြီးက သံဃာ့အလယ်မှနေ၍ အဝေးကြား တစ်ကြိမ်ကြားပါသည်။

ဆိုခဲ့ပြီးသည့်အတိုင်း ရဟန်းတော်များကို နိမိတ်စောင့်စေ၍ နိမိတ်တစ်ကြိမ်ကြားခြင်း လှူဒါယကာများကို နိမိတ်စောင့်စေ၍ နိမိတ် ၄-ကြိမ်ကြားခြင်းအားဖြင့် ၅-ကြိမ်တိုင်တိုင် နိမိတ်များ မကျိုးမပေါက် ထပ်မိစေအောင် ကြားတော်မူပါသည်။

## မေဓာဝီသိမ်သမုတ်ခြင်း

ဤသို့ နိမိတ်ကြားခြင်း ပြုဖွယ်များ လုံးဝပြီးပြေလတ်သော် သမာနသံဝါသကသီမသမ္မုတိကမ္မဝါစာကို စစ်ကိုင်းတောင်ရိုး နန်းဦးတိုက်သစ် သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါရှိ သက်တော်ရှည် ဆရာတော်ဘုရားကြီး တစ်ပါးတည်း ပထမ အကြိမ် ဖတ်တော်မူပါသည်။

http://www.dhammadownload.com



ထို့နောက် မော်လမြိုင်မြို့၊ ရွှေပရိယတ္တိစာသင်တိုက်၊ ဘဒ္ဒန္တကုမာရ၊ သီရိပဝရဓမ္မာစရိယ၊ ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယ၊ ဗဟိုဝန်ဆောင် ဆရာတော်က ဒုတိယအကြိမ် ဖတ်တော်မူပါသည်။

ထို့နောက် အင်္ဂပူမြို့နယ်၊ ချောက်ရွာ၊ မြစေတီတောရ ဘဒ္ဒန္တ-နန္ဒိယ၊ သီရိပဝရဓမ္မာစရိယ မြို့နယ်ဝိနည်းဓိုရ် ဆရာတော်က တတိယအကြိမ်။

ထို့နောက် ဓမ္မဒူတတောရ ဘဒ္ဒန္တ-ပညာစာရ၊ ဂဏဝါစက ဆရာတော်က စတုတ္ထအကြိမ်။

ထို့နောက် ရေးမြို့နယ်၊ အစင်ရွာ-မွန်စိန်တောရ ဘဒ္ဒန္တပဏ္ဍိတ၊ ဝိသိဋ္ဌဒီဃဘာဏက၊ သီရိပဝရ ဓမ္မာစရိယ၊ အရညဝါသီ ဆရာတော်က ပဉ္စမအကြိမ်။

ထို့နောက် မုဒုံမြို့နယ်၊ ဖားအောက်ရွာ၊ သစ်သီးကျောင်း (ဒူးရင်းမြောင်တောရ) ဘဒ္ဒန္တအာစိဏ္ဏ၊ သီရိပဝရဓမ္မာစရိယ၊ အရညဝါသီ ဆရာတော်က ဆဋ္ဌမအကြိမ်။

ထို့နောက် ဓမ္မဒူတတောရ ဘဒ္ဒန္တ-အရှင်ပညာဇောတ-ဝိသိဋ္ဌဒီဃဘာဏက၊ သီရိပဝရဓမ္မာစရိယ၊ မြို့နယ် သံဃာ့နာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်က သတ္တမအကြိမ်။

ထို့နောက် ပေါက်တောရွာတောရစာသင်တိုက် ဘဒ္ဒန္တသောဘဏ သီရိပဝရဓမ္မာစရိယ၊ ပြည်နယ်ဝန်ဆောင် ဆရာတော်က အဋ္ဌမအကြိမ်။

ထို့နောက် ဒုတ်ဖိုမြို့ သုံးထပ်ကျောင်း အရှင်စန္ဒောဘာသ သီရိပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ မြို့နယ်ဝိနည်းဓိုရ်ဆရာတော်က နဝမအကြိမ်။

http://www.dhammadownload.com



ထို့နောက် ကျိုက်ထိုမြို့ ဘုရားကြီးတိုက်၊ အရှင်ဣန္ဒစာရ၊ သိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ မြို့နယ်ဝိနည်းမှူး ဆရာတော်က ဒသမအကြိမ်။

ထို့နောက် ပေါက်တောရွာ စမ်းအေးမြိုင်စာသင်တိုက်၊ အရှင်နန္ဒဝံသ သိရီပဝရဓမ္မာစရိယ၊ မြို့နယ်သံဃာ့နာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်က ဧကာဒသမအကြိမ် ဖတ်တော်မူပါသည်။

ထို့နောက် သမာန သံဝါသကသမ္မုတိ ကမ္မဝါစာကိုပင် သက်တော်ရှည် ဆရာတော်ဘုရားကြီး၊ ရွှေပရိယတ္တိဆရာတော်၊ မြစေတီ ရာတော်၊ ၃–ပါးက ဒွါဒသမအကြိမ်။

ထို့နောက် မွန်စိန်တောရ ဘဒ္ဒန္တပဏ္ဍိတ၊ ဖားအောက်ရွာ သစ်သီးကျောင်း ဘဒ္ဒန္တအာစိဏ္ဏ၊ ဓမ္မဒူတတောရ ဘဒ္ဒန္တပညာဇောတတို့က တေရသမအကြိမ်။

ထို့နောက် ဓမ္မဒူတတောရ အရှင်ပညာစာရ၊ အုတ်ဖိုမြို့ သုံးထပ်ကျောင်း အရှင်စန္ဒောဘာသ၊ ကျိုက်ထိုမြို့ ဘုရားကြီးတိုက် အရှင်ဣန္ဒာစာရတို့က စုဒ္ဒသမအကြိမ် ဖတ်တော်မူပါသည်။

ထို့နောက် အဝိပ္ပဝါသသီမသမ္မုတိ ကမ္မဝါစာကို သက်တော်ရှည် နန်းဦးဆရာတော် ဘုရားကြီးက ပဌမအကြိမ် ရွတ်ဖတ်တော်မူ၍ ရွှေပရိယတ္တိ ဆရာတော်က ဒုတိယအကြိမ်၊ မြစေတီဆရာတော်က တတိယအကြိမ် ရွတ်ဖတ်သမုတ်တော်မူပါသည်။

ထို့နောက် မွန်စိန်တောရ ဘဒ္ဒန္တပဏ္ဍိတ၊ ဓမ္မဒူတတောရ ဘဒ္ဒန္တပညာစာရ၊ သစ်သီးကျောင်း ဘဒ္ဒန္တအာစိဏ္ဏဆရာတော် ၃–ပါးတို့က ၃–ပါးတွဲကာ စတုတ္ထအကြိမ် ဖတ်တော်မူပါသည်။

http://www.dhammadownload.com



ထို့နောက် ဓမ္မဒူတတောရ ဘဒ္ဒန္တပညာဇောတ၊ ပေါက်တော ရွာ တောရစာသင်တိုက် ဘဒ္ဒန္တသောဘဏ၊ ကျိုက်ထိုမြို့ ဘုရားကြီးတိုက် ဘဒ္ဒန္တကုဏ္ဍာစာရတို့က ၃–ပါးတွဲကာ ပဋ္ဌမအကြိမ် ဖတ်တော်မူပါသည်။

## အောင်မြင်သည်

ဤသို့လျှင် ဓမ္မဒူတတောရသိမ်တော်ကြီးကို လဇ္ဇီသူမွန်၊ သီလဝန်၊ ဂုဏဝန်၊ ပညဝန်အရှင်ကောင်းတို့သည် သမန ဿဝါသကသီမသမ္မုတိကမ္မဝါစာကို ၁၄–ကြိမ်၊ အဝိပ္ပဝါသသီမ သမ္မုတိ ကမ္မဝါစာကို ၅–ကြိမ်အားဖြင့် ပိပြင်ကျန၊ ကရဏနှင့်၊ ဌာနပယတ်၊ မချွတ်စေရ ဝိနယဝိဒူဝိညူပဏ္ဍိတတို့၏ သံသယ တို့ကို ကင်းဝေးစင်ကြယ်စေလျက် ဖတ်ရှုံ၊ ရွတ်ရှုံ၊ သာမန် မဟုတ်ဘဲ သမုဟာနနက်ဆောင်ရွက်ကြစဉ် သမုဟာနာ ပေက္ခ စိတ်ဖြင့်သာ ရွတ်ဖတ်တော်မူကြပါသည်။

သမ္မုတိအရာ၌လည်း သမ္မတာ ပေက္ခစိတ်ဖြင့်သာ ရွတ်ဖတ် တော်မူကြသည်၏ အဆုံး၌ ဤဓမ္မဒူတမည်သော သိမ်တော်ကြီး သည် ၁၁–ပါးသော ဝိပတ္တိသိမ်ပျက်တို့မှ လွတ်ထွက်ကျော်လွန် ၍ "နိမိတ်–ပရိသာ၊ ကမ္မဝါ၊ သုံးဖြာသမ္ပတ္တိ" ဟူသော သမ္ပတ္တိ သုံးပါးနှင့် ယှဉ်လျက် ကောင်းစွာ သမုတ်အပ်သော သိမ်မြတ်၊ သိမ်မွန်အဖြစ်ဖြင့် ၁၃၄၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁) ရက်နေ့ နံနက် ၈ နာရီ ၂၀ တွင် ယူဇနာ နှစ်သိန်းလေးသောင်း အထု ရှိသော ပံသု၊ သီလာ ၂–ဖြာသော မြေပထဗျာကို

http://www.dhammadownload.com



ထွင်းဖောက်လျက် ယူဇနာ လေးသိန်းရှစ်သောင်း အတိုင်းအရှည် ရှိသော ရေထုသို့ရောက်အောင် သက်ဝင်၍ အောင်မြင်ပြီးစီး ပါသတည်း။

http://www.dhammadownload.com



# နံနက်(၄)နာရီထိုးလျှင်အရုဏ်တက်တယ် မဟုတ်လားဘုရား

## {၁၁}

### အရုဏ်အရေးကြီးပုံ

လူအတော်များများတို့သည် နံနက် (၄) နာရီထိုးလျှင် အရုဏ်တက်တယ်ဟု အယူရှိကြ၏။ သိထားကြ၏။ တချို့မှာ ညဉ့် ၁၂ နာရီကျော်လျှင် နောက်တစ်နေ့သို့ကူးပြီဖြစ်၍ အရုဏ်တက်ပြီဟု အယူရှိကြ၏။ သိထားကြ၏။ တချို့မှာ ငှက်ကလေးများ အိပ်တန်းမှထ၍ ငှက်ကလေးများမြည်ချိန်သည် အရုဏ်တက်ပြီဟု အယူရှိကြ၏။

အချို့က နေဝန်းမထွက်မီ ရှေးဦးတက်သောနေရောင်သည် ပင် နီသော အဆင်းရှိသောကြောင့် လည်းကောင်း၊ နီသော

http://www.dhammadownload.com



အဆင်းအားဖြင့် ဖြစ်တတ်သောကြောင့်လည်းကောင်း၊ အရုဏ်မည်၏ဟု ဆိုပါသည်။

ယင်းအရုဏ်သည် ဦးသစ်သော ရွှေစင်ကဲ့သို့ နီသော အဆင်းဖြင့် ထင်၏။ နှံ၍ထင်သော အရှေ့အရပ်မျက်နှာသဏ္ဍာန် ရှိသည်။ နံနက်ကာလ၌ အရှေ့အရပ်မျက်နှာမှ တက်သည်။ မျက်မြင်ဆတ်ဆတ် သိအပ်သည်။ မှန်းဆ၍ သိအပ်သည်မဟုတ်ဟု ဆို၏။

ထို့ကြောင့် နေဝန်းထွက်လုနီးနီးတွင် ရှေးဦးတက်သော နီသော အဆင်းရှိသော နေ၏အရောင်ကိုသာ အရုဏ်ဖြစ်သည် ဟုမှတ်ယူရမည်ဟု ဆုံးဖြတ်တော်မူကြသည်။ ယင်းသို့ဖြင့် အရုဏ် တက်ချိန်ကို အတိအကျ မဆုံးဖြတ်နိုင်ဘဲ ဝါဒတွေအမျိုးမျိုး ရှိနေပါသည်။ အချို့က အရုဏ်တက်ချိန်ကို အလေးဂရုမပြုကြပါ။ အချို့က အလေးဂရုပြုကြပါသည်။

ဥပုသ်စောင့်ကြသော ဥပုသ်သည်တို့သည် အရုဏ်တက် ချိန်ကို မှန်ကန်စွာ မသိကြကုန်၍ အရုဏ်မတက်သေးမီ၌ "အရုဏ် တက်လေပြီ" ဟူသော အမှတ်ဖြင့် ခဲဘွယ်ဘောဇဉ်တို့ကို စားကြ ကုန်၏။ ပန်းနံ့သာ စသည်တို့ကိုလည်း ဆောင်ကြကုန်၏။ ယင်းသို့ဖြင့် ဥပုသ်သည်တို့၏ သီလသည် ပျက်စီးရတော့၏။

ရဟန်းသာမဏေတို့သည် အရုဏ်မတက်သေးမီ ဆွမ်းခံ ထွက်၍ ဆွမ်းခံသဖြင့်လည်းကောင်း၊ အရုဏ်မတက်မီ ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်တို့ကို သုံးဆောင်ကြ၍လည်းကောင်း အာပတ် သင့်ခြင်း၊ သီလပျက်စီးခြင်းသို့ ရောက်ကြပါသည်။

http://www.dhammadownload.com



လောင်းလှူဆက်ကပ်သော ဒကာ၊ ဒကာမတို့မှာလည်း အခါကာလမဟုတ်ဘဲ လောင်းလှူဆက်ကပ်တဲ့အတွက် သူတော်ကောင်းအလှူမဖြစ်ဘဲ မသူတော်အလှူဖြစ်ပါသည်။ နိဿရည်းမလွတ်၊ ဥပဇ္ဈာယ်မလွတ်သေး၍ နိဿရည်းယူ၊ ဥပဇ္ဈာယ်ယူ၍ ကျင့်ကြံ အားထုတ်နေကြကုန်သော ရဟန်းတော်တို့သည် နိဿရည်းဆရာ၊ ဥပဇ္ဈာယ်ဆရာတို့နှင့် ကင်း၍ ဥပစာရသိမ်ခေါ်သော ကျောင်းဝင်းအရန်ပြင်ပသို့ သွားကြကုန်သည့်အတွက် နိဿရည်းငြိမ်းခြင်း၊ ပျက်ခြင်းသို့ ရောက်ကြပါသည်။

ဝါတွင်းကာလ၌ ဝါဆိုဝါကပ်ကြကုန်သော ရဟန်းတော်တို့သည် အရုဏ်မတက်မီ ကျောင်းဝင်းတွင်းပြင်ပသို့ သွားကြကုန်သည်ဖြစ်၍ ဝါကျိုးဝါပြတ်ခြင်းသို့ရောက်၍ ကထိန်ခင်းသောအခါ ကထိန်မဖြောက်၊ ကထိန်အာနိသင်မရနိုင်တော့ပါ။

တိစီဝရိတ်ဆောင် ရဟန်းတော်တို့သည် အဗဒ္ဓသိမ်အတွင်း၌ သင်္ကန်းနှင့် ကင်းလျက်နေကုန်သည်ဖြစ်၍ နိဿဂ္ဂိပါစိတ်အာပတ်သင့်ကြပါသည်။ ထို့အတူ သတ္တဗ္ဘန္တရ သိမ်မှာလည်း နိဿဂ္ဂိပါစိတ်အာပတ် သင့်ကြပါသည်။

သဟသေယျလောက်သော တမိုးတရံတည်းသော အိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းစသည် လူ၊ သာမဏေ၊ မာတုဂါမတို့နှင့် အတူတကွ အိပ်ကြခြင်းကြောင့် သုဒ္ဓပါစိတ် အာပတ်သင့်ကြပါသည်။ အရုဏ်မတက်မီ ယာဝကာလိက ခဲဘွယ်ဘောဇဉ်တို့ကို စားသောက်သော ရဟန်းတော်တို့သည် သုဒ္ဓပါစိတ်အာပတ်သင့်ကြပါသည်။ ပရိဝါသ်မာနတ် ကျင့်ကြကုန်သော

http://www.dhammadownload.com



ရဟန်းတော်တို့သည် အရုဏ်မတက်မီ ပရိဝါသ်မာနတ်ကို ချကုန်သည့်အတွက် ညဥ့်ပြတ်ခြင်းသို့ ရောက်ကြပါသည်။

ဤသို့စသည်ဖြင့် များစွာသော အပြစ်တို့ကို ဖြစ်စေတတ်သောကြောင့် အာပတ်အပြစ်မှ ရှက်ကြောက်တတ်သော ရဟန်း၊ သီလကို ချစ်မြတ်နိုးသောရဟန်း၊ သူတော်ကောင်းအလှူကို လှူလိုသော ဒါယကာ–ဒါယိကာမတို့အား မှန်ကန်သော အရုဏ်တက်ချိန်နာရီကို သိလိုသူ၊ သိစေလိုသူတစ်ယောက်က မိမိကို မေးလျှောက်၏။

"အရှင်ဘုရား၊ **နံနက် ၄ နာရီထိုးလျှင် အရုဏ်တက်တယ် မဟုတ်လား ဘုရား**"

"ဒါယကာကြီး၊ နံနက် ၄ နာရီ အရုဏ်မတက်သေးပါဘူး"

"ဒါဖြင့် အဘယ်အချိန် အရုဏ်တက်ပါသလဲဘုရား"

"အရုဏ်တက်ချိန်က သူ့လနှင့်သူ အပြောင်းအလဲရှိတယ် ဒါယကာကြီး၊ ပုံသေမှတ်ထားလို့ မဖြစ်ဘူး"

"ဒါဖြင့် အဲဒီအရုဏ်တက်ချိန်ကို ရှင်းပြပါလားဘုရား"

"အမယ်လေး၊ ရှင်းပြရရင် အတော်ရှည်မယ်၊ ရှုပ်လည်း အတော်ရှုပ်သား၊ ဒါယကာကြီးရဲ့"

"ရှင်းပြပါဘုရား၊ ဒါယကာ–ဒါယိကာမများအတွက်၊ ရှင်ရဟန်းတွေအတွက် အရေးကြီးလှပါတယ်ဘုရား"

"အရေးကြီးလို့ အရုဏ်တက်ချိန်နဲ့ ပတ်သက်တဲ့ ကျမ်းတွေ ရေးထားတာ အများကြီးရှိသားပဲ၊ အဲဒါတွေ ဖတ်ကြည့်ရင် ပြီးတာပဲ၊ ဘုန်းကြီး လာမေးနေရသေးလား"

http://www.dhammadownload.com



"အဲဒီကျမ်းတွေက တစ်ခမ်းတနားကြီးပဲဘုရား။ များလွန်းတော့လည်း မဖတ်နိုင်ကြပါဘုရား"

"အင်း...ခက်သားပဲ၊ တိုကျဉ်းနဲ့ လိုရင်းပဲရေးပါ၊ ရှင်းပါ၊ ဒီလိုလား"

"မှန်ပါတယ် ဘုရား"

"ကဲ...ဒါဖြင့် ဘုန်းကြီးအာဘော်နဲ့ မဖြေဘဲ မန္တလေးမြို့မြင်းဝန်မင်းကြီးကျောင်းတိုက်၊ ပတ္တမြားဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉက္ကံသာဘိဝံသ မဟာထေရ် စီရင်ရေးသားတဲ့ အရုဏ်တက်ချိန် အဆုံးအဖြတ်စာအုပ်ကို ကြည့်ပြီး ဖြေမယ်နော်"

"မှန်ပါ၊ ဖြေပါဘုရား"

## လေးပိုင်းလေးခန်း

အရုဏ်တက်ချိန်နှင့်ပတ်သက်၍ လေးပိုင်းလေးခန်း အကျဉ်းပြပါ့မယ်၊ လေးပိုင်းလေးခန်းက ဘာတွေလဲဆိုတော့–

၁။ အရုဏ်တက်ချိန်

၂။ မိုးသောက်ယံ

၃။ နေထွက်ချိန်

၄။ ထိုထိုဒေသနေထွက်နာရီ

ရယ်လို့ အဲဒီ လေးပိုင်း။ လေးခန်းကို သတိပြုထားပါ။ ဆက်ပြီး ရှင်းပြပါမယ်။ အရုဏ်တက်ချိန် မရှင်းပြမီ အရုဏ်ကို ဦးစွာ ရှင်းပြပါ့မယ်။

http://www.dhammadownload.com



အဲဒီအရုဏ်ဆိုတာ အဘယ်သဘော တရားမျိုးလဲလို့မေးရင် အရုဏ်ဆိုတာ ထွက်ပေါ်လတ္တံ့သော နေမင်းရဲ့ အရောင်အထူး ပင် ဖြစ်ပါတယ်လို့ ဆိုရပါမယ်။

ဆိုလိုတာက နေထွက်သည့်မှ ရှေ့နား၊ နေမထွက်သေးမီ၌ တက်လာသော အရောင်သည် အရုဏ်မည်တယ်လို့ ဆိုလိုပါ တယ်။

ထပ်ပြီး တစ်မျိုးရှင်းပြရရင် အရုဏ်ဆိုတာ ထွက်ပေါ်လု ဆဲဆဲသော နေ၏ ရှေ့ပြေးဖြစ်တဲ့ အနီရောင်အထပ်ထပ် တိုးပွား လာခြင်းကြောင့် တစ်ခဲနက် နီမြန်းနေသော အရောင်အထူး။ အနီရောင်အပြင်ကြီးသဖွယ် ဖြစ်ပေါ်နေသော အရောင်အထူးပင် ဖြစ်ပါတယ်။

အဲဒါကြောင့် နေ၏အရောင်သည်သာလျှင် အရုဏ်မည်ပါ တယ်၊ တစ်ပါးသော အရောင်သည် အရုဏ်မမည်ပါ။

အဘယ်သို့သော အနက်သဘောကြောင့် အရုဏ်မမည်ပါ သနည်းဆိုသော် စဉ်းငယ်နီသော၊ အနည်းငယ်နီသော အဆင်း အရောင်နှင့် ပြည့်စုံသော အနက်သဘောကြောင့် အရုဏ်မည်ပါ တယ်။ တစ်နည်းပြောရရင် အနည်းငယ်နီသော အရောင်အဖြစ် ဖြင့် ဖြစ်တတ်သော အနက်သဘောကြောင့် အရုဏ်မည်ပါတယ်။

အဲဒီအရုဏ်ရဲ့ အဆင်းအရောင်ဟာ အဘယ်အရောင်ရှိပါ သနည်းဆိုသော် မထင်မရှားနီသော အဆင်းအရောင် တစ်နည်း ဆိုသော် အနည်းငယ်နီသော အဆင်းအရောင်သည် အဲဒီအရုဏ်ရဲ့ အဆင်းအရောင် ဖြစ်ပါတယ်။

http://www.dhammadownload.com



အဲဒါကြောင့် နေရဲ့ နီသောအရောင်သည်သာလျှင် အရုဏ်ရောင်မည်တယ်၊ ဖြူသော အရောင် အစရှိသည်ဟာ အရုဏ်ရောင် မမည်လို့ မှတ်ပါ။

## အနီအဖြူ

အရုဏ်တက်ချိန်၌ အရှေ့အရပ်မျက်နှာရဲ့ အနီရောင်ရှိသည်၏ အဖြစ်ကို ဆိုအပ်ပါတယ်။ အဲဒါကြောင့် အဲဒီ အရုဏ်တက်ချိန်၌ အရုဏ်ရောင်တက်သည်၏ အဖြစ်ကြောင့် အရှေ့အရပ်မျက်နှာ နီသည်၏ အဖြစ်ကိုလည်းကောင်း။ နေရောင်ပျံ့နှံ့သည်၏ အဖြစ်ကြောင့် ကြွင်းကျန်သော အရပ်မျက်နှာတို့ရဲ့ ဖြူသည်၏အဖြစ်ကိုလည်းကောင်း၊ သိအပ်ပါတယ်။

ဒီမှာ မှတ်ချက်ချဖို့က အရုဏ်တက်ချိန်မှာ အရုဏ်ရောင်ကြောင့် ဖြူသော အရပ်မျက်နှာရှိတယ်၊ အရုဏ်ရောင်ကနီတယ်လို့ မှတ်ချက်ချပါ။

အဲဒီအရုဏ်ဟာ ဘယ်လိုပုံသဏ္ဍာန် ရှိပါသလဲဆိုသော် အရုဏ်ဟာ အရောင်မျှသာ ဖြစ်သောကြောင့် အသီးအခြား ပုံသဏ္ဍာန် မရှိပါ။ အရုဏ်ရောင် ပျံ့နှံ့သလောက် အရပ်သည် အဲဒီအရုဏ်ရဲ့ ပုံသဏ္ဍာန်လို့မှတ်ပါ။ တစ်နည်းဆိုသော် အဲဒီ အရုဏ်ဟာ အရှေ့အရပ်မျက်နှာ ပုံသဏ္ဍာန်ရှိတယ်လို့ မှတ်ပါ။

## အရုဏ်တက်ချိန်

အဲဒီအရုဏ်ဟာ အဘယ်အချိန်အခါ အဘယ်အရပ်၌ တက်ပါသနည်းဆိုသော် အရုဏ်ဟာ ထိုထိုနေ့ရဲ့ မိနစ်၊ စက္ကန့်၊ အချိန်

http://www.dhammadownload.com



ကာလရဲ့ ရှေ့ဖြစ်တဲ့ စက်နာရီ ၄၈–မိနစ်အခါ၌ အရှေ့အရပ် မျက်နှာ၌ တက်ပါတယ်။ တစ်နည်းဆိုသော် အဲဒီအရုဏ်ဟာ နေမထွက်သေးမီ စက်နာရီ ၄၈–မိနစ်အခါ အရှေ့အရပ်မျက်နှာ၌ တက်ပါတယ်။

ဒါကြောင့် အချုပ်ကို ပြောရလျှင် အရုဏ်ဆိုတာ အရှေ့ အရပ်မျက်နှာ၌ နေထွက်လာသည့်မှ ရှေးဦးစွာ နေမထွက်သေးမီ စက်နာရီ ၄၈–မိနစ်အချိန် တက်လာတဲ့အရောင်၊ နေမထွက်မီ ၄၈–မိနစ် အရုဏ်တက်တယ်လို့ မှတ်ပါ။

## မိုးသောက်ယံ

အရုဏ်တက်ချိန် ပြီးသွားတော့ မိုးသောက်ယံအကြောင်း ရှင်းဖို့လိုလာပါသည်။ မိုးသောက်ယံဆိုတာ အဘယ်သဘော တရားများပါနည်းဆိုသော် လွန်ခဲ့ပြီးသောညဉ့်၏ နောက်ဆုံးယံမှာ အမိုက်မှောင်ကို စ၍ဖျက်ဆီးတတ်သော နေ၏အရောင်အထူးကို မိုးသောက်ယံဟူ၍ ခေါ်ပါတယ်။

ထို့ကြောင့် နေ၏အမိုက်အမှောင်ကို ပယ်ဖျောက်၊ အလင်း ရောက်စ အရောင်သည်သာလျှင် "မိုးသောက်ယံ" မည်ပါတယ်၊ တစ်ပါးသော အရောင်သည် "မိုးသောက်ယံ" မမည်လို့ မှတ်ပါ။

အဘယ် အနက်သဘောအားဖြင့် အဘယ်အနက်သဘော ကြောင့် မိုးသောက်ယံ မည်ပါသနည်းဆိုသော် အမိုက်မှောင်ကို ပယ်ဖျောက် အလင်းရောက်စ နေရောင်အထူးသည် "မိုးသောက် ယံ" မည်ပါတယ်။

http://www.dhammadownload.com



ထိုမိုးသောက်ယံ၏ အဆင်းအရောင်သည့် အဘယ်အဆင်းအရောင်ရှိပါသနည်းဆိုသော် ထိုမိုးသောက်ယံ၏ အဆင်းအရောင်သည် အဖြူနုရောင်၊ အဖြူရင့်ရောင် ဖြစ်ပါတယ်။ ရှေးဦးစွာသော အဖြူနုရောင် နှစ်ခုမြောက်သော အဖြူရင့်၊ ဖလပ်ပန်းရောင်တို့သည် "မိုးသောက်ယံ" မည်ပါတယ်။

ထိုမိုးသောက်ယံကား အရောင်မျှသာ ဖြစ်သောကြောင့် အသီးအခြား ပုံသဏ္ဌာန်မရှိပါ။ အကြင်မျှလောက် အရပ်တိုင်အောင် ပျံ့နှံ့၏။ ထိုမျှလောက် အရပ်သည် ထိုမိုးသောက်ယံ၏ ပုံသဏ္ဌာန်ဟူ၍မှတ်ပါ။ ထိုမိုးသောက်ယံသည် အရုဏ်မတက်မီ ၄၈–မိနစ်ကာလ၌ အရှေ့အရပ်မျက်နှာ၌ တက်ပါသည်။

**မှတ်ချက်။** ။ တစ်နေ့၌ မြန်မာပဟိုရ် နာရီ ၆၀ ဖြစ်၍ စက်နာရီ ၂၄ နာရီ၊ မုဟုတ် ၃၀ ရှိပါသည်။ တမုဟုတ်၌ မြန်မာ ၂နာရီ စက်နာရီအားဖြင့် ၄၈ မိနစ်ရှိပါသည်။

မိုးသောက်ယံသည် မျက်မြင်ဖြင့် သိအပ်သော ပစ္စုပ္ပန်ရူပါရုံ တရားလည်း ဟုတ်ပါသည်။ ဤသို့ဖြစ်သည်ရှိသော် "ဤသို့ ဖြစ်ရာ၏" ဟု မှန်းဆ၍ အဖန်ဖန်ကြံဆ၍ သိအပ်သော တရားလည်း ဟုတ်ပါ၏။

စက္ခုဝိညာဉ်၏ အာရုံဖြစ်သော အဆင်းအရောင် ရူပါရုံဖြစ်သောကြောင့် မျက်မြင်ဖြင့် သိအပ်သော ပစ္စုပ္ပန်ရူပါရုံတရားလည်း ဟုတ်ပါသည်။

အကယ်၍ တောတောင်စသည် မဖုံးကွယ်မူ မိုးသောက်ယံသည် ထင်ရှားပါ၏။ ဖုံးကွယ်ရာအရပ်ဖြစ်ခဲ့သော် နေဝန်းကို

http://www.dhammadownload.com



မြင်သောအခါမှ တစ်နာရီမျှဖြင့်သော်လည်းကောင်း၊ နှစ်နာရီမျှဖြင့်သော်လည်းကောင်း မိုးသောက်ယံကို မှတ်သား၍ "ဤအခါသည် မိုးသောက်အခါ ဖြစ်ရာ၏"ဟု ကြံဆ၍ သိအပ်သောကြောင့် မှန်းဆ၍ သိအပ်သော တရားမျိုးလည်း ဟုတ်၏။

## အရုဏ်တက်ချိန်

ဤသို့ဖြင့် ပညာရှိသည် အရုဏ်မတက်မီ ၄၈–မိနစ်ကာလ အရှေ့အရပ်၌ လွန်ခဲ့ပြီးသည့်၏ နောက်ဆုံးယံ၌ အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော နေမင်း၏ အဖြူနုရောင် အဖြူရင့်ရောင်သာ မိုးသောက်ယံဟူ၍ ယုံကြည်အပ်၊ ကောင်းစွာ မှတ်အပ်ပါတယ်။

ဝိနည်းတော် အလိုအားဖြင့် ဒီကနေ့သို့မကူးသေး၊ ထိုနေ့ နောက်ဆုံးယံသာ ရှိသေး၏။ အရုဏ်တက်လည်း မဟုတ်သေး၊ ယင်းမိုးသောက်ယံ၏ နောက် နီသောအရောင်သို့ ရောက်သောအခါမှ အရုဏ်တက်သောအခါမှ နောက်ဆုံးယံ ကုန်ဆုံး၍ ဒီကနေ့သို့ ကူးပြောင်းသည် မည်ပါတယ်။

## နေထွက်ချိန်

နေမည်သည် အဘယ်သဘောတရားမျိုးပါနည်း မေးသော် နေမည်သည် နေ့ ည၌ လဆန်းပက္ခ၊ လဆုတ်ပက္ခ လနှစ်စသော ကာလကို ပြုတတ်သော အချင်းယူဇနာ ၅၀၊ အဝန်းယူဇနာ ၁၅၀ ရှိ၍ အတွင်းကား ရွှေ အပကား ဖန်အတိပြီးသော

http://www.dhammadownload.com



အရောင်အဝါ အတောက်ပဆုံးသော နေ့စဉ်တွေ့နေကြရသော နေကြီးပင် ဖြစ်ပါသည်။

အရုဏ်တက်ချိန်က နေဝင်ချိန်အထိကို "နေ့" ဟုခေါ်၍ နေဝင်ချိန်က အရုဏ်တက်ချိန်ကို "ညဉ့်" ဟုခေါ်သောကြောင့် "နေ" မည်သည်။ နေ့ညဉ့်စသည်ကို ပြုတတ်သော နေ့စဉ်မြင်တွေ့နေကြရသည့် "နေ" ကြီးပင် ဖြစ်ပါသည်။

ရဲရင့်သည်၏အဖြစ်ကို ဖြစ်စေတတ်သောကြောင့် "နေ" မည်ပါတယ်။ ထိုနေ၏ အဆင်းအရောင်သည်–

၁။ အဖြူနု အဆင်းအရောင်

၂။ အဖြူရင့် ဖလပ်ပန်းအဆင်းအရောင်

၃။ ကြေးနီ အဆင်းအရောင်

၄။ မြည်း၏ခံတွင်း အဆင်းအရောင်

ဟူ၍ နေ၏အဆင်းအရောင်သည် ၄–မျိုးရှိပါသည်။ ထိုနေ၏ ပုံသဏ္ဌာန်သည် လူတို့ကစားသော ဘောလုံးပုံသဏ္ဌာန်ရှိပါသည်။

ထိုနေသည် နံနက်အခါ နိသဒ္ဒနာရီကို ၂–ခုမြောက်၊ ၅–ခုစား၍ ရသောလဒ်၊ နာရီ၊ မိနစ်၊ စက္ကန့်အချိန်၌ အရှေ့အရပ်မျက်နှာ၌ တက်ပါထွက်ပါသည်။

ဤသူရိယခေါ်သော နေသည် အချင်းယူဇနာ ၅၀၊ အဝန်းယူဇနာ ၁၅၀ ရှိ၍ အတွင်းကား ရွှေဖြင့်ပြီးသော အပကားဖန်ဖြင့်ရံအပ်သော နေ့စဉ်မြင်တွေ့နေရသော နေဟူသော ဝတ္ထုဒြပ်ဖြစ်သောကြောင့် ပစ္စက္ခတရား ဖြစ်ပါသည်။

အကယ်၍ တောတောင်စသည်ဖြင့် ဖုံးကွယ်ရာအရပ်ဖြစ်အံ့၊ နေထွက်ချိန်ကို မှတ်သား၍ "ဤအချိန်အခါ၌ နေထွက်သည်

http://www.dhammadownload.com



ဖြစ်ရာ၏" ဟုမှန်းဆခြင်းဖြင့် သိအပ်သော တရားမျိုးလည်း ဖြစ်ပါသည်။

## အချုပ်ဆိုသော်

အရုဏ်သည် နေမထွက်မီ ၄၈–မိနစ်၌ တက်သည်။ မိုးသောက်ယံသည် နေမထွက်မီ စက်နာရီ ၁–နာရီ ၃၆–မိနစ်၌ ဖြစ်သည်။ နေသည် ထိုနေ့ နိုသဒ္ဒ နာရီမိနစ်စက္ကန့်၌ ထွက်သည်ဟု မှတ်ပါ။

"ကဲ...ဒကာကြီး။ ယခုဆိုရင် ဒကာကြီးသိချင်တဲ့ အရုဏ်တက်ချိန်ကို ရှင်းပြပြီးပြီ၊ အရုဏ်ဟာ ဘယ်လမှာမှ ၄–နာရီ အရုဏ်တက်တယ်ဆိုတာ မရှိဘူးလို့ အသေအချာ မှတ်ထားပါ"

"မှန်ပါဘုရား"

"ကဲ...ဒီလောက်ဆိုရင် ရှင်းပါပြီ၊ တော်လောက်ပါပြီ"

"မှန်ပါဘုရား"

- အရုဏ်ဆိုတာ သိဖို့ရာ လွန်စွာလိုပါသည်။
- သာသနာမှာ အရုဏ်ဟာ လွန်စွာအရေးကြီးသည်။
- အရုဏ်ပျက်က ပြစ်ကြီးလှ ယုတ်ရကျိုးလီလီ။
- အရုဏ်သိက ကျိုးကြီးရ ယုတ်ရပြစ်လီလီ။
- ကျိုးရှိကျိုးယုတ် နှစ်ခုထုတ် အဟုတ်သိသင့်သည်။
- အရုဏ်ချိန်မှန် သိသူမှန် ကေန်ကျိုးရှိသည်။

http://www.dhammadownload.com



# ကျိုးမနိုးမိ အခနေကာဇာတင်ရမယ်ဆိုဘုရား

## {၁၂}

### ဘုရားလောင်းစိတ်ဓာတ်

ဗုဒ္ဓဓမ္မပြဿနာများကို ရေးသားနေသည့် မိမိအထံသို့ အတို အရှည် ပြဿနာများစွာ ရောက်လာပါသည်။ အချို့ကို ပြဿနာ များ စာအုပ်တွင် တစ်ပုဒ်တစ်ကဏ္ဍအနေနှင့် အဖြေပေးနိုင်သော် လည်း တချို့ကို ထိုတစ်ပုဒ်တစ်ကဏ္ဍထဲတွင် ရောထည့်ကာ ဖြေလိုက်ရပါသည်။

ယခုလည်း အနေကာဇာတင်ပြဿနာနှင့် ဆက်နွယ်၍ ဘုရား အလောင်းတို့၏ စိတ်ဓာတ်ကို ဖော်ပြလိုပါသည်။ သတ္တဝါ အားလုံးကို သံသရာဝဋ်မှ လွတ်မြောက်ရေးအတွက် ဘုရားတစ်ဆူ ဖြစ်လိုသူသည် အဘယ်သို့လျှင် စိတ်ထားတည်ကြည် ခိုင်ကြည် စေရမည်နည်း။

http://www.dhammadownload.com



အလောင်းတော်သည် ဘဝကို တွေ့ကြုံရသမျှ အရာ အထောင်မကသော ဆင်းရဲဒုက္ခများကို ကျော်နင်းလွတ်မြောက် လိုသော်–

"ငါသည် အားလုံးသော သတ္တဝါများ၏ ဆင်းရဲဒုက္ခ ဟူသရွေ့ကို တစ်ယောက်တည်း သိမ်း၍ယူမည်"ဟု သန္နိဋ္ဌာန် ခိုင်မြဲစွာ ချထားရာ၏။

"ငါသည် သတ္တဝါအများ၏ ဆင်းရဲဒုက္ခဟူသမျှကို ကြုံကြုံခံအံ့။ ငါသည် ကိုယ်တိုင် တစ်ယောက်ထီးတည်း၏ လွတ်မြောက် ရေးနှင့်သာ ပတ်သက်သည်မဟုတ်။ သဗ္ဗညုတ ဉာဏ်တော်အတွက် သန္နိဋ္ဌာန်ချပြီးသော လှေသင်္ဘောဖြင့် သံသရာတည်းဟူသော ရေအလျဉ်မှ သတ္တဝါအားလုံးကို ငါကယ်တင်မည်"

"သတ္တဝါအားလုံး ဆင်းရဲဒုက္ခအတွင်း၌ နစ်မြုပ် ပျက်စီးခြင်းထက် ငါတစ်ယောက်ထီးတည်း ဒုက္ခခံလိုက် ရခြင်းက မြတ်သေး၏"

"ငါသည် သတ္တဝါအားလုံးအတွက် ငါ့ကိုယ်ကို ရွှေငွေ အဖြစ် ပေးလိုက်မည်။ သတ္တဝါအားလုံးကို နိဗ္ဗာန်ရွှေမြို့ တော်သို့ ဦးဆောင် သယ်ပို့နိုင်သည့်ကိုယ် ဖြစ်ရပါလို၏"

ဟု ဘုရားအလောင်းတော်များသည် စိတ်ကောင်း စေတနာ ကောင်းထားပါသည်။ သို့ပါ၍ ဘုရားအဖြစ်နှင့် နိဗ္ဗာန်ရောက်လို သော ဘုရားအလောင်းတော်သည် သဗ္ဗညုတရွှေဉာဏ်တော်၌ မမိုတ်မသုန် မတုန်မလှုပ် ခြေကုတ်မြဲမြဲ အဓိဋ္ဌာန်မြဲစွာဖြင့်

http://www.dhammadownload.com



သဗ္ဗညုတဉာဏ်တော်ကို ရရှိရေးအတွက် စိတ်ပြဋ္ဌာန်းထားလိုက်ရာ၏။

ဘုရားအလောင်းတော်ဟူသမျှသည် မိမိ၏ခန္ဓာကိုယ်နှင့် အသက်ကို စွန့်တန်လျှင် စွန့်၏။ သူတော်ကောင်းတရားကိုကား မည်သည့်အခါမျှမစွန့်။ ဘုရားအလောင်းတော်ဟူသမျှသည် လူတို့ ရှေ့မှောက်၌ ဦးညွတ်အရိုအသေပြု၏။ မည်သည့်အခါမှ မာန တက်ကြွခွင့်မပြု။

ဘုရားအလောင်းဟူသမျှသည် လူတို့အပေါ်၌ သည်းခံတတ်၍ မည်သည့်အခါမှ အနှောင့်အယှက်မပေး။

ဘုရားအလောင်းဟူသမျှသည် ဝတ်မွတ်ခြင်းဖြင့် အလွန်တရာ ဆင်းရဲနေသူအား အကောင်းမွန်ဆုံးအစာကို ပေးကျွေးတတ်၏။

ဘုရားအလောင်းတော်ဟူသမျှသည် ကြောက်ရွံ့စိုးရိမ်နေ ရသူများအား လုံခြုံစိတ်ချရအောင် စောင့်ရှောက်ပေးတတ်၏။ နာဖျား မကျန်းရှိနေသူများအား လုံးဝပပျောက်အောင် ကုသပေး လိုစိတ်ရှိ၏။

ဘုရားအလောင်းတော်ဟူသမျှသည် သူဆင်းရဲများ ကြွယ်ဝ ချမ်းသာမှုကို နှစ်သက်၏။ ဆင်းရဲနေသူများ ကံဆိုးမိုးမှောင် ကျနေသူများအား မိမိရှိပစ္စည်းများကို ခွဲခြမ်းဝေဖန်ပေးတတ်၏။ ခရီးပန်း၍ နွမ်းနယ်နေသူများ၏ ဝန်ထုပ်ဝန်ပိုးများကို သယ်ဆောင် ပေးတတ်၏။

ဘုရားအလောင်းတော်ဟူသမျှသည် ဒါန၊ သီလ စသော ကုသိုလ်များကို ပြုတိုင်းပြုတိုင်း ပါရမီဖြည့်ခွင့်ရသော လူ့ဘဝ

http://www.dhammadownload.com



ကိုသာ ဆုတောင်း၍ ပြုတော်မူခဲ့သည်။ လူ့ဘဝတွင်လည်း ပါရမီမြောက်သော ကုသိုလ်ကိုသာ ပြုတတ်တော်မူခဲ့သည်။

## ဘုရားအလောင်းလုပ်ငန်း

ရတနာကို အလိုရှိရုံမျှဖြင့် အလုပ်မလုပ်ဘဲ ရတနာကို မရနိုင်ပါ။ ကြိုးစားအားထုတ်အလုပ်ကို လုပ်မှသာ အလိုရှိရာ ရတနာကို ရရှိနိုင်သကဲ့သို့ ဗောဓိဉာဏ်ကို အလိုရှိတော်မူသော ဘုရားအလောင်းအလျာသည် တောင့်တအပ်သော ဗောဓိဉာဏ်ကို ရရာရကြောင်း ပါရမီ၊ စာဂ၊ စရိယတို့ကို ပွားများအားထုတ်မှသာ အလိုရှိအပ်သော ဗောဓိဉာဏ်ကို ရတော်မူပါသည်။

## သမုဒ္ဒရာဓကသော

ပကတိသမုဒ္ဒရာမှာ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ခေါင်လှ၏ဟု ပမာဏရှိသေး၏။ အောက်အပြင် အထက်အပြင်ရှိ၍ အစွန်းအနားမှ စကြဝဠာတောင်ဖြင့် ပိုင်းခြား၍ ရစကောင်းသော်လည်း ဘုရားအလောင်းတော်များ၏ ဖြည့်ကျင့်ပွားများအပ်သည့် ဒါနပါရမီတည်းဟူသော သမုဒ္ဒရာမှာကား အောက်ထက်အပြင် အစွန်းအနား ပိုင်းခြား၍ မရစကောင်းပါ။

"မှန်ပါသည်။ ဘုရားအလောင်းတော်များ၏ ဒါနပါရမီတော်နှင့်စပ်၍ ပြင်ပဥစ္စာကို စွန့်လှူခဲ့သည်ကား ဤမျှတည်းဟူ၍ မပိုင်းခြားနိုင်။ အသားကိုလှူရာ၌နကား ဤမျှတည်း။ အသွေးကို လှူရာ၌နကား ဤမျှတည်း။ မျက်လုံးတော်ကို လှူရာ၌နကား

http://www.dhammadownload.com



ဤမျှတည်း၊ ဦးခေါင်းတော်ကိုလှူရာဌာနကား ဤမျှတည်းဟူ၍ မပိုင်းခြားနိုင်"

ထို့အတူ သီလပါရမီတော် စသည်နှင့်စပ်၍လည်း မပိုင်းခြားနိုင်သည်သာဖြစ်ရကား၊ ဘုရားအလောင်းတော်များ၏ ပါရမီတော်တို့ကို မဟာသမုဒ္ဒရာနှင့် နှိုင်းခိုင်း ရလေသည်။

## ဒုက္ခကိုဒုက္ခမထင်

ဥပမာအားဖြင့် တစ်စုံတစ်ယောက်သောသူသည် နွေရာသီအချိန် မွန်းတည့်ရှိန်ရှိန်၌ ရေပြည့်သောကန်အတွင်း သက်ဆင်းငုပ်လျှိုးရေချိုးနေစဉ် ကောင်းကင်အထက်မှ နေကျက်ကျက်ပူသည်ကို ရှိသည်ဟူ၍မျှ အသိအမှတ်မပြုသကဲ့သို့ ထို့အတူ ဘုရားအလောင်းတော်များသည် မဟာကရုဏာတော်ဖြင့် အေးမြချမ်းကြည်သော စိတ်နှလုံးရှိတော်မူကြ၍ သတ္တဝါတို့၏ အစီးအပွားကိုသာ ရှာမှီးတော်မူကြလျက် ပါရမီတော်တည်း ဟူသောသမုဒ္ဒရာ၌ အမြဲသက်ဆင်း ငုပ်လျှိုးတော်မူကြကုန်၏။

သို့ဖြစ်၍ ပါရမီတော် သမုဒ္ဒရာအတွင်း မဟာကရုဏာဖြင့် ချမ်းအေးသောကိုယ် ရှိတော်မူသောကြောင့် ယုတ်မာသော သတ္တဝါတို့ မညှာမတာမငဲ့မကွက် ရက်ရက်စက်စက် လက်ခြေတို့ကို ဖြတ်ခြင်း စသည်ကြောင့် ဖြစ်သော အလွန်ကြီးလှသည့် ဆင်းရဲဒုက္ခကိုပင်သော်လည်း ဒုက္ခကဲ့သို့ မှတ်ယူတော်မမူကြကုန်။

## သမုဒ္ဒရာရေပေါက်ထက်များ

ဘုရားအလောင်းတော်များမှာ ဘုရားဆုပန် ဗျာဒိတ်ခံသည်မှ ပါရမီပြည့်စုံ အောင်မြောက် အထွတ်အထိပ်သို့ ရောက်သည့်

http://www.dhammadownload.com



နောက်ဆုံးဘဝတိုင်အောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ အတွင်း ပါရမီဖြည့်ခဲ့ရသော ဘဝတို့ကို ရေတွက်လျှင် မဟာ သမုဒ္ဒရာ ရေပေါက်ထက်ပင်များလှသေး၏။ ထိုမျှများလှသော ဘဝတို့အနက် ပါရမီကို မဖြည့်ဘဲ အချည်းအနှီးလွန်သွားသော ဘဝတစ်ခုဟူ၍ မရှိပါ။

## ရေတစ်ဖလားမျှသာ

ယနေ့ ဗုဒ္ဓသာသနာဝင် သူတော်စင်တို့ သိမြင် နာကြား မှတ်သားရသည့် ငါးရာ့ငါးဆယ် စရိယပိဋကတ် ပါဠိတော် စသည်တို့၌ လာသော အလောင်းတော်မြတ်၏ ကျင့်စဉ်များကား မဟာသမုဒ္ဒရာ ရေအထုမှ ဆားငန်အရသာကို သိသာစေရန် ထုတ်ဆောင်၍ ပြအပ်သော တစ်ဖလားမျှသော ရေကဲ့သို့ မဟာ သမုဒ္ဒရာ ရေပေါက်မက ဘဝများစွာ ဖြည့်ကျင့်အပ်သော ပါရမီကျင့်စဉ်များမှ အကြောင်းဝတ္ထုအားလျော်စွာ အနည်းငယ်မျှ ဟောကြားအပ်သော ကျင့်စဉ်များသာ ဖြစ်ပါသည်။

အကြောင်းဝတ္ထုဖြစ်ပေါ်သဖြင့် ဟောကြားတော်မမူအပ်သော ကျင့်စဉ်များကို နှိုင်းယှဉ်လျှင် ဟောကြားတော်မူအပ်သော ကျင့်စဉ် များမှာ ဖလားတစ်ခု၌ ထည့်ထားအပ်သော ရေမျှသာရှိ၍ ဟောကြားတော်မမူအပ်သော ကျင့်စဉ်များမှာ ကျန်ရှိသော မဟာသမုဒ္ဒရာ ရေထုမျှမက များပြားလှပေ၏။

## သမ္ဗောဓိသမ္ဘာရ

ဤမျှများပြားသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူ၍ ပါရမီတော် အထွတ်အထိပ်သို့ ရောက်တော်မူသော ကာလဝယ်

http://www.dhammadownload.com



ဆရာမရှိ မိမိကိုယ်တိုင် ထိုးထွင်း၍ သစ္စာလေးပါး တရားတို့ကို သိသော မဂ်ဉာဏ်ဥဒေယျတရားတို့ကို ကြွင်းမဲ့ကုန်စင် သိမြင်တတ်သော သဗ္ဗညုတဉာဏ်တော်တည်းဟူသော သမ္မာသမ္ဗောဓိဉာဏ်ကို အနန္တအပရိမေယျဖြစ်သော ဘုရားကျေးဇူး ဂုဏ်အထူးတို့နှင့်တကွ ရတော်မူရောက်တော်မူပါသည်။

ယင်းသို့ သမ္ဗောဓိဉာဏ်သို့ ရောက်တော်မူ၊ ရတော်မူသော လောကသုံးပါး၌ နှစ်ယောက်မြောက်သူ အတုမရှိ အဒုတိယ ပုဂ္ဂိုလ်သူမြတ်ကို သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတမြတ်စွာဘုရားဟု ခေါ်ဆိုပါသည်။

"အို...စာရှုသူ၊ အကျွန်ုပ်တို့၏ ဘုရား အလောင်းတော် အရှင်သူမြတ်သည်လည်း ဤသို့သော သဘောရှိတော်မူသည် ဖြစ်ရကား သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား အတုမရှိသော မြတ်စွာဘုရား ဖြစ်တော်မူလေသည်။

## အံ့ဖွယ်တို့ဖြစ်ခြင်း

အလောင်းတော်သူမြတ် သဗ္ဗညုတဉာဏ်တော်ကိုရ၍ လူသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူသောအခါ လောကဓာတ်စကြဝဠာ တိုက်ပေါင်းတစ်သောင်းလုံး အလှဆုံးတန်ဆာဆင်ပြီးသား ဖြစ်နေပုံမှာ–

အရှေ့ဖျား စကြဝဠာ အနားအရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် အနောက်ဖျားစကြဝဠာ အနားရေး၌ စိုက်လျက်တည်ကုန်၏။

http://www.dhammadownload.com



အနောက်ဖျား စကြဝဠာ အနားအရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် အရှေ့ဖျားစကြဝဠာ အနားရေး၌ စိုက်လျက်တည်ကုန်၏။

တောင်ဖျားစကြဝဠာ အနားရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် မြောက်အရပ်ဖျား စကြဝဠာ အနားအရေး၌ စိုက်လျက်တည်ကုန်၏။ မြောက်အရပ်ဖျား စကြဝဠာအနားအရေး၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် တောင်အရပ်ဖျား စကြဝဠာအနားအရေး၌ စိုက်လျက်တည်ကုန်၏။ မြေအပြင်၌ စိုက်ထောင်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည် ဗြဟ္မာ့ပြည်ကို စိုက်လျက်တည်ကုန်၏။

ဗြဟ္မာ့ပြည်၌ ဖွဲ့ယှက်အပ်သော တံခွန်ကုက္ကားတို့၏ အရောင်များသည်လည်း မြေအပြင်ကို စိုက်လျက်တည်ကုန်၏။ စကြဝဠာအပေါင်း တိုက်တစ်သောင်းတို့၌ အပွင့်ပွင့်သော သစ်ပင်အမျိုးမျိုးတို့သည်လည်း ရာသီမလင့် တစ်ပြိုင်နက်တည်း ပွင့်ကြကုန်၏။ အသီးသီးသော သစ်ပင်အမျိုးမျိုးတို့သည်လည်း ရာသီမလင့် တစ်ပြိုင်နက်တည်း အခိုင်လိုက် အပြွတ်လိုက် သီးကြကုန်၏။ ပင်စည်ပန်း၊ အခက်ပန်း၊ နွယ်ပန်းတို့သည်လည်း အဆန်းတကြယ် တစ်ပြိုင်နက်တည်း ပွင့်ကြကုန်၏။ ကောင်းကင်မှလည်း အပင်ကို မမြင်ရဘဲ ပန်းခိုင်များတွဲလျားကျလျက် ရှိကုန်၏။

အောက်မြေအလွှာ ကျောက်ဖျာကြီးများကို ဖောက်ခွဲ၍ အဆင့်ဆင့် ခုနစ်ထပ်စီ—ခုနစ်ထပ်စီ အရွက်မပါ အရိုးနှင့်ပဒုမာ

http://www.dhammadownload.com



ကြာပန်းတို့လည်း အဆန်းတကြယ် ပွင့်ပေါ်လာကြကုန်၏။

ဇာတိခေတ် လောကဓာတ် စကြဝဠာအပေါင်း တိုက်တစ်သောင်းတို့သည် ထိုအချိန်၌ မြေတသိမ့်သိမ့် တငြိမ့်ငြိမ့် တုန်လှုပ်လျက်ရှိသဖြင့် အလုံးပြုကာ ပစ်လွှင့်အပ်သော ပန်းလုံးကြီးကဲ့သို့လည်းကောင်း၊ အစီအလျဉ် အစဉ်သင့်စွာ ခင်းထားအပ်သည့် ပန်းမွေ့ရာ အခင်းကြီးကဲ့သို့ လည်းကောင်း၊ ဖြစ်၍နေလေ၏။ ထိုမှတစ်ပါးလည်း ၃၂–ပါးသော နိမိတ်ကြီးတို့လည်း ထင်ရှားဖြစ်ပေါ်ကြကုန်၏။

## ဥဒါန်းကျူးရင့်

ဤသို့ သဗ္ဗညုတဉာဏ်တော်နှင့်တကွ ဘုရားရှင်တို့၏ ဘုန်းဂုဏ်အလုံးစုံတို့ကို ပြည့်စုံစွာ ရရှိတော်မူပြီးသော ရှင်တော်မြတ်ဘုရားသည်–

"ငါသည် ကြီးစွာသော သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရလေပြီတကား"

"ငါသည် အလွန်မြတ်လှစွာသော သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားအဖြစ်ကို ရအပ်လေပြီးတကား ကြီးစွာသော အောင်ပွဲသဘင်ကို ဆင်ယင်ကျင်းပအပ်ခဲ့လေပြီတကား"

"ငါသည် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းကို တရားဟော၍ ဘဝသုံးပါးတည်းဟူသော အနှောင်အဖွဲ့မှလွတ်စေခြင်းငှာလည်း စွမ်းနိုင်သူဖြစ်၏"

http://www.dhammadownload.com



ဟူ၍ စဉ်းစားတော်မူလေသည်။ ထိုသို့စဉ်းစားဆင်ခြင်တော်မူသော အခါ မြတ်စွာဘုရား၏ သန္တာန်တော်၌ လွန်စွာ–လွန်စွာ နှစ်သက် အားရ ဝမ်းမြောက်ခြင်း ပီတိတရားတို့ ထပ်တလဲလဲ ဖြစ်ပေါ် လာလေသည်။

ရှင်တော်မြတ်ဘုရားသည် ထိုသို့ ထပ်တလဲလဲ ဖြစ်ပေါ်လာ သော ပီတိအဟုန်ဖြင့် အလုံးစုံသော သဗ္ဗညုဘုရားရှင်တို့ ဘုရား ဖြစ်ပြီးလျှင် ကျူးရင့်တော်မူကြမြဲဓမ္မတာဖြစ်သည့် ဥဒါန်း နှစ်ဂါထာ ကို ကျူးရင့်တော်မူလေသည်။

၁။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရံ ဂဝေသန္တော ဒုက္ခာဇာတိ ပုနပ္ပုနံ။

၂။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ၊
သဗ္ဗာတေဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊
ဝိသင်္ခါရံ ဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

အဖန်ဖန် ပဋိသန္ဓေနေခြင်းသည် ဆင်းရဲလှစွာသောကြောင့် ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သူ တဏှာလက်သမားကို ရှာသော ငါသည် ထိုတဏှာလက်သမားကို မြင်နိုင်သောဉာဏ်မရသေး သဖြင့် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ခဲ့ရလေပြီ။

ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ်–တဏှာ လက်သမား ငါသည် သင့်ကို ပညာမျက်စိဖြင့် ယခုမြင်အပ်ပြီ၊ ခန္ဓာအိမ်ကို နောက်တစ်ဖန် သင် ဆောက်လုပ်ရတော့မည်မဟုတ်။ သင်၏ ကိလေသာတည်းဟူသော အခြင်ရနယ် အားလုံးတို့ကို ငါချိုးဖျက်အပ်ပြီ၊ အဝိဇ္ဇာတည်းဟူသော အိမ်အထွတ်ကို ဖျက်ဆီး

http://www.dhammadownload.com



အပ်ပြီ။ ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ပြီ။ တဏှာကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်ကို ရပြီ။

ဤသို့ မြတ်စွာဘုရားသည် ဝမ်းမြောက်ရွှင်လန်း ဥဒါန်းကျူးရင့်တော်မူ၍ အပရာဇိတ ပလ္လင်တော်၌ တင်ပလ္လင်ခွေထိုင်နေတော်မူစဉ်–

"ငါသည် ဤအပရာဇိတပလ္လင်ကို ရရှိဖို့ရန် ပါရမီ ၁၀–ပါးတရားတို့ကို မြောက်မြားစွာ သူမတူတန်အောင် ဖြည့်ကျင့်ဆည်းပူးလျက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ကာလပတ်လုံး ကျင်လည်ခဲ့ရလေပြီ။

ဤမှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာကာလ ပတ်လုံး ဤအပရာဇိတပလ္လင်ကို ရရှိဖို့ရန် တန်ဆာဆင်အပ်ပြီးသော ဦးခေါင်းတော်ကို ဖြတ်၍ ငါလှူခဲ့ရပေါင်းများလှပြီ။ မျက်လုံးတော် အစုံတို့ကိုလည်းကောင်း၊ နှလုံးသားတို့ကိုလည်းကောင်း ထုတ်၍ ငါ လှူခဲ့ရပေါင်းများလှပြီ။ ဇာလီမင်းသားကဲ့သို့သော သားတော်များကိုလည်းကောင်း၊ ကဏှာဇိန်မင်းသမီးကဲ့သို့သော သမီးတော်များကိုလည်းကောင်း၊ မဒ္ဒီဒေဝီကဲ့သို့သော ဇနီးများကိုလည်းကောင်း အလှူခံပုဂ္ဂိုလ်တို့အား ကျွန်ပြုလုပ်ခိုင်းကြရန် ငါလှူခဲ့ပေါင်းများလှပြီ။

ဤပလ္လင်သည် ငါဘုရား၏ မာန်ငါးပါးကို တစမကြွင်းပယ်ရှင်းအောင်မြင်ရာ ပလ္လင်လည်းဖြစ်ပေ၏။ ဘုန်းကျက်သရေမင်္ဂလာရှိကာ လွန်စွာမြင့်မြတ်သော ပလ္လင်လည်းဖြစ်ပေ၏။

http://www.dhammadownload.com



ဤအပရာဇိတပလ္လင်တော်၌ ထိုင်နေစဉ်ပင် ငါ၏ ဘုရားဖြစ်ရန် ကြံစည်တောင့်တလိုလားအပ်သမျှတို့ ပြည့်စုံခဲ့ကုန်ပြီ။ ဤမျှ ကျေးဇူးအထူးများလှသော ပလ္လင်တော်မှ ငါ မထသေး။

ဟုကြံစည်ပြီးလျှင် ကုဋေအသိန်းမက များလှစွာသောအရဟတ္တဖိုလ် စတုတ္ထဈာန်သမာပတ်တို့ကို ဝင်စားလျက် ထိုအပရာဇိတ ပလ္လင်တော်မှာပင် ခုနစ်ရက်ကြာ သီတင်းသုံးနေထိုင်တော်မူလေသည်။

## ပဋိစ္စသမုပ္ပါဒ်ဆင်ခြင် ဥဒါန်းကျူး

မြတ်စွာဘုရားသည် ကဆုန်လပြည့်ကျော် (၁)ရက်နေ့ တစ်နေ့ပတ်လုံး ကုဋေအသိန်းမက များလှစွာသော အရဟတ္တဖိုလ်ကို စတုတ္ထဈာန်သမာပတ်တို့ကို ခံစားသုံးဆောင်တော်မူ၍ ကဆုန်လပြည့်ကျော် (၁)ရက်နေ့ ညဉ့်ဦးယံ၌ အကြောင်းအကျိုးတို့ကို ဆက်စပ်ဖြစ်ပွားသည့် ပဋိစ္စသမုပ္ပါဒ် တရားတို့ကို အနုလုံပဋိလုံအားဖြင့် နှလုံးသွင်း ဆင်ခြင်တော်မူလေသည်။

ထိုသို့ ဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ ရွှေဉာဏ်တော်၌ အဝိဇ္ဇာ အစရှိသော အကြောင်းတရားကြောင့် သင်္ခါရ အစရှိသော အကျိုးတရားတို့ကို မရပ်မနား ဖြစ်ပွားမှုတည်းဟူသော သံသရာဝဋ်ဒုက္ခ၏ ဖြစ်စဉ်အနုလုံ အနက်သဘောနှင့် အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့ မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ခြင်းကြောင့် သင်္ခါရအစရှိသော အကျိုးတရားတို့ မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းမှုတည်းဟူသော သံသရာဝဋ်ဒုက္ခ၏ ချုပ်စဉ်

http://www.dhammadownload.com



ပဋိလုံအနက်သဘောတို့ တိုး၍တိုး၍ ထင်လင်း သိသာသဖြင့် မြတ်စွာဘုရား၏ နှလုံးသား ဟဒယဝတ္ထုပေါ်ဝယ် နှစ်သက်ဝမ်းမြောက်ခြင်း ပီတိတရား ဦးဆောင်သည့် မဟာကြိယာသောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ဇောအစဉ်တို့သည် တသွင်သွင် ဖြစ်၍နေလေသည်။

အိုးခွက်အတွင်းသို့ ထောပတ်ကိုဖြစ်စေ၊ ဆီကိုဖြစ်စေ လောင်း၍ထည့်သောအခါ ထိုအိုးခွက်တို့ပြည့်၍ ပိုလျှံသော ထောပတ်၊ ဆီသည် အပြင်သို့ လျှံ၍ထွက်လာသကဲ့သို့ မြတ်စွာဘုရား၏ နှလုံးအိမ် ဟဒယဝတ္ထုတည်းဟူသော အိုးခွက်၌ တရားသဘောတို့ တိုး၍တိုး၍ ထင်လင်းသိမြင်မှုကို အကြောင်းပြုကာ ဖြစ်ပေါ်လာသော ပညာဉာဏ်ရွှေ့သွားရှိသည့် ပီတိတရားတည်းဟူသော ထောပတ်တို့သည် နှလုံးအိမ် ဟဒယဝတ္ထုတည်းဟူသော အိုးခွက်တို့ပြည့်လျှင် ဝမ်းတွင်း၌မဆံ့ အပြင်သို့လျှံ၍ ထွက်လာသည့်ပမာ ထိုပညာဉာဏ် ရွှေ့သွားရှိသော ပီတိကို အကြောင်းပြု၍ ဥဒါန်းဂါထာကို ကျူးရင့်တော်မူလေသည်။

**ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊**
**အာတာပိနော ဈာယတော ဗြာဟ္မဏဿ။**
**အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊**
**ယတော ပဇာနာတိ သဟေတုဓမ္မံ။**

အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုမှအပ ပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့်

http://www.dhammadownload.com



ဗောဓိပက္ခိယတရား ၃၇–ပါးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။ ထိုအခါ အကြောင်းနှင့်တကွ ပဋိစ္စသမုပ္ပါဒ် တရားကို အပြားအားဖြင့် သိသောကြောင့် ထိုမကောင်းမှုမှအပ ပြုပြီးသော ရဟန္တာအား ယုံမှားခြင်းအားလုံးတို့သည် ကင်းပျောက်ကုန်၏။

ထိုနောက် ညဉ့်၏အလယ်ပိုင်းသို့ ရောက်သောအခါ မြတ်စွာဘုရားသည် ထိုညဉ့်အလယ်ပိုင်းကာလပတ်လုံး အကြောင်းအကျိုးတို့ ဆက်စပ်ဖြစ်ပွားသည့် ပဋိစ္စသမုပ္ပါဒ် တရားကိုပင် အနုလုံ ပဋိလုံအားဖြင့် အဖန်ဖန် သုံးသပ်ဆင်ခြင်တော်မူလေသည်။

ထိုသို့ ဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ ရွှေဉာဏ်တော်၌ အကြောင်းတရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်တရားတိုး၍တိုး၍ ထင်လင်းသိသာသဖြင့် ပညာတရား ပီတိတရားတို့ ရှေ့သွားဦးဆောင်သည့် မဟာကြိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ဇောစိတ္တုပ္ပါဒ် အစဉ်တို့သည် တသွင်သွင် ဖြစ်ပွားပြီးလျှင် ထိုပီတိအဟုန်ကို ငုံ၍မထားနိုင်ဘဲ ဝမ်းတွင်းမဆံ့ အပြင်သို့ပြန့်၍ လျှံ၍ ထွက်လာတည့်ပမာ ထိုပညာဉာဏ်ရှေ့သွားရှိသော ပီတိကို အကြောင်းပြု၍ ဥဒါန်းဂါထာကို ကျူးရင့်တော်မူပြန်လေသည်။

**ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊**
**အာတာပိနော ဈာယတော ဗြာဟ္မဏဿ။**
**အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊**
**ယတော ခယံ ပစ္စယာနံ အဝေဒိ။**

http://www.dhammadownload.com



အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လ ရှိသော မကောင်းမှုကို ရှုမြိုက်တတ်သော မကောင်းမှုမှအပ ပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် ဗောဓိပက္ခိယတရား ၃၇-ပါးတို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။ ထိုအခါ အဝိဇ္ဇာ စသော အကြောင်းတရားတို့၏ ကုန်ရာ နိဗ္ဗာန်ကို သိသောကြောင့် ထိုမကောင်းမှုမှအပ ပြုပြီးသော ရဟန္တာအား ယုံမှားခြင်းအားလုံး တို့သည် ကင်းပျောက်ကုန်၏။

ထို့နောက် ညဉ့်၏ နောက်ပိုင်းအချိန်သို့ ရောက်သောအခါ မြတ်စွာဘုရားသည် ထိုညဉ့်၏ နောက်ပိုင်းအချိန် ကာလပတ်လုံး လည်း အကြောင်းအကျိုးတို့ ဆက်စပ်ဖြစ်ပွားသည့် ပဋိစ္စသမုပ္ပါဒ် တရားတို့ကိုပင် အနုလုံပဋိလုံအားဖြင့် အဖန်ဖန် သုံးသပ် ဆင်ခြင်တော်မူပြန်လေသည်။

ထိုသို့ ဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ ရွှေဉာဏ် တော်၌ ပဋိစ္စဒုက္ခ စက်ရဟတ်၏ မပြတ်လည်ပုံ ချုပ်ပြတ်ပုံတို့ကို လင်းလင်း သိမြင်သော အရိယမဂ်တရားတို့သည် တိုး၍တိုး၍ ထင်လင်းသိသာသဖြင့် ပညာတရား ပီတိတရားတို့ ရှေ့သွား ဦးဆောင်သည့် မဟာကြိယာ သောမနဿ သဟဂုတ် ဉာဏ သမ္ပယုတ် သင်္ခါရိက ဇောစိတ္တုပ္ပါဒ်အစဉ်တို့သည် တသွင်သွင် ဖြစ်ပွားပြီးလျှင် ထိုပီတိအဟုန်ကို ငုံ၍မထားဘဲ ဝမ်းတွင်းမဆံ့ အပြင်သို့ ပြန့်၍ လျှံ၍ထွက်လာသည့်ပမာ ထိုပညာဉာဏ်ရှေ့သွား ရှိသော ပီတိကို အကြောင်းပြု၍ သုံးကြိမ်မြောက် ဥဒါန်းဂါထာကို ကျူးရင့်တော်မူပြန်လေသည်။

http://www.dhammadownload.com



**ယဒါ ဟာဝေ ပါတုဘဝန္တိ ဓမ္မာ၊**
**အာတာပိနော ဈာယတော ဗြာဟ္မဏဿ။**
**ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊**
**သူရိယောဝ ဩဘာသယ မန္တလိက္ခံ။**

အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှုမြိုက်တတ်သော မကောင်းမှုမှအပပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် ဗောဓိပက္ခိယတရား ၃၇-ပါးတို့သည် ထင်ရှား ဖြစ်ပေါ်လာကုန်၏။ ထိုအခါ ကောင်းကင်ကို တောက်ပစေသော နေမင်းသည် အမိုက်တိုက်ကို ဖျက်ဆီးလျက် တည်နေသကဲ့သို့ ထိုရဟန္တာသည် မာရ်စစ်သည်ကို ဖျက်ဆီးလျက် တည်၏။

မြတ်စွာဘုရားသည် ကဆုန်လပြည့်ကျော် (၁) ရက်နေ့ ညဦးသုံးယံကာလပတ်လုံး ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အနုလုံ ပဋိလုံ ဆင်ခြင်တော်မူ၍ "ယဒါဟဝေ" အစရှိသော ဥဒါန်း ၃၀-ဂါထာတို့ကို ကျူးရင့်တော်မူပြီးလျှင် ကဆုန်လပြည့်ကျော် (၇) ရက်နေ့တိုင်အောင် ထိုအပရာဇိတ ပလ္လင်တော်မှာပင် သီတင်းသုံး စံတော်မူကာ အရဟတ္တဖိုလ် ချမ်းသာကို ဝင်စား သုံးဆောင်တော်မူလေသည်။

## အကြောင်းရင်း

အို...စာရှုသူ၊ မိမိသည် ဘုရားအလောင်းစိတ်ဓာတ်၊ ဘုရားအလောင်း လုပ်ငန်းနှင့် သမ္မာသမ္ဗုဒ္ဓဘုရားရှင် ဖြစ်တော်မူပြီး ဥဒါန်းကျူးရင့်သည်အထိ အကျဉ်းချုပ် ရေးပြခဲ့ပါသည်။

http://www.dhammadownload.com



ရေးသားရသည့်အကြောင်းရင်းမှာ အနေကဇာတင် ပြဿနာကြောင့် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့သည် အိမ်တိုင်း၌ ရုပ်ပွားဆင်းတုတော်ကို ကိုးကွယ်ကြ၏။

ထိုရုပ်ပွားဆင်းတုတော် ကိုးကွယ်သည့်အခါ အနေကဇာတင်ကြ၏။ သို့သော် အနေကဇာတင်၏ အဓိပ္ပာယ်ကို သိသူကား အလွန်တရာမှ နည်းပါးပါသည်။

တစ်ချိန်က ဖြင့်ခဲ့၏။ အချိန်ကိုမမှတ်မိတော့ပါ။ ဒါယကာတစ်ယောက်သည် မိမိနေထိုင်ရာ ကျောင်းသို့ ရောက်လာပြီး ရှိခိုးဦးချကာ မေးလျှောက်၏။

"အရှင်ဘုရား **ကိုးမနီးမီ အနေကဇာတင်ရမယ်ဆို ဘုရား**"

"ဒါယကာကြီးကို ဘယ်သူက ပြောသလဲ"

"အဲဒီလိုပဲ၊ ဟိုသူပြော ဒီသူပြောနဲ့ အရပ်ထဲမှာ ပြောနေကြတာပဲဘုရား"

"ဟိုသူပြော၊ ဒီသူပြော အရပ်ထဲမှာ ပြောနေကြတာနဲ့ပဲ ယုံရမှာလား"

"မယုံလို့ အရှင်ဘုရားထံ လာမေးတာပါဘုရား"

"လူတွေဟာ အများအားဖြင့် ဘာမှမသိဘဲနှင့် ရမ်းပြောနေကြတာများပါတယ်၊ ကိုးမနီးမီ အနေကဇာတင်ရမယ်လို့ ရမ်းပြောတာက ဘာအကြောင်းပြုပြီး ရမ်းပြောတာလဲဆိုရင် ဘုရားရှင်ဘုရားဖြစ်တော်မူတာဟာ မိုးသောက်ယံဖြစ်တာကို အကြောင်းပြုပြီး ပြောတာနဲ့ တူပါတယ်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အမှန်က မိမိတို့ ယခုကိုးကွယ်တဲ့ ဘုရားက သက်တော်ထင်ရှား ဘုရားရှင်ရဲ့ ရုပ်ပွားတော်ပဲ၊ သက်တော်ထင်ရှား ဘုရားက မိုးသောက်ယံမှာ ဘုရားဖြစ်တယ်၊ မိမိတို့ကိုးကွယ်တဲ့ ဘုရားက ဘုရားစောင်းတန်းက ပူဇော်လာပြီး မိမိတို့အိမ်ရောက်လာတဲ့ အချိန်ဟာ ဘုရားပွင့်ချိန်လို့ပဲ မှတ်ပါ"

"မှန်ပါဘုရား"

အနေကဇာတင်ချင်ရင် အဲဒီဘုရား အိမ်ပေါ်ရောက်လျှင် ရောက်ချင်း တင်တာအကောင်းဆုံးပဲ၊ ဘုရားရောက်လို့ သုံးလေးနှစ်ကြာကာမှ အနေကဇာတင်ပြီး ကျိုးမနိုးမိ ဘာတွေလုပ်မနေနဲ့ အဓိပ္ပာယ် မရှိပါဘူး"

"တချို့က အနေကဇာတင်မှ ဘုရားဖြစ်တယ်ဆို ဘုရား"

"ဩော်...ဒါယကာကြီးကလည်း ဘုရားက ဖြစ်ပြီးလို့ ပရိနိဗ္ဗာန်ပဲ စံသွားပြီ၊ ယခု မိမိတို့ ကိုးကွယ်တဲ့ဘုရားက အဲဒီ သက်တော်ထင်ရှား ဘုရားရှင်ရဲ့ ရုပ်ပွားတော်ပဲ၊ ရုပ်ပွားထုပြီး ကတည်းက ဘုရားဖြစ်ပြီပေါ့၊ အနေကဇာတင်တင်၊ မတင်တင် ရုပ်ပွားဖြစ်တယ်ဆိုရင် ဘုရားဖြစ်ပြီပေါ့"

"နို့...ဘာဖြစ်လို့ အနေကဇာတင်ရတာလဲ ဘုရား"

"ဘုရားရှင် ဘုရားဖြစ်တော်မူပြီးတော့ 'အနေကဇာတိသံသာရံ' အစရှိတဲ့ ဥဒါန်းဂါထာတွေကို ကျူးရင့်ပါတယ်၊ ဘုရားဖြစ်ပြီးမှ ကျူးရင့်တာနော်"

"မှန်ပါဘုရား"

http://www.dhammadownload.com



"အဲ...ယခု မိမိတို့အိမ်မှာ ရုပ်ပွားဆင်းတု ကိုးကွယ်တော့ ကိုးကွယ်တဲ့နေ့ဟာ ဘုရားပွင့်တဲ့နေ့ပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒီ ပွင့်လာတဲ့ဘုရားက 'အနေကဇာတိသံသာရံ' အစ ရှိတဲ့ ဥဒါန်းဂါထာတွေ ကျူးရင့်နိုင်ရဲ့လား"

"သက်တော်ထင်ရှား ဘုရားမှမဟုတ်တာ ဘယ်ကျူးရင့်နိုင် ပါ့မလဲ ဘုရား"

"အင်း...ဘုရားရှင်က မကျူးရင့်နိုင်တဲ့အတွက် သံဃာတော် အရှင်မြတ်တွေကိုပင့်ပြီး ဘုရားရှင်၏ကိုယ်စား 'အနေကဇာတိ သံသာရံ' အစရှိသော ဥဒါန်းများ ကျူးရင့်ပေးတာကို အနေကဇာ တင်တယ်လို့ ခေါ်ပါတယ်"

"ဪ...ဒါဖြင့် 'အနေကဇာတိသံသာရံ' အစရှိတဲ့ ဥဒါန်း ကျူးရင့်တာကို အနေကဇာတင်ခေါ်တာပေါ့ ဘုရား"

"အင်းပေါ့"

"ဒါဖြင့် အဲဒီ အနေကဇာတိသံသာရံ အစရှိတဲ့ ဥဒါန်းတွေ နေ့တိုင်း ကျူးရင့်လို့ မရဘူးလားဘုရား"

"ဟာ...ရတာပေါ့။ ဘုန်းကြီးတို့ ကျောင်းမှာ ဘုရားမရှိမခိုးမီ 'အနေကဇာတိသံသာရံ' အစရှိတဲ့ ဥဒါန်းတွေ ကျူးရင့်ပြီးမှ ဘုရားရှိခိုးတယ်"

"အရှင်ဘုရားကျောင်းက ဘုရားလည်း အနေကဇာတင် သေးလား ဘုရား"

http://www.dhammadownload.com



"ဘုန်းကြီးကတော့ ဘုရားရှင် ကြွလာတာနဲ့ တစ်ပြိုင်နက် ဗောဓိပင်အောက် ပလ္လင်အထက် ပင့်တင်ပြီး ပန်းဆီမီးများနဲ့ ပူဇော်တယ်၊ နောက် ကျောင်းရှိ သံဃာအားလုံး စုရုံးပြီး 'အနေကဇာတိသံသာရံ' အစရှိတဲ့ ဥဒါန်းများ ကျူးရင့်ကာ ဘုရားရှိခိုးလိုက်ပါတယ်၊ အဲဒီ ဘုရားရှင်ကြွတဲ့အချိန်ကစပြီး ယနေ့အထိပဲ နေ့စဉ် ဘုရားဝတ်တက်တိုင်း 'အနေကဇာတိသံသာရံ' အစရှိတဲ့ ဥဒါန်းဂါထာများနဲ့ ကျူးရင့်ပြီးမှ ဘုရားဝတ်တက်ပါတယ်"

"အနေကဇာတင်မှ ဘုရားရှိခိုးကောင်းပါသလား ဘုရား"

"အနေကဇာတင်တင်၊ မတင်တင် ဘုရား ရှိခိုးကောင်းပါတယ်"

"နို့...ဘာဖြစ်လို့ အရှင်ဘုရားက အနေကဇာတင်ပြီးမှ ဘုရားရှိခိုးတာလဲ"

"ဘုရားရှင် ဥဒါန်းကျူးရင့်တဲ့ 'အနေကဇာတိသံသာရံ' အစရှိတဲ့ ဂါထာတွေက သိပ်လေးနက်တယ်၊ အဓိပ္ပာယ် ပြည့်ဝတယ်၊ ဘုရားက ဥဒါန်းကျူးရင့်နိုင်ပြီ၊ ဘုရားဖြစ်သွားပြီ၊ တို့က ဘာမှ မဟုတ်သေးပါလားလို့ သတိရပြီး ဘုရားရှင်ကိုပိုပြီး ကြည်ညိုကာ ဘုရားခိုင်းတာ ကြိုးစားလုပ်နိုင်အောင် ရွတ်တာပါ၊ အနေကဇာတင်တာပါ"

"မှန်ပါ သဘောပေါက်ပါပြီ ဘုရား"

"ဒါကြောင့် တန်းကြီးက အနေကဇာတင်မှ ဘုရားဖြစ်တယ် ထင်ရင်၊ အနေကဇာတင်ပြီးမှ ရှိခိုးကောင်းတယ် ထင်ရင် ဘုရား

http://www.dhammadownload.com



ပင့်လာလို့ ပူဇော်ရာ၊ သီတင်းသုံးရာဌာန ရောက်ရောက်ချင်း အနေကဇာတင်ထိုက်တယ်လို့ ပြောတာပေါ့”

“မှန်ပါ၊ အဲဒါမှ သဘာဝကျပါတယ်”

“အနေကဇာတင်ခြင်းဖြင့် ဘယ်လို အကျိုးထူးပါသလဲ ဘုရား”

“အနေကဇာတင်လိုက်တော့ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတွေ ပိုပြီးတော့ ပေါ်လွင်တာပေါ့၊ ဒါကြောင့် အနေကဇာတင်တဲ့အခါ ပါဠိတွေချည်းပဲ မရွတ်ဘဲနဲ့ အဓိပ္ပာယ်ရှင်းပြရင် ပိုပြီးတော့ ကောင်းပါတယ်”

“တချို့ကတော့ ပြောကြပါတယ်၊ အနေကဇာတင်ရင် ဘုရားတန်ခိုးကြီးလာတယ်တဲ့၊ အနေကဇာတင်မှ ဘုရားတန်ခိုး ကြီးတယ်တဲ့၊ အမျိုးမျိုး ပြောကြပါတယ်”

“အမှန်က မိမိတို့ ကိုးကွယ်တဲ့ ဘုရားရှင်ဟာ တန်ခိုးကြီး ပြီးသား၊ သက်တော်ထင်ရှား ဘုရားရှင်ရဲ့ ရုပ်ပွားမျှသာပါ၊ အဲဒီ ရုပ်ပွားဆင်းတုတော်တွင်းသို့ သက်တော်ထင်ရှား ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ နှလုံးသွင်းပြီး ကိုးကွယ်နိုင်ရင် တန်ခိုးမကြီး ဘူးလား”

“ကြီးပါတယ်ဘုရား”

“အင်း…အဲဒါကြောင့် ပုံတော်မှာပဲ ရုပ်မနေပါနဲ့၊ ပုံတော် အတွင်း ဂုဏ်တော်သွင်းပြီး ပူဇော်ပါ”

“တချို့လည်း ဒီဘုရားက ဘုရင်အဆက်ဆက် ကိုးကွယ်တဲ့ ဘုရား၊ ပန်းပေါင်းဘုရား၊ ဇမ္ဗုန်းပေါင်းဘုရား၊ သက်နက်ဘုရားနဲ့

http://www.dhammadownload.com



ဘုရားအမျိုးမျိုးရှိနေပါတယ်ဘုရား။ အဲဒါ ဘယ်လိုထူးပါသလဲ ဘုရား"

"ဘုရားက အမျိုးမျိုးမရှိပါဘူး၊ တစ်ဆူတည်းပါ၊ ပန်းပေါင်းတွေထုတော့ ပန်းပေါင်းဘုရား၊ ဂမုန်းပေါင်းတွေ ထုတော့ ဂမုန်းပေါင်းဘုရားပေါ့၊ ဘုရားက အတူတူပါပဲ"

"ဘုရားဆီ စိတ်ရောက်မှ အကျိုးကြီးမှာပေါ့၊ ပန်းပေါင်း ဂမုန်းပေါင်းလောက်ပဲ စိတ်ရောက်ရင် အကျိုးမကြီးပါဘူး၊ မင်းအဆက်ဆက် ကိုးကွယ်တယ်ဆိုတဲ့အပေါ် စိတ်ရောက်ရုံနဲ့ အကျိုးမကြီးပါဘူး၊ ဂုဏ်တော်ပေါ် စိတ်ရောက်ပြီး လေးစားကြည်ညိုမှ အကျိုးရမှာပါ၊ အဲဒါကို သဘောပေါက်လား"

"မှန်ပါ၊ ပေါက်ပါတယ်ဘုရား"

"အနေကဇာတင်ပြီး ဘုရားကို ပစ်ထားရင် အဲဒီ ဘုရားရှင်က အကျိုးပေးမှာလား"

"မပေးပါဘူးဘုရား"

"အနေကဇာမတင်သော်လည်း ဘုရားအိမ်ကြွလာတာနဲ့ ဘုရားစင်ပေါ်တင်ပြီး အရိုအသေပြု ပန်းဆီမီး စသည်တို့ဖြင့် ပူဇော်ရင် ဂုဏ်တော်တွေရွတ်ပွားကာ ပူဇော်ရင် အကျိုးပေးပါတယ်"

"အဲဒီလို ပူဇော်တာထက် ဘုရားခိုင်းတဲ့အတိုင်း လိုက်နာကျင့်ကြံရင် ပိုပြီးတော့ အကျိုးရှိပါတယ်"

"ဘုရားရှင်က ဘယ်လိုလုပ် ခိုင်းနိုင်မှာလဲ ဘုရား"

http://www.dhammadownload.com



"သြော်...သက်တော်ထင်ရှား ဘုရားရှင် ဟောကြားခဲ့တဲ့ တရားတော်က လာတဲ့အတိုင်း ကျင့်တာဟာ ခိုင်းတဲ့အတိုင်း လုပ်တာ ကျင့်တာပေါ့"

"အိမ်မှာ ဘုရားကိုးကွယ်တယ်ဆိုတာ အဲဒီ သက်တော်ထင်ရှား ဘုရားဆီ စိတ်ရောက်ပြီး မကောင်းတာတွေ ရှောင်နိုင်အောင်၊ ကောင်းတာတွေ ကျင့်နိုင်အောင် ကိုးကွယ်တာ၊ အလကား အလှကိုးကွယ်တာ မဟုတ်ဘူး"

"ပြီးတော့ အဝေးမသွားရဘဲ အမြဲတမ်း ဘုရားနဲ့အတူ နေရသလိုဖြစ်ပြီး ဘုရားအမြဲသတိရပြီး ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဖြစ်နေအောင် ကိုးကွယ်တာ၊ အနေကဇာတင်ပြီး ပစ်ထားဖို့ မဟုတ်ဘူး"

"နေပါဦးဘုရား၊ အနေကဇာတင်တဲ့အခါ ဘာတွေလိုပါ သေးသလဲ ဘုရား"

"အနေကဇာတင်တဲ့အခါ 'အနေကဇာတိသံသာရံ' အစ ရှိတဲ့ ဂါထာတွေရွတ်ပေးဖို့ လိုတာပေါ့"

"တချို့ အနေကဇာတင်တဲ့အခါ ကြေးပြားတွေ ရှာရတယ် ဘုရား၊ ကိုးပြားတဲ့"

"ဟာ...ဒါတွေက အဓိပ္ပာယ်မရှိပါဘူး၊ ရှာမယ့်ရှာရင် ကြေးပြားတော့ မရှာနဲ့ အသုံးတည့်တဲ့ ငွေဒင်္ဂါးပြား၊ ရွှေဒင်္ဂါးပြားပဲ ရှာ"

"မသိပါဘူး ဘုရား"

"ကဲ...အချုပ်ပြောပြမယ်၊ အနေကဇာဟာ တင်ချင်တဲ့ အချိန်မှာ တင်နိုင်တယ်လို့ မှတ်နော်"

http://www.dhammadownload.com



"မှန်ပါဘုရား"

"အကောင်းဆုံးကတော့ ဘုရားကြွလျှင်ကြွချင်း တင်တာ အကောင်းဆုံးပဲ၊ အဓိပ္ပာယ်ရှိတယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

"အနေကဇာမတင်လည်း သက်တော်ထင်ရှား ဘုရားကို အာရုံပြုပူဇော်တာမို့ အကျိုးရှိတယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

"အနေကဇာတင်က ဘုရားရှင်ရဲ့ စိတ်ထား၊ ဂုဏ်တော်များ ပေါ်လွင်သဖြင့် ပိုပြီးတော့ အကျိုးကြီးတယ်လို့ မှတ်နော်"

"မှန်ပါဘုရား"

"အနေကဇာတင်တဲ့အခါ ကြေးပြားတစ်ပြားမှ မပါဘဲနဲ့ အနေကဇာတင်လည်း ဖြစ်တယ်လို့မှတ်၊ ကြေးပြားနဲ့ အနေကဇာ တင်တာနဲ့ မဆိုင်ဘူးလို့ မှတ်နော်"

"မှန်ပါဘုရား"

"ကဲ...တော်သေးပြီ"

- အနေကဇာတင်ပွဲဟာ သူငါလုပ်ကြတာ၊
- သူငါလုပ်လည်း၊ လုပ်ပုံလည်း သိပဲမသိပါ၊
- ကျိုးပြစ်ဆိုတာ သိဖို့ရာ ဝေးကွာလေတော့တာ၊
- မိမိလုပ်သည့် အလုပ်၏ ကျိုးသိသင့်သည်သာ၊
- ကျိုးမသိလုပ် အကျိုးယုတ် သိလုပ်ကျိုးရှိတာ၊
- အကျိုးရှိဖို့ သိအောင်သာ လေ့လာလုပ်ကြပါ။

http://www.dhammadownload.com



# ဒီလောက်စိတ်ညစ်ရတာ ငါ့ကို ဘာဖြစ်လို့ အခေါ်က ရိပ်သာပို့ရတာလဲ

{၁၃}

အို...စာရှုသူ၊ ခေါင်းစဉ်ကြည့်ကာမျှနှင့် ဒီပြဿနာသည် ရိပ်သာပြန် ယောဂီတစ်ယောက်ရဲ့ ပြဿနာဟု စာရှုသူ သိပါလိမ့်မည်။ မှန်းဆနိုင်ပါလိမ့်မည်။

မိမိသည် "ဗုဒ္ဓဝမ္မပြဿနာများ" အမည်ဖြင့် စာအုပ်ရေးခဲ့သည်။ အတွဲ (၉)သို့ ရောက်ခဲ့ပြီ။ ပြဿနာများရေးနေသူမို့လား မသိပါ။ ပြဿနာများလည်း များစွာတွေ့ခဲ့ပါသည်။ အချို့က မိမိကို "ပြဿနာဆရာတော်" ဟု ခေါ်ကြပါသည်။

အချို့ကလည်း ဗုဒ္ဓဝမ္မမှာ ပြဿနာမရှိပါ၊ ဘယ်က ဗုဒ္ဓဝမ္မ ပြဿနာလဲတဲ့၊ ပြဿနာမဟုတ် ပြဿနာရှာတဲ့ ကိုယ်တော်တဲ့၊ ပြဿနာမဟုတ် ပြဿနာလုပ်တဲ့ ကိုယ်တော်တဲ့၊ ရှုထောင့်အသီးသီးမှ အနည်းနည်းအဖုံဖုံ ဝေဖန်ကြပါသည်။

http://www.dhammadownload.com



မည်သို့ဝေဖန်ပါစေ၊ မိမိအနေနှင့် သည်းခံနိုင်ပါသည်။ လူတစ်ယောက်၏ ရည်ရွယ်ချက် မျှော်မှန်းချက်ကို အတိအကျ မသိပါ။ ဤသို့ အမျိုးမျိုး ကိုယ့်ထင်မြင်ချက်နှင့်ကိုယ် ဝေဖန်ကြမည်မှာ မေ့တာပါ။

ယင်းမေ့တာသဘောကို မိမိအနေနှင့် မည်သို့ တော်လှန်ပါအံ့နည်း။ သည်းခံရမည် မဟုတ်ပါလော။ သည်းခံကာ ရေးသားရန် ဖြစ်ပေါ်လာသော ပြဿနာများကို ရေးသား၍ ဖတ်ရှုရသဖြင့် အကျိုးကျေးဇူး များသူကများကာ တစ်နေ့တခြား များပြားလာပါသည်။

သို့နှင့် မိမိလည်း ရေးအားပိုရှိလာပါသည်။ အို...စာရှုသူ၊ အောက်ပါစာကို ဖတ်ရှုပါဘိ၊ ဗုဒ္ဓမေ့ရဲ့ အကျိုးကျေးဇူးမပေါ်သေးခင် ဗုဒ္ဓရဲ့ မေ့အပေါ် ပြဿနာတက်ခဲ့သော စာပင်ဖြစ်ပါသည်။

ဗုဒ္ဓရဲ့မေ့မှာ ပြဿနာမရှိပါ။ သို့သော် ဗုဒ္ဓရဲ့မေ့အပေါ်မှာ အမြင်မရှင်းသူတို့က ပြဿနာလုပ်၍ ပြဿနာဖြစ်ရပါသည်။ ပြဿနာမေး၍ ပြဿနာဖြစ်ရပါသည်။ အောက်ပါစာမှာ သူ့ပြဿနာ သူရှင်းသွားသော စာဖြစ်ပါသည်။ ဖတ်ရှုကြည့်စမ်းပါ စာရှုသူ–

**ကျေးဇူးရှင်ဆရာတော်ဘုရား**

**၁၃၅၄ ခု၊ သီတင်းကျွတ်လဆန်း ၁၂ ရက်**

ဆရာတော်ဘုရား၊ တပည့်တော် တောင်စွန်း မေ့ဒူတ တောရ ၁၀–ရက်စခန်းကို ဝင်ရောက် အားထုတ်မိခဲ့တဲ့အတွက် စိတ်အေးချမ်းသာယာမှုများစွာ ရခဲ့ပါသည်ဘုရား။

http://www.dhammadownload.com



ဆရာတော်ဘုရား၏ ဟောကြားပြသပေးမှုကြောင့် တရားနဲ့ ပတ်သက်ပြီး မသိဖူးတာတွေ သိခဲ့ရ၊ မကြားဖူး· မနာဖူးတဲ့ တရားတော်တွေလည်း နာခဲ့ရပါသည် ဘုရား။ တရားတော်ရဲ့ လေးနက်တဲ့ သဘောကိုလည်း သိခဲ့ရပါ သည်ဘုရား။ ဒီလို သိခဲ့ရ နားလည်ခဲ့ရတာတွေဟာ ကျေးဇူး ရှင် ဆရာတော်ဘုရားနှင့် တပည့်တော်၏ အဒေါ်တို့ကြောင့် ပါ ဘုရား။

တပည့်တော်ကိုယ်တိုင်ကလည်း တရားနာတာ တရား အားထုတ်တာကို ဝါသနာပါပါသည်ဘုရား။ စိတ်လည်း ဝင် စားပါသည်ဘုရား။ ဒါပေမယ့် တရားအားထုတ်ဖို့ရာ သွားကာ နီးပြီဆိုရင် သူများတွေက "ရူးတတ်တယ်၊ ပေါက်တတ် တယ်" စသည်ဖြင့် ပြောကြပါသည် ဘုရား။ မိဘတွေက လည်း လိုက်လိုက်လှဲလှဲနဲ့ သွားပါလို့ မပြောတဲ့အတွက် မတိုက်တွန်းတဲ့အတွက်ကြောင့် တရားအားထုတ်ဖို့ အစီအစဉ် တွေဟာ အကြိမ်ကြိမ် ပျက်ခဲ့ရပါသည် ဘုရား။

ဒီတစ်ကြိမ်တော့ တပည့်တော်က ရန်ကုန်က ပြန် အရောက် အဒေါ်က တပည့်တော်ရဲ့ ဖာတီရပ်ရွာကို မပေးပြန်တော့ဘဲ ဆရာတော်ဘုရားရဲ့ တောင်စွန်းဓမ္မဒူတ တောရရိပ်သာကို အတင်းလွှတ်လိုက်လို့ ရောက်လာခြင်းပါ ဘုရား။

တရားစတင်ပြီး အားထုတ်တဲ့ ပထမ ၃–ရက်လောက် မှာ တပည့်တော် တော်တော်လေး စိတ်ဆင်းရဲပြီး ပင်ပန်း

http://www.dhammadownload.com



ခဲ့ပါသည်ဘုရား။ ခြေထောက်ကကျင်လိုက် ဒူးကနာလိုက် စသည်ဖြင့် အမျိုးမျိုး ဖြစ်ခဲ့ပါသည်ဘုရား။

အဲဒီလို နာကျင်ကိုက်ခဲမှုစတဲ့ ဒုက္ခအမျိုးမျိုးတွေ တွေ့တော့ တပည့်တော်ကို တရားရိပ်သာသို့ လွှတ်လိုက်တဲ့ အဒေါ်ကို ပိုပြီး စိတ်ဆိုးလေပါပဲဘုရား။

ဆရာတော်ဘုရားကလည်း "တရားအားထုတ်တယ် ဆိုတာ လွယ်ပါတယ်၊ ဘာမှမခက်ပါဘူး၊ ငှက်ပျောသီး အခွံခွာစားရတာမှ ဟိုကပ်ဒီကပ်နဲ့ ခက်သေးတယ်၊ တရား အားထုတ်ရတာ ဘာမှလည်းမပင်ပန်းဘူး၊ သဘောတရား တစ်ခုနဲ့ သဘောတရားတစ်ခုတို့ တည့်အောင်ထိုင်ကြည့် နေရတာ ဘာပင်ပန်းစရာရှိလဲ"လို့ ဟောလေ တပည့်တော် မှာ ခက်လေ၊ စိတ်ညစ်လေပါပဲ ဘုရား။

တရားတစ်ထိုင် မြန်မြန်အချိန်ပြည့်ပါစေလို့ပဲ ဆုတောင်း နေမိပါသည်ဘုရား၊ တစ်ထိုင်တည်း အချိန်ပြည့်မှ ချမ်းသာ မှာမို့ တစ်ထိုင် မြန်မြန် အချိန်ပြည့်စေချင်ခြင်းပါဘုရား။

ကြေးမောင်းထိုးသံကြားရင် "ငါတော့ ဝင်ခံရဦးမယ်၊ စိတ်ဆင်းရဲရဦးမယ်" ဆိုပြီး ကသိကအောက်နဲ့ပဲ တရား အားထုတ်ခဲ့ရပါသည်ဘုရား၊ **ဒီလောက်စိတ်ညစ်ရတာ ငါ့ကို ဘာဖြစ်လို့ အဒေါ်က ရိပ်သာပို့ရတာလဲ** ဆိုပြီး အဒေါ်ကို ဒေါပွခဲ့မိပါတယ်၊ စိတ်ဆိုးမိခဲ့ပါတယ် ဘုရား။

တရားအားထုတ်လို့ ၃–ရက်ရတဲ့နောက်ပိုင်းမှာတော့ တရားသဘောကို နည်းနည်းသိလာတော့ သိပ်မပင်ပန်းမှန်း

http://www.dhammadownload.com



သိလာခဲ့ပါတယ်ဘုရား။ ခြောက်ရက်မြောက်တဲ့နေ့မှာ ဆရာတော်ဘုရားဟောတဲ့ "ဣန္ဒြေညှိနည်း" တရားတော်ကို နာရတော့မှ တရားအားထုတ်နည်း ရှုနည်း ပွားနည်းတွေ ပိုပြီး သဘောပေါက်ခဲ့သည်ဘုရား။

ဣန္ဒြေညှိနည်း တရားတော်ကို ကြားနာပြီးတဲ့အချိန်ကစပြီး တရားအားထုတ်ရတာ ချမ်းသာမှုန်း သိခဲ့ရပါသည်ဘုရား။ အဲဒီလို တရားအားထုတ်လို့ ကိုယ်တိုင်ချမ်းသာမှုန်း သိလာတော့ အဖေနဲ့ အမေတို့ကို ပြေးပြီး သတိရခဲ့မိပါသည်ဘုရား။ အဖေနဲ့ အမေတို့ကို တရားနာစေချင်၊ တရားအားထုတ်စေချင်တဲ့ စိတ်တွေ ဖြစ်လာခဲ့မိပါသည်ဘုရား။

အားထုတ်လို့ ၆–ရက်မြောက်တဲ့နေ့ ညနေပိုင်းမှာ တပည့်တော် ရှုရင်းရှုရင်းနဲ့ ခါးတစ်ဖက်ကစူးပြီး အောင့်လာပါသည်ဘုရား။ တပည့်တော်လည်း မူလကမ္မဋ္ဌာန်းကို လွှတ်ပြီး အဲဒီစူးတဲ့သဘော အောင့်တဲ့သဘောကို သတိကပ်ပြီး "ရုပ်–ရုပ်"နဲ့ ရှုနေပါတယ်ဘုရား။

မပျောက်မပျက် အခံရခက်သည်နှင့် သည်းမခံနိုင်တဲ့ အဆုံး ဒေါသအဖြစ်မခံတော့ဘဲ ပြောင်းရွှေ့ ထိုင်လိုက်ရင် ပျောက်သွားမယ်အထင်နဲ့ အဲဒီ စူးတဲ့သဘော၊ အောင့်တဲ့ သဘောကို "ရုပ်–ရုပ်" နဲ့ ရှုရင်း ခြေထောက်တစ်ဖက်ကို ဖြည်းဖြည်းကြွရင်းနဲ့ ချလိုက်ပါသည်ဘုရား။

တပည့်တော်ရဲ့ ခြေထောက်ဟာ တဖြည်းဖြည်း ရွှေ့လို့ တစ်ဝက်လောက်ပဲ ရောက်ပါသေးတယ်၊ တပည့်တော်ရဲ့ ကိုယ်ဟာ ပေါ့ပြီး အပေါ်ကို ကြွတက်သွားသလိုပါပဲဘုရား။

http://www.dhammadownload.com



ဒီတော့မှ ဆရာတော်ဘုရား တရားအချိန် ပြည့်တိုင်း ပြည့်တိုင်း တစ်ထိုင်အချိန်ပြည့်သွားပါပြီ၊ ရှုရင်းပွားရင်းနဲ့ ဖြည်းဖြည်း ပြောင်းကြပြင်ကြရွေ့ကြပါဆိုတာကို လေးလေးနက်နက် သဘောပေါက် လက်ခံမိပါတယ်ဘုရား။ ဆရာတော် ဟောပြောနေတာတွေဟာ တကယ်မှန်ပါလားဆိုပြီး ယုံကြည်လာခဲ့ပါသည် ဘုရား။

ဟိုရှေးယခင်ကတော့ ဆရာတော်ဘုရားက ရှုရင်းပွားရင်းနဲ့ ဖြည်းဖြည်း ပြောင်းပါပြင်ပါလို့ သတိပေး ပြောဆိုနေပေမယ့် တပည့်တော်ကတော့ ပြင်ချင်ဇောနဲ့ ဒီအတိုင်းပဲ မရှုမပွားဘဲနဲ့ ပြောင်းလိုက် ပြင်လိုက်တာပါပဲ ဘုရား။

အဲဒီအချိန်ကစပြီး ဘုရားကိုလည်း ခါတိုင်းနဲ့မတူဘဲ ကြည်ကြည်ညိုညို လေးလေးစားစား ဖြစ်ခဲ့ပါသည်ဘုရား။ ဘယ်လောက်ထိ ကြည်ညိုမှုတွေ တိုးတက်လာသလဲဆိုရင် တပည့်တော်ရဲ့ နဖူးနဲ့ ထိထားတဲ့လက်အုပ်ဟာ ဘုရားရှင်ကို အာရုံယူပြီး ရှိခိုးရင်း အောက်မေ့ရာ အာရုံယူ၍မဝနိုင်သဖြင့် လက်အုပ်ဟာ ကြမ်းပြင်နဲ့ မထိနိုင်ဘဲ နဖူးပါကြမ်းနဲ့ တော်တော်နဲ့ မထိနိုင်လောက်အောင် ဖြစ်ခဲ့ပါတယ်ဘုရား။

ရှေးယခင်က ဦးသုံးကြိမ်ချတာနဲ့ ယခု ဦးတစ်ကြိမ်ချတာ မတူပါဘုရား။ အာရုံယူပြီး ဦးသုံးကြိမ်ချရတာ မဝနိုင် အားမရနိုင် ဖြစ်ခဲ့ပါသည်ဘုရား။ အဲဒါတွေအားလုံးကို တပည့်တော် သိပ်လျှောက်ချင်ပါသည်ဘုရား။

http://www.dhammadownload.com



လျှောက်ချင်လွန်းလို့ လျှောက်ရအောင် ဆရာတော်ဘုရားဆီ အဖော်ခေါ်တော့ ဘယ်သူမှ အဖော်ခေါ်လို့မရပါဘုရား။ ယောဂီတွေဟာ အများအားဖြင့် ဆရာတော်ဘုရားကို သိပ်ကြောက်ကြပါတယ်ဘုရား။ ဒါကြောင့် မလျှောက်ခဲ့ရပါဘုရား။

ရိပ်သာမှာရှိစဉ်က ညနေ တရားစစ်ချိန် မရောက်ခင်တော့ "ငါဖြစ်တာတွေ တွေ့တာမြင်တာတွေ အကုန်လျှောက်လိုက်မယ်"လို့ အားယူ တွေးတောထားပါသည် ဘုရား။ ဆရာတော်ဘုရားရဲ့ ရှေ့မှောက်ရောက်ရင် ပြောချင်တာတွေအကုန်ပျောက်ပြီး စဉ်းစားလို့ မရတော့ပါဘုရား။ ရင်တွေတုန်လက်တွေတုန် လက်ဖျား ခြေဖျားတွေလည်း အေးကုန်ပါတော့သည် ဘုရား။

အဲဒါနဲ့ တစ်နေ့တစ်နေ့ ဖြစ်သမျှ တွေ့မြင်သိရှိသမျှတွေ အကုန်လုံး မလျှောက်နိုင်ခဲ့ဘဲ နောက်ဆုံးအချိန်မှာ ဖြစ်ခဲ့ တွေ့ခဲ့တာလောက်ပဲ လျှောက်ခဲ့ရတာများပါတယ်ဘုရား။ တပည့်တော်ရဲ့ အဒေါ်လာမှပဲ အဒေါ်ကို အဖော်ခေါ်ပြီး လျှောက်မယ်လို့ ဖြေသိမ့်ကာ နေခဲ့ပါသည်ဘုရား။ နောက်ဆုံး အဒေါ်ရောက်မလာတော့ လျှောက်ချင်တာတွေ မလျှောက်ခဲ့ရပါ ဘုရား။

အဲဒီ ၆–ရက်နေ့ကစပြီး နောက်ပိုင်းရက်တွေမှာတော့ တရားအားထုတ်ရတာ ဆရာတော်ဘုရား ပြောသလို လွယ်လွယ်လေးနဲ့ မပင်ပန်းမှန်း သိခဲ့ရ အားထုတ်ခဲ့ရပါသည် ဘုရား။

http://www.dhammadownload.com



အဲဒီလို သိခဲ့ရ အားထုတ်ခဲ့ရတော့လည်း မပြန်ချင်လောက်အောင်ပဲ တရားနဲ့ ပျော်သွားခဲ့ရပါသည် ဘုရား။ ဆယ်ရက်စခန်း တရားပွဲပြီးလို့ ပြန်ခဲ့ရတဲ့နေ့ကဆိုရင် ဝမ်းသာဝမ်းနည်း ဖြစ်ခဲ့ပါတယ်ဘုရား။

ဝမ်းသာတာက ဆရာတော်ဘုရား ဟောပြောပြသဆိုဆုံးမခဲ့တဲ့ တရားတော်တွေကို သဘောပေါက် နားလည်ခဲ့ရ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခဲ့ရ၊ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို ခါတိုင်းနဲ့မတူဘဲ အကြည်ညိုတိုးခဲ့ရ၊ လေးစားခဲ့ရလို့ပါ ဘုရား။

တပည့်တော် ရှေးယခင်က ဘုရားရှိခိုးတာ ဘုရားကြည်ညိုတာနဲ့ ယခု တရားအားထုတ်ပြီးတဲ့နောက်ပိုင်း ဘုရားရှိခိုးတာ ကြည်ညိုတာကို နှိုင်းယှဉ်ကြည့်မိပါတယ် ဘုရား။ ဘယ်လိုမှ မတူတော့ပါဘုရား။ ဒီတော့မှ အားမထုတ်ခင် ပထမပိုင်းက ကုန်လွန်ခဲ့တဲ့ ၆–ရက်အချိန်ကို နှမြောမိပါတယ် ဘုရား။

ဝမ်းနည်းတာကတော့ အေးငြိမ်းချမ်းသာလှတဲ့ မေ္ဃဒူတတောရ တရားရိပ်သာက ပူပန်စရာတွေ များပြားလှတဲ့ မြို့ပြည်ရွာ အိမ်ဂေဟာဆီသို့ ပြန်ရမယ်ဆိုတော့ စိတ်မကောင်းဖြစ်မိပါတယ်ဘုရား။ ပူပန်စရာတွေ များဦးမယ်ဆိုတာ တွေးတောမိပြီး ဝမ်းနည်းတာပါဘုရား။

မေ္ဃဒူတ တရားရိပ်သာက ပြန်လာတော့ တပည့်တော်နေတဲ့ ဇာတိရပ်ရွာကို ပြန်ရမှာ ကြောက်နေပါတယ် ဘုရား။

http://www.dhammadownload.com



အဲဒါကြောင့် အဒေါ်အိမ်မှာ ၃-ရက်လောက်နေပြီးမှ ရွာသို့ ပြန်ခဲ့ပါတယ် ဘုရား။

တပည့်တော်လည်း ဒီနှစ် ၁၀-တန်းအောင်လို့ အလုပ်လုပ်ဖို့ ဆုံးဖြတ်ထားပါတယ် ဘုရား။ တပည့်တော် တရားရိပ်သာ ဝင်လို့ ၂-ရက်အကြာမှာ တပည့်တော်တို့ မြို့နယ်က ဆွဲခန့်ဆရာတွေ ခေါ်ခဲ့ပါတယ်ဘုရား။

တပည့်တော် တရားရိပ်သာက ပြန်လာတော့ လျှောက်လွှာတွေ ပိတ်ခဲ့ပါပြီဘုရား။ တပည့်တော် ဆရာမအလုပ်မရလို့ ဝမ်းမနည်းပါဘူး ဘုရား။ ဘယ်လိုမှလည်း မနေပါဘူး ဘုရား။ ဝမ်းမနည်းတဲ့အပြင် တရားရိပ်သာ ဝင်မိတဲ့အတွက် တပည့်တော်မှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုတွေ ရခဲ့တာမို့ ဝမ်းသာမဆုံး တပြုံးပြုံးပင် ဖြစ်နေပါတယ်ဘုရား။

တပည့်တော်က ကိုယ့်တရားနဲ့ကိုယ် ဝမ်းသာနေသော်လည်း တပည့်တော်ရဲ့ အမေကတော့ "နင် ရိပ်သာဝင်နေလို့ အလုပ်မရတာ" ဆိုပြီး တဖျစ်တောက်တောက်နဲ့ ဖျစ်တောက်မဆုံး ပြောဆိုနေပါတယ် ဘုရား။ တပည့်တော်ကတော့ အမေ့ကိုလည်း ဘယ်လိုမှ စိတ်ထဲမဖြစ်ပါဘုရား။

ယခု ဆရာတော်ဘုရားထံ ဒီစာရေးလိုက်တာ အဒေါ်အိမ်ကပါ ဘုရား။ တပည့်တော် အဒေါ်အိမ်ကနေ ဇာတိရွာပြန်ရမှာ ကြောက်နေပါတယ်ဘုရား။ ဘာဖြစ်လို့လဲဆိုတော့ အဒေါ်အိမ်မှာက နံနက် ညဦး နှစ်ကြိမ် တရားအားထုတ်ခွင့် ရပါတယ်ဘုရား။

http://www.dhammadownload.com



အဒေါ်အိမ်မှာ တရားအားထုတ်တဲ့အခါ တပည့်တော်ရဲ့ ကိုယ်ဟာ ပေါ့ပြီး လေထဲမှာနေရသလိုပါပဲ ဘုရား၊ ဝမ်းစ လေးကို မှတ်လိုက်လို့ လေထဲမှာ လွင့်တက်နေသလိုပါပဲ ဘုရား၊ ရှုပွားရင်းနဲ့ ကြက်သီးမွေးညင်းတွေလည်း ထလာပါ တယ် ဘုရား။ တပည့်တော် မကြောက်မရွံ့ နောက်မတွန့်ဘဲ ဆက်လက် ရှုပွားအားထုတ်ပါတယ် ဘုရား။

တပည့်တော် တရားသဘောပေါက်အောင် ဟောပြော ပြသ ဆုံးမသင်ကြားပေးခဲ့တဲ့ ဆရာတော်ဘုရားနဲ့ တရား ရိပ်သာသို့အရောက် အတင်းလွှတ်ခဲ့တဲ့ အဒေါ်တို့သည်လည်း တပည့်တော်ရဲ့ တစ်သက်တာမှာ မမေ့နိုင်တဲ့ ကျေးဇူးရှင် တွေပါဘုရား။ ဘယ်လိုကျေးဇူးတင်ရမှန်း မသိအောင်ပါ ဘုရား။

တရားရိပ်သာက ပြန်လာပြီးကတည်းက တပည့်တော် နေ့တိုင်း သရဏဂုံ သုံးပါးနဲ့ ငါးပါးသီလမြဲအောင် ဆောက် တည်ခဲ့ပါတယ် ဘုရား။ ဥပုသ်နေ့ဆိုရင် ၈–ပါးသီလ ဆောက် တည်ပါတယ် ဘုရား။ ဥပုသ်နေ့တိုင်း ၈–ပါးသီလ ဆောက် တည်နိုင်အောင် ကြိုးစားမယ်လို့ စဉ်းစားထားပါတယ်၊ ယခု အထိတော့ ဝါတွင်းမို့လားမသိပါ၊ ဥပုသ်သီလ မြဲလျက်ရှိပါ တယ်ဘုရား။

နောင်ကိုလည်း တပည့်တော်မသည် တရားထူးတရား မြတ်များကို ဆက်လက်ပြီး ကျင့်ကြံပွားများ အားထုတ်နိုင် ပါစေလို့ ဆုတောင်းပါတယ် ဘုရား၊ ဆရာတော်ဘုရား

http://www.dhammadownload.com



တပည့်တော်မကို ဆုံးမပါဘုရား၊ တပည့်တော်မဟာ ဆရာတော်ဘုရား ဆုံးမ ဟောကြားလို့ ယဉ်ကျေးလာသူ တစ်ယောက်ဟာ ဘုရား၊ ဆရာတော်ဘုရား အသက်ရာကျော် ရှည်စွာနဲ့ သာသနာပြုနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်း လျှက်နှင့်-

တပည့်မ

(.........)

အို...စာရှုသူ၊ စာရှုသူကို ဖတ်ခိုင်းတဲ့စာဟာ ယခုအခါ ဆုံးသွားပါပြီ၊ စာရှုသူတွင် ဗုဒ္ဓဓမ္မနှင့်ပတ်သက်၍ အဘယ်သို့သော ပြဿနာများ တက်လာပါသနည်း။ စာရှုသူဖတ်ခဲ့သော စာတွင် စာပေးသူက သူ့ပြဿနာပင် ရှင်းသွားပြီမို့ မိမိအနေနှင့် ရှင်းစရာ မလိုတော့ပါ။

တပည့်တော်မကို ဆုံးမပါဘုရားဆိုတဲ့ နောက်ဆုံးစာပိုဒ်အရ ဆုံးမစာရှည်ကြီးရေးရန် အချိန်မရပါ။

- တရားမသိခင် စိတ်အစဉ် မယဉ်ကျေးကြပါ၊
- တရားသိလျှင် စိတ်အစဉ် မှန်ပင်ယဉ်ကျေးပါ၊
- စိတ်ယဉ်ကျေးလာ၊ ကိုယ်နှုတ်ပါ၊ ယဉ်လာကြလေပါ၊
- ကိုယ်နှုတ်စိတ်ယဉ် ရွှာပြည်တွင် ရန်စင်အေးတော့တာ။

http://www.dhammadownload.com



# ကံကောင်း, မကောင်း ပါရမီ ရှိ, မရှိ လုပ်ကြည့်မှ သိနိုင်ပါမည်

{၁၄}

## ပါရမီ

ပါရမီဟူသည် မိမိအကျိုးအတွက် ငဲ့ကွက်လိုလားခြင်းမရှိဘဲ အများကောင်းကျိုး အတွက်လည်းကောင်း၊ သံသရာမှ လွတ်မြောက်ရေးအတွက် လည်းကောင်း ပြုအပ်သော ဒါန–သီလ အစရှိသော ကောင်းမှုများပင် ဖြစ်ပါသည်။

ထိုကောင်းမှုများဖြင့် "မြင့်မြတ်သူ" ဟု သိရသည်ဖြစ်ရာ "ပါရမီ"ကို မြင့်မြတ်သူတို့၏ ဖြစ်ကြောင်းဖြစ်ရာဟု အနက်ဖွင့် ဆိုကြပါသည်။

လူညံ့များမှာ ကောင်းမှုပင်ဖြစ်စေ၊ အကျိုးရှိမှ ပြုလုပ်လို ကြ၏။ သံသရာမှ လွတ်မြောက်ရေးထက် ဘဝကောင်းစားရေး၊ ထင်ပေါ်ကျော်ကြားရေးကိုသာ အလေးပေးထားတတ်၏။

http://www.dhammadownload.com



ထို့ကြောင့် ပါရမီမြောက် အလုပ်များမှာ ထိုလူညံ့တို့အရာ မဟုတ် ဖြစ်ရာ၏။ ထိုအလုပ်များမှာ ဘဝအပြစ်မြင်၍ အများအပေါ်မှာ ကရုဏာမေတ္တာ ကြီးမားသော သူတော်ကောင်းပုဂ္ဂိုလ်တို့၏ လုပ်ငန်းများသာ ဖြစ်ကြပါ၍ ပါရမီ၏ အနက်ကို မြင့်မြတ်သူတို့၏ အလုပ်ဟု ဖွင့်ဆိုကြပါသည်။

ထိုပါရမီတို့ကား ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာအားဖြင့် ၁၀–ပါး ရှိပါသည်။ ထိုတွင်–

၁။ ပြင်ပဥစ္စာပစ္စည်းတို့ကို လှူခြင်းကား ပါရမီတည်း။

၂။ မျက်လုံး၊ လက်ခြေ စသော ကိုယ်အင်္ဂါလှူခြင်းကို ဥပ ပါရမီဟု ဆိုပါသည်။

၃။ အသက်ကို စွန့်လှူခြင်းသည် ပရမတ္ထပါရမီတည်း။

ဒါနပါရမီ၌ သုံးမျိုးပြားသလို–

၁။ အပပစ္စည်းကို စွန့်၍ သီလစောင့်ခြင်းသည် သီလပါရမီ ဖြစ်ပါသည်။

၂။ ကိုယ်အင်္ဂါ နစ်နာပျက်စီးခံ၍ သီလစောင့်ခြင်းသည် သီလဥပ ပါရမီတည်း။

၃။ အသက်အသေခံ၍ သီလစောင့်ခြင်းသည် သီလပရမတ္ထ ပါရမီတည်း။

ဤသို့ စသည်ဖြင့် ကျန်သော ပါရမီတို့၌လည်း ပါရမီဥပပါရမီ၊ ပရမတ္ထပါရမီတို့ကို ခွဲကြည့်ပါလေ။

http://www.dhammadownload.com



## ပါရမီမြောက်ကျင့်ကြံပါ

ယင်းသို့ ပါရမီ ၁၀–ပါးတို့ကို လေ့လာခဲ့၍ ကြည့်ပြီးလျှင် သိရှိနားလည်သောအခါ ဒါန, သီလ, အစရှိသော တရားတို့ကို ပါရမီမြောက် ကျင့်ကြံအားထုတ်ကြရန် အထူးလိုအပ်ပါသည်။ သို့မှသာ မိမိတို့လိုချင်သော နိဗ္ဗာန်ခရီး ဖြောင့်ဖြူးပါမည်။ ဒါန, သီလ အစရှိသော ကုသိုလ်တို့ကို ပြုလုပ်အားထုတ်စဉ် ပါရမီမြောက်သော ကုသိုလ်တွေ မဖြစ်ဘဲ ဟိုတင်ဒီတင်၊ ဟိုကပ်ဒီကပ်၊ ဟိုအပြစ်မြင် ဒီအပြစ်မြင်၊ ဟိုရစ်ပတ် ဒီရစ်ပတ် ဖြစ်တတ်ပါသည်။

ဖြောင့်ဖြူးစစ်မှန်သော ကုသိုလ်များ ပါရမီမြောက်ကုသိုလ်များဖြစ်ဖို့ရာ အလွန်တရာ အရေးကြီးလှပါသည်။ အထူးသဖြင့် ၁၀–ရက်စခန်းများတွင် ပို၍အရေးကြီးပါသည်။ လူအများနှင့် အားထုတ်နေရ၍ အမြင်အမျိုးမျိုး ရှိပါသည်။ တရားဌာနကြီးများ အဖွဲ့အစည်းများ၌လည်း ထိုနည်းအတူပင် ဖြစ်ပါသည်။

## တင်ပြချက်

ပါရမီမြောက် ကုသိုလ်ပြုရင်း ငြိကပ်မှုစသည်နှင့် တွေ့ဆုံတတ်ပုံကို သိမြင်ခဲ့သော ၁၀–ရက်စခန်းပြန် ယောဂီတစ်ယောက်က မိမိထံသို့ ဤသို့ တင်ပြပါသည်။

(၁–၂–၈၂ ည ၇–၄၀ နာရီ)

ကြည်ညိုလေးစား မြတ်နိုးယုံကြည် ကိုးကွယ်ဆည်းကပ်အားထားရာ ဖြစ်တော်မူသော ဆရာသခင် ကျေးဇူးရှင်ဆရာတော်ဘုရား။

http://www.dhammadownload.com



တပည့်တော် ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။ တပည့်တော် ၁၀–ရက်စခန်းက အပြန်တွင် ရင်တွင်းခံစားမှု တစ်ရပ် ဖြစ်ခဲ့ပါသည်ဘုရား။ တပည့်တော်၏ ခံစားချက်ကို ဆရာတော်ဘုရားအား ဦးတင်ကာ လျှောက်ထားလိုပါသည် ဘုရား။

တပည့်တော်ရင်တွင်းဝယ် ဤခံစားချက်မျိုး ဖြစ်ပေါ်လာရခြင်းမှာ အတိတ်အစဝ်ဖွာ အမိုက်မှောင်ရဲ့ ပြုပြင်မှုသခါရကြောင့် လွန်စွာနိမ့်ကျလှတဲ့ အမျိုးသမီးဘဝအဖြစ် ရောက်ခဲ့ရတဲ့ တပည့်တော်တို့လို မိန်းမသားဘဝကို နာကျည်းခံပြင်းမှုကြောင့် တစ်ကြောင်း။ တကယ် တရားလိုလားသော တပည့်တော်လို ဘဝတူအမျိုးသမီးများ တရားထူး။ အသိအလိမ္မာထူး။ ပညာထူးများ ရရှိစေလိုသော မှန်ကန်သည့် စေတနာမေတ္တာအပြည့်အဝကြောင့် တစ်ကြောင်း ဤသို့ ခံစားမှု ဖြစ်လာခဲ့ရပါသည်ဟု ဦးစွာပဏာမ ဂါရဝပြု လျှောက်တင်အပ်ပါသည် ဘုရား။

တရားကို နှစ်သက်မြတ်နိုး အားကိုးလိုလားကြသဖြင့် တရားဝင်ရန် ရောက်ရှိလာကြတဲ့ မေမြိတ်ဆွေ ယောဂီအပေါင်းတို့ရှင့်– ယောဂီတို့သည် တရားရှုပွားစဉ် ရက်များအတွင်း မွန်မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့်သီလကို စောင့်ထိန်းကြရမည် ဖြစ်ပါသဖြင့် သီလရှင် တစ်နည်းအားဖြင့် သီလရဲ့ အရှင်သခင်များ ဖြစ်နေကြပါပြီ။

## ချောင်ရှား–ဆောင်ထား

တရားကို အထူးလိုလား နှစ်သက်သဖြင့် ကြိုးစားကျင့်ကြံ အားထုတ်ကြမည့် သပ္ပုရိသနွယ်ဝင် မေမြိတ်ဆွေ သူတော်စင်

http://www.dhammadownload.com



အပေါင်းတို့ရှင့်၊ တရားမဝင်မီ၊ အားမထုတ်မီ ယောဂီများအနေနှင့် ရှောင်ရှား ဆောင်ထားသင့်သော အချက်များကို ကျွန်မ၏ ကိုယ်တွေ့ကျင့်ကြံ ပွားများမှုများမှ စေတနာရှေ့ထားကာ တင်ပြ သိစေအပ်ပါသည်။

ကျွန်မတို့ ကိုးကွယ်ဆည်းကပ် အားထားရာအမှန်ဖြစ်သော သုံးလောကထွတ်ထား ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ တရားတော်သည် ခက်ခဲနက်နဲသလို နှိုင်းယှဉ်ဖော်ပြခြင်းငှာ မတတ်စွမ်းနိုင်အောင်လည်း သိမ်မွေ့နူးညံ့လှပါတယ်။

ဒီလို ခက်ခဲနက်နဲ သိမ်မွေ့နူးညံ့လှတဲ့ တရားရဲ့ ဂုဏ်တော်တို့ကို ကြည်ညိုရန် တစ်နည်းအားဖြင့် အလွန် မွန်မြတ်လှစွာသော တရားအရသာ ခံစားနိုင်စေရန်အတွက် ကျွန်မ၏ တင်ပြချက်များကို ဂရုပြု၍ ဖတ်ရှုစေချင်ပါသည်ရှင့်။

## ဆည်းကပ်သူ့နည်းပါး

ကျွန်မတို့သည် ဗုဒ္ဓဘာသာဝင် သူတော်စင်များ ဖြစ်ကြသည့်အတိုင်း ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါးတို့ကို ကိုးကွယ်ပူဇော်ကာ ရှိခိုးကန်တော့ကြပါသည်။

ဒါပေမယ့် ကျွန်မတို့၏ ကိုးကွယ်ယုံကြည်မှုသည် မိရိုးဖလာ ဗုဒ္ဓဘာသာအဖြစ်သာ တည်ရှိကြပါသေးတယ်။ သစ္စာပွင့်လင်း တရားမင်းအရှင် မြတ်စွာဘုရားသခင်သည် ကိုးကွယ်ရာအမှန် တန်ဖိုးမဖြတ်နိုင်သော ရတနာတည်းဟူ၍လည်းကောင်း၊ သစ္စာ

http://www.dhammadownload.com



လင်းထိန် မြတ်မုနိန်၏ တရားဒေသနာတော်အပေါင်းသည်လည်း ကိုးကွယ်ရာအမှန် တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါး ဖြစ်သည် ဟူ၍လည်းကောင်း၊ သစ္စာလင်းပြောင် မြတ်ဘုန်းခေါင် တပည့်သား သံဃာတော် အရှင်မြတ်များသည်လည်း ကိုးကွယ်ရာအမှန် တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါး ဖြစ်သည်ဟူ၍လည်း ကောင်း၊ အမှန်တကယ် သက်ဝင်ယုံကြည်သူ နည်းသည့်အား လျော်စွာ လောကတွင် အစစ်အမှန် ရတနာ ၃-ပါးဖြစ်သော ဘုရား တရား၊ သံဃာ ရတနာများကို မိမိရရ လက်ဝယ်ပိုင်ဆိုင် ထားပြီး ကိုးကွယ်ဆည်းကပ်သူမှာ နည်းပါးလှပါသည်။

## ဝီရိယထား ကြိုးစား

စစ်မှန်သော ရတနာ ၃-ပါးကို လက်ကိုင်ဆောင်ထားလို သော ကိုးကွယ်ဆည်းကပ် မြတ်နိုးပူဇော်ကြလိုသော သပ္ပုရိသ နွယ်ဝင် သူတော်စင် ယောဂီအပေါင်းတို့ရှင့်၊ ကျွန်မတို့ဟာ ကြုံရန် ရရန် ခဲယဉ်းလှသည့်တရားများအနက်မှ လူ့ဘဝရခဲခြင်း၊ အသက် ရှည်ခဲခြင်း၊ သာသနာတော်နှင့် ကြုံတွေ့ရန် ခဲယဉ်းခြင်းဆိုတဲ့ ခဲယဉ်းခြင်းတရား ၃-ပါးနဲ့ ယခုအချိန်မှာ လွတ်ကင်းနေပါပြီ။

လူ့ဘဝလည်းရ၊ ဘုရားသာသနာတော်တွင်းမှာလည်း ကြုံဆုံ ရောက်ရှိနေကြပြီ ဖြစ်ပါတယ်။ သာသနာတော်တွင် ရောက်ရှိ နေကြသည့် အားလျော်စွာ သာသနာကျိုးတွက် ကိုယ်ကျိုး မဖက် အများအကျိုးအတွက် အသက်စွန့်ကာ စေတနာမေတ္တာ ရှေ့ထား ပြီး သွန်သင်ညွှန်ပြ ဆိုဆုံးမတဲ့ ဘုရားရှင်၏ သားတော် သံဃာ

http://www.dhammadownload.com



တော်များနဲ့လည်း တွေ့ကြုံရကာ ထိုသံဃာတော် ဆရာတော်များ၏ ဟောပြောပြသ ဆိုဆုံးမသော တရားစကားများကို နာကြားကြရပြီဖြစ်တော့ တရားနာခဲဆိုတဲ့ ခဲတစ်ပါးလည်း လွတ်သွားပြန်ပြီလေ။

တရားစကား ကြားနာရပြီဆိုကတည်းက တစ်ခါဖူးမှ တရားစကား မကြားနာဖူးသူများနှင့် ထောက်ဆကြည့်ရင် ကျွန်မတို့အဖို့ အသိတရားဟာ ကိုယ်တွေ့မဟုတ်ပေမယ့် အသိ ကြားသိဆိုတဲ့ အသိတရားလေးတော့ ရရှိပြီ ဖြစ်ပါတယ်။

ဒီလိုအသိရှိလို့လည်း အခုလို ၁၀–ရက်စခန်းမှာ ကျင့်ကြံရှုပွားဖို့ ရောက်ရှိလာတာ ဖြစ်ပါတယ်။ ဒီတော့ ခဲယဉ်းတရားတွေနှင့် လွတ်နေတဲ့ ဒီ ၁၀–ရက်စခန်းထိ ယောဂီတို့မှာ ဝီရိယရှေ့ထားပြီး ကြိုးစားသွားမယ်ဆိုရင်တော့ ကျွန်မ တင်ပြခဲ့ထားသည့်အတိုင်း ရတနာ ၃–ပါးသည် မိမိတို့ လက်တွင်းသို့ ပိုင်ပိုင်နိုင်နိုင် ရောက်ရှိလာမှာ မြေကြီးလက်ခတ် မလွဲပါဘူးရှင်။

သူတော်စင် ယောဂီများရှင်၊ အမြတ်ဆုံး ဘုရားရတနာဆိုသည့် သုံးလောကထွတ်ထား တရားမင်းဘုရင် ဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်သွားပြီဖြစ်သည့်အတွက် သက်တော်ထင်ရှား မရှိ ပြားတော့သော်လည်း ဘုရားရှင်၏သားတော်များဖြစ်ကြသည့် သံဃာတော်အရှင်မြတ်များ ရှိနေကြပေရာ ထိုသံဃာတော်အရှင်မြတ်များ၏ ရင်တွင်းအစုံဝယ် ရှိကြသော တရားဒေသနာ အပေါင်းကို ပူဇော်ကာ ဆရာတော် သံဃာတော်များ၏ ဟောကြားသော တရားဒေသနာများကို နာကြားမှတ်သားခြင်း၊ လိုက်နာကျင့်ကြံ

http://www.dhammadownload.com



ခြင်း၊ ကြိုးစားအားထုတ် ပွားများခြင်းအားဖြင့် မြတ်စွာဘုရား၏ အဆုံးအမကို ခံယူရာရောက်ပါတယ်၊ ပူဇော်ရာလည်း ရောက်ပါတယ်။

## ကိုးကွယ်သမှုပြုပြီဆိုရင်

ဘုရားသားတော် အစစ်အမှန်ဖြစ်တော်မူသော သံဃာတော် ဆရာတော်များ၏ တရားဒေသနာတော်များကို နာကြားမှတ်သား တဲ့နေရာမှာ ယောဂီများအနေနှင့် ဆောင်ထားသင့်တာကတော့ တရားပြသ ဆိုဆုံးမသော သံဃာတော်များသည်–

၁။ အပြောကောင်း အဟောကောင်းသော ဆရာတော် လား။

၂။ တရား စကားများကို အကွက်ကျကျနှင့် ပရိသတ် မပျင်းရအောင် ရယ်စရာအတိဟောသော ဆရာတော် လား။

၃။ ပရိသတ်အကြိုက် အလိုက်ဆောင်၍ ဟောသော ဆရာတော်လား။

၄။ ဘုရားဟောသော ဒေသနာတော်နှင့်အညီ ရယ်စရာ လုံးဝမပါ အချွဲအပြစ်မရော တရားသက်သက် ဟော သော ဆရာတော်လား။

အစရှိသည်ဖြင့် မိမိတို့ကို တရားပြသ ဆိုဆုံးမသော ဆရာတော် ၏ အသံ ဆိုဆုံးမသော ဘုရားစကားတို့ကို ချင့်ချိန်ပြီး မိမိတို့ ဆရာတော်သည် တကယ့်ကို ဘုရားရှင်ရဲ့ သားတော်စစ်ဖြစ်ပါ

http://www.dhammadownload.com



ပေတယ်၊ ကိုးကွယ်ရာလည်း အစစ်ဖြစ်ပါပေတယ်လို့ ယုံကြည်လေးစား အားကိုးသမှုပြုပြီဆိုရင် မိမိဆရာတော်ရဲ့ ဆိုဆုံးမသည့်စကား ဟောညွှန်ပြသည့် တရားတော်များကို–

၁။ ဆရာတော်၏ မျက်မှောက်၌သော်လည်းကောင်း၊

၂။ ဆရာတော်၏ မျက်ကွယ်၌သော်လည်းကောင်း

မြေဝယ်မကျ တစ်လုံးမကျန်အောင် နာယူမှတ်သား လေ့လာကျင့်ကြံကြိုးကုတ် အားထုတ်ပွားများရန် အထူးလိုအပ်လှပါသည်။

## မသိလျှင်မေး

ဓမ္မမိတ်ဆွေ သူတော်စင် ယောဂီအပေါင်းတို့ရှင့်၊ "မသိလျှင်မေး–မစင်လျှင်ဆေး" ဆိုသည့် စကားအတိုင်း ကိုယ်ကျင့်ကြံရှုပွားတဲ့ တရားသဘောများကို မသိနားမလည် မရှင်းလင်းပါကရင်ထဲဝယ် မြှုပ်မထားဘဲ ကိုယ်လေးစား ကိုးကွယ်ထားသောကိုယ့်ကို တရားပြသပေးသော ကိုယ့်ရဲ့ ဆရာတော်အပါးသို့ချဉ်းကပ်၍ နည်းနာနိဿယများကို မေးမြန်းကာ ရင်တွင်းသံသယများကို ရှင်းလင်းရန် လိုပါတယ်။

သို့မှသာ တရားရှေ့တက်ရန် ရှိပါမည်၊ ရင်တွင်းဝယ် သံသယတရား အပြည့်ရှိနေပါက မည်သို့မျှ ရှေ့သို့စခန်း အရောက်လှမ်းနိုင်ရန် အကြောင်းရှိမည် မဟုတ်ပါ။

ဒီနေရာမှာ အမျိုးသမီးယောဂီများကို အထူးသတိပေးလိုတာက မိမိသည် တကယ်အမှန် ဆန္ဒာဉာဏ်ရောက် တရားသိချင်တယ် ဆန္ဒာသိဖြစ်ချင်တယ်ဆိုရင်ဖြင့် ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့ပြစ်

http://www.dhammadownload.com



ဆိုတာတောင် သီလ, သမာဓိ, ပညာနဲ့ ပြည့်စုံနေတဲ့ ယောဂီသူတော်စင် ပုဂ္ဂိုလ်ရဲ့ အနားကို လားလားမျှ လာရဲမှာတောင် မဟုတ်ဘူး။

ဒီတော့ ငရဲဆို ဝေလာဝေး နေသာသေးလို့ ပျော်စရာအရေးတွေနှင့်သာ ကြုံဆုံရမှာမို့ ကျွန်မ တင်ပြခဲ့တဲ့ ဆောင်စရာအချက်များကို လက်ဝယ်အရ ဆွဲကိုင်နိုင်အောင် မှတ်သားဆောင်ထားကြပါ။

## ရှောင်ရန်

ဆောင်စရာကို ဆောင်ထားပြီးပြန်တော့ ရှောင်စရာကိုလည်း ရှောင်ရှားရန် လိုအပ်ပါသေးတယ်။ မဆောင်ထားနိုင်လို့ မဆောင်ထားနိုင်သော်လည်း ရှောင်စရာရှိတာကိုတော့ ရှောင်မှပဲ ကောင်းပါတယ်။ မဆောင်တာထက် ရှောင်တာက ပိုပြီးတော့ မြတ်ပါသေးတယ်။

ရှောင်စရာအချက်များကို ဦးစွာပထမ တင်ပြရရင်ဖြင့် သပ္ပုရိသန္တယ်ဝင် ယောဂီသူတော်စင်သည် မိမိကိုယ်ကို ဦးစွာ ဆန်းစစ်ရန် လိုပါသည်။ မည်သည့်အချက်များကို ဆန်းစစ်ရမည် နည်းဆိုသော်–

၁။ ယောဂီများသည် မိမိတို့ကိုယ်ကို မိမိသည် တကယ် ခန္ဓာဉာဏ်ရောက် တရားရှုပွားအားထုတ်လိုလားသောသူ ဖြစ်ပါသလား။ သို့တည်းမဟုတ် ဝိပဿနာတရား ခေတ်စားတဲ့အခါမှာ အများအထင်ကြီးခံရအောင်၊

http://www.dhammadownload.com



ချီးမွမ်းခံရအောင် တရားရှုပွားအားထုတ်လိုလားသော
သူမြတ် ဖြစ်ပါသလား။ သို့မဟုတ် စီးပွားရေး လူမှုရေး
အတွက် မိတ်ဆက်လာတာလား။ အစရှိသည်ဖြင့် မိမိရဲ့
စိတ် အစဉ်ကို ဦးစွာ ဆန်းစစ်ပြီး သိထားရပေမည်။

ဒီအချက်ကို ကျွန်မ အနည်းငယ် ရှင်းလင်းပေးပါရစေ။ ဘယ်လိုနည်းနဲ့ပဲ တရားစခန်းသို့ရောက်လာ ရောက်လာ တရားစခန်းသို့ တစ်ကြိမ်မှ မရောက်လာဖူးတဲ့ သာမန်လူတွေနဲ့ နှိုင်းယှဉ်လျှင်တော့ ကိုယ်ဟာ ရှေ့ကို ခြေတစ်လှမ်း ကြောနေပါပြီ။

ခြေတစ်လှမ်းကြောနေပြီဆိုလို့တော့ တရားစခန်းရောက်လာတဲ့အခါ စားလိုက်သောက်လိုက် အိပ်လိုက် တစ်နာရီလောက် ရှုပွားလိုက်၊ တစ်နာရီလောက် ရှုပွားတဲ့အချိန်မှာ ခန္ဓာထဲက စိတ်က နည်းနည်း အပြင်အာရုံလိုက်စားတဲ့စိတ်က များများတော့ မဖြစ်ကြပါနဲ့။

မိမိတို့ အချိန်ပြည့် ကိုယ်ချမ်းသာ စိတ်ချမ်းသာနဲ့ တရားဘာဝနာ ရှုပွားပြီး နိဗ္ဗာန်စခန်း အရောက်လှမ်းနိုင်ရန် ဆောင်ရွက်ပေးကြတဲ့ မိမိတို့ရဲ့ ကျေးဇူးရှင် ဆရာတော်ဘုရားကို ကြည်ညိုလေးစားသော အားဖြင့်လည်းကောင်း၊ မိမိတို့အတွက် ဝေယျာဝစ္စ လုပ်ဆောင်ပေးသူများ အကျိုးတရားပွားများအောင် လည်းကောင်း။ မိမိက အထူးကြိုးစား ရှုပွားအားထုတ်ရန် လိုပါတယ်။

ဒါမှလည်း မိမိဟာ ခန္ဓာဉာဏ်ရောက် တရားအားထုတ်ရာရောက်တဲ့ ပုဂ္ဂိုလ်ဖြစ်မှာပေါ့၊ သူများအထင်ကြီးအောင် သို့မဟုတ် အချီးမွမ်းခံရအောင် သို့မဟုတ် လူမှုရေး မိတ်ဆက်လိုသော

http://www.dhammadownload.com



ယောဂီများအနေနဲ့ကတော့ ဒီလို ၁၀–ရက်စခန်းမျိုးသို့လာပြီး ရှုမှတ်နေမယ့်အစား အခြားလောကီရေးရာ အဖြာဖြာကိုသာ လုပ်ဆောင်နေရန် သင့်ပါတယ်။

၂။ မိမိသည် ရုပ်နာမ် ခန္ဓာရဲ့ အဖြစ်အပျက်သဘော တွေကို မျက်မြင်ကိုယ်တွေ့ ဉာဏ်သဘောသက်ဝင်ပြီး သိချင်လို့ တရားကျင့်ကြံကြိုးကုတ် အားထုတ်ပါတယ် ဆိုရင်ဖြင့် "တရားရှာ ကိုယ်မှာတွေ့၊ ဟရားပျောက် ကိုယ်မှာရှာ" ဆိုတဲ့အတိုင်း မိမိရဲ့ ရုပ်နာမ်ခန္ဓာကိုသာ အမြဲမပြတ် သတိကပ်ပြီး စောင့်ကြည့်ရန် လိုအပ်ပြီး သူတစ်ပါးရဲ့ ခန္ဓာကိုယ်ကို အပြစ်ရှာတဲ့ သဘောနဲ့ မကြည့်မိစေရန် အထူးရှောင်ရှားရန် လိုအပ်ပါတယ်။

မိမိရဲ့ ရုပ်နာမ်ခန္ဓာကို မကြည့်ဘဲ သူများရဲ့ ခန္ဓာကိုယ်ကို အပြစ်ရှာလိုသောအားဖြင့် ကြည့်နေမှုဖြင့် ဒီယောဂီပုဂ္ဂိုလ်မျိုးအဖို့ တရားရဖို့အရေး အဝေးကြီးဝေးပြီး အာသဝေါတရားတွေသာ တိုးပွားပြီး ပြန်သွားရပါလိမ့်မယ်။

အကြောင်းကတော့ ကျွန်မတို့ရဲ့ ကျေးဇူးရှင် အစစ် ကိုးကွယ်ရာ အမှန်ဖြစ်တော်မူသော သုံးလောကထွတ်ထား ရှင်တော်မြတ် ဘုရားကြီးရဲ့ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး အမျိုးမျိုးသော ပါရမီ စာဂစရိယတွေ ဖြည့် ဆည်းပူးပြီးမှ ရရှိလာတဲ့ ခန္ဓာဉာဏ်ရောက် တရားတော်ဟာ မိမိရဲ့ ကိုယ်ခန္ဓာထဲမှာပဲ ဖြစ်ပျက်၊ ပျောက်ချုပ်မှုအပြည့် ဖြစ်နေ သောကြောင့် ဖြစ်ပါတယ်။

http://www.dhammadownload.com



ထို့ပြင် ရုပ်နာမ်ခန္ဓာ တရားတော်၏ သဘောအမှန်သည် အလွန်တရာ နက်နဲခက်ခဲ သိမ်မွေ့နူးညံ့မှုအပြည့် ရှိနေသော ကြောင့်လည်း ဖြစ်ပါတယ်။

ပြီးတော့ ဒီလောက်တောင် ခက်ခဲနက်နဲ နူးညံ့သိမ်မွေ့လှ ပါတယ်ဆိုတဲ့ တရားသဘောကိုတော့ တို့သိနိုင်မှာ မဟုတ်ပါဘူး၊ တို့အားထုတ်လည်း ရမှာမဟုတ်ပါဘူး၊ တို့မှာ အတိတ်က ပါရမီ မရှိ၊ မပါခဲ့ပါဘူးဆိုတော့ ရမှာ မဟုတ်ပါဘူးဆိုပြီး စိတ်အား လျှော့ကာ မနေသင့်ပါဘူး။

တရားတော်ကို တကယ်လိုလားပါတယ်၊ တရားအရသာကို မြိုးစမ်းချင်ပါတယ်ဆိုရင်ဖြင့် မိမိရုပ်နာမ်ခန္ဓာရဲ့ ထင်ရှားစွာပြနေတဲ့ နေရာမှာ ဖြစ်မှုပျက်မှု သဘောတရားတွေကို အရှုခံနှင့် ရှုဉာဏ် ကိုက်အောင် သတိတရား လက်မလွှတ်ဘဲ အသိတရား ဝီရိယ တရားနဲ့သာ စောင့်ကြည့်ပါ။

အဲဒီလို စောင့်ကြည့်နိုင်ရင် ဒီ ၁၀–ရက်စခန်းအတွင်းမှာပဲ ရုပ်နာမ် ဓမ္မသင်္ခါရတွေရဲ့ မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ အစိုးမရတဲ့ အနတ္တသဘောတရားတွေကို ပိုင်ပိုင်နိုင်နိုင် ထင်မြင်သိရှိလာပါ လိမ့်မယ်။

ကိုယ့်ရဲ့ အတိတ်က ပါရမီ ပါမပါကို ရှင်တော်ဘုရားမှလွဲလို့ မည်သည့်ပုဂ္ဂိုလ် တစ်စုံတစ်ယောက်မှ သိနိုင်ခြင်းငှာ မစွမ်းနိုင် သဖြင့် မိမိတို့ရဲ့ အတိတ်က ကောင်း မကောင်း ပါရမီရှိ မရှိကို သိချင်ရင်ဖြင့် မိမိတို့ရဲ့ ရုပ်နာမ်ခန္ဓာမှာ ပစ္စုပ္ပန်ကျကျ စောင့် ကြည့်ပြီး ပွားများအားထုတ်ကြည့်ပါ။

http://www.dhammadownload.com



ရှုပွားအားထုတ်ကြည့်တာနဲ့ ရှုပွားအားထုတ်မှုကောင်းရင် အကျိုးကောင်းပြီး ရှုပွားအားထုတ်မှု မကောင်းရင်တော့ အကျိုး မကောင်း ဖြစ်ပါမယ်။

မည်သို့ဖြစ်စေ အလုပ်လုပ်သူတိုင်းသည် မိမိတို့ရဲ့ လုပ်အား အချိုးအတိုင်း ကောင်းကျိုးဆိုးကျိုးကို ခံစားရမည်မှာ မုချပင် ဖြစ်ပါသည်။

ဒါ့ကြောင့် ယောဂီများ တကယ်တရားရချင်ပါတယ်ဆိုရင် ဖြင့် တကယ်ကြိုးစားအားထုတ်ပါ။ တကယ်လည်း တရားအရသာ ကို ခံစားရမှာကို ထိပ်မှာ သံမှိုစွဲသလို ခိုင်မြဲစွာ ယုံကြည်မှုတရား ရှိထားစေချင်ပါတယ်။ သူတော်စင် ယောဂီအပေါင်းတို့ရှင့်။

၃။ ဒီလို တရားအလုပ် လာရောက် အားထုတ်ကြတဲ့ ယောဂီအများဟာ ကုသိုလ်တရား အစုစုတို့ကို လိုချင် တောင့်တ၍သာ ၁၀-ရက်စခန်းအတွင်း ရောက်လာ ခြင်း ဖြစ်တယ်ဆိုတာ အထူးပြောဖွယ်မရှိပါဘူး။

ကုသိုလ်လုပ်တယ်ဆိုတဲ့ နေရာမှာ ကုသိုလ်တရား အပြည့် အဝရဖို့ဆိုတာ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့ နက်လှပါ တယ်။ အမည်းမသန်းတဲ့ အဖြူစစ်စစ် ကုသိုလ်လိုချင်တယ်ဆိုရင် ၁၀-ရက်စခန်းအတွင်းမှာ မိမိတို့ကို တရားပြပေးသော ဆရာ တော် ချမှတ်ထားတဲ့ တရားချိန်မှာ အချိန်တိုင်း အပြည့်အဝ မရပ်မနား ရှုပွားအားထုတ်ရန် ဖြစ်ပါတယ်။

လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးဣရိယာပုထ်အောင် နှလုံးသွင်းပါ။ တစ်ထိုင်ဖြုတ်ပြီးလို့ နာရီဝက် စင်္ကြံချိန်မှာ

http://www.dhammadownload.com



စင်္ကြံလျှောက်ပါ။ စင်္ကြံလျှောက်တဲ့နေရာမှာလည်း ရှုပွားမှု သတိမလွတ်ပါစေနဲ့။

အထူးသဖြင့် တရားတစ်ထိုင်ပြီးတဲ့အခါ စင်္ကြံလျှောက် ရှုပွားချိန်မှာ ယောဂီအချင်းချင်း စုဝေးပြီး တရားစကား အနည်းငယ် ပြောခြင်းမှလွဲ၍ မည်သည့်စကားမျှ မပြောဆိုဘဲ စင်္ကြံလျှောက် ရှုပွားရန် အရေးကြီးပါသည်။ စင်္ကြံလျှောက် မရှုပါက ထိုင်ရှုချိန်မှာ တရားမကောင်းတတ်ပါ။

ထို့ပြင် တရားကို အထူးလိုလား ကြိုးစား၍ ရှုပွားနေသော ယောဂီများ မိမိတို့ တရားစခန်းတွင် ပါလာပါက ထိုယောဂီများကို အားကျကာ ထိုယောဂီများကို အတုယူ၍ မိမိတို့ပါ ကြိုးစားပွားများအားထုတ်ကြပါ။

ထိုတရားကောင်းသော ယောဂီများကိုကြည့်ပြီး မနာလိုမှု ဣဿာ၊ ဝန်တိုမှု မစ္ဆရိယ တရားတွေ မဖြစ်အောင် သတိပြုပါ။ အထူးသဖြင့် တော်သူကို တော်ပါပေတယ်၊ ကောင်းသူကို ကောင်းပါပေတယ်လို့ ချီးမွမ်းသမှု မပြုနိုင်စေကာမူ ထိုယောဂီများကို ကဲ့ရဲ့ ပြစ်တင် ဝေဖန်သော အပြစ် သဘောတွေ မဖြစ်အောင် အထူးသတိထားပြီး နေကြရန် လိုပါသည်။ အကြောင်းကတော့ ဝန်တိုမှု မစ္ဆရိယ၊ မနာလိုမှု ဣဿာတရားတွေဟာ အင်မတန်မှ ကြောက်စရာကောင်းလှတဲ့ အကုသိုလ်တရားတွေ ဖြစ်လို့ပါပဲ။

ကုသိုလ်လုပ်နေရင်း အကုသိုလ်ဖြစ်တယ်ဆိုတာ ဒီလိုအပြုအမူမျိုးကို မရှောင်ရှားဘဲ လုပ်မိကိုင်မိ ပြောမိဆိုမိတဲ့ ယောဂီပုဂ္ဂိုလ်များ ဖြစ်ပါတယ်။

http://www.dhammadownload.com



အဲဒီတော့ ကျွန်မ ပန်ကြားလိုတာက ဒီလို ရှောင်စရာရှိတဲ့ အချက်တွေကို အတတ်နိုင်ဆုံး ရှောင်ရှားပြီး မိမိ၏ ရုပ်၊ နာမ် ခန္ဓာရဲ့ ဖြစ်ပျက်မှုသဘာဝကို ဉာဏ်ပညာမျက်စိမှာ ထင်ရှားလာအောင် ဝီရိယ လက်ကိုင်ထားပြီး သတိတရားအဆောင်ထားကာ ရှုပွားများကြပါလို့ ပန်ကြားလိုပါတယ်။

၄။ နောက်တစ်မျိုး အထူးသတိပြု ရှောင်ရှားစရာအချက်မှာ တရားကို နှစ်သက်လိုလားကြသော ယောဂီအပေါင်းတို့သည် "ပုဂ္ဂိုလ်ခင်မှ တရားမင်" ဆိုသကဲ့သို့ မိမိတို့ နှစ်သက်သော ဆရာတော်ဘုရား၏ တရားစခန်းကိုလိုက်၍ တရားဝင်ရောက် အားထုတ်ကြပါသည်။ ယင်းသို့ အားထုတ်ကြရာတွင် ယောဂီများ အနေနှင့်–

(၁) မိမိတို့ရဲ့ ဆရာတော်၏ ကြည်ညိုဖွယ်ရာ အဆင်း၊ သာယာသော အသံတို့ကို စွဲလမ်းမှုမရှိစေရန် သတိထား၍ ရှောင်ရှားရပေမည်။

ဆရာတော်တို့၏ ကြည်ညိုဖွယ်ရာအဆင်း သာယာသော အသံတို့သည် ဖောက်ပြန် ပျက်စီးတတ်သော ရုပ်တရားအစုမျှသာ ဖြစ်သောကြောင့် သာယာမှုမဖြစ်စေရန် လိုအပ်လှပေသည်။

မိမိတို့၏ ဆရာတော်ကို တကယ်လေးစားကြည်ညိုချစ်ခင် မြတ်နိုး ကိုးစားယုံကြည်ဆည်းကပ် ပူဇော်လိုပါတယ်ဆိုရင်ဖြင့် ဆရာတော်ရဲ့ ရင်ခွင်အတွင်းဝယ် တည်ရှိနေသော မြတ်ဘုရား၏ တရားတော် ဒေသနာအပေါင်းကို အာရုံပြုကြည်ညိုကာ ပူဇော်ကန်တော့ရပါမည်။

http://www.dhammadownload.com



ဤသို့ ပူဇော်ခြင်း ကန်တော့ခြင်း ကြည်ညိုခြင်းသည် တရားတော်ကို ပူဇော်ရာ၊ တရားမင်းဘုရင် ဘုရားရှင်ကို ပူဇော်ရာလည်း ရောက်ပါသည်။

(၂) မိမိတို့ဆရာတော်ရဲ့ ရင်တွင်းအစုံဝယ် တည်ရှိနေသော တရားအနက် သဘောတရားကို မခန့်မှန်းနိုင်၊ နားလည်နိုင်စွမ်းမရှိလို့ ကိုးကွယ်ယုံကြည်မှုအားနည်းကာ မပူဇော်ချင်နေပါစေ။ မိမိတို့ဆရာသမားအပေါ်ဝယ် အပြစ်တင် ကဲ့ရဲ့ ဝေဖန်မှုသဘောတွေကို မပြုမိစေရန် အထူးသတိပြု၍ ရှောင်ရှားရပါမည်။

မိမိတို့ရဲ့ ခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို အရောက်ဆောင်ပို့ပေးသော ကြီးမားလှသည့် မေတ္တာခရုဏာ၊ စေတနာရှင်ဆရာတော်ကို ပြစ်မှားမိခြင်းသည် လောကတွင် အမြတ်တကာ့ အမြတ်ဆုံးဖြစ်သည့် တရားမင်းဘုရင် ဘုရားရှင်အား ပြစ်မှားမိခြင်းနှင့် အတူတူပင်ဖြစ်ပါသည်။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားဟူသော အနန္တော အနန္တ ငါးပါးတို့ကို ပြစ်မှားမိသူများ၏ တစ်ခုတည်းသော သွားရာ လမ်းကား အပါယ်လမ်းမှလွဲ၍ မည်သည့်လမ်းမှမရှိပါ။

အပါယ်လမ်းသို့ရောက်သွားပြီဆိုမှဖြင့် ကိုယ်ရောက်လို သွားလိုပါတဲ့ နိဗ္ဗာန်ရွှေပြည်ကို မည်သို့ကူးခတ်ကာ အရောက်မသွားနိုင်ပါတော့မည်နည်း။

ဒါကြောင့်မို့ ကုသိုလ်တရား အစုစုတို့ကို လိုချင်လွန်းလို့ တရားလာရှာကာမှ ဒီလိုကြောက်စရာကောင်းသော အမှုမျိုး

http://www.dhammadownload.com



အလုပ်မျိုးကို မလုပ်မိ မကိုင်မိအောင် အထူးသတိထားကာ ရှောင်ရှားအပ်ပါသည်။

ဓမ္မမိတ်ဆွေ သူတော်စင်ယောဂီအပေါင်းတို့ရှင့်၊ ကျွန်မ၏ ကိုယ်တွေ့ ၁၀–ရက်စခန်းမှ တွေ့ကြုံခဲ့ရတဲ့ ဆောင်ရန် ရှောင်ရန် အချက်များကို ဆောင်ထား ရှောင်ရှားပြီး မိမိတို့ဆရာသခင် ကျေးဇူးရှင် ညွှန်ပြသော ရှင်တော်ဗုဒ္ဓ၏ တရားတော်တို့ကို ဆရာသခင်၏ မျက်မှောက်၌သော်လည်းကောင်း၊ မျက်ကွယ်၌သော် လည်းကောင်း တစ်လုံးတစ်ပါဒမှ မကျန်ရအောင် အထူးကြိုးစား ပြီး ကျင့်ကြံရှုပွား အားထုတ်ကြပါ။

အထူးသဖြင့် ပထမအရွယ် ဒုတိယအရွယ် အတွင်း၌ ရှိနေကြသော သူတော်စင် အမျိုးသမီးယောဂီအပေါင်းတို့ရှင့်–

မိမိတို့၏ ဝီရိယစွမ်းအားရှိသလောက် သတိတရားမပြတ် အသိကပ်ကာ အမြဲရှုပွားနေပါက ယောဂီတို့ လိုလားသော တရား ပန်းတိုင်ကို အမှန်ရောက်မှာ ဖြစ်ပါတယ်။

မိမိတို့လိုလားသော တရားပန်းတိုင်ကို အရောက်သွားနိုင် ပြီဆိုမှတော့ ဒီဘဝမှာ အဆင့်အတန်းနိမ့် အောက်ကျလှတဲ့ အမျိုးသမီးဘဝက လွတ်ကာ မိမိတို့လိုလား တောင့်တကြသော မြတ်ဘုရား၏ တပည့်သာဝိကမတွေ ဖြစ်လာမှာ မလွဲကေန်မို့ ငယ်ရွယ်သူ အမျိုးသမီး ယောဂီအပေါင်းတို့ တအားခဲကာ ကြိုးစား ရှုပွားအားထုတ်ကြပါလို့ အထူးတိုက်တွန်းသမှု ပြုလိုက်ရပါတယ်ရှင့်၊

ဆောင်ထား–ရှောင်ရှားရန် အချက်တို့ကို သေသေချာချာ မှတ်သားထားကာ တရားရှုပွား ကြိုးစားအားထုတ်တဲ့အခါ သတိ

http://www.dhammadownload.com



လည်းထား၊ ဝီရိယလည်းမကျစေဘဲ သမာဓိ ထူထောင်ကာ ပညာစခန်းသို့ အရောက်တက်လှမ်းနိုင်ပြီး ၁၀–ရက်စခန်းအတွင်း မှာပင် တမဂ်တဖိုလ်ရောက်အောင် ကျင့်ကြံအားထုတ်နိုင်ကြပါ စေလို့ စေတနာရှေ့ထား မေတ္တာပွားကာ တင်ပြချက်ကို ဤတွင် နိဂုံးချုပ်ကာ အဆုံးသတ်လိုက်ရပါသည်။ သပ္ပုရိသန္ဒယ်ဝင် သူတော်စင် ယောဂီအပေါင်းတို့ရှင့်။

မြတ်နိုးချစ်ခင် ကြည်ညိုလေးစား အားထားကိုးကွယ် ဆည်းကပ်ရာအမှန် ဖြစ်တော်မူသော ကျေးဇူးရှင် ဆရာတော် အရှင်သူမြတ်ဘုရား ၁၀–ရက်စခန်းတရားပတ် တစ်ကြိမ်ဝင်ခဲ့ဖူး သော တပည့်တော်၏ ရင်တွင်းခံစားခဲ့ရသော တရားခံစားမှု ပြဿနာများကို အဓိက လျှောက်တင်အပ်ပါပြီဘုရား။

ဆရာတော်ဘုရား ဖတ်ရှုကာ ပြင်သင့်တာများကို ပြင်ဆင်၍ ဗုဒ္ဓဓမ္မပြဿနာများမှတစ်ဆင့် ၁၀–ရက်စခန်းများနှင့်တကွ ရိပ်သာ အသီးသီးသို့ တရားဝင်ကြသည့် တရားဝင် ယောဂီများအား အသိပေးတော်မူပါဘုရား။

ဆရာတော်ဘုရားလည်း သာသနာတော်အကျိုးကို ကောင်း သော စေတနာအပြည့်နှင့် မေတ္တာရှေ့ထားကာ ဆထက်ထမ်းပိုး ကြိုးစားဆောင်ရွက်သော သာသနာ့အာဇာနည် ဖြစ်တော်မူပါ စေဟု ဆုတောင်းပတ္ထနာ ပြုပါသည်ဘုရား။

**ဆရာတော်ဘုရား၏ တပည့်**

(.........)

(၂–၂–၈၂)

http://www.dhammadownload.com



အို...စာရှုသူ၊ အထက်တွင် ဖော်ပြခဲ့သောစာကို တစ်ဖန် ပြန်၍ ဖတ်ရှုကြည့်ပါဦး။ ယင်းယောဂီသည် တစ်ကြိမ်သာ ၁၀–ရက်စခန်း တရားအားထုတ်ဖူးသူ ဖြစ်ပါသည်။

တစ်ကြိမ်တရားအားထုတ်ရာ၌ အသိအမြင် မည်သို့ထူး၍ မည်သို့ ပြောင်းလဲသွား၍ မည်မျှ အကျိုးများသွားသည်ကို သူ၏ တင်ပြချက်၌ပင် ထင်ရှားနေပါပြီ။

အကြိမ်ကြိမ်ပင် တရားအားထုတ်သော်လည်း မထူးခြား မပြောင်းလဲဘဲ အကုသိုလ်တရားများကိုပင်ယူ၍ ပြန်လာသော ယောဂီများကိုလည်း သူတွေ့မြင်ခဲ့ရသည်။ သို့ဖြစ်၍ ယင်းတို့ကို သိစေချင်သည်။

မည်သို့ဆိုစေ တရားအားထုတ်ရာ၌ အကြိမ်များတာ မများတာ၊ အချိန်ကြာတာ မကြာတာမှာ ပဓာနမဟုတ်ပါ။ တရားသိမြင်ခြင်းသည်သာလျှင် ပဓာနပါ။

တရားသိမြင်သူသည် အပြု၊ အပြော၊ အကြံများ ပြောင်းလဲသွားပါသည်။ စိတ်ဓာတ်ကောင်းများဝင်ကာ အယူအစွဲများ ကျွတ်သွားပါသည်။

တရားမသိမြင်သူမှာ အပြု၊ အပြော၊ အကြံများ မပြောင်းလဲပါ။ စိတ်ဓာတ်ကောင်းလည်း မဝင်ပါ။ အယူအစွဲလည်း မကျွတ်ပါ။

သို့ဖြစ်၍ ၁၀–ရက်စခန်း တရားဝင်လိုသူသည်လည်းကောင်း၊ ရက်ရှည်ရိပ်သာဝင်လိုသူသည်လည်းကောင်း အထက်ပါ ယောဂီ၏

http://www.dhammadownload.com



တင်ပြချက်ကို ရှုကြည့်၍ လိုက်နာဆောင် ရှောင်ရှားအားထုတ်နိုင်ပါစေသတည်း။

- တရားသိသူ မသိသူ အမူကွာခြားသည်။
- တရားသိသူ ယောဂီဖြူ အမူယဉ်ကျေးသည်။
- တရားမသိသူ အကန်းမူ အမူရိုင်းပြသည်။
- တရားကိုသိ တရားရှိ မူကြည့်သိနိုင်သည်။
- တရားသိတာ မသိတာ ပြပါမူနှင့်သာ။
- တရားမသိ ဝါကြွား၏ ပြောဘိဂုဏ်များစွာ။
- တရားသိမှာ မကြွားဝါ ပြောရှာတန်ရုံသာ။

http://www.dhammadownload.com



# သာစုခေါ်လိုက်တဲ့အချိန်မှာ ကြက်သီးမွေးညင်းများ ထတာ ဘာကြောင့်များပါလဲဘုရား

{၁၅}

၁၇-၇-၈၂

**ကျေးဇူးရှင် ဆရာတော်ဘုရား-**

ဂါရဝတရား ရှေ့မှာထားလျက် လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိသေလေးစားစွာဖြင့် တပည့်တော် လျှောက်ထားအပ်ပါသည် ဘုရား။

ဆရာတော်ဘုရားရဲ့ ညွှန်ကြားပြသမှု ဩဝါဒတရားများကို ခံယူလျက် တပည့်တော်ရဲ့ ကိုယ်တွေ့အားထုတ်မှုမှ လက်တွေ့ ခံစားရသော အတွေ့အကြုံထူးကလေးများနှင့် ပတ်သက်၍ ဆရာ တော်ဘုရားအား ရှိသေလေးစားစွာဖြင့် လျှောက်ထားမေးမြန်း အပ်ပါသည်ဘုရား။ တပည့်တော်အား ကရုဏာတရား ရှေ့ထား၍ ဖြေကြားပေးပါရန် ပန်ကြားအပ်ပါသည်ဘုရား။

http://www.dhammadownload.com



ဆရာတော်ဘုရား မြတ်စွာဘုရားရှင်ရဲ့ သတိပဋ္ဌာန်တရားတော်ဟာ ကိုယ်တိုင်ကိုယ်ကျ ကျင့်ကြံအားထုတ်ကြည့်တဲ့အခါမှာ အင်မတန်မှ သိမ်မွေ့နူးညံ့ နက်နဲလှတာကို တွေ့ရပါတယ်ဘုရား။

ဆရာတော်ဘုရား တရားတော်ရဲ့ အရသာကို ကိုယ်တိုင်ကိုယ်ကျ ခံစားသိရှိလာတဲ့အခါမှာ အိမ်ပြန်ချင်စိတ်တောင် မရှိတော့ပါဘုရား။

တပည့်တော် တရားအားထုတ်တဲ့အခါမှာ ဣရိယာပုထ်လေးပါးဖြစ်တဲ့ လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ တစ်ပါးပြောင်းတစ်ပါးပြောင်းပြီး အားထုတ်ပါသည်ဘုရား။

တပည့်တော်မှာ နာကျင်ကိုက်ခဲ အောင့်အည်း ညောင်းညာမှု ကာယိကဒုက္ခမဖြစ်စေဘဲ သက်သက်သာသာနှင့် တရားတက်ပါတယ်ဘုရား။ တပည့်တော် တရားရှုပွားအားထုတ်နေစဉ် ကာယိကဒုက္ခကို မခံစားရပါဘူး ဘုရား။

တပည့်တော် ရှုပွားတာကတော့ ဝင်လေ ဝါယောရုပ်ရဲ့ တိုးသဘော၊ ထွက်လေဝါယောရုပ်ရဲ့ တိုးသဘောကို တိုးတိုးပြီးသွားတိုင်း "ရုပ်–ရုပ်" လို့ ရှုပါတယ် ဘုရား။

စိတ်မတည်ကြည်၊ သမာဓိအားမကောင်းသေးခင် ဝါယောရုပ်ရဲ့ တိုးသဘောလေးတွေ ရှုပွားနေရင်းနဲ့ စိတ်အစဉ်ဟာ သူကျင်လည်ကျက်စားနေကျ နေရာတွေကို ရောက်ရောက်သွားတတ်ပါတယ် ဘုရား။ တစ်ခါတစ်ခါ ပျင်းသလိုလို၊ တစ်ခါတစ်ခါ ပျော်သလိုလို ခံစားရပါတယ်ဘုရား။

http://www.dhammadownload.com



အဲဒီစိတ်ရဲ့ သွားရာ ရောက်ရာ ရုပ်အာရုံတွေကို "ရုပ်" လို့ ရှုပါတယ်ဘုရား။ သွားရောက်တဲ့စိတ်ကိုတော့ "နာမ်" လို့ ရှုပါတယ်ဘုရား။

တစ်ခါတစ်ခါလည်း တပည့်တော်ရဲ့ လက်မှ သွေးခုန်တာလေးများကို လက်မလေးနဲ့ ဖိထားပြီး တစ်ခါခုန်ရင် ရုပ်လို့ ရှုမှတ်ပါတယ်ဘုရား။ အဲဒီလို သွေးခုန်တာလေးတွေကို ရှုမှတ်နေရတာကိုပဲ တပည့်တော်အနေနဲ့ ပိုပြီး စိတ်တည်ငြိမ်မှုကို ရလွယ်တယ်လို့ ထင်ပါတယ်ဘုရား။ အဲဒီလို ရှုမှတ်ရတာကို တပည့်တော် ပိုပြီး အားသန်ပါတယ် ဘုရား။

အားသန်သန်နဲ့ အဲဒီ ခုန်သဘောလေးများကို တစ်ကြိမ် ခုန်ရင် တစ်ခါ ရုပ်လို့ ရှုမှတ်နေရင်းနဲ့ ရှုမှတ်ချက်ကလေးတွေဟာ ပိုပြီး စိတ်ပါလာပါတယ်ဘုရား။ လစ်လပ်ခြင်းမရှိဘဲ ကျန်ရစ်ခဲ့ခြင်းမရှိဘဲ ရှုမှတ်တဲ့ အသိဉာဏ်ကလေးနဲ့ ခုန်သဘော အရှုခံကလေးတွေဟာ တစ်သားတည်း ထပ်နေပါတယ်ဘုရား။ ရှုပွားရတာ စီးနေပါတယ်ဘုရား။

အဲဒီလို အာရုံခံအာရုံ ခုန်သဘောကလေးများနဲ့ ရှုမှတ်စိတ်ကလေးတွေနဲ့ တည့်နေတဲ့အချိန်မှာ မျက်စိနှစ်လုံးဟာ မှိတ်ထားပေမယ့် အမြင်အာရုံမှာ ကြည်လင်ပြီး ရှင်းနေပါတယ် ဘုရား။ တခြားအာရုံတွေလည်း ကျဉ်းသွားပါတယ် ဘုရား။

စိတ်အစဉ်ဟာလည်း တည်ငြိမ်လာပါတယ် ဘုရား။ နူးညံ့လာပါတယ်ဘုရား။ တပည့်တော်တို့ တရားအားထုတ်တဲ့ ဇရပ်ပေါ်သို့ သစ်ရွက်ကလေးတွေ ကြွေကျသံဟာ ခါတိုင်းဆိုရင်

http://www.dhammadownload.com



သိပ်ပြီး မကျယ်လှပေမယ့် တပည့်တော် တရားရှုမှား အားထုတ်နေတဲ့အချိန်မှာ ကျောက်မိုင်းက မိုင်းခွဲသံတမျှ ကျယ်တယ်လို့ တပည့်တော် ထင်ပါတယ်ဘုရား။

တစ်ချိန်မှာ တပည့်တော်ထိုင်ပြီး နှလုံးခုန်သံကို ရှုမှတ်နေပါတယ် ဘုရား။ တစ်ခါခုန်လျှင်တစ်ခါ "ရုပ်" လို့ ရှုမှတ်နေပါတယ် ဘုရား။ ရှုမှတ်နေရင်း စိတ်တခြားရောက်သွားရင် အဲဒီစိတ်ကို "နာမ်" လို့ ရှုမှတ်ပါတယ်ဘုရား။ ရှုမှတ်လို့ အတော်ကြာလာတော့ တခြားသော အာရုံတွေဟာ ကျဉ်းကျဉ်းသွားပါတယ် ဘုရား။

အဲဒီအချိန်မှာ မျက်စိမှိတ်ထားပေမယ့် အလင်းရောင်တွေ လျှပ်လက်သည့်အလား ဖျပ်ခနဲဖျပ်ခနဲ လက်လက်နေပါတယ်ဘုရား၊ စိတ်အစဉ်ဟာလည်း ရေထဲမှာ မျောနေသလို ပေါ့နေသလိုလို ဖြစ်နေပါတယ်ဘုရား။

နှလုံးခုန်သံကိုလည်း တချက်ချင်းတစ်ချက်ချင်း မှန်မှန်ပဲ ရှုမှတ်နေပါနိုင်ပါတယ် ဘုရား။ အမှတ်ကလေးတွေဟာ အင်မတန်မှ ညင်သာပါတယ် ဘုရား။

အဲဒီအချိန်မှာ မှတ်နေရင်းနဲ့ ဘုရားတပည့်တော်ရဲ့ ညာဘက်ဖခုံးစွန်းမှ အေးသော အခိုးအငွေ့တန်းကြီးသဖွယ် ဝူးခနဲထွက်လာပြီး ဦးခေါင်းကို ဖြတ်ကျော်၍ ဗယ်ဘက်ပခုံးစွန်းကို စက်ဝိုင်းခြမ်းကြီးသဖွယ် ဝန်းရံထားတာကို ထင်ရှားစွာ တွေ့ရပါတယ်ဘုရား။

http://www.dhammadownload.com



အဲဒီလို တဒင်္ဂထင်ပြီးတာနဲ့ ခန္ဓာကိုယ်မှ ကြက်သီးမွေးညင်းများ ၃-ကြိမ်ထပါသည်ဘုရား။ တပည့်တော် သိပ်ပြီး ပီတိဖြစ်ရပါသည်ဘုရား၊ ဝမ်းလည်းသာမိပါသည်ဘုရား၊ အဲဒီလို စိတ်နှလုံး ရွှင်လန်းမှု၊ စိတ်ချမ်းသာမှု၊ စေတသိက သုခဝေဒနာကိုလည်း ငါရွှင်လန်းတာမဟုတ်၊ စေတသိကသုခ ဝေဒနာမှုသာ ဖြစ်တယ်လို့ ရှုလိုက်ပါတယ်ဘုရား။

အဲဒီအေးသော အခိုးအငွေ့တန်းကြီး ထွက်ပေါ်လာတာ ဘာကြောင့်များပါလဲ ဘုရား။ တပည့်တော် သိချင်ပါတယ် ဘုရား။

ဆရာတော်ဘုရား၊ တစ်ချိန်မှာလည်း တပည့်တော် နှလုံးခုန်သံကိုပဲ မှတ်နေပါတယ်ဘုရား။ တပည့်တော်ရဲ့ နှလုံးလေးဟာ အင်မတန်မှ နူးညံ့ပျော့ပျောင်းသွားပါတယ် ဘုရား။ ရှုမှတ်ဉာဏ်နဲ့ အရှုခံနဲ့လည်း တစ်ထပ်တည်းကျလာပါတယ် ဘုရား။ ရှုမှတ်ရတာ သိပ်ပြီး ကောင်းနေပါတယ်ဘုရား။

အဲဒီလို ရှုမှတ်နေစဉ် နှလုံးတစ်ချက်ခုန်တာနဲ့ ရုပ်လို့ ရှုမှတ်လိုက်တဲ့ အမှတ်ကလေးတစ်မှတ်ဟာ နှလုံးထဲကို ထုတ်ချင်းပေါက် ဝင်သွားတာ ထင်ထင်ရှားရှား မြင်ရပါတယ်ဘုရား။ နှလုံးအိမ်ကို မြားစိုက်သလို ထုတ်ချင်းပေါက် ဝင်သွားပြီးသည်နှင့် တစ်ပြိုင်နက် တပည့်တော်မှာ မိုက်ခနဲဖြစ်သွားပါတယ် ဘုရား။

အဲဒီအချိန်မှာ တပည့်တော်ဟာ ဝူးခနဲအအေးဓာတ်နဲ့အတူ အပေါ်မှာ သွားပြီး တည်နေပါတယ်ဘုရား၊ စိတ်ဟာလည်း သန့်ရှင်း ကြည်လင်ပြီး မျက်စိထဲမှာလည်း ရှင်းလင်းကြည်လင်နေပါတယ်ဘုရား။ စိတ်ရောကိုယ်ပါ ချမ်းသာနေပါတယ် ဘုရား။

http://www.dhammadownload.com



အဲဒီ ချမ်းသာသုခ အရသာဟာ လောကမှာ ရှိနေတဲ့ ဘယ်အရသာနဲ့မှ မတူပါဘူးဘုရား။ တပည့်တော် တစ်ကိုယ်လုံးဟာလည်း အေးပြီး ပေါ့နေပါတယ်ဘုရား လေတိုက်၍ အေးသော အအေးမျိုး၊ ရေခဲအေးသော အအေးမျိုးနှင့်လည်း မတူပါဘုရား။ အင်မတန်မှ ချမ်းသာခြင်းကိုဆောင်တဲ့ အအေးဓာတ်ပါဘုရား။ တပည့်တော် လူ့လောကမှာ ခံစားဖူးတဲ့ ချမ်းသာမျိုးစုံထက် သာလွန်ထူးကဲလှပါတယ်ဘုရား။

ဆရာတော်ဘုရား။ တပည့်တော် သိချင်တာက ယခု တပည့်တော် ခံစားရတဲ့ တရားအရသာဟာ နိဗ္ဗာန်ကို တဒင်္ဂ မျက်မှောက်ပြုတာလားဆိုတာကို သိပ်ပြီး သိချင်နေပါတယ်ဘုရား။ ဖြေကြားပေးတော်မူပါဘုရား။

ဆရာတော်ဘုရား၊ တစ်ချိန်မှာလည်း အရှုခံအာရုံနဲ့ ရှုတဲ့ ဉာဏ်နဲ့ တည့်နေခိုက် ရှုပွားနေရင်း မိုက်ခနဲ တစ်ချက်ဖြစ်ပြီး တစ်နေရာသို့ တွန်းပို့လိုက်သလို ဖြစ်သွားပါတယ်ဘုရား။

ရောက်သွားပုံကို ဥပမာပြရရင် အလုံပိတ်ထားတဲ့ အခန်းကျဉ်းတစ်ခုထဲမှ အကာအမိုးကင်းတဲ့ အာကာသပြင်ကျယ်ထဲကို တွန်းထုတ်လိုက်သလို အေးချမ်းသော အအေးဓာတ်ကလေးနဲ့ အတူ ကြည်လင်ခြင်း၊ ချမ်းသာခြင်းကိုခံစားကာ ကောင်းကင်အလယ်၌ လွင့်ပျံနေသည့် ဝါဂွမ်းလေးသဖွယ် ပေါ့ပါးနေပါသည်ဘုရား။

တပည့်တော် ဝမ်းမြောက်လွန်း၍ ကြက်သီးမွေးညင်းများပင် ထပါသည်ဘုရား။ မြတ်စွာဘုရားနှင့် တရား သံဃာများအပေါ်မှာလည်း ပို၍ပို၍ ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာပါတယ်ဘုရား။

http://www.dhammadownload.com



အဲဒီလို သဒ္ဒါတရား ဖြစ်ပေါ်လာတဲ့အခါမှာ နှလုံးသား ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်း၊ နှစ်သက်ခြင်းများ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာပါတယ် ဘုရား။

ဆရာတော်ဘုရား၊ တစ်ချိန်မှာလည်း ထိုင်ပြီးတော့ ရှုပွား အားထုတ်နေရာ လောကီချမ်းသာမျိုးနှင့် မတူတဲ့ မဘုနိုင်သော အအေးဓာတ်ပါသော ပကတိအေးချမ်းတဲ့ အရသာကို ခံစားရပါ တယ်ဘုရား။ နာရီ အချိန်ပြည့်သွားတာတောင် မဖြုတ်နိုင်ဖြစ်ခဲ့ ရပါတယ်ဘုရား။

တပည့်တော်လည်း ဆက်လက်ပြီး အားထုတ်ခဲ့ပါတယ် ဘုရား၊ တစ်ထိုင်အချိန်ပြည့်တိုင်း အမျှဝေလေ့ရှိတဲ့ ဆရာတော် ဘုရားနှင့် ယောဂီများရဲ့ အမျှပေးဝေတာကို စိတ်ထဲမှလိုက်ဆို ရင်း စိတ်ထဲမှ အမျှဝေပြီး ဆရာတော်ဘုရားနှင့် ယောဂီများ ဝေတဲ့ အမျှကိုလည်း စိတ်ထဲမှ သာဓုခေါ်ပါတယ်ဘုရား။

အဲဒီလို အမျှဝေ သာဓုခေါ်နေတဲ့အချိန်မှာ အေးချမ်းတဲ့ အရသာထူးကို အခြားအချိန်တွေထက် ထူးထူးကဲကဲ ခံစားလိုက် ရပါတယ်ဘုရား။

မိမိပြုထားသမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို "အမျှ-အမျှ- အမျှ" ယူတော်မူကြပါကုန်လော့လို့ အမျှဝေလိုက်တာနဲ့ တစ်ပြိုင် နက် တပည့်တော်ရဲ့ ကိုယ်မှာ အလိုအလျောက် အအေးဓာတ် များ အကြိမ်ကြိမ် ဖြာပြီး အေးဆင်းသွားပါတယ်ဘုရား။

အအေးဓာတ်များ ဖြာဆင်းသွားတာကို ဥပမာပြရရင် လျှပ်စစ် မီးပန်းကလေးများသဖွယ် ဖြာပြီး အေးသွားတဲ့ အအေးဓာတ်ဟာ

http://www.dhammadownload.com



တပည့်တော်ရဲ့ စိတ်နှလုံးကို ကြည်လင်အေးချမ်းစေပြီး အင်မတန်မှ ချမ်းသာခြင်းကိုဆောင်တဲ့ အအေးဓာတ်ပါ ဘုရား။

သာဓုခေါ်တဲ့အချိန်မှာလည်း ကြက်သီးမွေးညင်းများ ၃–ကြိမ်၊ ၃–ခါ ထပါတယ်ဘုရား။ တပည့်တော်ရဲ့ မျက်စိအစုံဟာလည်း မှိတ်ထားတဲ့ကြားက ဖျတ်ခနဲဖျတ်ခနဲ ပွင့်ပွင့်သွားပါတယ် ဘုရား။ ဘုရားတပည့်တော်လည်း အံ့သြရပါတယ်ဘုရား။

မြတ်စွာဘုရားရဲ့ သတိပဋ္ဌာန် တရားတော်ဟာ သိမ်မွေ့နက်နဲပြီး ကြီးကျယ်မြင့်မြတ် ဆန်းကျယ်လှပါတယ် ဘုရား။ ဆရာတော်ဘုရားအား တပည့်တော် သိချင်တာလေးများကို မေးလျှောက်ပါရစေဘုရား။

တပည့်တော် အမျှဝေ သာဓုခေါ်လိုက်သည်နှင့်တစ်ပြိုင်နက် လျှပ်စစ်မီးပန်းများနှင့်အတူ ဖြာပြီးအေးချမ်းသွားတဲ့ အအေးဓာတ်၊ ပေါ့ပါးကြည်လင်ပြီး ချမ်းသာခံစားမှုကို ခံစားရပြီး ကြက်သီးမွေးညင်းများထတာ ဘာကြောင့်များပါလဲ ဘုရား။

နောက်တစ်ချက်က မှိတ်ထားတဲ့မျက်လုံးများ မိမိအလိုဆန္ဒမပါဘဲ ဖျတ်ခနဲဖျတ်ခနဲ အကြိမ်ကြိမ်ပွင့်သွားတာ ဘာကြောင့်ပါလဲ ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော် အဲဒီလိုဖြစ်ပြီးတဲ့နောက်ပိုင်းမှာ လျှောင်းပြီး မှတ်တဲ့အခါ ပေါ့ပါးကြည်လင်ပြီး အေးနေတဲ့အရသာထူးဟာ ရင်ဝမှာ တည်နေပါတယ်ဘုရား။ ထိုင်ပြီးမှတ်တဲ့အခါမှာတော့ အပေါ်မှာ တည်နေပါတယ် ဘုရား။

http://www.dhammadownload.com



အဲဒီတရားအရသာကို ပထမတော့ တဒင်္ဂလေး ခံစားရပေမယ့် နောက်ပိုင်းမှာတော့ အချိန်တော်တော်ကြာကြာ ခံစားရပါတယ် ဘုရား။ အဲဒီချမ်းသာကို ခံစားနေရတဲ့အချိန်မှာ ပတ်ဝန်းကျင်မှ အသံများ ဘာမှမကြားရတော့ပါဘုရား။ တခြားသောအာရုံတွေဆီလည်း စိတ်မပျံ့လွင့်တော့ပါ ဘုရား။ အရှုခံအာရုံပေါ်မှာသာ တည်နေပါတယ်ဘုရား။

အဲဒီတရားအရသာကို တွေ့ရှိခံစားပြီးတဲ့ နောက်ပိုင်းမှာ တပည့်တော်ရဲ့ လက်တွေ ခြေတွေ လှုပ်ရှားတိုင်း ပုတီးစေ့ကလေးများသဖွယ် တစ်ခုချင်းတစ်ခုချင်း ဖြစ်ပေါ်ပြီးနောက် ပျက်ချုပ်ပျောက်သွားတာများကို မျက်စိနှင့် မြင်ရသည့်အလား ဉာဏ်မျက်စိမှာ ထင်ရှားစွာ မြင်လာပါတယ်ဘုရား။

အဲဒီအချိန်မှာ တပည့်တော်ရဲ့ ခန္ဓာကိုယ်ဟာ အင်မတန်မှ ပေါ့ပါးနေပါတယ်ဘုရား။ လမ်းသွားတဲ့အခါမှာလည်း လေထဲမှာ သွားနေရသလိုပါပဲ ဘုရား။ ခြေလှမ်းတိုင်းကို ရုပ်–ရုပ်လို့ တစ်ချက်ချင်း မှတ်ရှုနေပေမယ့် ခန္ဓာကိုယ်ကြီးဟာ ပေါ့နေတော့ တပည့်တော်ကိုယ်ကို တပည့်တော် မထိန်းနိုင်ဘဲ ယိုင်ပြီး ငြိမ့်ခနဲငြိမ့်ခနဲ ဖြစ်နေပါတယ်ဘုရား။ ထိုင်တဲ့အခါမှာလည်း သူများတကာတွေထက် မြင့်တက်နေတယ်လို့ ထင်ရပါတယ် ဘုရား။

ဆရာတော်ဘုရား။ တပည့်တော် သိချင်တာက အင်မတန်မှ လေးလံတဲ့ ခန္ဓာကိုယ် ဝန်ထုပ်ဝန်ပိုးကြီးဟာ ဘာကြောင့်များ မိမိကိုယ်ကို မထိန်းနိုင်လောက်အောင် ပေါ့ပါးသွားရပါသလဲဘုရား။

နိဗ္ဗာန်ကို တဒင်္ဂမျက်မှောက်ပြုရင် အပါယ်တံခါး ပိတ်တယ်ဆိုတာ ဟုတ်ပါသလား ဘုရား။

http://www.dhammadownload.com



ဆရာတော်ဘုရား၊ တပည့်တော် ခံစားရတဲ့ တရားအရသာဟာ နိဗ္ဗာန်ကို တဒင်္ဂမျက်မှောက် ပြုတာဆိုရင် တပည့်တော် အဘယ်ဝမ်းသာခြင်းမျိုးနှင့်မျှ မတူနိုင်သော ဝမ်းသာခြင်းဖြင့် ဝမ်းသာရမှာပါဘုရား။ မဟုတ်သေးဘူးဆိုရင် တပည့်တော် ဆက်လက်ပြီး ကြိုးစားပါ့မယ် ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော် ရှုပွားအားထုတ်ရသော ဤဘာဝနာ ကုသိုလ်ကောင်းမှုနှင့်တကွ ပြုပြုခဲ့သမျှ ကုသိုလ်ကောင်းမှု အစုစုတို့ကြောင့် တပည့်တော် လိုလားပန်ဆင်အပ်သော သာဝကဗောဓိစုဖြင့် နိဗ္ဗာန်ကို ဘဝတိုတိုနှင့် လျင်မြန်စွာ ရောက်ရပါလို၏ ဘုရား။

ဆရာတော်ဘုရား၊ အားလပ်၍ အနားယူတဲ့အခါမှ ဖြေကြားပေးပါဘုရား။

ဆရာတော်ဘုရားအား ရိုသေလေးစားစွာ ရှိခိုးဦးတင်လျက်–

(.........)

သို့

(.........)

ပေးစာနဲ့ ပြန်စာရဲ့ ရက်တွေကွာခြားမှုကတော့ ကြာလှပါတယ်၊ ဘုန်းဘုန်းအားမှ ဖြေကြားပါဆိုလို့ ကြာသွားတာလားတော့ မသိပါ၊ အတော်ကြာသွားပါတယ်၊ အဲဒီအမေးထက်ကြာတဲ့ အမေးတွေလည်း ရှိပါသေးတယ်။ စိတ်ဝင်စားမှု မရှိသေး၍ မဖြေရသေးပါ။

http://www.dhammadownload.com



စာရေးတယ်ဆိုတာလည်း အခက်သားပဲ။ အတင်းအဓမ္မ အမိန့်နဲ့ အာဏာနဲ့ ရိုက်ပုတ်ပြီး ရေးခိုင်းလို့ရတာမျိုးမှ မဟုတ်ဘဲနဲ့။ စိတ်ရှင်လန်းမှ၊ စိတ်ပါမှရေးလို့ရတာ မဟုတ်လား။ (......)ရဲ့ စာရတော့ စိတ်ဝင်စားပါတယ်၊ အလုပ်များ မအားတာကြောင့်ပါ၊ အဖြေအနေကတော့ လိုရင်းတွေပဲ ကွက်ပြီးတော့ ဖြေပါ့မယ်။ အမေးနဲ့ ပြန်တိုက်ပြီး ဖတ်ရှုပါ။

(.........)ရဲ့ အားထုတ်မှုအတွေ့အကြုံဟာ ရက်အနည်းငယ်နဲ့ ဒီလောက် တွေ့ကြုံတာ ကောင်းတယ်လို့ ဆိုရပါမယ်။ ကောင်းတယ်ဆိုလို့ ဘဝင်လည်းမြင့်မသွားနဲ့ဦးနော်။

အေးသော အခိုးအငွေ့တန်းကြီး ထွက်ပေါ်လာတာ ဘာကြောင့်များပါလဲ ဘုရား၊ တပည့်တော်သိချင်ပါတယ် ဘုရား ဆိုတဲ့ အမေးကို ဖြေရရင် တေဇော၊ ဝါယော ဖောက်ပြန်မှုလို့ ဆိုနိုင်ပါတယ်။ တရားအားထုတ်လို့ စိတ်ဓာတ်တွေ အေးမြနေတဲ့ အခါမို့လို့ စိတ်အကြောင်းခံတဲ့ စိတ္တဇ၊ ဥတုဇ၊ တေဇော၊ ဝါယောလို့ ဆိုနိုင်ပါတယ်။

ရှင်းရှင်းဖြေရသော် အပူအအေး၊ ဥတုမျှတမှု၊ ဣရိယာပထမျှတမှု၊ စိတ်အေးချမ်းမှု အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ တေဇော၊ ဝါယော၊ ရုပ်ဓာတ်ဖောက်ပြန်မှုပါပဲ၊ တခြား ကြောက်စရာ လန့်စရာ မဟုတ်ပါ။ အထူးအဆန်းလည်း မဟုတ်ပါ။ မတွေ့ဖူးသေးတဲ့ ယောဂီအတွက်တော့ အထူးပေါ့။

နောက်အမေးတစ်ခုကို ဖြေရမယ်ဆိုရင် ရှုမှတ်မှုကစပြီး ဖြေမှဖြစ်ပါမယ်။ (.........) ရှုမှတ်နေစဉ် နှလုံးတစ်ချက်ခုန်

http://www.dhammadownload.com



တာနဲ့ "ရုပ်" လို့ ရှုမှတ်လိုက်တဲ့ အမှတ်ကလေးတစ်မှတ်ဟာ နှလုံးထဲကို ထုတ်ချင်းပေါက်ဝင်သွားတာ ထင်ထင်ရှားရှား မြင်ရပါတယ် ဘုရား ဆိုတာနဲ့ ပတ်သက်လို့ (.........)ရဲ့ ရှုမှတ်မှုဟာ ပညတ်ဆန်သွားပြီ။ ရှုမှတ်စိတ်ဟာ သဘောမျှသာပါ၊ သဏ္ဌာန်၊ အထည်၊ ကိုယ်ဟန်မရှိပါ။ ယခု "အမှတ်ကလေးတစ်မှတ်ဟာ နှလုံးထဲကို ထုတ်ချင်းပေါက် ဝင်သွားတာဆိုကတည်းက" ရှုမှတ်စိတ်ပရမတ်ပေါ် ပညတ်လွှမ်းပါပြီ။

နှလုံးအိမ်ကို မြားစိုက်သလို ထုတ်ချင်းပေါက် ဝင်သွားပြီးသည်နှင့် တစ်ပြိုင်နက် တပည့်တော် မိုက်ခနဲ ဖြစ်သွားပါတယ်ဘုရားဆိုတာလည်း "အမှတ်ကလေး တစ်မှတ်ဟာ နှလုံးထဲကို ထုတ်ချင်းပေါက်ဝင်သွားတယ်"ဆိုတဲ့ အသိမှား၊ အယူမှား၊ အမြင်မှားကြောင့် မိုက်ခနဲ ဖြစ်သွားတာပါ။

တကယ်လို့သာ မိုက်ခနဲမဖြစ်ဘဲ သတိရှိရှိ ကြည်ကြည်လင်လင်နဲ့ ရှုနိုင်ရင် အာရုံဟာ ဒီထက်ကောင်းပြီး ဒီထက်ခွင်းဖို့ပါပဲ။

အဲဒီ ချမ်းသာသုခအရသာဟာ လောကမှာရှိနေတဲ့ ဘယ်အရသာနဲ့မှ မတူပါဘူးဘုရားဆိုတာနဲ့ ပတ်သက်လို့ မတူပုံကို ရှင်းပြပါဦးမယ်။ ဒီလောကထဲမှာ ချမ်းသာသုခတွေက–

၁။ လူတို့ရဲ့ ကာမချမ်းသာ။

၂။ နတ်တို့ရဲ့ ကာမချမ်းသာ။

၃။ ဗြဟ္မာတို့ရဲ့ ဈာန်ချမ်းသာ။

၄။ ဝိပဿနာ ချမ်းသာ။

http://www.dhammadownload.com



၅။ မဂ် ချမ်းသာ။
၆။ ဖိုလ် ချမ်းသာ။
၇။ နိဗ္ဗာန် ချမ်းသာ။

ရယ်လို့ ချမ်းသာသုခ (၇)မျိုးရှိပါတယ်။ (.........) ယခု ခံစားရတဲ့ ချမ်းသာသုခဟာ (၇) မျိုးအနက် တဒင်္ဂတစ်ခဏ ကိလေသာငြိမ်းအေးမှု အကြောင်းပြုပြီး ခံစားရတဲ့ ဝိပဿနာ ချမ်းသာပါပဲ။ ဝိပဿနာချမ်းသာဟာ ချမ်းသာ (၇)မျိုးအနက် ၄–ဆင့်မြောက် ချမ်းသာဖြစ်ပြီး လူ၊ နတ်၊ ဗြဟ္မာတို့ရဲ့ ကာမ ချမ်းသာ၊ ဈာန်ချမ်းသာထက် မြတ်တယ်ဆိုတော့ လူ့လောကမှာ ခံစားဖူးတဲ့ ချမ်းသာမျိုးစုံထက် သာလွန်ထူးကဲတယ်ဆိုတာ မှန်ပါ တယ်၊ ဟုတ်ပါတယ်။

တပည့်တော်သိချင်တာက ယခု တပည့်တော် ခံစားရတဲ့ တရားအရသာဟာ နိဗ္ဗာန်ကို တဒင်္ဂမျက်မှောက် ပြုတာလား ဆိုတာကို သိပ်ပြီး သိချင်နေပါတယ် ဘုရား။ ဖြေကြားတော်မူ ပါ ဆိုတာနဲ့ ပတ်သက်လို့ ကိလေသာ တဒင်္ဂတခဏ ချုပ်မှုကို "တဒင်္ဂနိရောဓ" လို့ဆိုတော့ (.........) ခံစားရတဲ့ တရား အရသာဟာ တဒင်္ဂနိဗ္ဗာန်လို့တော့ တင်စားနိုင်ပါတယ်၊ နိဗ္ဗာန်ကို တဒင်္ဂမျက်မှောက်ပြုတာလို့တော့ မဆိုနိုင်သေးပါ။

နိဗ္ဗာန်ကို မျက်မှောက်ပြုရင် အာရုံက နိဗ္ဗာန်ဖြစ်သွားပြီး ဉာဏ်ကလည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြစ်ရမှာပါ။ ယခု (......)ရဲ့ တရားအရသာဟာ အာရုံက ရုပ်နာမ်ပဲရှိသေးတော့ ဉာဏ်က လည်း ဝိပဿနာဉာဏ်ပဲ ရှိပါသေးတယ်။ ဒါကြောင့် ဝိပဿနာ ချမ်းသာလို့ပဲ ဆိုရမှာပေါ့။

http://www.dhammadownload.com



လုံ့လတော့ မလျှော့ပါနဲ့၊ ဝိပဿနာ ချမ်းသာတောင် ဒီလောက်ချမ်းသာရင် မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ဆိုရင် ဘယ်လောက် ချမ်းသာမလဲလို့ မျှော်ပြီး ဆက်ကြိုးစားပါ။

အမျှဝေ၊ သာဓုခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် လျှပ်စစ် မီးပန်းများနှင့်အတူ ဖြာပြီးအေးချမ်းသွားတဲ့ အဲအေးဓာတ်၊ ပေါ့ပါး ကြည်လင်ပြီး ချမ်းသာခံစားမှုကို ခံစားရပြီး ကြက်သီးမွေးညင်း များထတာ ဘာကြောင့်များပါလဲ ဘုရားဆိုတာနဲ့ ပတ်သက်လို့ ဖြေရရင် ပီတိကြောင့်လို့ပဲ အတိုချုပ် ဖြေရပါမည်။

တရားရှုပွားအားထုတ်လို့ အရှုခံအာရုံနဲ့ ရှုတဲ့ဉာဏ်နဲ့ တည့် လာတဲ့အချိန်မှာ အနည်းငယ် ကြက်သီးမွေးညင်းထတတ်ပါတယ်၊ အဲဒါဟာ ပီတိသဘောပါ။ အနည်းငယ်ဖြစ်တဲ့အတွက် ခုဒ္ဒိကာ ပီတိလို့ ခေါ်ပါတယ်။

ကြက်သီးမွေးညင်း ခဏခဏ ဆက်ကာဆက်ကာ ဖြစ်ပြီး ချမ်းသာသုခဖြစ်နေရင် ခဏိကာပီတိသဘောလို့ မှတ်ပါ။ အဓိက အကြောင်းကတော့ စိတ်ရွှင်လန်း ချမ်းမြေ့မှုကြောင့်လည်း ကြက်သီးမွေးညင်း ထခြင်းလို့ပဲ မှတ်ပါ။

စိတ်ရွှင်လန်းချမ်းမြေ့မှု ဝမ်းသာမှုကြောင့် ကြက်သီးမွေးညင်း ထတတ်သလို ကြောက်မှုကြောင့်လည်း ကြက်သီးမွေးညင်း ထတတ်ပါတယ်။ နောက်အခါ အဲဒီအကြောင်းတွေ ကိုယ်တိုင် သိလာပါလိမ့်မယ်။

မှိတ်ထားတဲ့ မျက်လုံးများ မိမိအလိုဆန္ဒမပါဘဲ ဖျတ်ခနဲ ဖျတ်ခနဲ အကြိမ်ကြိမ် ပွင့်သွားတာ ဘာကြောင့်ပါလဲဘုရားဆိုတာနဲ့

http://www.dhammadownload.com



ပတ်သက်လို့ ဖြေရရင် မျက်စိကို ပွင့်အောင် ပိတ်အောင် ပြုစွမ်းနိုင်တာ ဝါယောရုပ်ပဲရှိတယ်။ မိမိတို့မျက်စိ ဖွင့်ချည်မှိတ်ချည်ဖြစ်အောင် ဝါယောရုပ်က ပြုပြင်ပါတယ်။ စိတ်မပါဘဲနဲ့ မိမိအလိုဆန္ဒမပါဘဲနဲ့ ပွင့်သွားပါတယ်ဆိုရင် ဥတုဇဝါယောပေါ့။ ဥတုကြောင့် ဖြစ်တဲ့ ဝါယောပေါ့။

အဲဒီ ဥတုဇဝါယောလည်း တကယ်တော့ စိတ်အကြောင်းမကင်းပါဘူး၊ စိတ်အကြောင်းခံတဲ့ "စိတ္တပစ္စယဥတုဇဝါယောကြောင့်ပဲ" လို့ ဆိုနိုင်ပါတယ်။

ဟုတ်တယ်လေ။ (.........)ရဲ့ စိတ်ကို ပြန်ပြီးသတိထားကြည့်ပါလား။ (.........)ရဲ့ စိတ်တွေဟာ အေးငြိမ်းပေ့ါပါးကြည်လင်ချမ်းသာမှုတွေ ဖြစ်နေတယ်။ အဲဒီလိုဖြစ်နေတော့ ကိုယ့်ဟာကိုယ် အားရကျေနပ်ပြီး ပီတိတွေဖြာဝေကာ "ငါ ကံထူးတယ်၊ ငါအရတော်တယ်" စသည်ဖြင့် ဖြစ်တတ်ကာ ခုန်ချင်သလို၊ ပေါက်ချင်သလို၊ မိတ်ဆွေ သူငယ်ချင်းတွေ ပြေးပြောချင်သလို စိတ်များ ဖြစ်လာတတ်ပါတယ်။ အဲဒီစိတ်တို့ရဲ့ စိတ်စွမ်း၊ အဲဒီစိတ်စွမ်းကြောင့် ဖြစ်တဲ့ စိတ္တဇ ဝါယောဓာတ်စွမ်းကြောင့်လို့ပဲ မှတ်ပါ။

အကြောင်းက တိုက်ရိုက်အကြောင်း မဟုတ်ဘဲ သွယ်ဝိုက်တဲ့အကြောင်းပေါ့၊ သို့မဟုတ် အထောက်အပံ့ အကြောင်းပေါ့၊ နောက်တစ်ခါ သတိထားရှုကြည့်ရင် အကြောင်းစစ်အကြောင်းမှန် ကိုယ်တိုင်သိလာပါလိမ့်မယ်။ ကိုယ်တိုင် သိလာအောင်ရှုပါ။

http://www.dhammadownload.com



အင်မတန်မှ လေးလံတဲ့ ခန္ဓာကိုယ် ဝန်ထုပ်ဝန်ပိုးကြီးဟာ ဘာကြောင့် မိမိကိုယ်ကို မထိန်းနိုင်လောက်အောင် ပေါ့ပါးသွားရပါသလဲဘုရားဆိုတာနဲ့ ပတ်သက်လို့ ဖြေရရင် အကုသိုလ်တရားတွေရဲ့ သဘောဟာ အောက်သို့ဆွဲတဲ့ သဘောရှိတယ်၊ လေးလံထိုင်းမှိုင်းတဲ့ သဘောရှိတယ်၊ ကုသိုလ်တရားတွေရဲ့ သဘောဟာ အထက်သို့ဆွဲတဲ့ သဘောရှိတယ်။ ပေါ့ပါးလျင်မြန်တဲ့ သဘောရှိတယ်။

ပေါ့ပါးသွားရတာဟာ အဆင့်အနေနဲ့ ဖြေရရင် ပီတိအဆင့်ထက် မြင့်တဲ့ ပဿဒ္ဓိအဆင့်ပေါ့၊ ပဿဒ္ဓိကို အငြိမ်းလို့ ပြန်ဆိုနိုင်ပါတယ်။

အခု (.........)ရဲ့ ပဿဒ္ဓိဟာ ပေါ့ပါးတဲ့ ပဿဒ္ဓိလို့ပဲ ပြောရမှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ "ကိုယ်ငြိမ်း စိတ်ငြိမ်း၊ ကိုယ်ပေါ့၊ စိတ်ပေါ့၊ ကိုယ်နူးညံ့၊ စိတ်နူးညံ့၊ ကိုယ်မှုဒ္ဒခန့်၊ စိတ်အမှုဒ္ဒခန့်၊ ကိုယ်ဖြောင့်စိတ်ဖြောင့်" ဆိုတဲ့ သဘောတွေဟာ တစ်တွဲပါ။

အဲဒီလို ပေါ့ပါးပြီဆိုတော့ ကိုယ်မှာ နာကျင်ကိုက်ခဲမှုတွေလည်း မဖြစ်တော့ဘဲ အားထုတ်ချိန်တိုင်း ချမ်းသာလာတတ်ပါတယ်။ ချမ်းသာတော့ အရှုခံနဲ့ရှုဉာဏ်လည်း အမြဲတည့်နေပါတယ်၊ သမာဓိဖြစ်တယ်ပေါ့၊ အဲဒီအခါမှာ ဉာဏ်လာဖို့ အရေးကြီးပါတယ်၊ ကြိုးစားပါ။

"နိဗ္ဗာန်ကို တဒင်္ဂမျက်မှောက်ပြုရင် အပါယ်တံခါး ပိတ်တယ်ဆိုတာ ဟုတ်ပါသလား" ဆိုတာနဲ့ ပတ်သက်လို့ ဖြေရရင် ဟုတ်တယ်လို့ ဖြေရပါမယ်။

http://www.dhammadownload.com



နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ သောတာပတ္တိမဂ်ဖိုလ် ရမှ ပြုနိုင်ပါတယ်။ မရသေးရင် အနုမာနအားဖြင့် မှန်းဆ၍သာ အာရုံပြုနိုင်ပါတယ်။ သောတာပန်ဖြစ်ပြီဆိုရင် အပါယ်တံခါး ပိတ်ပြီပေါ့။

အပါယ်တံခါးပိတ်တာက တစ်ဘဝနှစ်ဘဝပိတ်၊ အပြီးပိတ်ဖို့ နှစ်မျိုးရှိပါတယ်။ တစ်ဘဝ နှစ်ဘဝလောက်တော့ ကုသိုလ် တစ်ခုခုနဲ့ ပိတ်ပါတယ်။ အဲဒီတစ်ဘဝနှစ်ဘဝလွန်တော့ အပါယ် ပြန်ကျတတ်ပါတယ်။

အပြီးပိတ်တာကတော့ သောတာပတ္တိမဂ်ဖိုလ်ရမှ ပိတ်ပါ တယ်။ အဲဒါကတော့ နောက်ထပ်ပြန်ပြီး အပါယ်ကျလမ်း မရှိ တော့ပါ။

ဘာပဲဖြစ်ဖြစ်လေ (.........)ရဲ့ ယခုလောက်အခြေအနေ ရောက်တဲ့ အားထုတ်မှုဟာ အချည်းနှီး မဖြစ်ပါ။ အပါယ်တံခါး ပိတ်ရေးအတွက် များစွာ အထောက်အပံ့ ဖြစ်နေပါပြီ။

အဲဒါကိုပဲ ပြန်ပြီး အာရုံပြုကာ အဘယ် ဝမ်းသာခြင်းမျိုး နှင့်မျှ မတူနိုင်သော ဝမ်းသာခြင်းဖြင့် ဝမ်းသာကာ ဆက်လက် ပြီးတော့ အဲဒီအခြေအနေထက် မြင့်တက်အောင် ကြိုးစားပါ။

အထူးသဖြင့် ရပြီးသား အခြေအနေထက် မတိုးတက် တောင်မှ ရပြီးသားအခြေအနေအောက်သို့ မကျသွားအောင် ကြိုးစားဖို့က ပိုပြီးအရေးကြီးပါတယ်။

တရားအားထုတ်တဲ့နယ်မှာ ရိပ်သာမှာတုန်းက တစ်မျိုး၊ အပြင်ကျတော့ တစ်မျိုးဖြစ်သွားလို့ တရားတွေ နာမည်ပျက်နေ

http://www.dhammadownload.com



ပါတယ်။ (.........)တော့ အဲဒီလို မဖြစ်ပါစေနဲ့၊ ရိပ်သာက အခြေအနေထက် မတိုးတက်တောင်မှ မကျသွားအောင် ကြိုးစားပါ။

အဲဒီလို ကြိုးစားနေပါက သပ္ပာယမျှတမှုကို အကြောင်းပြုပြီး မိမိလိုချင် ရချင် ဖြစ်ချင် ရောက်ချင်တဲ့ အခြေအနေသို့ တစ်ခဏချင်း ရောက်သွားနိုင်ပါတယ်။ ရောက်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်ပါးမက အများကြီးပါ။ (.........)လည်း ရောက်အောင် ကြိုးစားနိုင်ပါစေသတည်း။

- လောကထဲမှာ သိစရာ များစွာရှိလေသည်။
- ကိုယ်မသိတာ သိသူမှာ သေချာမေးရသည်။
- မေးမြန်းလိုက်က အဖြေရ ရှောင်ရပြုရသည်။
- မမေးမြန်းက ဖြေမရ ဘာမှမဖြစ်ပြီ။
- ထို့ကြောင့် သူငါ သိစရာ ဖွေရှာမေးရမည်။

http://www.dhammadownload.com



# ရဟန်းတို့င်း ကထိန်ခံထိုက်ပါသလား

{၁၆}

ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်ကြသော ဗုဒ္ဓသာသနာဝင် ဒါယကာ၊ ဒါယိကာမများတို့သည် ကထိန်အလှူကို သဒ္ဓါဖွေးဖြူ အရေးတယူ အမြတ်တနိုး ပေးလှူကြကုန်၏။ ကထိန်ခေတ်တွင် မြို့ရွာ ရပ်ကွက်တွေမှာ ကထိန်အလှူပွဲအတွက် အားခဲကြသည်။

ကထိန်အလှူသည် သာသနာတော်ထမ်း ရဟန်းတော်တို့အတွက် အလွန်တရာ အကျိုးကြီးသော အလှူဖြစ်ပါသည်။ ဤသို့ဖြစ်၍ ဒါယကာ ဒါယိကာမများက ကထိန်အလှူကို အားထားကာ အရေးတယူ ပေးလှူကြပါသည်။

ယင်းသို့ ကထိန်အလှူကို ပေးလှူကြသော်လည်း အလှူခံရဟန်းတော်မှာ ကထိန်အင်္ဂါနှင့် မညီသော် ကထိန်အလှူ မဖြစ်နိုင်ပါ။ ကထိန်အကျိုး မရနိုင်ပါ။

http://www.dhammadownload.com



မှန်ပါသည်။ တခြားတခြားသော အလှူတွေမှာ အလှူပေးသူ၊ အလှူခံသူ နှစ်ဦးနှစ်ဝ ကြည်ဖြူကျေနပ်၍ အလှူပေး အလှူခံက အထမြောက်၍ အလှူအကျိုးရပါသည်။

ကထိန်အလှူမှာ ယင်းသို့ အလှူပေးသူ၊ အလှူခံသူ နှစ်ဦးနှစ်ဝ ကြည်ဖြူကျေနပ် အလှူပေး အလှူခံရုံမျှနှင့် ကထိန်အလှူ မဖြစ်နိုင်သေးပါ။

ယင်းသို့ဖြစ်၍ ကထိန်အကြောင်းကို ကထိန်အလှူ လှူလိုသူ၊ လှူနေသူ ဒါယကာ ဒါယိကာမများလည်း သိသင့်ပါသည်၊ ကထိန်အလှူခံမည့် ရဟန်းတော်များလည်း သိသင့်ပါသည်။ ယင်းသို့ သိကောင်း သိထိုက်သည့် ပြဿနာကို မိမိအား ရဟန်းတော်တစ်ပါးက မေးပါသည်။

"အရှင်ဘုရား၊ ရဟန်းတိုင်း ကထိန်ခံထိုက်ပါသလား"

"အို...အရှင်ဘုရားကလည်း ဒီပြဿနာက ရိုးနေပါပြီ အရှင်ဘုရားလည်း သိပြီးသားပါ၊ ပြီးတော့ ကထိန်အမေးအဖြေတွေလည်း အရှိသားပဲ။ တပည့်တော် မဖြေကြားပါရစေနဲ့"

"ဩော်...အရှင်ဘုရားကလည်း တပည့်တော် သိပေမယ့် အများသိဖြစ်အောင် စာဖတ်ပရိသတ် သိဖြစ်အောင် သိစေချင်လို့ မေးတာပါ"

"အမယ်လေး လွယ်လွယ်လေးပါဘုရား၊ သိချင်ရင် သိချင်တဲ့သူက အဲဒီ ကထိန်အမေးအဖြေတွေ ဝယ်ဖတ်ရုံပဲပေါ့ဘုရား"

"ဩော်...အရှင်ဘုရားကလည်း ပြောတော့သာ လွယ်တာ၊ အဲဒီ ကထိန်အမေးအဖြေ စာအုပ်တွေက ပါဠိတွေနဲ့ရေးထား

http://www.dhammadownload.com



တော့ လူတွေက သိချင်လို့ ဖတ်ပေမယ့် နားမလည်ကြဘူး။ ပြီးတော့ ဖတ်လည်းမဖတ်ကြလို့ နားမလည်ကြဘူး"

"အရှင်ဘုရားရေးသလို မြန်မာစကားပြေနဲ့ အမေးအဖြေနဲ့ ရေးရင် လူအများနားလည်မယ်။ ဖတ်ကြမယ်၊ ဖတ်ကြတော့ လှူတာတ်၊ အလှူခံတတ်ဖြစ်မယ်၊ အဲဒီလိုဆိုရင် လှူသူရော အလှူခံသူပါ နှစ်ဦးနှစ်ဝ အကျိုးရှိတာပေါ့"

"ဒါဖြင့် အရှင်ဘုရားက ဟို ရှင်သာရိပုတ္တနှင့် ရှင်မဟာကောဋ္ဌိကတို့ မေးကြဖြေကြသလို အရှင်ဘုရားမသိလို့ မဟုတ်ဘဲ နောင်လာနောက်သား အလှူရှင်များ၊ အလှူခံသူများ အတွက်ပေါ့ ဘုရား"

"ဟုတ်ပါတယ်၊ အလှူရှင် အလှူခံ နှစ်ဦးလုံးသိပြီး သဘောပေါက်ပြီး အကျိုးများစေချင်တဲ့ သဘောနှင့် မေးတာပါ။ ဖြေပေးပါ ဘုရား၊ အများသဘောပေါက်အောင် ရေးစမ်းပါ"

"အင်း၊ စွမ်းအားရှိသလောက်တော့ ဖြေပါ့မယ်၊ ရေးပါ့မယ်၊ အများသဘောပေါက်-မပေါက်တော့ မသိပါဘူး ဘုရား"

## ကထိန်ခွင့်ပြု

အဲဒီ ကထိန်ကို ဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် ကိန်းအောင်းတော်မူတဲ့အခိုက် ကောသလမင်းနှင့် အဖသားချင်း ညီနောင်ရင်းဖြစ်ကြတဲ့ ဓုတင်ပဋိပတ် အကျင့်မြတ်ကို ကျင့်ကြတဲ့ ပုထုဇဉ်မပါ၊ သောတာပန်၊ သကဒါဂါမ် အနာဂါမ်တွေချည်းသာ ဖြစ်ကြတဲ့ ပါဝေယျကတိုင်းသား ညီနောင် သုံးကျိပ်တို့ကို အကြောင်းပြုပြီးတော့ ခွင့်ပြုပါတယ်။

http://www.dhammadownload.com



အကြောင်းရင်းက အဲဒီညီနောင်သုံးကျိပ်သော ရဟန်းတော်တို့သည် ပါဝါပြည်မှ သာဝတ္ထိပြည်သို့အလာတွင် အချိန်မီမရောက်ဘဲ သာကေတတွင် ဝါကပ်ပြီး ဝါကျွတ်လျှင် ကျွတ်ချင်း သာဝတ္ထိသို့ အလာ ခရီးအကြား မိုးများစွာရွာပါသည်။

ဝတ်ရုံလာသော သုံးထည်သော တိစီဝရိက်သင်္ကန်းတို့မှာ ရွှံ့နှစ်ညွံ့စေး ညစ်ကြေးစွဲကပ်သဖြင့် အလွန်တရာ ပင်ပန်းသော သဘောရှိသော ထိုရဟန်းတို့ကို မြင်တော်မူလျှင် အလွန်ပင် သနားတော်မူ၍ အကျိုးစီးပွား များစေခြင်းငှာ ကထိန်ခွင့်ပြုတော်မူပါသည်။

## ကထိန်ခေတ်

အဲဒီမှာ သတိပြုဖို့က စတင်ပြီးတော့ ကထိန်ပညတ်စဉ်က သင်္ကန်းနွမ်းပါးတဲ့ တောကျောင်းနေ ဓုတင်ဆောင် ရဟန်းတော်တွေကို အကြောင်းပြုပြီးတော့ ပညတ်တာပါ။

အဲဒီ ကထိန်အလှူတော်မင်္ဂလာကို သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်နေ့အထိ သင်္ကန်းလ၊ သင်္ကန်းကာလ တစ်လအတွင်း၌သာ ခင်းအပ်ပါသည်။

အဲဒီ တစ်လအတွင်းမှာလည်း ခင်းရမည့်ရက်ဟာ တစ်ရက်သာ ဖြစ်ပါတယ်။ ဒါကြောင့် ကထိန်အလှူကို “တစ်နှစ်မှ တစ်ခေတ်၊ တစ်ခေတ်မှ တစ်ကြိမ်သာ လှူရတဲ့အလှူ”လို့ အမွန်အမြတ် ထားကြပါတယ်။ မွန်လည်းမွန်မြတ်တဲ့ အလှူဖြစ်ပါတယ်။ အဲဒီ အလှူကို-

http://www.dhammadownload.com



၁။ ပုဗ္ဗကရဏကိုသိခြင်း၊
၂။ ပစ္စုဒ္ဓရိုကိုသိခြင်း၊
၃။ အဓိဋ္ဌာန်ကိုသိခြင်း၊
၄။ ခင်းခြင်းကိုသိခြင်း၊
၅။ မာတိကာကိုသိခြင်း၊
၆။ ပလိဗောဓကိုသိခြင်း၊
၇။ နှုတ်ခြင်းကိုသိခြင်း
၈။ အာနိသင်ကိုသိခြင်း

ရယ်လို့ "ရှေးဦးပြုလုပ်၊ ပစ္စုဒ်–ဓိဋ္ဌာန်၊ ခင်းရန်တဖြာ၊ မာတိကာ–ကြောင့်ကြ၊ ဥဒ္ဓါရ–အာနိသင်" အဲဒီ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းတော်မှသာ ကထိန်ခင်းထိုက်ပါသည်။

"ဒါဖြင့် ဒီအင်္ဂါရှစ်ပါးမှာ တစ်ပါးပါး ချွတ်ယွင်းရင် ကထိန်မထိုက်ဘူးပေါ့၊ ကထိန်ခင်းလည်း ကထိန်မဖြစ်ဘူးပေါ့"

"တင်ပါ့ဘုရား၊ အဲဒီအင်္ဂါအရ အဲဒီအတိုင်းပဲဖြစ်နေတာပေါ့"

"ဒီလိုဆိုရင် ကထိန်ခံချင်တဲ့ရဟန်းတော်ဟာ အဲဒီအင်္ဂါတွေ ပြည့်စုံအောင် ကြိုတင်ပြင်ဆင်ထားရမယ်ပေါ့"

"မှန်ပါ၊ ကြိုတင်ပြင်ဆင်ထားရပါမယ်"

"ဒီအင်္ဂါတွေ ကထိန်ခံတဲ့ ရဟန်းတော်တိုင်း ပြည့်စုံမယ်၊ သိမယ်လို့ အရှင်ဘုရား ထင်ပါသလား"

"မထင်ပါဘုရား၊ တပည့်တော် လက်တွေ့ တွေ့ပါတယ်၊ တပည့်တော်က ဘုရားဟောတော့ ကထိန်ချိန်မှာ ကထိန်ခင်းတဲ့အခါမှာ အဲဒီအင်္ဂါတွေမပြည့်တဲ့ မသိတဲ့ ကထိန်ခံသူတွေ တွေ့ရပါတယ်။ စိတ်မကောင်းဖြစ်မိပါတယ်"

http://www.dhammadownload.com



"တပည့်တော်က ဒီလို မဖြစ်စေချင်လို့ ဒီပြဿနာကို အရှင်ဘုရားအား လျှောက်တာပါ"

"တင်ပ့ါ၊ တပည့်တော်လည်း သိပါပြီ၊ ဖြေပါ့မယ်၊ အဲဒီကထိန်ရဲ့ မူလဘူတက သံဃာပါပဲ၊ သံဃာသည် ကထိန်၏ မူလဘူတပါပဲ"

## သင်္ကန်း ၃–ထည်

"သင်း–ကိုယ်–ဒု–အိပ်–မျက်–ပရိတ်–နိသိဒ်–မိုး–အမာ" ဆိုတဲ့ ကိုးထည်သော သင်္ကန်းတို့တွင် ကထိန်ခင်းထိုက်သော သင်္ကန်းကတော့ သုံးထည်ပဲ ဖြစ်ပါတယ်။

၁။ နှစ်ထက်သင်္ကန်း (ဒုကုဋ်)

၂။ ကိုယ်ဝတ် (အပေါ်ရုံ–ကောသီ)

၃။ သင်းပိုင် (ခါးဝတ်)

အားဖြင့် သုံးထည်သော သင်္ကန်းသာ ကထိန်၏ဝတ္ထု ဖြစ်ပါတယ်။ ကထိန်သင်္ကန်း ဖြစ်ပါတယ်။

"အဲဒီသုံးထည်သော သင်္ကန်းကိုတော့ ခေါမ မည်တဲ့ လျှော်၊ ဝါချည်၊ ပိုးချည်၊ သက္ကလပ်၊ ပိုက်ဆံလျှော်ချည်၊ ငါးပါးစုံရော ယှက်၍ ယက်အပ်သော သင်္ကန်းဟူ၍ ကထိန်သင်္ကန်းချည် အမျိုးဇာတ်အားဖြင့် ၆–မျိုး ပြားပါသည်။ ဆိုလိုတာက အဲဒီချည် ၆–မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ယက်ထားတဲ့ သင်္ကန်း ၃–ထည်နဲ့ ခင်းနိုင်တယ်လို့ ဆိုလိုပါတယ်နော်"

"မှန်ပ့ါဘုရား"

http://www.dhammadownload.com



## စ–လယ်–ဆုံး

အဲဒီကထိန်ရဲ့ အစ, အလယ်, အဆုံးက ဘယ်လိုလဲဆိုတော့ "လျှော်ဖွပ်၊ စီရင်ဖြတ်ယှဉ်ချုပ်–ဆိုး။ ဗိန္ဒုထိုးခြင်း" ဟု ဆိုအပ်သော ခုနစ်ပါးသည် အစ၊ ပစ္စုဒ္ဓိုရ်ပြုခြင်း၊ အဓိဋ္ဌာန်တင်ခြင်းသည် အလယ်၊ နှုတ်မြွက်၍ ခင်းခြင်းသည် ကထိန်၏အဆုံး ဖြစ်ပါသည်။

အဲဒီကထိန်ခင်းခြင်းကြောင့် ဖြစ်တဲ့အကျိုး ဂုဏ်အင်အာနိသင်တို့ကို အဘယ်သူတွေ ရထိုက်ပါသလဲဆိုတော့–

၁။ ဥပစာရ အတွင်းကျ၍ အပင်၌ မတည်သောရဟန်း။

၂။ နှုတ်မြွက်ကျူးရင့်အသံပြု၍ အနုမောဒနာပြုသော ရဟန်း။

၃။ နှုတ်မြွက်သောအား သူတစ်ပါးကို ကြားသိစေသော ရဟန်း

ရယ်လို့ အဲဒီရဟန်း ၃–ပါးတို့သည် ကထိန်ခင်းခြင်းကြောင့် ဖြစ်သော အကျိုးဂုဏ်အင် အာနိသင်တို့ကို ရထိုက်ပါတယ်။

## သံဃာအရေအတွက်

"အဲဒီကထိန်ခင်းတာဟာ အယုတ်ဆုံးအားဖြင့် အောက်ထစ် ဆုံးအားဖြင့် သံဃာငါးပါးရှိလျှင် ခင်းလို့ ဖြစ်ပါတယ်၊ ငါးပါးထက်များရင်တော့ ဆိုဖွယ်ရာမရှိပါဘူး။ ပိုပြီးတော့ ဖြစ်တာပေါ့"

http://www.dhammadownload.com



"အဲဒါလည်း လူသိနည်းပါတယ်၊ လူအများစု ထင်နေတာက ကထိန်ခင်းတယ်ဆိုတာ သံဃာတွေအများကြီး ပင့်နိုင်မှ အများကြီး လှူနိုင်မှ ခင်းရတယ်ထင်နေတာ"

"တင်ပါ၊ ဟုတ်ပါတယ်၊ အဲဒီလိုထင်နေတော့ ငါးပါးလောက်တော့ တတ်နိုင်ပါလျက်ကနဲ့ အများကြီးမှ ဖြစ်တယ်ထင်ပြီး မတတ်နိုင်တော့ ကထိန်မခင်းတော့ အလှူရှင်ရော ရဟန်းတော်ပါ အကျိုးယုတ်ပါတယ်"

"အေး၊ အဲဒါတွေကို လူအများသိစေချင်လို့ အရှင်ဘုရားကို မေးတာပါ"

## ကထိန်ခင်းထိုက်သော ရဟန်း

အများအားဖြင့် ယခုခေတ်တွင် ဝါကျွတ်လျှင် ကထိန်ခင်းရမည်၊ မိမိတို့ကျောင်းကို ကထိန်ခင်းရမည်၊ ကျောင်းထိုင်ဘုန်းကြီးကလည်း ဝါကျွတ်လျှင် ကထိန်ခံရမည်ဟု သိသည်။ ကထိန်ကို မျှော်သည်။ သို့သော် ပြည့်စုံရမည့် အရေးကြီးသော အင်္ဂါကိုမူ သတိမပြု ဖြစ်တတ်ပါသည်။ ယင်းအင်္ဂါကား–

"ပုရိမဝါ (ပထမဝါ) ကပ်၍ ဝါကျိုးဝါပြတ်မရှိ၊ ဝါမကျိုး ဝါမပြတ်သဖြင့် သီတင်းကျွတ်လပြည့် ပထမပဝါရဏာနေ့၌ ချမ်းမြေ့သာယာ ပဝါရဏာပြုပြီးသော ရဟန်းတို့သည်သာ ကထိန်ခင်းထိုက်ပါသည်"

"အင်း...အင်း...အဲဒီအင်္ဂါ သိပ်အရေးကြီးတာပေါ့"

"အမိန့်ရှိပါဦး၊ အရေးကြီးပုံကို"

http://www.dhammadownload.com



"ဝါကျိုးဝါပြတ်ပေါ့၊ ခုခေတ်မှာ တချို့ရဟန်းတော်တွေဟာ ဝါတွင်းမှာ အရုဏ်မတက်ခင် ကျောင်းကထွက်လာ ဆွမ်းခံကြ တယ်၊ တွေ့ဖူးတယ် မဟုတ်လား"

"မှန်ပါ၊ တွေ့ဖူးပါတယ်ဘုရား"

"ဝါကျိုး ဝါပြတ် မဖြစ်ဘူးလား"

"ဝါကျိုး ဝါပြတ် ဖြစ်တာပေါ့ ဘုရား"

"အရုဏ်မတက်ခင် ဆွမ်းခံတော့ ဆွမ်းအကပ်ခံတော့ အာပတ် မသင့်ဘူးလား"

"အာပတ်သင့်ပါတယ် ဘုရား"

"အဲဒီဆွမ်းကို စားတော့ကော အာပတ်မသင့်ဘူးလား"

"အာပတ်သင့်ပါတယ် ဘုရား"

"အဲဒီ ဝါကျိုးဝါပြတ်တဲ့ ရဟန်း ကထိန်ခံထိုက်ပါဦးမလား"

"မခံထိုက်ပါတော့ပါဘုရား"

"အေး...အေး...၊ အဲဒါကို ဒါယကာ၊ ဒါယိကာမတွေက မသိကြဘူး၊ ကထိန်ခံတဲ့ ရဟန်းတော်ကလည်း သတိမထားမိ ဘူး။ ဝါကျွတ်ရင် ကထိန်ခင်းရမယ်၊ ကထိန်ခံရမယ်လောက်သာ သိကြတာ"

## အရုဏ်တက်ခြင်း ၄-မျိုး

"အင်း...အင်း...ဟုတ်ပါပြီ၊ ဒါဖြင့် ဒီနေရာမှာ ဒါယကာ ဒါယိကာမတွေကော ရဟန်းတွေပါ အထူးသတိပြုရမှာက အရုဏ်ပဲ၊ အရုဏ်ကို လူအများ ရဟန်းအများက လေးနာရီထိုးရင် အရုဏ်တက်တယ် ထင်နေကြတယ်၊ အမှန်က လေးနာရီအရုဏ်

http://www.dhammadownload.com



မတက်ပါဘူး။ ဝိနည်းလေးစားတဲ့ ပုဂ္ဂိုလ်တွေဟာ အရဏ်ကို အထူးသတိပြုပါတယ်၊ အဲဒီအရဏ်ဟာ–

၁။ ပထမအရဏ်သည် ဖြူသောအဆင်းရှိ၏။

၂။ ဒုတိယအရဏ်သည် ပြည်းမျက်နှာအဆင်းရှိ၏။

၃။ တတိယအရဏ်သည် နီသောအဆင်းရှိ၏။

၄။ စတုတ္ထအရဏ်သည် ဖလပ်ပွင့်အဆင်းရှိ၏။

လို့ အရဏ်ဟာ ၄–မျိုးကွဲပြားပါတယ်။ အဲဒီ ၄–မျိုးမှာ ဆွမ်းခံခြင်း၊ ဆွမ်းကပ်ခြင်း၊ ဆွမ်းစားခြင်းအတွက်

၁။ ပထမအရဏ်သည် အလွန်နုသေးသည်ဖြစ်၍ မအပ်။

၂။ ဒုတိယအရဏ်သည် မိုက်မှောင်သေးသည် ဖြစ်၍ မလျော်။

၃။ တတိယအရဏ်မှ ဆွမ်းခံခြင်း၊ ဆွမ်းကပ်ခြင်း၊ ဆွမ်းစားခြင်း ပြုအပ်ပါတယ်။

၄။ စတုတ္ထအရဏ်ကား ပြောဖွယ်မရှိ။ လင်းလွန်းနေပြီး ပြုအပ်ပြီတဲ့။

"အဲဒီ အရဏ် ၄–ပါးကို ဒါယကာ၊ ဒါယိကာမတွေကော ရဟန်းသံဃာတွေပါ သတိထားပြီး အရဏ်တက်နှင့် ကိုက်ညီအောင် လှူသင့်၊ အလှူခံသင့်ပါတယ်"

## ကထိန်သင်္ကန်း လှူဒါန်းနိုင်သူ

"ကဲ…ဝါမကျိုး ဝါမပြတ်၍ ကထိန်ခံထိုက်ပြီဆိုပါတော့၊ အဲဒီကထိန်လျာသင်္ကန်းကို ဘယ်ပုဂ္ဂိုလ်တွေကလှူမှ အလှူခံပြီး ကထိန်ခင်းထိုက်ပါသလဲဆိုတော့–

http://www.dhammadownload.com



၁။ နတ်ပြဟ္မာဖြစ်စေ၊
၂။ လူဖြစ်စေ
၃။ ရဟန်းယောကျ်ား ရဟန်းမိန်းမ၊ သာမဏေယောကျ်ား သာမဏေမိန်းမ၊ သိက္ခမာန်ဆိုတဲ့ သီတင်းသုံးဖော် ၅–ယောက်တို့တွင် တစ်ယောက်ယောက်ပင် ဖြစ်စေ လှူနိုင်ပါတယ်။ လှူတဲ့ ကထိန်သင်္ကန်းနဲ့ ခင်းထိုက်ပါတယ်။

"အဲဒီမှာ အရေးကြီးတာက ကထိန်ခံမယ့် ဘုန်းကြီးက ကထိန်သင်္ကန်း ရရှိရေးကို ပရိယာယ်မသုံးရဘူး၊ နိမိတ်အရိပ်မပြရဘူး၊ မပင့်မြှောက်ရဘူး၊ မဆွယ်ရဘူး"

"အေး...အေး...၊ အဲဒါတွေလည်း လူအများက မသိဘူး။ တချို့နေရာတွေမှာ ကထိန်ဖြစ်ဖို့အတွက် ဘုန်းကြီးကကို ဦးဆောင်ပြီး စုဆောင်းနေတာတွေ တွေ့ရတယ်"

"ဒီလိုဆိုရင်တော့ ကထိန်သင်္ကန်း ဘယ်ဖြစ်တော့မလဲ၊ သာမန် သင်္ကန်းအလှူပဲ ဖြစ်တော့မှာပေါ့၊ ကထိန်မဖြစ်တော့ ကထိန်အကျိုးလည်း ဘယ်ရတော့မလဲ၊ သာမန်သင်္ကန်းအလှူ အကျိုးလောက်ပဲ ရတော့မှာပေါ့"

## ကထိန်သင်္ကန်း လှူဒါန်းပုံ

"ပြီးတော့ အဲဒီကထိန်သင်္ကန်း လှူဒါန်းပုံလည်း အမျိုးမျိုး ရှိပါတယ်။ တချို့နေရာမှာ 'ကထိနစီဝရံဒေမ၊ ကထိန်သင်္ကန်းကို လှူဒါန်းပါကုန်၏' ဟု လာပါတယ်၊ တချို့နေရာမှာ 'ဣမံ

http://www.dhammadownload.com



ကထိနစီဝရံ သံဃဿဒေမ=ဤကထိန်သင်္ကန်းကို သံဃာတော်အား လှူဒါန်းပါကုန်၏' ဟု လာပါတယ်"

"အဲဒီအဆိုရပ် သုံးရပ်ကို ပေါင်းစပ်ပြီးတော့ ယခုအခါ ဆရာမြတ်တို့ကား 'ဣမံကထိနစီဝရံ သံဃဿဒေမ၊ ဣမိနာ ကထိနံ အတ္ထရထ=ဤကထိန်သင်္ကန်းကို သံဃာတော်အား ပေးလှူပါကုန်၏။ ဤကထိန်သင်္ကန်းဖြင့် ကထိန်ခင်းတော်မူကြပါကုန်' လို့ လျှောက်ထားပြီး လှူဒါန်းတဲ့ သင်္ကန်းနဲ့မှ ကထိန်ခင်းအပ်ပါတယ်။

"ဒီနေရာမှာ ဝါဒကွဲရှိပါသေးတယ်၊ ဝိနယာလင်္ကာရ ဆရာက ဒကာက အသိအလိမ္မာနည်းပါး၍ သံဃာက လှူရန်ဟောသော်လည်း ပုဂ္ဂလိကသာလှူအံ့၊ ဤသို့လည်း သံဃိက ဖြစ်၍ ကထိန်ခင်းခြင်းငှာ အပ်၏တဲ့"

"ဒကာသည် ပုဂ္ဂလိက လှူလိုသော်လည်း 'ဣမံကထိနစီဝရံ သံဃဿဒေမ=ဤကထိန်သင်္ကန်းကို သံဃာတော်အား လှူဒါန်းပါကုန်၏' ဟုဆို၍ လည်းကောင်း၊ ကြံ၍လည်းကောင်း၊ လှူဒါန်းက သံဃိကဖြစ်၍ ကထိန်ခင်းထိုက်တယ်လို့ ဆိုပါတယ်"

## ကထိန်ခင်းထိုက်သူ

"အဲဒီလို ကထိန်သင်္ကန်းကို သံဃာအားလှူရပါတယ်၊ သံဃာက ကထိန်သင်္ကန်းပေးသူသည် ကထိန်ခင်းအပ်ပါတယ်၊ သံဃာက အဘယ်ရဟန်းအား ကထိန်သင်္ကန်း ပေးထိုက်ပါသလဲ ဆိုတော့ သင်္ကန်း ဟောင်းနွမ်းရိဆွေးသူအား ပေးအပ်ပါတယ်"

http://www.dhammadownload.com



"ဟောင်းနွမ်း ရိဆွေးသော သင်္ကန်းမရှိမူ သိတင်းကြီးထေရ်ကြီးအား ပေးလှူအပ်ပါသည်"

## ပြည့်စုံရမည့်အင်္ဂါများ

"ထေရ်ကြီးအား ပေးလှူရမည်ဆိုသော်လည်း အဲဒီထေရ်ကြီးတွင် ပြည့်စုံရမည့်အင်္ဂါတွေက အများကြီးပါပဲ၊ အဲဒီအင်္ဂါတွေနှင့်ပြည့်စုံမှ ထေရ်ကြီးကလည်း ကထိန်ခင်းထိုက်မှာပါ၊ အဲဒီအင်္ဂါတွေ မပြည့်စုံရင် မခင်းထိုက်ပါဘူး"

"အင်း...အင်း...၊ ရဟန်းတိုင်းက ကထိန်ခင်းထိုက်ပါသလားဆိုတဲ့ အမေးဟာ အဲဒီအင်္ဂါတွေကို ရည်ရွယ်ပြီးတော့ မေးတာပါ၊ အဲဒီအင်္ဂါတွေကို ပြောစမ်းပါ"

"အမယ်လေး၊ အဲဒီအင်္ဂါတွေ ပြောရမယ်ဆိုရင်တော့ အများကြီးပါ၊ ခုနကတော့ အချုပ်ပြောခဲ့ပြီမို့ ယခု အကုန်ဖော်ပြရမယ်ဆိုရင် (၁)က ပုဗ္ဗကရဏ ၇-ပါးလို့ သိရမယ်၊ ပုဗ္ဗကရဏ ၇-ပါးကား ဘာတွေလဲဆိုတော့-

၁။ သင်္ကန်းလျာအဝတ်ကို ဖွပ်လျှော်ခြင်း၊
၂။ ငါးခန်း၊ ခုနစ်ခန်း စသည့်စီရင်ခြင်း၊
၃။ ဖြတ်ခြင်း၊
၄။ ယှဉ်တွဲခြင်း၊ ဖွဲ့ခြင်း၊
၅။ ချုပ်ခြင်း၊
၆။ ဆိုးရည်ဆိုးခြင်း၊
၇။ ဗိန္ဒုထိုးခြင်း၊

http://www.dhammadownload.com



လျှော်–ဖွပ်–စီရင်၊ ဖြတ်–ယှဉ်–ချုပ်–ဆိုး–ဗိန္ဓုထိုး။
ခေါ်ရိုး ခွန်ပုဗ္ဗ–တဲ့။

"အဲဒီ ဂ–ပါးတို့ပါပဲ၊ အဲဒါလည်း နားလည်ရမယ်တဲ့၊ အဲဒါကတော့ မလွယ်ဘူး။ သင်္ကန်းချုပ်တတ်မှ ကထိန်သင်္ကန်း အလှူရမယ့် အဓိပ္ပာယ်ပဲ"

"အင်း–ဟုတ်တယ်၊ အဲဒီအတွက် ခက်နေတာပေါ့"

"ခုခေတ်အနေနဲ့ကတော့ ချုပ်ပြီးသား သင်္ကန်းတွေဆိုတော့ ဒီချုပ်တတ်ဖို့ အင်္ဂါအတွက် အခက်မတွေ့နိုင်ဘူးဆိုရမှာပဲ၊ လွယ်တယ်လို့ ဆိုရမှာပဲ၊ နို့မဟုတ်ရင် ဘယ်ကထိန်ခံလို့ ဖြစ်တော့မလဲ၊ သင်္ကန်းမှ မချုပ်တတ်တာ"

"ဟုတ်တယ်၊ အဲဒီအတွက် ဝိနည်းလေးစားတဲ့ အချို့ပုဂ္ဂိုလ်တွေက ကထိန်မခံဘူး"

## ပစ္စုဒ္ဒိုရ်

"ကဲ...ဒီလောက်ပဲ ပုဗ္ဗကရဏအကြောင်း နားကြပါစို့၊ ပစ္စုဒ္ဒိုရ်အကြောင်း သွားကြပါစို့၊ ပုဗ္ဗကရဏသိပြီးရင် ပစ္စုဒ္ဒိုရ် သိရမယ်တဲ့"

"ကထိန်ခင်းမယ့် ရဟန်းတော်ဟာ မိမိသင်္ကန်းများကို မူလက ပရိက္ခာရစောဠ တင်ထားတယ်၊ ရှေးဒွိရအပ်သော သံဃာဋိစသော အမည်မရှိသောကြောင့် 'ဣမံပစ္စုဒ္ဒရာမိ၊ ဤသင်္ကန်းကို ပစ္စုဒ္ဒိုရ်ပြုပါ၏' ဟု သာမညအားဖြင့်သာ ပစ္စုဒ္ဒိုရ်ပြုရမယ်တဲ့"

http://www.dhammadownload.com



"တကယ်လို့ မိမိသက်န်းများကို တိစီဝရိက် အဓိဋ္ဌာန်တင်ထားမှု ရှေး၌ရအပ်သော အမည်ရှိသောကြောင့် နှစ်ထပ်သင်္ကန်းကို 'ဣမံသံဃာဋိံ ပစ္စုဒ္ဓရာမိ' အပေါ်ရုံကို 'ဣမံဥတ္တရာသင်္ဂံပစ္စုဒ္ဓရာမိ'၊ ခါးဝတ်ကို 'ဣမံအန္တရဝါသကံ ပစ္စုဒ္ဓရာမိ' ဟု ဝိသေသအားဖြင့် ပစ္စုဒ္ဓိုရ် ပြုအပ်ပါတယ်တဲ့"

"ဒီနေရာမှာ ဆိုဖွယ်အထူးရှိပါသေးတယ်၊ ဒီကထိန်အရာမှာ ရှေးအဖို့က တိစီဝရိက်အဓိဋ္ဌာန်သာ တင်အပ်သောကြောင့် 'ဣမံသံဃာဋိံ ပစ္စုဒ္ဓရာမိ၊ ဣမံဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ၊ ဣမံအန္တရဝါသကံ ပစ္စုဒ္ဓရာမိ' ဟု ဝိသေသအားဖြင့်သာ ပစ္စုဒ္ဓိုရ် ပြုအပ်ပါတယ်တဲ့"

"ရှေးက တိစီဝရိက် အဓိဋ္ဌာန် မဆောင်ထားမှု အခိုက်အတန့်မျှသော် လည်းကောင်း၊ ကထိန်ခင်းကာနီးကာလ၌ ပရိက္ခာရစောဠ တင်ထားသော မူလသင်္ကန်းကို ပစ္စုဒ္ဓိုရ်ပြု၍ တိစီဝရိက်အဓိဋ္ဌာန် တင်သော်လည်း ကထိန်ခင်းအပ်ပါသည်။

သို့သော် သင်္ကန်းနွမ်းရိသူမှာ အဓိဋ္ဌာန်မလောက်အောင် နွမ်းရိလျှင် ပစ္စုဒ္ဓိုရ် ပြုဖွယ်ပင်မရှိသည်ကို ထောက်က တိစီဝရိက် အဓိဋ္ဌာန် မူလက မတင်ထားသော်လည်း ကထိန်သင်္ကန်းကိုသာ တိစီဝရိက်အဓိဋ္ဌာန်တင်၍ ခင်းတတ်အပ်ပါတယ်တဲ့။

"အင်း...ဒီအခန်းကလည်း ခက်ခက်ပါပဲ၊ ဟုတ်တာပေါ့၊ မူလ ကထိန်ခွင့်ပြုစဉ်က ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့ဟာ အားလုံး တိစီဝရိက် ဓုတင်ဆောင်တွေချည်းကိုး"

http://www.dhammadownload.com



## အဓိဋ္ဌာန်

အခုတော့ အလျှော့တွက်နဲ့ပဲ တွက်မှာပေါ့ ဘုရား၊ ကဲ...ပစ္စုဒ္ဓိုရ်တစ်ခန်းရပ်ပြီး အဓိဋ္ဌာန်သွားကြစို့၊ ကထိန်ခင်းမည့် နှစ်ထပ်သင်္ကန်းကို 'ဣမံသံဃာဋိံ အဓိဋ္ဌာမိ' ကသီကို 'ဣမံ ဥတ္တရာသင်္ဂံ' သင်းပိုင်ကို 'ဣမံအန္တရဝါသကံ အဓိဋ္ဌာမိ' လို့ အမည် အားလျော်စွာ အဓိဋ္ဌာန်တင်ရပါတယ်။ အဲဒီအဓိဋ္ဌာန် ကိုလည်း နားလည်ရပါမယ်။

## ခင်းခြင်း

ပြီးတော့ ကထိန်ခင်းပုံ ခင်းနည်းကိုလည်း နားလည်ရပါ မယ်၊ ခင်းပုံက ကထိန်ခင်းမည့် သင်္ကန်းအားလျော်စွာ နှစ်ထပ် သင်္ကန်းနှင့်ခင်းက 'ဣမာယ သံဃာဋိယာကထိနံအတ္ထရာမိ' သေကီနှင့် ခင်းလျှင် 'ဣမိနာဥတ္တရာသင်္ဂေန ကထိနံအတ္ထရာမိ၊ သင်းပိုင်နှင့်ခင်းလျှင် 'ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ' ဟု ခင်းရမည်။

"ပြီးတဲ့အခါ၊ အတ္ထတံဘန္တေ သံဃဿကထိနံဓမ္မိကောကထိ နတ္ထာရော အနုမောဒထ' လို့ တိုက်တွန်းခြင်းပြုရပါမယ်၊ အဲဒီလို တိုက်တွန်းတဲ့အခါ 'အတ္ထတံအာဝုသောသံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ' ဟု အနုမောဒနာ ပြုရပါမယ်။

"ဒီနေရာမှာတော့ ခင်းသူအကြီးအငယ် အနုမောဒနာပြုသူ အကြီးအငယ်အလိုက် 'အတ္ထတံဘန္တေ၊ အတ္ထတံအာဝုသော' စသည့် ပြောင်းတာလည်း သတိထားရပါမယ်။

http://www.dhammadownload.com



"အဲဒီလို အနုမောဒနာ ပြုရာ၌ တစ်ပါးစီဆိုငြားသော်လည်း 'အနုမောဒါမ' ဟု ဗဟုဝုစ်ဖြင့် မိမိကိုယ်ကို အလေးပြု၍ ဆိုရမယ်တဲ့"

## မာတိကာ ၈–ပါး

အဲဒါသိပြီးတော့ မပြီးသေးပါဘူး၊ မာတိကာ ၈–ပါးကို သိရပါဦးမယ်၊ အဲဒီ မာတိကာ ၈–ပါးကလည်း ဘယ်တော့မှ မလွယ်ဘူး၊ ဘာတွေလဲဆိုတော့–

(၁) 'ကထိန် ခင်းပြီးသော ရဟန်းသည် ချုပ်ပြီးသော ကထိန်သင်္ကန်းကိုယူ၍ ဤကျောင်းသို့ မလာတော့အံ့' ဟု ဖဲသွား၏။ ထိုရဟန်းဥပစာရသိမ်ကိုလွန်သော် ကထိန်နုတ်ခြင်းဖြစ်၏၊ ဤကား ဖဲသွားခြင်းလျှင် အဆုံးရှိသော 'ပက္ကမနန္တိကာ' ကထိန်နုတ်ခြင်း မည်၏။

(၂) ကထိန်ခင်းပြီးသော ရဟန်းသည် မပြီးသေးသော သင်္ကန်းကိုယူ၍ တစ်ပါးသောကျောင်းသို့သွား၏။ ရောက်သောအခါ 'ဤကျောင်း၌ပင် ဤသင်္ကန်းကို ချုပ်အံ့၊ ကျောင်းသို့ မပြန်တော့အံ့' ဟု ဆုံးဖြတ်၍ ချုပ်အံ့၊ ချုပ်ပြီးသော်ပြီးချင်း အဆုံးရှိသော 'နိဋ္ဌာနန္တိက' နုတ်ခြင်းမည်၏။

(၃) ကထိန်ခင်းသော ရဟန်းသည် မပြီးသေးသော သင်္ကန်းကိုယူ၍ ဖဲသွား၏။ တစ်ပါးသောကျောင်းသို့ ရောက်သောအခါ သင်္ကန်းကိုလည်း မချုပ်အံ့၊ ကျောင်း

http://www.dhammadownload.com



သို့လည်း မပြန်အံ့ဟု ဆုံးဖြတ်၏။ ဆုံးဖြတ်ခြင်းအဆုံး ရှိသော 'သန္နိဋ္ဌာနန္တိက' နုတ်ခြင်းမည်၏။

(၄) ကထိန်ခင်းပြီးသော ရဟန်းသည် ရဟန်းသည် သင်္ကန်းကိုယူ၍ ဖဲသွား၏။ တစ်ပါးသောကျောင်းသို့ ရောက်မှ 'ဤကျောင်း၌ချုပ်အံ့၊ ကျောင်းသို့ မပြန်တော့အံ့'ဟု အကြံပြုစဉ် သူ့ဦးဦးချင်း မီးလောင်ခြင်းဖြင့် ပျက်စီးခဲ့သော် ပျောက်ခြင်း အဆုံးရှိသော 'နာသနန္တိက' နုတ်ခြင်းမည်၏။

(၅) ကထိန်ခင်းပြီးသော ရဟန်းသည် သင်္ကန်းကိုယူ၍ ကျောင်းသို့ပြန်အံ့ဟုကြံ၍၊ ကျောင်းကပါးသို့သွားစဉ် သိမ်ပ၌ ချုပ်၏၊ ပြီးသော် မိမိကျောင်း၌ ကထိန်နုတ်၏ဟု ကြား၏။ ကြားခြင်းအဆုံးရှိသော 'သဝနန္တိက' နုတ်ခြင်း မည်၏။

(၆) ကထိန်ခင်းပြီးသော ရဟန်းသည် သင်္ကန်းကိုယူ၍ ဤကျောင်းသို့ ပြန်လာအံ့ဟု ဖဲသွား၏။ သိမ်ပ၌ချုပ်၏။ ပြီးသော် ပြန်အံ့ဟု ကြံ၍နေစဉ် ခရီးအကြား၌ ကထိန်ကာလကို လွန်စေ၏။ အပိုင်းအခြားကိုလွန်ခြင်း အဆုံးရှိသော 'သီမာတိက္ကမန္တိက' နုတ်ခြင်း မည်၏။

(၇) ကထိန်ခင်းပြီးသော ရဟန်းသည် ဤကျောင်းသို့ ပြန်လာအံ့ဟု သင်္ကန်းကိုယူ၍ ဖဲသွား၏။ သိမ်ပ၌ ချုပ်၏။ ပြီးသော် ပြန်လာ၍ ရဟန်းတို့နှင့်တကွ ကထိန်နုတ်၏။ ရဟန်းတို့နှင့်အတူ 'သဟုဗ္ဘာရ' ကထိန်နုတ်ခြင်းမည်၏။

http://www.dhammadownload.com



(၈) ကထိန်ခင်းပြီးသော ရဟန်းသည် ဤကျောင်းသို့ မပြန်တော့အံ့ဟု သက်န်းရမည့်ထင်သော အရပ်သို့ ဖဲသွား၏။ ဒကာက မလှူနိုင်တော့ဟုကြား၍ အာသာ ပြတ်သော် 'အာသာပြတ်ခြင်း အဆုံးရှိသော' 'အာသာ ဝစ္ဆေဒိက' နုတ်ခြင်းမည်၏။

"အဲဒီ ရှစ်ပါးဟာ ကထိန်နုတ်ခြင်း မာတိကာရှစ်ပါးပါပဲ၊ အဲဒီ ရှစ်ပါးထဲကို ဘိက္ခုနီဝိဘင်း၌လာတဲ့ 'အန္တရုဗ္ဘာရ' ကို ထည့်ကာ ကိုးပါးဖြစ်ပါတယ်။ အဲဒါကို အလွယ်မှတ်မိအောင် လင်္ကာနဲ့ မှတ်ထားပါ"

"ပက်-နိဋ္ဌ-သန်နာ၊ သ-သီမာ၊ သဟာ-အာသာရှစ်၊ အန္တရုဗ္ဘာရထည့်သွင်းက ကိုးဝသရုပ်ဖြစ်' တဲ့။

## ပလိဗောဓ ၂-ပါး

ပြီးတော့ ပလိဗောဓခေါ်တဲ့ ကြောင့်ကျမှု နှစ်ပါးလည်း သိရမယ်တဲ့၊ အဲဒါက ဘာလဲဆိုတော့ အာဝါသပလိဗောဓ စီဝရပလိဗောဓ ၂-ပါးပါပဲ၊ အဓိပ္ပာယ်က ဘယ်လိုလဲဆိုတော့-

(၁) ကထိန်ခင်းသောကျောင်း၌ နေအံ့ဟု နှလုံးသွင်း၍ တစ်ပါးသော ကျောင်းကိုသွားသော်လည်း တစ်ဖန် ကထိန် ခင်းသောကျောင်းသို့ ပြန်လာအံ့ဟု ငဲ့ကွက် ခြင်းသည် 'အာဝါသ ပလိဗောဓ' မည်၏။

(၂) ထိုရဟန်းအား သင်္ကန်းမချုပ်အပ်သေးသော်လည်း ကောင်း၊ မပြီးသေးသော်လည်းကောင်း၊ တစ်ပါးသော

http://www.dhammadownload.com



အရပ်မှသော်လည်းကောင်း သက်န်းရအံ့ဟု သက်န်း၌ အာသာမပြတ်ခြင်းသည် 'စီဝရပလိဗောဓ' မည်၏။

## ကထိန်နုတ်ခြင်း

ပလိဗောဓပြီးတော့ ကထိန်နုတ်ခြင်းကို သိရမယ်တဲ့။ ကထိန်နုတ်ခြင်းဆိုတာ ခုနကပြောခဲ့ပြီးတဲ့ မာတိကာရှစ်ပါး၊ ကိုးပါးဖြင့် ကထိန်နုတ်ခြင်းကို ဆိုပါတယ်။

ကထိန်နုတ်ဆိုတာ ကထိန်ခင်း၍ရထားသော အာနိသင်တို့ကို ရုပ်သိမ်းခြင်းဖြစ်သဖြင့် ကထိန်အာနိသင် ပျက်ခြင်းကို ဆိုပါတယ်၊ ကထိန်နုတ်ပြီး နောက်ထပ် ပြန်ပြီးတော့ မခင်းကောင်းသည်ကို အထူးသတိပြုရပါမယ်တဲ့။

## ကထိန်အာနိသင် ၅–ပါး

ကထိန် အာနိသင် ငါးပါးမှာ ကထိန်ခင်းသော ရဟန်း၊ အနုမောဒနာပြုသော ရဟန်းတို့အား ကထိန်ခင်းပြီး အနုမောဒနာပြုပြီးသောအခါမှစ၍ ကထိန်အာနိသင် ငါးပါးကို တပေါင်းလပြည့်နေ့တိုင်အောင် ရကြပါတယ်။ အဲဒီအာနိသင် ငါးပါးလည်း သိပါမယ်၊ အာနိသင် ငါးပါးက ဘာတွေလဲဆိုတော့–

(၁) ငါးပါးသော ဘောဇဉ်တို့တွင် တစ်ပါးပါးသော ဘောဇဉ်ဖြင့် ဖိတ်အပ်သော သတိရှိသော ရဟန်းအား ထင်ရှားရှိသော ရဟန်းတို့ကို မပန်ကြားမူ၍ ဒါယကာတို့၏ အိမ်သို့သွားလာနိုင်ခြင်း 'အနာမန္တစာရ' အဲဒီအကျိုး

http://www.dhammadownload.com



ရတော့ စာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း အကျိုးရပါတယ်။

(၂) အမည်အားဖြင့် အစိဋ္ဌာန်တင်အပ်သော တိစီဝရိက်သက်န်းကို မယူမူ၍ ဟတ္ထပါသ်ကင်း၍ သွားလာနိုင်ခြင်း၊ 'အသမာဒါနစာရ' အဲဒီအကျိုးရတော့ ဥဒေါသိတသိက္ခာ ပုဒ်ဖြင့် အာပတ်မသင့်ခြင်း အကျိုးရပါတယ်။

(၃) အဓိဋ္ဌာန်မတင်ဝိကပ္ပနာမပြုဘဲ အလိုရှိတိုင်း သက်န်းကို ထားနိုင်ခြင်း၊ 'ယာဝဒတ္ထစီဝရ' အဲဒီအကျိုးရတော့ ဆယ်ရက်ကုန်အောင် ထားသော်လည်း ပဌမကထိနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်း အကျိုးရပါတယ်။

(၄) လေးပါး လေးပါးထက်အလွန်ရှိသော ရဟန်းတို့၏ ဝိညတ်ကြောင့် လည်းကောင်း၊ မအပ်သော အခေါ်အဝေါ်အသုံးနှုန်းဖြင့် ပင့်ဖိတ်ခြင်းကြောင့် လည်းကောင်း ရအပ်သော ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါးကို ခံယူခြင်း၊ 'ဂဏဘောဇန' အဲဒီအကျိုးကိုရတော့ ဂဏဘောဇန သိက္ခာပုဒ်ဖြင့် အာပတ် မသင့်ခြင်း အကျိုးရပါတယ်။

(၅) ကထိန်ခင်းသော ကျောင်းတိုက်၌ အမှတ်မရှိ တစ်စုံတစ်ခုသော အခြင်းအရာအားဖြင့် သံဃိကသက်န်းဖြစ်ပေါ်လာသော် ကထိန်အာနိသင်ရသော ရဟန်းတို့အားသာ ဖြစ်ခြင်း၊ ဆိုင်ခြင်း၊ ရထိုက်ခြင်း၊ 'ယောစတတ္ထစီဝရုပ္ပါဒ' ဟူ၍ ငါးပါးရှိပါတယ်။

http://www.dhammadownload.com



သက်န်းမှတစ်ပါးသော သပိတ်စသည်တို့ကား အလုံးစုံသော ရဟန်းတို့အား ရောက်ပါတယ်၊ ရပါတယ်။

ကထိန်မခင်း၊ ကထိန်အာနိသင် မရသော ရဟန်းတို့သည် ငါးပါးသော အာနိသင်တို့တွင် 'အသမာဒါနစာရ' ကို ဖယ်ထား၍ ကျန်လေးပါးသော အာနိသင်တို့ကို သက်န်းကာလ၌ ရအပ် ရထိုက်ပါတယ်တဲ့၊ အဲဒီအာနိသင် ငါးပါးကို မှတ်မိအောင် လက်ာနဲ့မှတ်ထားပါ။

**❀ အနာမန္တ–အသမာနှင့်၊ ယာဝ–ဂဏ ယောတတ္ထ ပဉ္စအာနိသင်။**

**အလှူ့ရှင်ရကျိုးငါး၀**

ကထိန်ခံရတဲ့ ရဟန်းတော်တွေမှာ အကျိုးငါးပါးရတာဟာ အင်မတန် တန်ဖိုးရှိပါတယ်။ ရဟန်းတော်တွေမှာ အာပတ်မသင့် အောင် လှူနိုင်တဲ့ အလှူဟာ ကထိန်အလှူဖြစ်ပါတယ်။ အဲဒါ ကြောင့် အကျိုးကြီးပါတယ်။ လူများမှာလည်း 'တူသောအကျိုး ပေးတယ်ဆိုတဲ့ အတိုင်း အကျိုးငါးပါးပြန်ရပါတယ်။ ငါးပါးက ဘာတွေလဲဆိုတော့–

(၁) ဖြစ်လေရာသံသရာဝယ် သွားလိုရာ အရပ်မျက်နှာ တို့ကို မည်သူ့ကိုမှ မပန်မကြားရဘဲ အနှောင့်အယှက် မရှိ အန္တရာယ်ကင်းစွာ သွားလာရခြင်း အကျိုး။

http://www.dhammadownload.com



(၂) ဖြစ်လေရာသံသရာဝယ် မိမိပိုင် ပစ္စည်းတို့ကို ရန်သူ မျိုး ငါးပါးတို့ မနှောင့်ယှက် မဖျက်ဆီးနိုင်ခြင်း၊ ကျောက် တိုင် ကျောက်သားပမာ အမြဲတည်ခြင်းအကျိုး။

(၃) ဖြစ်လေရာရာသံသရာဝယ် အစားအသောက် အထူး ပေါ်များ၍ အစားအသောက်အတွက် ဘေးဥပါဒ် မဖြစ် နိုင်ခြင်း အဆိပ်မသင့်နိုင်ခြင်း အကျိုး။

(၄) ဖြစ်လေရာရာ သံသရာဝယ် မိမိပိုင်ပစ္စည်းတို့ကို တော တောင် နေရာ ထားလိုရာထား၍ ကာလရှည်စွာ မေ့၍နေသော်လည်း မဆုံးပါးနိုင်ခြင်း၊ သူများလက် တွင်း သက်ဆင်းနေသော်လည်း လိုချင်တဲ့အချိန်တွင် ပြန်ရနိုင်ခြင်း အကျိုး။

(၅) ဖြစ်လေရာရာသံသရာဝယ် အများနည်းတူ ပစ္စည်း ရလျှင် မိမိက သူတစ်ပါးတွေထက် များစွာသာ၍ များစွာထူး၍ ပစ္စည်းရခြင်း အကျိုး။

အဲဒီအကျိုးငါးပါးကို ကထိန်ဒါယကာ ဒါယကာမတွေ ကထိန် အလှူရှင်တွေမှာ မလွဲမသွေရမယ့် အကျိုးတွေ ဖြစ်ပါတယ်။ အဲဒီ အကျိုးတွေဟာ ဘယ်အလှူနဲ့မှမတူတဲ့ ထူးကဲတဲ့ အကျိုးတွေ ပါပဲ။

## အချုပ်ပြပါမယ်

ကဲ…ဒီနေရာမှာ အားလုံးကို အလွယ်တကူ မှတ်မိအောင် ပုဗ္ဗကရဏနှင့် ကထိန်ခင်းသူ၏ အင်္ဂါရပ်များကို လက်ာနှင့် အချုပ် ပြပါမယ်။

http://www.dhammadownload.com



❀ လျှော်–ဖွပ်–စီရင်–ဖြတ်–ယှဉ်–ချုပ်–ဆိုး–ဗိန္ဒုထိုး ခေါ်ရိုး ခွန်ပုဒ္ဒ

❀ ပုဒ္ဒကရဏံ ပစ္စုဒ္ဓံ၊ ဓိဋ္ဌာန်–အတ္တာရ

❀ မာတိ–ဗောဓံ၊ ဥဒ္ဒါရုံ နိသံအင်ရှစ်ဝ၊

❀ ပြည့်စုံလေက ကထိန ကျနအောင်မြင်ပတဲ့။

## အခင်းမမြောက်ပုံ ၂၄–ပါး

အဲဒီ ယခုပြဆိုခဲ့ပြီးတဲ့အတိုင်း ကထိန်ခင်းသည့်ရှိသော် ကထိန်ခင်းသည်မည်၏။ ယခု ပြလတ္တံ့သောအတိုင်း ခင်းသည့် ရှိသော် ကထိန်ခင်းသည် မမည်ဘူးတဲ့။ အဲဒါတွေက ဘာတွေ လဲဆိုတော့–

၁။ အလျား အနံ အတိုင်း အရှည်ကို ယူကာမျှဖြင့် ကထိန် ခင်းသည် မမည်။

၂။ ကထိန်လျာသင်္ကန်းကို ဖွပ်လျှော်ကာမျှဖြင့်

၃။ သင်္ကန်း၌ ငါးခန်းခုနစ်ခန်း စသည်ကို စီရင်ကာမျှဖြင့်

၄။ စီရင်တိုင်း အဝတ်ကို ဖြတ်ကာမျှဖြင့်

၅။ သီကာမျှဖြင့်

၆။ သီကြောင်းကို အစဉ်လိုက်လျက် အလျားကို ချုပ်ကာမျှ ဖြင့်

၇။ တလုပ်အုပ်ကာမျှဖြင့်

၈။ နှစ်လွှာစပ်ကာမျှဖြင့်

၉။ အလျား အနား ပတ်တင်ကာမျှဖြင့်

http://www.dhammadownload.com



၁၀။ အနံ့ အနား ပတ်တင်ကာမျှဖြင့်
၁၁။ သလင်း ထောင်ထည့်ကာမျှဖြင့်
၁၂။ ဆင်စွယ်ရောင်ကဲ့သို့ တစ်ကြိမ်သာဆိုးကာမျှဖြင့်
၁၃။ ဤပုဆိုးဖြင့် ခင်းမည်ဟု နိမိတ်ပြုသဖြင့်
၁၄။ ပရိယာယ်ဆို၍ရသော သက်န်းဖြင့်
၁၅။ ငှားသောသက်န်းဖြင့်
၁၆။ ရောက်သောနေ့မှာပင် ခင်းတတ်သောပုဂ္ဂိုလ်ကို မပေး မချုပ် သိုမှီးထားသော ပုဆိုးဖြင့်
၁၇။ ညည့်လွန်သဖြင့်
၁၈။ ကပ္ပဗိန္ဒုမထိုးသောသက်န်းဖြင့်
၁၉။ ဒုကုဋ်ကိုကြဉ်ထား၍
၂၀။ ကိုယ်ဝတ်ကိုကြဉ်ထား၍
၂၁။ သင်းပိုင်ကိုကြဉ်ထား၍
၂၂။ ထိုရောက်သောနေ့မှာပင် ဖြတ်အပ်သော အိမ်ကြီး အိမ်ငယ်နှင့်တကွသော ငါးခန်းသက်န်းကိုလည်း ကောင်း၊ ငါးခန်းထက်အလွန် သက်န်းကိုလည်း ကောင်း ကြဉ်ထား၍
၂၃။ ပုဂ္ဂိုလ်၏ ခင်းခြင်းကို ကြဉ်ထား၍
၂၄။ အလယ်၌ ကောင်းစွာ ကထိန်ခင်းသည်ဖြစ်အံ့၊ ထိုကောင်းစွာခင်းသောကထိန်ကို အကယ်၍ သိမ်ပ၌ တည်သောရဟန်းသည် အနုမောဒနာ ပြုငြားအံ့၊ ဤသို့ ပြုသည်ရှိသော် ကထိန်ခင်းသည်မမည်။

http://www.dhammadownload.com



## ကထိန်ခင်းခြင်းရောက် မရောက်ပုဂ္ဂိုလ်

ဒီနေရာမှာ ကထိန်ခင်းခြင်း ရောက်သော ပုဂ္ဂိုလ် မရောက်သော ပုဂ္ဂိုလ်လည်း သိဖို့ကောင်းပါတယ်။ သိမ်ပ၌တည်လျက် အနုမောဒနာပြု၏။ အနုမောဒနာပြုသည်ရှိသော် နှုတ်မမြွက်၊ နှုတ်မြွက်သည်ရှိသော် သူတစ်ပါးကိုမကြားသိစေ၊ ဤသုံးပါးသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်။

"သိမ်အတွင်း၌တည်လျက် အနုမောဒနာပြု၏။ အနုမောဒနာပြုသည်ရှိသော် နှုတ်မြွက်၏။ နှုတ်မြွက်သည်ရှိသော် သူတစ်ပါးကို ကြားသိစေ၏။ ဤသုံးပါးသော ပုဂ္ဂိုလ်တို့အား ကထိန်ခင်းခြင်းတို့သည် ရောက်ကုန်၏။

## ရောက်ကထိန် မရောက်ကထိန်

ဒီနေရာမှာ တစ်ခါရောက်သော ကထိန်ခင်းခြင်း၊ မရောက်သောကထိန်ခင်းခြင်းဟူ၍ နှစ်မျိုး တစ်ဖန်သိသင့်ပြန်ပါတယ်။ ကထိန်သင်္ကန်းလည်း ပျက်၏။ ကာလလည်းပျက်၏။ အပြုလည်း ပျက်၏။ ဤသုံးပါးသော ကထိန်ခင်းခြင်းတို့သည် မရောက်ကုန်။

"ကထိန်သင်္ကန်းလည်း ပြည့်စုံ၏။ ကာလလည်း ပြည့်စုံ၏။ အပြုလည်း ပြည့်စုံ၏။ ဤသုံးပါးသော ကထိန်ခင်းခြင်းတို့သည် ရောက်ကုန်၏။

http://www.dhammadownload.com



## ကထိန်အခင်းမြောက်ပုံ ၁၇-ပါး

ကထိန်နဲ့ပတ်သက်လို့ သိစရာတွေ အတော်ပဲများပါတယ်။ ဒီနေရာမှာ ကထိန်အခင်းမြောက်ပုံ ၁၇-ပါးကို ဖော်ပြပါဦးမယ်။

၁။ အသစ်ဖြစ်သော ပုဆိုးဖြင့် ခင်းသော် ကထိန်ခင်းသည် မည်၏။

၂။ ပုဆိုးသစ်နှင့်တူသော တစ်ကြိမ်နှစ်ကြိမ်သော လျှော်ဖွပ်သော ပုဆိုးဖြင့်

၃။ ပုဆိုးကြမ်းဖြင့်

၄။ ပံ့သုကူပုဆိုးဖြင့်

၅။ အိမ်ဈေးကရသော ပုဆိုးဖြင့်

၆။ နိမိတ်မပြုဘဲရသော ပုဆိုးဖြင့်

၇။ ပရိယာယ်မဆိုဘဲ ရသောပုဆိုးဖြင့်

၈။ မငှားသော ပုဆိုးဖြင့်

၉။ မသိုးသော ပုဆိုးဖြင့်

၁၀။ ညဥ့်မလွန်သော ပုဆိုးဖြင့်

၁၁။ ကပ္ပဗိန္ဒုထိုးသော သင်္ကန်းဖြင့်

၁၂။ ဒုကုဋ်ဖြင့်

၁၃။ ကိုယ်ဝတ်ဖြင့်

၁၄။ သင်းပိုင်ဖြင့်

၁၅။ ထိုရောက်သောနေ့မှာပင်လျှင် ဖြတ်အပ်သော အိမ်ကြီး အိမ်ငယ်နှင့်တကွသော ငါးခန်းသင်္ကန်းဖြစ်စေ၊ ငါးခန်း

http://www.dhammadownload.com



ထက်လွန်သော ခုနစ်ခန်း၊ ကိုးခန်းသက်နီး စသည်ဖြင့် ဖြစ်စေ ခင်းသော် ကထိန်ခင်းသည် မည်၏။

၁၆။ ပုဂ္ဂိုလ်၏ ခင်းခြင်းဖြင့် ခင်းသော်

၁၇။ အကယ်၍ ကောင်းစွာ ကထိန်ခင်းသည်ဖြစ်အံ့၊ ထို ကောင်းစွာ ခင်းသော ကထိန်ကို အကယ်၍ သိမ်တွင်း၌ တည်သောရဟန်းသည် အနုမောဒနာပြုငြားအံ့၊ ဤသို့ ပြုသည်ရှိသော် ကထိန်ခင်းသည်မည်၏။

## အနုမောဒနာ ပြု–မပြု

ကထိန်ခင်းပြီး အနုမောဒနာ ပြု–မပြု ရှင်းချင်ပါတယ်။ ကထိန်ခင်းတဲ့အခါ ၄–ပါး၊ ၄–ပါးထက်လွန်သော သံဃာရယ် သမ္မဟုလ ဘိက္ခု ၃–ပါးရယ်၊ နှစ်ပါးရယ်၊ တစ်ပါးရယ်လို့ ၄–မျိုး ရှိပါတယ်။ အဲဒီ ၄–မျိုးမှာ–

၁။ သံဃာဖြစ်မှု ကထိန်ခင်းသောရဟန်းသည် သံဃာသို့ ချဉ်းကပ်၍ 'အတ္ထတံဘန္တေ သံဃဿကထိနံ၊ ဓမ္မိကောကထိ နတ္ထာရော၊ အနုမောဒထ' လို့ တိုက်တွန်းတဲ့အခါ 'အတ္ထတံအာဝုသော သံဃဿကထိနံ ဓမ္မိကောကထိနတ္ထာရော၊ အနုမောဒါမ' လို့ အနုမောဒနာ ပြုရပါတယ်။

၂။ သမ္မဟုလဘိက္ခုဖြစ်မှု ကထိန်ခင်းသောရဟန်းသည် သမ္မဟုလဘိက္ခု ၂–ပါးထံသို့ ချဉ်းကပ်၍ 'အတ္ထတံ ဘန္တေ–သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော

http://www.dhammadownload.com



အနုမောဒထ' လို့ တိုက်တွန်းပြီး 'အတ္တတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမော ဒါမ' လို့ အနုမောဒနာပြုပါတယ်။

၃။ နှစ်ပါးဖြစ်မူ တစ်ပါးထံသို့ ချဉ်းကပ်ပြီး 'အတ္တတံ အာဝုသောသံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒါဟိ' လို့ တိုက်တွန်းပြီး 'အတ္တတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော၊ အနုမော ဒါမိ' လို့ အနုမောဒနာ ပြုရပါတယ်။

၄။ တစ်ပါးတည်းဖြစ်မူ ကထိန်ခင်းပြီးလျှင် တိုက်တွန်းရန် မလိုတော့ပါ။ အနုမောဒနာ ပြုမည့်ရဟန်း မရှိ၍ဖြစ် ပါတယ်။ တစ်ပါးတည်းဖြစ်က ခင်းပြီးလျှင် ပြီးပါတယ်။

"ဒါက ကျောင်းရှိသံဃာကို ဆိုလိုတာပေါ့နော်"

"မှန်ပါ ဘုရား။ ကထိန်ကံကတော့ ၅–ပါး ဖြစ်ရပါတယ်။ ကျောင်းရှိ ကထိန်ခင်း သံဃာ၊ သမ္ဗဟုလာဘိက္ခု, ဒွေဘိက္ခု, ဧကောဘိက္ခုကို ဆိုလိုပါတယ် ဘုရား။

## အချုပ်မှတ်ဖွယ်

ကဲ...ဒီလောက် ဆိုရင် အရှင်ဘုရားမေးတဲ့ အမေးထက် များစွာ ပိုလွန်တောင်နေပါပြီ။ ပြောမယ်ဆိုရင်တော့ အများကြီး ကျန်ပါသေးတယ်။ အချုပ်မှတ်ဖွယ်ပဲ ပြောပါတော့မယ်။

၁။ ကထိန်အင်္ဂါများနှင့် မပြည့်စုံသော ရဟန်းသည် ကထိန်သင်္ကန်း မခံယူထိုက်။ ကထိန်မခင်းထိုက်။

http://www.dhammadownload.com



၂။ မခံယူထိုက်၊ မခင်းထိုက်ဘဲ ခံယူသော် ခင်းသော်၊ ခင်းသောကထိန် မဖြစ်၍ ရဟန်းများ ကထိန်အာနိသင် မရ။ လှူများလည်း ကထိန်အလှူ အကျိုးမရ။

၃။ ရဟန်းတော်များသည် ရိုးရိုးသင်္ကန်း အကျိုးမျှသာ ရ၍ လှူသူဒကာများလည်း ရိုးရိုးသင်္ကန်းလှူအကျိုးမျှသာ ရပါသည်။

၄။ သို့ဖြစ်၍ ရဟန်းသံဃာများ အာနိသင်ငါးဝ ရကြစေရန်၊ လှူသူဒကာ ဒါယိကာမများ ယုံကြည်ချက် ပြည့်ဝ အကျိုးများကြစေရန် ကထိန်ခံယူမည့် ရဟန်းတော်များသည် ဝိနည်းဗဟုသုတ ကထိန်နှင့်ပတ်သက်သည့် အသိဉာဏ် ပြည့်ဝအောင် ကြိုးစားသင့်ပါသည်။

❀ ကထိန်လှူကား ရဟန်းများ ကြီးမားကျိုးဖလာ။
❀ ကထိန်အင်္ဂါ မညီညာ ဘယ်ခါကထိန်မဖြစ်ပါ။
❀ ကထိန်အင်္ဂါ ရဟန်းမှာ သေချာလိုအပ်တာ။
❀ လိုတာဖြစ်လစ် ကထိန်စစ် စင်စစ်ဖြစ်တော့တာ။
❀ ကထိန်ဖြစ်မှ ကျိုးဖလ ရကြမှန်ကန်စွာ။
❀ ကထိန်မစစ် ကျိုးမဖြစ် အပြစ်တင်တော့တာ။

http://www.dhammadownload.com



# အကျွန်ုပ်၏နှုတ်ကို
# ထိန်းကွပ်စောင့်မတော်မူပါစေသတည်း

{၁၇}

## ဝီရိယ

ဘုရားအလောင်းတော်သည် မဟာဗောဓိပင်ကို နောက်ထောက်ကျောခံထား၍ အရှေ့အရပ်သို့ မျက်နှာရှေ့ရှု ပြုတော်မူလျက် မြဲမြံသောစိတ်ရှိတော်မူကာ-

၁။ အရေမျှကျန်လိုလျှင် ကျန်စေ-

၂။ အကြောမျှကျန်လိုလျှင်ကျန်စေ

၃။ အရိုးမျှကျန်လိုလျှင်ကျန်စေ

၄။ ငါ၏ တစ်ကိုယ်လုံး အသားအသွေးအားလုံးတို့ ခန်းခြောက်၍သွားလျှင် သွားစေ၊ ငါဘုရားမဖြစ်သမျှ ဤ

http://www.dhammadownload.com



ယခုဖွဲ့ခွေထားသော တင်ပြင်ကို အဘယ်နည်းနှင့်မျှ မဖျက်

ဟူ၍ အင်္ဂါ ၄–ပါးရှိသော ဝီရိယတို့ဖြင့် ဆောက်တည်တော်မူကာ အရာသော မိုးကြိုးစက်တို့ စုပေါင်းကျရောက်ခြင်းဖြင့်လည်း ပျက်စီးခြင်းသဘောမရှိသော ရန်သူတို့ကို မရှုံးဘဲ ကိုယ်တော်သာ အောင်ပွဲခံယူမည့် 'အပရာဇိတတင်ပြင်' ဖွဲ့ခွေခြင်းမျိုးကို ဖွဲ့ခွေတော်မူကာ ရတနာပလ္လင်၌ ထိုင်နေတော်မူ၏။

## နတ်များပူဇော်ခြင်း

ထိုသို့ ထိုင်နေတော်မူသောအခါ သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကိုမှုတ်၍ ပူဇော်ရပ်တည်လာ၏။ ပဉ္စသိခ်နတ်သားသည် ဗေလုဝစောင်းကို တီးလျက် ပူဇော်ရပ်တည်လာ၏။

သုယာမနတ်မင်းသည် သားမြီးယပ်ကိုခတ်လျက် သန္တုသိတနတ်မင်းသည် ပတ္တမြား ယပ်စန်းကိုခတ်လျက် သဟမ္ပတိဗြဟ္မာမင်းသည် ထီးဖြူကို ဆောင်းလျက် ပူဇော်ရပ်တည်လာ၏။

ကာဠနဂါးမင်းသည် နဂါးမ ကခြေသည်အပေါင်း ခြံရံလျက် ထောမနာဂါထာ ရာပေါင်းများစွာ ရွတ်ဆိုလျက် အလောင်းတော်သူမြတ်ကို ရှိခိုးပူဇော် ရပ်တည်လာ၏။

စကြဝဠာတိုက်တစ်သောင်းရှိ နတ်ဗြဟ္မာအပေါင်းတို့သည် အလွန်မွှေးကြိုင်သော ပန်းဆိုင်းနံ့သာ၊ နံ့သာမှုန့်၊ အထုံအခိုး၊ အမွှေးတိုင် စသည်တို့ဖြင့် ပူဇော်ကြကာ ကောင်းချီးအထောင်ကို ဖြစ်စေကြလျက် ပူဇော်ရပ်တည်လာကုန်ကြ၏။

http://www.dhammadownload.com



## မာရ်နတ်လာပြီ

ထိုအခါ ဝသဝတ္တိနတ်ပြည်သား မာရ်နတ်သည် မိမိ၏ နတ်စည်းစိမ်ကို စွန့်ပယ်သော အလောင်းတော်သူမြတ် ဒုက္ကရ စရိယာကျင့်သုံးနေသည့် ခြောက်နှစ်ကြာကာလပတ်လုံး အလောင်း တော် နောက်မှ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါပြီးလျှင် အလောင်းတော်သူမြတ်၏ ဗျာပါဒဝိတက် ကာမဝိတက် အစရှိ သော မိစ္ဆာဝိတက်တို့ကို ကြံစည်သည့်စိတ် ဖြစ်ပေါ်သည့် အချိန် ကို ငဲ့မျှော်စုံစမ်းပါသော်လည်း တစိုးတစိမျှ အလောင်းတော် သူမြတ်၏ ချွတ်ချော်တိမ်းပါးမှု မိစ္ဆာဝိတက် ကြံမှားချက်ကို မတွေ့ မြင်ပဲရှိရာမှ-

"ယခုသော်မူ သိဒ္ဓတ်မင်းသားသည် ဘုရားဖြစ်ဖို့ရန် မဟာဗောဓိမဏ္ဍိုင်သို့ ကပ်ရောက်လေပြီ၊ ယခုအခါ ဤ သိဒ္ဓတ်မင်းသားသည် ငါ၏ နယ်ပယ်ဖြစ်သော ဘုံသုံးပါးကို လွန်မြောက်ရန် ကြိုးကုတ်အားထုတ်နေလေပြီ။ ငါသည် ယခုပင် ထိုသိဒ္ဓတ်မင်းသားအား ဘုံသုံးပါးတည်းဟူသော ငါ၏နယ်ပယ်မှ လွန်မြောက်ရန် အခွင့်အရေးဘယ်နည်းနှင့်မှ မပေးနိုင်"

ဟု ကြံစည်ကာ ဝသဝတ္တိပြည်သို့သွား၍ မိမိ၏ မာရ်စစ်သည် ဗိုလ်ပါတို့ကို စည်းဝေးစေပြီးလျှင်-

"အချင်းတို့ အထူးထူးဖောက်ပြန်၍ ကြောက်မက်ဖွယ် ကောင်းသော အဆင်းတို့ကို ဖန်ဆင်းကြပြီးလျှင် လက်နက် တစ်မျိုးစီတစ်မျိုးစီ ကိုင်ဆောင်ကြကာ ရေအလျဉ်ကြီး ဖိစီး

http://www.dhammadownload.com



လွှမ်းမိုးလာသည့်ပမာ သိဒ္ဓတ်မင်းသားရှိရာသို့ လျင်လျင်
မြန်မြန် သွားကြကုန်လော့”

ဟု စေခိုင်းအမိန့်ပေးပြီးလျှင် မိမိကိုယ်တိုင်လည်း ယူဇနာတစ်ရာ့ ငါးဆယ်ရှိသော ဂိရိမေခလာဆင်ကိုစီး၍ လက်ရုံးပေါင်းတစ်ထောင် ဖန်ဆင်းကာ လက်ရုံးတစ်ခုလျှင် လက်နက်တစ်မျိုးစီအားဖြင့် လက်နက်အမျိုးပေါင်း တစ်ထောင်ကို ကိုင်ဆောင်လျက် လိုက်ပါလာခဲ့လေသည်။

## မာရ်နတ်အင်အား

အလောင်းတော်ထံမှောက်သို့ ချီတက်လာသော မာရ်နတ်၏ စစ်တပ်ကြီးကား မာရ်နတ်အရှေ့မှ ၁၂ ယူဇနာ၊ လက်ျာဘက်မှ ၁၂ ယူဇနာ၊ လက်ဝဲဘက်မှ ၁၂ ယူဇနာ၊ အထက်ဒြမှ ၉ ယူဇနာ အမြင့်အစောက်ထုတည်ရှိ၍ နောက်မျက်နှာကမူ စကြဝဠာတိုက် အလုံးအစွန်းတိုင်အောင် များပြားလှလေသည်။

ယင်းသည် မာရ်နတ်စစ်တပ်ကြီး၏ ကြိမ်းမောင်းဟစ်အော်ကြွေးကြော်သောအသံကို ယူဇနာတစ်ထောင် ဝေးကွာသော အရပ်မှ စစ်မြေပြိုသောအသံကဲ့သို့ ကြောက်မက်ဖွယ်ရာ ကြားရလေသည်။

မာရ်နတ်သည် မိမိကိုယ်တိုင်က လက်ရုံး တစ်ထောင် ဖန်ဆင်း၍ လက်နက်မျိုးတစ်ထောင် ကိုင်ဆောင်လျက် လည်းကောင်း၊ ထိုမှများပြားသော မာရ်နတ်၏ စစ်သားတို့သည်လည်း တစ်ဦးလျှင် လက်နက်တစ်မျိုးစီ ကိုင်ဆောင်ကာ ကြောက်မက်

http://www.dhammadownload.com



ဖွယ်ရာ အဆင်းသဏ္ဌာန် မျက်နှာအမျိုးမျိုးကို ဖန်ဆင်းကြလျက်လည်းကောင်း၊ ဘုရားအလောင်းတော်ကို လွှမ်းမိုးနှိပ်စက် တိုက်ဖျက်ရန်အတွက် ချီတက်၍လာကြလေကုန်၏။

## နတ်ဗြဟ္မာများပြေးကြပြီ

ဤသို့ မာရ်နတ်၏ စစ်တပ်ကြီးသည် ဗောဓိမဏ္ဍိုင်သို့ ရှေ့ရှုချီတက်လာသောအခါ စောစောက အလောင်းတော်အား ပူဇော်လျက်ရှိနေကြသော သိကြားမင်း စသည့်တို့အနက် တစ်ဦးတစ်ယောက်မျှ ကြံ့ကြံ့ရပ်တည်မနေနိုင်ကြပေ။ ဦးတည်ရာမျက်နှာမူရာအရပ်သို့ ပြေးလွှားကြလေ၏။

သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကြီးကို ကျောဘ်ပိုး၍ ထွက်ပြေးလွှားကာ စကြဝဠာတိုက် အနားရေး၌ ရပ်နေလေ၏။

မဟာဗြဟ္မာမင်းသည်လည်း ထီးဖြူကို စကြဝဠာတိုက်အစွန်း၌ စွန့်ပစ်ချထားခဲ့ကာ ဗြဟ္မာပြည်သို့သာ သွားလေတော့၏။

ကာဠနဂါးမင်းသည်လည်း နဂါးမ ကခြေသည်အပေါင်းကို စွန့်ပစ်၍ မြေ၌ငုပ်လျှိုးပြီးလျှင် ယူဇနာငါးရာရှိသော နဂါးဘုံဗိမာန်သို့ သွားရောက်ကာ လက်ဖြင့် မျက်နှာကိုပိတ်လျက် အိပ်နေလေ၏။

တစ်ဦးသော နတ်ဗြဟ္မာမျှ မြတ်စွာဘုရားအလောင်းတော်နှင့် မဟာဗောဓိပင်၏ အနီးအပါး၌ ရပ်နေဝံ့သူ မရှိတော့ပြီ။

ထိုအချိန်၌ အလောင်းတော်သူမြတ်၏ ဆိတ်ငြိမ်သော ဗိမာန်အတွင်း၌ ဗြဟ္မာမင်းကြီး တစ်ဦးတည်းသာ နေသကဲ့သို့ တစ်ပါးတည်းသာလျှင် ထိုင်နေတော်မူ၏။

http://www.dhammadownload.com



## မာရ်နတ်မကပ်ဝံ့

ဘုရားအလောင်းတော်မူကား ငှက်တကာတို့အလယ်၌ ဂဠုန် ငှက်မင်းကဲ့သို့ လည်းကောင်း၊ သားကောင်တကာတို့အလယ်၌ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့လည်းကောင်း ကြောက်ရွံ့ခြင်း အလျဉ်းမရှိဘဲ ရဲရင့်စွာ ထိုင်နေတော်မူ၏။

မာရ်နတ်သားသည် မဟာဗောဓိမဏ္ဍိုင်အဝန်းသို့ ဝင်ရောက် ခြင်းငှာ မစွမ်းနိုင်ဘဲ ရပ်၍နေလေသည်။ မာရ်နတ်စစ်တပ်ကြီး သည်လည်း အနီးသို့မကပ်ဝံ့ဘဲ အလောင်းတော်သူမြတ်ကို ထက် ဝန်းကျင်မှ ဝန်းရံလျက်ထားကြလေကုန်၏။

မာရ်နတ်သည် မိမိ၏စစ်တပ်ကို ကြည့်ရှုကာ "လာကြကုန်၊ ဖမ်းကြကုန်" စသည်ဖြင့် အမိန့်ပေးစကားပြောရုံသာ ပြောကြား နိုင်ပြီး ရဲရဲပူသော သံတွေးခဲအနီးသို့ ယင်ကောင်မကပ်နိုင်သည့် ပမာ မဟာဗောဓိပင်အနီးသို့ ချဉ်းနင်းဝင်ရောက်ခြင်းငှာ မစွမ်းနိုင် ဘဲ မိမိ၏ စစ်တပ်ပရိသတ်ကို တစ်ဖန်ထပ်၍–

"အချင်းတို့၊ သုဒ္ဓေါဒနမင်းကြီး၏သား ဉာဏ်သိဒ္ဓတ္ထ မင်းသားနှင့် တူသောသူ တစ်ဦးတလေမျှမရှိချေ၊ ငါတို့သည် မျက်နှာချင်းဆိုင် စစ်ပြိုင်ခြင်းငှာမတတ်နိုင်ကြကုန်၊ ထိုသိဒ္ဓတ္ထ မင်းသားအား နောက်ကျောဘက်မှနေကာ စစ်ထိုးကြ ကုန်အံ့" ဟု ပြောကြားလေသည်။

## ပါရမီရဲမက်

ဘုရားအလောင်းတော်သည်လည်း ရွှေနှင့်ဝဲယာ သုံးမျက် နှာတို့ကို ကြည့်ရှုတော်မူလတ်သည်တွင် ခပ်သိမ်းသော နတ်

http://www.dhammadownload.com



မြဟ္မာတို့ ဝေးရာရှောင်ရှား ပြေးသွားကြပြီဖြစ်ရကား တစ်စုံတစ်ရာ မတွေ့မြင်ဘဲ ဆိတ်သုဉ်း၍နေသည်ကိုသာ မြင်တော်မူလေ၏။ တစ်ဖန် မြောက်အရပ်နံပါးမှ မာရ်နတ်စစ်သည် ဗိုလ်ပါများ ချီတက်လွှမ်းမိုး၍ လာသည်ကို မြင်တော်မူ၍-

"ဤမျှများပြားသော မာရ်နတ်စစ်သည်တို့သည် ငါ တစ်ဦးတည်းကိုရည်စူးကာ ကြီးစွာသော လုံ့လပြုလာကြ၏။ ဤအရပ်၌ ငါ၏ အမိသော်လည်းကောင်း၊ အဖသော်လည်းကောင်း၊ ညီအစ်ကိုသော်လည်းကောင်း၊ အခြား တစ်ဦးတစ်ယောက်သော ဆွေမျိုးသော်လည်းကောင်း မရှိချေ။ ငါဆည်းပူးခဲ့သော ပါရမီဆယ်ပါး တရားတို့သည်သာလျှင် ရှည်ကြာလေးမြင့် ငါမွေးမြူအပ်သော ငါ့ပရိသတ် အခြံအရံနှင့် တူကုန်၏။ သို့ဖြစ်ရကား ပါရမီဆယ်ပါး၏ ရဲမက်များကိုသာ အမှီသဟဲပြုကာ ဤပါရမီလက်နက်ဖြင့်ပင် ထိုးခုတ်ပုတ်ခတ်၍ ဤမာရ်နတ်၏ စစ်သည်ဗိုလ်ပါတို့ကို ငါဖျက်ဆီးမှ သင့်လျော်ချေမည်။"

ဟု နှလုံးပိုက်ကာ ကိုယ်တော်၏ ပါရမီဆယ်ပါး ကုသိုလ်တရားတို့ကိုသာ စဉ်းစားဆင်ခြင်၍နေတော်မူလေ၏။

ထိုသို့ အလောင်းတော်သူမြတ်သည် ပါရမီကုသိုလ်တို့ကို စဉ်းစားဆင်ခြင်၍ နေတော်မူသောအခါ မာရ်နတ်သားသည်-

"ဤသိဒ္ဓတ်မင်းသားသည် ငါ၏ လက်နက်ကြီးကိုးပါးဖြင့် ပစ်လွှတ်ကာ ပြေးစေမည်"

http://www.dhammadownload.com



ဟု ကြံစည်စဉ်းစား၍ လက်နက်ကြီး ကိုးပါးတို့ဖြင့် ပစ်လွှတ်ကာ တိုက်ဖျက်လေ၏။ သို့သော် အရာမရောက်ပါချေ။ ထို့နောက် ဥက္ကာကျအောင် ပြုလေ၏။ ထို့နောက် စက်လက်နက်ကို လွှတ်လေ၏။ မာရ်နတ်၏စစ်သည် ပရိသတ်များလည်း များစွာသော ကြောက်မက်ဖွယ်တို့ကို ပြကုန်၏။

ဘုရားအလောင်းတော်သည် မာရ်နတ်နှင့်တကွ မာရ်နတ်စစ်သည်တို့ ပြုလုပ်သမျှသော ဖောက်ပြန်မှု၊ ပြစ်မှု၊ အလုံးစုံကို မေတ္တာအစွမ်းဖြင့် ပယ်ရှားဟန့်တားတော်မူ၏။

## ကိုယ့်အားကိုယ်ကိုး

အို...စာရှုသူ၊ မိမိသည် ဘုရားအလောင်းတော်၏ ဘုရားအဖြစ်သို့အရောက် ကျင့်စဉ်အမြွက်မျှကို ရေးပြနေသည်မှာ ကိုယ့်အားကိုယ်ကိုးပုံကို ပေါ်လွင်စေလို၍ ဖြစ်ပါသည်။

အများအားဖြင့် သူသူငါငါ များစွာသောလူတို့သည် ကိုယ့်အားကို ကိုယ်မကိုးဘဲ သူတစ်ပါးကို အားကိုးတစ်ခုပြုကာ ရေသာခိုနေကျဖြစ်၍ ရေသာခိုမှ လုံလောက်သည်။ မခိုရပါက မလုံလောက် ဖြစ်နေသည်။

မိမိတို့မှာရှိသော သတ္တိစွမ်းပကားများလည်း မထွက်လာတော့။ သို့ဖြစ်ရကား အကျိုးယုတ်သည်။ ယင်းကို အချို့က မြင်သည်။ အချို့ကမမြင်၊ မြင်ကြသူများက မိမိတို့ထံသို့ မေးကြသည်။ ယင်းတွင် တရားရေးနှင့်ပတ်သက်သော မှတ်ဖွယ်ရာ အမေးတစ်ခုကို ဖော်ပြချင်သည်။

http://www.dhammadownload.com



၁၃၄၂–ခု၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်

တေဇင်ဆရာတော်–

လေးစားစွာ စာရေးလျှောက်ထားအပ်ပါသည် ဆရာတော်ဘုရား–

၁။ ဘုရား၊ သံဃာ၊ ပစ္စေကဗုဒ္ဓါတို့၏ ခန္ဓာကိုယ်၌ တည်ရှိသော ဓာတ်တို့သည် တပည့်တော်တို့ထံ ကူးယှက်၍ အမွေအနှစ် ပေးတော်မူ၍ ဓာတ်ရောက် ကူးယှက်ပြီးလျှင် တစ်ဖန် အမိန့်တော်ပြန်ရာ၌ ဘုရားအားလုံးရဲ့ အမိန့်၊ တရားအားလုံးရဲ့အမိန့်၊ သံဃာအားလုံးရဲ့ အမိန့်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အားလုံးရဲ့ အမိန့်တော်ကြောင့်–

၂။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်သည် တရားပွဲကြီးသို့ ကြွရောက်တော်မူလာပြီးလျှင် ကျွန်တော်ရဲ့ နှုတ်ဝစီကို ထိန်းသိမ်းစောင့်ရှောက်ပေးပါလို့ အထက်ပါ အသုံးအနှုန်းစကားများမှာ ဝိပဿနာတရားပြ တရားဟော ပုဂ္ဂိုလ်အချို့ရဲ့ အသုံးအနှုန်းများဖြစ်ရာ "တန္တရယာန" သို့မဟုတ် "မဟာယာန" ဆန်နေသည်ဟု တပည့်တော် ထင်မိပါသည်။

ဤသို့သော စကားအသုံးမျိုး သုံးသင့်မသင့် ဖြေကြားပေးတော်မူပါ ဆရာတော်ဘုရား။

ဗုဒ္ဓသာသနာအကျိုး သည်ပိုးနိုင်ပါစေ
ဦးဆိုက်လျက်
(      )

http://www.dhammadownload.com



သို့
( )
၁၃၇၃ ခု ပြာသိုလဆုတ် ၁၀ ရက်

ပြန်ကြားသိစေပါသည်။ ပေးစာနှင့် ပြန်စာကတော့ တစ်နှစ်ကျော်ကျော် ကွာပါသည်။ ကိုယ့်အမေးများ ကိုယ်မေ့နေပြီလားတောင် မသိပါ။ စာပေသမားတစ်ယောက်ဆိုလျှင်တော့ ဘုန်းကြီးရဲ့ ပြန်စာနောက်ကျတာကို ခွင့်လွှတ်နိုင်ပါလိမ့်မည်။

ဒကာကြီးရဲ့စာရဲ့ အချုပ်ကို ဖြေရရင် "တန္တရယာန၊ မဟာယာန" ဆန်နေပါသည်။ ယင်းအသုံးအနှုန်းမျိုးများ မသုံးနှုန်းသင့်ပါ။

မှန်ပါသည်။ ဘုရားရှင်၏ဝါဒသည် ကိုယ့်အားကိုယ်ကိုး ဝါဒပါ။ ၎င်းအသုံးအနှုန်းမျိုး သုံးသော် ကိုယ့်အားကိုယ်ကိုးမှု နည်းပါးသွားပါသည်။ ကိုယ့်အားကိုယ်ကိုးမှု နည်းပါးသွားပါက ကိုယ်လိုရာကို မရနိုင်ပါ။ ကိုယ်ဖြစ်ချင်ရာ မဖြစ်နိုင်ပါ။ ကိုယ်ရောက်ချင်တာလည်း မရောက်နိုင်ပါ။

## ကြွမ်းတမ်းသောရောဂါ ကပ်လာခြင်း

အဲဒီအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းအောင် အကျယ်တဝင့် ရှင်းပြပါမည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံကာနီး အခြေအနေနှင့် ရှင်းပြပါမည်။ သေသေချာချာကြည့်၍ စဉ်းစားဆုံးဖြတ်ပါ။

http://www.dhammadownload.com



ဘုရားရှင်သည် ဝေဠုဝရွာငယ်၌ နောက်ဆုံးဝါကပ်တော်မူပြီးလျှင် ဘုရားရှင်၏ ကိုယ်တော်၌ ကြမ်းတမ်းသော ရောဂါကပ်ရောက်လျက် ပရိနိဗ္ဗာန် စံတော်မူလောက်အောင် ပြင်းထန်သော ဝေဒနာသည် ဖြစ်ပေါ်လာလေ၏။

ထိုအခါ ဘုရားရှင်သည် ထိုရောဂါဝေဒနာကို သတိသမ္ပဇဉ် ကိုယ်တော်ယှဉ်လျက် ပင်ပန်းသည်ဟုမတွက်ဘဲ သည်းခံတော်မူပါသည်။

ဤ၌ ရောဂါဝေဒနာ၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားရှုမြင် ဆင်ခြင်တော်မူခြင်းဖြင့် ထိုရောဂါဝေဒနာကို သည်းခံတော်မူသည်။ ထိုအခါ ဘုရားရှင်၏ စိတ်သန္တာန်ဝယ်-

> ငါသည် အလုပ်အကျွေးတို့ကို အသိမပေးဘဲ၊ ရဟန်းသံဃာတို့ကို မပန်ကြားဘဲ ပရိနိဗ္ဗာန်ပြုခြင်းငှာ မလျောက်ပတ်ချေ။
>
> ငါသည် ဤယခုစွဲကပ်နေသော ရောဂါဝေဒနာကို အရဟတ္တဖလသမာပတ်၏ အခြေခံရှေ့ပိုင်း ဝိပဿနာဝီရိယ၊ ဖလသမာပတ္တိ ဝီရိယဖြင့် ပယ်ခွာတွန်းလှန်၍ အသက်ရှည်စေနိုင်သော သမာပတ်ကို ဝင်စားလျက် နေရမှု ကောင်းလေစွ။

ဟု အကြံဖြစ်တော်မူ၏။ ထို့နောက် ဘုရားရှင်သည် ကြံစည်တော်မူသည့်အတိုင်း ထိုစွဲကပ်သော ရောဂါဝေဒနာကို အခြေခံရှေ့ပိုင်း ဝိပဿနာ ဝီရိယဖလသမာပတ္တိ ဝီရိယနှစ်ပါးတို့ဖြင့်

http://www.dhammadownload.com



ဖယ်ရှားတွန်းလှန်၍ အသက်ရှည်စေနိုင်သော သမာပတ်ကို ဝင်စား လျက် နေတော်မူ၏။ ထိုအခါ ဘုရားရှင်၏ ကိုယ်တော်၌ စွဲကပ် သော ထိုရောဂါဝေဒနာသည် ငြိမ်းလေ၏။

ဤ၌ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ၊ သန္တာန်အစဉ်ကိုလည်း "ဇီဝိတ သင်္ခါရ=ကံသည် ပြုပြင်အပ်သော ဇီဝိတ" ဟု ခေါ်၏။

ထိုဇီဝိတမည်သော ရုပ်သက်နာမ်သက်ကို ကာလ ဆက် လက် ရှည်စေနိုင်သော ဖလသမာပတ်ကိုလည်း "ဇီဝိတသင်္ခါရ" ဟု ခေါ်၏။ ထိုဇီဝိတသင်္ခါရကိုပင် "အာယုသင်္ခါရ" ဟူ၍လည်း ခေါ်၏။

## သမာပတ်ရှင်းချက်

ဤ၌ ဘုရားရှင်၏ အရဟတ္တဖလသမာပတ်ကို ရှင်းပြရန် လိုပါသည်။ သို့ဖြစ်၍ သမာပတ်အမျိုးအစားကို သေချာစွာ မှတ်သားသင့်ပါသည်။ ဘုရားရှင်၏ အရဟတ္တသမာပတ်ကို–

၁။ မဂ္ဂါနန္တရ ဖလသမာပတ်

၂။ ဝဠဉ္ဇနဖလသမာပတ်

၃။ အာယုသင်္ခါဖလသမာပတ်၊ တစ်နည်းဆိုသော် အာယု ပါလက ဖလသမာပတ်။

ဟူ၍ သုံးမျိုးသုံးစား ခွဲခြား၍ မှတ်သားထားသင့်ပါသည်။ ထိုသုံးမျိုး တို့တွင်–

(၁) ဘုရားရှင်၏ အရဟတ္တမဂ္ဂဝီထိဝယ် အရဟတ္တမဂ်၏ အခြားမဲ့၌ (မဂ်ဇော၏ အခါမလင့် အကျိုးပေးခြင်း

http://www.dhammadownload.com



တည်းဟူသော အကာလ၌က ဂုဏ်ကျေးဇူးသတ္တိကြောင့် ဖြစ်သော ဖိုလ်ဖောသုံးကြိမ်ကို "မဂ္ဂါနန္တရဖလသမာပတ်" ဟူ၍ ခေါ်ဆိုအပ်ပါသည်။

(၂) နောက်အခါ အလိုတော်ရှိသည့်အချိန်၌ အချိန်မရွေး ဝင်စားအပ်သော ဘုရားရှင်၏ အရဟတ္တဖလသမာပတ်ကို "ဝဠဉ္ဇန ဖလသမာပတ်" ဟူ၍ ခေါ်ဆိုအပ်ပါသည်။

နိဗ္ဗာန်ချမ်းသာကို အသုံးအစွဲပြုသော ဖလသမာပတ်ကို ဆိုလိုပါသည်။ ဘုရားရှင်သည် ဤဝဠဉ္ဇန ဖလသမာပတ်ကို တရားဒေသနာ ဟောတော်မူသော အခါ၌လည်း တရားနာပရိသတ်တို့ သာဓုအနုမောဒနာ ခေါ်ဆိုနေခိုက် အားလပ်သည့် အချိန်ကာလကလေးမှာပင် စိတ္တိဿရိယ ဘုန်းတော်ရှင် ဖြစ်တော်မူသောကြောင့် ဝင်စားတော်မူကာ နိဗ္ဗာန်ချမ်းသာကို သုံးစွဲခံစားတော်မူလေသည်။ အခြားတစ်ပါး အားလပ်ခွင့်ရသောအချိန်၌ကား ဆိုဖွယ်ရာမရှိပြီ။

(၃) ဘုရားရှင်သည် ဝေဠုဝရွာငယ်၌ နောက်ဆုံး ဝါကပ်တော် မူပြီးနောက် အသက်ကို ဖြတ်တောက် ခြွေနိုင်လောက်အောင် ပြင်းထန်ကြမ်းတမ်းသော ရောဂါဝေဒနာ ကပ်ရောက်လာသောအခါ ဘုရားရှင်သည် မဟာဗောဓိပင်၌ ဘုရားဖြစ်တော်မူကာနီး အခါကဲ့သို့ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊

http://www.dhammadownload.com



အနတ္တသဘောများကို "ရူပသတ္တက၊ နာမသတ္တက နည်း" တို့ဖြင့် လက္ခဏာယာဉ် သုံးချက်တင်၍ အခြေခံ ဝိပဿနာတရား ပွားများတော်မူပြီးမှ အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားလတ်သော်–

ဤမှ နောက် ကဆုန်လပြည့်နေ့တိုင်အောင် ဆယ်လကာလပတ်လုံး ရောဂါဝေဒနာတို့သည် မဖြစ် ပါစေကုန်သား"

ဟု အဓိဋ္ဌာန်တော်မူပြီးမှ အရဟတ္တဖိုလ် သမာပတ်ကို ဝင်စား တော်မူလေသည်။ ထိုအရဟတ္တဖိုလ် သမာပတ်၏ တန်ခိုးသတ္တိ ကြောင့် ဘုရားရှင်၏ သန္တာန်တော်၌ ထိုပရိနိဗ္ဗာန်စံလောက် သည့် ရောဂါဝေဒနာများ ဆယ်လတိုင်တိုင် မဖြစ်ပွားတော့ဘဲ ငြိမ်းခဲ့နေကြလေသည်။

သို့ဖြစ်ရကား "ရူပသတ္တက နာမသတ္တကနည်း" ဖြင့် ပွားများ အပ်သော ဝိပဿနာ အခြေခံပြု၍ ယခုကဲ့သို့ဝင်စားအပ်သော ဖလသမာပတ်ကို (အသက်ရှည်အောင် ပြုပြင်နိုင်စွမ်းရှိသော ကြောင့်) "ဇီဝိတသင်္ခါရဖလသမာပတ်"၊ "အာယုပါလက ဖလသမာပတ်"၊ အာယုသင်္ခါရဖလသမာပတ်" ဟူ၍ ခေါ်ဆိုအပ် ပါသည်။ ထိုဖလသမာပတ်သုံးမျိုးတို့တွင် မဂ္ဂါနန္တရ ဖလသမာ ပတ်နှင့် ဝဠဥ္ဇန ဖလသမာပတ် နှစ်ပါးတို့ကို အဋ္ဌကထာဋီကာ တို့၌ "ခဏိကဖလသမာပတ်" ဟု ခေါ်ဆိုသုံးနှုန်းကြလေသည်။

ဇီဝိတသင်္ခါရ ဖလသမာပတ်ကိုကား ၎င်းအတိုင်းပင် ဇီဝိတ သင်္ခါရ ဖလသမာပတ်၊ အာယုပါလက ဖလသမာပတ်၊ အာယုသင်္ခါရ ဖလသမာပတ်ဟူ၍ ခေါ်ဆိုအပ်ပါသည်။

http://www.dhammadownload.com



## သမာပတ်စွမ်းအား

ဘုရားရှင်သည် ဝေဠုဝရွာငယ်၌ နောက်ဆုံး ဝါကပ်တော်မူပြီးနောက် အသက်တော်ကို ဖြတ်တောက်နိုင်လောက်အောင် ပေါ်ပေါက်ဖြစ်ပွားလာသော ရောဂါဝေဒနာကို ဇီဝိတသင်္ခါရ ဖလသမာပတ်၊ အာယုပါလက အရဟတ္တဖိုလ်သမာပတ်ဖြင့် ဟန့်တားပယ်ရှားတော်မူလေသည်။

ထို့ကြောင့် ထိုရောဂါဝေဒနာသည် ကဆုန်လပြည့်နေ့တိုင်အောင် မပေါ်တော့ဘဲ ငြိမ်းခဲ၍သွားလေသည်ဟု ဆိုလိုပါသည်။

ဤနေရာ၌ မေးဖွယ်အထူးရှိပါသည်။ မြတ်စွာဘုရားရှင်သည် ဤအခါမှ ရှေးကာလက ဖလသမာပတ်ကို မဝင်စားဘူးလား။ မဝင်စားသည်မဟုတ် ဝင်စားတော်မူပါသည်။ ထိုဝင်စားအပ်သော ဖလသမာပတ်ကား ဝင်စားလိုသောခဏမှာပင် ဝိပဿနာ သာမန်အခြေခံ၍ ဝင်စားအပ်သော "ခဏိကဖလသမာပတ်" သာ ဖြစ်လေသည်။

ဆက်ဦးအံ့။ ခဏိက ဖလသမာပတ်သည် သမာပတ်၏ အတွင်း၌သာလျှင် ရောဂါဝေဒနာကို ဖယ်ခွာတွန်းလှန်နိုင်၏။ မှော်ရှိသော ရေအိုင်အတွင်း၌ ကျောက်ခဲ အုတ်ခဲကို ပစ်ချလိုက်လျှင် ထိုကျောက်ခဲ အုတ်ခဲ ကျရောက်သည့် ခဏတာကလေးလောက်သာ မှော်ရှဲသွား၏။

ထိုကျောက်ခဲ အုတ်ခဲတို့ ရေထဲသို့ ငုပ်လျှိုးကျရောက်သွားသောအခါ မှော်များသည် တစ်ဖန် လွှမ်းမိုးမြဲ လွှမ်းမိုးသကဲ့သို့

http://www.dhammadownload.com



ထိုခဏိက ဖလသမာပတ်ကို ဝင်စားသောအခါမှာလည်း သမာပတ် ဝင်စားချိန်၌သာ ရောဂါဝေဒနာကို ခွာရှဲ၍ သမာပတ်မှ ထသောအခါ ရောဂါဝေနာများ တစ်ဖန်ပြန်၍ လွှမ်းမိုးမြဲ လွှမ်းမိုးလေသည်။

ယခု ဝေဠုဝရွာငယ်၌ အသက်တော်ကို ခြွေနိုင်လောက်သည့် ရောဂါဝေဒနာ စွဲကပ်ရောက်သောအခါ ဝင်စားတော်မူအပ်သော ဖလသမာပတ်ကား "ရူပသတ္တက၊ နာမသတ္တကနည်း" များဖြင့် ကြီးစွာသော မဟာဝိပဿနာကို အခြေခံ၍ ဝင်စားအပ်သော ဖလသမာပတ် ဖြစ်လေသည်။ ထိုဖလသမာပတ်ဖြင့် ရောဂါဝေဒနာကို အချိန်ကြာမြင့်စွာ ဖယ်ရှားဟန့်တားထားနိုင်လေသည်။

ဥပမာအားဖြင့် အားကောင်းသော ယောကျ်ားသည် ရေကန်တွင်းသို့ သက်ဆင်း၍ လက်ခြေတို့ဖြင့် တအားကုန် ဖယ်ရှားအပ်သော မှော်အစုသည် အချိန်အလွန်ကြာမြင့်မှ ရေပြင်ကို တစ်ဖန်ပြန်၍ ဖုံးလွှမ်းသကဲ့သို့ ဤအတူပင် မဟာဝိပဿနာ အခြေခံ၍ ဝင်စားအပ်သော အာယုပါလက ဖလသမာပတ်မှ ထသော ဘုရားရှင်၏ ကိုယ်ခန္ဓာတော်မှ ထိုပရိနိဗ္ဗာန်စံလောက်သည့် ရောဂါဝေဒနာများ ဆယ်လအချိန်ကြာမြင့်စွာ ငြိမ်းခဲ့၍ သွားလေသည်။

ဤသို့လျှင် ဘုရားရှင်သည် ထိုသေလောက်သော ရောဂါ စွဲကပ်သောနေ့၌ မဟာဗောဓိပလ္လင်ဝယ် ဘုရားဖြစ်ကာနီးတုန်းက မဟာဝိပဿနာကို ပွားများတော်မူသကဲ့သို့ "ရူပသတ္တက၊ အရူပသတ္တကနည်း" တို့ဖြင့် မဟာဝိပဿနာကို ပွားများ၍

http://www.dhammadownload.com



ထိုမဟာဝိပဿနာဖြင့် ရောဂါဝေဒနာကို ခွာရှဲတော်မူပြီးလျှင် "ဆယ်လတိုင်တိုင် ဤရောဂါဝေဒနာများ မဖြစ်စေသား" ဟု အဓိဋ္ဌာန်တော်မူပြီးမှ အရဟတ္တဖလသမာပတ်ကို ဝင်စားတော်မူလေသည်။

ထိုဖိဝိတသင်္ခါရဟုခေါ်သည့် အာယုပါလက ဖလသမာပတ်ဖြင့် ပယ်ခွာအပ်သော ရောဂါဝေဒနာတို့သည် ဆယ်လတိုင်တိုင် မဖြစ်ပွားတော့ဘဲ ငြိမ်းခဲ၍နေလေကုန်၏။

## ရှင်အာနန္ဒာ လျှောက်ထား

ထို့နောက် အနာရောဂါမှ ထမြောက်ပြီးသော ဘုရားရှင်သည် နာလန်ထ၍ မကြာမီပင် ကျောင်းမှထွက်တော်မူ၍ ကျောင်းအရိပ်တွင် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူ၏။ ထိုအခါ ရှင်အာနန္ဒာသည် ဘုရားရှင်အထံတော်သို့ ချဉ်းကပ်၍ ရှိသေမြတ်နိုး ရှိခိုးပြီးနောက် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေပြီးသော် ဘုရားရှင်ကို-

"မြတ်စွာဘုရား၊ တပည့်တော်သည် ဘုရားရှင်၏ ချမ်းသာတော်မူခြင်းကို တွေ့မြင်ရပါပြီ၊ မြတ်စွာဘုရား တပည့်တော်သည် ဘုရားရှင်၏ ကျန်းမာတော်မူခြင်းကို တွေ့မြင်ရပါပြီ။

မြတ်စွာဘုရား၊ ယခု ဤသို့ တွေ့မြင်ရသော်လည်း မြတ်စွာဘုရား မကျန်းမာခြင်းကြောင့် တပည့်တော်၏ ခန္ဓာကိုယ်သည် လေးလံတောင့်တင်းနေသကဲ့သို့ ဖြစ်ပါသည်။

http://www.dhammadownload.com



တပည့်တော်အဖို့ရာ အရပ်မျက်နှာတို့လည်း မကွဲပြား ပါကုန်၊ သတိပဋ္ဌာန် အစရှိသော တရားတို့သည်လည်း တပည့်တော်၏ ဉာဏ်၌ မထင်လင်းပါကုန်။

မြတ်စွာဘုရား၊ ထိုသို့ဖြစ်သော်လည်း မြတ်စွာဘုရား သည် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာမှာထား ချက်ကို မြွက်ထားတော် မမူရသေးသမျှ ကာလပတ်လုံး မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံတော်မူလိမ့်မည်မဟုတ်ဟု အောက်မေ့နေသောကြောင့်သာ တပည့်တော်၏အဖို့ရာ အနည်းငယ် သက်သာခွင့် ရပါတော့သည် ဘုရား" ဟူ၍ လျှောက်ထားလေ၏။

## တရားသာလျှင် ကိုးကွယ်ရာ

ယင်းသို့ ရှင်အာနန္ဒာက လျှောက်ထားသောအခါ မြတ်စွာ ဘုရားရှင်သည် ရှင်အာနန္ဒာထေရ်ကို ဤသို့ ဆိုလတ္တံ့အတိုင်းသော တရားစကားဖြင့် ဖြေရှင်းဟောကြားတော်မူလေ၏။

"ချစ်သားအာနန္ဒာ၊ ရဟန်းသံဃာသည် ငါဘုရားအထံမှ အဘယ်အရာကို မျှော်လင့်နေသေးသနည်း။

"ချစ်သားအာနန္ဒာ၊ ငါဘုရားသည် အတွင်းအပြင် မထား ဘဲ တရားတော်ကို ဟောကြားခဲ့လေပြီ။

"ချစ်သားအာနန္ဒာ ငါဘုရား၏ အဖို့ရာ တရားအရာ တို့၌ ဆရာ့လက်ဆုပ် ပြုလုပ်ထားသော လျှို့ဝှက်ချက် မရှိချေ။

http://www.dhammadownload.com



"ချစ်သားအာနန္ဒာ၊ ရဟန်းသံဃာကို ငါသာလျှင် သိမ်းယူထားအံ့ဟူ၍လည်းကောင်း၊ ရဟန်းသံဃာသည် ငါ့ကိုသာလျှင် အားကိုးရာရှိ၍နေ၏ဟူ၍လည်းကောင်း၊ အကြင်သူမှာ ဤကဲ့သို့ လိုလားခြင်းရှိရာ၏။ ထိုသူသည်သာလျှင် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ မှာထားချက်ကို မြွက်ဆိုရာ၏။

"ချစ်သားအာနန္ဒာ၊ ငါဘုရားမှာမူကား ရဟန်းသံဃာကို ငါသာလျှင် သိမ်းယူထားအံ့၊ ဟူ၍လည်းကောင်း၊ ရဟန်းသံဃာသည် ငါ့ကိုသာ အားကိုးရာရှိ၍နေ၏ဟူ၍လည်းကောင်း ဤသို့သော လိုလားချက်သည် လုံးဝမရှိချေ။

"ချစ်သားအာနန္ဒာ၊ ထိုသို့ လုံးဝလိုလားချက်မရှိသော ငါဘုရားသည် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ မှာထားချက်ကို အဘယ်မှာ မြွက်ဆိုတော့အံ့နည်း။

"ချစ်သားအာနန္ဒာ၊ ယခုအခါ ငါဘုရားသည် အိုမင်းကြီးရင့်လှလေပြီ၊ အရွယ်လွန်၍ အဆုံးပိုင်းသို့ ရောက်နေချေပြီ၊ ယခု ငါဘုရား၏ အသက်မှာ အနှစ်ရှစ်ဆယ် ရှိနေပြီ၊

"ချစ်သားအာနန္ဒာ၊ လှည်းအိုကြီးသည် ဖွဲ့စည်းတုပ်နှောင်ခြင်းဖြင့် တည်တံ့သကဲ့သို့ ဤအတူပင် ငါဘုရား၏ ခန္ဓာကိုယ်သည်လည်း ဖွဲ့စည်းတုပ်နှောင်ခြင်းနှင့် တူသော အာယုပါလက သမာပတ်ဖြင့် တည်တံ့လျက် ရှိ၏။

"ချစ်သားအာနန္ဒာ၊ အကြင်အခါ ငါဘုရားသည် အလုံးစုံသော အာရုံနိမိတ်တို့ကို နှလုံးမသွင်းခြင်းကြောင့် လည်း

http://www.dhammadownload.com



ကောင်း။ သင်္ခါရနိမိတ်ကို အာရုံမပြု၊ သင်္ခါရဆိတ်သည့် နိဗ္ဗာန်ကိုသာ အာရုံပြုသော အရဟတ္တဖိုလ် သမာဓိသို့ ရောက်၍နေ၏။

"ချစ်သားအာနန္ဒ၊ ထိုအခါ၌ ငါဘုရား၏ ခန္ဓာကိုယ်သည် သာလွန်၍ ချမ်းသာ၏။

"ချစ်သားအာနန္ဒ၊ ထိုသို့ဖြစ်ရကား သင်ချစ်သားတို့သည် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေကြကုန်လော့၊ တရားကိုသာ မှီခိုပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကြကုန်လော့။

"ချစ်သားအာနန္ဒ၊ အဘယ်သို့လျှင် ရဟန်းသည် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတစ်ပါး ကိုးကွယ်ရာ မရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေသနည်း။ တရားကိုသာလျှင် မှီခိုပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ တရားသာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေသနည်း။

"ချစ်သားအာနန္ဒ၊ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်လျက်, ဆင်ခြင်လျက်, သတိရှိလျက် ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု အဖန်ဖန် ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍နေ၏။

http://www.dhammadownload.com



"ပြင်းစွာ အားထုတ်လျက် ဆင်ခြင်လျက်၊ သတိရှိလျက်, ခံစားမှုဝေဒနာတို့၌ ခံစားမှုဝေဒနာဟု မှတ်သားမှုသညာ၌ မှတ်သားမှုသညာ ပြုပြင်မှုသင်္ခါရတို့၌ ပြုပြင်မှုသင်္ခါရ၊ သိမှုစိတ်၌ စိတ်ဟူ၍ အဖန်ဖန်ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။

"အဆင်းတို့၌အဆင်း၊ အသံတို့၌ အသံ၊ အနံ့တို့၌ အနံ့၊ အရသာတို့၌အရသာ၊ အတွေ့အထိ တို့၌ အတွေ့အထိ၊ သဘောတရားတို့၌ သဘောတရားဟူ၍ အဖန်ဖန်ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။

"ချစ်သားအာနန္ဒ၊ ဤသို့လျှင် ရဟန်းသည် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေ၏။ တရားကိုသာ မှီခိုပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ တရားကိုသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေ၏။

"ချစ်သားအာနန္ဒ၊ အကြင်ရဟန်းတို့သည် ယခုအခါ၌ဖြစ်စေ၊ ငါဘုရား ပရိနိဗ္ဗာန်စံလွန်သောအခါ၌ ဖြစ်စေ မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတစ်ပါး ကိုးကွယ်ရာမရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ တရားကိုသာ မှီခိုပြု၍ တရားမှ တစ်ပါး ကိုးကွယ်ရာမရှိဘဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကြမည်ဆိုလျှင် ထိုအလုံး

http://www.dhammadownload.com



စုံသော ရဟန်းတို့သည် သိက္ခာသုံးပါး လိုလားကြသည့် ရဟန်းဟူသမျှ တို့တွင် အမြတ်ဆုံး ရဟန္တာပုဂ္ဂိုလ်စင်စစ် ဖြစ်လိမ့်မည်"

ဟု အရဟတ္တဖိုလ် အထွတ်တပ်၍ ဓမ္မဒေသနာတရား ဖြေရှင်း ဟောကြားတော်မူပါသည်။

ယင်းဟောကြားချက်များကို ထောက်ထား၍ "ဘုရား အားလုံးရဲ့ အမိန့် တရားအားလုံးရဲ့ အမိန့်" စသည်ဖြင့် အမိန့် တော်ပြန်တမ်း ထုတ်ခြင်းသည် ပရိယတ်စည်းကမ်း နည်းလမ်း မကျပါ၊ အထက်ပါ ဒေသနာနှင့် ဆန့်ကျင်ပါသည်။

မိမိကိုယ်ကို အားမကိုးစေဘဲ အားကိုးလွဲမှားစေပါသည်။ အယူမှားစေပါသည်။ ယင်းအသုံးမျိုးမှာလည်း ပယောဂကိုဏ်း ဆရာတို့၏ အသုံးအနှုန်းဖြစ်၍ တရားအားထုတ်မှုနှင့် စပ်လျဉ်း၍ လုံးဝမသုံးသင့်ပါ။

"ကျေးဇူးရှင် ဆရာတော်ကြီးကိုယ်တိုင် သည့်တရားပွဲကြီးသို့ ကြွရောက်တော်မူလာပြီး ကျွန်တော်တို့ရဲ့ နှုတ်ဝစီကို ထိန်းသိမ်း စောင့်ရှောက်ပေးပါလို့" လုံးဝ မသုံးသင့်ပါ။

ယင်းသို့ သုံးသော် ကျေးဇူးရှင် ဆရာတော်ကြီးကို ကယ် တင်ရှင်, မ,စရှင် သာမန်နတ်တစ်ယောက်လောက်အနေ ယူဆသူ အဖြစ်သို့ ရောက်သွားပါသည်။ နှုတ်ဝစီ စီးတယ်ဆိုတာ နတ်မှ စီးတယ်မဟုတ်လား။ နတ်တွင်းလည်း အထက်နတ် မဟုတ်ပါ။ နှုတ်ဝစီစီးသော နတ်မှာ အောက်နတ် အညံ့စားနတ်မျှသာ ဖြစ်ပါ သည်။

http://www.dhammadownload.com



သို့ဖြစ်၍ ဒကာကြီးရဲ့စာတွင် ဖော်ပြပါ အသုံးအနှုန်း အားလုံးဟာ မသုံးသင့်သော အသုံးအနှုန်းများသာ ဖြစ်ပါသည်။ သုံးသူများသည် နားမလည်သူများသာ ဖြစ်ပါသည်။

## ကျန်းမာပါစေ

- မိမိကိုယ်သာ မိမိဟာ မှန်စွာကိုးစားရပေမည်။
- သူတစ်ပါးအား လွန်ကိုးစား တရားလွဲပေမည်။
- အမိန့်ပြန်တမ်း အထွင်ဆန်း မှန်လမ်းလွဲချော်ပြီ။
- နှုတ်ဝစီကို စီးရန်ဆို နတ်လိုထင်လွဲ လမ်းချော်သည်။
- မသုံးသင့်အား သုံးပယ်ရှား လွဲမှားပယ်သင့်သည်။

http://www.dhammadownload.com



# အနာပေါ်တွတ်ကျတော့ နာပါတယ်ဘုရား

{၁၈}

နေ့ရောညဥ့်ပါ ဘုရားရှင်ရဲ့ဂုဏ်တော်တွေကို အာရုံပြုပြီး ဖြစ်တဲ့ သတိတရား လက်ကိုင်ထားရှိသူ ဘုရားရှင်ရဲ့ တပည့်သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားရပါသည်။

နေ့ရောညဥ့်ပါ တရားတော်ရဲ့ဂုဏ်တော်ကို အာရုံပြုပြီးဖြစ်တဲ့ သတိတရား လက်ကိုင်ထားရှိသူ ဘုရားရှင်ရဲ့ တပည့်သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားရပါသည်။

နေ့ရောညဥ့်ပါ သံဃာတော်ရဲ့ဂုဏ်ကို အာရုံပြုပြီးဖြစ်တဲ့ သတိတရား လက်ကိုင်ထားရှိသူ ဘုရားရှင်ရဲ့ တပည့်သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားရပါသည်။

နေ့ရောညဥ့်ပါ ဆံပင်အသွေးအစရှိသော ၃၂ ကောဋ္ဌာသကို အာရုံပြုပြီးဖြစ်တဲ့ သတိတရား လက်ကိုင်ထားရှိသူ ဘုရားရှင်ရဲ့ တပည့်သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားရပါသည်။

http://www.dhammadownload.com



နေ့ရောည့်ပါ မညှဉ်းဆဲမှု ကရုဏာဘာဝနာ တရားမှာ မွေ့လျော်စိတ်ရှိသူ ဘုရားရှင်ရဲ့ တပည့်သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားရပါသည်။

နေ့ရောည့်ပါ အခါခပ်သိမ်း မေတ္တာဘာဝနာတရားမှာ မွေ့လျော်စိတ်ရှိသူ ဘုရားရှင်ရဲ့ တပည့်သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားရပါသည်။

သူရောကိုယ်ပါ များစွာသောလူတို့သည် ချမ်းချမ်းသာသာ နေထိုင်လိုကြပါသည်။ ချမ်းချမ်းသာသာ အိပ်စက်လိုကြပါသည်။ ချမ်းချမ်းသာသာ အိပ်ရာမှ နိုးကြားလိုကြပါသည်။

သို့သော် မိမိတို့ ဖြစ်လိုတိုင်း မိမိတို့ အလိုဆန္ဒအတိုင်း ဖြစ်ကြပါ၏လော။ အလိုဆန္ဒပြည့်ဝပါ၏လော။ မပြည့်ဝကြ၊ မဖြစ်ကြပါ။

အဘယ်ကြောင့် မပြည့်ဝကြ၊ မဖြစ်ကြသနည်းဟူ၍ မေးသော် အကြောင်းမညီညွတ်၍လို့ ဖြေနိုင်ပါသည် မှန်ပါသည်။ ချမ်းသာစွာ နေရ အိပ်ရ–နိုးကြားရသည်မှာ ကောင်းကျိုးများ ဖြစ်ပါသည်။

ကောင်းကျိုးဟူသမျှ ကောင်းကျိုးရကြောင်း ကောင်းသော အကြောင်းတရားနှင့် ကင်း၍ မဖြစ်နိုင်ပါ။ အကြောင်းကောင်းမှ အကျိုးကောင်းပါသည်။ အကြောင်းမကောင်းက အကျိုးမကောင်း နိုင်ပါ။

လူတိုင်းသည် မကောင်းကျိုးကို ကြောက်ကြပါသည်။ မလို ချင်ကြပါ။ သို့သော် မကောင်းကြောင်းကိုတော့ မရှောင်ကြဉ်ကြ ပါ။ ပြုလုပ်ကြပါသည်။

http://www.dhammadownload.com



လူတိုင်းသည် ကောင်းကျိုးကို လိုလားကြပါသည်။ ရှာဖွေကြပါသည်။ သို့သော် ကောင်းကြောင်းကိုတော့ မပြုလုပ်ကြပါ။

ဘုရားရှင်ရဲ့ တရားတော်တွေကို ခြုံငုံကြည့်ရှုပါက "မလုပ်နဲ့" ဟု တားမြစ်ချက်နှင့် "ပြုလုပ်" ဟု တိုက်တွန်းချက် နှစ်မျိုးကိုသာ တွေ့နိုင်ပါသည်။

"မလုပ်နဲ့" တရားမြစ်ချက်ကို မလုပ်ဘဲ ရှောင်ကြဉ်က ဆင်းရဲ ဒုက္ခမရောက်ရတော့ပါ။ "ပြုလုပ်"ဟု တိုက်တွန်းချက်ကို လိုက်နာပြုလုပ်က ချမ်းသာသုခရပါမည်။

မလုပ်သင့်တာကို မလုပ်ဘဲ ရှောင်က မျက်မှောက်ဘဝမှာပင် ချမ်းသာခြင်းနှင့် ပြည့်ဝပါသည်။

ဘုရားရှင်ရဲ့ တရားတော်တွေသည် မျက်မှောက်ချမ်းသာရေး တရားတော်တွေ ဖြစ်ပါသည်။ မျက်မှောက်ချမ်းသာရပါလျှင် တမလွန်ချမ်းသာ အဘယ်မှာမရဘဲ ရှိပါအံ့နည်း။ ရမည်အမှန်ပင် ဖြစ်ပါသည်။

"မလုပ်နဲ့" တရားမြစ်ချက်ကို "ပြုလုပ်" နေစဉ်က ဆင်းရဲ ဒုက္ခရောက်၍ "ပြုလုပ်" ဟု တိုက်တွန်းချက်ကို လိုက်နာပြုမှ ချမ်းသာသုခကိုရ၍ ဝမ်းသာရသူအများမှ တစ်ဦးက မိမိထံသို့ စာရေး လျှောက်ထား၏။

## လူ့တွဲ၍မတက်ရ

ဆရာတော်အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော် ရှိသေ မြတ်နိုး လက်အုပ်ချီမိုး ရှိခိုးကန်တော့ကာ လျှောက်ထားပါသည် အရှင်သူမြတ်ဘုရား။

http://www.dhammadownload.com



ဘုရားတပည့်တော်သည် ရှေးယခင်က တရားတော်ကို မပယ်ပယ်သော်လည်း ယုံကြည်လှသူတစ်ယောက် မဟုတ်ပါဘုရား။ သူများတွေ တရားအားထုတ်တာကို မြင်တွေ့တဲ့အခါ အားမကျဘဲ အရူးဆေး ဖော်သူများဟုပဲ ထင်မှတ်ကာ အနားမကပ်ဘဲ ရှောင်လွှဲခဲ့ပါတယ်ဘုရား။

ရှောင်လွှဲခြင်း အကြောင်းကလည်း တခြားမဟုတ်ပါ။ တရားအားထုတ်မှု မြင်ကွင်းက ကြည်လင်အေးချမ်းမှုမရ၊ ညွှန်ကြားမှုကလည်း နားမချမ်းသာ၍ ရှောင်လွှဲခဲ့ရခြင်းပါ ဘုရား။

၁၉၇၇ ခုနှစ်က ဆရာတော်ဘုရား တပည့်တော်တို့မြို့မှာ စတင်၍ တရားပြတော့ တပည့်တော် အဝေးမှ စူးစမ်းပါတယ်ဘုရား။ နောက် အနီးကပ်စူးစမ်းပါတယ် ဘုရား။ နောက်အချိန်ပိုင်း ဝင်ရောက်အားထုတ် စူးစမ်းပါတယ် ဘုရား။

အဲဒီနှစ်မှာ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် စူးစမ်းရင်း အချိန်ကုန်သွားပါတယ် ဘုရား။ အကျိုးမထူးခဲ့ပါဘုရား။ အကျိုးမထူးပေမယ့် တပည့်တော်ကြောက်သော အပြစ်တစ်စုံတစ်ရာ မဖြစ်လာ၍ တရားတော်အပေါ်မှာ ယုံကြည်မှုတော့ တက်ခဲ့ပါတယ်ဘုရား။

နောက် ၁၉၇၈ ခုနှစ် တပည့်တော်တို့မြို့မှာ ၁၀–ရက်စခန်း တရားပြပြန်တော့ တပည့်တော် အချိန်ပိုင်းပဲ ဝင်ရောက်အားထုတ်ပါတယ် ဘုရား။

တစ်နေ့ ထူးခြားမှုရှိ၍ ဆရာတော်ဘုရားကို တပည့်တော် လျှောက်ကြားပါသေးတယ် ဘုရား။ ဆရာတော်ဘုရားက အချိန်

http://www.dhammadownload.com



ပိုင်း ယောဂီက အချိန်ပြည့် ယောဂီထက်တောင် တော်ပါသေး လားလို့ ပြောပါသေးတယ် ဘုရား။

အဲဒီနှစ်မှာပဲ တပည့်တော် တရားတော်အပေါ်မှာ ယုံကြည်မှု အပြည့် ရသွားပါတယ် ဘုရား။ ဒါပေမယ့် အမှုထမ်းဖြစ်နေ၍ ၁၀–ရက် အပြည့် တရားအားထုတ်နိုင်ခွင့် မရသေးဘဲ အချိန် ပိုင်းနဲ့ပဲ အပြီးသတ်နေရပါတယ် ဘုရား။

၁၉၈၂ ခုနှစ်မှာတော့ ခွင့်ယူကာ ၁၀–ရက်စခန်း တရား ရက်ပြည့် ဝင်နိုင်ခဲ့ပါတယ် ဘုရား။ တရားလည်း တိုးတက်မှု များစွာ ရရှိပါသည်ဘုရား။

ဆရာတော်ဘုရား၊ ဆရာတော်ညွှန်ကြားပြသသော ရှင်တော် ဗုဒ္ဓရဲ့ တရားတော်သည် တပည့်တော်အဖို့မှာ သံသရာ ဘဝ အတွက် သာမက ယခု မျက်မှောက်ဘဝမှာပင် တိုးတက်ရရှိပါ တယ် ဘုရား။

ဆရာတော်ဘုရား၊ တပည့်တော်၏ကိုယ်တွေ့ တွေ့ကြုံခဲ့ရ သော တရားအတွေ့အကြုံများမှ ထင်ရှားလွန်းသော ကိုယ်တွေ့ ဖြစ်ရပ်နှစ်ခုကို ဦးတင်လျှောက်ထားလိုပါတယ် ဘုရား။

ဆရာတော်ဘုရား၊ (၁၉–၁၂–၈၂) နေ့က အိမ်ပြန်ရန်အတွက် သစ်များဝယ်ယူပြီး သယ်ယူပါတယ် ဘုရား။ (၃×၂=၁၈)ပေရှိ သစ်တစ်ချောင်းကို အလယ်မှကိုင်ပြီး သယ်ဆောင်ရာ အဖျား ဘက်မှ ခြံတိုင်နှင့်တိုက်မိပြီး လက်မှလွတ်ကျပြီး ခြေဖျားပေါ်ကို ၁၈ ပေ သစ်အလယ်မှ ကျသွားပါတယ်ဘုရား။

http://www.dhammadownload.com



လေးလံလှသော သစ်မာတစ်ချောင်းလုံး ခြေဖျားပေါ်သို့ ကျသွားတဲ့အတွက် နာလိုက်သည့်ဖြစ်ခြင်းမှာ ပြောမပြနိုင်လောက် အောင်ပင် ဖြစ်ပါသည်ဘုရား။

နာလွန်းအားကြီး၍ အိမ်ပေါ်တက်ချင်သော်လည်း ချက်ချင်း အိမ်ပေါ်မတက်နိုင်ခဲ့ပါဘုရား။ အိမ်ပေါ်တက်လို့ မရနိုင်လောက် အောင် နာနေတဲ့အတွက် လူတွဲ၍ အိမ်ပေါ်တက်ခဲ့ပါတယ် ဘုရား။

## စိတ်မကောင်းကြ

တပည့်တော်နှင့်တကွ မိသားစုတစ်စုလုံးမှာ ဒီအနာအတွက် တစ်လ၊ နှစ်လတော့ အလူးအလဲခံရမည်၊ ကျောက်ပတ်တီးစည်း ရမည်၊ ဒုက္ခတော့များပြီလို့ ပြောကြ ထင်ကြပါတယ်ဘုရား။ အများက တပည့်တော်ကိုကြည့်ပြီး စိတ်မကောင်းကြပါဘုရား။

တပည့်တော်ကတော့ တရားမှတစ်ပါး အားကိုးရာမရှိ၊ တရားသာလျှင် ငါ့ရဲ့အားကိုးရာလို့ ယုံကြည်မှု ရရှိထားသူပီပီ မျက်နှာမပျက်ဘဲ လုပ်သင့်လုပ်ထိုက်သော ဆေးလူးခြင်း၊ ပတ်တီးစည်းခြင်းများကို သတိရှိစွာနှင့် ပြုလုပ်စေပါသည် ဘုရား။

ဖြစ်တာက ညနေ ၅ နာရီလောက်ဖြစ်သဖြင့် ညစာ စားချိန် ဖြစ်သောကြောင့် ဖြစ်ပြီးမကြာမီ အားလုံး ထမင်းစားကြသော် လည်း တပည့်တော်မှာ ရက်ရှည်ခံရမည့်ဒုက္ခအတွက် စဉ်းစား ချက်ထုတ်နေရပါတယ် ဘုရား။

အနာမှာ နာလွန်းတဲ့အတွက် အခံရခက်လှပါတယ် ဘုရား။ စိတ်ထဲမှာတော့ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ ဖြေသိမ့် နိုင်သော်လည်း နာလွန်း၍ ထမင်းမစားနိုင်တော့ပါဘုရား။

http://www.dhammadownload.com



တဖြည်းဖြည်းနှင့် အအေးပိုင်း ညဦးပိုင်းသို့ ချဉ်းနင်းဝင်ရောက်လာသဖြင့် အနာကလည်း ဖြစ်စကထက် ကိုက်ခဲလာပါတယ်ဘုရား။ လမ်းလည်းမလျှောက်နိုင်တော့သဖြင့် အနာဖြစ်သော ခြေထောက်ကို မ,ကာ ဖင်ရွှေ့ပဲသွားနိုင်ပါတယ်ဘုရား။

## တရားအားကိုး

"တရားမှတစ်ပါး အားကိုးရာမရှိ၊ တရားသာလျှင် ငါ့ရဲ့ အားကိုးရာလို့" နှလုံးသွင်းပြီး အိမ်ဦးခန်းဘုရားဆောင်ရှေ့သို့ ဖင်ရွှေ့သွားပြီး ဆရာတော်ဘုရား ညွှန်ကြားထားသည့်အတိုင်း သီလခံယူ၊ ဘုရားပင့်၊ ဘုရားရှိခိုး၊ ခန္ဓာကိုယ်စွန့်လှူ၊ တရားတောင်းပြီး နေသာသလိုနေကာ ရှုမှတ်ပွားများပါတယ် ဘုရား။

နာကျင်ကိုက်ခဲမှုကလည်း ပိုမိုပြင်းထန်လာပါတယ်ဘုရား။ နာကျင်တဲ့ ခြေထောက်ကလည်း အထိုင်ခက်ပါသဖြင့် သမီးတစ်ယောက်ကို ဘုရားဆောင်ရှေ့မှာပဲ အိပ်ရာခင်းခိုင်းကာ လျောင်းပြီး ရှုမှတ်ပါတယ် ဘုရား။

ဆရာတော်ဘုရား အမိန့်ရှိထားတဲ့အတိုင်းပဲ နာကျင်မှု၊ ကိုက်ခဲမှုတွေဟာ တစ်ခုတည်းမဟုတ်ဘဲ တစ်နာချုပ်ပြီးမှ တစ်နာဖြစ်၊ တစ်ကျင်ချုပ်ပြီးမှ တစ်ကျင်ဖြစ်၊ တစ်ကိုက်ချုပ်ပြီးမှ တစ်ကိုက်ဖြစ်လို့ အဟောင်း–အဟောင်း နာကျင်မှု၊ ကိုက်ခဲမှုတွေကို တွေ့မြင်ရှုပွားနေရတော့ စိတ်မဆင်းရဲဘဲ စိတ်အေးချမ်းသာစွာနဲ့ ရှုနိုင်ပါတယ် ဘုရား။

http://www.dhammadownload.com



စိတ်ထဲမှာလည်း ဒီနာကျင်ကိုက်ခဲမှုတွေဟာ မကြာမီ အပြီးတိုင် ချုပ်ငြိမ်းသွားလိမ့်မယ်လို့ ယုံကြည်ပြီး စိတ်ဆင်းရဲမှု မဖြစ်ပါဘုရား။

အဲဒီလိုပဲနေသာသလို နေကာဆက်လက်ရှုပွားရာ(၁၂)နာရီထိုးလောက်မှာ နာကျင်ကိုက်ခဲမှုတွေ သက်သာသွားပြီး အိပ်ပျော်သွားပါတယ်ဘုရား။

ရှေးကဆိုလျှင် သာမန် ခေါင်းကိုက်တာပင် အိပ်ဆေး၊ အကိုက်အခဲပျောက်ဆေးမသောက်ဘဲ အိပ်မရပါဘုရား။ ယခု ဘာအိပ်ဆေး၊ ဘာအကိုက်အခဲ ပျောက်ဆေးမှ မသောက်ဘဲ နှစ်ခြိုက်စွာ အိပ်ပျော်သွားရာ နံနက် ၅နာရီထိုးမှ နိုးပါတယ်ဘုရား။

အိပ်ရာကနိုးတော့ တစ်ညလုံးနာကျင်ကိုက်ခဲမှုမရှိဘဲ အိပ်နိုင်ပြီး စိတ်ချမ်းသာစွာနိုးလာသဖြင့် ခြေထောက်ကို ကြည့်လိုက်တော့ လုံးဝနာကျင်ကိုက်ခဲမှုမရှိတော့ပါဘုရား။

နာကျင်ကိုက်ခဲမှုမရှိတော့ ပျောက်သွားပြီအထင်နှင့် ထလိုက်တဲ့အခါမှာ ခြေထောက် မထောက်နိုင်မှန်းသိလိုက်ပါတယ်ဘုရား။

## အံ့ဩမိပါတယ်

မထောက်နိုင်မှန်းသိရတော့မှ ခြေထောက်ကို သတိထားပြီး ကြည့်ရှုမိတဲ့အခါ ခြေဖဝါးရော ခြေခုံပါ ဖူးဖူးရောင်နေတာကို မြင်တွေ့ရပါတယ်ဘုရား။ သို့သော် စိတ်ထဲမှာ မတုန်လှုပ်ပါဘုရား။

မတုန်လှုပ်ဘဲနဲ့ ဒါလောက်ရောင်နေပါလျက်နဲ့ နာကျင်ကိုက်ခဲမှုမရှိတာကို အံ့ဩဝမ်းသာပြီး ဘာဆေးမှမထိုး၊ မသောက်ဘဲဘာ

http://www.dhammadownload.com



ကြောင့် မနာကျင်မကိုက်ခဲဘဲ အိပ်နိုင်သလဲလို့ အကြောင်းရှာပါတယ်ဘုရား။

အကြောင်းရှာတော့ ရှုမှတ်မှန်ကန်စွာနဲ့ တစ်နာချုပ်ပြီးမှ တစ်နာဖြစ်၊ တစ်ကျင်ချုပ်ပြီး တစ်ကျင်ဖြစ်၊ တစ်ကိုက်ချုပ်ပြီး တစ်ကိုက်ဖြစ်တဲ့ ပရမတ်ရုပ်ရဲ့ ဖောက်ပြန်မှုကိုမြင်ရလို့ ငါနာတယ်၊ ငါကျင်တယ်၊ ငါကိုက်တယ်ဆိုတဲ့ အတ္တဒိဋ္ဌိချုပ်ကာ သမ္မာဒိဋ္ဌိ အမြင်မှန်နဲ့ ရုပ်ဖြစ်ပျက်ကို ရှုနိုင်လို့လို့ တွေ့ရပါတယ်ဘုရား။

သို့သော် မိသားစုလည်း ကျေနပ်စိတ်ချမ်းသာအောင်ဆိုတဲ့ သဘောနဲ့ ဆရာဝန်ထံသွားပြပါတယ်ဘုရား။ ဆရာဝန်က အခြေအနေကို စမ်းသပ်အကဲခတ်ပြီး ဆေးထိုးဖို့ ပြင်ပါတယ်ဘုရား။

သူနာပြုဆရာမဖြစ်တဲ့ တပည့်တော်ဟာ သူများကို ဆေးထိုးဖို့ရာ ရဲသော်လည်း မိမိဆေးထိုးခံရမှာတော့မရဲဘဲ ကြောက်သဖြင့် ဆေးမထိုးရန် ငြင်းဆန်တဲ့အတွက် ဆရာဝန်က သောက်ဆေးညွှန်ပါတယ်ဘုရား။

လူနာများကို ချော့မော့ပြီး ဆေးတိုက်နိုင်သော်လည်း တပည့်တော်ကိုယ်တိုင်မှာတော့ ဆေးကြောက်သူဖြစ်သဖြင့် ဘာဆေးမှ မသောက်ဘဲ လူးဆေးသာလျှင် တစ်နေ့တစ်ကြိမ် လောက်လူးပါတယ်ဘုရား။

တပည့်တော်အဖို့ရာ သောက်သုံးဖို့ရာလွယ်ကူတဲ့ ဘုရားရှင်ရဲ့ တရားဆေးကို သောက်သုံးသောအားဖြင့် ဆက်လက် ရှုပွားရာ သုံးလေးရက်လောက် ကြာတော့ ကောင်းကောင်း လမ်းလျှောက်နိုင်ပါတယ် ဘုရား။

http://www.dhammadownload.com



## ဘာဆေးသောက်လို့

လမ်းလျှောက်နိုင်သော်လည်း ခြေညှိုးနှင့်ခြေလယ်နှစ်ချောင်းဟာ တောင့်တောင့်ကြီးဖြစ်နေပြီး အဆစ်များပူလာပါသဖြင့် ဆရာဝန်ကို ပြသကြည့်ရာ ဆရာဝန်က အရိုးအက်ကွဲတဲ့ လက္ခဏာဖြစ်ကြောင်း ပြောပြပါတယ်ဘုရား။

ဆရာဝန်က အဲဒီလိုပြောသော်လည်း တပည့်တော်ရဲ့ စိတ်ဟာ ပူပန်ခြင်း၊ တုန်လှုပ်ချောက်ချားခြင်းမရှိဘဲ ငြိမ်းချမ်းစွာနှင့် ဘာမှမဖြစ်သလိုပဲ နေနိုင်ပါတယ်ဘုရား။

အဲဒီလို အေးငြိမ်းချမ်းသာစွာနဲ့ နေနိုင်တာကို တွေ့မြင်ကြတဲ့ မိတ်ဆွေအပေါင်းအသင်းအားလုံးက ဘာဆေးတွေနဲ့ ကုသလို့ ဒီလောက်ပျောက်လွယ်တာလဲလို့ မေးကြပါတယ်ဘုရား။

တပည့်တော်ဟာ သာမန်လိမ်းတယ်ဆိုရုံမျှပဲဆေးလိမ်းပြီး သောက်ဆေး၊ ထိုးဆေးမသုံးဘဲ တရားသာလျှင် အချိန်ပြည့် ရှုမှတ်ပွားများတဲ့အတွက် မိတ်ဆွေတွေကို ဘာဆေးမှမသောက်ပါ၊ မထိုးပါ၊ တရားပဲကြိုးစားပြီး ရှုမှတ်ပွားများကြောင်း ပြောပြပါတယ်ဘုရား။

အဲဒီလိုပြောတဲ့အခါ နီးစပ်တဲ့ယောဂီများနှင့် တပည့်တော်နဲ့ အတူနေ မိသားစုများ၊ အနီးနေမိတ်ဆွေများမှလွဲ၍ အခြားလူများက မယုံကြည်ကြပါဘုရား။

ဖြစ်စက ခြေထောက်မှာ တအား ယောင်နေပြီး ကိုက်လည်း ကိုက်နေပါလျက် ဒီလိုဆေးမထိုး ဆေးမသောက်ဘဲနေရင်တော့

http://www.dhammadownload.com



ဒီခြေထောက်ဟာ ဖြတ်ပစ်ရမှာ သေချာပါတယ်လို့ သမီး တစ်ယောက်က ဝေဖန်ပါတယ်ဘုရား။

## အနာပေါ်တုတ်ကျ

ဆရာတော်ဘုရား 'ကံဆိုးမသွားရာ မိုးလိုက်၍ရွာ'ဆိုတဲ့ စကားပုံကို စောစောက တပည့်တော် သဘောမပေါက်ခဲ့ပါဘုရား၊ ယခုတော့ ကိုယ်တွေ့မို့ သဘောပေါက်ပါပြီဘုရား။

အဲဒီခြေထောက် အနာဖြစ်ပြီး မပျောက်သေးမီ တစ်ပတ်လောက်ကြာတော့ ခေါက်ကုလားထိုင်အလုံး(၂၀)လောက် ခုံရှည်ပေါ်တင်ထားရာမှ တပည့်တော်လည်း အနားရောက်ရော နာသော ခြေထောက်ပေါ်သို့ ပြုလဲကျပြန်ပါတယ်ဘုရား။ အနာပေါ် တုတ်ကျတော့ နာပါတယ်ဘုရား၊ နာလွန်းအားကြီးတော့ ပုံရက်သား လဲကျသွားပါတယ်ဘုရား။

အနာပေါ် တုတ်ကျလို့နာတယ်ဆိုတာ ကိုယ်တွေ့မို့ ဘယ်လောက်နာတယ်၊ ဒါကြောင့် ဒီစကားပုံ ပေါ်လာတယ် ဆိုတာလည်း သဘောပေါက်သွားပါတယ်ဘုရား။

တပည့်တော် ဖြစ်ရာဌာနသည် အလုပ်ဌာနအတွင်း ဖြစ်ပါသဖြင့် အောင့်အည်းပြီး သည်းခံပါသော်လည်း အနာပေါ် တုတ်တစ်ချောင်းသာ ကျတာမဟုတ်ဘဲ ကုလားထိုင် အလုံး ၂၀ လောက်ပြိုကျတာဆိုတော့ မငိုဘဲမျက်ရည်သွယ်သွယ် ကျပါတယ်ဘုရား။

http://www.dhammadownload.com



တပည့်တော်လည်း တရားကိုပဲအားကိုး၊ တရားကိုပဲ သတိရတော့ ပုံလျက်သားလဲရာကနေပြီး အိမ်ပြန်ပို့ပေးပါလို့ ပြောတဲ့အခါ "ဒါလောက်နာနေတာ မပြန်နဲ့ဦး။ ဒီမှာက ဆရာဝန်နဲ့ ဆေးနဲ့ အဆင်သင့်၊ အိမ်ပြန်တော့ အိမ်က ဘာလုပ်ပေးတတ်ကြမှာလဲ" ပြောပြီး တားကြပါတယ်ဘုရား။

တပည့်တော်က တရားရှုမှတ်မှသာ ခံနိုင်ရည်ရှိမည် မရှုမှတ်က ခံနိုင်ရည်မရှိဆိုတာ သိထားတော့ အတင်းပဲ ပြန်ပို့ဖို့ ပူဆာတော့ သူတို့ဘာဆေးမှ ထိုးခြင်း လိမ်းခြင်း တိုက်ခြင်းမပြုဘဲ အိမ်ပြန်ပို့ ကြပါတယ်ဘုရား။

## တရားအားကိုး

ဆရာတော်ဘုရား တရားပေါ်အားကိုး။ တရားပေါ်ယုံကြည်မှု ရှိထားတဲ့ တပည့်တော်ဟာ အိမ်လည်းရောက်ရော အဝတ်တောင် မလဲဘဲ အိပ်ရာပေါ် လှဲချပြီး သက်သာသလို နေကာ ဒဏ်ရာကို အာရုံပြုပြီး တစ်နာပြီးတစ်နာ ဖြစ်ချုပ်နေတာကို မြင်အောင် အာရုံပြုပြီး ရှုမှတ်ပါတယ်ဘုရား။

ရှုမှတ်တော့ တစ်နာပြီးတစ်နာ ချုပ်နေတာကို သေသေချာချာ မြင်နေရတော့ မခံသာတဲ့သဘော မဖြစ်ဘဲ အဲဒီလို သဘော အမှန်ကို တွေ့နေရတဲ့အတွက် ဘုရားရှင်အပေါ် ယုံကြည်ကိုးစား အားထားစိတ်တွေ ပိုလာပြီး တရားပေါ်လည်း ပိုပြီးတော့ ကိုးစား ပါတယ်ဘုရား။

http://www.dhammadownload.com



နာမှုတွေ ဖြစ်ချုပ်တာတွေ တွေ့နေရတော့ ဒီနာမှုဟာလည်း မြဲမှမမြဲဘဲ မကြာမီကုန်ဆုံးပျောက်ပျက်သွားမှာပဲလို့ ယုံကြည်ကာ ရှုမှတ်နေတော့ တဖြည်းဖြည်းနဲ့ နာမှုတွေ သက်သာလာတာ တွေ့ရပါတယ်ဘုရား။

နာမှုတွေ သက်သာတာတွေ ဝမ်းသာအားရနဲ့ ကြိုးစားပြီး ရှုပွားရာ ဘယ်လောက်ကြာတယ် ဆိုတာ မသိတော့ပါဘုရား၊ အိပ်ပျော်သွားပါတယ်။

ဖြစ်တဲ့နေ့ဟာ (၃–၁–၈၃)နေ့ ဖြစ်သဖြင့် နံနက်လင်းတော့ လွှတ်လပ်ရေးနေ့ ဖြစ်တယ်ဘုရား၊ ဒီနေ့မှာ တပည့်တော်တို့ အမှုထမ်းတွေ အလေးပြုသွားရမှာပါဘုရား။

ဖြစ်စက တပည့်တော်ကိုယ်လည်း တပည့်တော် သွားနိုင်မယ်မထင်ပါ၊ အများကလည်း တပည့်တော်တော့ အလေးပြု မသွားနိုင်တော့ ဒုက္ခရောက်ပြီလို့ ထင်နေကြပါတယ်ဘုရား၊ ထင်လည်းထင်စရာ ဖြစ်ပါတယ်ဘုရား၊ အနာပေါ်တုတ်ကျတော့ နာလှပါတယ်ဘုရား။

"ဒါပေမယ့် တရားမြတ်နိုး တရားအားကိုးတဲ့ တပည့်တော် ဟာ တရားအားကိုးသမှုနဲ့ ရှုပွားတော့ နံနက်လည်း မိုးလင်းရော မနာမကျင်ဘဲ ကောင်းစွာနိုးကြားရပါတယ် ဘုရား။

"တပည့်တော်လည်း အတော်ပဲအံ့ဩမိပါတယ်ဘုရား၊ ဟုတ်မှ ဟုတ်ရဲ့လားလို့ အစမ်းထပြီး လမ်းလျှောက်ကျင့် စမ်းတော့ တကယ့်ကိုမနာဘဲ လမ်းလျှောက်နိုင်သဖြင့် တပည့်တော်လည်း အလေးပြုသွားပါတယ်ဘုရား။

http://www.dhammadownload.com



"တပည့်တော် အလေးပြုသွားတော့ လုပ်ဖော်ကိုင်ဖက် အားလုံးက အံ့အားသင့်ကြပါတယ်ဘုရား၊ ဒီလောက်တောင် ပြင်းထန်တဲ့ ခံရချက်ကို အပြုံးမပျက်ဘဲနဲ့ အလေးပြုထွက်နိုင်တာ ဘာဆေးနဲ့ကုလို့လဲလို့ မေးကြပါတယ် ဘုရား။

"တပည့်တော်ကလည်း ရင်ကိုကော့၊ ခေါင်းကိုမော့ပြီး ဘုရားညွှန်ကြားတဲ့ တရားဆေးသောက်လို့ တရားရှုပွား ပျောက်တဲ့ အကြောင်း ဒုက္ခ မခံရကြောင်း အိပ်ပျော်ကြောင်း ပြောပြပါတယ် ဘုရား။

"အဲဒီလိုပြောတော့ သူတို့က မယုံကြည်တဲ့ သံသယမျက်နှာများနဲ့ တပည့်တော်ကို ဝိုင်းကြည့်ကြပါတယ်ဘုရား။ ဆရာတော်ဘုရား သူတို့က မယုံကြည်သော်လည်း တပည့်တော်မှာတော့ ကိုယ်တွေ့မို့ အပြုံးမပျက်ပါဘုရား။

"နောက်တစ်နေ့ လွတ်လပ်ရေးနေ့အပြီးမှာ အလုပ်တက်မြဲ တက်နိုင်ပါတယ်ဘုရား။ တပည့်တော် ခွင့်ယူမယ်ဆိုရင် အများသိမို့ ရနိုင်ပါတယ်ဘုရား။ ဒါပေမယ့် ခွင့်မယူဘဲ အလုပ်တက်ပါတယ် ဘုရား။

"အနာပေါ် ကုလားထိုင်ပြို့ကျထားတဲ့ ခြေထောက်က မနာသော်လည်း ရောင်မြဲ ရောင်နေပါသေးတယ်ဘုရား။ သွားလာလှုပ်ရှား လမ်းလျှောက်ပါများတော့ ပြန်ကိုက်လာပါတယ်ဘုရား"

## မှတ်လေမှတ်ပေါ့

"အဲဒီလို ပြန်ကိုက်လာလိုက် သတိထားပြီး အသိတရား ရှုပွားလိုက်နဲ့နေလာခဲ့ရာ တစ်နေ့ အလုပ်ခွင်မှာ တော်တော်လေး

http://www.dhammadownload.com



ကိုက်လာပါတယ်ဘုရား။ အဲဒီအခါ တပည့်တော်က ဆရာဝန်ကို 'ကိုက်လိုက်တာဆရာရယ်'လို့ ညည်းပြီးတော့ ပြောမိတော့ တပည့်တော်ရဲ့ လုပ်ဖော်တစ်ဦးနှင့် ဆရာဝန်ကပါ 'မှတ်လေ–မှတ်ပေါ့' လို့ ပြောင်သလို ငေါ့သလို ဆော့သလိုနဲ့ ပြောလိုက်ကြပါတယ်။

"တပည့်တော်လည်း သူတို့သတိပေးခါမှ တရားကိုသတိထားပြီး အသိတရားနဲ့ ရှုပွားရာ တစ်နာဖြစ်ပြီး တစ်နာချုပ်ကို သေသေချာချာမြင်ရပြီး မကြာမီ ၂၅ မိနစ်လောက်အတွင်းမှာ နာမှုကိုက်မှုတွေ ချုပ်ပျောက်သွားပါတယ်၊ ကိုယ်နှင့်စိတ်ပါ ပေါ့ပါးပြီး ရွှင်လန်းချမ်းမြေ့စွာနဲ့ အလုပ်ကို တာဝန်ကျေစွာ တစ်နေကုန် လုပ်နိုင်ခဲ့ပါတယ်ဘုရား။

## လူ့မမာသက်သက်

"ဆရာတော်ဘုရား၊ တပည့်တော်သည် တရားဆိုတာ ဘာမှန်းမှ မသိသေးခင် ဟိုရှေးယခင်ကဆိုရင် အလွန်တရာ အပူအပင် အကြောင့်အကြ ကြီးမားပါတယ်ဘုရား။ လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ"ဆိုတာ တပည့်တော်ပါဘုရား။

"စိတ်ဆိုး ဒေါသတစ်ခု ဖြစ်မိလျှင်လည်း လေးငါးရက် ဆက်ပြီးတော့ ဖြစ်ပါတယ်ဘုရား။ မအိပ်နိုင် မစားနိုင်ဘဲ စိတ်ဆိုးနေတတ်ပါတယ်ဘုရား။

"ဆွေမျိုးသားချင်းများ၊ သားသမီးများ၊ အပေါင်းအသင်းများအပေါ် အမှတ်ကြီး၊ ရန်ငြိုးကြီးပါတယ်ဘုရား၊ အဲဒီလို အမှတ်ကြီး ရန်ငြိုးကြီးတဲ့အတွက် တပည့်တော်မှာ အမြဲတမ်း စိတ်ညစ် စိတ်တိုကာ ရင်ပူရင်ဆာဖြစ်နေပါတယ်ဘုရား။

http://www.dhammadownload.com



"လူမှာလည်း အရိုးနှင့်အရေပဲရှိတော့ကာ ပေါင်ချိန်မှာ ၈၈ ပေါင်သာ ရှိပါတယ်။ သွေးတိုးအားမှာလည်း အပေါ်သွေး ၁၀၀၊ အောက်သွေး ၆၀–ရှိပါတယ်။ လူလည်းပဲ လူမမာသည် အမြဲဖြစ်နေရပါတော့တယ်ဘုရား။ စိတ်ကလည်း ရှုံးခါနီးဖြစ်နေပါတယ်။

## တရားအားထုတ်မှု

ဆရာတော်ဘုရား၊ လူမမာဘဝ၊ ရှုံးခါနီး အခြေအနေမှာ ဆရာတော်ဘုရားနှင့် တွေ့ပြီး ဆရာတော်ဘုရား၏ ဆုံးမသွန်သင်မှု သင်ကြားပြသမှုကို ခံယူကာ ကျင့်ကြံအားထုတ်သည့်နေ့မှစ၍ အပူအပင်နည်းလာပါတယ်ဘုရား။ အမျက်ဒေါသလည်း နည်းလာပါတယ်ဘုရား။

"အမျက်ဒေါသ ရံခါဖြစ်သော်လည်း ဖြစ်ကြောမရှည်တော့ဘဲ ခဏနဲ့ သတိရကာ အမျက်ဒေါသ ငြိမ်းအေးပါတယ်ဘုရား။ အားလုံးအပေါ် ရန်ငြိုးထားခြင်းလည်း မရှိတော့ စိတ်ချမ်းသာမှု အပြည့်အဝရရှိပါတယ်ဘုရား။

"ဟိုရှေးယခင်က အပြင်းဆုံးအိပ်ဆေးကို သောက်ပြီး အိပ်ပါသော်လည်း မအိပ်နိုင်ခြင်းများလည်း ယခုအခါ ဘာအိပ်ဆေးမှ မသောက်ရဘဲ ခေါင်းချတယ်ဆို အိပ်ပျော်တဲ့ဘဝ ရောက်သွားပါပြီဘုရား။ အဆီစားသော်လည်း အသားမဖြစ်ဘဲ ပေါင် ၈၈ မှ ပေါင် ၁၀၀ ကျော်အထိ အသားဖြစ်သွားပါပြီဘုရား။

"အပေါ်သွေး အောက်သွေးများလည်း ရှိသင့်သည့်နှုန်းထား အတိုင်း အပေါ်သွေး ၁၂၀၊ အောက်သွေး ၈၀ ရှိပါပြီဘုရား။

http://www.dhammadownload.com



ကျန်းမာချမ်းသာစွာရှိပြီး သားသမီးများ၏ချစ်ခင်လေးစားမှုကို ခံယူနေပါပြီဘုရား။

## ဖွဲ့ပျော့သူပိပိ

ဆရာတော်ဘုရား၊ တပည့်တော်ဟာ ဖွဲ့ပျော့သူပိပိ နည်းနည်းလောက် ခေါင်းကိုက်လျှင်လည်း ညည်းညူတတ်ပါတယ်ဘုရား။ ဖျားလျှင်လည်း ညည်းညူတတ်ပါသည်ဘုရား။ ဆောင်းအေးတာလည်း ညည်းညူတတ်ပါသည်ဘုရား။ အစစကို ခိုညည်းသလို ညည်းတတ်သောသူတစ်ယောက်က ယခုလောက် ပြင်းထန်တဲ့ ဒဏ်ရာကြီးရတာတောင် ညည်းညူသံ မကြား၊ မျက်နှာမကွက် အပြုံးမပျက်ဘဲ နေနိုင်တာကို တွေ့မြင်ကြရတော့ တစ်အိမ်သားလုံးက ဝမ်းသာကြောင်း၊ စိတ်ချမ်းသာကြောင်း၊ သူတို့ပါ တရားတော်အပေါ် ယုံကြည်အားကိုးလာကြောင်း ပြောကြပါတယ်ဘုရား။

တရားတော်မြတ်တွေ ရှိပင်ရှိနေငြားသော်လည်း ဆရာတော်ဘုရား၏ သင်ကြားပြသမှုကို စနစ်တကျ မခံယူ မကျင့်သုံးရပါလျှင် ယခုလိုကောင်းကျိုးများကို ခံစားရမည် မဟုတ်ပါသဖြင့် ဆရာတော်ဘုရား၏ ကျေးဇူးတော် အနန္တကို မမေ့မလျော့ ရှိသေလေးမြတ်စွာ ဦးတင်လျှောက်ထားပါသည်ဘုရား။

## ကြီးတဲ့အမှုငယ်

ဆရာတော်ဘုရား၊ ဟိုရှေးယခင်က တပည့်တော် ကြားဖူးခဲ့သော တရားအားထုတ် ကြိုးစားအားထုတ်ကာ ရတနာသုံးပါး

http://www.dhammadownload.com



ဂုဏ်ကျေးဇူးကို စွဲမြဲစွာ ယုံကြည်နေသောသူတို့မှာ ဖြစ်ပေါ်လာသော "ကြီးတဲ့အမှုငယ်၊ ငယ်တဲ့အမှုပပျောက်"ဆိုတဲ့ စကားဟာ ယခုအခါ တကယ်ပဲ လက်တွေ့မှန်ပါတယ်ဘုရား။

တပည့်တော်ကို လက္ခဏာဗေဒင်ဆရာတွေက ယခုအသက်အပိုင်းအခြားအတွင်းမှာ အင်္ဂါခြေလက် ပျက်ကိန်း ကြုံရလိမ့်မယ်လို့ ဟောထားပါတယ်ဘုရား။

ယခု တပည့်တော်ရဲ့ ဖြစ်ရပ်နှစ်ရပ်စလုံးဟာ အင်္ဂါခြေလက် ပျက်နိုင်သော်လည်း ဆေးမထိုး၊ ဆေးမသောက်ဘဲ သာမန်လိမ်းဆေးမျှလိမ်းကာ သက်သာပျောက်ကင်းတဲ့အဖြစ်သို့ ရောက်သွားသဖြင့် 'ကြီးတဲ့အမှုငယ်ဆိုတာ လက်တွေ့ပါဘုရား။

အဲဒီလို လက်တွေ့တွေ့ရလေ တရားတော်အပေါ်မှာ ပိုပြီးတော့ ယုံကြည်လေ ဘုရားရှင်ရဲ့ ကျေးဇူး ဆရာတော်ဘုရားရဲ့ ကျေးဇူးကို မမေ့လေပါပဲဘုရား။

တပည့်တော်ဆိုးကျိုးကင်းပျောက် ကောင်းကျိုးရောက်သလို အများတွေလည်း ရောက်စေချင်ပါတယ်ဘုရား၊ အဲဒါကြောင့် တပည့်တော်ရဲ့ အဖြစ်သနစ်တွေကို ဆရာတော်ဘုရားထံ တင်ပြလျှောက် ထားရခြင်း ဖြစ်ပါသည်ဘုရား။

ဆရာတော်ဘုရား သတ္တဝါအများကို သနားကယ်ချွတ်နိုင်ပါစေ၊ သတ္တဝါအများလည်း တရားတွေ၌ အေးမြ ချမ်းသာပါစေဟု ဆုမွန်ကောင်းတောင်းရင်း တပည့်တော်ရဲ့ဖြစ်ရပ် စာရှည်ကြီးကို နိဂုံးသတ်လိုက်ပါတယ်ဘုရား။

http://www.dhammadownload.com



- ဘုရားဖယ်ကာ ကိုးစားရာ ရှာပါဘယ်မရှိ၊
- တရားဖယ်ကာ ကိုးစားရာ ရှာပါဘယ်မရှိ၊
- သံဃာဖယ်ကာ ကိုးစားရာ ရှာပါဘယ်မရှိ။
- ဘုရားကိုးစား အကျိုးများ တိုးပွားပြည့်စုံ၏။
- တရားကိုးစား အကျိုးများ တိုးပွားပြည့်စုံ၏။
- သံဃာကိုးစား အကျိုးများ တိုးပွားပြည့်စုံ၏။

http://www.dhammadownload.com



# နိဂုံး

## ရေးစ၊ ရေးပြီးချိန်

ဤ**ဗုဒ္ဓဝင်ပြသနာများ(၉)** စာအုပ်ကို ၁၃၄၄ ခုနှစ် တပေါင်းလဆုတ် ၄ရက်(၁–၄–၈၃)နေ့ ရေးမြို့ ဖမီရုံကျောင်း ၁၀–ရက်စခန်းမှ စတင်၍ရေးသားပါသည်။ ဝမ္မဒေသနာခရီး ပြီးဆုံးသော်လည်း စာအုပ်မှာ နိဂုံးမသတ်နိုင်ခဲ့ပါ။ သို့နှင့် တစ်ပိုင်းတစ်စပဲ ရပ်ထားခဲ့ပါသည်။

၁၃၄၅ ခုနှစ်ထဲ၌ စာမရေးဘဲ စာတွေ့သာ ဖတ်ရှုနေခဲ့ပါသည်။ အပြီးမသတ်သေးသော **ဗုဒ္ဓဝင်ပြသနာများ(၉)**ကို သတိမရပါ။ သတိရသောအခါ ၁၃၄၅ခုနှစ် တပေါင်းလဆန်း ၈ ရက်ဖြစ်ခဲ့ပါပြီ။ ထိုအချိန်မှာ သထုံမြို့နယ် သိမ်ဆိပ်တိုက်နယ်၊ ကျိုက်ကော်ဘုရားကြီးကျောင်း ၁၀ ရက်စခန်း တရားပြနေချိန်ဖြစ်ပါသည်။ မိမိသည် စာရေးစပြုပါပြီ။

http://www.dhammadownload.com



မိမိစာရေးနေတာကိုတွေ့၍ နောင်ဘိုမှ ဒေါ်သိန်းတင်၊ ဒေါ်ခင်သန်း တို့ကလည်း စာရွက်တွေ လာလှူကြပါသည်။ သို့နှင့် မိမိသည် **ဗုဒ္ဓဓမ္မပြဿနာများ(၉)** ကို အပြီးရေးမည်ဟု ဆုံးဖြတ်ကာ ရေးပါသည်။ ယင်းစခန်း၌ မပြီးပါ။

ယင်းမှကျိုက္ခမိမြို့၊ သက်နိုးတောကျောင်း ၁၀ ရက်စခန်း၌ ဆက်လက် ရေးသားပါသည်။ မပြီးပါ။ ယင်းမှ ရေးမြို့၊ မြဉယျာဉ် ဓမ္မရိပ်သာ ၁၀–ရက်စခန်းသို့ ရောက်သောအခါ မရေးနိုင်ခဲ့ပါ။ ယင်းမှ သပိတ်အိုင်တောရ ၁၀–ရက်စခန်း၊ အစင်ရွာ ၁၀ရက်စခန်း၊ သထုံမြို့နယ် သိမ်ဆိပ်တိုက်နယ်၊ တောင်ကြားကျေးရွာ၊ ဇောတိကာရုံ ၁၀ ရက်စခန်း ဟသ်ာတမြို့ ရတနာဗိမာန်ကျောင်း ၁၀ ရက်စခန်း များ၌ စာမရေးဘဲ စာသာကြည့်နေပါသည်။

၁၃၄၈ ခုနှစ် ကဆုန်လဆုတ် ၁၃ ရက် (၂၇–၅–၈၄)နေ့၌ ဟသ်ာတ၊ ရတနာဗိမာန်မှ ကျုံပျော်မြို့နယ် အင်းရဲဓမ္မရိပ်သာသို့ ရောက်ခဲ့ပါသည်။ ဓမ္မဒီပ ရိပ်သာဟူ၍ ရှေးကမရှိပါ။

ရှေးအခေါ် မူရှေ့ကျောင်းဖြစ်ပါသည်။ ပျက်စီး၍ ချုံတွေ ဖုံးနေတာ နှစ်ပေါင်း ၃၀ ကျော်ပြီဖြစ်သော 'ယင်းကျောင်းကြီးကို ရွာသူရွာသားများ၏ ဆန္ဒအရ ပြုပြင်ကာ ဓမ္မဒီပရိပ်သာဟု မိမိက နာမည်ပေးထားခြင်း ဖြစ်ပါသည်။

ယခုအခါ ရဟန်းတော်များ၊ ကိုရင်များ၊ သီလရှင်များ၊ လူယောဂီများဖြင့် စည်ကားစပြုလာပြီဖြစ်သော အသစ်ပြုပြင်ဆဲ ထိုရိပ်သာ၌ မိမိအနားယူရင်း ညွှန်ကြားရင်း၊ စာရေးရင်း ရောက်

http://www.dhammadownload.com



လာခြင်းဖြစ်ပါသည်။ အားလပ်ချိန်များ၌ စာရေးရာ (၇–၆–၈၄)နေ့၌ အပြီးသတ်နိုင်ခဲ့ပါသည်။

စာရေးရသည့်မှာ စိတ်ရှင်ကိုယ်လန်း ခန္ဓာကျန်းမာမှ ရေးလို့ဖြစ်ပါသည်။ သို့မှသာ စာကောင်းစာမွန် ဖြစ်ပါမည်။ ခန္ဓာကျန်းမာသော်လည်း စိတ်ရှင် ကိုယ်လန်းမဖြစ်က စာရေး၍မကောင်းပါ။ မကောင်းလျှင် မရေးဘဲ ရပ်ထားလေ့ ရှိပါသည်။ သို့နှင့် ဤစာအုပ်မှာ ၄၄ ခုမှ ၄၅ ခုသို့ ၄၅ခုမှ တဖန် ၄၆ ခုသို့ ရောက်ခဲ့ပါသည်။ ယခုတော့ အပြီးသတ်ပါပြီ။

## ကျေးဇူးဆပ်ပါ၏

မိမိ၏ ဤမှုကြိုးစား၍ ရေးသားရသော ကောင်းမှုများဖြင့် မိမိအပေါ်တွင် ကျေးဇူးဥပကာရ အထူးရှိကြပေကုန်သော၊ မိဘနှစ်ပါး၊ ဆရာသမား၊ ရဟန်းဒကာ၊ ဒကာမများ၊ ပစ္စည်းလေးပါးဒကာ၊ ဒကာမများ၊ ဆွေမျိုးဉာတကာများ၊ မိတ်ဆွေသင်္ဂဟာများတို့အား ကျေးဇူးတုန့်ပြန် ဆပ်ပါ၏။

အထူးအားဖြင့် ရောက်လေရာရာ တရားပွဲများ၊ ၁၀–ရက်စခန်း ကျင်းပရာဌာနများမှ ဒကာ ဒကာမများ၊ ဆရာတော်သံဃာတော်များက မိမိ၏ စာရေးသား နိုင်ရေးအတွက် အဘက်ဘက်မှ လိုအပ်သော ကူညီမှုကို မိမိအနေနှင့်များစွာ ကျေးဇူးသိ၍ ယင်းကျေးဇူးကို တုန့်ပြန်ကာ ဤစာပေကုသိုလ်ဖြင့် ဆပ်ပါ၏။

http://www.dhammadownload.com



## အမျှဝေပါ၏

ဤမျှ ရက်လနှစ်တိုင် ဖွဲ့နိုင်နိုင်ဖြင့် ကြိုးစားရေးသားရသော **ဗုဒ္ဓမေ့ပြဿနာများ(၉)** စာအုပ်အတွက် မိမိရရှိသည့် ဓမ္မဒါန၊ အမတဒါန၊ ကောင်းမှုကုသိုလ် တို့၏ အဖို့ဘာဂကို–

"မြင်းမိုရ်စက္ကဝါ၊ ပမာဆယ်ခု၊ နှိုင်းမတုအောင်၊ ဗဟုပကာရ၊ ဂုဏ်ကြီး လှသား၊ မိဖနှစ်ဖြာ၊ မြတ်ဆရာနှင့်၊ ရာဇာသနင်း၊ ရောင်းရင်းငယ်ဖော်၊ ဆွေတော် မျိုးစပ်၊ အရပ်နေစု၊ စတုပစ္စယာ၊ ဒါယကာ၊ ဒါယိကာမ၊ ဂေါစရဂါမ်၊ နိယာမ် မပြတ်၊ နိစ္စဗဒ်ဖြင့်၊ ယုတ်မြတ်ကြည်ဖြူ၊ ပေးလှူတတ်စွာ၊ မြို့ရွာပတ်ကုံး၊ သိမ်းကျုံး လုံးစုံ၊ နိဂုံးဇနပဒ၊ ဝေးနီးစသည့်၊ ရှိကြတိုလို၊ များလှူဗိုလ်ပါ၊ ကိုယ်ကိုစောင့်တတ်၊ နတ်နှင့်တကွ၊ ဘုမ္မရုက္ခ၊ အာကာသစိုး၊ တန်ခိုးမဟိဒ်၊ ပုညဇိဒ်နှင့် ဂုဏ်ဟိတ်မြင့်မား၊ သိကြားသဂ္ဂ၊ ဝါသဝနှင့်၊ လောကစောင့်လျဉ်း၊ နတ်မင်း လေးဖြာ၊ သာတာဂီရ၊ ဟေမဝတ၊ ဣန္ဒစိတ္တ၊ စသည့်တွက်ဖွဲ့၊ နှစ်ဆယ့်ရှစ်ဦး၊ နတ်စစ် မှူးဟု၊ အထူးမည်ရ၊ အဋ္ဌဝီသ၊ ယက္ခမဟာ၊ သေနာပတိ၊ ထိုပြီ တထွေ၊ ရေပင်လယ်သွား၊ သူတော်များအား၊ စောင့်ပြား တတ်သည့်၊ မဏိမေခလာ၊ တဖြာထိုမှ၊ ဒသက္ကသရ၊ လောက ဓာတ်လည်း၊ ဝန်းပတ်ရံခြုံမဟာဖြိုက်၊ ပြောဟုံဆူဆူ၊ မိုးသူမိုးသား၊ မြေဖွားရေသောက်၊ ထိုရွှေလောက်ထိ၊ ထက်အောက် ဝန်းကျင်၊ များပုံမင်အား၊ အကြွင်ရှိသမျှ၊ မကျန်ရအောင်၊ ဝေငှမသွေ၊ အမျှ အမျှ အမျှ ဝေသည်၊ ရစေ ငါ့နှယ်အတူတည်း"

http://www.dhammadownload.com



## ဆုတောင်းလွှာ

ဤဗုဒ္ဓဓမ္မပြဿနာများ (၉) စာအုပ်ကို ကြိုးစား၍ ရေးသားရသော မဟာကုသိုလ် စေတနာကောင်းမှုတို့ကြောင့် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ချမ်းသာသောအကျင့်၊ လျင်မြန်သော အသိဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား၊ ဝေနေယျ သတ္တဝါများကို တရားစည်ကြီး စောက်တိုက်ဟည်းအောင်၊ ရိုက်တီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန်ထုတ်ချောက်၊ အမြန် ရောက်အောင် ပို့ဆောင် ကယ်တင်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

## တောင်းပန်ခိုက်တွန်းလွှာ

မိမိစာအုပ်များ ရေးသား ရသည်မှာ တစ်နေရာတည်းမှာ ရေးရသည် မဟုတ်ပါ။ ရောက်ရာအရပ်မှာ ဖြစ်သလို နေရာယူကာ ရေးရပါသည်။ ရေးရပြန်တော့လည်း တစ်ထိုင်တည်း စိတ်ရှိသလောက် မရေးနိုင်ဘဲ လူရှင်းခိုက် တရားကိစ္စ အားလပ်ခိုက်သာ ရေးရပါသည်။

သို့ဖြစ်၍ ဤ **ဗုဒ္ဓဓမ္မပြဿနာများ (၉)** စာအုပ်၌ တိမ်းပါးချွတ်ချော် မလျော်ကန်ရာ အဖြာဖြာတို့ကို အကယ်စင်စစ် သတိလစ်ကာ ပါဝင်မိသည်တို့ကို တွေ့ရှိဖတ်ရှုကြရငြားအံ့၊ ယင်းတို့ကို ပညာရှိများ အပြစ်မထားဘဲ ပယ်ရှားနိုင် ကြပါစေကုန်သတည်း။

http://www.dhammadownload.com



ဗုဒ္ဓမိန့်ဟာ၊ လမ်းစဉ်ကျသည့်၊ အပြစ်ကင်းပ၊ လမ်းပြဒေသနာ ကျင့်စရာ အဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ်၊ သတိချပ်၍ မပြတ်ပုံသေ၊ ကျင့်ကြံနိုင်ကြ ပါစေကုန်သတည်း။

ယင်းသို့ ကျင့်ကြံနိုင်ကြသဖြင့် လောကီလောကုတ် မယုတ် တိုးပွား ကောင်းကျိုးချမ်းသာ၊ အဖြာဖြာတို့ ပြည့်ကာကြွယ်မောက်၊ ဝမ်းမြောက်နိုင်ကြ ပါစေကုန်သတည်း။

ဓမ္မဒူတ–အရှင်ပညာဓောတ
ဓမ္မဒီပရိပ်သာ
အင်းရဲ–ကျုံပျော်မြို့နယ်၊
၁၃၄၆ ခု၊ နယုန်လဆန်း(၇)ရက်။

http://www.dhammadownload.com

http://www.dhammadownload.com